# ဓမ္မဝိလာသ

လင်းယုန်သစ်လွင်



# မေ့ဝိလာသ

## လင်းယုန်သစ်လွင်

တပိုတွဲ (mmcybermedia.com) မှ ရိုက်တင်သည်။

ဆရာလင်းယုန်သစ်လွင်ရဲ့ စာအုပ်ကလေး ရှားရှားပါးပါး ဒီတစ်အုပ်ထဲ ကျနော့်မှာ ရှိတာပါ အဲဒါလေး အရင်ဝန်ခံပါရစေ။ ပြီးတော့ ထပ်ဝန်ခံပါဦးမယ်..။ ရှိတဲ့ဒီစာအုပ်ကလေးကလည်း ရှေ့ပိုင်းစာမျက်နှာတွေ ခြကောင်တွေကိုက်လို့ မရှိတော့ပါဘူး။ မရှိတဲ့စာမျက်နှာမှာ အခန်း ၁ နဲ့ အခန်း ၂ ကစာအနည်းငယ် ပါသွားပါတယ်ခင်ဗျာ..။ ကျနော် စိတ်မကောင်းပါဘူး ရှေ့ကစာမျက်နှာတွေ အတွက် ဖြည့်စွက်ရိုက်တင်ဖို့ ရှာတာလည်းနှံ့ပါတယ်။ ဘယ်မှာမှ မတွေ့ပါဘူး။ ဒီစာအုပ်လက်ဝယ်ရှိသေးသူများ ရှေ့စာမျက်နှာများကို ဖြည့်စွက်ပေးဖို့ အရင်ဆုံး တောင်းပန်ချင်ပါတယ်ခင်ဗျာ..။

ကျေးဇူးတင်ပါတယ်။

တပိုတွဲ (mmcybermedia.com)

မှတ်ချက်

ဆရာ လင်းယုန်သစ်လွင်၏ မေ့ဝိလာသ စာအုပ်သည် ရှားပါးစာအုပ်ဖြစ်သည့်ပြင် ရှေ့ပိုင်း ခြကိုက်၍ မပါရှိသော စာများသည် စာအုပ်၏ ရသနှင့် ဇာတ်အိမ်ကို မထိခိုက်နိုင်သည့်အတွက် PDF အဖြစ် ထုတ်ဝေလိုက်ရပါသည်။

(သတ်ပုံများသည် မူရင်းစာအုပ်အတိုင်းဖြစ်ပါသည်)

PDF Team

www.mmcybermedia.com

သွားရမည့် ခရီးက သုံးမိုင်ကျော်ကျော် လေးမိုင်နီးနီး။ ကူးတို့ သမ္ဗန်သည် မြစ်ပြင်ကြီးကို ဖြတ်ကူးပြီး နောက် တဖက်ကမ်းရောက်လျှင် သောင်ခြေ တစ်လျှောက် ကွေ့ကွေ့ကောက်ကောက် ခတ်ရပေဦးမည်။ သောင်ခြေသည် မုရင်းစပါးများ စိုက်ပျိုးထားသော နုံးမြေဖြစ်သည်။ မြေပဲခင်းများကို အတော်ကြီး လွန်မိမှ ဈေးဦးကျွန်း ရွာငယ်..။

မကြာမီ ကူးတို့သမ္ဗန်တို့သည် တဖက်ကမ်းသောင်ခြေ ရောက်လာသည်။ ဆောင်းနေက အတော်ပင် အပူရှိန်ပြင်းလာသည်။ လေတစ်ဖြူးဖြူး တိုက်ခက်နေ၍ တော်သေးသည်။ ရှင်ဓမ္မဝိလာသက နေပူ ဘက်ကို ယပ် ဖြင့် ကာမိုးထားသည်။ ပုလဲက တဘက်ကို ခေါင်းထက်တင်ထားသည်။ မောင်ညိုမှာ တဖက် ကမ်း သောင်ခြေ ရောက်၍ ရေစီးအား သက်သာသွားသည့်တိုင် လေဆန်ကို လှော်ခတ်ရပြန်သည်။

"ပုလဲ . . ဖရဲသီးတစ်လုံးခွဲဟာ ..၊ ဦးဇင်းကို ကပ်ရအောင်. . . နောက်ပြီး နင်နဲ့ငါ စားရတာပေါ့"

မောင်ညိုက သမ္ဗန်ခတ်ရာမှ လှမ်းပြောသည်။

မုရင်းခင်းထဲမှ စာခြောက်ရုပ်ကို ငေးကြည့်ကာ တွေးချင်ရာတွေးနေသော ပုလဲသည် မောင်ညိုရှိရာ သို့ ဆတ်ခနဲ မော့်ကြည့်လိုက်သည်။ ရုတ်တရက်သော် သူမက အင်း အဲ မလုပ်။ မောင်ညို့ စကားကို နားထောင်ရ အခက် မထောင်ရအခက် ဖြစ်နေသည်။

"ထဟာ . . ဟောဒီမှာ ဓါးရှိသဟ၊ ငါ ထမင်းစားတဲ့ ပန်းကန်လဲ ရှိတယ်"

မောင်ညိုက နောက်ထပ် ပြောပြန်သည်။ ပုလဲ ငြိမ်ထိုင်နေလို့ မဖြစ်တော့။ မောင်ညို့ကို မလေးစားပေမင့် ကျောင်းထိုင်ဦးပဥ္စင်းကိုကား လေးစားသည်။ ပုလဲ ထိုင်ရာမှ ထလိုက်ရသည်။

"နင်ကြိုက်ပေ့ ကောင်းပေ့ ဆိုတဲ့ ဖရဲသီး တစ်လုံးခွဲ၊ ဒါမှ သွားရင်းလာရင်း နင်နဲ့ ငါ ကုသိုလ် ရမယ်"

သမ္ဗန်ပဲ့ပိုင်းသို့ ပုလဲရောက်သည့်အခါ မောင်ညိုကပြောသည်။ ပုလဲသည် ဓါးနှင့် သံပန်းကန်ကို ကောက်ကိုင် ရင်းမှ မောင်ညိုအား မကျေမနပ် မော့်ကြည့်သည်။ ပါးစပ်က စူပွစူပွလုပ်သည်။ အသံမထွက်၍ ဘာတွေပြောမှန်း မသိ။ ပုလဲအပြုအမူကို မောင်ညို မကျေမနပ် မဖြစ်မိ။ ပြုံးဖြီးဖြီးနှင့် . . ။ ဒီကောင်မလေး လုံးကြီးပေါက်လုနဲ့ တစ်ရစ်နေတာဘဲ။ ဘယ်ဆိုးလို့လဲ။ ကြာလေလှလေဘဲဟု အတွေးပေါက်နေသည်။

ပုလဲသည် ဓါးနှင့် ပန်းကန်ကိုရေဆေးသည်။ ဖရဲသီးတစ်လုံးကိုခွဲစိပ်သည်။ သုံးစိပ်ကို ဦးပဥ္စင်းအား ဆက်ကပ်သည်။ ကျန်သော ဖရဲသီးနှင့် ဓါးကို မောင်ညိုရှိရာ သမ္ဗန်ပဲ့ပိုင်းသို့ သွားရောက်ချထားသည်။

"နင်လဲစားဟ . . "

"မစားချင်ဘူး . ."

"အို. . မဟုတ်တာဘဲ။ စားပါ။ နေပူနေတုန်း ဖရဲသီးစားမှ နင့်ရင်ထဲ အသဲထဲ အေးသွားမယ် "

"ကျုပ်က တော့်လို ရင်ပူနေတာမှုတ်ဖူး"

ပုလဲက မောင်ညိုအား ဘုနက်ကာ နှုတ်ခမ်းစူလျှက် မူလနေရာ၌ သွားရောက်ထိုင်သည်။

"မိန်းခလေး ဒီနေ့ ပြန်မှာလား"

"မှန်လှပ။ အိမ်မှာ အမေတစ်ယောက်ထဲဆိုတော့ တပည့်တော်မ ညအိပ်ညနေ ဘယ်မှ မသွားပါဘူး ဘုရား"

"အတော်ပေါ့ဟာ၊ အတော်ပေါ့။ ဒီလိုဆိုရင် ညနေအပြန်တော့ ငါဝင်ခေါ်မယ်၊ ဈေးဦးကျွန်း သောင်ထိပ်က နင် စောင့်ပေါ့၊ ရန်ကင်းစံရာမှာ ဦးဇင်းကိုဝင်ကြိုပြီး နင့်ကို ခေါ်ရအောင် လာခဲ့မယ်။ ငါ့ဖရဲသီး သခွားသီးတွေဟာ ညနေလောက်ကုန်မှာဘဲ"

မောင်ညိုက သမ္ဗန်ပဲ့ပိုင်းမှ လှမ်းပြောသည်။

သူသည် အငှားခတ်ရသော ကူးတို့သမ္ဗန်သမားဖြစ်သည်။ ယနေ့အဖို့မူ အခွင့်ကောင်းတစ်ခုကို ရရှိထားသည်။ သူ့တာဝန်သည် အရှင်ဓမ္မဝိလာသအား ရန်ကင်းစံရွာသို့ ပို့ဆောင်ပေးရန်နှင့် စကျွေ့ရွာသို့

ပြန်လည် ပင့်ဆောင်ရန်သာဖြစ်သည်။ ယင်းကိစ္စအတွက် ကူးတို့သူကြီးက မောင်ညိုအား တစ်နေ့လုံး အချိန်ပေးလိုက် သည်။

ပုလဲသည် မောင်ညိုရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။ အင်း . . . သူ့သမ္ဗန်နဲ့ ပြန်မှဖြစ်မှာ။ သူ့ကို ပေးရမယ့် ပိုက်ဆံက ကျန်သေးတယ် ။ ပုလဲကတွေးသည်။

"ညနေ အပြန်မှာ အရှင်ဘုရား သမ္ဗန်နဲ့ လိုက်ပရစေ ဘုရား"

"လိုက်နိုင်သားဘဲ မိန်းခလေး၊ လိုက်ခဲ့ပေ့ါ။ ဦးဇင်းဟာ နေချိုမှ ပြန်ကြွမှာဆိုတော့ မိန်းခလေး သိပ်များ နောက်ကျ နေမလား။ အိမ်ကအမေကို ချက်ပြုတ်ကျွေးရမယ့် ကိစ္စတာဝန်တွေ လစ်ဟင်းများနေမလား"

"တပည့်တော်မ နေချိုနေအေးမှ ပြန်နိုင်မှာဘဲဘုရား ၊ အရောင်းအဝယ် ကိစ္စတစ်ခုထဲ မဟုတ်ပါဘူး။ ဟိုတစ်ခေါက်ကကျန်တဲ့ ကြွေးလေးတွေ တောင်းရပါဦးမယ်။ အမေ့အတွက် မနက်အရုဏ်လောက်ထပြီး ဆန်ပြုတ်ပေးခဲ့ပါတယ်။ ငါးခြောက်ကလေးလဲ ဖုတ်ပေးခဲ့ပါတယ်"

"အင်း . . အင်း ဒီအမေ ဒီသမီး နှစ်ယောက်ထဲရှိတော့ အမေ အိုကြီးအိုမကို ပိုပြီး ဂရုစိုက် ရပေမှာပေ့ါ။ မိဘရဲ့ အရိပ်အာဝါသဟာ အေးချမ်းသလို မိဘရဲ့ ကျေးဇူးတရားနဲ့ မေတ္တာစိတ်ဟာ အင်မတန် ကြီးမားတယ်။ မိအို ဖအိုကို လုပ်ကျွေးခြင်း၊ ဝေယျာဝစ္စကို ဆောင်ရွက်ပေးခြင်းတို့ဟာ လူ့ဘဝရဲ့ အမြတ်တရားဘဲ။ အင်း. . ဦးဇင်းရဲ့ မိဘနှစ်ပါးဟာ ဦးဇင်းငယ်စဉ်ကဘဲ ကွယ်လွန်သွားကြရှာတယ်"

"မွေးချင်းညီအစ်ကို မောင်နှမ ရှိသေးလား ဘုရား"

ပုလဲက ရှင်ဓမ္မဝိလာသ အတွက် စိတ်မကောင်းဖြစ်မိသည်။ စာနာစိတ် ပြုမိသည်။

"ဦးဇင်း တစ်ပါးထဲဘဲ။ မိဘနှစ်ပါး ကွယ်လွန်သွားပြီးကထဲက ဦးဇင်းအဖို့ လောကီအနှောင်အဖွဲ့ ဘာမှ မရှိဘူး"

ရှင်ဓမ္မဝိလာသ၏ မျက်လုံးအစုံသည် သောင်ခြေရှိရာသို့ စူးစိုက်နေသည်။ သောင်ခြေတွင် လေတဖြူးဖြူး တိုက်ခတ်နေသည်။ အဝေးအလှမ်းသို့ မျှော်ကြည့်လျှင် စိမ်းရောင်လွှမ်းနေသော မြေပဲခင်း များကို မြင်ရသည်။ မျက်စိမဆုံးဖြစ်သည်။ စျေးဦးကျွန်းရွာငယ်ကိုတော့ မျှော်ကြည့်လို့မမြင်နိုင်။ စျေးဦးကျွန်း သောင်သည် မှောက်ထားသော ခမောက်တစ်လုံးနှင့်တူသည်။ အလယ်တွင် မြင့်မောက်သည်။ ဘေးပတ်ပတ်လည်က နိမ့်လျောလျော။ အရှေ့စူးစူး အနိမ့်ပိုင်းတွင် ရွာငယ်ရှိသည်။ ရွာသို့သွားရာလမ်းသည် မြေပဲခင်းများအလယ်တွင် စွတ်ကြောင်းဖွေးဖွေး ရှိနေသည်။

မောင်ညိုသည် စျေးဦးကျွန်းသောင်စပ်၌ သမ္ဗန်ကိုထိုးကပ်လိုက်သည်။ ပုလဲက ရှင်ဓမ္မဝိလာသအား ဝတ်ဖြည့်သည်။

"မိန်းခလေးမှာ ဖိနပ်မှ မပါ ပါကလား"

ရှင်ဓမ္မဝိလာသက ကျယ်ပြောသော သောင်ပြင်ကြီးကို ကြည့်ရင်း အမိန့်ရှိသည်။

"ဒီအချိန်လောက်က မပူသေးပါဘူး ဘုရား။ မွန်းတည့်လောက်ဆိုမှ ခြစ်ခြစ်တောက်ပူမှာပါ။ တပည့်တော်မကို သွားခွင့်ပြုပါ ဘုရား"

"အင်း . . အင်း။ ညနေတော့ ဒီနေရာက စောင့်ပေ့ါ မိန်းခလေး"

ရှင်ဓမ္မဝိလာသသည် ပုလဲသွားရမည့်လမ်းကို မျှော်ကြည့်နေဆဲရှိသည်။ ရွာငယ်သို့ရောက်ရန် နာရီဝက်ခန့် လျှောက်ရမည်။ ပူသည်မှလွဲ၍ စိုးရိမ်ရန် စိုးစဉ်းမရှိ။ ပေါင်းသင် ပေါင်းလိုက်နေကြသော ကိုင်းသမားများကို မြေပဲခင်းများအကြား၌ တစ်ယောက်စ နှစ်ယောက်စ မြင်ရသည်။

မောင်ညိုသည် ခတ်တက်နှစ်ချောင်းကို လက်လွှတ်ပြီးနောက် မျက်နှာပေါ်ရှိ ချွေးများကို လုံကွင်းတစ်ထည်ဖြင့် သုတ်နေခိုက်ဖြစ်သည်။

ပုလဲသည် ထိုင်ရာမှထသည်။ အထုပ်ကိုယူသည်။ သမွန်ဦးပိုင်းမှ နေလျှက် သောင်ခြေရေစပ်သို့ ဆင်းသက်လိုက်သည်။ မောင်ညိုရှိရာ သမ္ဗန်ပဲ့ပိုင်းသို့ သွားသည်။ အိတ်ထဲမှ ပဲစေ့ကလေးကို ထုတ်ပေးသည်။

"တစ်ပဲလိုတာ အပြန်တော့ရမယ်။ အပြန်ခ တစ်မူးလဲ တစ်ခါထဲပေးမယ်"

ပုလဲက ပိုက်ဆံကိုပေးရင်း ပြောသည်။

"နင်မလာမချင်း ဒီကဘဲ ငါစောင့်မယ်။ တစ်ခုတော့ရှိတယ်။ လှေကြုံတက်ကြုံ နဲ့များ လိုက်မသွားလေနဲ့နော်။ ငါမောနေမယ်၊ ဟုတ်လား။ ဖရဲသီး တစ်စိပ်တစ်လေ ယူသွားအုံးဟ။ လမ်းသွားရင်း စားသွားပေါ့"

မောင်ညိုကပြောသည်။ ပုလဲပေးသော ပိုက်ဆံတစ်ပဲကိုမူ ဂရုမစိုက်ပုံမျိုးနှင့် လှမ်းမယူဘဲနေသည်။ ပြီး ဖရဲသီး တစ်စိပ်ကို အားရပါးရနှင့် ပုလဲ သွားရည်ကျလောက်အောင် စားပြသည်။

ကူးတို့သမွန် ဆိုက်ကပ်သည့်နေရာနှင့် မလှမ်းမကမ်းတွင် ဈေးဆိုင်ငယ် တစ်ဆိုင်ရှိသည်။ ဆိုင်ငယ် ထဲတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် တွေ့ရသည်။ သောင်ခြေ၌ ကူးတို့သမ္ဗန် ဆိုက်သည် ကို မြင်သည့်အခါ ယောကျ်ားသည် ထိုင်ရာမှထလျက် သောင်ခြေရေစပ်သို့ သွက်သွက်လျှောက်လာသည်။

မကြာမီ ထိုသူ မောင်ညိုနှင့် ပုလဲအနီးသို့ ရောက်လာသည်။ သူသည်မီးခိုးရောင် သက္ကလပ် ဦးထုပ် စုတ်တစ်လုံးကို ဆောင်းထားသည်။ မခမခေါက် ဆိုးထားသော ဖျင်ကြမ်းအင်္ကျီ နီညိုရောင်နှင့်ဖြစ်သည်။ သူ့ပါးတွင် ပါးသိုင်းမွှေး မုတ်ဆိတ်မွှေး ထူလပျစ်ဖြစ်သည်။ ထိုအခါ ရုတ်တရက် အမြင်တွင် ဦးထုပ်ဆောင်း ဇော်ဂျီဟု ပြောကြပေလိမ့်မည်။

ထိုသူမှာ တံငါသည် တစ်ယောက်ဖြစ်သည်။ ပိုက်သမား တံငါတစ်ယောက်တော့ မဟုတ်၊ ကွန် သမား တံငါတစ်ယောက်ဖြစ်သည်။ ရှည်လျားသော လက်တံနှစ်ဖက်ပေါ်တွင် အပြိုင်းအရိုင်း ထနေသော အကြော အချဉ်များကို မြင်နေရသည်မှာ မိုးဦးကျ လမ်းများပေါ်၌ တွေ့ရသော တီတောင်များပမာ ရှိသည်။ သူသည် သည်သောင်ခြေ ကမ်းတစ်လျှောက်၌ လှေငယ်တစ်စင်းနှင့် တစ်နေကုန် တစ်နေခန်း ကွန်ပစ် ငါးရှာသူဖြစ်သည်။

ပုလဲနှင့် မောင်ညိုကို မြင်သည့်အခါ ထိုသူက သွားအဝါများပေါ်အောင် ပြုံးလိုက်သည်။

"ပုလဲ ဟိုတစ်ခေါက်က ငါမှာလိုက်တဲ့ ချည်ခင်လေးတွေ ပါရဲ့လားဟ။ ကွန်အောက်နားတစ်ခုလုံး ကိုင်းမြစ်နဲ့ငြိပြီး ပြတ်ကုန်လို့ ကောင်းကောင်းကို အလုပ်မဖြစ်ပါဘူးကွာ"

ထိုသူက မောင်ညိုနှင့်ပုလဲအား ရောပြွမ်းပြောသည်။

"ပါတယ် ကိုမာဒင်။ အမှတ်တရနဲ့ ပါအောင်ယူလာတယ်။ ခုတခေါက် ယူလာတဲ့ ချည်ခင်တွေဟာ အရင် အခေါက်ကထက် ကောင်းတယ်။ တယ်ရေသားလဲ ဝတယ်။ ဖီးသားလဲ ကျတယ်။ ချောလဲချော၊ ခိုင်လဲခိုင်"

ပုလဲက ကွန်သမားမာဒင်အားပြောရင်း သူ့လက်ထဲမှ ပဲစေ့ကို မောင်ညို့ဘေးသို့ ပစ်ချပေးလိုက်သည်။

"အေးဟ။ ဒီလိုတော့ ပုလဲက အဟုတ်ကြီးဟ။ တယ်ပြီး ဈေးစကားနာစကား ပြောတတ်ပါကလား"

ဖရဲသီးကို ပလုပ်ပလောင်းစားရင်း မောင်ညိုက ပြောလိုက်သည်။

"ဒါပေါ့တော်။ လူဆိုတာ ကိုယ့်ထမင်းတစ်ဝမ်းအတွက် ပြောတတ်ဆိုတတ် ကြံတတ်ဖန်တတ်ရမှာပေါ့"

ပုလဲ နှုတ်လှန်ထိုးသည်။

"ကိုင်းပါဟာ စကားအငြင်းပွား မနေကြစမ်းနဲ့။ ဆိုင်ကိုနင်သွား။ ဟိုမှာ ငါ့မိန်းမရှိတယ်။ ငါမှာလိုက်တဲ့ ချည်ခင် သူ့ကိုပေး၊ ပြီးတော့ ဟိုတခေါက်က ကျန်တဲ့ ပိုက်ဆံရော၊ ခုပေးရမယ့် ပိုက်ဆံရော သူ့ဆီမှာ တလက်စထဲ နင် တောင်းသွား"

မာဒင့် စကားအဆုံးတွင် ပုလဲသည် ဈေးဆိုင်ငယ်ရှိရာသို့ ထွက်ခွာသွားသည်။

"ငါတော့ ဒီနေရာက စောင့်မှာဘဲနော်"

မောင်ညိုက လှမ်းအော်သည်။

ပုလဲနောက်လှည့်မကြည့်။ အရေးမထား။ အထုပ်ကို ခေါင်းရွက်လျက် ဈေးဆိုင်ငယ်ရှိရာသို့ ခပ် သွက်သွက် သွားလေသည်။

"ဘယ်လိုလဲ၊ မင်းကော မဆင်းတော့ဘူးလား။ ရွာသစ်က မီးတောက်ကလေး အမောပြေတခွက် ချအုံး လေကွာ"

မာဒင်က ပြောသည်။ ခေါင်းထက်က ဦးထုပ်ကို နဖူးပေါ် ဆွဲဝိုက်လိုက်သည်။

"ရှီး။ တိုးတိုးဗျ တိုးတိုး"

မောင်ညို ပခုံးတွန့်လိုက်သည်။ ကျောခိုင်းထိုင်နေသော ရှင်ဓမ္မဝိလာသအား မေးထိုးပြသည်။ ပြီးနောက် ဖရဲခွံကို မြစ်ထဲ လွှင့်ပစ်သည်။ ထိုင်ရာမှ ဆတ်ကနဲထသည်။

"ညနေအပြန်မှ ဝင်မယ်ဗျာ။ ညနေအပြန်မှ၊ ဟုတ်လား။ ပုလဲကို ဝင်ခေါ်ရမှာဗျ၊ ကဲ ကဲ သွားပြီ သွားပြီ။ ဦးဇင်းကို နေပူနေမယ်"

မောင်ညိုသည် သမ္ဗန်ခတ်တက်နှစ်ချောင်းကို ခတ်စပြုလေသည်။ မာဒင်၏ ဈေးဆိုင်ကလေး ရှိရာ သို့လည်း လှမ်းကြည့်လေသည်။ ထိုအချိန်၌ပင် ပုလဲသည် အထုပ်ကို ခေါင်းပေါ်ရွက်လျက် ဈေးဦးကျွန်း ရွာငယ် ဆီသို့ ခပ်သုတ်သုတ် ထွက်ခွာသွားလေသည်။

(၃)

သောင်ခြေသို့ လှိုင်းလုံးများ တဝုန်းဝုန်း ရိုက်ပုတ်နေသည်။ ညနေစောင်းလေပြီ။ မြစ်ရေ၏ အလှအပမှာလည်း နံနက်တွေ နေ့လည်တွေကနှင့် မတူတော့။ တမူခြားလာသည်။ လေထန်၍ လှိုင်းကြီး လာသည်။ အပုတ်ချိန် မဟုတ်ပါလား။ ထိုအခါ အလှအပ ဟူသည်မှာလည်း ယိုယွင်းပျက်ပြယ်စ ပြုလာသည်။

မောင်ညို၏ ကူးတို့သမ္ဗန်သည် ဈေးဦးကျွန်းသောင်ထိပ်သို့ ရောက်လာသည်။

မောင်ညို့သမွန်ကို မြင်သည့်အခါ ကွန်သမား မာဒင်သည် ပိုက်ကွန်ကို ရုပ်သိမ်းသည်။ သမွန်ရှိရာ သို့ လှေငယ်ကို လှော်လာသည်။ ကွန်ချက်သည် မြင့်မားသော ကမ်းပါးဖောက်ဖြစ်သည်။ ထိုနေရာတွင် ကိုင်းပင်များသည် လူတရပ်ကျော် ပေါက်နေသည်။ လေပြင်းတိုးသော် တရှဲရှဲအော်ဟစ်သည်။ ရီမော ခြင်းလော၊ ငိုကြွေးခြင်း လော။ ဘယ်သူမှ မပြောနိုင်။ တစ်ခုတော့ရှိသည်။ ယိမ်းကသလို သူတို့ နွဲ့နှောင်းကြသည်။ တစ်ခါတစ်ခါ အမူး သမားပမာ ဖြစ်ကြသည်။ ထိုအခါ အပွင့်ဖြူဖြူများသည် အပင်ကို စွန့်ခွာလျှက် လေဆောင်ရာ လွင့်ပျံကြလေ သည်။

"ဘယ်လိုလဲဟေ့၊ လူတယောက်မှ မပါပါကလား။ အသွားတုန်းက ဦးဇင်းကော အပြန်မှာ မလိုက်ခဲ့ဘူးလား"

ကွန်သမား မာဒင်ကမေးသည်။ ကွန်လှေငယ်ကိုလည်း ရေစပ်မှ သောင်ပေါ်ရောက်အောင် ဆွဲတင်သည်။ လောလောလတ်လတ် ရရှိလာသော ငါးများသည် လှေဝမ်းထဲတွင် ဖျပ်ဖျပ်လူး ခုန်နေသည်။ တစ်ချို့သည် ပါးစပ် ပြဲလျက် အမောတကော အသက်ရှူကြသည်။

"ဦးဇင်းကိုရော၊ ပုလဲကိုရော ကျုပ် ဒီက စောင့်ရမယ်။ ရန်ကင်းစံရာနဲ့ ဈေးဦးကျွန်းဟာ တဆက်ထဲဆိုတော့ ဦးဇင်းဟာ ကျုပ်ကို သနားတယ်နဲ့ တူပဗျာ။ ဒီနေရာက စောင့်တော့လို့ အမိန့်ရှိတယ်၊ ကျုပ်ကုသိုလ်လို့ ဆိုရမှာပေ့ါ။ နို့မို့ရင် အခက်သားဗျ။ ဦးဇင်းရှေ့မှာ ကျုပ်မသောက်မစားရဲဘူး။ ကျုပ်တို့ စကြ္ကာတစ်ရွာလုံးက လေးစား ကြည်ညိုတဲ့ ကျောင်းထိုင်ကလားဗျား"

ကူးတို့သမား မောင်ညိုသည် သဲထဲသို့ ထိုးဝါးကို တနဲ့နဲ့ထိုးစိုက်သည်။ စိတ်ချလောက်သော် သမွန်ဦးမှ ကြိုးစကို ထိုးဝါးတိုင်တွင် ခေါက်တုန့်ချည်သည်။ ခတ်တတ်နစ်ချောင်းကို ခတ်တိုင်မှ ဖြုတ်သည်။ သမွန်ဝမ်းထဲသို့ အလျားလိုက်ချသည်။ ပြီးနောက် သမွန်ဦးမှနေကာ သောင်ပြင်ထက် ခုန်ဆင်း လိုက်သည်။

"ကျောင်းထိုင်က အငယ်သားပါကလား"

ကွန်ကို ပခုံးတင်ရင်း မာဒင်ကပြောသည်။

"အေးပေ့ါဗျ။ အရွယ်က ငယ်သေးသပေ့ါ။ ဒါပေမယ့် စာတတ်ပေတတ်ဗျ။ ပထမကျော်ဆိုလား၊ ပထမကြီး ဆိုလား အောင်ပြီးသားတဲ့။ လွန်ခဲ့တဲ့ ခြောက်နစ်လောက်က ပျံတော်မူသွားတဲ့ ကျောင်းထိုင်ဆရာတော်ကြီး တူအရင်းလို့လဲ ပြောကြသဗျ။ နောက်ပြီး အရှေ့တောင်ညို ဆရာတော်ကြီးရဲ့ တပည့်အရင်းလေ။ အရှေ့တောင်ညိုဆရာတော်ဟာ ကျမ်းတတ်ပေတတ် မို့လားဗျ။ အဲသလို ဦးဇင်းတစ်ပါးကို ကျုပ်တို့လို တံငါရွာမှာ ကျောင်းထိုင်အဖြစ်ရဘို့က မလွယ်လှဘူးဗျ။ ဒါကြောင့်တရွာလုံးက ကြည်ညိုပြီး ဖူးဖူးမှုတ်ထားကြတယ်။ ညအိပ်ညနေ ဦးဇင်းကြွမှဖြင့် ရွာလူကြီးတွေဟာ မကျေနပ်ကြဘူး။ တံငါရွာမှာ ဒီလိုဘုန်းကြီး တစ်ပါးဟာ ငါးသလောက်ပိုက်၊ တစ်ထောင်ထက် တန်ဘိုးရှိသဗျ။ ခုရန်ကင်းစံရွာကို ဆွမ်းစားကြွတာလဲ အရှေ့တောင်ညို ဆရာတော် အမိန့်နဲ့ကြွရတာ"

နစ်ယောက်သား ဈေးဆိုင်ငယ်ရှိရာသို့ လျှောက်လာရင်း မောင်ညိုက အားရပါးရပြောသည်။ ကြွားတယ်လို့တော့ မဟုတ်။ ရွာဘုန်းကြီးအား ရွာသားက အမွှမ်းတင်ခြင်းဖြစ်သည်။ တကယ်ဆိုတော့ တံငါ တို့ရွာတွင် ကျောင်းထိုင်ရဟန်း ရှားပါးလှသည်။

ကွန်သမားမာဒင်သည် တအင်းအင်း ခေါင်းညိတ်ရင်း လိုက်လာသည်။ ထိုအခိုက် ဈေးဆိုင် ငယ်ရှေ့တွင် ကစားနေသော ကလေးနစ်ယောက်သည် မောင်ညိုနှင့် မာဒင်တို့ရှိရာသို့ ပြေးလာကြသည်။ နစ်ယောက်စလုံး မိန်းကလေးဖြစ်သည်။ ကွန်သမား မာဒင်၏သမီးနစ်ယောက် ဖြစ်သည်။ မဲမဲသဲသဲ ကလေး တွေဖြစ်သည်။ သူတို့လက်များတွင် သဲများဖြင့်ပေကျံနေသည်။ အင်္ကျီ၊ ထမီ၊ ဦးစွန်ပုတ်ကြာရစ်ဝိုင်း စသည် များတွင်လည်း သဲအလူးလူး။

ကလေးနစ်ယောက်သည် မာဒင့်ဘေးတစ်ဖက်စီကို ဝင်ကပ်လိုက်ကြသည်။ ရှည်လျားသော လက်တံကို တစ်ယောက်တစ်ဖက် ဆွဲကြသည်။

"အဘာ ကွန် ကျမပေး၊ ကွန် ကျမပေး" ဟု အကြီးမက တောင်းသည်။ အငယ်မသည် သူ့အဖေကိုယ်လုံးကို ကွယ်လျက် ကူးတို့သမား မောင်ညိုအား ချောင်းကြည့်သလို တမော့မော့ကြည့်သည်။

"သွားကြစမ်း၊ သွားကြစမ်း။ သွားကစားနေကြစမ်း။ လေ့ပေါ်မှာ သွားနေကြ။ လေ့ထဲကငါးတွေ လူနိုက်ကုန်မယ်" မာဒင်က ကလေးနှစ်ယောက်အား လွတ်ရာလွတ်ကြောင်း ပို့သည်။ ခလေးနှစ်ယောက်သည် ကူးတို့သမ္ဗန်နှင့် ကွန်လေ့ငယ်ရှိရာသို့ သုတ်ခြေတင်ပြေးလေသည်။

"ကဲ အထဲတော့ မဝင်တော့ဘူး ကိုမာဒင်။ ဒီအပြင်မှာ ထိုင်တော့မယ်ဗျာ။ ဒါမှ ဦးဇင်းလာလာ၊ ပုလဲလာလာ အဝေးကလှမ်းမြင်ရမယ်။ ကျုပ်အတွက် တစ်လုံးယူခဲ့ပေတော့။ တစ်လုံးကို နှစ်ယောက်ချမယ်ဗျာ"

ဈေးဆိုင်ငယ်ရှေ့ မလှမ်းမကမ်း ရောက်သည့်အခါ မောင်ညိုကပြောသည်။ အိတ်ထဲမှ ပိုက်ဆံကို ထုတ်၍ မာဒင့်လက် ပေးသည်။

မာဒင်သည် မောင်ညို့လက်မှ ပိုက်ဆံကိုယူသည်။ ပခုံးထက်မှ ပိုက်ကွန်ကို ဆိုင်ငယ် ဘေး တစ်ဖက်ရှိ ပိုက်တန်းတွင် သွားရောက်၍တင်သည်။

"ရှင်မရေ၊ တစ်လုံးယူခဲ့ပါဟေ့။ ပဲကြီးလှော် အမြီးကလေးလဲ ယူခဲ့ပါကွာ။ အော် အော်။ ပဲကြီးလှော်တင် မလုပ်နဲ့ဟေ့။ ပုစွန်တုတ်၊ ပုစွန်တုတ်။ ပုစွန်တုတ်နှစ်ကောင် မီးဖုတ်ပေးစမ်းကွာ"

ဆိုင်ငယ်ထဲရှိ ဇနီးအား မာဒင်လှမ်းအော်လိုက်သည်။ ပြီးနောက် ဆိုင်ငယ်ရှေ့ရှိ သဲပြင်ပေါ်တွင် မောင်ညိုနှင့် မျက်နှာချင်းဆိုင်လျက် တင်ပြင်ခွေထိုင်ချ လိုက်သည်။

ဆိုင်ငယ်အတွင်းမှ မိဂျမ်းသည် မာဒင်နှင့် မောင်ညိုရှိရာသို့ တချက်လှမ်း ကြည့်လိုက်သည်။ ပြီး နောက် ဆိုင်ငယ်နောက်ပိုင်းသို့ ဝင်ရောက်သွားသည်။ ဆိုင်ငယ်၏ နောက်ဖက်တွင် ကိုင်းပင်များသည် ခပ်ကျဲကျဲ ပေါက်နေသည်။ မိဂျမ်းသည် ကိုင်းတောတစ်နေရာတွင် ခွေးများ၊ ကြောင်များလို လက်နှစ်ဖက်ဖြင့် အတန်ကြာ အောင်ယက်သည်။ ပြီးနောက် အရက်ပုလင်း တစ်လုံးနှင့် ပန်းကန်နှစ်လုံးကို ယူလာသည်။

"ဟဲ့ မောင်ညို။ ငါက ဘယ်သူများလဲလို့။ မနက်တုန်းကတော့ ခဏတဖြုတ် ဝင်မနားဘဲကို"

မိဂျမ်းသည် အရက်ပုလင်းနှင့် ပန်းကန်လုံးကို သူ့ယောက်ျားလက် လှမ်းပေးရင်း မောင်ညိုအား တရင်းတနှီးပြောသည်။

"ဆရာတော်ပါတယ်လေ။ ဒါကြောင့် ကျုပ်မဝင်တာဗျ။ ခုလဲ ခင်ဗျားယောကျာ်းနဲ့ အဲဒီအကြောင်း ပြောနေတာ။ ဆရာတော်ကိုတော့ ကျုပ်က လေးစားကြည်ညိုသဗျ။ မိပုလဲချည်း ဆိုရင်တော့ ဘာအရေးလဲ။ ဟီး ဟီး"

မောင်ညိုက သူ့အမိပွါယ်နှင့်သူ မလုံမလဲ ရယ်သည်။

မာဒင်သည် လုပ်နေကျအတိုင်း အရက်ပုလင်းတွင် ပေကျံနေသော သဲများကို ပဆိုးစဖြင့် သွက်သွက် သုပ်သည်။ ဖူးဆို့ကို အလျင်စလိုဖွင့်သည်။ ပြီးနောက် ပုလင်းကို မြှောက်သည်။ ပါးစပ်က တတွတ်တွတ်ဆိုသည်။ အရက်အနည်းငယ်ကို သဲထဲသွန်ချလိုက်သည်။ ထို့နောက် ပန်းကန်နှစ်လုံးထဲသို့ အရက်ကို ငှဲ့ထည့်လေသည်။

"ကဲ ကဲ၊ သောက်နှင့်ကြအုံး။ ပုစွန်တုတ် မီးဖုတ်လိုက်အုံးမယ်။ နောင်သောက်မယ့်စားမယ့် ခရီးသည် ပါလာရင် နင်ကလဲ ပြောဆိုပြီး ဒီသောင်စပ်ကို ဝင်ခဲ့ပါဟယ်"

မိဂျမ်းသည် ပြောပြောဆိုဆိုနှင့် ဆိုင်ငယ်ထဲ ပြန်ဝင်သွားသည်။ ကိုင်းရိုးအခြောက် များကို မီးပုံတိုက်သည်။ ပုစွန်တုတ် နှစ်ကောင်ကို မီးဖုတ်သည်။

စင်စစ် သည်ဆိုင်ငယ်မှာ အဖိုးထိုက် အဖိုးတန်ပစ္စည်းမရှိ။ ဖွယ်ဖွယ်ရာရာ စားစရာသောက်စရာမရှိ။ ပဲကြီးလှော်၊ ကုလားပဲလှော်၊ မြေပဲလှော်ကလေးများနှင့် ဆေးလိပ်ကလေးအစ မီးခြစ်ကလေးအစ တောက်တိုမယ်ရ ကလေးများသာ ရောင်းချသည့် ဆိုင်တစ်ဆိုင်ဖြစ်သည်။ မာဒင်တို့ လင်မယား အဓိက ထားသည်မှာ တောအရက်ပုန်း။

ဓါတ်သိ အစင်းသိဖြစ်သော ခရီးသွား ခရီးလာများသည် လမ်းကြုံကြိုက်သော် သူတို့ဆိုင်ကလေးကို ဝင်ရောက်လာတတ်သည်။ မောင်ညိုတို့လို ကူးတို့သမား၊ သစ်ဖောင် ဝါးဖောင်သမားများဖြစ်သည်။ သူတို့ ခဏတဖြုတ် လှေဦးထိုး တတ်သည်။ ရံဖန်ရံခါ ပိုက်သမား တံငါသည်များ၊ ကိုင်သမား လယ်သမားများ ရောက်လာတတ်သည်။ သူတို့သည် တောအရက် မီးတောက်ကို ခြောက်ပြားဘိုး တမူးဘိုး သောက်ကြသည်။ ပဲနှင့် တန်ဘိုးထား၍ သောက်သည်။ ငါးနှင့် တန်ဘိုးထား၍ သောက်သည်။ မူးပြီလားဆိုမှဖြင့် သောင်ခြေ လေတဖြူးဖြူးတွင် စကားတွေ ဖောင်ဖွဲ့ကြလေသည်။

သမီးနှစ်ယောက်နှင့် မိဂျမ်းယောက်ျား မာဒင်သည် သောင်ခြေတဝိုက်တွင် ကွန်ပစ်ရင်း အရက်သောက်စားမည့် ဖောက်သည် အသိအကျွမ်းကို စောင့်ကြိုသည်။ တစ်နေ့လုံး ရေထဲမိုးထဲတွင် ပိုက်ကွန်ကို ပစ်လိုက်၊ မကြာမကြာ ဆိုင်သို့ပြန်ကာ အရက်ကလေး တမြမြမော့လိုက် ဖြစ်သည်။ သည်ကြားထဲက အဖော်သဟဲ ကောင်းလျှင်လည်း မာဒင် သောက်လိုက်သေးသည်။ သို့နှင့် ညနေစောင်းသော် ကလေးနှစ်ယောက်နှင့် ဇနီးသည်မိဂျမ်းအား လှေငယ်ပေါ် တင်ဆောင်ကာ ရွာငယ်သို့ပြန်လေသည်။

သူတို့နေသောရွာသည် ဒေါ်ဆောင်းကျွန်းခေါ်သည်။ ဒေါ်ဆောင်းအမည်ရှိ ကိုင်းမြေအများအပြားပိုင် အမျိုးသမီးကြီး တစ်ယောက်၏ အမည်ကို အစွဲပြုခေါ်ခြင်းဖြစ်သည်။ ဒေါ်ဆောင်းကျွန်းသည် ဈေးဦးကျွန်းနှင့် ပန်းလိုင်မြစ် ခြားနေသည်မှအပ အဝေးအလှမ်းကြီးမဟုတ်။ လှေငယ်ကို နာရီဝက်ခန့် လှော်လျှင် ရောက်လေသည်။

ရွာသို့ရောက်သော် ကွန်ပစ်၍ရလာသော ငါးပုစွန်များကို ငါးရွဲငါးဒိုင်ထံ ရောင်းသည်။ ညစာကို အိမ်ရောက်မှ ချက်ပြုတ်စားသောက်သည်။ သို့နှင့် နောက်တစ်နေ့ အရုဏ်ချိန်လောက်တွင် ဈေးဦးကျွန်း ဆိုင်ငယ်ရှိရာသို့ သားသမီး သားမယားများနှင့် ရောက်ခဲ့ပြန်သည်။ ယင်းသို့ဖြင့် မာဒင်မိသားစု၏ သံသရာစက်ရဟတ်သည် တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ လည်ပတ်နေလေသည်။

"မင်းမှာလဲ ဒီအသက်ဒီအရွယ် ရှိလာပြီ။ ခုထိအိမ်ထောင်ရက်သား မပြုသေးဘူးလားဟ"

ကွန်သမားမာဒင်သည် အရက်နှစ်ခွက်လောက် ဝင်သည့်အခါ အောက်နှုတ်ခမ်းကို လက်ဖမိုးဖြင့် သုတ်ရင်း စကားစလေသည်။

"အောင်မလေးလေးဗျာ မလုပ်ပါနဲ့ဗျာ။ ကျုပ်မိန်းမ ယူလိုက်မှဖြင့် ကျုပ်အဖေနဲ့ ကျုပ်အမေ အိုကြီးအိုမကို ဘသူက လုပ်ကျွေးမှာတုန်းဗျ"

မျက်လုံးပြူး မျက်ဆံပြူး မောင်ညိုကပြောသည်။

"ဟာ မင်းတယ်ဂွကျတဲ့ အကောင်ဘဲကိုး။ လင်ရယ်မယားရယ် ဖြစ်လာတော့ သူနိုင်တာ သူလုပ်။ ကိုယ်နိုင်တာ ကိုယ်လုပ်ပေါ့။ မင်းတို့ငါတို့ ဆင်းရဲသားဟာ တစ်ယောက်ရှာစာ တစ်ယောက်က ထိုင်စားနေလို့ ဘယ်ဖြစ် ပါ့မလဲ။ တစ်လှေထဲစီး တစ်ခရီးထဲ သွားမယ့်ဟာ။ သူတစ်ရွက် ကိုယ်တစ်ထမ်းပေါ့"

"မလုပ်ပါနဲ့ဗျာ။ တော်ကြာလူတွေက ကျုပ်ကို ကဲ့ရဲ့နေပါ့မယ်။ မယားတယောက် ဝအောင် မကျွေးနိုင်ဘူးလေး ဘာလေး ညာလေးနဲ့။ ကျုပ်တို့ ကူးတို့သမ္မာန်ခတ်တာက တစ်လမှ ခုနှစ်ကျပ်ရတာဗျ။ ငတ်နေမှဖြင့် ဒုက္ခဗျာ ဒုက္ခ"

"ဘာကွ၊ ငတ်နေမှ၊ ဟုတ်လား။ ဟားဟားဟား မင်းအင်မတန် သတ္တိနဲတဲ့အကောင်။ ဟော့၊ ငါပြောမယ် မောင်ညို ဟောဒီ ဧရာဝတီမြစ်ကြီးထဲကရေတွေ မခန်းသမျှ မင်းတို့ငါတို့ ဘယ်တော့မှ မငတ်ဖူးကွ။ ငါ့ကိုကြည့်လေ။ ခု ငါ့မှာ ခလေးနှစ်ယောက်။ မကြာခင် မိဂျမ်းဗိုက်ထဲက တစ်ယောက်ထွက်လာအုံးမယ်။ အဲတော့လဲ သုံးယောက် ပေါ့ ဟုတ်လား။ ဘာပြုသေးလဲ။ မိဂျမ်းဟာ သူလုပ်နိုင်သမျှ ဈေးရောင်းတယ်။ မိုးတွင်းမိုးခါမှာ ကွန်လှေ ဦးစီးလိုက်တယ်။ ငါ့အနေနဲ့ နွေရော မိုးရော ဆောင်းရော ကွန်ပစ်တယ်။ ပုစွန်ထောင်တယ်။ ငမျှားတန်းချတယ်။ ဒီလိုနဲ့ဒို့များ အသက်မွေးလာတာ ဘယ့်လောက်ကြာပလဲ"

ကူးတို့သမားမောင်ညို့သည် ပဲကြီးလှော်ကို တကျွတ်ကျွတ်ဝါးသည်။ အရက်ကို တစ်ခွက်ပြီး တစ်ခွက် သောက်သည်။ မာဒင်၏ စကားများကို စိတ်ဝင်စား အားကျမိသည်။ ပုလဲကိုများ ရလိုက်ရင် ဘယ်လိုနေမလဲ တွေးသည်။ ထိုအခါ သူ့စိတ်တွေ ပျော်သလိုလို မြူးချင်သလိုလို ဖြစ်လာသည်။

"နောက်ပြီး မင်းကြည့်လေကွာ"

မာဒင်က စကားဆက်သလို ပန်းကန်နှစ်လုံးထဲသို့ အရက်ကိုထပ်ငှဲ့သည်။

"အေး ငါ့သမီးအကြီး အေးပုံဟာ ခုဆို ကိုးနှစ်။ နောက်ဆဲ့တနှစ်ဆဲ့နှစ်နှစ် သမီးဆိုရင် ပိုက်လှေဦးစီး လိုက်နိုင်တယ်။ ကိုင်းထဲယာထဲမှာ မြေပဲဆွတ် နိုင်တယ်။ ဆေးရွက်ချူးနိုင်တယ်။ ခုတောင် အတော်အဖော်ရနေပြီ။ ဟုတ်လား"

"အင်း"

မာဒင့်စကားကို မောင်ညို့က အင်းလိုက်သည်။

"အဲ၊ အဲလိုဆိုရင် တစ်နေ့ကို ငါးမူး၊ ခြောက်မူးစီနိုင်တယ်။ ဟုတ်တယ်မို့လား။ နောက်ပြီး အငယ်မ အေးသာဟာ နောက်သုံးလေးနှစ်ဆို ခိုင်းရပြီကွ"

"သူတို့ကို ဒီလိုဘဲ ထားမယ်လား"

ကူးတို့သမားမောင်ညို့က အဓိပ္ပါယ်တစ်ခု ဆောင်သောအတွေးနှင့် မေးလိုက်သည်။ သို့ရာတွင် သူလိုချင်သော အဓိပ္ပါယ်၏ အနက်ကိုမူ ကွန်သမားမာဒင် နားလည်မလည်ဟူ၍တော့ သူမသိ။

"ဘာလဲ သူတို့ကိုလား။ အေး ဒီလိုဘဲ ထားချင်ထားမယ်ပေါ့။ ဒါမှမဟုတ်လဲ အပျိုကြီးဖားဖားတွေ ဖြစ်လာတဲ့ နေ့မှာ စာရင်းဒိုင်အိမ် တအိမ်အိမ် ပို့လိုက်ရုံပေါ့။ စပါးဆိုရင် ဆယ့်ငါးတင်း တင်းအစိပ် ရနိုင်တယ်။ မြေပဲဆိုရင် ငါးတင်း ခြောက်တင်း ရနိုင်တယ်။ စာရင်းဒိုင်အိမ်မှာ ထမင်းချက်ရမယ်၊ နွားစာ ရိတ်ရမယ်၊ လယ်ထဲကိုင်းထဲ ကူညီလုပ်ရမယ်။ တစ်ခုတော့ ရှိတာပေါ့ကွာ လူငှားခဟာ နွားခလောက်တော့ ဈေးမရဘူးဟ"

စကားအဆုံးတွင် မာဒင်သည် အရက်ခွက်ကို မော့လိုက်သည်။

"နောက်တော့ကော"

ကူးတို့သမား မောင်ညို့က မေးသည်။

"နောက်တော့လား။ နောက်တော့လဲ သူတို့ဟာသူတို့ လင်ယူသားမွေးကြပေါ့။ မိဘက ဒီထိအောင်လိုက်ပြီး ပူစရာမလိုပါဘူး၊ အချိန်တန်ရင် သူတို့ကို ယူမယ့်ယောကျ်ားတွေ ပြည့်လို့။ လယ်သမားတွေရှိတယ်။ ကိုင်းသမားတွေရှိတယ်။ ယာသမားတွေရှိတယ်။ မင်းတို့လို ကူးတို့သမားတွေရှိတယ်။ ငါတို့လို တံငါသည်တွေ ရှိတယ်။ ဒီလူတွေဟာ သူတို့အတွက်ပေါ့ကွ။ အေး သူတို့က မွေးလာမယ့် သားစဉ်မြေးဆက် ကျတော့လဲ ဒီနည်းအတိုင်းပေါ့"

မဂျမ်းသည် ပြာအလူးလူးဖြစ်နေသော ပုစွန်တုတ် နှစ်ကောင်ကို ယူလာသည်။

"မင်း လွန်ခဲ့တဲ့ သုံးလေးရက်က ဒို့များဆီမရောက်ပါလား မောင်ညို"ဟု မိဂျမ်းကမေးသည်။

"ဟုတ်တာပေါ့ဗျာ။ ကျုပ်အဲဒီရက်တွေက ညောင်တုန်းဘက်မလာရဘူး။ ကြိမ်ပင်ဆယ်ဘက်က ခရီးသည်တွေ လိုက်ပို့နေရတယ်"

"အဲဒီရွာတွေမှာကော ဘယ်လိုလဲကွယ့်" မိဂျမ်းက မေးသည်။

"ဘာကိုမေးတာလဲဗျ"

"အော် အလုပ်ကလေး အကိုင်ကလေးများနဲ့ အနေအစားကလေးများပေါ့ဟယ်"

ကိုယ်ဝန်ကြီးနှင့် မိဂျမ်းသည် သူ့ဗိုက်ကြီးကို လက်နှစ်ဖက်ဖြင့် အသာအယာ မတင်လိုက်ပြီး မောင်ညိုနှင့် မာဒင့် အနီးတွင် အီးကနဲ ထိုင်ချလိုက်သည်။

"ဘာထူးမှာလဲဗျ။ ခင်ဗျားတို့ ကျုပ်တို့လိုပေါ့။ သူတို့တွေဟာ လယ်သမားတို့ ကိုင်းသမားတို့ တံငါသယ်တို့ဘဲ မို့လား။ စပါးဈေး ပဲဈေး မကောင်းတော့ ခမြာတွေလဲ ရရစားစားပေါ့"

"အေးအေး ဟုတ်မှာပါဘဲလေ။ ဟုတ်မှာပါဘဲ။ အင်း ငါ့ညီမတယောက် ကြိမ်ပင်ဆယ်ရွာမှာ ရှိတယ်ဟဲ့။ အိမ်ထောင်ကျတာ ရှစ်နှစ်လောက်ရှိပြီ။ လူချင်းကွဲသွားထဲက တခါမှ ပြန်မတွေ့ရဘူး။ ခုလောက်ဆို ခလေးတွေ ဘာတွေ ရနေရော့မယ်"

မဂျမ်းသည်ပြောရင်းမှ အဝေးအလှမ်းသို့ မျှော်ကြည့်သည်။ မဂျမ်းမျက်လုံးတွင် ဝမ်းနည်းရိပ်သန်းနေသည်။ ဒို့လိုလူတွေဟာ ဒီလိုနဲ့ ဆွေကန်းမျိုးကန်း ဖြစ်ကုန်တာ ထင်ပါရဲ့ဟု မိဂျမ်းတွေးသည်။

"အရင်းလားဗျ" ဘာရယ်တော့မဟုတ်။ မောင်ညိုက လွှတ်ကနဲမေးသည်။

"အော် ဟယ် အရင်းပေါ့။ တစ်ဖအေ တစ်မအေထဲမွေး။ ခေါင်းနင်းဆင်း အရင်းခေါက်ခေါက်" မိဂျမ်းက လုံးကြီး ခဲကြီး ပြောသည်။

"ကဲပါဟာ တော်စမ်းပါ။ အရက်သောက်ရတာ ဘယ်ဆီရောက်မှန်းမသိဘူး" မာဒင်က ဟန့်သည်။

နောက်ထပ်မိဂျမ်းစကားမဆက်တော့။ ပေါင်နှစ်လုံးပေါ်သို့ လက်ထောက် အားယူထကာ ဆိုင်ငယ်အတွင်း ဝင်ရောက်သွားသည်။

ဆိုင်ငယ်ရှေ့တွင် ကျန်ရစ်သော ကူးတို့သမား မောင်ညိုနှင့် ပိုက်ကွန်သမားမာဒင်သည် ပဲကြီးလှော် ကို ဝါးသည်။ ပုစွန်တုတ်ကြီး မီးဖုတ်ကို စားသည်။ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်သည်။ သို့နှင့် မကြာမီ အရက်တစ်လုံး ပြတ်လေ၏။

"ဒီဟာမလေးကို နဲနဲပါးပါး စမ်းကြည့်ပါလားကွ"

ကိုင်းပြင်အမြစ်များလို အပြိုင်းပြိုင်းထနေသော မုတ်ဆိတ်မွေးပါးသိုင်းမွေးများကို ပွတ်သပ်ရင်း မာဒင်က ပြောသည်။

"ဟင် ဘယ်ဟာမလေးတုန်းဗျ"

"ဘယ်ဟာမလေး ရမှာလဲ။ ပုလဲလေကွာ။ ပုလဲကို ပြောတာပေါ့။ အဲဒီဟာမကလေးများ ရလိုက်ရင် မင်း အနေနဲ့ အင်မတန် ဟန်ကျပေါ့ကွာ။ ကောင်မလေးက တောင့်တောင့်တင်းတင်းနဲ့ နွားတစ်ရှဉ်း ရသလား အောက်မေ့ရ မယ်။ ဘယ်အလုပ်မဆို မရှောင်တမ်းလုပ်မယ့် ဂိုက်မျိုး"

"အားဟား ဒီဟာမလေးက တကယ့်ဇတ်ဇတ်ကျဲဗျ။ ဘာမှ အကြောက်အလန့်မရှိဘူး။ ကျုပ်တို့တစ်ရွာလုံးက ကာလသားတွေဟာ သူ့ကိုအတော်သဘောကျကြတယ်။ ဒါပေမယ့် မစမ်းရဲကြဘူး။ စပ်မိလို့ ပြောလိုက်ဦးမယ်။ တခါတုန်းက ကျုပ်တို့ရွာမြောက်ဖျားသား ငပြားဟာ ဒင်းကို လူပျိုစကား သွားပြောပါကောလား။ ဓါးဆွဲပြီး လိုက်လို့ပြေးလိုက်ရတာ ဘယ်ပြောကောင်း မလဲ။ တန်းတန်းပါနေတာဘဲ။ အဲဒီထဲက ဒီဟာမလေး အနားကို ဘယ်ကာလသားမှ မသီရဲဘူးဗျ"

"အနားမသီရဲဘူး၊ ဟုတ်စ။ မကပ်ရဲဘူး ဟုတ်စ။ မထိရဲဘူး ဟုတ်စ။ ယောကျာ်းနဲ့မိန်းမကွာ၊ အဲလိုသာဆို ဘယ်တော့မှ ညားကြမှာ မဟုတ်ဖူး မောင်ညို။ ထိရဲရတယ်ကွ။ ကိုင်ရဲရတယ်ကွ။ ပြောရဲဆိုရဲ ရတယ်ကွ။ ငါ့မယားမဂျမ်းဟာ တရွာလုံးမှာ အာအကြမ်းဆုံးပေါ့မောင်။ အေး ငါနဲ့လဲ နှစ်ယောက်ချင်းတွေ့ရော ငါက ပြောရဲတယ်ကွ၊ ထိရဲတယ်ကွ၊ ကိုင်ရဲတယ်ကွ။ အဲဒါနဲ့ ငါနဲ့မိဂျမ်း ညားကြရော"

"ဟီ ဟီ ဟိ ခင်ဗျားတို့များ တယ်ဟုတ်ပါလားဗျ နော်"

နှစ်ဦးသား အတော်အတန် မူးစပြုလေပြီ။ ထိုအခါ အမူးသမားများပီပီ ဟုတ်တာရော မဟုတ်တာရော သောင်းပြောင်းထွေလာပြောကြသည်။ ကွန်သမားမာဒင်က ကူးတို့သမား မောင်ညိုအား သွေးထိုး

သွေးမြှောက် စကားဆိုသည်။ ရောက်တတ်ရာရာ ပေါက်ပန်းစကားပြောသည်။ ထိုအခါ မောင်ညိုသဘောကျ သည်။ သူ့စိတ်က ပုလဲနှင့် ပတ်သက်၍ စွန့်စားခန်းအမျိုးမျိုး ထုတ်ကြည့်သည်။

"နောက်တစ်လုံး ချကြသေးတာပေ့ါကွာ အဲဒီအတွက်ငါကဘဲ ဒကာခံလိုက်ပါ့မယ်။ ရှင်မရေ နောက်ထပ် တစ်လုံး ယူခဲ့ပါဒုံးဟေ့"

မာဒင်သည် မောင်ညိုကို ပြောပြီးနောက် ဈေးဆိုင်ငယ်အတွင်း မိဂျမ်းရှိရာ လှမ်းအော်သည်။

"တော်ပြီဗျာ တော်ပြီ။ ဒီတခါ မီးတောက်က တော်တော်ထက်တယ်ဗျ။ ခုတောင် ခေါင်းထဲမှာ ရီတီတီ ဖြစ်လာပြီ။ တော်ပြီဗျို့ တော်ပြီ။ နောက်ထပ်ပေးချင်သေးရင် တခွက်လောက်သာ ပေးတော့ဗျာ"

မောင်ညိုကလည်း ဆိုင်ငယ်အတွင်း မဂျမ်းရှိရာ လှမ်းအော်သည်။

"အောင်မလေးတဲ့ကွာ။ ဒါလောက်ကလေးနဲ့များ ဘယ်မှ အမောပြေနိုင်မှာလဲဟ မောင်ညိုရ။ သတ္တိကြောင် ရန် ကောကွာ"

"မလုပ်ပါနဲ့ဗျ။ ဆရာတော်ပါတယ်၊ ဆရာတော်။ မပုလဲချည်းဆိုရင်တော့လား ဟား ဟား ဟား"

မောင်ညိုသည် သူ့အတွေးနှင့်သူ ပြောရင်းမှ မပီမသရယ်သည်။ မောင်ညိုရယ်သည့်အခါ ကွန်သမား မာဒင် ကလည်း အားရပါးရ တဟားဟား ရယ်လေသည်။

ဆိုင်ငယ်အတွင်းမှ မိဂျမ်းသည် မာဒင်နှင့် မောင်ညိုတို့ရှိရာသို့လျှောက်လာသည်။

"တန်ရုံသဖြင့် သောက်တော့ကိုမာဒင်။ ကျုပ်တို့က မိုးမချုပ်ခင်ပြန်ရမှာ။ အိမ်ရောက်မှ ချက်ရပြုတ်ရမှာကွယ့် မောင်ညို"

မိဂျမ်းက မောင်ညို့ဘက် လှည့်ပြောသည်။

"အေးပါကွာ အေးပါ မိန်းမရာ၊ ဒီတခွက်စီဟာ နောက်ဆုံးပါ"

မိဂျမ်းသည် ပန်းကန်နှစ်လုံးကို ယူလျက် ထွက်သွားသည်။ ပြီးနောက် ဆိုင်ငယ်နောက်ပိုင်းတွင် ခွေးယက် ကြောင်ယက် ယက်ပြန်သည်။ တစ်ခဏနှင့် မာဒင်တို့ရှိရာပြန်ရောက်လာသည်။

"ဒို့တော့ ပြန်မှကွယ် မောင်ညို။ ငါက အိမ်ရောက်မှ ချက်ရပြုတ်ရမှာ။ ခလေးနှစ်ယောက်ဟာ အချိန်တန်လို့ မစားရရင် အင်မတန် နားပူနားဆာနိုင်တယ်။ ဘယ်လိုလဲ ဦးဇင်းနဲ့ ပုလဲ။ ခုတောင် မလာသေးပါလား"

"လာတာကတော့ လာမှာဘဲဗျ။ ဒီထက်နေချိုအောင် စောင့်နေထင်ပဗျာ။ ခုပုံအတိုင်းဆိုရင် ဆရာတော်နဲ့ ပုလဲ အတူတူရောက်မလား မဆိုနိုင်ဘူး"

မောင်ညိုသည် သူ့စကားအဆုံးတွင် လာလမ်းကိုမျှော်ကြည့်သည်။ ဝင်းပသော နေခြည်ရောင်သည် ဈေးဦးကျွန်း သောင်ပြင်ကြီးအား လွှမ်းခြုံထားသည်။ တစ်ချက်တစ်ချက် လေပွေတိုးသည့်အခါ သဲမှုန် သဲပွင့် များသည် ကန်တော့ထိုးလျက် မိုးယံသို့ လွင့်တတ်သည်။

မိဂျမ်းသည် နောက်ထပ်စကား မဆက်တော့။ နေရာမှ ထွက်သွားသည်။ ဆိုင်ငယ်အတွင်းရှိ တောက်တိုမယ်ရ ပစ္စည်းကလေးများကို တောင်းပလုံးတွင် ထည့်ကာ သောင်ခြေလှေငယ်ရှိရာသို့ သယ် ဆောင်လေသည်။

"ငဒို့များပြန်သွားတဲ့အချိန်မှာ ပုလဲတယောက်ထဲ ရောက်လာမယ်ဆိုရင် မင်းအတွက် အကွက်ဆိုက်တာဘဲ မောင်ညို။ အဲသလိုများဆိုရင် သောင်ပြင်မှာ နှစ်ယောက်ထဲ အေးအေးလူလူ စကားပြောကြဒုံးမှပေ့ါကွာ။ အဲလို အခွင့်အရေးကလဲ ရခဲဘိခြင်း မောင်ရင်ရေ့ ဟဲ ဟဲ ဟဲ"

နောက်ထပ် အရက်တခွက်စီ သောက်ပြီးသည့်အခါ ကွန်သမားမာဒင်က ပြောသည်။ ကူးတို့သမား မောင်ညို သည် အတွေးအတောများဖြင့် ရီဝေစပြုသည်။ အရက်ရှိန်၊ အရက်တန်ခိုး သတ္တိကြောင့်လည်း သူ့ကိုယ်တွင်း ရှိ သွေးများက တရှိန်ရှိန်တိုးစပြုသည်။

ခုလိုအချိန်မျိုး အခါမျိုးတွင် ဘာကိုဘဲ လုပ်ရလုပ်ရ၊ ဘာကိုဘဲ ကိုင်ရကိုင်ရ၊ မည်သည့်စကားပြောရ ပြောရ၊ သူ မကြောက်တော့ပြီ။ သူ မရွံ့တော့ပြီ။

မောင်ညို အဝေးအလှမ်းကို မျှော်ကြည့်ပြန်သည်။ အရက်ရှိန်ကြောင့် စဉ်းလာသော မျက်တောင် များကို ပုတ်ခတ် ပုတ်ခတ် လုပ်သည်။ အဝေး အလှမ်းတွင်မူ လူရိပ်လူရောင်ဟူ၍ အစအန မတွေ့ရသေး။

"ကဲ ဒို့သွားမယ်ဟေ့ မောင်ညို။ မင်းခရီးသည်တွေ မကြာခင် ရောက်လာမှာပေ့ါကွာ"

မာဒင်က ငိုင်တွေတွေကြီး ဖြစ်နေသော မောင်ညို့ ပခုံးကိုပုတ်၍ နှုတ်ဆက်သည်။ ပန်းကန်နှစ်လုံး ကိုင်ကာ မတ်တတ်ထရပ်သည်။

"ပန်းကန် ကျုပ်ကိုပေး။ ရှင့်ကွန်ကို ရှင်ယူခဲ့။ ဒို့သွားပြီ မောင်ညိုရေ" မိဂျမ်းက နှုတ်ဆက်သည်။

"အေးဗျာ အေးဗျာ"

မောင်ညိုက ပြန်လှန်နှုတ်ဆက်ရင်း ထိုင်ရာမှ ထလိုက်သည်။ သူသည် မာဒင်တို့ ဇနီးမောင်နှံနှင့်အတူ သောင်ခြေရေစပ်အရောက် ဆင်းလိုက်သွားသည်။ ထို့နောက် မာဒင်တို့ မိသားစုလှေငယ် ထွက်ခွာသွား သည်ကို ငေးကြည့်ရင်း သောင်ခြေရေစပ်တွင် ရပ်ကျန်ရစ်လေသည်။

(၄)

သူကြောင်စီစီ ဖြစ်နေသည်။ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ အဝေးအလှမ်းသို့ မျှော်ပြန် သည်။ ခုချိန်ထိတော့ မထူးခြား။ လှိုင်းရိုက်သံနှင့် ကိုင်းတော၏ လှုပ်ရှားသံများကသာ သူ့နားတွင် ပဲ့တင် ထပ်နေသည်။

မနေတတ်သည့်အခါ ရေစပ်မှနေ၍ အထက်နားသို့ သူလျှောက်ခဲ့သည်။ ဈေးဆိုင်ကလေးနား ရောက်လာသည်။ ဤတွင် ခြေလှမ်းကိုတန့်သည်။ သဲများကို ခြေဖြင့်ကော်လျက် စောစောက ပုစွန်ခွံများကို ဖုံးသည်။ ဒါတွေကို ဦးပဍ္ဍင်း မြင်သွားရင် မကောင်းပါဘူးဟု စိတ်ကတွေးမိသည်။

"အင်း ဦးဇင်းထက် စောပြီးမိပုလဲများ ရောက်လာရင် အကောင်းသား" သူ့နှုတ်က ရေရွတ်သည်။ ထိုအခါ လာလမ်းကို မျှော်ကြည့်ပြန်သည်။

နေဝန်းသည် တဖြည်းဖြည်း ကျစပြုလာသည်။ ကမ်းရိပ်သောင်ရိပ်တို့သည် စောစောကထက် အေးမြလာသည်။ ရေကျေး ရေငှက်တို့၏ မြည်ကြွေးသံကိုလည်း ခုမှကြားရပြန်သည်။ သဲသောင်ပြင် ကြီးသည် စောစောကလို အလင်းရောင်ချည်း မဟုတ်တော့။ အလင်းရောင်တွင် အညိုရောင် ဖောက် လာသည်။ လေ ကလေး တဖြူးဖြူးတိုးသည့်အခါ မောင်ညိုတွင် အရက်ရှိန်ပိုတတ်လာသည်။

"လာခဲလိုက်တာမိပုလဲရာ"

သည်တစ်ကြိမ်တော့ ကျယ်ကျယ်လောင်လောင် ရေရွတ်သည်။ သူ့အသံကို ကြားမည့်သူမရှိ။ နားထောင်မည့်သူမရှိ။ လွတ်လွတ်လပ်လပ်ဖြစ်သည်။

ထိုအခိုက် အဝေးမှလာနေသော လူတယောက်သဏ္ဍာန်ကို မကွဲမပြား မြင်လိုက်ရသည်။ ထို သဏ္ဍာန်သည် သောင်ပြင်သဲလမ်း ဖွေးဖွေးအတိုင်း သောင်ခြေရေစပ်ရှိရာသို့ စိုက်စိုက်မတ်မတ် လာနေ ခြင်းဖြစ်သည်။ မိန်းမသား တယောက်တော့မဟုတ်။ ယောကျ်ားတစ်ယောက်ဖြစ်သည်။ ကြည့်နေရင်းမှ အမြင်သည် တဖြည်းဖြည်း ပြတ်သားလာသည်။ ပို၍ပို၍ နီးကပ်လာသည်။ ထိုသူ့လက်တွင် တုတ်တချောင်းကို ကိုင်ထားသည်။ ခေါင်းထက်တွင် ဖော့ဦးထုပ်ကို ဆောင်းထားသည်။

ဆရာတော်လည်းမဟုတ်။ မိပုလဲ လည်းမဟုတ်။ ဘယ်သူများပါလိမ့်။ မောင်ညိုတွေးသည်။ သူ့မျက်လုံးသည် ထိုသူ၏ ခြေလှမ်း ခြေချအတိုင်း စူးစူးစိုက်စိုက် ရွေ့လျားသည်။ ထိုသူသည် ကြည့်နေရင်း မောင်ညိုနှင့် သုံးလေးလံ အကွာအဝေးထိ နီးကပ်လာသည်။ သို့ရာတွင် ထိုသူ၏မျက်လုံးက မောင်ညို ရပ်နေသည်ကို သတိ ထားမိဟန်မတူ။

သောင်ခြေ ရေစပ်မှ ကူးတို့သမွန်ကို လှမ်းကြည့်ကာ

"ကူးတို့သမား မောင်ညို၊ ကူးတို့သမား မောင်ညို" ဟု အတွင်ခေါ်လေသည်။

"ကျုပ် မောင်ညို " ထိုသူအနီးအရောက် မောင်ညိုက လွှတ်ကနဲပြောသည်။

ထိုသူခြေလှမ်းတန့်သွားသည်။ မောင်ညိုနှင့် မျက်နှာချင်းဆိုင် တလံကွာလောက်တွင်ရပ်သည်။ နာခေါင်းတစ်ဝက်လောက် လျှောကျနေသော ကြေးဝါကိုင်း မျက်မှန်ပေါ်မှ ကျော်ကာ မောင်ညိုအား စူးစိုက်ကြည့်သည်။ ထိုသူမှာ မောင်ညို၏ ဦးလေးအရွယ် အဖေအရွယ် ဖြစ်သည်။ ဦးထုပ်အောက်ရှိ နားသယ်စပ် ဆံပင်များက တောက်တောက်ပပ ဖြူဆွတ်နေသည်။

"မင်းလား မောင်ညို "

"ဟုတ်တယ်လေ။ ကူးတို့သမား မောင်ညိုဟာ ကျုပ်ပေါ့။ နှစ်ယောက်မရှိပါဘူး။ စက္ကော့ရွာသား"

"ဒီလိုဆို မနက်က ရှင်ဝိလာသ လိုက်ပို့တာ မင်းဘဲပေါ့ ဟုတ်လား"

မောင်ညို ရုတ်တရက် မဖြေနိုင်။ အတန်ကြာတွေးနေပြီးမှ

"ဟာ ဟုတ်တယ်။ ဒါပေမယ့် ဦးဇင်းက ကျုပ်တို့ရွာက ရှင်ဝိလာသလို့ မခေါ်ဘူး။ ကျောင်းထိုင်ဆရာတော်လို့ ပြောမှသိတယ်။ ကျုပ်တို့ရွာသူကြီးက တရွာလုံးကို ပြောထားတယ်။ ဦးဇင်းဘွဲ့တော်ဟာ ရှင်ဓမ္မဝိလာသတဲ့။ အဲလိုပြောမှ ကျုပ်တို့ သူကြီးက သဘောကျတယ်"

"အင်း အင်း။ ဒီလိုဆို ဟုတ်ပါပြီလေ။ဟုတ်ပါပြီ"

ဖော့ဦးထုပ်နှင့်လူက ခေါင်းတဆတ်ဆတ်လုပ်သည်။ ပြီးနောက် စကားကိုထပ်ဆက်သည်။

"မောင်ရင်တို့ဦးဇင်း ဒီနေ့ပြန်မကြွနိုင်ဘူး။ အရှေ့တောင်ညို ဆရာတော်ဘုရားနဲ့ ညောင်တုန်းကို ပါသွားတယ်။ အဲတော့မနက်ဖြန်မှ ကြိုရာသမွန်နဲ့ ပြန်ကြွလိမ့်မယ်။ အဲဒါ ဆရာတော့်အမိန့်နဲ့ ကျုပ်လာပြောတာ။ ကိစ္စက ဒါဘဲ"

စကားအဆုံးတွင် ထိုသူသည် နေရာမှ လှည့်ထွက်မည်ပြုသည်။

"တကယ်လားဗျ" မောင်ညို လွှတ်ကနဲ ဆိုပြန်သည်။

ဖော့ဦးထုပ်ဆောင်းသူသည် မောင်ညို့ဘက်သို့ ချာကနဲပြန်လှည့်သည်။ မောင်ညိုအား ခြေဆုံးခေါင်းဖျား ကြည့်သည်။

"ဦးဇင်းပြန်ပါမသွားရင် ကူးတို့သူကြီးကရော၊ ရွာသူကြီးကရော ကျုပ်ကို အပြစ်ဆိုမှာဗျ"

"အော် အော် ဒါကြောင့်လား။ ဘယ်တတ်နိုင်ပါ့မလဲ မောင်ရင်။ တောင်ညိုဆရာတော်ဘုရားအမိန့်ကို။ ကဲ ကဲ မောင်ရင်သာ မိုးစုန်းစုန်းမချုပ်ခင် ပြန်ပေတော့။ ဟုတ်လား။ မြို့ပေါ်မှာ အခြေအနေဟာ တယ်ပြီး ကောင်းတာ မဟုတ်ဖူး"

ထိုသူသည် ယခုတစ်ကြိမ်တွင်လည်း စကားဆုံးသည့်အခါ လာလမ်းအတိုင်း ပြန်လှည့်မည်ပြုသည်။

"အခြေအနေ၊ ဟုတ်လားဗျ။ မြို့ပေါ်မှာ ဘယ်လိုအခြေအနေတွေ ဖြစ်နေပါလိမ့်ခင်ဗျာ။ သတင်းပလင်း ကလေးများ တဆိတ်လောက် မသိရဘူးလား ခင်ဗျ"

မောင်ညိုက မေးသည်။

ဖော့ဦးထုပ်ဆောင်း ဆရာကြီးမှာလည်း လှမ်းတော့မည့်ဆဲဆဲ ခြေကို ရပ်ဆိုင်းလိုက်ရပြန်သည်။ စင်စစ် ထိုသူကိုယ်တိုင်ကလည်း ဝမ်းတွင်း၌ မျိုသိပ်ထားရသော အကြောင်းတစ်စုံတစ်ရာကို မေးသူသာ ရှိပါက အလွန် ပြောချင်သည့် ဟန်မျိုးဖြစ်သည်။

"အိုး မောင်ရင့်နယ်။ မသိသားဆိုးဝါးလှချည်လား။ ခုတိုင်းပြည်ကြီးဟာ မင်းပြောင်းမင်းလွဲတွေ ဖြစ်အုံးမှာကွယ့်။ ဒါကိုများ မောင်ရင်တို့ စက္ကော့တစ်ရွာလုံး မကြားမိဘူးလား"

"မင်းပြောင်းမင်းလွဲ၊ ဟုတ်လားခင်ဗျာ။ ဘယ်လိုမင်းပြောင်းမင်းလွဲပါလိမ့်"

"အဲ . . . အဲဒါ မောင်ရင်တို့ ခက်သေးတာပေါ့"

ထိုသူက ကူးတို့သမားမောင်ညိုအား အထင်အမြင်သေးဟန် ကြည့်သည်။ မောင်ညိုအား သနား စရာ သတ္တဝါ တစ်ကောင်ပါကလားဟု ယူဆဟန်ရှိသည်။ ပြီးမှ ခါးပေါ်သို့ လက်တစ်ဖက်ထောက်လိုက်ပြီး

"အင်း အင်း တိုင်းရေးပြည်ရေးကို မောင်ရင်တို့အနေနဲ့ နားမလယ်ရှာဘဲကိုး။ ဟုတ်တာပေါ့။ ပြည်ထဲအရေး ပေါက်နဲ့ ကျေးတဲ့ ကိုင်းပါလေ မောင်ရင် မသိရိုးမှန်ရင် ကျုပ်ကပြောလိုက်ရအုံးမှာပေါ့။ ဒီလိုကွယ့် ဒီလို။ ခ ကျုပ်တို့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ အင်္ဂလိပ်တွေဟာ မကြာခင် ထွက်ပြေးရတော့မယ်။ အဲနောက်တော့ ကျုပ်တို့နဲ့ ဆွေမျိုးသားချင်းလို ခင်မင်နေတဲ့ ဂျပန်တွေ ကျုပ်တို့တိုင်းပြည်ကို ရောက်လာလိမ့်မယ်။ မြို့ပေါ်မှာ အဲဒီအကြောင်းတွေ ပြောလိုက်ကြတာ ပါးစပ်စိမနေကြဘူး။ ကဲ ကဲ ဒါဘဲ မောင်ရင်ရေ့။ ဒါဘဲ မမှောင်ခင် ကျုပ်သွားမှ"

သည်တစ်ကြိမ်စကားဆုံးလျှင် ထိုသူသည် လာလမ်းအတိုင်း လှည့်ပြန်လေသည်။

နေရာတွင် ရပ်ကျန်ရစ်သော မောင်ညိုသည်

"ဒါများအဆန်းလား။ ရွာမှာလဲ ဒီစကားတော့ ဟိုလူပြော ဒီလူပြော"ဟု ရေရွတ်သည်။

ပြီးနောက် အဝေးသို့ မျှော်ကြည့်သည်။ ခုထိအောင်လည်း ပုလဲ၏ အရိပ်အရောင်ကို မမြင်ရ။ ဒင်းကော ပြန်မှ ပြန်ဖြစ်ပမလား။ အေးလေ သူကတော့ မပြန်ဖြစ်စရာ မရှိပါဘူး။ ပြန်ကိုပြန်ရမယ်။ ဒီလိုဆို မိပုလဲနှင့် ငါ နှစ်ယောက်ထဲ ပါကလား။ မောင်ညိုတွေးလေသည်။ ထိုအခါ ပိုက်ကွန်သမားမာဒင်၏ စကား များကို သူ့နားတွင် ကြားယောင်မိလေသည်။

စောစောကလူသည် မောင်ညိုနှင့် တဖြည်းဖြည်း ဝေးသွားသည်။ မောင်ညိုသည် အဓိပ္ပါယ် ကင်းမဲ့စွာဖြင့် ထိုသူ၏ နောက်ကျောကို ငေးကြည့်နေမိသည်။ ထိုသူပြောကြားသွားသော မင်းပြောင်း မင်းလွဲကိစ္စ ဆိုသည် ကိုတော့ ပုလဲလောက် မောင်ညိုစိတ်မဝင်စား။ အချိန်တန်ကြာ၍ ထိုသူ ပျောက် သွားသည့်အခါ ထိုသူ၏ စကား များမှာလည်း မောင်ညို့နားတွင်းမှ ပျောက်ကွယ်သွားလေသည်။

ပုလဲကား ခုချိန်တိုင်ပေါ်မလာသေး။

မောင်ညိုသည် ကူးတို့သမွန်ရှိရာသို့ ဆင်းသက်ခဲ့လေသည်။ နေဝန်းသည် အနောက်ဖက် မိုးကုပ်စက်ဝိုင်းတွင် မေးတင်စပြုလေပြီ။ သည်အချိန်ထိအောင် လည်း ပုလဲမပေါ်လာ။ မောင်ညိုနေမထိ

ထိုင်မရ ဖြစ်ရသည်။ သမ္ဘန်ပေါ်တက် လိုက်၊ အောက်ပြန်ဆင်းလိုက်။ အောက်ပြန်ဆင်းလိုက်၊ သမ္ဘန်ပေါ်တက်လိုက်။ သောင်ပေါ်လျှောက်လိုက်။ ပုလဲ လာလမ်းမျှော်လိုက်။

ဒီဟာမလေး ပြန်များသွားပလား။ ကူးတို့ကြုံနဲ့များ ပါသွားပလား။ ခရီးသွား လှေကြုံတက်ကြုံနဲ့များ လိုက်သွားပလား။ သို့လော သို့လော မောင်ညို တွေးသည်။ အရက်ရှိန်ကမူ ခုမှ တတ်ကောင်းတုန်း တတ်ကောင်းဆဲ။ သို့ရာတွင် သည်လိုဖြစ်၍ မောင်ညိုမစိုးရိမ်။ ဦးပဥ္စင်းမပါ၍ ပုလဲနှင့်သူ နှစ်ယောက်ထဲဆိုက ပုလဲအား ကြောက်လန့်စရာမလို။ တကယ်ဆိုတော့ ပုလဲသည်သူအဖို့ ကြောက်စရာ လန့်စရာမဟုတ်။ ချစ်စရာမှ ချစ်စရာဟု မောင်ညိုတွေးလေသည်။

ပုလဲလာမည့်လမ်းကို သူမျှော်ကြည့်ပြန်သည်။ ဒီတစ်ကြိမ်မျှော်သည်မှာ သောင်ပြင်ပေါ်မှမဟုတ်။ သမ္ဘန်ပေါ်မှဖြစ်သည်။ သမ္ဘန်ထက်မှ မတ်တတ် ရပ်ကြည့်သည်။ လည်ကိုဆန့်တန်းကြည့်သည်။ သူ့အမူအရာ သည် အစာကိုငံ့လင့်သော ဖျိုင်းတကောင်၏ လည်ဆန့်ပုံမျိုးဖြစ်သည်။ ခြေဖျား ထောက်သော ဖောစိုက်မှုကပင် ဖျိုင်းငှက်၏ ဖောစိုက်ပုံမျိုးဟု ဆိုနိုင်အံ့ ထင်သည်။ သို့ရာတွင် ထိုအချိန်ထိ အရိပ်အရောင် မတွေ့ရသေး။ ဤလို နှင့် နေလုံးသည် အနောက်ဖက် မိုးကုပ်စက်ဝိုင်းတွင် ငုတ်လျှိုးကွယ်ပျောက်လေတော့ပြီ။

နေဝင်သွားသည့်တိုင် အလင်းရောင်က ကျန်ရှိနေဆဲ။ ရေကျေးရေငှက်တို့သည် ထိုအခါမှပို၍ ဟစ်ကြွေးကြသည်။ ခပ်လှမ်းလှမ်းသောင်ခြေရေစပ်တွင် အစာကောက်နေသော ဝံပိုငှက် သုံးလေးကောင်ကိုလည်း မြင်ရသည်။ စင်ရော်ငှက်များသည် တဂစ်ဂစ် အော်ဟစ်လျက်အစာကို လုကြယက်ကြတုန်း။ လေက ပို၍ ပြင်းထန်လာသည်။ မြင်ပြင်သည် လှိုင်းတံပိုးသံများဖြင့် ဆူညံမြည်ဟီးလာလေသည်။

မြစ်ပြင်ကြီးကို မောင်ညို ငေးကြည့်နေမိသည်။ အတွေးရိပ်နှင့် အမူးရိပ်များသည် လှိုင်းလုံး များနှင့်အတူ သူ့ခေါင်းထဲတွင် ပွေနောက်နေသည်။ သူ့ရင်တွင်း၌လည်း လှိုင်းတံပိုးများ ထကြွလှုပ်ရှားသည်။ အချိန် မည်မျှ ငေးမောနေမိသည်မသိ။ သူ့နောက်မှ တစ်စုံတစ်ယောက်၏ လှုပ်ရှားသံကြောင့် မောင်ညို သည် လှည့်ကြည့် လိုက်သည်။ ပုလဲသည် သောင်ခြေရေစပ်ရှိ ကူးတို့သမ္ဘန်အနီးသို့ ရောက်ရှိနေလေပြီ။

ပုလဲကိုမြင်သည့်အခါ သူ့ရင်သည် ဒိတ်ကနဲဖြစ်ရသည်။ သူ့စိတ်ကို ချက်ချင်းတင်းလိုက်သည်။

"ကဲ တက်။ သွားကြမယ်။ နေဝင်နေပြီ။ ခုပံ့တိုင်းဆို မိုးချုပ်မှ ရောက်တော့မယ်"

မောင်ညိုကပြောသည်။ သည်လိုပြောရင်း ကူးတို့သမ္ဘန်ဦးပိုင်းသို့ ရွေ့ပြောင်း လာသည်။ ကြိုးစကိုဖြည်သည်။ ထိုးဝါးကိုနှုတ်သည်၊ ဟန်မပျက်ရအောင် မနည်းကြီး သတိထားသည်။

ပုလဲသည် သောင်ခြေရေစပ်တွင် မလှုပ်မချောက်။ သူမက တောင်မြောက် ဝဲယာကို လှေ့လာပြီး ဖြစ်သည်။ ဦးပဥ္စင်းကို မတွေ့ပါလား။ ဦးပဥ္စင်းမပါ ပါလား။

သမ္ဘန်ဦးမှ မောင်ညိုသည် မကြာမီ ထိုးဝါးကို နှုတ်ပြီးသွားသည်။ ရွှံ့ပေနေသော ထိုးဝါးအရင်းပိုင်းကို ရေတွင် ရိုက်ပုတ်ဆေးကြောသည်။ ပြီးနောက် သမ္ဘန်ဝမ်းထဲသို့ ထိုးထည့်သည်။ ထို့နောက်ပုလဲရှိရာသို့ အံ့သြသလို လှမ်းကြည့်ရာမှ

"ဟ တက်လေဟာ။ ဘာငိုင်နေတာတုန်း။ မိုးသိပ်ချုပ်ပြီ။ အတော်ကြာ မှောင်ကြီးကိုးပါးဖြစ်နေမယ်။ ဒီည ဟာ လ မရှိဘူး"

မောင်ညိုသည် သူ့အသံကို သူသတိထားသည်။ သူ့ဟန်ကိုသူ သတိထားသည်။ မတော်တဆ သူ အရက်မူးနေကြောင်း ပုလဲ ရိပ်မိသွားခဲ့သော်။

မည်သို့ပင်ဖြစ်စေ ပုလဲပြန်မည်ဆိုရင်တော့ သူ့သမ္ဘန်မှလွဲ၍ တခြားလှေတတ် လုံးဝမရှိ။ လှေကြုံ တက်ကြုံဟူ၍ကလည်း သည်အချိန်တွင် ရှာမှရှား။ ဒါလောက်တော့ မောင်ညို တွေးနိုင်သည်။

"ကဲ တက်လေ"

မောင်ညို ပဲ့ပိုင်း ရောက်လာသည်။ ခတ်တက်နှစ်ချောင်းကို ခတ်တိုင်တွင် စွပ်လိုက်သည်။

"ဦးဇင်း ကော ဦးဇင်း" ပုလဲ ခပ်တည်တည်မေးသည်။

"ဦးဇင်း ဟုတ်လား"

"ဟုတ်တယ် "

"လူတွေဟာ ကိုယ့်ခရီးကိုယ့်လမ်းကို ကိုယ်သွားရမှာဘဲ။ ဦးဇင်းဒီနေ့ ပြန်မကြွဖြစ်ဖူး။ နောက်နေ့မှ ပြန်ကြွလိမ့်မယ်"

မောင်ညိုက ပုလဲကိုမကြည့်။ အေးတိအေးစက် ပြောသည်။ ပြီးနောက် မလိုက်ချင်နေရစ်ဟူသော သဘောဖြင့် ခတ်တက်နှစ်ချောင်းကို နောက်ပြန်ထက် ထုတ်လေသည်။

ပုလဲ အတန်ကြာ ငေးကြည့်နေသည်။ သောင်ခြေဦးတွင် လေ တဝုန်းဝုန်း လှိုင်းတဝုန်းဝုန်း ရှိသည်။ ကိုင်းတောများရှိရာမှ ပရစ်ပိုးမွှား အော်သံများကို နားကွဲမတတ်ကြားရသည်။

ပုလဲသည် ကြောက်ရွံ့ခြင်း ကင်းမဲ့ဟန်ဖြင့် သမွန်ဦးပေါ်လှမ်းတက်လိုက်သည်။ ထိုအခါ ကူးတို့သမား မောင်ညိုကလည်း သမွန်ဦးကို မြင်လယ်ကြောသို့ ခတ်ထုတ်စပြုလေသည်။

ပုလဲက သမွန်ဦးတွင် မောင်ညိုအား ကျောခိုင်းထားသည်။ သူတို့ တစ်ယောက်နှင့်တစ်ယောက် စကားတစ်စုံတစ်ရာ မပြော။ နှစ်ဦးစလုံး အတွေးကိုယ်စီ ရှိကြသည်။ ပတ်ဝန်းကျင်သည် လှိုင်းတံပိုး ရိုက်ပုတ်သံ၊ တကျွိကျွိ ခတ်ကွင်းမည်သံ၊ တဝီးဝီး လေတိုးသံတို့ဖြင့် ကြောက်မက်ဖွယ်ရှိနေသည်။ ကူးတို့ သမွန်သည် လှိုင်း ဖောင်ဖင်တွင် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ သို့နှင့် နာရီဝက်လောက် ခတ်မိလျှင် ရေးဦးကျွန်းသောင်ကြီးနှင့် အဝေးကြီး ဝေးလာသည်။ ယင်းအချိန်၌ပင် အလင်းရောင်လုံးလုံး ကွယ်ပျောက်ကာ အမှောင်ထု ဖုံးလွှမ်း ခဲ့လေပြီ။

"နင့်ပိုက်တွေ ချည်ခင်တွေ အတော်ရောင်းရသလား ပုလဲ" မောင်ညို သမွန်ပဲ့မှ လှမ်းမေးသည်။

ပုလဲမဖြေ။ မသိကျိုးကျွံပြုသည်။

"ပုလဲ နင့်ပိုက်တွေ ရောင်းရရဲ့လား"

မောင်ညိုက နောက်ထပ်မေးသည်။ အသံမှာ စောစောကထက် ကျယ်လောင်သည်။

"ရောင်းရတယ်" ပုလဲက တိုတိုတောင်းတောင်း။

"အားလုံးကုန်ခဲ့ရောလား"

"ကုန်လို့ ဘာမှ မပါတာပေါ့ "

" ဟဲ ဟဲ ဟဲ နင်ကလဲ စိတ်တိုရန်ကောဟာ။ ငါက စေတနာနဲ့မေးတာပါဟ"

ပုလဲ နောက်ထပ်မဖြေ။ ငြိမ်ဆိတ်နေသည်။

ထိုအခါ မောင်ညိုကိုယ်တိုင်ကလည်း နောက်စကားကို မဆက်တော့။ သမွန်ကို အားစိုက်ခတ်သည်။ ခတ်ကွင်းနှစ်ကွင်းသည် ကျွိကနဲကျွိကနဲ မြည်သည်။ ထောင်းထောင်းပြတ်လေမလား ထင်ရသည်။ ကူးတို့ သမွန်သည် မြစ်လယ်ရေကြောင်းအတိုင်း အလျားလိုက် စုန်ဆင်းနေသည်။ နှစ်ဖက် သောင် ကမ်းခြေသည် မဲမဲရိပ်ရိပ်သာထင်သည်။ ဘာတခုကိုမျှ စမ်းဝါးမှန်းဆလို့ မရနိုင်။ ရွာရိပ်ရိပ် မီးရောင် ကမ်းရိပ်ဟူ၍ကလည်း တစ်ခုမျှ မတွေ့ရ။ ထိုအခါ မကြောက်ပါဘူး ဆိုသော်လည်း ပုလဲရင်မှာ တဒိတ်ဒိတ်ခုန်စပြုသည်။

ငါ့ကိုများဒင်း တခုခုလုပ်မှဖြင့် အခက်ပါဘဲ။ ပုလဲတွေးသည်။ ထိုအတွေး တွေးလိုက်မှပင် သူ့ရင်သည် စာပို့သဘော်ကြီး ခုတ်မောင်းသလို တဝုန်းဝုန်း ခုန်စပြုသည်။ ရေလယ်တွင် ကိုးကွယ်ရာမဲ့သော အဖြစ်ကို သူမြင်သည်။ သူရေကူးတတ်သည်။ သို့ရာတွင် နှစ်ဖက်သောကမ်းခြေမှာ အလွန်တရာ အလှမ်း ဝေးသည်။ ထို အဖြစ်ကပင် သူမအဖို့ ပို၍ချောက်ချားရသည်။

ဟယ် မတတ်နိုင်ဘူး။ ဖြစ်တော့မှ ရောက်ရား။ ဒင်းကိုခံသတ်ရမှာဘဲ။ ရေထဲခုန်ချသင့် ချရမှာဘဲ။ စိတ်က ဆုံးဖြတ်သည်။

ကြောက်စိတ်လန့်စိတ်ကို မေ့ပျောက်ပစ်သည်။ သို့တိုင် ကြောက်စိတ်က လွယ်လွယ်နှင့် ပျောက်၍ မသွား။ အတော်ကြီးတင်းခံနေသည်။ ပတ်ဝန်းကျင် အမှောင်ထုကလည်း ကြောက်စိတ်ကို ပိုမိုကာ ဆိုးရွား စေသည်။ လှိုင်းတံပိုး မြည်ဟီးသံများကလည်း အသက်ရှူ၍ မရအောင် မွန်းကြပ်သည်။ ထိုအခါ အနေ မတတ် အထိုင်မတတ်သည့် သဘောကြောင့် သူ့ကိုယ်သူ ပြင်ထိုင်သည်။ အဟမ်း အဟမ်း ဟူ၍လည်း ကျားမရဲတစ် လူမရဲဟာစ် ပြုသည်။ ကြောက်စိတ်လန့်စိတ်ကို အတင်းမောင်းနှင်ပစ်ပြန်သည်။ ဒါပေမယ့်မရ။ ကြောက်စရာ လန့်စရာ အတွေးများသည် မျှော့နက်မဲကြီးပမာ သူ့ရင်၌ တွယ်ကပ်နေသည်။

ဟယ် ဘာဖြစ်ဖြစ်ပေ့ါ။ ငါ့ကိုများ နမချင်းမစာနာရင် ဒင်းကို ခံသတ်မယ်။ ဒင်းကို လှူပြည်မှာ မထားဘူး။ သိပြီ သိပြီ။ ဖရဲသီးခွဲတဲ့ ဓားရှိတယ်။ အဲဒီဓားနဲ့ ဒင်းကို အသေထိုးမယ်ဟု စိတ်ကဆုံးဖြတ်သည်။

ယင်းအခိုက် တကျွိကျွိ ခတ်ကွင်းမြည်သံ ပျောက်သွားသည်။ အမှတ်မဲ့တော့ ပုလဲမသိလိုက်။ အတွေးအတော၌ နစ်မြုပ်နေသည်။

"ကဲ ဒီနေ့တော့ သိကြရောပေ့ါကွာ။ ဟင် နင့်ကိုငါ ချစ်နေပြီ ပုလဲရေ။ ချစ်နေပြီဟ။ ခုလိုရခဲတဲ့ အခွင့်အရေး ကို ဘယ်နည်းမှ ငါလက်လွတ်မခံနိုင်ဘူး။ နင့်ကိုငါယူမယ်။ နင့်ကိုငါယူမယ်။ မရ ရတဲ့နည်းနဲ့ ယူမယ်ဟ"

မောင်ညို၏ ကြုံးဝါးသံကို ပုလဲကြားလိုက်ရသည်။ သူ့အတွေးဟူသမျှသည် အဝေးသို့ လွင့်ပြေးကုန်သည်။

ပုလဲဖျပ်ကနဲ နောက်လှည့်ကြည့်သည်။ အထိတ်ထိတ် အလန့်လန့်နှင့် ထမည်ဟု အားယူလိုက် သည်။ သို့သော် ယင်းအပြုအမူမှာ ပုလဲအနေဖြင့် အင်မတန်မှ နောက်ကျလေသည်။

သန်မာသော မောင်ညို၏ လက်နှစ်ဖက်က ပုလဲပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်သည်။ ပုလဲအား ကူးတို့သမ္ဗန်ဝမ်းထဲ ဆွဲချသည်။ နောက်ပြီး မျက်နှာတပြင်လုံးအတင်း အဓမ္မနမ်းရှုတ်သည်။

"နင့်ကို ငါယူမယ်။ နင့်ကို ငါယူမယ်။ မရ ရအောင် ယူမယ်"

မောင်ညို ပလုံးပထွေးကြုံးဝါးရေရွတ်သည်။ ဟောင်စော်သော၊ စူးရှသော၊ ဆိုးရွားသော အနံ့အသက်များ သည် ပုလဲ၏နှာခေါင်းထဲ ပါးစပ်ထဲသို့ တဟုန်တိုး ဝင်ရောက်သည်။

"ခွေး ခွေး ခွေးတိရိစ္ဆာန်၊ မသာကောင်။ သေ ခြင်း ဆိုး။ ကာလနာ"

ပုလဲက ကျိန်ဆဲရေရွတ်သည်။ မောင်ညိုလက်မှ လွတ်မြောက်ရန် ခွန်အားရှိသမျှ ရုန်းကန်သည်။ အစွမ်း ရှိသရွေ့ ကုပ်ခြစ်ကန်ကျောက်သည်။ မအေတွေ နမတွေ မိုးမွှန်အောင် ဆဲရေးသည်။

မောင်ညို နှင့် ပုလဲ နှစ်ယောက်သား သမ္ဗန်ထဲတွင် မတ်တတ်ကြီး လုံးထွေးသတ်ပုတ်ကြသည်။ ပုလဲက အားစွမ်းရှိသမျှ ရုန်းကန်သည်။ ခုခံတိုက်ခိုက်ရန်ထက် လွတ်မြောက်ရန် အားထုတ်သည်။ မောင်ညို က မလွတ်တမ်း ဖက်ထားသည်။ နှစ်ဦးသား၏ အသက်ရှူသံသည် လှိုင်းတံပိုးများနှင့် နင်လား ငါလားရှိ သည်။ ကူးတို့သမ္ဗန်မှာ မြင်လယ်ရေကြောအတိုင်း တရိပ်ရိပ် မြောလေသည်။

လုံးလားထွေးလား သတ်ပုတ်နေရာမှ နှစ်ယောက်သား သမ္ဗန်ဝမ်းထဲသို့ လဲကျသွားသည်။ မောင်ညိုတွင် အရက်ရှိန်နှင့် ရာဂစိတ် တတ်ကြွနေသည်။ ပုလဲကိုယ်ပေါ်မှ မောင်ညို တအားဖိသည်။ ဗလက္ကာယ ခွစီး သည်။ မောင်ညို့အပြုအမူသည် ပို၍ကြမ်းတမ်းလာသည်။ ပို၍ခက်ထန်လာသည်။ မုန်ယိုသော ဆင် တစ်ကောင်ဟု ထင်ရသည်။ သားရဲတိရစ္ဆာန် အရိုင်းအစိုင်းဟု ထင်ရသည်။

ပုလဲသည် မောင်ညိုလက်မှ လွတ်မြောက်ရန် အတင်းရုန်းကန်သည်။ လဲနေရာမှ ထရန်ကြိုးစား သည်။ ပါးစပ်က အဆက်မပြတ် ဆဲရေးသည်။ သို့သော် သန်မာထွားကြိုင်း၍ ဘီဘူး သဘက်စိတ် ပေါက်နေ သော မောင်ညို့လက်မှ သူမ မလွတ်မြောက်နိုင်။ ဘယ်လိုမှ ရုန်းကန်၍ ကုတ်ခြစ်ကိုက်ဖဲ့၍မရ။ ပုလဲ အတော်ကြီး မောလာသည်။ အသက်ရှူကျပ်လာသည်။

အမှောင်ထုက ပိုမို နက်ရှိုင်းလာသည်။ လှိုင်းတံပိုးများသည် ကူးတို့သမ္ဗန်၏ ဘေးနှစ်ဖက် ပျဉ်ထောင်အား တဖျန်းဖျန်း ရိုက်ပုတ်သည်။ ရေဝဲထဲတွင် ကူးတို့သမ္ဗန်မှာ ခြာခြာလည်ပတ်နေသည်။ ရေသံ လေသံ လှိုင်းရိုက်ပုတ်သံများသည် လူ့လောက တခုလုံးအား ဂျမ်းထိုးမှောက်ခုန် ဖြစ်နေသလားဟု ပုလဲ ထင်သည်။

သို့နှင့် မောဟ၏ ငမိုက်သားသည် ဤနေရာ၌ ကြီးစိုးခဲ့သည်။ ရာဂ၏အောင်လံသည် လွှင့်ထူခဲ့ သည်။ ဘဝတခု၏ အဖိုးအနဂ္ဃဆိုသည်မှာလည်း ဤအချိန်တွင် ဆုံးပါးခဲ့လေပြီ။

(၅)

ပုလဲသည် ရှိသမျှအင်အားကို ဖျစ်ညှစ်ထုတ်သည်။ ပူသောနွေးသော တရှိန်ရှိန် တောက်လောင် သော ဝေဒနာနှင့်အတူ လောကကြီးတခုလုံး ပျက်စီးသွားလေပြီဟု ပုလဲနားလည်လိုက်သည်။ သူမက မောင်ညို့ ရင်ပတ်ကို တွန်းပစ်လိုက်သည်။ ထမီကို ပြင်ဝတ်သည်။ လဲရာမှ အတင်းလူးထသည်။ သူမ မောင်ညို့ လက်တွင်းမှ လွတ်မြောက်သွားသည်။

"ခွေး ခွေး ခွေး တိရိစ္ဆာန်ကောင်။ နင်ဟာ လူမဟုတ်ဖူးဟဲ့။ လူမဟုတ်ဖူး။ နှမချင်းမစာနာတဲ့ ခွေး ခွေး။ ခွေးကောင် "

ပုလဲက နာနာကျည်းကျည်း ဆဲရေးသည်။ မိုးသီးမိုးပေါက်ကျသည့်အလား ဆဲရေးသည်။ မခံ မရပ်နိုင် ဆဲရေးသည်။ သူမတကိုယ်လုံး တဆတ်ဆတ် တုန်ခိုက်နေသည်။ ကြေကွဲသံနှင့် ဒေါသသံသည် ခွဲခြားမရ။ သူမက မောင်ညို့အား အစိမ်းလိုက် ဝါးပစ်ချင်သည်။

"ခွေးသား အယုတ်မာကောင်။ မသာကောင်။ သေခြင်းဆိုး။ နင်လိုအကြံပက် စက်တဲ့ အကောင်မျိုးဟာ တစ်နေ့တော့သေချင်းဆိုးနဲ့သေမှာဟဲ့။ နင့်မှာသာ နှမတစ်ယောက် ရှိနေမယ်ဆိုရင် နင့်နှမကို နင်ဒီလို စော်ကားမှာလားဟင်၊ ဟဲ့နွား ဟဲ့နွား။ နင်ဟာလူမဟုတ်ဖူး။ ခွေးထီးတစ်ကောင်၊ နွားထီးတစ်ကောင် ဟဲ့"

ပုလဲက ကြိတ်မနိုင်ခဲမရ အစွမ်းကုန် ကျိန်ဆဲရေရွတ်သည်။ ကူးတို့သမ္ဗာန်မှာမူ ရေလယ်ကြောတွင် ချာလည်ချာလည်နှင့် မျောနေဆဲဖြစ်သည်။ လှိုင်းတံပိုးများကလည်း ကြောက်မခန်းလိလိ မြည်ကြွေးနေဆဲ ဖြစ်သည်။

လေသည် စောစောကထက် ပိုမိုပြင်းထန်လာသည်။ တစီးစီး အော်မြည် တိုက်ခတ်သည်။ လေသံနှင့် လှိုင်းသံများသည် ပုလဲ၏ အော်ဟစ်ဆဲရေးသံကို မကွဲမပြားဖြစ်စေသည်။ အမှောင်ထုကလည်း တစ်ယောက်နှင့် တစ်ယောက် မမြင်ရလောက်အောင် ပိတ်ဆီးထူထဲလာသည်။

ယင်းအခိုက် အသေကောင်ကြီးလို တွေရပ်နေသော မောင်ညိုသည် ဖုတ်သဘက် ဝင်သည့်အလား ယိမ်းယိုင်လှုပ်ရှားသည်။

"နင့်ကို နင့်ကို နင့်ကို ငါချစ်လို့ပါဟယ်။ နင့်ကို ငါယူမယ်။ နင့်ကို တသက်လုံး ငါလုပ်ကျွေးမယ်"

"ဟဲ့ ခွေး ခွေး။ နင့်ကိုတော့ မယူဘူး။ ဘယ်တော့မှ မယူဘူး။ ရေထဲခုန်ဆင်း သေလိုက်မယ်"

ပုလဲက အော်ရင်းဟစ်ရင်း လှုပ်ရှားလိုက်သည်။ မောင်ညို ပုလဲကို ခုန်အုပ်လိုက်သည်။ အတင်းရော အဓမ္မ ပွေ့ဖက်ပြန်သည်။

နှစ်ဦးသား ထွေးကြလုံးကြပြန်သည်။ ပုလဲ၏ အော်ဟစ်သံ၊ ဆဲရေးကျိန်တွယ်သံများသည် လှိုင်းထဲ လေထဲတွင် ပွတ်ပွတ်ရိုက်နေသည်။ မကြာမီ နှစ်ဦးသားမှာ လုံးရင်းထွေးရင်း အော်ရင်း ဟစ်ရင်း သမ္ဗန် ဝမ်းထဲသို့ ထပ်လျက်သား လဲကျသွားပြန်သည်။

သို့ရှိခိုက် သူတို့မမျှော်လင့်သော အကြောင်းတစ်ခုက မိုးယံမှ ကျလာသည့်အလား ပြုန်းကနဲ ပေါ် ပေါက်လာသည်။ လေထုနှင့်ရေထုကို ဖောက်ခွဲလျက် ဟိန်းဟောက်သော အသံတသံကို မောင်ညိုရော ပုလဲပါ ကြား လိုက်ရသည်။

"ဟော့လူ ဟော့လူ။ ဒါဘာလုပ်တာလဲ။ လွှတ်လိုက်။ လွှတ်လိုက်။ ခုမြန်မြန်လွှတ်လိုက်စမ်း"

ထိုအသံကြောင့် မောင်ညို ပုလဲကိုလွှတ်လိုက်သည်။ ထိတ်လန့်ခြင်း၊ ချောက်ချားခြင်း၊ အံ့သြခြင်း အတိဖြင့် ဖျပ်ကနဲ ထရပ်သည်။ ပုလဲကိုယ်တိုင်မှလည်း မောင်ညို့နည်းတူ လူးလဲထသည်။ သူတို့နှစ်ဦးစလုံး အသံလာရာ ကူးတို့သမ္ဗန် ပဲ့ပိုင်းသို့ ပြိုင်တူကြည့်လိုက်ကြသည်။

ပဲ့ခုံပေါ်တွင် မားမားကြီး ရပ်နေသော လူတစ်ယောက် သဏ္ဍာန်ကို မကွဲမပြားမြင်ရသည်။ ပိန်းပိတ်သောအမှောင်ထုက ကာဆီးထားသည်။ ထိုသူ၏မျက်နှာသည် မဲသလား၊ ဖြူသလား။ ရှည်ရှည်လား၊ ဝိုင်းဝိုင်းလား မသိ။ အမှောင်ထဲတွင် သရဲတစ္ဆေလား။

မောင်ညို ထိတ်လန့်တုန်လှုပ်သွားသည်။

သည်လူ ဘယ်ကဘယ်လို ရောက်လာတာပါလိမ့်။ လယ်သမားလား၊ ကိုင်းသမားလား၊ တံငါသည် လား။ လှိုင်းထဲ လေထဲတွင် ကူးသန်းလာခြင်းလား။ မိုးယံမှ ကျဆင်းခြင်းလား။ လူလော၊ သရဲလော၊ နဂါး လော၊ ဂဠုန်လော။

ပုလဲကိုယ်တိုင် မောင်ညို့နည်းတူ အံ့သြရသည်။ သူမက အနည်းအကျဉ်းမျှ မလှုပ်ရှား။ မင်သက်မိနေသည်။ ထိုသဏ္ဍာန်ကို ငေးငေးကြောင်ကြောင် ကြည့်နေသည်။ မမျှော်လင့်သော အဖြစ်၊ မမျှော်လင့်သော အကြောင်းကြောင့် မောင်ညိုနှင့် ဖြစ်ကြပျက်ကြသော ကိစ္စကိုပင် မေ့ပျောက်နေသည်။

"ဟော့လူ ။ ကျုပ်မေးတာပြောစမ်း။ ဒါဘာလုပ်တာလဲ။ မိန်းခလေး တယောက်ကို ဗလက္ကာယ စော်ကားမယ်ကြံတာလား။ ဟုတ်လား။ မင်းတို့ဘယ်ကလဲ၊ ဘယ်သွားမှာလဲ"

ပဲ့ခုံပေါ်မှလူကမေးသည်။ အသံကတည်ငြိမ်သည်။ ရင့်ကျက်သည်။ သြဇာတိက္ကမ လွှမ်းမိုးနိုင်သော အသံ။

မောင်ညိုသည် ထိုသူ့အမေးကို မဖြေ၊ တောင့်တောင့်တွေတွေကြီး ရပ်နေသည်။

"ဟော့လူ  ကျုပ်မေးနေတယ်"

မိုးချုန်းသံနှင့်အတူ ထိုသူသည် ပဲ့ခုံပေါ်မှ သမ္ဗန်ဝမ်းထဲသို့ ဝုန်းကနဲ ခုန်ချလိုက်သည်။

မောင်ညိုရော ပုလဲပါ ဆတ်ကနဲ တုန်ခိုက်သွားသည်။ ရေထဲ ခုန်ချရကောင်းမလား၊ ခုခံသတ်ပုတ်ရ ကောင်းမလား။ မောင်ညိုတွေးသည်။ ထိုသူ့အပေါ် မောင်ညိုလုံးဝ မကျေနပ်။

"ဟော့လူ ကျုပ်မေးတာပြောလေ"

အသံနှင့်တပါတည်း ခြေနှစ်လှမ်းခန့်နှင့် မောင်ညို့အပါးသို့ ထိုသူရောက် လာသည်။ ထိုသူ မောင်ညို့ထက် အရပ်မြင့်သည်။ ဒေါင်ကောင်းသည်။ လုံးကျစ်တောင့်တင်းသော ကိုယ်ပေါက်ရှိသည်။ မောင်ညို အထွေအထူး မစဉ်းစားဘူး။ သူ့အနီးရောက်လာသော ထိုသူ့မျက်ခွက်ဆီသို့ လက်သီးတစ်လုံးကို ဝုန်းဒိုင်းကြီး ပစ်သွင်း လိုက်သည်။

ထိုသူသည် သတိကြီးစွာ ထားဟန်တူသည်။ မောင်ညို့လက်သီးချက်ကို ရှောင်တိမ်းသည်။ နောက် တစ်ချီ မောင်ညိုက အထိုးတွင် နွားရိုင်းတစ်ကောင် ဖမ်းသလို လက်ကို ဖမ်းလိမ်ထားလိုက်သည်။

မူးမူးရူးရူးဖြစ်နေသော မောင်ညိုပို၍ ဒေါသထွက်လာသည်။ ကျန်သော လက်တစ်ဖက်က ထိုသူ အား ထိုးပြန်ကြိတ်ပြန်သည်။ သူ သွေးဆူနေသည်။ ဂမူးရှူးထိုး ထိုးနက်သည်။ ထိုသူကလည်း မောင်ညို၏ လက်သီး ချက်များကို တတ်နိုင်သလောက် ရှောင်တိမ်းသည်။

ပုလဲသည် ဘယ်သူဘယ်ဝါ မသိရသူနှင့် ကူးတို့သမား မောင်ညို၏ အဖြစ်ကို ကြက်သေသေ ငေးကြည့်နေမိသည်။ လှိုင်းသံ ရေသံ လေသံများကလည်း ခုချိန်ထိ ရိုက်ပုတ်မြည်ဟီးနေဆဲ။ ကူးတို့ သမ္ဗန် မှာလည်း ရေလယ်ကြောတွင် အစဉ်တစိုက် မြောနေဆဲ။ အမှောင်ထုကလည်း လွှမ်းလွှမ်းကဲကဲ ပိတ်ဖုံးထား ဆဲ။

မကြာမီ သမ္ဗန်ဝမ်းထဲသို့ လူတစ်ယောက် ဘိုင်းကနဲ ထိုးကျသွားသည်။ ထိုသူမှာ ကူးတို့သမား မောင်ညိုဖြစ်ကြောင်း ပုလဲသိလိုက်သည်။

မည်သူမည်ဝါ မသိရသူသည် မောင်ညို၏ အပြုအမူကို သည်းမခံနိုင်တော့သည့်အဆုံး လက် တစ်ဖတ်ကို ဖမ်းလိမ်ထားရာမှ မောင်ညို၏ ဇတ်ပိုးပေါ်သို့ လက်ဝါးစောင်းဖြင့် သုံးချက်ဆင့်လျက် ခပ်ပြင်းပြင်း ရိုက်ထည့်လိုက်ခြင်းဖြစ်သည်။

" အတော်မိုက်မဲတဲ့ သတ္တဝါ " ထိုသူရေရွတ်သည်။

ပြီးနောက် ပုလဲရှိသည်မှ သတိမထားသလို လဲကျနေသော မောင်ညိုအား ငုံ့ကြည့်သည်။ ပက်လက် ကြီးလန်နေသော မောင်ညို့အပါး ထိုင်ချသည်။ ပခုံးကို ကိုင်လျက် ဆွဲရမ်းလှုပ်ရှားသည်။ မောင်ညိုလုံးဝ မလှုပ်ရှား။ ထိုသူသည် ဆတ်ကနဲ ပြန်ထလိုက်သည်။ ကူးတို့သမ္ဗန်ဦးပိုင်းတွင် ကြောင်ငေးငေး ရပ်နေသော ပုလဲအား လှမ်းကြည့်သည်။

ပုလဲ တုန်လှုပ်သွားသည်။ ခုမှ လှုပ်ရှားရကောင်းမှန်း သတိဝင်သည်။ လက်နှစ်ဖက်ကို ပခုံးထက်သို့ လျှင်မြန်စွာ ရှက်လိုက်သည်။ အစုတ်စုတ်အမွှာမွှာ အင်္ကျီကြောင့် သူ့ကိုယ်သူ မလုံလဲ။

"နောက် တစ်နာရီနဲ့ မထနိုင်ဘူး"

ထိုသူကဆိုသည်။ သူ့စကားက ပုလဲအား တိုက်ရိုက်ပြောခြင်းတော့မဟုတ်။

"ဟော့ ကျုပ်ဘယ်သူဆိုတာ မင်းသိသလား"

ပုလဲမမျှော်လင့်သော မေးခွန်းတခုကို ထိုသူက ဖျပ်ကနဲမေးသည်။

"ဟင့် အင်း " ပုလဲက လွှတ်ကနဲဖြေသည်။

"အေး ဟုတ်ပြီ။ ကောင်းတယ်။ အဲဒါ သိပ်ကိုကောင်းတယ်။ ကျုပ်ကို ဘယ်သူဘယ်ဝါရယ်လို့ မင်းမသိဘူး ဟုတ်စ။ မင်းကိုလဲ ဘယ်သူဘယ်ဝါမှန်း ဘယ်အရပ်ကမှန်း ကျုပ်မသိဘူး။ အဲ သိလဲမသိချင်ဘူး။ သိစရာလဲ မလိုဘူး။ အဲဒါ မင်းအတွက်ရော ကျုပ်အတွက်ရော အကောင်းဆုံး။ မင်းကျုပ်ကို ကျေးဇူးတင်စရာ မလိုဘူး။ ဘာမှ မေးစရာမြန်းစရာ မလိုဘူး။ ဟုတ်လား"

ထိုသူက သူပြောချင်ရာကို ခပ်ပြတ်ပြတ်ပြောသည်။ သူ့အသံ နှင့် စကားလုံးများက ပုလဲအား ချုပ်ကိုင်နိုင်စွမ်းသည်။

"ဟုတ်  ဟုတ်ကဲ့ "

"အော် ဒါထက် ဒီလူဟာ မင်းနဲ့ ဘာတော်သလဲ။ မင်း မင်း ရည်းစားများ ဖြစ်နေမလား "

ပုလဲကို အားနာသလို ထိုသူက ထစ်ထစ်ငေါ့ငေါ့မေးသည်။ သူ့အသံသည် ခပ်သြသြဖြစ်ကြောင်း ပုလဲ သတိထားမိသည်။

"မှုတ်ဖူး၊ မှုတ်ဖူး ။ ရည်းစားလဲမှုတ်ဖူး။ ဘာဆိုဘာမှ မှုတ်ဖူး" ပုလဲက အထိတ်တလန့်ဖြေသည်။

"အော၊ ခရီးကဇင်းသွားရင်း မင်းကို စော်ကားမယ်ကြံတယ်ပေါ့၊ ဟုတ်လား။ တောက် အမျိုးသမီး တစ်ယောက်ကို ဒါမျိုးမလုပ်သင့်ဘူး။ ထားတော့လေ။ ကျုပ်အနေနဲ့တော့ ခရီးသွားရင်း ကြုံကြိုက်လို့ မင်းတို့ကိစ္စထဲ ဝင်ပါရတာ။ ကဲ သွားမယ်"

ထိုသူသည် စကားဆုံးလျှင် သမ္ဘန်ပဲ့ပိုင်းသို့ သွားသည်။ ပဲ့ခုံပေါ်ခုန်တက် လိုက်သည်။ ပြီးနောက် သမ္ဘန်ပဲ့စွန်တောင်တွင် မည်သည့် အချိန်က ချည်နှောင်ထားမှန်းမသိရသော လှေငယ်တစင်း၏ ကြိုးစကို ဖြည်တော့မည် ပြုသည်။ ဤအခါမှ ထိုသူသည် မည်သို့မည်ပုံ ရောက်လာကြောင်း ပုလဲ အဆက်အစပ်ပြုမိသည်။ အမှန်ပင် ထိုသူသည် ခရီးသွားဟန်လွှဲဖြစ်ကြောင်း ပုလဲနားလည်ရသည်။

"အော် ဟေ့  ဒါထက် ဒီကောင်ကို မင်းစိတ်မချရင် ကျုပ်တစ်ခုတော့ လုပ်ပေးခဲ့အုံးမယ်"

ထိုသူကလှေငယ်၏ ကြိုးစကို မဖြည်သေးဘဲ ပုလဲရှိရာသို့ လှမ်းပြောသည်။ ပြီးသူ့ဆုံးဖြတ်ချက်နှင့်သူဖြစ်ဟန်တူသည်။ အဝေးအလှမ်းသို့လည်း သူမျှော်ကြည့်သည်။ ထိုသူသည် တစ်စုံတစ်ရာကိုတော့ နောက်ဆန်တင်းဟန် တူသည်။ သို့ရာတွင် သူ့ဆုံးဖြတ်ချက်အတိုင်း သွက်လက်စွာ လှုပ်ရှားသည်။

သူက ပုလဲထံမှ အဖြေစကားကို မစောင့်ဆိုင်း။ သူ့ခြေအောက်တွင် နင်းမိထားသော ကြိုးစတစ် ချောင်းကို လျင်မြန်စွာ ကောက်ယူပြီးနောက် ကူးတို့သမား မောင်ညိုလဲကျနေရာသို့ ပြန်ရောက်လာသည်။

ချက်ချင်းပင် မောင်ညို့လက်နှစ်ဖက်ကို လက်ပြန်ကြိုးတုပ်သည်။ ခြေနှစ်ချောင်းကိုတုပ်သည်။ ဝက်တုပ်ဝက်နှောင်ဖြစ်သည်။ အချိန်သိပ်မကြာ။ ခဏနှင့်ပြီးသည်။

မောင်ညိုမှာ ထိုအချိန်အထိ အသေကောင်လို တောင့်တောင့်ကြီး။

"ဒါဆိုရင် မင်းအဖို့ လုံလောက်ပြီ။ တစ်ယောက်ယောက်က ဖြည်မပေးသမျှတော့ ဒီကောင် ဘာမှမတတ်နိုင်ဘူး။ အေးလေ မင်းစေတနာအတိုင်းပေါ့ "

ပုလဲ တွေဝေနေသည်။

"ဟုတ်လား ဟေ့။ မင်းစေတနာ အတိုင်းဘဲ။ မင်းအတွက်တော့ လှေကြုံတက်ကြုံ တစ်စင်းစင်းနဲ့ တွေ့နိုင်ကောင်းပါတယ်။ ဒီလို မဟုတ်လဲ မင်းတို့သမ္ဘန်ဟာ တဖြေးဖြေးနဲ့ ကမ်းကပ်သွားမှာဘဲ"

ထိုသူက တစ်စုံတစ်ရာ စိတ်ယနမကောင်းသလို စေတနာဆိုသည့် စကားကို နှစ်ခါထပ်ပြောသည်။ ထို့နောက် သူ့ကိစ္စသူ့တာဝန်တစ်ခု ပြီးဆုံးသွားသည့်အလား သမ္ဘန်ပဲ့ပိုင်းသို့ သွားတော့မည်ပြုသည်။

ခချိန်ထိ ပုလဲ ဘာလုပ်ရမှန်းမသိ။ ဘာပြောရမှန်းမသိ။ ငိုင်မြဲငိုင်နေသည်။ သို့ရာတွင် လူက ငိုင်နေ ပေမင့် အတွေးအတောပေါင်း များစွာကိုမူ လျင်မြန်စွာတွေးသည်။ ဒီလူကို အကူအညီတောင်းရ ကောင်းမလား၊ ရှာလိုက်ပို့ခိုင်းရ ကောင်းမလား။ ချည်ပြီးတုပ်ပြီး ဖြစ်နေသော မောင်ညိုအား ဓားဖြင့် အသေထိုးသတ်ရသော် ကောင်းမလား။ ပုလဲ ဘာဟူ၍ဝေခွဲမရ။

"ကဲ  ကျုပ်သွားပြီ ဟေ့"

ထိုသူက နောက်ဆုံးနှုတ်ဆက်သည်။

"ကျမ ကျမ ကျမကို ကူညီနိုင်သေးရင်   . . . ."

ပုလဲနှုတ်ဖျားမှ လွှတ်ကနဲ စကားထွက်သွားသည်။

ထိုသူ ပုလဲ စကားတွင် ရုတ်တရက် စိတ်မရောက်။ အမှောင်နှင့် မဲမဲ တဖက်ကမ်းရှိရာသို့ မျှော်ကြည့်သည်။ ထိုသူနည်းတူ ပုလဲကိုယ်တိုင် အယောင်ယောင်အယမ်းယမ်း လိုက်ကြည့်မိသည်။

အတော်လှမ်းဝေးသော အနောက်ဖက်ကမ်းခြေရှိရာမှ မော်တော် တစ်စင်း၏ စက်သံကို ကြားရသည်။ သဲ့သဲ့မျှဖြစ်သည်။ မှုန်မွှားသော လက်နှိပ်ဓါတ်မီးရောင် သုံးလေးခုကိုလည်း ခပ်ရေးရေးတွေ့ရသည်။ မော်တော်သည် တရွေ့ရွေ့ ခုတ်မောင်းလျက် ကမ်းခြေနီးပါးတဝိုက် တစ်စုံတစ်ရာကို လိုက်လံရှာဖွေနေ ဟန်ရှိသည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး။ နောက်ထပ် မင်းကို ကျုပ် ဘာမှ မကူညီနိုင်ဘူး။ ကျုပ်ကိစ္စက တစ်တိုင်းပြည်လုံးနဲ့ ဆိုင်တဲ့ကိစ္စ။ တမျိုးသားလုံးနဲ့ ဆိုင်တဲ့ ကိစ္စ။ မင်းတို့ ကိစ္စထက် အဆတစ်ရာ အဆတစ်ထောင် အရေးကြီး တယ်"

ထိုသူသည် ပုလဲ လုံးဝနားမလည်သော စကားများကို အော်ကြီးဟစ်ကြီး ပြောသည်။ သူ့အမူအရာ၊ သူ့ လေသံသည် မာန်ဖီသော ကျားတစ်ကောင်လို ချက်ချင်းပြောင်းလဲသည်။ ပုလဲနားမလည်နိုင်။ ထိုသူတွင် စောစောက စိတ်ဓါတ်မျိုး ရှိတော့ဟန် မတူ။ ဒေါသအမျက် ခြောင်းခြောင်း ထွက်သည့်ဟန်။

"ရှင်"

ပုလဲ လန့်ဖျပ်သွားသည်။

ထိုသူသည် ပုလဲကို အရေးမစိုက်။ တဖက်ကမ်းကို စူးစိုက်သည်။ မော်တော်စက်သံသည် လေနှင့် အတူ ရောနှောပါလာသည်။ မှုန်ရီသော လက်နှိပ်ဓါတ်မီးရောင်က ဟိုယမ်းဒီယမ်းယမ်း။

"တောက်... ခွေးတွေ၊ ခွေးတွေ၊ လက်ပါးစေ ခွေးတွေ"

ထိုသူသည် တောက် တစ်ချက်ပြင်ပြင်းခေါက်သည်။ မကျေမချမ်း ရေရွတ်သည်။ သူ့အသံက ကြောက်ဖွယ် လိလိ။

ယင်းသို့ရှိနေခိုက် အနောက်တောင်ဘက်တစ်ခိုမှ တဝင်းဝင်းလက်သော လျှပ်ရောင်များနှင့်အတူ မိုး ထစ်ချုန်းသံများကို ကြားလိုက်ရသည်။ မလိုတမာမိုးသည် အချိန်အခါမဟုတ်ပါဘဲ မကြာခင် ရွာသွန်းမည့်ဟန် ဖြစ်သည်။ လေသည်စောစောကထက် တိုး၍ ပြင်းထန်လာသည်။ လှိုင်းတွေ တဝုန်းဝုန်း ရိုက်ခတ်သည်။ ကူးတို့ သမ္ဗန်ထဲသို့ ရေများဝင်ရောက်လာသည်။

ထိုသူသည် ပတ်ဝန်းကျင်ဖြစ်ရပ်များကို အတန်ကြာလေ့လာသည်။ လဲနေသော မောင်ညိုအား အကဲခတ်သည်။ ပြီး မသိမသာ ရှည်လျားသော ပင့်သက်ကို ချသည်။ သူက ကြုံတွေ့နေရသော အမျိုးသမီး ၏ အကျပ်အတည်းကိုလည်း စိတ်ကောင်းဟန်မတူ။

"ကျုပ် စိတ်မကောင်းပါဘူး။ ဒါပေမယ့် မင်းဟာတကယ်လို့ ကျုပ်နမဖြစ်ရင်လဲ ခုအချိန်မှာ ဒီထက်ပိုပြီး ကျုပ် ဘာမှ ကူညီနိုင်မှာ မဟုတ်ဘူး။ နားလည်လား"

" ဟုတ်၊ ဟုတ် ကဲ့"

" ကဲ၊ ကျုပ်သွားပြီ"

ထိုသူသည် အစာကို ထိုးသုတ်သော သိန်းငှက်၏ လျင်မြန်ခြင်းမျိုးဖြင့် ကူးတို့သမ္ဗန်ပဲ့ပိုင်းသို့ ရောက်ရှိသွားသည်။ စွန်တောင်မှ လှေငယ်၏ ကြိုးစကို ဖြည်သည်။ လှေငယ်ပေါ်သို့ ပေါ့ပါးစွာ ခုန်ဆင်းသည်။ သွက်လက်စွာ လှော်ရှားသည်။ ပုလဲကြည့်နေခိုက် မကြာမီ ကွယ်ပျောက်သွားလေသည်။

(၆)

မနေ့ညက မိုးသက်မုန်တိုင်း ကျသည်။

သူငယ် အိပ်ဆိတ်ချိန်မှ စသော မိုးသည် နံနက်အရုဏ်ဦးလောက်မှ ရပ်စဲသွားသည်။ မိုးသက်လေပြင်းကြောင့် တံငါသည်ကြီးများပင် ပိုက်မဆင်း နိုင်ကြ။ မနက်ဝေလီ ဝေလင်း ရောက်မှ တချို့သူများ ပိုက်ဆင်းကြသည်။

ထိုအခါ စကွေ့ရွာသောင်ခြေသည် အခါတိုင်းမနက်ခင်းလို စည်စည်ကားကား ဆူဆူညံညံ မရှိ။ လူသူကင်းမဲ့သော လွင်တီးခေါင် သောင်ပြင်ကြီးတွင် ဝေလီဝေလင်းကမှ တံငါသည်များ ဖိုထားသော မီးပုံကလေးများကိုသာ တွေ့ရသည်။

"ဘယ်လိုလဲဟေ့။ မောင်ညို့သမ္ဗန် ပြန်မရောက်သေးဘူးလား"

ကူးတို့ သူကြီး ဦးလာဘကက တဲငယ်ရှေ့ပိုင်းရှိ သမ္ဗန်သမား လေးယောက်အား လှမ်းမေးသည်။

"ကျွန်တော်တို့ မျှော်နေတာဘဲ။ ခုထိတော့ မတွေ့သေးဘူးခင်ဗျ"

ကူးတို့သမားလေးယောက်ထဲမှ တစ်ယောက်က ပြောသည်။ သူတို့သည် တဲကပျင်တစ်နေရာတွင် ဝိုင်းထိုင်နေကြသည်။ လက်ဖက်ရည်ကြမ်းဝိုင်း ဖြစ်သည်။

" ဦးဇင်း မနေ့ညနေက ပြန်မကြွဖြစ်ဘူး ထင်တယ်"

တဲပေါက်မှ နေလျက် မြစ်ပြင်သို့ ဦးလာဘ မျှော်ကြည့်သည်။ မြစ်ပြင်မှ လေပြင်းတစ်ချက် တိုးသည့် အခါ ဦးလာဘမျက်နှာ ရှုံ့မဲ့သွားသည်။ မနေ့ညက တစ်ညလုံး ရွာထားသော မိုးကြောင့် မြစ်ပြင်လေသည် အခါတိုင်း ထက်ပိုအေးသည်။

"ဟုတ်တယ်ခင်ဗျ၊ ဦးဇင်း ခုထိတော့ ပြန်မရောက်သေးဘူး။ ကျွန်တော် အိမ်ကအလာမှာ ကျောင်းနားရောက်တော့ ကပ္ပိယကြီးဦးဖိုးကို မေးခဲ့သေးတယ်"

ကူးတို့သမားတစ်ယောက်က လှမ်းပြောသည်။

"ဟုတ်မှာပါဘဲ။ မနေ့ညနေက လေရိုပ်မိုးရိပ်ကြည့်ပြီး ဦးဇင်းပြန်မကြွတာဖြစ်မယ်။ အဲတော့ မောင်ညိုဟာ ရန်ကင်းစံရာမှာ အိပ်နေမှာပေ့ါကွာ"

စကားဆုံးလျှင် တဲအတွင်းသို့ ဦးလာဘ ပြန်လှည့်ဝင်မည်ပြုသည်။ ထိုအခိုက် လှမ်းလှမ်းမှ လူသံများ ကြားလိုက်ရသည်။ စကွေ့ရွာသူကြီး ဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်း ဦးဗလတို့ဖြစ်သည်။ သူတို့နောက်တွင် လူခြောက်ယောက် ခုနစ်ယောက်ပါလာသည်။ ကူးတို့တဲရှိရာသို့ ခပ်သွက်သွက် လျှောက်လာ ကြသည်။ နောက် မှ လူများသည် တစ်ယောက်တစ်ပေါက် စကားများလာသည်။ တစ်စုံတစ်ရာကို အငြင်းပွားလာကြသည်။

" ဦးလာဘ၊ ဦးလာဘ "

လူစုရှေ့ဆုံးမှ ဦးဗလက ကူးတို့တဲရှိရာ လှမ်းအော်သည်။

" ဟိုဟာ ကိုလာဘမို့လား။ တဲပေါက်မှာ"

သူကြီးက တုတ်ကောက်ကို ဝှေ့ရမ်းရင်းပြောသည်။

တဲပေါက်မှဦးလာဘသည် လူစုကိုလှမ်းကြည့်သည်။ ဘာကိစ္စ အရေးပေါ်လာ ပါလိမ့်။ သူကြီးနှင့် ဆယ်အိမ်ခေါင်းပါလား။ သမ္ဗန်ငှားရအောင်လား။ တိုင်းရေး ပြည်ရေးကလဲ မငြိမ်မသက်နဲ့။ အင်္ဂလိပ်ပဲ ပြေးရတော့ မလိုလို၊ ဂျပန်ဆိုတာ တွေဘဲ လာတော့မလိုလို ဘယ်လိုအရေးအခင်းတွေ ဖြစ်ကြအုံးမှာပါလိမ့်။

လူစုကိုကြည့်ရင်း ရောက်တတ်ရာရာ ဦးလာဘတွေးသည်။

မကြာမီ ဦးမောင်ကြီးတို့လူစု ကူးတို့တဲအနီး ရောက်လာကြသည်။

" ကိုလာဘ ခင်ဗျားကူးတို့သမားတွေ လူစေ့ တက်စေ့ရှိရဲ့လား"

သူကြီးက မေးသည်။

ဆယ်အိမ်ခေါင်းနှင့် နောက်ပါလူစုသည် ငြိမ်ဆိတ်နေသည်။ ဦးလာဘအား လှမ်းကြည့်ကြသည်။ နောက်မှလူစုသည် ပိုက်ကြီးသမားများ ဖြစ်ကြသည်။ သူတို့ကိုယ်ပေါ်တွင် ရေများဖြင့် ရွှဲရွှဲစို နေသည်။

"ရှိပါတယ်၊ ရှိပါတယ်။ အားလုံးလူစေ့တတ်စေ့ ဆိုပါတော့။ ငါးယောက်က ညောင်တုန်းဘက် ထွက်သွားတယ်။ လေးယောက်က ဟောဒီမှာဗျာ။ အကြောင်းထူးရှိလို့လား။ တဲပေါ်ကြွအုံးလေ သူကြီးမင်း။ ထိုင်ကြပါအုံး"

ဦးလာဘက ရေခွေးကြမ်းသောက်နေသော ကူးတို့သမားလေးယောက်အား လက်ညှိုးထိုးပြသည်။ ရွာသူကြီးနှင့် နောက်ပါလူစုအား တဲပေါ်သို့ ဖိတ်ခေါ်သည်။ သူကိုယ်တိုင်ပင် တဲပေါ်တွင်ရပ်နေရာမှ တဲရှေ့ ပိုင်း ကပျင်ရှိရာ ထွက်လာသည်။

"ထိုင်နေလို့ မဖြစ်သေးဘူးဗျာ ငါးလိုက်ချောင်းထဲမှာ လူမပါတဲ့ သမ္ဗန်တစ်စင်း တွေ့နေလို့။ သမ္ဗန်ထဲမှာ ရေအပြည့်နဲ့တဲ့။ ခတ်တတ်တစ်ချောင်း ထက်ပိုင်းကျိုး နေသတဲ့။ သမ္ဗန်မြင်ရတာ မသင်္ကာစရာဆိုဘဲ။ ပိုက်ကြီးသမားတွေ တွေ့လာလို့ ကျုပ်လာပြောကြတယ်"

သူကြီးဦးမောင်ကြီးက သူ့နောက်ရှိ ပိုက်ကြီးသမားများဘက် လှည့်ကြည့်ရင်း ပြောသည်။ ငါးလိုက်ချောင်းသည် စကြော့ရွာနှင့် ကျီးကန်းသိုက်ရွာ နှစ်ရွာကြားတွင်ရှိသည်။ စကြော့ရွာနှင့် တစ်မိုင်ခန့်ဝေးသည်။

"ဘယ်လိုဗျ။ ရေတွေ အပြည့်နဲ့ သမ္ဗန်တစ်စင်း ခတ်တက်က ထက်ပိုင်းကျိုးလို့ ဟုတ်လား"

သူကြီးနှင့်လူစုရှိရာသို့ ဦးလာဘ ဆင်းသက်လာသည်။ ကပျင်ရှိ ကူးတို့သမား လေးယောက်သည် ငေါက်ကနဲ ထထိုင်သည်။ ဦးလာဘ နောက်ပါးမှ ထက်ကြပ်မကွာ ဆင်းလိုက်လာသည်။

"ရှေ့ထွက်စမ်းဟေ့ စံနက်ကျော်။ မင်းတွေ့ပုံတွေ့နည်း ပြောစမ်း"

သူကြီးအမိန့်ဖြင့် လူစုထဲမှ တံငါသည်တစ်ယောက် လူစုရှေ့ထွက်ရပ်သည်။ ထိုသူသည် ဦးမောင်ကြီးအား တစ်ချက်မော့ကြည့်သည်။ တံထွေးကိုမျိုချသည်။

"ဟုတ်တယ်ခင်ဗျ။ သမ္ဗန်ထဲမှာ ရေတွေပြည့်လို့၊ တစ်ခုခုတော့ တစ်ခုခု ဖြစ်ထားတဲ့ပုံမျိုး။ သမ္ဗန်ကိုဘဲ ခါးမြတိုက်ပြီး လူကိုရေထဲ ရိုက်ချလိုက်သလား၊ ဘာလဲတော့ မသိဘူး။ မသင်္ကာစရာခင်ဗျ။ တကယ့်ကို ဘုရားစူးရပါစေ့"

" အာ ဟေ့ကောင်။ မင်းစပြီးတွေ့ပုံတွေ့နည်း ပြောပါကွ။ တကထဲ နင့်မေကလွှား"

ဆယ်အိမ်ခေါင်း ဦးဗလ အော်သည်။

"အော်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ တွေ့ပုံက ဒီလိုခင်ဗျ။ မနက်စောစော ကျွန်တော်တို့လူစု ပိုက်ကြီးဆွဲနေတုန်း ကျွန်တော် အခင်းကြီးသွားချင်တာနဲ့ ငါးလိုက်ချောင်းဘေးက ကိုင်းတောထဲ တက်သွားတယ်။ အဲလိုတက်သွားကထဲက ချောင်းတဖက်ကမ်းစပ်မှာ သမ္ဗန်တစ်စင်းကို အတွေ့သား။ ဒါပေမယ့် ရုတ်တရက်ဆိုတော့ ဖာဘို့ထေးဘို့ ချည်ထားတဲ့ သမ္ဗန်ထင်နေ တာပေ့ါ။ ဒါနဲ့ကျွန်တော့်ကိစ္စ ဝိစ္စပြီးစီးတော့ မသင်္ကာတာနဲ့ အနားရောက်အောင် သွားကြည့်တယ်။ သမ္ဗန်ဦးပိုင်းဟာ ချောင်းစပ်မှာ မှေးတင်နေတယ်။ သမ္ဗန်ဝမ်းထဲမှာတော့ ရေတွေတစ်ဝက်သာသာ ဝင်နေတယ်။ ခတ်တက် တစ်ချောင်းဟာ ထက်ပိုင်းကျိုးနေတယ်။ တစ်ချောင်းက တန်းလန်းကြီး။ အိုဗျာ သမ္ဗန်မြင်ရတာကိုက တစ်မျိုးကြီး။ အဲ အဲဒါနဲ့ ကျွန်တော့် အဖော်တွေဆီပြေးပြောပြီး သူကြီးကို အကြောင်းကြားတာပါ"

ထိုသူသည် သူပြောရမည့် စကားကို အသက်မရှူ မရပ်မနားပြောသည်။

"နောက်တော့" သူကြီးဦးမောင်ကြီးက စကားဆက်မေးလိုက်သည်။

"နောက်တော့လား၊ နောက်တော့ ကျွန်တော်တို့ တွေ့ခဲ့တဲ့သမ္ဘန်ဟာ စွန်တောင်နှစ်ဖက်ပေါ်မှာ လာဘလို့ ဆေးအဖြူနဲ့ ရေးထားတယ်"

"ဟင် လာဘ ဟုတ်လား။ လာဘဆိုရင် ကျွန်တော်ဘဲ။ ကျွန်တော့ သမ္ဘန်များလားဗျာ။ အဲတစ်ခုတော့ ရှိတယ်ခင်ဗျ။ ကျောင်းထိုင်ဦးဇင်းကို ရန်ကင်းစံရာ လိုက်ပို့တယ်။ မောင်ညိုရော ဦးဇင်းရော ခုထိတော့ ပြန်မရောက်သေးဘူး"

စိုးရိမ်ကြောင့်ကြသလို ဦးလာဘက ပြောသည်။

"ကဲ၊ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့ဗျာ။ အချိန်ကုန်ပါတယ်။ ငါးလိုက်ချောင်းကို သွားကြမယ်။ ခင်ဗျားလည်းလိုက်ခဲ့ပေါ့။ အကြောင်းအကျိုး ဟိုရောက်တော့ သိမှာပေါ့ဗျာ"

ဦးမောင်ကြီးက ပြောသည်။ ပြီးနောက် ငါးလိုက်ချောင်းရှိရာသို့ သူတို့အားလုံး ထွက်သွားကြသည်။

သို့နှင့် နေထန်းတစ်ဖျား သာသာအချိန်တွင် စက္ကော့တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်စပြုသည်။ ပိုက်သမားတစ်ချို့သည် ပိုက်များကို အလျင်စလို ရုတ်သိမ်းကြသည်။ ငါးလိုက်ချောင်းရှိရာသို့ စုရုံးရောက်လာကြသည်။ ရွာသူရွာသားများလည်း ငါးလိုက်ချောင်းသို့ အပြေးအလွှား လာရောက်ကြသည်။ သတင်းဆိုးတစ်ခုကြောင့် စက္ကော့တစ်ရွာလုံး ယောက်ယက်ဆန်ခက် ရှိကြသည်။

မောင်ညို့အဖေနှင့် အမေသည် ဆောက်တည်မရ ငိုကြွေးသည်။ အဘိုးကြီး အဘွားကြီး ဇနီးမောင်နှံသည် လှုပ်ရှားခြင်းကင်းမဲ့သော အလောင်းကောင်အား

"သား သား၊ လူလေး လူလေး ဖြစ်မှဖြစ်ရပလေ လူလေးရယ်" ဟု တစ်စာစာခေါ်သည်။

ရီဝေမှုန်မွှားသော အဖွားအို၏ မျက်လုံးအိမ်အတွင်းမှ မျက်ရည်ပေါက် အသွယ်သွယ်သည် ရှုံ့တွသောအဖွားအို၏ ပါးပြင်ထက်သို့ သွယ်သွယ်စီးကျသည်။ အဖွားအို၏ မျက်နှာတစ်ပြင်လုံး ပူနွေးသောမျက်ရည်များဖြင့် စိုစွတ်လိမ်းကြံသည်။ တုန်ရီချိနဲ့သော အဖွားအို၏ လက်ချောင်းကလေးများသည် သား၏ မျက်နှာပြင်အနှံ့ ဟိုစမ်းစမ်းဒီစမ်းစမ်း ပွတ်သပ်သည်။ ဆွတ်ဆွတ်ဖြူနေသော အဖွားကြီး၏ ဆံပင်များသည် မျက်ရည်များနှင့် လူးလိမ့်ကာ မျက်နှာထက်တွင် အထွေးထွေး အယှက်ယှက် ရှိသည်။

သူကြီးဦးမောင်ကြီးသည် သမ္ဘန်ထဲရှိရေများကို ရွာသားများအား ပက်ထုတ်စေခြင်း ဖြင့် ကူးတို့သမား မောင်ညို၏ အလောင်းကို သူတို့ တွေ့ကြရခြင်းဖြစ်သည်။ ရိုးရိုးနှင့်ဆန်းသော အဖြစ်ဟုဆိုနိုင်သည်။

မနေ့ညက တစ်ညလုံး မိုးကြီးရွာသည်။ လေပြင်းကျသည်။ ထိုကြောင့် သမ္ဘန်ထဲတွင် ရေများဝင်နေခြင်းဖြစ်သည်။ မိုးရေချည်းမဟုတ် လှိုင်းရိုက်သောကြောင့် မြစ်ရေများလည်း ဝင်နေသည်။ ထိုအခါ ခြေကြိုး လက်ကြိုး တုတ်နှောင်ထားသော မောင်ညို့အလောင်းသည် ဝက်တစ်ကောင်ကို ရေစိမ်ထားသလို ရှိသည်။

ရွာသူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလတို့သည် အလောင်းကောင်၏ ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များကို ပထမရှာကြည့်သည်။ မည်သည့်ဒဏ်ရာ ဒဏ်ချက်မျှ ဟုတ်ဟုတ်ငြားငြားမတွေ့။ လက်နက်တစ်စုံတစ်ရာကို ဒုတိယရှာကြည့်သည်။ အပ်တစ်ချောင်းသော်မျှမတွေ့။ ကြိုးတုပ်ချည်နှောင် ထားသည်မှလွဲ၍ကား သံသယဖြစ်စရာ အကြောင်းမရှိ။

"ရန်ငြိုးရှိတဲ့သူက ကြိုးတုပ်ပြီး သမ္ဘန်ကို မြစ်ထဲမျှောလိုက်မှာဘဲ။ နောက်တော့ မိုးသက်လေပြင်းလဲကျရော သမ္ဘန်ထဲ ရေဝင်ပြီး ရေနစ်သေရော"

ဆယ်အိမ်ခေါင်းဦးဗလက ထင်မြင်ချက်ပေးသည်။

"ခင်ဗျားပြောသလိုဆိုရင် ပါးစပ်ကဘယ်မြုံနေမလဲ။ အော်မှာ ဟစ်မှာပေါ့ဗျ"

ကူးတို့သူကြီး ဦးလာဘက ငြင်းချက်ထုတ်သည်။

"မိုးသက်လေပြင်း ကျတဲ့အချိန်ဟာ အော်လို့ဟစ်လို့ ဘယ်သူမှ မကြားနိုင်ဘူး ကိုလာဘ။ မနေ့ညက ကျလာ တဲ့ မိုးသက်လေပြင်းဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က မုန်တိုင်း တစ်ဝက်လောက်ပြင်းတယ်"

ရွာသူကြီးဦးမောင်ကြီးက သူ့ယူဆချက်ကိုပြောသည်။

ငါးလိုက်ချောင်း ဟိုဘက်ကမ်း သည်ဘက်ကမ်းသည် လူတဖြည်းဖြည်းများ များလာသည်။ ချောင်း ကမ်းညွှတ်ဖြစ်သည်။ ဘုရားပွဲတော်တမျှ ဖြစ်သည်။ ကိုင်းသမားများ၊ တံငါသည်များ၊ လှေသမား တတ် သမားများ။ ယင်းအခါ စကားသံများသည် ပွတ်လောထနေသည်။ စည်စည်လှုပ်လှုပ်ဖြစ်သည်။ သောသော ရုတ်ရုတ် ရှိသည်။ ကလေးသံ၊ ခွေးသံ၊ လူသံ ကျွတ်ကျွတ်ညံနေသည်။ လူအုပ်သည် စက္ကော့တစ်ရွာတည်း မဟုတ်။ ကျီးကန်းသိုက်ရွာမှလည်းပါသည်။ ချောင်းမြောက်ဖက်သည် စက္ကော့ရွာသူ ရွာသားများ။ တောင်ဘက်သည် ကျီးကန်းသိုက်ရွာသူရွာသားများ။ ဝါးတံတား တစ်ခုသာ ခြားသည်။

မောင်ညို့အဖြစ်ကို မြင်တွေ့ရသည့်အခါ စက္ကော့ရွာသူရွာသားများသည် ကျောင်းထိုင်ဦးပဥ္စင်း အရှင် ဓမ္မဝိလာသအား အမှတ်ရကြသည်။ မနေ့က ပုလဲပါသွားကြောင်း သိကြသူများက ပုလဲကိုပါ အမှတ်ရ ကြသည်။

"ဆရာတော်၊ ဆရာတော်၊ ကျောင်းထိုင်ဆရာတော်။ မနေ့ကမောင်ညို့သမ္ဗန်နဲ့ ရန်ကင်းစံရာကို ကြွတာ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်။ မနေ့က ဆရာတော်နဲ့အတူ ပုလဲပါသွားတယ်။ ပုလဲကော ပုလဲ"

သူတို့သည်ပြဿနာကို အစမှပြန်ကောက်ကြသည်။ မြစ်ဖျားခံကြသည်။ ချောင်းထိပ်မှ စကားသံ များသည် လေထဲတွင် ပြန့်လွင့်နေသည်။ အုတ်အုတ်ကျွက်ကျွက်ဖြစ်သည်။

"မနေ့က ဆရာတော်နဲ့အတူ ပုလဲပါသွားတယ်ဆို"

ရွာသူကြီးက ကူးတို့သူကြီးအား မေးသည်။

" ဟုတ်တယ်ဗျ။ မိပုလဲ မနေ့ကဆရာတော့် သမ္ဗန်နဲ့ ဈေးဦးကျွန်း ပါသွားတယ်"

" ဒီကိစ္စဘယ်လိုများ ဖြစ်ကြတာပါလိမ့်"

ဦးဗလက ညည်းသည်။ ခေါင်းကိုကုတ်သည်။ ဦးမောင်ကြီးနှင့် ဦးလာဘသည် တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်လိုက်ကြသည်။

"ဆရာတော် ဘယ်မှာလဲ။ ဆရာတော်ကို စုံစမ်းကြပါအုံး။ ခုအတိုင်းဆို ဆရာတော်အတွက် စိတ်မအေး ရဘူး"

"ဟုတ်တယ် ဟုတ်တယ် ၊ ဆရာတော် ဘယ်မှာလဲဗျို့။ ဆရာတော်"

"ပုလဲဟာ သူ့အိမ်မှာ အရှိသားဘဲ။ ကျုပ်တို့ဒီကိုလာတော့ ချည်ခင်တွေ လှန်းနေတာတောင် တွေ့ခဲ့သားဘဲ"

လူအုပ်ထဲမှ အမျိုးသမီးကြီး တစ်ယောက်က အော်သည်။

"အိုဗျာ။ ပုလဲက လှေကြုံတက်ကြုံနဲ့ လိုက်လာတာ ဖြစ်မှာပေါ့။ အရေးကြီးတာက ကျောင်းထိုင် ဆရာတော်ကို စုံစမ်းဘို့ဘဲ။ ခပ်မြန်မြန် စုံစမ်းကြရင်ကောင်းမယ်"

ချောင်းကမ်းထိပ်မှ မြေစိုင်မြေခဲများ ပြိုဆင်းသည့်အလား စက္ကော့ရွာ လူအုပ်ကြီးအတွင်းမှ အသံပလံများသည် သူကြီးဦးမောင်ကြီး နားထဲသို့ အဟုန်ပြင်းစွာ ရိုက်ခတ်လေသည်။

"ကျောင်းထိုင်ဆရာတော် ပြန်မကြွသေးဘူးနော်"

ဦးမောင်ကြီးက ဦးလာဘဘက် လှည့်ပြောသည်။

"မရောက်သေးဘူးဗျ။ ဆရာတော်ဘယ်မှာ ရှိတယ်မသိဘူး"

"မြတ်စွာဘုရား။ ဒုက္ခပါကလားဗျာတို့"

ဦးမောင်ကြီးက ညည်းတွားမြည်တမ်းလိုက်သည်။

ချောင်းကမ်းထိပ်မှ အသံများကလည်း တိုးသထက်တိုးကာ ပွတ်လောရိုက် လာသည်။ ကျွတ်ကျွတ် ညံ နေသော အသံများထဲတွင် "ဆရာတော်၊ ဆရာတော်" ဟူသောအသံက ပို၍များသည်။ ပို၍ကျယ်လောင် သည်။ အတောမသတ်သော လူစုသည် ခုချိန်ထိ ရွာထဲမှ လာရောက်နေဆဲဖြစ်သည်။

"တိုးတိုးသက်သာပြောကြစမ်းပါဟေ့။ တိုးတိုးကွ တိုးတိုး"

ဦးမောင်ကြီးက တုတ်ကောက်ကို ဝှေ့ရမ်းပြရင်း ချောင်းကမ်းထိပ် စကျော့ရွာလူအုပ်အား လှမ်းအော်သည်။ သို့သော် အသံပလံများက လျော့ပါးမသွား။ ထိန်းမနိုင်သိမ်းမရ ဆူပွတ်နေသည်။ ရွာသားတစ်ချို့က ကူးတို့သမ္ဗန်အနီးသို့ ချဉ်းကပ်လာကြသည်။ မောင်ညို့အလောင်းကို လှမ်းကြည့်သည်။ ဝက်တစ် ကောင်ကို တုပ်ထားသလိုပါပဲကွာဟု ဆိုကြသည်။ တစ်ယောက်တစ်မျိုး ထင်မြင်ချက်အမျိုးမျိုး ပေးကြ သည်။

"ဟေ့၊ ဟေ့၊ သမ္ဗန်ပေါ်ကို ဘယ်သူမှ မတက်ကြနဲ့နော်။ ဘယ်သူမှ မတက်ကြနဲ့။ ခုကိစ္စက လူတစ်ယောက်လုံး သေနေတဲ့ ကိစ္စကြီး အတော်ကြာ မင်းတို့တွေ ရောနှောပြီး အမှုပတ်နေမယ်"

ရွာသားများသည် ဆယ်အိမ်ခေါင်းဦးဗလကို ကြောက်ရွံ့၍လား၊ လူသေလောင်း ကြီးကို ကြောက်လန့်၍လားမသိ သမ္ဗန်ပေါ်ကိုကား တစ်ယောက်မျှမတက်ရဲကြ။

"ညတိုင်းတော့ ဆရာတော့်ကျောင်းကို ကျုပ်ရောက်နေကျဗျ။ အဲ မနေ့ညကတော့ မိုးသက်လေပြင်း ကျနေတော့ မသွားနိုင်ဘူး။ ဆရာတော် ပြန်မကြွလာသေးတာ စိုးရိမ်စရာဗျာ"

ဦးမောင်ကြီးက ပြောသည်။ သူကြီးသည် ဦးပဥ္စင်းအတွက် စိုးရိမ်ကြောင့်ကျ ဖြစ်မိသည်။ တကယ် ဆိုတော့ ဦးပဥ္စင်းရှင်ဝိလာသအား စကျော့ရွာကျောင်း၌ သီတင်းသုံးရန် အရှေ့တောင်ညို ဆရာတော်ထံ၌ လျှောက်ထားခွင့်ပန်ခဲ့သည်မှာ သူသာဖြစ်သည်။ သူကြီးသည် ဦးပဥ္စင်းအပေါ်၌ အလေးအမြတ် ကြည်ညို သည်။ ဦးပဥ္စင်း၏ အကျင့်သိက္ခာနှင့် တရားဓမ္မ၌ ဦးမောင်ကြီးနှစ်မြိုက်သည်။ ရှင်ဝိလာသဟူသော ဘွဲ့တော်ကိုပင် ရှင်ဓမ္မဝိလာသဟု ဦးမောင်ကြီး ပညတ်ခဲ့သည်။ ပုဂ္ဂိုလ်ခင်၍ တရားမင်ခြင်းမဟုတ်။ တရားဓမ္မကိုမင်၍ ပုဂ္ဂိုလ် အား ကြည်ညိုခြင်းဖြစ်သည်။

ရှင်ဓမ္မဝိလာသသည် ရန်ကင်းစံရာရွာတွင် ရှိလေသလား။ ညောင်တုန်းမြို့ အရှေ့တောင်ညို ကျောင်းတိုက်တွင်ရှိလေသလား။ သို့မဟုတ် ဘေးအန္တရာယ် တစ်စုံတစ်ရာနှင့် ကြုံတွေ့နေသလား။ သို့လော သို့လော ဦးမောင်ကြီး တွေးသည်။

မည်သို့ပင်ဖြစ်စေ ကျောင်းထိုင်ဆရာတော်နှင့် ပတ်သက်၍ အနီးစပ်ဆုံး အဖြေပေးနိုင်မည့်သူမှာ ပုလဲသာဖြစ်သည်ဟု ဦးမောင်ကြီးယူဆသည်။ ပုလဲအား မေးရမြန်းရမည်။ ပုလဲထံ ခြေရာခံရမည်။ ပုလဲ အား စစ်ဆေးရမည်။ ညောင်တုန်းဂတ်ကို အကြောင်းကြားရမည်။ သူ့တာဝန် သူ့အလုပ်ကို ဦးမောင်ကြီး တွေးပြီး ဖြစ်သည်။

ငါးလိုက်ချောင်းတွင် ပြဿနာပေါ်နေသည်။

ထိုအချိန်တွင် ပုလဲသည် အိမ်ငယ်ရှေ့တွင် ချည်ခင်များကို ဖြန့်လှမ်းနေသည်။

မောင်ညို့သတင်းကို ပုလဲကြားသည်။ တစ်ရွာလုံး ပွက်ပွက်ရိုက်နေသည်။ အိမ်ပေါက်စေ့သို့ မောင်းတီးသလို အော်သူအော်သွားသည်။ သူတို့အချင်းချင်း ပြောသူပြောသွားသည်။ ထိုအခါမကြားချင် မသိချင်လို့ မဖြစ်နိုင်။ သို့သော် ပုလဲ ကုန္တြေမပျက်။ နည်းနည်းမှ ကြောင့်ကြဟန်မတူ။ တည်တည်ငြိမ်ငြိမ် ရှိနေသည်။ အခြေ မပျက်ရှိနေသည်။ မောင်ညို့သတင်းကို ကြား၍ သူ့အမေက မေးသည်။

"အမေရယ်၊ ဝက်တစ်ကောင်ကို တုပ်ထားသလို အသေအချာကြိုးနဲ့ တုပ်နှောင်ထားတယ်ဆိုတော့ အကြောင်း တစ်ခုခုကြောင့် သတ်ဖြတ်သွားတာ ဖြစ်မှာပေါ့။ သမီးဟာ ခရီးသွားလေ့ကြုံနဲ့ လိုက်လာတာ ကံကောင်းတယ် အမေ။ ဒင်းသမ္ဗန်နဲ့များ လိုက်မိရင် ဒုက္ခ"

ပုလဲက ပြောသည်။

"ဘယ်ကလေ့ကြုံနဲ့လဲ။ အမေတို့ရွာကလား"

"သမီးတို့ရွာကတော့ မဟုတ်ဘူး။ သူတို့ကြည့်ရတာ ခရီးဝေးသွားမယ့်လူတွေ။ ရွာဘက်ကမ်းက ကပ်သွားကြမယ် ပြောတာနဲ့ လိုက်ပါရစေဆိုပြီး လိုက်ခဲ့တာ။ ရေလယ်လောက် ရောက်သေးတယ် မိုးသက်ကျတာဘဲ။ ခမျာများ သမီးကို ကမ်းကပ်ပေးပြီး အောက်ဖက်ကို ဆက်သွားကြလေရဲ့။ ဒီလူတွေ မိုးသက်လေပြင်း လွတ်မှာမှုတ်ပါဘူး"

ပုလဲက အထစ်အငေ့ါမရှိ ပြောသည်။ မှင်မောင်းသေသေ ရှိသည်။ မည်သူက မေးမေးသည် အဖြေကို ပေးမည်ဟု အခိုင်အမာ ဆုံးဖြတ်သည်။ ယင်းစကားက သူမအဖို့ ဘေးအကင်းဆုံးဟု ပုလဲယူဆသည်။ ပြီးနောက်အချိန်နှောင်းမှ မိုးပေါ်ကကျလာသော လှေငယ်ရှင်အတွက်လည်း ခလုပ်မထိဆူးမငြိနိုင်ဟု သူ ထင်သည်။

တကယ်ဆိုတော့ မနှေ့ညက တစ်ညလုံး ပုလဲအိပ်လို့မပျော်။ သူ့အပေါ်တွင် လွန်ကျူးစော်ကား လိုက်သော မောင်ညိုအား ဘယ်ပုံလက်စားချေရမည်နည်းဟု ပုလဲတွေးသည်။ ချစ်ဟန်ကြိုက်ဟန် ဆောင်မည်။ မောင်ညိုအား လှည့်စားမည်။ တစ်နည်းမဟုတ်သော် တစ်နည်းနှင့် လက်စားချေမည်။

စင်စစ်မောင်ညို့ဘဝသည် ခုလို အဆုံးသတ်သွားလိမ့်မည်ဟု ပုလဲမထင်မှတ်ခဲ့။ မောင်ညို သေသည်ဟု ကြားရသည့်အခါ ပုလဲ ဇဝေဇဝါ ဖြစ်မိသည်။ ရေမွန်းလို့ သေတာလား။ ဟိုလူ့လက်ချက်နဲ့ သေတာ လား။ ထိုမေးခွန်းသည် တစ်မနက်လုံး သူမရင်တွင် ခိုကပ်နေသည်။ ဘာကြောင့်ဟု ဝေခွဲလို့ကားမရ။

ပြီး။ တစ်ခုရှိပြန်သည်။ မောင်ညိုသေကြောင်း ကြားစတွင် ဒိတ်ကနဲတုန်လှုပ် မိသည်။ ယင်းသို့ တုန်လှုပ်ရာမှ ကောင်းတယ်၊ ကောင်းတယ်၊ မသမာကောင် သေတာပဲ ကောင်းတယ်ဟူ၍ စိတ်ထဲက ရေရွတ်မိသည်။ တဖန် ဤသို့ရေရွတ်မိရာမှ သူဟာလူရင့်မကြီး တစ်ယောက်ပါလား။

သူ့အဖေ သူ့အမေဟာ သူတို့သားအတွက် ဘယ့်လောက်များ ရင်ထုမနာ ဖြစ်ရှာမလဲဟူ၍လည်း စိတ်မကောင်းသလို ပုလဲ ဖြစ်ရပြန်သည်။ အမှန်တော့ သူအတော်ပင် ချောက်ချားခဲ့သည်။ နောက်တော့ သူ့စိတ် သူတင်းသည်။ သနားစရာကောင်းသော အမေလူမမာ၏ မျက်နှာကို ကြည့်ရသည်။ ဒီတစ်ရွာလုံး အမေ့အတွက် ငါတစ်ယောက်သာ ရှိပါကလားဟု သတိဝင်ရသည်။ ငါတခုခု ဖြစ်ရင်တော့ အမေဟာ ချက်ချင်းအသက် ထွက်မှာဘဲဟူ၍လည်း တွေးရသည်။ ဤနည်းနှင့် အခြားအခြားသော စိတ်များကို မောင်းနှင်ထုတ်ရလေသည်။

မနေ့ညက အဖြစ်သည် တစ်သက်လုံး မေ့ပျောက်မရမည့် အဖြစ်ဟု ပုလဲ ယူဆသည်။ အသွား မတော် တစ်လှမ်းဆိုသည်မှာ ဒါမျိုးပါကလားဟု သူတွေးမိသည်။ အမှန်တော့ ဤခရီးဤလမ်းသည် မသွား ကောင်းသည့် ခရီးတော့မဟုတ်။ ဘေးအန္တရယ် ထူပြောခြင်းလည်း မရှိ။ သည်လိုမှ မသွားလျှင်သူတို့ဘဝက ငတ်သေဘို့သာ ရှိလေသည်။

မနေ့ညက...

လှေငယ်ရှင် ထွက်ခွာသွားသည့်နောက် မောင်ညိုအား လက်စားချေရန် ဖရဲသီးခွဲသောဓါးကို သူမက လိုက်လံရှာဖွေခဲ့သည်။ သို့သော် ဓါးကိုရှာမတွေ့တော့။ ကူးတို့သမ္ဗန် ပဲ့ခုံတစ်ခုလုံး ချောင်ကြို ချောင်ကြား မကျန် သူရှာဖွေသည်။ ရှာသမှ နေရာအနှံ့ရှာသည်။ ပဲ့ခုံတွင်ရှာ၍ မရသည့်အခါ သမ္ဗန်တစ်စင်း လုံး ဟိုစမ်းသည်စမ်း ရှာဖွေသည်။ ဓါးရှိလျှင် တွေ့ရမည်။ လျှပ်ပြက်ရောင်က တဝင်းဝင်းလက်နေသည်။ လှေငယ်ရှင်သည် သူတို့ကို စိတ်မချ၍ ဓါးကိုယူငင်သွားဟန် တူလေသည်။

သို့ဖြစ်လျှင် မောင်ညိုအား ဘယ်နည်းဘယ်ပုံ လက်စားချေရမည်နည်း။ အသေကောင်လို မေ့မြော နေသော လူယုတ်မာအား လည်မျိုကိုညစ်လျက် သတ်ပစ်ရမည်လား။ သို့မဟုတ် ကြီးမားလေးလံသည့် ခန္ဓာကိုယ် အတ္တဘောကြီး အား မနိုင်မနင်းချီမကာ မြစ်ရေထဲ ပစ်ချရမည်လား။ ကြံရာမရ ပုလဲဖြစ်မိ လေသည်။

ထိုအခိုက် တဝင်းဝင်းလက်သော လျှပ်ရောင်နှင့်အတူ မိုးသက်နှင့်လေပြင်းက ကြောက်မက်ဖွယ် ကျရောက်လေသည်။ လှိုင်းတပိုးနှင့် မိုးသက်လေပြင်းအောက် တွင် ကူးတို့သမ္ဗန်မှာ မှောက်သွားလေမလား ထင်ရသည်။ ပုလဲတစ်ကိုယ်လုံး ယိမ်းထိုးနေသည်။ ကြီးမားသော လှိုင်းဂယက်များသည် တဝေါဝေါ အော်မြည် လျက် ကူးတို့သမ္ဗန်အား ဆွဲကိုင်လှုပ်ရမ်းသည်။ အပြေးအလွှား ဝင်ဆောင့်သည်။ ပုလဲ ရပ်တည် လို့မရနိုင်။ ထိုအခိုက်လှိုင်းလုံး သုံးလေးလုံးသည် ကူးတို့ သမ္ဗန်ထဲသို့ ဝုန်းကနဲ ဝေါကနဲ ဝင်ရောက် လာသည်။

မောင်ညိုရှိရာသို့ ပုလဲကြည့်လိုက်သည်။ လျှပ်ရောင်တချက် ဝင်းကနဲအလက်တွင် မောင်ညို့ကိုယ် တစ်ဝက်လောက် ရေများဝင်နေကြောင်း ပုလဲသတိပြုမိသည်။ မောင်ညိုလှုပ်ရှားသလား မလှုပ်ရှားဘူးလား။ သူ့အမှတ် မထားနိုင်။ နောက်တစ်ချီ ဝုန်းကနဲ လှိုင်းအရိုက်တွင် မြစ်ထဲသို့ ပုလဲ လွင့်စဉ်ကျခဲ့သည်။

လှိုင်းလုံးများ အကြားတွင် ပုလဲကိုယ်ကို ဖော့ထားသည်။ ပြေကျလာသော ဆံပင်ကို တင်းတင်း ရင်းရင်း ပတ်သည်။ ထမီကို တင်းတင်းကျပ်ကျပ် ဝတ်သည်။ မိုးရေမိုးပေါက်များ အကြားမှနေလျက် ကူးတို့ သမ္ဗန်ကို ရှာဖွေကြည့်သည်။ သမ္ဗန်မှာ လှိုင်းခေါင်းဖြူများကြားတွင် မဲမဲရိပ်ရိပ်မျှ မြင်လိုက်ရသည်။ သူမနှင့် အဝေးကြီး ဝေးကွာသွားလေပြီ။

ထိုအခိုက် နောက်ထပ် လှိုင်းလုံးကြီးများကလည်း သူမအား တစ်လုံးပြီးတစ်လုံး ဆင့်ကဲဆင့်ကဲ ရိုက်ခတ် ဖုံးလွှမ်းပြန်သည်။ ဘယ်ဟာမိုးရေ ဘယ်ဟာမြစ်ရေမှန်း ခွဲခြားမသိနိုင်။ သူ့နှာခေါင်းထဲ ပါးစပ်ထဲသို့ ရေများအရှိန်ပြင်းစွာ ဝင်ရောက် လာသည်။ အလစ်ခံလိုက်ရသောကြောင့်လည်း ဦးနှောက်ငယ်ထိပ် ထိအောင် မွှန်ထူသွားသည်။ သူ့ကိုယ်သူ သေရတော့မလားဟု တွေးလိုက် မိသည်။ ထိုအတွေး၏ နောက်ကွယ်မှ ကြောင့်ကြမှုတစ်ခုက တစ်ဆက်တည်း လိုက်ပါလာသည်။

အမေ၊ အမေ။ ငါသေသွားရင် အမေတော့ ဒုက္ခ။

အမေ့ကို ပုလဲသတိရလိုက်သည်။ အမေ့အတွက် ပူပန်သည်။ ခုလို မိုးတွေ လေတွေ ကျနေတုန်း အမေ ဘယ်လိုများ နေရှာမလဲ။ အမေ့သံယောဇဉ်သည် ပုလဲရင်၌ ပြုလုစ်လာသည်။ ငါသေသွားရင် အမေ အိုကြီး အိုမကို ဘယ်သူလုပ်ကျွေးမှာလဲ။ မသေဘူး။ မသေဘူး။ ငါဘယ်နည်းနဲ့မှ မသေနိုင်ဘူး။

လှိုင်းလုံးကြီးများသည် ပုလဲအား အဆက်မပြတ် ရိုက်ပုတ်သည်။ မိုးရေမိုးပေါက်များကလည်း ခေါင်း ထက်သို့ အဆက်မပြတ် ကျရောက်သည်။ လျှပ်ရောင် လျှော့ပါးသွားသည့်တိုင် လေပြင်းသည် တဝီးဝီး အော်မြည်ကြုံးဝါး လျှက် မပြတ်တမ်း တိုက်ခတ်သည်။

ပုလဲက မြစ်ရေပေါ်တွင် တတ်နိုင်သလောက် ကိုယ်ကိုဖော့ထားသည်။ ခေါင်းပေါ်မှ လှိုင်းလုံးများ ဖြတ်ကျော်သည့်အခါ အသက်ကို ချုပ်တီးထားသည်။ လျှပ်တစ်ချက် အပြက်တွင် ကူးတို့သမ္ဗန်ကို မျှော်ကြည့် သည်။ ဘာဆိုဘာမျှ မတွေ့ရ။ ရေဘောင်ဘင် လှိုင်းဘောင်ဘင်။

နောက်တစ်ကြိမ် လျှပ်အပြက်တွင် အနောက်ဖက်ကမ်းခြေကို ကြည့်လိုက်သည်။ မဲမဲရိပ်ရိပ် မြင်ရသည်။ အဝေးကြီးမဟုတ်သလို အနီးကလေးလည်းမဟုတ်။ ဒါပေမယ့် ကမ်းရောက်အောင် သူကြိုးစားရမည်။ အစွမ်းရှိသမျှ သူအားထုတ် ရမည်။ ကမ်းခြေတွင် အမေက ရပ်စောင့်နေသည်ဟု ပုလဲ ထင်သည်။ မိုးရေ မိုးပေါက် အောက်တွင် ငုတ်တုတ်မဲထဲ အမေထိုင်နေသည်ဟု ပုလဲမြင်သည်။ အမေက သူ့ကိုအားပေးသည်။ အမေက သူ့အား ဆီးကြိုပွေ့ဖက်လိမ့်မည်။

အမေ့ဇောနှင့် ပုလဲအားထုတ်သည်။ တတ်နိုင်သမျှ ကူးခတ်သည်။ ရေစီးကိုစုန်လျက် အလျားလိုက် ကူးခတ်သည်။ အတန်ငယ်မောလာလျှင် သူ့ကိုယ်သူ ဖော့ထားသည်။ ခြေကုန်လက်ပန်း မကျအောင် သတိ ထားသည်။ လှိုင်းထဲတွင် လိမ့်ပါမသွားအောင် အထူးသတိထားသည်။ မောလျှင်နားလိုက်၊ အမောပြေလျှင် ကူးလိုက်ဖြစ်သည်။

သို့နှင့် အတန်ငယ်ကြာသော် ကမ်းခြေကို ခြေဖျားထောက်မိသည်။ သူမအတော်ကြီး မောနေသည်။ အသက်ရှူ မှားမတတ်ဖြစ်သည်။ အားတင်းလျက် နောက်ထပ် နှစ်ချက်သုံးချက်ကူးမှ ကမ်းခြေသို့

ရောက်သည်။ ရုတ်တရက်တော့ မထနိုင်။ ကမ်းစပ်တွင် အလျားမှောက် နေရသည်။ အသက်ကို အမောတကော ရှူရှိုက်သည်။ ခေါင်းထောင်ကြည့်သည်။ မျက်နှာထက်သို့ လျှောကျလာသော ဆံပင်များကို သပ်တင်လိုက်သည်။

လျှပ်တစ်ချက်အပြက်တွင် အိမ်တန်းစုများရှိရာသို့ လှမ်းကြည့်လိုက်သည်။ အိမ်ငယ်များသည် ပြိုတော့မည့်အလား လှုပ်ရှားယိမ်းထိုးနေသည်။ မီးရောင် မီးရိပ်ကို လုံးလုံးမတွေ့ရ။ လူရိပ်လူခြေ မမြင်ရ။ လူသံ သူသံ မကြားရ။ လူတွေမှ ရှိကြပါသေးစ။

မိုးသက်နှင့်လေပြင်းသည် အော်မြည်ရိုက်ခတ် နေဆဲပင်ဖြစ်သည်။ သစ်ပင်ဝါးပင်တို့သည် မြေမှ ကျွတ်ထွက်တော့မည့်အလား ယိမ်းထိုးလှုပ်ရမ်း နေသည်။ လေပြင်းဒဏ်ကြောင့် သစ်ကိုင်းသစ်ခက်များသည် အပိုင်းပိုင်း အပြတ်ပြတ် ကျိုးပဲ့ကျ ကြလေသည်။

(၇)

"ကဲ ကိစ္စကကြည့်နေလို့ ပြီးမှာမှုတ်ဖူး။ ခုဟာက ရာဇဝတ်မှုကြီး။ ညောင်တုန်းဂတ်ကို အမြန်ဆုံး အကြောင်းကြားမှဖြစ်မယ်။ ကိုဗလ ခင်ဗျားက ရွာသားလေးငါးယောက်နဲ့ ဒီအလောင်းကို စောင့်ရစ်။ သမ္မန်ပေါ် ဘယ်သူမှ မတက်စေနဲ့၊ အနီးအနားကို ဘယ်သူမှ မကပ်စေနဲ့၊ ဟုတ်လား။ ကျုပ်က ညောင်တုန်းဂတ်ကို သွားမယ်။ နောက် တစ်ခုက ဆရာတော့်သတင်းကို ပုလဲများသိမလား မဆိုနိုင်ဘူး။ ပုလဲအိမ်ကို ကျုပ်ဝင်ပြီး မေးအုံးမှ"

သူကြီးဦးမောင်ကြီးက သူ့အနီးတွင် ရှိနေသော ဆယ်အိမ်ခေါင်း ဦးဗလအားပြောသည်။ သို့ရာတွင် သူ့အသံသည် ဆယ်အိမ်ခေါင်း ဦးဗလကို သာမက ချောင်းကမ်းထိပ်ပေါ်ရှိ လူအများကြားလောက်အောင် ကျယ်ကျယ် လောင်လောင် ဖြစ်သည်။

ထိုအခိုက် မြောက်ဖက် ချောင်းကမ်းထိပ်ပေါ်မှ ကျောင်းထိုင်ဆရာတော်ကြွလာပြီ၊ ကျောင်းထိုင် ဆရာတော်ကြွလာပြီ ဟူသော လူသုံးလေးယောက်တို့၏ အော်ဟစ်သံကို ကြားလိုက်ရသည်။

လူအုပ်သည် ရွာဆီမှလာသောလမ်းကို မျှော်ကြည့်ကြသည်။ အားလုံးပင် မိုးတိုးမတ်တပ် ရပ်နေရာ မှ မြေပြင်တွင် တစ်ညီတစ်ညွတ် ထိုင်ချလိုက်ကြသည်။ နဖူးပေါ်တွင် လက်အုပ်ချီသူချီသည်။ ဦးခေါင်းထက်တွင် လက်အုပ်မိုးသူမိုးသည်။ မြေပြင်တွင် ပျပ်ဝပ်ဦးနှိမ်သူ နှိမ်သည်။ တစ်ယောက်တစ်ပေါက် ပြောနေသော စကားသံများသည် မီးတောက်ကို ရေနှင့်ငြိမ်းသည့်အလား ရုတ်ချည်း ငြိမ်ဆိတ်သွားသည်။

တောင်ဘက်ချောင်းကမ်းထိပ်မှ ကျီးကန်းသိုက် ရွာသူရွာသားများသည် စက္ကော့ရွာသားများနည်းတူ မြေပြင်မှာပင် ဦးနှိမ်ချကြသည်။

ဦးမောင်ကြီး၊ ဦးဗလနှင့် ကူးတို့သူကြီး ဦးလာဘတို့သည် သမ္မန်ထက်မှ မြောက်ဖက် ချောင်းကမ်း ထိပ်သို့ တတ်ရောက်လာကြသည်။ သူတို့သုံးဦး၏ နောက်ပါးမှ ကူးတို့သမားမောင်ညို၏ အဖေနှင့်အမေသည် မျက်ရည် စမ်းစမ်းသုတ်ရင်း ခပ်ကုပ်ကုပ်လိုက်လာသည်။

ဦးပဋ္ဌင်းသည် ချောင်းကမ်းထိပ်တွင်ရပ်သည်။ ထိပ်မှနေကာ သမ္ဗန်ထဲရှိ အလောင်းကောင်ကြီးအား အချိန်အတန်ကြာ စူးစိုက်ကြည့်သည်။ နံနက်ခင်း၏ တောက်ပသော နေခြည်အောက်ဝယ် ဦးပဋ္ဌင်း၏ သင်္ကန်းရောင်သည် ရွှမ်းအိသောရွှေရည်ကဲ့သို့ တင့်တယ်သည်။ လေတဖြူးဖြူး တိုးသောကြောင့် ကေသီ အောက်နားသည် ချောင်းစပ်ရှိ လှိုင်းလုံးကလေးများအလား တလွန့်လွန့် လှုပ်ရှားသည်။ ထိုအချိန်သည် နစ်ဖက်သော ချောင်းကမ်းထိပ်ရှိ လူများအားလုံး အပ်ကျသံကြားရမလောက် ပါးစပ်ပိတ်ထားကြသည်။

ဦးပဋ္ဌင်းသည် မောင်ညို့အလောင်းမှ မျက်နှာလွှဲသည်။ နစ်ဖက်သော ချောင်းကမ်းထိပ်ရှိ ရွာသူ ရွာသားများအား မျက်လုံးဝေ့ကြည့်သည်။ လူအုပ်သည် ထိုအချိန်အထိ တုတ်တုတ်မလှုပ်ကြ၊ အားလုံး လက်အုပ်ချီလျက် ငေးစိုက်နေကြသည်။

မကြာမီ သမ္ဗန်ထက်မှ တတ်ရောက်လာသော ဦးမောင်ကြီးနှင့် နောက်ပါ လေးယောက်သည် ဦးပဋ္ဌင်းအနီး ရောက်လာကြသည်။ ငါးယောက်စလုံး လက်အုပ်ချီလျက် ရဟန်းတော်အပါးသို့ ချဉ်းကပ်ကြ သည်။

ယင်းအခိုက် မောင်ညို့အမေသည် ဦးမောင်ကြီးနောက်ပါးမှ ပြေးထွက်လာသည်။

"တပည့်တော်မသား အဖြစ်ကို ကြည့်ပါအုံးဘုရား။ တပည့်တော်မရဲ့ သားကို မကယ်နိုင်တော့ဘူးလား အရှင်"

အဖွားအိုသည် ပင်ပန်းကြီးစွာဖြင့် သည်းထန်စွာ ငိုရှိုက်သည်။ ရဟန်းတော်၏ ခြေဖမိုးနစ်ဖက်ပေါ်တွင် မျက်နှာကို အပ်သည်။ ဆို့နစ်သွားမလောက် ရှိုက် ရှိုက် ငင် ငင် ရှိလေသည်။

ဘေးဘီမှ လူအများသည် အမယ်အို့အဖြစ်ကို ကြည့်ကာ စုတ်တသပ်သပ် ရှိကြသည်။ တစ်ချို့က ပင့်သက်ချကြသည်။ တစ်ချို့က ညည်းတွားရေရွတ်သည်။ သူတို့အားလုံး စိတ်မကောင်းကြ။

"သံသရာခရီးမှာ ဖြစ်ခြင်း ပျက်ခြင်း သဘောတွေဟာ ဒီအတိုင်းရှိနေမှာဘဲ ဒါယိကာမကြီး။ ဒီဆင်းရဲတွေ အားလုံးက လွတ်မြောက်နိုင်တာ နိဗ္ဗာန်တရား တစ်ခုထဲဘဲရှိတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစား အားထုတ်ရမယ်။ သောကနဲ့ ပရိဒေဝမီးတောက်ကို တတ်နိုင်သလောက် ငြိမ်းသတ်ရမယ်။ သတ္တဝါ မှန်သမျှ မလွန်ဆန်နိုင်တဲ့ သေခြင်းသဘောကို တတ်နိုင်သမျှ ဆင်ခြင်ရမယ်"

ဦးပဋ္ဌင်းသည် စိတ်နှလုံးမသာမယာ ဖြစ်ဟန်ရှိသည်။ ရှည်လျားသော ပင့်သက်ကိုချသည်။ မောင်ညို့ အဖေနှင့်အမေအား ဂရုဏာပြည့်လျှမ်းသော မျက်လုံးဖြင့်ကြည့်သည်။ အထိုက်အလျောက် သတိ သံဝေ ယူဖွယ်ဖြစ်သော တရားဓမ္မစကားကို မိန့်ကြားသည်။

"ဘယ်လိုဖြစ်ရတာလဲ ဒကာကြီး"

သူကြီးဘက်သို့ လှည့်၍ ဦးပဋ္ဌင်းကမေးသည်။

ခပ်လှမ်းလှမ်းမှ လူအုပ်သည်ထိုင်ရာမှ ထကြသည်။ သူတို့သည် ရှေ့နားသို့တရွေ့ရွေ့ တိုးကပ် လာကြသည်။ တောင်ဘက် ချောင်းကမ်းထိပ်မှ လူအုပ်သည် ဝါးတံတားကို ကျော်ဖြတ်သည်။ တစ်ဖက် ကမ်းရှိ လူအုပ်အတွင်းသို့ တိုးဝင်ကြလေသည်။

"ဖြစ်ပုံကဒီလိုပါ ဘုရား"

ဦးမောင်ကြီးသည် ယင်းစကားမှ အစချီသည်။ နံနက်ခင်းမှ အကြောင်းရပ်များကို ပြန်လည်ကာ လျှောက်ထားသည်။ ကူးတို့သမားမောင်ညို၏ မိခင်သည် ရှိုက်ကြီးငင်ကြီး ငိုယိုနေဆဲရှိသည်။

"ဦးဇင်းဟာ ဆရာတော်ဘုရား အမိန့်ကြောင့် မနေ့ညနေက ရွာပြန်မကြွဖြစ်တာဘဲ ဒကာကြီး"

ရှင်ဓမ္မဝိလာသက အမိန့်ရှိသည်။ ဦးပဋ္ဌင်းသည် တစ်စုံတစ်ရာကို အတွေးရှိဟန်ဖြင့် အတန်ငယ် မျက်မှောင် ကြုံ့ထားသည်။

"မှန်လှပ။ ပုလဲတော့ ပြန်ရောက်နေပြီတဲ့ဘုရား။ ဘယ်အချိန် ဘယ်ကာလက ပြန်ရောက်တယ်၊ ဘယ်နည်း ဘယ်ပုံ ရောက်တယ်လို့တော့ တပည့်တော် မမေးရ မမြန်းရသေးပါဘူး"

ဆယ်အိမ်ခေါင်း ဦးဗလက လျှောက်တင်သည်။

"သမွန်ပေါ်ဆင်းကြည့်ရအောင်လား ဒကာကြီး"

"မှန်လှပ။ ကြည့်နိုင်ပါတယ်ဘုရား"

သည်တစ်ကြိမ်တော့ သူကြီးဦးမောင်ကြီးနှင့် ဦးလာဘတို့နှစ်ဦးတည်းသာ ဦးပဥ္စင်းနှင့်အတူ ကူးတို့သမွန်ပေါ်သို့ ဆင်းသက်လိုက်ပါသွားကြသည်။ ချောင်းကမ်းထိပ်တွင် ရပ်ကျန်သော ဦးဗလသည် သူနှင့်အဖော်ပြုရင်း ရွာသားထဲမှ တံငါသည်လေးငါးယောက်အား စိတ်ကြိုက်ရွေးထုတ်နေသည်။

ကူးတို့သမွန်ပေါ်သို့ ရောက်ရှိသွားသော ရှင်ဓမ္မဝိလာသသည် မောင်ညို့ကိုယ်ပေါ် တွင် ကြိုးတုပ်ချည်နှောင် ထားသည်ကို အတန်ကြာမျှ စူးစိုက်အကဲခတ်သည်။

စင်စစ် မောင်ညိုသည် လူပျော့တစ်ယောက်မဟုတ်။ အတော်ပင် အားခွန်ဗလကောင်းသည်။ ကြိုးတုပ်ချည်နှောင်ထားသော အခြေအနေမှာကား မည်သို့မျှ ပုလဲမဖြစ်နိုင်။ ပုလဲလက်ချက်ဟု ဆိုလျှင်လည်း ဘယ်လိုမှ ယုတ္တိမတန်။ မောင်ညိုလို သန်မာထွားကျိုင်းသည့် ယောကျ်ားတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ တစ်ဦးထက်ပို၍က သော်လည်းကောင်း တုတ်စည်းချည်နှောင် ခြင်းသာ ဖြစ်ရမည်ဟု ဦးပဥ္စင်းယူဆသည်။

"အရှင်ဘုရား၊ ဘယ်လိုသဘောရသလဲဘုရား။ တပည့်တော်တို့ အနေနဲ့တော့ အတော်ကလေး အတွေးရကြပ်ပါတယ်"

သူကြီးက တင်လျှောက်သည်။

ရှင်ဓမ္မဝိလာသသည် တစ်စုံတစ်ရာ ထင်မြင်ချက်မပေး။ ငြိမ်ဆိတ်နေသည်။

"ငွေရယ်ကြေးရယ်ပါတယ်ထင်ပြီး လူဆိုးသူဆိုးတွေက လုပ်လေသလား။ တစ်စုံတစ်ရာ ရန်ငြိုးရှိတဲ့သူကဘဲ လုပ်လေသလား။ ပုလဲနဲ့ပတ်သက်လိုတော့ သံသယဝင်ဘို့ မဖြစ်နိုင်ဘူးဘုရား။ ကြိုးတုတ်တာကိုက အင်မတန် သေချာတယ်"

ကူးတို့သူကြီး ဦးလာဘက တင်လျှောက်သည်။

ရဟန်းတော်သည် ထိုအချိန်ထိ ထင်မြင်ချက် တစ်စုံတစ်ရာမပေး။ နှုတ်ဆိတ်မြဲရှိနေသည်။

ယခုချိန်၌မူ ချောင်းကမ်းထိပ်မှ လူအုပ်သည် တစ်စတစ်စ ပြန်ကုန်ကြလေပြီ။ ချောင်းထိပ်တွင် လူအတော်နည်းပါးသွားသည်။ ကျီးကန်းသိုက်ရွာသားများထဲမှ တစ်ယောက်စ နှစ်ယောက်စသာ ကျန်တော့သည်။ စက္ကော့ရွာသားအချို့သည် ချောင်းနှင့်အတန်ငယ်လှမ်းသော သစ်ပင်ရိပ်များအောက်၌ ထိုင်ကာ အခြေအနေ ကို စောင့်ဆိုင်းကြည့်ရှုနေကြသည်။

ဦးဗလသည် နောက်ပါရွာသား ခြောက်ယောက်နှင့်အတူ ချောင်းကမ်းထိပ် တစ်နေရာတွင် ရပ်လျက် ဦးမောင်ကြီး ဘာပြောမလဲ စောင့်နေသည်။

သို့နှင့် အချိန်အတန်ငယ် ရှိသည့်အခါ ရှင်ဓမ္မဝိလာသနှင့် ရွာသူကြီးရော ကူးတို့သူကြီးပါ ချောင်းကမ်းထိပ်သို့ ပြန်လည်တတ်ရောက်လာကြသည်။

ထိုအချိန်အတွင်း၌ပင် ညောင်တုန်းမြို့ဘက်မှ ခုတ်မောင်းလာသော မော်တော် တစ်စင်းသည် စက္ကော့ရွာဆိပ်ကမ်း၌ ဝင်ရောက်ဆိုက်ကပ်သည်။ မော်တော်မှာ အစိုးရမော်တော်ဖြစ်သည်။ ဆေးအဖြူရောင်ဖြစ်သည်။ မော်တော်ဦးပိုင်း အမိုးပေါ်တွင် အင်္ဂလိပ်အစိုးရ၏ ယူနီဂျက်အလံကို ထိုးစိုက်ထားသည်။

ကမ်းခြေသို့ မော်တော်ဦးထိုးမိလျှင် ပုလိပ်အမှုထမ်း နှစ်ယောက်သည် တစ်ယောက်ပြီး တစ်ယောက်ကမ်းပေါ်သို့ ခုန်ဆင်းလိုက်သည်။ သူတို့ နှစ်ယောက် ကုန်းပေါ်ရောက်လျှင် မော်တော်ပေါ်ရှိ ပုလိပ်တစ်ယောက်က ရိုင်ဖယ်သေနတ်နှစ်လက်ကို တစ်လက်ပြီးတစ်လက် လှမ်းပစ်ပေးလိုက်သည်။

"သူကြီးနဲ့ ဆယ်အိမ်ခေါင်းကို ခပ်မြန်မြန်ခေါ်ခဲ့ဟေ့။ ဒီပြင်လူပိုတွေ ပါမလာစေနဲ့။ နားလည်လား"

မော်တော်ပေါ်မှ ဌာနာပိုင်က လှမ်းပြောသည်။ ညောင်တုန်းပုလိပ်ဌာနမှ ဖြစ်သည်။ ယူနီဖောင်း အပြည့်အစုံ ဝတ်ဆင်ထားသည်။ သူ့အမည်က ဦးဘကြိုင်။ အတော်အတန်ဝသည်။ မျက်နှာမှာ သဘောကောင်းပါသည်၊ ဆိုးပါသည်ဟု ပြော၍မလွယ်သော အပေါက်အဆက်မျိုး။

" ဟုတ်ကဲ့ဆရာ"

ပုလိပ်အမှုထမ်းနှစ်ယောက်က တညီတည်း တပြိုင်တည်းပြောသည်။ မြင့်မားသော ကမ်းပါးထိပ်ပေါ်သို့ ဖိနပ်သံ တဘုန်းဘုန်းမြည်အောင် ရှေ့ဆင့်နောက်ဆင့်ပြေးတတ်သည်။

ငါးလိုက်ချောင်းရှိရာမှ ရွာတွင်းသို့ပြန်လာသော ဦးမောင်ကြီးသည် ပုလဲနှင့် ပထမတွေ့သည်။ မောင်ညိုနှင့် ပတ်သက်၍ ပုလဲအား မေးမြန်းသည်။ မည်သို့မျှ အကြောင်းမထူး။ မသိကြောင်းပြောသည်။ လှေကြုံစီးလာကြောင်း ပြောသည်။ အပြောင်းအလဲမရှိသော စကားဖြစ်သည်။ အထစ်အငေါ့မရှိသော လေသံဖြစ်သည်။

ထိုအခါ ဦးမောင်ကြီးသည် နေအိမ်ရှိရာသို့ ဆက်လက်၍ လာခဲ့သည်။ အိမ်ခြံဝင်းပေါက်အရောက်၊ ပုလိပ်အမှုထမ်းနှစ်ယောက်နှင့် ဆုံမိကြသည်။

" ဟော "

တွေ့တွေ့ချင်း ဦးမောင်ကြီးက လွှတ်ကနဲဆိုသည်။

"ဌာနာပိုင်နဲ့ ရာဇဝတ်အုပ်ပါလာတယ်။ သူကြီးနဲ့ ဆယ်အိမ်ခေါင်းကို အခေါ်ခိုင်းလိုက်တယ်။ အပိုလူတွေ မပါစေနဲ့တဲ့။ ခုမော်တော်ပေါ်မှာ စောင့်နေ ကြတယ်"

အမှုထမ်းတစ်ယောက်က ပြောသည်။

"အတော်ဘဲ မောင်ရင်ရေ့။ အတော်ဘဲ အတော်ဘဲ။ ဂတ်ကိုခုဘဲ လာမလို့ကွယ့်။ ကိစ္စက ပေါ်ပြန်ပြီလေ။ သေးသေးကွေးကွေးတော့ မဟုတ်ဖူး မောင်တို့ရေ။ ရာဇဝတ်မှု လူသတ်မှုကြီး"

" လူသတ်မှု ဟုတ်လား "

ပုလိပ်နှစ်ယောက်က ပြိုင်တူမေးသည်။

" ဟုတ်တာပေါ့ မောင်တို့ရာ။ လူသတ်မှုမှ ရောမလူသတ်မှုကြီး"

"ရွာရောက်လာတဲ့ မျက်နှာစိမ်းတစ်ယောက်ကို မသင်္ကာတာနဲ့ မေးရင်းမြန်းရင်း လက်လွန်ခြေလွန် လုပ်လိုက် ကြပြီထင်တယ်။ ဟုတ်လား၊ ဒီလိုဆိုအတော်ဘဲ၊ သူကြီးတော့ ဆုရဦးမယ်"

အမှုထမ်းတစ်ယောက်က ပြောသည်။

ထိုအမှုထမ်းမျက်နှာကို ဦးမောင်ကြီး မော့်ကြည့်သည်။ တစ်စုံတစ်ရာ နားမလည်။ ကြောင်အမ်းအမ်း ဖြစ်နေသည်။

" ပြောပါဦး ဘယ်လိုလဲ "

အမှုထမ်းက ထပ်မေးသည်။

"အသတ်ခံရတာ ကျုပ်တို့ရွာသား မောင်ရဲ့။ ကျုပ်တို့ရွာသား။ ကူးတို့ခတ်တဲ့ မောင်ညို "

"ဟာ။ ဒီမှာတင်မေးနေလို့ ဘယ်ဖြစ်မလဲ၊ ဟိုရောက်မှ တစ်လက်စထဲ ပြောဗျာသူကြီး။ ကျွန်တော်တို့ ကိစ္စက လူသတ်မှုထက် အရေးကြီးတဲ့ သူပုန်ဗျ။ လာဗျာ။ လာ လာ။ ဆယ်အိမ်ခေါင်းကော၊ ဆယ်အိမ်ခေါင်း "

ကျန်သောပုလိပ်အမှုထမ်းက ပြောပြောဆိုဆိုနှင့် ဦးမောင်ကြီး၏ လက်တစ်ဖက် ကို အတင်းဆွဲသည်။

" သူပုန်၊ ဟုတ်လား "

ဦးမောင်ကြီး မျက်လုံးပြူးသွားသည်။ သူပုန် သူပုန်ဟု သူ့ရင်ထဲတွင် ပဲ့တင်ရိုက်ခက်သည်။

"ဩော်၊ တယ်ခက်ပါကလားဗျ။ ဟိုရောက်တော့ သူကြီးသိလိမ့်မယ်။ ဦးဗလဘယ်မှာလဲ ဦးဗလ။ သူ့ကိုပါ တစ်ပါတည်း ခေါ်ခဲ့ရမယ်တဲ့"

ပုလိပ်အမှုထမ်းက ဦးမောင်ကြီးအား အတင်းဆွဲပြန်သည်။ ဆယ်အိမ်ခေါင်း ဦးဗလကိုလည်း အတွင် မေးသည်။

"နေပါဦး မောင်ရယ်။ ကျုပ်အဝတ်ကလေး လဲလိုက်ပါရစေဦးလား။ ကိုဗလကို ကျုပ်ခေါ်ပေးမယ် "

"ဟာ။ အဝတ်လဲဖို့ မလိုပါဘူးဗျ။ ဘိုင်စကုတ် သွားတာမှမဟုတ်တာ။ နောက်မှခင်ဗျား အဝတ်လဲဗျာ။ ဌာနာပိုင်နဲ့ တွေ့မှ ခင်ဗျားလူသတ်မှုလဲပြော"

" ဟုတ်တယ်သူကြီး၊ မြန်မြန်ခေါ်ခဲ့ဖို့ မှာလိုက်တယ်ဗျ"

ကျန်သော ပုလိပ်အမှုထမ်းကပါ ပြောလေသည်။

" ကဲ ကဲ ဒီလိုဆိုရင် "

ဦးမောင်ကြီးသည် နေအိမ်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ သူ့လူတစ်ယောက် အား လှမ်းခေါ်လိုက်သည်။ ပြီးနောက် ထိုသူအား ဦးဗလရှိရာ ငါးလိုက်ချောင်းသို့ စေလွှတ်သည်။ ထို့နောက်မှ ပုလိပ်အမှုထမ်း နှစ်ယောက် နှင့်အတူ မော်တော်ဆိပ်သို့ လိုက်ပါသွားလေသည်။

မော်တော်ပေါ်သို့ရောက်လျှင် ဌာနာပိုင် ဦးဘကြိုင်နှင့် ရာဇဝတ်အုပ် ကိုကံရတို့အား ဦးမောင်ကြီး တွေ့ရသည်။ သူတစ်ခါမျှ မတွေ့ဘူးမမြင်ဘူးသော ပုလိပ်အမှုထမ်းအချို့နှင့် မျက်နှာစိမ်းနှစ်ယောက်လည်း ပါရှိသည်။ တစ်ယောက်မှာ ချောင်းကြီးရွာသူကြီး ဦးညွန့်မောင်ဟုထင်သည်။ ရုံးပြင်ကန္နား များတွင် သုံးလေး ကြိမ် တွေ့ဖူးသည်။

စင်စစ်သည်မော်တော်ကိုပင် ယခုတစ်ကြိမ်သာ ဦးမောင်ကြီး မြင်ဖူးသည်။ ဦးမောင်ကြီးသည် ဌာနာပိုင် ဦးဘကြိုင်နှင့် ရင်းနှီးသူဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက် ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ဆက်ဆံကြသည်။ ဦးမောင်ကြီးအိမ်မှာ ဦးဘကြိုင် စားအိမ်သောက်အိမ်ဖြစ်သည်။

ထို့ကြောင့်ပင် ဦးဘကြိုင်နှင့် တွေ့တွေ့ချင်း ကူးတို့သမားမောင်ညို သေဆုံးရသည့် ကိစ္စကို ဦးမောင်ကြီးက တိုင်ကြားသည်။ စကားတစ်ဝက်လောက် အရောက်တွင်

"နေဦးဗျ သူကြီး၊ နေဦး၊ နေဦး၊ ခင်ဗျားရွာက လူသတ်မှုကိစ္စကို နောက်ပြီးတော့မှပြော။ ကျုပ်တို့ကိစ္စက လူသတ်မှုကိစ္စထက် အများကြီး အရေးကြီးတယ်။ ကျုပ်တို့သိချင်တာ မေးပါရ မြန်းပါရစေဦး၊ နောက်ပြီးမှ ခင်ဗျား ကိစ္စကို ငါးလိုက်ချောင်းလိုက်ကြည့်သင့် ကြည့်မယ်ဗျာ"

ဌာနာပိုင်က လက်ဝါးကာပြရင်းပြောသည်။

ဦးမောင်ကြီး ရှေ့ဆက်မပြောနိုင်။ နှုတ် အ သွားသည်။ ဌာနာပိုင်သည် ထိုအခါမှ သူတို့၏ လာရင်းကိစ္စကို စစ်မေးလေသည်။

" သူကြီးတို့ရွာကို မနေ့က ဧည့်သည်လူစိမ်း ရောက်သလား"

" ဗျာ။ ဧည့်သည် လူစိမ်း၊ ဟုတ်လား"

"အေးပေါ့ဗျ၊ လူစိမ်း သူစိမ်း ယောကျာ်းတစ်ဦးတစ်လေပေါ့"

"ဟင့်အင်း မရောက်ဘူးခင်ဗျ၊ ယောကျာ်းလဲမလာဘူး၊ မိန်းမလဲမလာဘူးခင်ဗျ"

" ဒီမနက်ကော"

" မရောက်ပါဘူး ဌာနာပိုင်ကြီး"

"သေချာပါတယ်နော်"

ရာဇဝတ်အုပ်ကိုကံရက ဝင်ထောက်သည်။

"ခုတလော ကျွန်တော့်ရွာကို ဘယ်ဧည့်သည်မှ မလာဘူးခင်ဗျ"

ဌာနာပိုင်သည် ဦးမောင်ကြီးအား ခေတ္တစကားဖြတ်သည်။ သူ့ဘေးတစ်ဘက်ရှိ ရာဇဝတ်အုပ် ကိုကံရဘက် လှည့်လိုက်သည်။

"ကဲ ကိုကံရ ဒီလိုလုပ်ဗျာ။ သူကြီးကိုထွန်းဆိုင်ကို မေးမြန်းကြည့်၊ အကြောင်းမထူးရင် ခပ်သုတ်သုတ် ပြန်ခဲ့ဗျာ။ တကယ်လို့အရေးရယ် အကြောင်းရယ်ရှိရင် ကျုပ်ဆီလှမ်းပြီး အချက်ပေးလိုက်ပေ့ါ။ စက္ကော့ရွာသား သုံးလေး ယောက်ကို အဖော်ခေါ်သွားဗျာ။ ဟုတ်လား"

ဌာနာပိုင်၏ စကားအဆုံးတွင် ရာဇဝတ်အုပ်သည် ပုလိပ်အမှုထမ်း သုံးယောက်အားခေါ်ငင်ကာ မော်တော်ပေါ်မှ ခပ်သွက်သွက် ဆင်းသွားသည်။ လက်နက်ကိုယ်စီနှင့်ဖြစ်သည်။ ထိုအချိန်၌ပင် ဦးဗလ ရောက်လာသည်။ ဌာနာပိုင်က ဦးဗလအား ထိုင်ရန်နေရာ ညွှန်ပြသည်။ ဦးဗလသည် ဦးမောင်ကြီးဘေးတွင် ဝင်ထိုင် သည်။

ဌာနာပိုင်သည် ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိသောက်သည်။ မီးခိုးငွေ့များကို လေထဲမှုတ်ထုတ်ရင်း သူသိလိုသော အကြောင်းအချက်များကို ဆက်လက်၍ မေးမြန်းသည်။

"ဒီလိုဆိုရင် မနေ့မနက်ခင်းလောက်ကနေပြီး ညမိုးချုပ်အထိပေ့ါဗျာ၊ အဲဒီအချိန် အတောအတွင်းမှာ မျက်နှာစိမ်း ယောကျ်ားတစ်ဦးတစ်လေဟာ ခင်ဗျားတို့ရွာက ဖြတ်သန်းသွားတာ မတွေ့မိဘူးလား။ အဲ အဲ နေဦးဗျ၊ နေဦး၊ အဲဒီလူပုံပန်းကို ကျုပ်ပြောပြဦးမယ်"

ဦးဘကြိုင်သည် ဘောင်းဘီအိတ်ထဲမှ စာအုပ်ငယ်တစ်အုပ်ကို ဆွဲထုတ် လိုက်သည်။ ပြီးနောက် စာအုပ်ကို ဖွင့်သည်။ စကားဆက်၍ ပြောသည်။ သူ့မျက်လုံးသည် စာအုပ်ငယ်ပေါ်ရောက်လိုက်၊ သူကြီးနှင့် ဆယ်အိမ်ခေါင်း မျက်နှာပေါ် ရောက်လိုက်နှင့် ရွေ့လျားနေသည်။

"နံမည် ကိုပညာ။ အသက် သုံးဆယ်ခန့်။ အသား လတ်လတ်။ ဒေါင်ကောင်းကောင်း။ နှုတ်ခမ်းမွှေးရေးရေး။ စကားပြောရင် အသံနဲနဲ ဩတယ်။ ပြတ်ပြတ်သားသားရှိတယ်"

ဦးဘကြိုင်သည် စကားကို ရပ်ထားလိုက်သည်။ ဘေးဘီဝန်းကျင်ကို မျက်လုံးလှည့် ကြည့်လိုက်သည်။ ပြီးမှ စကားကို ထပ်မံ၍ဆက်သည်။

"ဒီလူက ကျောင်းဆရာ။ ဒါပေမယ့် အစိုးရကျောင်းဆရာတော့ မဟုတ်ဖူး။ ရပ်ရွာက စုပေါင်း ထောက်ပံ့ ထားတဲ့ ကျောင်းဆရာ။ ဒီလူဟာ သိုင်းတို့ ဗန်တိုတို့ ကောင်းကောင်းတတ်တယ်။ ရှမ်းဘောင်းဘီ ဝတ်လေ့ ဝတ်ထ ရှိတယ်။ စာတွေဘာတွေလဲ အင်မတန်ဖတ်သတဲ့။ အဲဒီအတိုင်းဘဲ။ ကျုပ်တော့ ဒီလူ့ကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဌာနာပိုင်သည် စကားဆုံးလျှင် စာအုပ်ငယ်ကို ပိတ်လိုက်သည်။ မျက်လုံးပုတ်ခတ်ပုတ်ခတ် လုပ်လျက် ဦးမောင်ကြီးနှင့် ဦးဗလတို့အား ဘယ်လိုလဲ ဟူသော အဓိပ္ပါယ်နှင့်ကြည့်သည်။

သူကြီးနှင့် ဆယ်အိမ်ခေါင်းသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရုံမှလွဲ၍ တစ်စုံတစ်ရာ အဖြေ မထွက်လာ။

ပတ်ဝန်းကျင်သည် အတန်ကြာ ငြိမ်ဆိတ်နေသည်။ ပုလိပ်အမှုထမ်းများအနက်မှ နှစ်ဦးသည် မော်တော် ဦးပိုင်းတွင် တစ်ယောက်၊ ပဲ့ပိုင်းတွင်တစ်ယောက် ရိုင်ဖယ်ကိုယ်စီကိုင်လျက် ကမ်းခြေဟိုသည်သို့ မျှော်ကြည့် နေကြသည်။ ဝါးရုံတောနှင့် ကိုင်းတောများကို လေတိုးသဖြင့် တရှဲရှဲလှုပ်ရှားသည့်အခါ လူတစ်ယောက်တစ်လေ ထွက်ပေါ်လာမည့်အလား သူတို့မျက်လုံးဝိုင်းနေသည်။

"အဲဒီလူမျိုး တစ်ခါမှ မတွေ့ဖူးပါဘူး ခင်ဗျာ"

သူကြီးနှင့် ဆယ်အိမ်ခေါင်းက တစ်ညီတည်းဖြေသည်။

"အင်း ဟုတ်မှာဘဲဗျ။ ရာဇဝတ်မင်း အယူအဆနဲ့ မအူပင်ဌာနာပိုင် ဦးဘခင်ရဲ့အယူအဆဟာ မလွဲနိုင်ဘူးလို့ ထင်တယ်။ ဒီလူဟာ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်နဲ့ ဓနုဖြူတို့က သခင်ခေါင်းဆောင်တွေနဲ့ အဆက်အသွယ် ရှိတယ်ဆိုတော့ ဘယ်နည်းနဲ့မှ သူကြီးတို့ရွာကလေးမှာ ဝင်ခိုမှာ မဟုတ်ဘူး။ သခင်ခေါင်းဆောင်တွေ အများဆုံးရှိတဲ့ ညောင်တုန်းလို ဓနုဖြူလို မြို့ကြီးတွေမှာ ဝင်ခိုရမယ်။ ဒါပေမယ့် ကျုပ်တို့ညောင်တုန်းကိုတော့ ဒီလူရောက်မလာဘူး။ ဓနုဖြူမှာရှိဖို့ ကျိန်းသေတယ်ဗျာ"

ဌာနာပိုင်ကြီး ဦးဘကြိုင်က ပြောသည်။

ဦးမောင်ကြီးနှင့် ဦးဗလသည် ယင်းကိစ္စ ယင်းပြဿနာကို လိပ်ပတ်လည်အောင် မသိကြ။ ဒါပေမယ့် စိတ်ဝင် စားကြသည်။ နှစ်ဦးစလုံး တစ်စုံတစ်ရာ အမေးအမြန်းလည်း မပြုကြ။ ငြိမ်ဆိတ်နေကြသည်။

"ဟုတ်တယ်မို့လားဟေ့ မောင်ပိန်။ မနေ့က ညဦးပိုင်းမှာ မိုးသက်ကြီးမကျခင် ရာဇဝတ်ဝန်ကလေးနဲ့ မင်းတို့လူစုဟာ ဒီအနီးအနားတစ်ဝိုက်မှာ အချိန်အတော် ကြာကြာ ရှာကြသေးတယ်မဟုတ်လား"

ဦးဘကြိုင်က အမှုထမ်းတစ်ယောက်ရှိရာသို့ လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ်ဆရာ။ မနေ့ညက မိုးသက်လေပြင်းမကျခင် မော်တော်ကို ဖြေးဖြေးချင်းမောင်းပြီး လက်နှိပ်ဓါတ်မီးတွေနဲ့ ဟိုထိုးဒီထိုး ရှာကြသေးတယ် ခင်ဗျ။ ချောင်းကြီးရွာက ထွက်လာကတည်းက ကျွန်တော်တို့ ဘယ်မှ မနားဘူးခင်ဗျ။ ဟိုဘက်ကမ်းရော ဒီဘက်ကမ်းရော ပိုက်စိတ်တိုက်ပြီး ကြည့်လာ ကြတယ်။ နောက်ပြီး ချောင်းကြီးရွာထဲက ကျွန်တော်တို့ သတင်းရတာဟာ ဒီလူဟာ သခင်အဆက်အသွယ်တွေ ရှိနေတဲ့ ညောင်တုန်းနဲ့ ဓနုဖြူ တစ်မြို့မြို့ကို ပြေးလိမ့်မယ်လို့ ချောင်းကြီးသူကြီး ဦးညွှန့်မောင်က ပြောတယ် ဆရာ"

မောင်ပိန်အမည်ခံ ပုလိပ်အမှုထမ်းက မော်တော်ပေါ်တွင် အတူပါလာသော ချောင်းကြီးသူကြီး ဦးညွှန့်မောင်အား မေးထိုးပြရင်း ဌာနာပိုင်ဦးဘကြိုင်၏ အမေးကို ဖြေသည်။

စင်စစ်မောင်ပိန်မှာ ညောင်တုန်းမြို့ပုလိပ်ဌာနမှ အမှုထမ်း တစ်ယောက်မဟုတ်။ မအူပင်မြို့ ပုလိပ်ဌာနမှ အမှုထမ်းတစ်ယောက် ဖြစ်သည်။ သူသည် မနေ့ကပင် မအူပင်မြို့မှ ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေး၊ ဌာနာပိုင်ဦးဘခင် တို့နှင့်အတူ သူပုန်ကြီးကိုပညာအား လိုက်လံဖမ်းဆီးရာတွင် ပါလာသူ တစ်ယောက်ဖြစ်သည်။

"ဟုတ်ပါတယ် ဌာနာပိုင်ကြီး။ မောင်ပညာဟာ ဌာနာပိုင်ကြီးတို့ ညောင်တုန်းကို ဝင်မခိုဘူးဆိုရင် ဓနုဖြူမှာ ရှိမှာ သေချာတယ်ခင်ဗျ။ လူနေအင်မတန်ကျဲတဲ့ ရွာသိမ် ရွာငယ်ကလေးတွေမှာတော့ ခိုဖို့ကပ်ဖို့ မကွယ်ပါဘူး ခင်ဗျ"

ချောင်းကြီးသူကြီး ဦးညွှန့်မောင်က ပြောသည်။ ထိုသူမှာလည်း ယမန်နေ့ကပင် မအူပင် ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေး တို့နှင့်အတူ ပါလာသူဖြစ်သည်။ သူတို့သည် မနေ့က တစ်နေ့ခင်းလုံး၊ ညဦးတစ်ချိန်လုံး တရားခံပြေး ကျောင်းဆရာ ကိုပညာအား အပူတပြင်း လိုက်လံ၍ရှာဖွေကြသည်။

ချောင်းကြီးရွာမှ ညောင်တုန်းမြို့အထိ ဝဲယာကမ်းခြေ တစ်ဖက်တစ်ချက်ကို လည်းကောင်း၊ ချောင်းကြိုချောင်းကြား ရှိရှိသမျှကိုလည်းကောင်း၊ မော်တော်ကို ခုတ်မောင်းစေသည်။ ကိုပညာအား ဂရုံးရှာ သန်းရှာ ရှာဖွေ ခဲ့ကြလေသည်။ သို့ရာတွင် သူပုန်ကြီးကိုပညာ၏ အရိပ်အငွေ့ကိုမျှ သူတို့မတွေ့ရ။ ဗြိတိသျှတော်လှန်ရေးသမား သူပုန်ကြီး ကိုပညာသည် မြေလျှိုး၍ မိုးသို့ပျံလေ သလားမသိ။ သူတို့လက်တွင်းမှ လွတ်ကျွတ် ပျောက်ကွယ် ခဲ့လေသည်။

မအူပင် ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးကမူ သူပုန်သူကန် ကိုပညာအား အသေပစ်သတ်မည်ဟူ၍လည်းကောင်း၊ ကြက်များလို လည်လှီးပစ်မည်ဟူ၍ လည်းကောင်း

ကြိမ်းဝါးရေရွတ်၏။ သေနတ် တပြင်ပြင် အံတကျိတ်ကျိတ် လုပ်၏။ ဒေါ်အကြီးအကျယ်ပွလျက် လက်အောက်ပုလိပ် အမှုထမ်းများအား ကုလားသံ ပါပါနှင့် အင်္ဂလိပ်လိုဆဲရေး၏။

သို့ရာတွင် တစ်ခုခက်သည်မှာ ရာဇဝတ်ဝန်ကလေး ကိုယ်တိုင်ကလည်း ကိုပညာဆိုသူအား ဖြူသလား မဲသလား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး။ ပုလိပ်သတင်းပေး ဘဖြိုး၏ ပြောကြားချက်အရဖြင့်သာ ကိုပညာ၏ ပုံပန်းကို ခန့်မှန်းနိုင်ရုံမျှ ရှိလေသည်။

"သူကြီးကလဲဗျာ။ ကိုယ့်ရွာက လူတစ်ယောက်ဟာ ဘာတွေလုပ်နေတယ်၊ ဘယ်လိုအကြံအစည် ရှိတယ် ဆိုတာမှ ခပ်စောစောက မသိဘဲကိုဗျ။ ခုတော့ အပ်လောက်နဲ့ ထွင်ရမယ့်ကိစ္စဟာ ပေါက်ဆိန်နဲ့ ပေါက်နေရပြီ။ အင်း၊ ဒါတောင် မလွယ်ဘူးဗျ"

ဦးဘကြိုင်က သူကြီးဦးညွန့်မောင် ဘက်လှည့်ပြောသည်။ ဌာနာပိုင်သည် စိတ်အတော်ရှုပ်သလို ခေါင်းကို နာနာ ကုတ်လေသည်။

ဌာနာပိုင့်စကားကြောင့် ဦးညွန့်မောင် အတန်ငယ် မျက်နှာပျက်သွားသည်။

စင်စစ်ချောင်းကြီးသူကြီး ဦးညွန့်မောင်သည် သူပုန်ကြီး ကိုပညာ၏ လုပ်ရပ် ကိုင်ရပ်များနှင့် အကြံအစည်များကို မသိသူတော့မဟုတ်။ ကောင်းကောင်းကြီး သိသည်။

သူက ကိုပညာအား ကြည်ညိုသည်။ အလေးအနက်ထားသည်။ တိတ်တိတ်ပုန်း အားပေးသည်။ အထောက်အပံ့ များစွာပြုသည်။ တကယ်ဆိုတော့ သူကြီးသည် ဗြိတိသျှအုပ်ချုပ်ရေးကို မလိုလားပေ။ ဗြိတိသျှ အစိုးရသည် သေပန်းပွင့်နေချေ ပြီဟု ဦးညွန့်မောင်ယူဆသည်။ ပြီး ဒင်းတို့ အင်္ဂလိပ်တွေ ဗမာပြည်မှ ခပ်မြန်မြန် ပြေးရပါစေ။ ဆိုင်းမပါဗုံမပါ ပြေးရပါစေ။ ဒါမှ ငဒို့တိုင်းပြည်ကြီး လွတ်လပ်မည်ဟု ဆုတောင်းနေသူဖြစ်သည်။

ပြီးနောက် သူကြီးဦးညွန့်မောင်သည် တို့ဗမာ သခင်များနှင့်လည်း အသိအသိပ် အဆက်အဆံ ရှိသူ ဖြစ်သည်။ ကိုပညာမှ ဆက်နွယ်လျက် ညောင်တုန်းမှ သခင်ချမ်းငြိမ်းသည် ဦးညွန့်မောင်၏ နိုင်ငံရေးသြဝါဒ စရိယ ဖြစ်သည်။

သို့ရာတွင် ကိုပညာ ရှောင်ရတိမ်းရသည်မှာ သူကြီးဦးညွန့်မောင်နှင့် ချောင်းကြီးရွာသားများ မကောင်းလို့တော့ မဟုတ်။ သူကြီးရာထူးကို တပ်မက်သော သစ္စာဖောက်ရွာသား ဘဖြိုးကြောင့် ဖြစ်သည်။ ဘဖြိုးက မအူပင်မြို့ ပုလိပ်ဌာနာတွင် သွားရောက်၍ သတင်းပေးသည်။

"ဒီသူငယ် ကျွန်တော်တို့ရွာကို ရောက်လာတာ အလွန်ဆုံး ၂ နှစ်လောက်ပဲ ရှိပါလိမ့်ဦးမယ် ဌာနာပိုင်ကြီး။ ဒီသူငယ်ဟာ စာတတ်ပေတတ်ဆိုတော့ ကျွန်တော်တို့ရွာက ခလေးတွေကို စာသင်ပေးချင်ပြောတာနဲ့ တစ်ရွာလုံးနဲ့ တိုင်ပင်ပြီး ကျောင်းကလေးဘာလေး ဆောက်ပေးတာပါ။ နောက်ပြီး သူနေတာ ထိုင်တာ ဆက်ဆံတာက ရိုးရိုးအေးအေးခင်ဗျ။ အဲဒီတော့ ဘယ်လိုမှ သံသယ မဖြစ်မိဘူးပေါ့ခင်ဗျ"

ဦးညွန့်မောင်က ပြောသည်။ သူ့လေသံဟန်က အေးအေးဌြောင်းဌြောင်းဖြစ်သည်။

"အဲဒါ သူကြီး ညံ့သေးတာပေါ့ဗျ။ ဒီလိုလူစားက ဘယ်တော့မှ ဟောင်ဖွာ ဟောင်ဖွာ မလုပ်ဘူး။ သူတို့က ကြောင်လက်သဲဝှက်ဗျ။ အလကားနေရင်း မီးအိုးပျောက်အိုး မဖောက်ဘူး။ အဲဒီလူစား ကြောက်ရတာ။ ဒါထက်နေပါဦး။ ဒီလူဟာ သူကြီးရွာက လူရွယ်လူလတ်တွေကို သိုင်းတို့ ဗန်တို့ ဗန်ရှည်တို့ သင်ပေးဆိုဗျ"

ဌာနာပိုင်က မေးခွန်းထုတ်သည်။

"ဒါက ဒီလိုပါ ဌာနာပိုင်ကြီး။ ကျေးရွာကာကွယ်ရေး အတွက်ပါ။ သူခိုးဘေး ဓါးပြဘေး ကြုံလာရင်ပေါ့ခင်ဗျာ"

ဌာနာပိုင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး

"အေးပေါ့ဗျာ။ အေးပေါ့။ ကောင်းပေါ့။ သိပ်ကိုကောင်းပေါ့။ ခုတော့ခင်ဗျားကျောင်းဆရာဟာ အစိုးရကို တော်လှန်တိုက်ခိုက်မယ့် သူပုန်ကြီး တစ်ယောက်ဖြစ်နေပြီ။ ဟုတ်လား။ သူပုန်မှ နယ်နယ်ရရ

မပဟုတ်ဘူးနော်။ မအူပင် အရေးပိုင်ရော ရာဇဝတ်ဝန်ရော မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေတဲ့ ဧရာမ အဓိပတိ သူပုန်ကြီး”

ဌာနာပိုင်ဦးဘကြိုင်က စိတ်ပေါက်ပေါက်နှင့် အော်ကြီးဟစ်ကျယ် ရေရွတ်သည်။

“အား၊ အဓိပတိ သူပုန်ဆိုပါကလား”

ဦးဗလက လွှတ်ကနဲ ယောင်ယမ်းသည်။

“ဟုတ်တယ်ဗျ၊ သူပုန်သူပုန်၊ တိုင်းပြည်ကို မီးရှို့မယ့်သူပုန်။ ဒို့ဗမာ သခင်တွေ သခင်မတွေ အော်ဟစ်နေတာ ခင်ဗျားတို့ မကြားဘူးလား။ မီးတုတ် မီးတုတ် ရှို့ရှို့။ သူပုန် သူပုန် ထ ထ။ ဆိုတာလေ”

ထိုစကားပြောသူမှာ ဒေါင့်တစ်ဒေါင့်တွင် ကုပ်ထိုင်နေသော ပုလိပ်သတင်းပေး ဘဖြိုးဖြစ်သည်။

“ဟေ့ကောင်၊ မင်းကိုမေးမှပြောစမ်းကွာ။ မင်းကိုမမေးသမျှ တစ်ခွန်းမှဝင်မစွက်နဲ့။ နားလည်လား။ ခေါင်းရှုပ် ရတဲ့အထဲ မင်းကတမျောင့်”

ဦးဘကြိုင်က အော်လိုက်သည်။ ဘဖြိုးငြိမ်ကုပ်သွားသည်။ ဘဖြိုးသည် ပုလိပ်သတင်းပေး ဖြစ်သော်လည်း ဦးဘကြိုင်တို့တစ်စုက မလိုလား။ ဦးဘကြိုင်တို့ လူစုတွင် ဘဖြိုးမစားသာ။ ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေး ကသာ သူပုန်ကိုပညာအား ဖမ်းဆီး၍မိခဲ့လျှင် ဘဖြိုးအား ချောင်းကြီးသူကြီး ဖြစ်စေရမည် ဟု ပြောထားသည်။

ဘဖြိုးသည် ရွာသူကြီးဦးညွန့်မောင်နှင့်အတူ ရာဇဝတ်ဝန်ကလေး မော်တော်နှင့် ပါလာခြင်း ဖြစ်သည်။ သူပုန် ကိုပညာအားတွေ့ခဲ့လျှင်

“ကျွန်တော်မျိုးကြီး ဘဖြိုးကိုယ်တိုင် ဖမ်းဆီးပေးပါမည်ဘုရား” ဟု ဦးမောင်ကလေးအား သံတော်ဦး တင်ထားသည်။

ထိုစဉ်ကပင်

“ကြည့်ကြသေးတာပေါ့ကွာ ဘဖြိုးရာ” ဟု သူကြီးဦးညွန့်မောင်က ဝမ်းတွင်းကျိတ် ကြုံးဝါးထားသည်။

တကယ်ဆိုတော့ ညောင်တုန်းဌာနာပိုင် ဦးဘကြိုင်နှင့် ညောင်တုန်းပုလိပ်ဌာန တစ်ခုလုံးကပင် ဘဖြိုးအပေါ် မကျေနပ်ကြ။ အတော့်ကို မျက်မုန်းကျိုးကြသည်။ ကိုပညာ့ကိစ္စတွင် ဘဖြိုးလူလည်လုပ်ကြောင်း အားလုံးက နားလည်ကြသည်။ ဘဖြိုးကိုယ်တိုင်ကလည်း အသာအတယ် ပန်းမြိုင်လယ် ယိုးဒယားမှ ဆိုချင်သော လူစားဖြစ်သည်။

စင်စစ်သူပုန်ကိုပညာ့ကိစ္စ၌ ဘဖြိုးသတင်းပေးခြင်း ပေးလျှင် ညောင်တုန်းပုလိပ် ဌာနအား သတင်းပေးရမည်။ မအူပင်သည် ဒိစတြိတ်မြို့ကြီး ဖြစ်သည်။ ညောင်တုန်းသည် မအူပင်၏ လက်အောက်ခံ မြို့ဖြစ်သည်။ ပြီးတော့ ချောင်းကြီးရွာဆိုသည်မှာလည်း ညောင်တုန်းပုလိပ်ဌာနက ပိုင်ဆိုင်သည့် ရွာတစ်ရွာ ဖြစ်သည်။

သည်ကိစ္စတွင် ဘဖြိုးကိုယ်တိုင်ကလည်း ပိုင်ပြီဟူသော တွက်ကိန်းနှင့် လူပါးလူနပ် လုပ်လိုက် ခြင်းပင် ဖြစ်သည်။ ရွာလွှန်၍ ရွက်တိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ညောင်တုန်းဌာနပိုင် ဦးဘကြိုင်၏ တွက်ဆမှုက တစ်မျိုးဖြစ်သည်။ ဘဖြိုးသည် သူပုန်ကိုပညာအား ဖမ်းဆီး၍ မိသည့်တိုင် မည်သို့မျှ သူကြီး တစ်ယောက် ဖြစ်မလာနိုင်ဟု အခိုင်အမာ ယူဆထားသည်။ အကယ်၍ ခွေးရူးကောင်းလျှင်လည်း တစ်မွန်းတည့်။

မှန်သည်။ သူပုန်ကိုပညာ့ကိစ္စ ဖြစ်ပေါ်လာသောအချိန်မှာ ဗြိတိသျှကိုလိုနီ တော်လှန်ရေးများ အကြီးအမား လှုပ်ရှားနေချိန်ဖြစ်သည်။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံမှ ဆုတ်ခွာထွက်ပြေးရတော့မည့် ဆဲဆဲ ဟူ၍လည်း ဆိုနိုင်သည်။ ထိုအခြေအနေများကိုလည်း ဌာနာပိုင် ဦးဘကြိုင်က ကောင်းကောင်းကြီး နားလည်ထားပေးသည်။

စင်စစ်ဦးဘကြိုင်သည် နိုင်ငံရေးဗဟုသုတ ခေါင်းပါးသူ အစိုးရအမှုထမ်း တစ်ယောက်မဟုတ်။ ဦးဘကြိုင်၏ ဆွေမျိုးရင်းချာ တစ်ချို့သည် ရာဇဝတ်ဘက် အရာထမ်း အမှုထမ်းများ အဖြစ်ဖြင့်ရန်ကုန် မော်လမြိုင် စသောမြို့ကြီးများတွင် ရှိကြသည်။

ဦးဘကြိုင်သည် ယင်းဆွေမျိုးသားချင်းများ ထံမှ နိုင်ငံရေး အခြေအနေများကို လည်းကောင်း၊ ဒို့ဗမာသခင်များ၏ ဗြိတိသျှအစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုကို လည်းကောင်း အတော်ပင် သိကြားထားသူ ဖြစ်သည်။ တကယ်ဆိုတော့ ဦးဘကြိုင်တို့ အုပ်ချုပ်နေသော ညောင်တုန်းမြို့ပေါ်ရှိ ဒို့ဗမာသခင်များ ကိုယ်တိုင်ကပင် ဗြိတိသျှ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှု၌ တက်တက်ကြွကြွ လုပ်ဆောင်နေချိန်ဖြစ်သည်။

မကြာမီအချိန်က ရန်ကုန်ဌာနချုပ် ဒို့ဗမာအစည်းအရုံးမှ သခင်အောင်ဆန်းသည် မြန်မာနိုင်ငံမှ ရုတ်ချည်း ပျောက်ကွယ်သွားသည်။ နောင်အတန်ကြာသည့်အခါ သခင်အောင်ဆန်း မြန်မာနိုင်ငံသို့ ရုပ်ဖျက်၍ ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် မျိုးချစ်မြန်မာလူငယ်အချို့တို့အား စစ်ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့ ခေါ်ဆောင်သွားကြောင်းဖြင့် ရန်ကုန်စုံထောက်ဘက်ဌာနတွင် အမှုထမ်းနေသော ညီတစ်ယောက်ထံမှ ဦးဘကြိုင် ကြားသိထားရသည်။

ယခုအချိန်၌မူ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်စစ်တပ် များသည် တနင်္သာရီတိုင်းရှိ ထားဝယ်မြို့ကိုပင် သိမ်းပိုက်ထား သလိုလို သတင်းအစအနကိုလည်း မော်လမြိုင်တွင် ရှိနေသော အစ်ကိုဖြစ်သူ အစိုးရအမှုထမ်းတစ်ယောက်ထံမှ ဦးဘကြိုင် ကြားရပြန်လေသည်။

ထိုအခါဦးဘကြိုင်သည် ညောင်တုန်းမြို့ ဌာနာပိုင်တစ်ယောက်အနေနှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်နေရသော်လည်း သိပ်စိတ်မပါလှ။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် ဆက်လက်၍ အုပ်ချုပ်နိုင်တော့မည် မဟုတ်ကြောင်း တစ်ထစ်ချ ယူဆပြီးဖြစ်လေသည်။

ထို့ကြောင့် သူပုန်ကိုပညာအား လိုက်လံဖမ်းဆီးရမည့် ကိစ္စ၌ ဦးဘကြိုင်စိတ်ထဲက အလေးအနက် သဘောမထား။ လူမြင်၍ကောင်းရုံ၊ ဝတ္တရား ကျေပွန်ရုံမျှသာ ဖြစ်သည်။

ပြီးနောက် ဤအချိန် ဤအခါ ဤအလုပ်မျိုးသည် လူမိုက်ကို နင်းတော တိုးခိုင်းခြင်း ဟူ၍ လည်းကောင်း၊ တစ်တိုင်းတစ်ပြည်လုံးက ရွံရှာမုန်းတီးသော အလုပ်မျိုး ဟူ၍လည်းကောင်း ဦးဘကြိုင် ယူဆသည်။

ထိုအခါ စက္ကော့ရှာ လူသတ်မှုကိစ္စဆိုသည်ကိုလည်း ရေးကြီးခွင်ကျယ်ဟူ၍ ဦးဘကြိုင် သဘော မပိုက်နိုင်။ ကမ္ဘာမီးလောင်ရာတွင် ပိုးစုန်းကြူး လက်ခြင်းဟူ၍ ဦးဘကြိုင် သဘောထားလေသည်။

မော်တော်ပေါ်တွင် ယင်းသို့ရှိနေခိုက် ကျီးကန်းသိုက်ရွာသို့ သွားကြသော ရာဇဝတ်အုပ် ကိုကံရနှင့် ပုလိပ်အမှုထမ်းများ ပြန်ရောက်လာကြသည်။

ကျီးကန်းသိုက်ရွာတွင် ယခုရက်များအတွင်း ညွှန်းသည့်လူစိမ်း တစ်ဦးမျှ မရောက်ရှိကြောင်း၊ တစ်ရွာ လုံး၏ အခြေအနေကိုလည်း ရွာသူကြီးနှင့်အတူ လှည့်ပတ်လေ့လာခဲ့ကြောင်း၊ အကယ်၍ ထွက်ပြေး လွတ်မြောက်သွားသော သူပုန်ကိုပညာ ဆိုသူအား တွေ့ရှိပါက ဝိုင်းဝန်းဖမ်းဆီးပြီး ညောင်တုန်းဌာနသို့ အမြန်ဆုံး ပို့ဆောင်ပေးရန်နှင့် ပုံပန်းကိုပါ သူကြီးအား ပြောပြခဲ့ကြောင်း ရာဇဝတ်အုပ်ကပြောလေသည်။

"ဟုတ်ပြီပေါ့ဗျာ။ ရာဇဝတ်ဝန်ကလေး ယူဆသလို ဒီလူ ဓနဖြူမှာရှိဖို့များတယ်။ ကဲ ကဲ သူကြီး၊ ကျုပ်တို့ လာတဲ့ ကိစ္စက သူပုန်ကို ဖမ်းရအောင် လာတဲ့ကိစ္စဗျ။ ဒီတော့ ခုနက ကျုပ်ပြောသွားတဲ့ဟာ သူကြီးရွာကို များ ရောက်လာမယ်ဆိုရင် အချိန်မရွေး ဂတ်ကိုအကြောင်းကြားပေါ့ဗျာ။ ဟုတ်လား။ အဲ အဲ တကယ်လို့များ ဖမ်းဆီး မိနိုင်မယ်ဆိုရင်တော့ တစ်ခါတည်း ဖမ်းခဲ့ကြပေါ့။ အဲလိုများဆိုရင် တော့ဗျာ သူကြီးရော ဆယ်အိမ် ခေါင်းရော နာမည်ကောင်းလက်မှတ်တို့ ငွေဓါးတို့ ဆုရမှာ ဟဲ ဟဲ ဟဲ"

လူချင်းက ခင်မင်ရင်းနှီးနေသောကြောင့်လည်း ဌာနာပိုင်ဦးဘကြိုင်က အရွှမ်း ဖောက်ပြောသည်။ သို့ရာတွင် သူ့စိတ်ထဲက ဒီဘူတာကြီးနှစ်ယောက် အဟုတ်များ ဖမ်းနေမှဖြင့် ဂျောက်ဘဲဟု စိုးရိမ်မိ လေသည်။

"ဟုတ်ကဲ့ခင်ဗျာ။ ဟုတ်ကဲ့။ ဒါပေမယ့် သူပုန်ဆိုတော့ အရမ်းကာရော မလုပ်ဝံ့ဘူးခင်ဗျ။ မတော်တဆ ပစ်ခတ်သွားမှဖြင့်ဗျာ။ နောက်ပြီး တိုင်းပြည်ကြီး ကလည်း . . . "

ဦးမောင်ကြီးစကားမဆုံး။

"တိုင်းပြည်ကြီးက ဘာဖြစ်လဲဗျ။ အဖိုးကြီး စကားပြောတာ ကြည့်ပြောနော်။ အသက်အရွယ်ကြီးမှ သူကြီး တန်မဲ့ အဖမ်းအဆီး ခံနေရဦးမယ်"

ရာဇဝတ်အုပ်ကိုကံရက ဦးမောင်ကြီးအား နောက်လိုက်သည်။

"အောင်မလေး၊ မလုပ်ပါနဲ့ ရာဇဝတ်အုပ်မင်းရယ်၊ မလုပ်ပါနဲ့။ ကျုပ်က သူကြီးလုပ်နေပေမယ့် ထောင်ဆိုရင် ကြောက်လွန်းလို့ ခြင်ထောင်ထဲတောင် မအိပ်ရဲဘူး"

ဦးမောင်ကြီးက လက်နှစ်ဖက်မြှောက်လျက် မဲ့မဲ့ရွှံ့ရွှံ့ပြောသည်။ သူ့ကိုလူတွေ အားလုံးက ဝိုင်းရယ်ကြသည်။

"ကဲ ကျုပ်တို့ကိစ္စပြီးပြီ။ ဆို ခင်ဗျား ကိစ္စ။ အဲ လိုရင်းကို တိုတိုတုတ်တုတ်ပြော။ ကျုပ်တို့က ခနဖြူကို ခရီး ဆက်ရဦးမယ်။ ရာဇဝတ်မင်းနဲ့ မအူပင်ဌာနာပိုင်ဟာ မနေ့ကတစ်နေ့လုံး ခရီးပန်းလာလို့ ညောင်တုန်းမှာ အနားယူ ကျန်ရစ်တယ်။ ခု ကျုပ်တို့ စီးလာတာ ရာဇဝတ်ဝန်မင်းမော်တော်"

ဦးဘကြိုင်ကပြောသည်။

"ကျွန်တော်တို့ ကိစ္စက ပြောရမယ်ဆို ဒီလိုခင်ဗျ"

သူကြီးဦးမောင်ကြီးက ထိုစကားမှအစချီသည်။ ကူးတို့သမားမောင်ညို သေဆုံးရပုံကို ခပ်တိုတို ပြောပြသည်။ ဆယ်အိမ်ခေါင်း ဦးဗလကလည်း အတော်အတန် ဝင်ထောက်သည်။ သူတို့ပြောစကားတွင် ကျောင်းထိုင်ဦးပဥ္စင်း အကြောင်းလည်းပါသည်။ ရွာသူပုလဲအကြောင်းလည်း ပါသည်။ သို့နှင့် သူတို့ စကားသည် မကြာမီ ပြီးပြတ်သွားသည်။

"အင်း။ သူကြီးနဲ့ ဆယ်အိမ်ခေါင်း ပြောပုံအလိုအရတော့ အတော်ကလေး အဆန်းသားဘဲ။ ကဲ ဒီလိုလုပ်ဗျာ။ ကျုပ်တို့ ငါးလိုက်ချောင်းသွားကြမယ်။ ဟိုရောက်မှ အခြေအနေကြည့်ပြီး စီစဉ်မယ်။ အဲ ခုနက ခင်ဗျားတို့ ပြောသွားတဲ့ မိန်းခလေးကို ခေါ်မေးသင့်မေးရမယ်။ ခင်ဗျားတို့ရွာက ကျောင်းထိုင်ဦးဇင်းကို ကျုပ်တို့ သိနေသားဘဲ။ ဒီကိုယ်တော့ဘွဲ့က ရှင်ဝိလာသ။ ဟိုတုန်းက ကျုပ်အိမ်ကို ဆွမ်းခံကြွနေသားဘဲ။ ကျုပ်အိမ် တင်မှတ်ပါဘူး။ ဂတ်ဝင်းတစ်ဝင်းလုံး ဆိုပါတော့ ဗျာ။ ကျုပ်တို့သားမယားများ အခါကြီး ရက်ကြီးဆိုရင် ဒီကိုယ်တော့်ဆီမှာ သီလယူနေကြတာဘဲ။ ဒီဦးဇင်းအသက်သိပ်မကြီးသေးပါဘူး။ သီလ သိက္ခာလဲ ကောင်းပုံဘဲ"

ဌာနာပိုင်သည် စကားဖြတ်လိုက်သည်။ မော်တော်အမှုထမ်းများအား ငါးလိုက်ချောင်း ရှိရာသို့ မော်တော် ကို အမြန်ဆုံးခုတ်မောင်းခိုင်းသည်။ နောက်တော့ စကားကိုဆက်ပြောသည်။

နောက်ပြောသော စကားများမှာ ညောင်တုန်းမြို့ပေါ်ရှိ အရှေ့တောင်ညို ကျောင်းတိုက်မှ ဆရာတော်ဘုရားနှင့် ကျောင်းနေရဟန်းတော်များ အကြောင်း ဖြစ်သည်။ တကယ်ဆိုတော့ ဦးဘကြိုင်တို့ ပုလိပ်ဌာန တစ်ခုလုံးသည် အရှေ့တောင်ညိုကျောင်းတိုက်ကြီး၏ ဆွမ်းဒကာ ကွမ်းဒကာများ ဖြစ်ကြသည်။ သူတို့သည် ဆရာတော်ဘုရား၏ ပညာဂုဏ် သီလဂုဏ် သိကြပြီးဖြစ်သည်။ ကျောင်းနေရဟန်း သံဃာတော်တို့၏ ကျင့်ဝတ် သိက္ခာကိုလည်း သိကြပြီးဖြစ်သည်။

"တစ်ခုရှိတယ်ဗျ။ တကယ်လို့ လိုအပ်ရင် ကျုပ်တို့ညောင်တုန်း ပြန်ရောက်တော့ ခင်ဗျားတို့ကျောင်းထိုင် ဦးဇင်းဟာ မနေ့က ဘယ်မှာရှိတယ်၊ ဘယ်အချိန်ထိ ရှိတယ်၊ ညက ဘယ်မှာကျိန်းတယ်ဆိုတာ စုံစမ်း လိုက်ရင် လွယ်ပါတယ်။ အဲ သူကြီး ခုနပြောတဲ့ မိန်းခလေးဟာ ဘယ်သူဗျ"

ဦးဘကြိုင်ကမေးသည်။

" ပုလဲ "

ဆယ်အိမ်ခေါင်းဦးဗလ ကဖြေသည်။

"သူကဘယ်လိုလဲ"

"သူကလား၊ သူက အမေမုဆိုးမကြီးနဲ့ နေရတယ်။ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့ မိန်းခလေး တစ်ယောက်ပါ။ အမေကြီးက ကောင်းကောင်း မမာရှာဘူး။ ဌာနာပိုင်ကြီးတို့ တွေ့ချင်ရင် ခေါ်ပေးပါမယ်"

သူကြီးကပြောသည်။ ဦးဘကြိုင်ရော ရာဇဝတ်အုပ် ကိုကံရတို့ပါ တစ်စုံတစ်ရာ အဖြေမပေး။ စဉ်းစား တွေးတောဆဲ ရှိသည်။

ကမ်းခြေတစ်နေရာတွင် ထိုးကပ်လိုက်သည်။ အတက်အဆင်း ကောင်းသော နေရာ ဖြစ်သည်။ နုံးမြေ မဟုတ်၊ သဲမြေဖြစ်သည်။ ကမ်းခြေတစ်လျှောက်တွင် မြက်ပင်များ ပေါက်နေသည်။ အထက်ပိုင်း ကျသော နေရာတွင် ကိုင်းတောများ ဖြစ်သည်။ ငါးလိုက်ချောင်းမှနေ၍ ကြည့်သော် စကျော့ရွာ ဘုန်းကြီး ကျောင်းကို မြင်နိုင်သည်။ အတန်ငယ်တော့ လှမ်းသည်။ ရှင်ဓမ္မဝိလာသ သီတင်းသုံးရာ ကျောင်းဖြစ်သည်။

ဌာနာပိုင်အမှူးပြုလျက် လူအားလုံးလောက်ပင် ကူးတို့သမ္ဗန်ပေါ်မှ မောင်ညို့ အလောင်းကို သွားရောက်၍ ကြည့်ရှုကြသည်။ မော်တော်ပေါ်တွင် အစောင့်ပုလိပ် သုံးယောက်သာ ကျန်ရစ်သည်။ စောစောက သစ်ရိပ်ဝါးရိပ်များ အောက်တွင်စုဝေး ကျန်ရစ်သော စကျော့ရွာသားတစ်ချို့သည် ငါးလိုက်ချောင်း ကမ်းစပ်သို့ စုရုံးလာကြပြန်သည်။

"မိန်းမသားတစ်ယောက် လက်ချက်တော့ မဖြစ်နိုင်ဘူးဆရာ"

ရာဇဝတ်အုပ်က ဌာနာပိုင်အနီးသို့ ကပ်၍ ပြောသည်။

"ကြိုးတုပ်တာ အင်မတန်သေချာတယ်။ ဒါဟာ တစ်ဦးတစ်ယောက်ချင်း မဖြစ်နိုင်ဘူး။ အနဲဆုံး နှစ်ယောက် သုံးယောက်နဲ့ တစ်ယောက်"

ဌာနာပိုင်က ပြောသည်။ စောစောကပုလဲအမည်ခံ မိန်းခလေးအပေါ်တွင် သံသယဝင်သယောင် ဖြစ်မိသော ဌာနာပိုင်နှင့် ရာဇဝတ်အုပ်တို့၏ စိတ်ယန မကင်းမှုမှာ အတော်ပင် ပြောင်းလဲသွားသည်။

"ရန်ငြိုးရှိတဲ့လူ ဒါမှမဟုတ်ရင် ဓါးပြ လက်ချက်ပဲ  ဟုတ်မယ်ဆရာ၊ မနေ့ညက မိုးသက်လေပြင်း ကျနေ တယ်။ အဲဒီအချိန်မှာ ဒီကိစ္စဖြစ်မှာဘဲ"

ရာဇဝတ်အုပ်ကပြောသည်။

"တစ်လောတုန်းက လူဆိုးထိန်းခင်မောင် ကျုပ်ကို သုံးလေးကြိမ် တိုင်ဖူးတယ်။ ကျုပ်တို့ဂတ်ကိုသာ အမှုမရောက်တာတဲ့။ ငါးလိုက်ချောင်းအနီးတဝိုက်မှာ ခရီးသွား လှေသမ္ဗန်တွေကို ခဏခဏလုတယ်။ ယက်တယ်တဲ့ဗျ"

ဌာနာပိုင်ကပြောသည်။ ဦးမောင်ကြီးနှင့် ဦးဗလသည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ကြ သည်။

"ဟုတ်ပါပြီ ဆရာ၊ မနေ့ညနေက ဦးဇင်းလဲမပါ။ ဟိုမိန်းခလေးလဲ မပါဘဲ မိုးချုပ်နေဝင်မှ ဒီကောင် တစ်ယောက်ထဲ ပြန်လာလိမ့်မယ်ဆရာ။ အဲဒီမှာ လူဆိုးလက်ချက်နဲ့ တွေ့တာဘဲ။ နောက်တော့သမ္ဗန်တွေ ဘာတွေထဲ မိုးရေရော မြစ်ရေရောဝင်တာဖြစ်မှာပေ့ါ ဆရာ"

ရာဇဝတ်အုပ်က ပြောသည်။ ဌာနာပိုင် ခေါင်းတညိတ်ညိတ်လုပ်သည်။

"ကဲဗျာ ဝတ္တရားအတိုင်းတော့ ဟိုမိန်းခလေးနဲ့ ဦးဇင်းကို ခေါ်မေးလိုက်သေး တာပေ့ါ။ ကဲ သူကြီး မလိုမယ်ကာပေ့ါဗျာ ဟိုမိန်းခလေးကို ခေါ်စမ်းဗျာ။ ဦးဇင်းကိုနောက်မှ ခေါ်တာပေ့ါ။ ခပ်မြန်မြန်လုပ်ဗျို့။ ကျုပ်တို့မှာ က နောက်ကြောင်းကိစ္စနဲ့"

ဦးမောင်ကြီးသည် ဌာနာပိုင်၏ အမိန့်ပေးချက်ဖြင့် ရွာသားတစ်ယောက်အား ပုလဲအား အခေါ် လွှတ်လိုက်သည်။

မကြာမီ ပုလဲရောက်လာသည်။

အမျိုးသမီးက စိတ်နလုံးဒုန်းဒုန်းချလာသည်။ အကြောက်အရွံ့ကင်းသည်။ မျက်နှာမပျက်ရှိသည်။ တည်ငြိမ်အေးဆေးသည်။ တောက်ပသော မျက်လုံးနှင့် စေ့ထားသောနှုတ်ခမ်းလွှာက ဗူးဆိုလျှင် ဖရုံမသီးသည့် ရုပ်မျိုး။ သူနှင့် ဘာမျှမဆိုင်။ သူသတ်တာမဟုတ်။ တကယ်တမ်းပြောရလျှင် သူ့အပြစ်မရှိ။ သူ့ကိစ္စမပါဟု ပုလဲ ယူဆသည်။

ယခုအချိန်၌မူ ဌာနာပိုင်အမှူးပြုသော သူတို့အားလုံး မော်တော်ပေါ် ရောက်နေကြသည်။ ဌာနာပိုင်နှင့် ရာဇဝတ်အုပ်သည် ပုလဲအား ခြေဆုံးခေါင်းဖျား လေ့လာသည်။ အတော်ချောတဲ့ ဟာမ ကလေးပဲဟု ကိုကံရ စိတ်မှတ်ထားသည်။ နောက်တော့ ဌာနာပိုင်က မေးမြန်းစစ်ကြောသည်။

ကမ်းပေါ်မှလူများသည် မျက်စိကျွတ်မတတ် ရှိကြသည်။ ဒီကိစ္စပုလဲနှင့် ဘာမျှမဆိုင်၊ ပုလဲက လှေကြုံနဲ့ ပြန်လာတာဟု သူတို့အားလုံးက ယူဆသည်။

"မနေ့ညက မိုးသက်လေပြင်းကျတော့ မင်းဘယ်မှာလဲ"

ဌာနာပိုင်က မေးသည်။

" ခရီးသွားလှေကြုံပေါ်က ကမ်းပေါ်တက်မိလို့ တအောင့်တဖြုတ်ရှိသေးတယ်"

"မင်းသက်သေပြနိုင်သလား"

"ကျမ အမေကိုဘဲ ပြရမှာပေါ့။ တစ်ရွာလုံး အိမ်တွေဟာ တံခါးတွေပိတ်ပြီး ငြိမ်ကုပ်နေကြတယ်"

"နေပါဦး။ ခုနမင်း ကမ်းပေါ်ရောက်တယ်ပြောတယ်။ အဲဒီလိုကမ်းပေါ်ရောက်တော့ ရှေ့ဆက်ပြီး ဘာလုပ်သလဲ"

"မိုးသက်ဟာ ကြမ်းလာတော့ ကျမ အိမ်ကိုတန်းပြေးတာဘဲ"

"ဒီအချိန်မှာ မောင်ညို့သမ္ပန်ကိုမတွေ့ဘူးလား"

"လုံးလုံးမတွေ့ပါဘူး"

"သေတာသိသလား"

"တစ်ရွာလုံး အုတ်အုတ်ကြွက်ကြွက်ပဲ"

"မင်းဘယ်လိုထင်လဲ"

"ကျမ ဘယ်လိုမှ မထင်တတ်ပါဘူး။ စိတ်မကောင်းလို့ ကြည့်တောင် မကြည့်ချင်ဘူး။ ကျမတို့ရွာထဲမှာ ညီအစ်ကို မောင်နှမ လိုနေတာပါ"

"ဟုတ်ရဲ့လား"

ကိုကံရက ဖြတ်မေးသည်။

"ဒီအတိုင်းပါဘဲ"

ဌာနာပိုင်သည် သူ့ကိုယ်သူ တွန့်လိမ်ပြီး ဝါးကနဲ သမ်းလိုက်သည်။ နောက်ထပ်မေးခွန်း လေးငါးခွန်း မေးသည်။ စိတ်ဝင်စားဖွယ် မရှိ။ ထက်မြက်မှုမပါ။ ပျင်းရိငြီးငွေ့စရာ ကောင်းလေသည်။

"သူကြီး အထောက်အထား ဘာတွေသေးလဲ"

ရာဇဝတ်အုပ်က ဦးမောင်ကြီးအား လှမ်းမေးသည်။

"ကြိုးတုပ်ထားတာကလွဲလို့ ခုမြင်တဲ့အတိုင်းပါဘဲခင်ဗျ"

"ကဲ ဗိုလ်ို့ အဖိုးကြီး အဖွားကြီး အလှည့်။ မြန်မြန်ခေါ်စမ်းဗျာ။ ကဲဟေ့ မိန်းခလေး မင်းသွားတော့"

ဌာနာပိုင်က သူကြီးကိုရော ပုလဲကိုရော တဆက်တည်း ပြောသည်။ ပြီးနောက် သူ့လက်မှနာရီကို မြှောက်ကြည့်သည်။ ခနေဖြူသွားရဦးမည်၊ ခနေဖြူ။ သူ့စိတ်ထဲက လှုံ့ဆော်သည်။

ဌာနာပိုင်ရှိရာသို့ မောင်ညို့အဖေနှင့် အမေအား ဆယ်အိမ်ခေါင်းဦးဗလက ခေါ်လာသည်။ ပုလဲ မော်တော်ပေါ်မှ ပြန်ဆင်းသွားသည်။

မောင်ညို့အဖေနှင့်အမေသည် စက္ကော့ရွာတွင် သူတို့သား၌ မုန်းတီးသူ မရှိကြောင်း၊ ရန်ငြိုး ရန်စလည်း မပေါ်ဘူးကြောင်း၊ သူတို့သား သေဆုံးရခြင်းမှာ ဓါးပြလူဆိုးတို့ လက်ချက်ဟု ထင်ကြောင်း၊ ပုလဲအပေါ်တွင် တစ်စုံတစ်ရာ သံသယမရှိကြောင်း၊ ကျောင်းထိုင်ဦးဇင်းသည် အလွန်တရာ အကျင့်သီလ ပြည့်စုံကြောင်း စသည် ဖြင့် ရာဇဝတ်အုပ်က စစ်မေးသမျှဖြေဆိုလေသည်။

"ကဲ သူကြီး။ ဒီလိုလုပ်ဗျာ။ ဒီလိုလုပ်။ ဦးဇင်းကို နောင်လိုအပ်တော့မှ ကျုပ်တို့မေးတော့မယ်။ အလောင်းကို ညောင်တုန်းဆေးရုံပို့လိုက်။ ဟုတ်လား။ အမှုထမ်းနှစ်ယောက် ကျုပ်ထည့်ပေးလိုက်မယ်။ ဟော့ မြမောင်နဲ့ဘတင် မင်းတို့နှစ်ယောက် လိုက်သွားကြဟေ့"

ဌာနာပိုင်သည် ဦးမောင်ကြီးနှင့် တဆက်တည်း ပုလိပ်နှစ်ယောက်အား လှည့်ပြောသည်။ သူ့စိတ်ထဲတွင် ရာဇဝတ်ဝန်ကလေး၏ အငြိုအငြင်ခံရမည်ကို ရင်မဆိုင်ချင်။ စင်စစ်သူ့အဖို့ အရေးကြီးသည်မှာ တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ သူပုန်ကိုပညာနောက်သို့ လိုက်ရမည်။ ခနေဖြူကို အရောက် သွားဟု ရာဇဝတ်ဝန် ကလေး အမိန့်ရှိလိုက်သည်။

"ဟုတ်ကဲ့ ဆရာ။ နောက်တော့ကော"

ပုလိပ်အမှုထမ်း မြမောင်ကမေးသည်။

"နောက်တော့လား။ နောက်တော့ ဂတ်စာရေး မောင်စိန်ကို အလောင်းပုံစံ ယူထားခိုင်း။ သူကြီးတိုင်ချက်လဲ ယူထား။ သက်သေခံကြိုးနဲ့ သမွန်ကို တော်သလို သိမ်းထားလိုက်ကြကွာ။ ဟုတ်လား"

" ဟုတ်ကဲ့ ဆရာ"

"ကဲ ကဲ သွားပေတော့သူကြီး။ ဂတ်စာရေးကြီးဆီမှာ တိုင်ချက်ဖွင့်ခဲ့ဗျူ။ ကျုပ်တို့ခရီးဆက်ရဦးမယ်။ ကဲဟေ့ မော်တော်ထွက်ဖို့ ခပ်သွက်သွက်လုပ်ကြစမ်း"

ဌာနာပိုင် ပျာယာခက်နေသည်။ ရာဇဝတ်အုပ်မှာ ဌာနာပိုင်လောက် မဆိုးသော်လည်း ကုလားဒိန် ရာဇဝတ် ဝန်ကလေး၏ အငေါက်အငန်း ခံရမည်ကိုတော့ တွေးပူသည်။

ဦးမောင်ကြီးတို့လူစုသည် မော်တော်ပေါ်မှ လျင်မြန်စွာ ဆင်းသက်ခဲ့ကြသည်။

"သြော် သူကြီး၊ သူကြီး"

မော်တော်နှင့် ခပ်လှမ်းလှမ်းသို့ဦးမောင်ကြီးတို့အရောက်တွင် ဌာနာပိုင်က တစ်စုံတစ်ရာ သတိရဟန်ဖြင့် ဦးမောင်ကြီးအား လှမ်းခေါ်သည်။

ပြီးလျှင်သူကိုယ်တိုင်ပင် မော်တော်ပေါ်မှ ဆင်းသက်လာသည်။ ဦးမောင်ကြီး ရှိရာသို့ ခြေလှမ်း ကျဲကျဲ လျှောက်လာသည်။ ဆယ်အိမ်ခေါင်းဦးဗလနှင့် ပုလိပ်အမှုထမ်း နှစ်ယောက်သည် ကူးတို့သမ္ဗန်ရှိရာ ချောင်းရိုး ကမ်းစပ်သို့ သွားနှင့်ကြသည်။

ဦးဘကြိုင်သည် ဦးမောင်ကြီးပခုံးပေါ်သို့ လက်တစ်ဖက်ကို တင်လိုက်သည်။ ပြီး အသံကိုနှိမ့်ကာ

"ဟိုလူကိုတွေ့ရင် ကြည့်လဲလုပ်နော်။ အရမ်းကာရော သွားမလုပ်နဲ့။ တိုင်းပြည်အခြေအနေဟာ သိပ်မဟုတ်တော့ဘူး။ ကျုပ်ပြောတာ နားလည်လား။ ဒီစကား ခင်ဗျားဝမ်းထဲမှာထား"

ဌာနာပိုင်သည် ဦးမောင်ကြီး၏ စိတ်ကောင်းရှိမှုနှင့် ရိုးသားမှုကို နားလည်သူဖြစ်သည်။ နောက် တစ်ကြောင်းသည် ဦးဘကြိုင်၏ စိတ်ထား သဘောထား ပြောင်းလဲခြင်းပင်ဖြစ်သည်။ အရေးကြီးလျှင် သွေးနီးရာ ကြက်သီးထ ကြသည်။

"ကျေးဇူး အင်မတန်တင်ပါတယ် ဌာနာပိုင်ကြီးရယ်"

ဦးမောင်ကြီးက ဦးဘကြိုင်အား တအံ့တသြ ကြည့်ရင်းမှ ဆိုသည်။

"ကျေးဇူးတွေ ဘာတွေ လုပ်မနေစမ်းနဲ့ဗျာ။ ခင်ဗျားလဲ ဗမာ၊ ကျုပ်လဲဗမာ မဟုတ်လား။ အရေးရယ် အကြောင်းရယ်ဆိုရင် ကျုပ်တို့ဟာ သွေးမကွဲဖို့လိုတယ်။ တစ်ယောက်ကို တစ်ယောက်ငဲ့ကွက်ရမယ်။ ဘယ်သူ့ ကြောင့်မှ ဘယ်သူဟာ ဓားစာခံ မဖြစ်စေရဘူး။ ကဲ ကဲ ဒါဘဲဗျာ။ သွားတော့ သွားတော့"

စကားအဆုံးတွင် ဦးဘကြိုင်သည် ဦးမောင်ကြီးပခုံးကို တစ်ချက်ပုတ်လျက် ထိုနေရာမှ လှည့်ထွက် သွားသည်။ မကြာမီ မော်တော်သည် ငါးလိုက်ချောင်းအနီးမှ ခုတ်မောင်းထွက်ခွာသွားသည်။ ဌာနာပိုင်သည် မော်တော်ထွက်ခွာလာသည့်တိုင် အတွေးတစ်စုံတစ်ရာဖြင့် ငြိမ်ဆိတ်လာသည်။

အင်္ဂလိပ်အစိုးရဟာ ပြေးရမှာဘဲ။

အင်္ဂလိပ်အစိုးရဟာ ပြေးရမှာဘဲ။

(၈)

နောက် ၂ ရက်ခန့်အကြာတွင် ပုလဲမိခင်ဒေါ်လုံးသည် အိပ်ရာထဲ ဘုံးဘုံး လဲလေသည်။ အဖွားကြီး မမာနေသည်မှာတော့ ကြာပြီဖြစ်သည်။ သို့ရာတွင် မက်တတ်က တရှောင်ရှောင် မမာနေခြင်းသာ ဖြစ်သည်။ ယခုတော့ ဝေဒနာဖောက်လာသည်။ တမြန်နေ့က ကျရောက်သော မိုးသက်လေပြင်းသည် အဖွားကြီးအား ဖိစီး နှိပ်စက်စပြုသည်။ နောက်တစ်ကြောင်းမှာ အဖွားသည် သမီးအတွက် စိတ်ဓါတ်များ ချောက်ချောက် ချားချား ဖြစ်ခဲ့သည်။

လွန်ခဲ့သော ငါးနှစ်ခန့်က မိုးသက်မုန်တိုင်း ကျဖူးသည်။ ထိုမုန်တိုင်းဒဏ်ကြောင့် လူတွေ၊ အိမ်တွေ၊ ကျွဲနွား တိရစ္ဆာန်တွေ မြစ်ရေထဲ မျောပါခဲ့သည်။ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးသော ကြောက်ခမန်းလိလိ မုန်တိုင်း ဖြစ်သည်။ လူအသေအပျောက်လည်း အတော်ကလေး များပြားခဲ့သည်။

ဒေါ်လုံးသည် ထိုအခါမှစ၍ ရောဂါဝေဒနာ စွဲကပ်ခဲ့ခြင်းဖြစ်သည်။ ကြောက်စရာ၊ လန့်စရာ၊ စိတ် အားငယ်စရာများနှင့် ကြုံရလျှင် ဝေဒနာဟောင်းက ပြန်လည်မွေးဖွားလာတတ်သည်။

ဝေဒနာဖောက်သည်ဟု ဆိုလျှင်ပင် အသက်ငါးဆယ်ကျော်နေသော အဖွားကြီး သည် အိပ်ယာထက် ဘုံးဘုံးလဲသည်။ ထုံးစံအတိုင်း ရောက်တတ်ရာရာ စကားတွေကို တတွတ်တွတ်ပြောသည်။ အဖွားကြီးသည် မွန်အမျိုးသမီးကြီး တစ်ယောက်ဖြစ်သောကြောင့် ဗမာစကားချည်းမဟုတ်၊ မွန်စကားလည်း ပြောသည်။ တစ်ခါ တစ်ခါတော့ ကလေးငယ်တစ်ယောက်လို ကြုံကြုံပါအောင် ငိုပါလေတော့သည်။

"သမီး သမီး။ လာစမ်း လာစမ်း။ အမေ့ဆီကို ခပ်မြန်မြန်လာစမ်း"

အဖွားကြီးသည် အိပ်ယာမှနေလျက် သမီးအား ကယောင်ကတမ်း အော်ဟစ်ခေါ်သည်။ အဖွားကြီး အသံမှာ ကျယ်ကျယ်ပြန့်ပြန့်ကြီးမဟုတ်။ ချည့်ချည့်နွမ်းနွမ်း ဖြစ်သည်။

ပုလဲသည် ပိုက်ငယ်တစ်ထည်ကို ထိုးနေရာမှ အုပ်စီနှင့်ဂျပ်ကို ချကာ သူ့အမေအိပ်ယာသို့ ကမန်း ကတန်း ထလာသည်။

"အမေ အမေ။ ဘာလိုချင်လို့လဲအမေ။ အမေ ဘာလုပ်ချင်သလဲအမေ။ ရေသောက်မလား အမေ"

သူ့မိခင်ဘေးတွင် ပုလဲထိုင်ချလိုက်သည်။ ပြီးလျှင် သူ့အမေရင်ဘတ်ကို လက်တစ်ဖက်ဖြင့် အသာအယာ ဖိကပ်ထားသည်။

"အမေ ရေသောက်မလားအမေ"

သူ့အမေက ခေါင်းညိတ်သည်။

သူမက အိပ်ယာဘေးရှိ အိုးငယ်ထဲမှ ရေအနည်းငယ်ကို ခပ်သည်။ ထို့နောက် သူ့အမေ ခေါင်းအောက်သို့ လက်တစ်ဖက် လျှိုသွင်းကာ ငြင်သာစွာ မ ပြီးနောက် ရေခွက်ကို နှုတ်ခမ်းသို့ တေ့ပေး လိုက်သည်။ အဖွားကြီးက ရေအနည်းငယ် သောက်သည်။ သမီး၏ လက်တစ်ဖက်ကို မလွှတ်ဘဲ ဆုပ်ကိုင် ထားသည်။ သူ့အမေ စကားပြောလိမ့်မည်ဖြစ်ကြောင်း ချက်ချင်းပင် ပုလဲနားလည်လိုက်သည်။ သူမအနေနှင့် တော့ အမေစကား မပြောစေချင်။ ဒါပေမယ့် သူတားမြစ်၍ ရလိမ့်မည်မဟုတ်။ အမေက စိတ်ဆောင်သည်။ စိတ်ကြီးသည်။ လုပ်ချင်တာ လုပ်ရမှ။ ပြောချင်လျှင် ပြောရမှ။ ဒါမှအမေ ကျေနပ်လေသည်။

"သမီး သမီး။ သမီးဟာ တကယ်တော့ မိန်းမချောကလေးတစ်ယောက်။ အမေတို့ စက္ကော့တစ်ရွာလုံးမှာ သမီးလိုမိန်းခလေးမျိုး တစ်ယောက်မှမရှိဘူး။ သမီးမျက်လုံး ကလေးတွေဟာ လှသလို သမီးမျက်ခုံးကလေးလဲ လှတယ်။ သမီးသွားကလေး တွေဟာ တကယ့်ပုလဲကလေးတွေဘဲ။ သမီးမျက်နှာ ကလေးဟာ အမေတို့ ငယ်ငယ်က ကြည့်ဖူးတဲ့ ရုပ်သေးမင်းသမီး အရုပ်ကလေးအတိုင်းပဲ။ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိဘူး"

ပုလဲက သူ့အမေမျက်နှာကို အငိုင်သား ငေးကြည့်နေမိသည်။ အမေဘာတွေပြော နေပါလိမ့်။ ဘာ သဘောနဲ့ ပြောတာပါလိမ့်။ ငါ့အဖြစ်တွေကို အမေဟာ ရိပ်များရိပ်မိလေသလား။

"သမီးအဖေဟာ အသက်ထွက်ခါနီးအထိ သမီးအတွက် စိတ်မချရှာဘူး။ သေတာ တောင် အသေမဖြောင့် ရှာဘူး။ အမေလဲ ဒီအတိုင်းဘဲ ဖြစ်မှာပဲ။ သမီးအတွက် အမေစိုးရိမ်တယ်။ ခုနေများ အမေသေသွားရင် သမီးဟာ သောင်ပြင်လွှတ်တဲ့ ခွေးလိုဖြစ်မယ်။ တစ်ရွာလုံးက နိုင့်ထက်စီးနင်း လုပ်ချင်ကြမယ်"

"နိုင့်ထက်စီးနင်း ဟုတ်လား အမေ"

ဘာရယ်တော့မဟုတ်။ စိတ်နောက်ကိုယ်ပါ ပုလဲ လွှတ်ကနဲ မေးလိုက်မိသည်။ ပြီးမှသူ့အမှားကို သတိ ပြုမိသည်။ ခုလိုအခြေအနေမျိုးတွင် အမေ့ရှေ့၌ သိုသိုသိပ်သိပ်နှင့် ထိန်းထိန်းသိမ်းသိမ်း နေခြင်းက အကောင်းဆုံးဟု ပုလဲ ယူဆသည်။

"ဟုတ်တယ်သမီး။ ဆွေရယ်မျိုးရယ် မရှိမှဖြင့် လူတိုင်းက အထင်သေးချင်တယ်။ လူတိုင်းက နှိပ်စက် ချင်တယ်။ သမီးလို မဟုတ်မခံစိတ်ဓါတ်ရှိတဲ့ မိန်းခလေးဟာ ပိုဆိုးတာပေါ့။ အမေ မရှိတဲ့အချိန်မှာဆိုရင် သမီးမှာ အားကိုးရာ အားကိုးကြောင်းလဲ မရှိတော့ဘူး။ တိုင်ပင်ဖော် တိုင်ပင်ဖက်လဲ မရှိတော့ဘူး"

"အို အမေရယ်။ အမေ ဘာတွေပြောနေတာလဲ အမေ။ အမေဘာမှ မဖြစ်နိုင်ပါဘူး အမေ။ ဘာမှ မဖြစ်နိုင်ပါဘူး"

ပုလဲက အထိတ်တလန့် လွှတ်ကနဲ ပြောပြန်သည်။ အမေ့စကား အဓိပ္ပါယ်သည် သူမအဖို့ စိတ်အားငယ် စရာနှင့် စိုးရိမ်စရာများ ပါကလားဟု ပုလဲတွေးမိသည်။

သူ့အမေသည် အချိန်အတန်ကြာ စကားမပြောနေပြန်သည်။ ဆုပ်ထားသော လက်ကိုတော့ မလွှတ်။ အားရှိသမျှ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ ဒါပေမယ့် သူ့အမေတွင် တကယ်တမ်း ပြောပလောက်အောင် အင်အားမရှိတော့ ကြောင်း ပုလဲသိသည်။

သားအမိနှစ်ယောက်လုံး စကားမဟသည့်အခါ အိမ်ငယ်မှာ ငြိမ်ဆိတ်နေသည်။ လေတိုး လေတိုက်လျှင် အိမ်ငယ်၏ ဘေးဘီဝန်းကျင်ရှိ သစ်ပင်ကြီးငယ်များက တဖျတ်ဖျတ် အသံပြုသည်။

"ဆန်ပြုတ်ကလေး နည်းနည်းသောက်လိုက်ပါလား အမေ"

အတန်ကြာငြိမ်သက်နေပြီးမှ ပုလဲကပြောသည်။ သူ့မမိခင်သည် ဆန်ပြုတ် ကလေးအနည်း အကျဉ်း သောက်လိုက်လျှင် အတော်အတန် အင်အားပြည့်ဖြိုး လာလိမ့်မည်ဟု ပုလဲထင်သည်။ အဖွားကြီးသည် မနေ့ကတည်းက အစာဆို၍ လုံးဝမစား။

အဖွားကြီးသည် သမီး၏အမေးကို မဖြေဘဲ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ သို့သော်သည်တစ်ကြိမ် ငြိမ်သက်ပုံမှာ စောစောကထက် အလေးအနက်ရှိသည်။ တစ်စုံတစ်ရာကို စိတ်အားထက်သန်စွာ ပြောမည့်ဟန်ဖြစ်သည်။

"အရွယ်ရောက်လာတဲ့ မိန်းခလေးတစ်ယောက်ဟာ ကိုယ့်ဘဝခရီးလမ်းကို ရဲရဲဝံ့ဝံ့ လျှောက်ရမှာဘဲ။ အကောင်းနဲ့ အဆိုးကို ကိုယ်ဉာဏ်နဲ့ကိုယ် ရွေးချယ် ရမှာဘဲ။ မိတ်ဆွေနဲ့ ရန်သူကို ကိုယ့်ဟာကိုယ် ခွဲခြားတတ်ရမှာဘဲ"

အဖွားကြီးက ပြောလေသည်။

အဖွားကြီးသည် မာချာစဉ် အခါကပင် အင်မတန်စကားပြောသော အဖွားကြီးဖြစ်သည်။ သမီး၏ စိတ်နေသဘောထားကိုလည်း အဖွားကြီးက သိလေသည်။ သမီးသည် လင်ယောကျ်ားမလိုချင်။ သခင် တစ်ခု လင်တစ်ခု အလုပ်ကို စိတ်မဝင်စား။ အပျိုကြီးဘဝနှင့် အရိုးထုတ်မည့်အစားထဲက။

"ပုလိပ်တွေဟာ သမီးကိုခေါ်ဦးမှာလား။ နောက်ထပ်ပြီး မေးလားမြန်းလား လုပ်ဦး မှာလား။ စစ်လား ဆေးလား လုပ်ဦးမှာလား။ သမီးဘယ်လိုထင်သလဲ သမီး"

အဖွားကြီးက ထိုစကားကို ကောက်ကာငင်ကာ မေးသည်။ အဖွားကြီး အသံသည် အတန်ငယ် တင်းမာနေသည်။ သမီးအား ထိုအမေးကို မေးသည့်အခါ မျက်လုံးကို မှိတ်ထားသည်။ အဖြူရောင် ဖောက်နေသော မျက်ခုံးကို ကြုံ့ထားသည်။ တကယ်ဆိုတော့ အဖွားကြီးသည် အင်မတန် ပါးရည် နပ်ရည်ရှိသည်။ ရေကူးညာ တင် စကားမျိုးကို အဖွားကြီးပြောခြင်းဖြစ်သည်။

သမီးနှင့် ပတ်သက်သော ကိစ္စသည် အဖွားကြီး၏ ရင်တွင်း၌ မတင်မကျ ဖြစ်နေဟန်တူသည်။ သူ့ သမီးအား ပုလိပ်ဘက်က မေးဟယ်မြန်းဟယ် လုပ်ဦးမှာလား။ ဖမ်းလားဆီးလား လုပ်ဦးမှာလား။ အစိုးရနှင့် ပုလိပ်ဆိုသည်မှာ တောထဲကကျားနှင့် ရေထဲကမိကျောင်းထက် ကြောက်စရာကောင်းသော သတ္တဝါမျိုးဟု အဖွားကြီး ယူဆသည်။

"ကျမနဲ့ ဘာဆိုင်လို့တုန်း အမေ။ မေးစရာရှိ မေးပါစေ။ စစ်စရာရှိ စစ်ပါစေ။ ကျမ မသိတာ မသိဘူးပေါ့"

"ရွာသူကြီးတွေ၊ ဆယ်အိမ်ခေါင်းတွေကရော။ မေးကြမြန်းကြဦးမှာလား"

"ဘာဆိုင်တုန်းအမေ။ မေးလဲမေးပါစေပေါ့။ ကျမ မသိဘူးဘဲ"

ပုလဲကပြောသည်။ ပြီးလျှင် နောက်စကားကို ချက်ချင်းထပ်ဆက်သည်။

"ဒီကိစ္စကြီးကို အမေ့စိတ်ထဲ စွဲလမ်းမနေစမ်းပါနဲ့ အမေရယ်။ အမေ့ကိုယ်ကို အမေ နေကောင်းအောင် နေစမ်းပါ။ ဒီကိစ္စသမီးနဲ့ နည်းနည်းမှ မပတ်သက်ဘူး"

"အစိုးရဥပဒေနဲ့ ငြိစွန်းတဲ့ အလုပ်တစ်ခုခုမှာ သမီးမပါဝင်ဘူးပေါ့နော်။ ဟုတ်လား သမီး"

အဖွားကြီးက စိုးရိမ်သောက ကြီးစွာဖြင့် ထပ်တလဲလဲ မေးလေသည်။

"ခက်ပါလား အမေရယ်။ သမီးဘာမှ မသိပါဘူးအမေ။ ကဲ အမေ ဆန်ပြုတ်နည်းနည်း သောက်လိုက်နော်။ အမေ့ ဝမ်းထဲမှာ အစာမရှိရင် လေထနေမယ်"

အဖွားကြီးက မျက်လုံးမဖွင့်ဘဲ ခေါင်းဆတ်လေသည်။ ထိုအခါမှ မိခင်အပါးမှ ပုလဲထခဲ့သည်။

သူမက ဆန်ပြုတ်အိုးကို မီးပေါ်တွင် ခပ်သွက်သွက် တင်နွှေးသည်။ ပြီးနောက် သူ့အမေရှိရာသို့ ယူဆောင်လာသည်။ သူ့အမေအား ထူပေးသည်။ ဆန်ပြုတ်ကို ကိုယ်တိုင်တိုက်ကျွေးသည်။ သူ့အမေအား ဆန်ပြုတ်တိုက်နေစဉ် ထွေရာလေးပါး အကြောင်းများသည် သူမခေါင်းထဲသို့ ဝင်ရောက်လာသည်။

ဤသို့ဝင်ရောက်လာသော အကြောင်းများထဲတွင် မောင်ညို့အကြောင်းက ထိပ်ဆုံးမှဖြစ်သည်။ မောင်ညိုအဘယ်ပုံ သေရသည်ကို ခုချိန်ထိ သူတွေးလို့မရ။

တဖန် မောင်ညို့အကြောင်းကို တွေးမိလျှင် ကျောင်းထိုင်ဦးပဍ္ဍင်းအား သတိရမိပြန်သည်။ ယခု ချိန်ထိတော့ သူသည် မတွေ့ကြရသေး။ တကယ်လို့များ တွေ့ကြလျှင် မောင်ညို့ကိစ္စနှင့် ပတ်သက်၍ ဘာတွေများ မေးဦးမြန်းဦးမှာပါလိမ့်။ ပုလဲက တွေးသည်။ ကျောင်းထိုင်ရဟန်းတော်နှင့် တွေ့ရမှာကိုလည်း ပုလဲခပ်ရွံ့ရွံ့ ဖြစ်မိသည်။ နောက်ပြီး ဘာမဆိုင်ညာမဆိုင် ရှင်ဓမ္မဝိလာသပေါ်တွင် အမှုပတ်နေလေမလားဟု ပုလဲစိုးရိမ်မိသည်။ ဆရာတော် ဘာမှုမဖြစ်ပါစေနဲ့၊ ဘေးမသီ ရန်မခပါစေနဲ့ ဟူ၍လည်း ပုလဲဆုတောင်း ရသည်မှာ အမောပင်။

ယခုရက်ထိအောင်တော့ ပုလိပ်ဘက်က လူများသည် သူ့အိမ်ပေါက်သို့ လာလည်းမလာ၊ မေးလည်း မမေး။ သူကြီး၊ ဆယ်အိမ်ခေါင်း စသူများလည်းမလာ မရောက်ကြ။ ထိုအခါ သူမက မိခင်လူမမာကိစ္စကိုသာ ဂရုတစိုက် လုံးပမ်းရလေသည်။ မောင်ညိုသေဆုံးသည့် အဖြစ်ကိုမူ တစ်ရွာလုံးက ခုချိန်ထိ ပြောနေကြဆဲ ရှိလေသည်။

"ရွာကာလသားတွေဟာ သမီးကို ကြိုက်ကြမှာဘဲ။ ပိုးကြပန်းကြမှာဘဲ။ သူတို့ဟာသမီးကို မျက်စိကျ ကြမှာဘဲ။ အသေရရ အရှင်ရရ လိုချင်ကြမှာပဲ။ အေး ဒါပေမယ့် တစ်ခုတော့ရှိတယ်။ လူတွေဟာ သူတို့ လိုချင်တာကို မရပလားဆိုမှဖြင့် ရန်လုပ်တတ်ကြတယ်။ များများလိုချင်လေလေ ကြပ်ကြပ် ရန်လုပ် ခံရလေလေဘဲ"

အဖွားကြီးက ပြောပြန်သည်။ အဖွားကြီးသည် ဆန်ပြုတ်ကို များများစားစား မသောက်နိုင်။ လေးငါး ဇွန်းမျှ သောက်သည်။ အမှန်မှာ သူ့သမီးစိတ်ကောင်းရုံလောက်သာ သောက်ခြင်းဖြစ်လေသည်။

"အို အမေကလဲ အမေရယ်"

ပုလဲက လွှတ်ကနဲ ပြောမိလိုက်ပြန်သည်။

"ဟုတ်တယ်လေ။ ငါက ဟုတ်တာပြောတာဘဲအေ့။ သူတို့ထဲက တစ်ယောက် တစ်လေဟာ ညည်းအတွက် ဆိုရင် အသက်တောင် စွန့်ဝံ့ကြမယ်။ ချစ်ကြပေသကိုး"

ပုလဲသည် သူ့အမေစကားကြောင့် အတော်ပင် အနေအထိုင် ကျဉ်းကျပ်ရသည်။ ခက်များ ခက်ရချည့်ရဲ့။ အမေဟာဘာတွေများ တွေးမိပြီး ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောနေတာပါလိမ့်။ ငါ့အပေါ်မှာ အမေဟာ သံသယ တစ်ခုခု ရှိနေပြီထင်တယ်။ ပုလဲတွေးလိုက်မိသည်။

"အမေပြောတာ သမီး သဘောပေါက်ရဲ့လား"

သူ့အမေက မေးသည်။

"ဘာကိုလဲအမေ"

"အော် သမီးကို ချစ်ကြတယ်၊ ကြိုက်ကြတယ်၊ လိုချင်ကြတယ် ဆိုတာလေ"

"အမေရယ်"

ပုလဲနှုတ်မှ မြည်တမ်းမိသည်။ အမေ့စကားသည် သူမ၏ အတွေးအာရုံကို ပို၍ ကျယ်ပြန့်စေသည်။ ပို၍ နက်ရှိုင်းစေသည်။ ယင်းစကားလုံးများ၏ နောက်ဆက် အဖြစ် အတွေးအတောပေါင်း များစွာက သူမ၏ နှလုံးသား၌ ပြေးဝင်ခိုကပ် လာသည်။

သူတို့အထဲက တစ်ယောက်တစ်လေဟာ ညည်းအတွက်ဆိုရင် အသက်တောင် စွန့်ဝံ့ကြမယ်။ ချစ်ကြပေသကိုး။ ယင်းစကားလုံးများသည် ရေတံလျှောက်မှ စီးဆင်းလာသော ရေအလျင်ကဲ့သို့ ပုလဲ၏ နားတွင်း အပြင်းအထန် ရိုက်ခတ်သည်။

ဟုတ်တာပေါ့အမေ။ သူတို့အထဲက ခုဘဲတစ်ယောက် သေပါပကော။ ပုလဲက ပြောလိုက်ချင်သည်။ သို့ရာတွင် ရင်တွင်း၌ ဖြစ်ပေါ်လာသော စကားလုံးများက အပြင်သို့ ပွင့်ထွက်မလာ။ ထိုစကားကိုသာ ပြောလိုက်ပါက သူ့အမေ လူမမာအား သူသတ်သလို ဖြစ်လိမ့်မည်ဟု ပုလဲတွေးမိသည်။

သူမသည် ဆန်ပြုတ်ပန်းကန်ကို ကမန်းကတန်းယူလျက် မီးဖိုဆောင်ရှိရာသို့ ထခဲ့သည်။ သူ့အမေ အနီးတွင် တာရှည်နေလို့မဖြစ်။ တစ်စုံတစ်ရာကို ပြောမိလေမလား သူထင်သည်။ သို့တိုင် အတွေးအတော တစ်ခုက သူမနောက်သို့ အရိပ်ပမာ လိုက်လာသည်။

သူ့အတွက် မောင်ညို သေရခြင်းလား၊ သူ့အတွက် မောင်ညို သေရခြင်းလား။

ဆန်ပြုတ်ပန်းကန်ကို ကိုင်ရင်းငိုင်နေသည်။ အတွေးမျှင် အတွေးစများသည် သူမအား မလှုပ် သာအောင် ဖွဲ့နှောင်ထားသည်။ ပန်းကန်ထဲမှာ ဆန်ပြုတ်အကြွင်းအကျန်ကို အိုးထဲပြန်ထည့်ရန် သော်လည်းကောင်း၊ သွန်ပစ်ဆေးကြောရန်သော်လည်းကောင်း ဘာတစ်ခုမျှ မလုပ်မိ။ ငိုင်ငိုင်တွေတွေ ဖြစ်နေသည်။

သူဟာငါ့ကို အင်မတန်ချစ်လို့ ဒီလိုလုပ်တာလား။ မူးမူးရူးရူးနဲ့ နမချင်းမစာမနာ စော်ကားအနိုင်ကျင့်တာလား။ မိန်းမတစ်ယောက်က ချစ်အောင်သနားအောင် ပြောနိုင်တဲ့အစွမ်းအစ သူ့မှာ မရှိဘူးလား။ မိန်းမသား တစ်ယောက်က အားကိုးလောက်အောင် ယုံကြည်စိတ်ချလောက်အောင် လုပ်ကိုင်ပြနိုင်တဲ့ အစွမ်းအစကော သူ့မှာ မရှိတော့ဘူးလား။

သူဟာနေ့စဉ်နဲ့အမျှ လိုင်းကြမ်းလေကြမ်းထဲမှာ အားစွမ်းထုတ်ပြီး မမောနိုင် မပန်းနိုင် သမ္မန်ခတ် သလို မိန်းမတစ်ယောက်ရဲ့မေတ္တာကို ဖွဲကောင်းကောင်းနဲ့ အနစ်နာခံပြီး အသာတကြည်နဲ့ ရအောင် မလုပ်တတ်ဖူးလား။ အဖေဟာ အမေ့ကိုရအောင် ဒီလိုနည်းနဲ့ လုပ်ခဲ့သလား။ ယောကျ်ားတိုင်း ယောကျ်ားတိုင်းဟာကော မိန်းမတစ်ယောက် တစ်ယောက်ကို ရအောင် ဒီလိုနည်းနဲ့ လုပ်ယူတာလား။

မောင်ညိုနှင့် ပတ်သက်သော အတွေးများသည် တလိမ့်လိမ့်တအိအိ ပြိုဆင်းလာသော လှိုင်းလုံးကြီးများပမာ ပုလဲခေါင်းထဲသို့ အားနှင့်အင်နှင့် ဝင်ရောက်လာသည်။

ထိုအခါ မောင်ညို့မျက်နှာကို ပုလဲမြင်သည်။ မောင်ညို့အသံကို ပုလဲကြားသည်။ ခတ်တက်ဆွဲပုံ၊ အားစွမ်းထက်ပုံ၊ လှံ့လပြုပုံ၊ တက်ကြွပုံ၊ ဖျတ်လတ်ပုံ၊ လှုပ်ရှားပုံ၊ တစ်ခုပြီးတစ်ခု၊ တစ်ကွက်ပြီး တစ်ကွက်။

ဤတွင်မောင်ညို့အပေါ် သနားသလိုလိုတော့ ဖြစ်မိသည်။ စိတ်မကောင်း သလိုလည်း ဖြစ်မိ ပြန်သည်။ ယခုအချိန် ယခုအခါတွင် မောင်ညိုတစ်ယောက် လူ့လောက၌ မရှိတော့ပါကလား၊ လူ့အသက် တစ်ချောင်း ပါကလား ဟူ၍လည်း အလေးအနက် အမှတ်ပြုလိုက်မိသည်။ ထိုအသိစိတ်ကြောင့်ပင် သူမ တစ်ကိုယ်လုံး သိမ့်သိမ့်ခါ တုန်လှုပ်ရသည်။

ထိုအခိုက် သူ့အမေလူမမာက စကားလှမ်းပြောသည်။

"ညည်းအဖေဟာ အမေ့ကို လူပျိုလှည့်တော့ အရက်တွေ သောက်သောက် လာတယ်။ အမေသိပ်စိတ်ဆိုးတာဘဲ။ သူ့ကိုမေးကြည့်တော့ ချစ်လွန်းလို့ ရဲဆေးတင်လာတာတဲ့"

"ဟင် ဟုတ်လား အမေ"

ပခုံးကို တစ်စုံတစ်ယောက်က ဆွဲလှည့်လိုက်သလို ပုလဲသည် သူမ မိခင်ဘက်သို့ ဆက်ကနဲ ကြည့်လိုက်သည်။

"ဒါနဲ့ နောက်တော့ အဘဟာ အရက်တွေ သောက်ရောလားအမေ" ဟုလည်း မေးလိုက်သည်။

သူမမိခင်သည် အတန်ကြာ စကားမပြန်ဘဲ ငြိမ်ဆိတ်နေသည်။ အဖွားကြီးသည် မျက်လုံးကို မှိတ်ထားပြန်သည်။ အသက်ကို မှန်မှန်ရှူသည်။ အဖွားကြီးသည် သူ့သမီးနှင့် ပတ်သက်သော ရှေ့ရေး ရှေ့ကြောင်းများကို အလေးအနက် တွေးနေဟန်ရှိသည်။

ဟိုစဉ်အခါကမူ အဖွားကြီးသည် သူ့သမီးပြောသမျှ ဆိုသမျှကို လိုသမျှကို ဘာမဆို ကျေနပ်ခဲ့သည်။ ယခုလည်း မကျေနပ်လို့တော့မဟုတ်။ သို့ရာတွင် သူ့ရောဂါဝေဒနာနှင့် သူ့ကိုယ်သူ ကောင်းစွာနားလည်လာသောကြောင့် ဖြစ်သည်။ လူ့ဘဝတွင် အထီးတည်း ကျန်ရစ်မည့် သမီးအား ပြောသင့်သည့် စကားများကို ပြောလိုသေးသည်။ သူဖြတ်သန်းလာခဲ့ရသော ဘဝ၏ သုခ၊ ဒုက္ခကလေးများကိုလည်း အဖွားကြီးက ပြန်လည်ကာ အမှတ်ထင်ချင်သေးသည်။

"ဒီလိုတော့ ဘယ်ဟုတ်မလဲ။ နောက်တော့ အလုပ်သိပ်ပင်ပန်းလာပလား ဆိုမှဖြင့် နဲနဲပါးပါး သောက်ပါဆိုပြီး အမေကိုယ်တိုင်က တိုက်တွန်းရတယ်"

တအောင့်တဖြုတ်နေပြီးမှ အဖွားကြီးက စကားဆက်သည်။

အဖွားကြီး၏ ထိုစကားများကလည်း ပုလဲအဖို့ အတွေးကြွယ်ရပြန်သည်။ မြောက်များစွာသော အတွေးအတောများသည် ပုလဲရင်ထဲတွင် ပြည့်ကျပ် လာသည်။ သို့ရာတွင် ယတိပြတ်ဟူ၍တော့ ဘာတစ်ခုမျှမရှိ။ ဟိုစစ ဒီစစ၊ ဟိုဟာတို့တိ၊ ဒီဟာတို့တိ။

ထိုအခိုက်

"ဆွမ်းတော်ကြွလာပီခင်ဗျ"ဟူသော ကျောင်းသားလူငယ်၏ စူးရှသောအသံကို လမ်းပေါ်မှ ကြားလိုက်ရသည်။

"ဟဲ့ သမီး၊ ဦးဇင်းကြွလာပြီ။ ဆွမ်းကလေးများ လောင်းဦး။ ဆွမ်းမလောင်းရတာ နှစ်ရက်သုံးရက် ရှိနေပြီ ထင်တယ်"

သူ့အမေက လှမ်းပြောသည်။ ပုလဲ တုန်နိုက်သွားသည်။ ဆွမ်းလောင်းလျှင် ရှင်ဓမ္မဝိလာသနှင့် ရင်ဆိုင်ရတော့မှာပါကလား ဟူသောအသိသည် သူမအား အထိတ်တလန့် ဖြစ်စေသည်။ ဦးပဉ္ဇင်းအား ပုလဲမကြည့်ရဲ။ မောင်ညို့ကိစ္စကို အမေးအမြန်း ပြုလိမ့်မည်ဟု ပုလဲထင်သည်။

"တစ်ဖွန်းတစ်ယောက်မ တတ်နိုင်သမျှလောင်းပါ။ လှူပါ သမီးရယ်။ အမေတို့ရွာမှာ ဦးဇင်းရှိနေလို့ တံငါတစ်ယောက် သေသွားရင် သရဏဂုံတင်ရ သေးတာ"

အဖွားကြီးကပြောပြန်သည်။

ပုလဲသည် ဆွမ်းတစ်ယောက်မကို ခပ်မြန်မြန်ခူးသည်။ ရေးကြီးသုတ်ပျာနှင့် မီးဖိုထဲမှ သူထွက်ခိုက် ဦးပဉ္ဇင်းသည် အိမ်ငယ်ထက်သို့ ကြွမြန်းလာလေသည်။

စင်စစ်ရွာငယ်အတွင်းသို့ ရှင်ဓမ္မဝိလာသ ဆွမ်းခံကြွသည့်အခါ လမ်းပေါ်သို့ ထွက်၍လောင်း ကြရခြင်း ဖြစ်၏။ သည်နေ့ကား ဦးပဉ္ဇင်းသည် ပုလဲမိခင် လူမမာအား သတင်မေးမြန်းလို၍ အိမ်ငယ်ထက်သို့ ကြွမြန်းလာ ခြင်း ဖြစ်သည်။

သူမသည် ဆွမ်းပန်းကန်ကို တစ်နေရာတွင် ထားကာ အဆောတလျင်နှင့် ပခုံးထက်သို့ အဝတ်ပိုင်းတစ်ခုကို တင်လိုက်ပြီး အိမ်ငယ်ခေါင်းရင်းတွင် ဖျာငယ် တစ်ချပ်ကို ခင်းလေသည်။

"ဒါယိကာမကြီး။ အတော်နေမကောင်းရှာဘဲကိုး"

ဦးပဋ္ဌင်းက စကားစလေသည်။

"မှန်လှပါ။ တပည့်တော်မ ဝေဒနာဟာ တစ်နေ့တစ်ခြား ဆိုးရွားလာပါတယ်။ တစ်ခါတစ်ခါတော့ အမောကြီး မောပါတယ်။ အဲသလိုဖြစ်ပြီးရင် တပည့်တော်မ ဝိုချင်တော့တာဘဲ။ တပည့်တော်မ တစ်ကိုယ်လုံးဟာ ပူချင်တဲ့အခါ မီးထတောက် မတတ် ပူပြီး အေးချင်ပြန်တော့လဲ ကိုယ်ထဲက ရေထွက်လာမလားလို့ အောက်မေ့ရပါတယ် ဘုရား"

အဖွားကြီးသည် ပက်လက်ကလေးနေရာမှ သူ့ကိုယ်ကို တစ်စောင်းပြုလိုက်သည်။ ပြီးလျှင် လက်နှစ်ဖက်ကို နဖူးထက်ရှက်ကာ လျှောက်ထားသည်။

ဦးပဋ္ဌင်းသည် အဖွားကြီးအား အတန်ကြာ စူးစိုက်ကြည့်သည်။ ထိုအခိုက် ပုလဲသည် ဦးပဋ္ဌင်းအား ဝတ်ဖြည့်ရင်း အရဲစွန့်လျက် မျက်လွှာကို တစ်ချက် ဝင့်ကြည့်လေသည်။

တည်ကြည်ငြိမ်သက်ခြင်းနှင့် အေးမြငြိမ်းချမ်းခြင်းသည် ရဟန်းတော်၏ မျက်နှာပြင်၌ ပေါ်လွင် နေသည်။ ဂရုဏာ၏ အငွေ့အသက်တို့သည် ရဟန်းတော်၏ အသွင်၌ ပြည့်လျှမ်းနေသည်။ ဦးပဋ္ဌင်း၏ မျက်လုံး အကြည့်သည် လူမမာဆီသို့ ရောက်နေသည်။ တစ်ဦးတစ်ယောက်အပေါ်၌ တစ်စုံတစ်ရာ သံသယရှိဟန် စူးစမ်းလိုဟန် ဟူ၍ကား စိုးစဉ်းသော်မျှ မတွေ့ရ။

အတန်ငယ်ရှိသည့်အခါ ဦးပဋ္ဌင်းသည် လူမမာအဖွားကြီးအား တရားဓမ္မ အနည်းငယ်ကို ဟောကြား သည်။

ရဟန်းတော်သည် မမြဲသောရုပ်တို့၏ ဆင်းရဲကိုဟော၏။ ဖောက်ပြန်သော သဘောကို ဟော၏။ ငါပေတည်း၊ ငါပိုင်တည်း၊ ငါ၏ ကိုယ်စီးကိုယ်ပိုင်တည်း ဟူ၍ စွဲလန်းထင်မှားခြင်းငှာ မသင့်လျော် မလျှောက်ပတ်ဟု အကြောင်းနှင့် အကျိုးကို ဟော၏။

ခန္ဓာငါးပါး၌ ပိုင်စိုးသော အတ္တဟူသည် မရှိနိုင်။ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်ပြောင်းလဲမှု၊ သိမှု။ ယင်းသဘော အားလုံးသည် မြဲလည်းမမြဲ၊ ပိုင်လည်း မပိုင်။ ဘာတစ်ခုမျှ သဘောကျ ဖြစ်မလာ။ ထို့ကြောင့် ငါပိုင် တည်းဟု စွဲလမ်းစရာတကျာလည်း မဖြစ်ထိုက်။ ငါပေတည်းဟု ထင်မှတ်ရန် မာနလည်း မရှိထိုက်။

ငါပေတည်း၊ ငါပိုင်တည်းဟု ထင်မှတ်စွဲလမ်းခြင်းဖြင့် အလှမာန်၊ နေမာန်၊ ပညာမာန်၊ အရွယ်မာန် တတ်ကြွနေသော်လည်း နောက်ဆုံးအနိစ္စသာဖြစ်သည်။ အဖြစ်သဘောနှင့် အပျက်သဘောဆောင်နေသော အနတ္တ ရုပ်သာဖြစ်ကြောင်း ဟောကြားလေသည်။

တရားဆုံးသည့်အခါ အဖွားကြီးသည် မျက်လုံးကို မှိတ်ထားရာမှ သာဓု သာဓု သာဓုဟု တီးတိုး ငြင်သာ ဆိုလေသည်။ အဖွားကြီးသည် ခဏချိန်ထိ နဖူးထက်တွင် လက်အုပ်ချီထားတုန်း။

တရားကိစ္စပြီးသည့်အခါ ပုလဲသည် သပိတ်ထဲသို့ဆွမ်းကို လောင်းလှူခြင်းပြု လေသည်။

"မိခင်လူမမာကို ဂရုစိုက်ရမယ် မိန်းခလေး"

"မှန်လှပါ ဘုရား"

ပုလဲအသံက တုန်ယင်နေသည်။ မကြာမီ ဦးပဋ္ဌင်းသည် အိမ်ငယ်ထက်မှ ဆင်းသက်ကြွမြန်း သွားလေသည်။

ပုလဲ၏ရင်ထဲတွင် တစ်မျိုးကြီးဖြစ်ကျန်ခဲ့သည်။ ထိုင်ရာမှထ ဦးပဋ္ဌင်း၏ နောက်ပိုင်းကို အတန်ကြာအောင် ငေးကြည့်နေမိသည်။ ဆွမ်းတော်ကြွလာပြီ ခင်ဗျ ဟူသော အသံစူးစူးကလေးသည် သူမနှင့် တဖြည်းဖြည်း ဝေးဝေး သွားသည်။ တောက်ပရွှန်းလဲ့သော သူမ၏မျက်လုံးအိမ်တွင် မျက်ရည်များ ဝိုင်းရစ် နေသည်။

အဖွားကြီးသည် မျက်လုံးကို မှိတ်ထားဆဲ။ အသက်ကို မှန်မှန်ရှူရဆဲ။ နဖူးထက် လက်အုပ်ချီဆဲ။

အိမ်ငယ်တစ်အိမ်လုံး ငြိမ်သက်နေဆဲ။

## (၉)

ထိုနေ့သည် လကွယ်အဖိတ်နေ့ည ဖြစ်သည်။

ရွာဘုန်းကြီးကျောင်း ပရဝုဏ်တွင်း၌ ကာလသား တစ်သိုက်သည် အိုးကြီးအိုးငယ်များဖြင့် ဟင်းကျွေးဟင်းလျာများကို တရုန်းရုန်း ချက်ပြုတ် နေကြသည်။

မနက်ဖြန်သည် လကွယ်ဥပုသ်နှင့် ကူးတို့သမား မောင်ညိုအတွက် ရက်လည် ဆွမ်းသွတ်မည့်နေ့ ဖြစ်သည်။ ရေတိမ်တွင် နစ်ရှာသော မောင်ညို့အတွက် ကူးတို့သူကြီး ဦးလာဘက ကမကထပြုကာ စီစဉ်ခြင်းဖြစ်သည်။

မောင်ညို့ရက်လည်ဆွမ်းအတွက် ဦးလာဘက ငွေကြေးမတည်သည်။ တစ်ရွာလုံးရှိ အိမ်တိုင်းအိမ်တိုင်းကလည်း တတ်နိုင်သလောက် ထည့်ဝင်ကြသည်။ ပုလဲသည် အမေ့ကောင်းမှုဟုဆိုကာ ဆန်တစ်ခွက်နှင့် ပိုက်ဆံတစ်မတ် ထည့်လိုက်သည်။

စက္ကော့ရွာငယ်တွင် ရှင်ဓမ္မဝိလာသ ကျောင်းထိုင်သည့် အချိန်မှစတင်လျက် အစဉ်အလာတစ်ခုထားကြသည်။ ရွာသူရွာသားများသည် လပြည့်လကွယ်နေ့ များ၌ ငါးဖမ်း သားဖမ်းအလုပ်နှင့် ပိုက်ထိုးကွန်ထိုး အလုပ်ကို ရပ်နားထားခြင်းပင် ဖြစ်လေသည်။ ထိုအခါ လူကြီးများသည် ကျောင်းဇရပ်တွင် စုဝေးခြင်း ပြုကြသည်။ ဥပုသ်သီလ ဆောက်တည်ကြသည်။ ဦးပဥ္စင်း၏ တရားအဆုံးအမ၌ နာယူပွားများကြသည်။ ထိုနေ့သည် သူတို့တံငါရွာသူ ရွာသားများအဖို့ အပယ်တံခါးပိတ်သည့်နေ့ဟု အားလုံးက အသိအမှတ်ပြုထားကြသည်။

"ဟော့ မင်းတို့လူစုထဲမှာ လှကွန့်တစ်ယောက် မမြင်ပါကလားကွ။ ဒီကောင် ဘယ်များ ရောက်နေပြန်ပါလိမ့်"

ဆယ်အိမ်ခေါင်းဦးဗလက မီးဖိုနှစ်ဖိုဘေးတွင် တရုန်းရုန်း ချက်ပြုတ်လုပ်ကိုင် နေသော ကာလသား တစ်သိုက် ရှိရာသို့ လှမ်းမေးသည်။

"လှကွန့်လား။ ဒီသခင်ပေါက်စဟာ သူ့ထုံးစံအတိုင်းပေ့ါဗျာ။ နေ့လည်က ထင်းခွဲပေးပြီး ညောင်တုန်းဘက် ခဏ ဆို သွားလိုက်တာ ခုထိပြန်မလာပါဘူးဗျာ"

ကာလသားခေါင်း စံတုတ်ကပြောသည်။ ကာလသားခေါင်းသည် သူ့လူများအား စီမံခန့်ခွဲရင်း ရွာသားလေးငါးယောက်နှင့်အတူ ဇရပ်လှေကားရင်း ဖိနပ်ချွတ်တစ်နေရာ၌ ရေနွေးကြမ်းတစ်အိုးနှင့် ရှိနေသည်။

"ဒီကောင်ဟာ သခင်ပေါက်စ ထောက်ခြောက်လ ဆိုတဲ့ အကောင်ဗျ။ ညောင်တုန်းက သခင်ချမ်းငြိမ်းအိမ်ကို တစ်နေ့ မသွားရရင် မနေနိုင်ဘူးလေ"

မီးဖိုအနီးမှ တစ်ယောက်သော ကာလသားကလှမ်းပြောသည်။

"မလုပ်ပါနဲ့ကွာ။ ထောင်ခြောက်လတော့ မကျပါစေနဲ့။ သူ့ခမျာသခင် ဖြစ်ချင်လွန်းလို့ သခင် အစည်းအရုံးထဲကို ပိုက်ဆံတစ်မတ်ပေးပြီး မရမက ဝင်ထားရတာပါ။ ဒါတောင် သူ့မှာ သခင်ရယ်လို့နံမည် အတိအကျ မတပ်ရ သေးဘူး။ ငါသိသလောက်တော့ ညောင်တုန်းက သခင်တွေက သူ့ကို "ဖိုးမှတ်၊ ဖိုးမှတ်" လို့ ခေါ်ကြတယ်။ သခင်တွေ တရားပွဲလုပ်ပလားဆိုမှဖြင့် သူက မြို့ထဲရွာထဲလျှောက်ပြီး အော်ရပာစ်ရတယ်။ နောက်တော့ သောက်ရေ ခပ်ခိုင်းတာတို့၊ ဆေးလိပ်မီးခြစ် အဝယ်ခိုင်းတာတို့၊ အဲဒါတွေ လုပ်ကိုင် ပေးရတယ်"

ဆယ်အိမ်ခေါင်း ဦးဗလက ထိုစကားပြောရင်းမှ ကာလသားခေါင်း စံတုတ်၏ လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဝင်ရောက် ထိုင်လေသည်။

"ဟုတ်တာပေါ့ဗျ။ မေးစိပေါ်က ကျပ်ပြားလောက်ရှိတဲ့ အမှတ်ကြီးကြည့်ပြီး ဖိုးမှတ်၊ ဖိုးမှတ်လို့ ခေါ်ကြမှာပေါ့။ ဒီကောင် သခင်နံမည်တပ်ရင် သခင်မှတ်ကြီးဆို ကောင်းမယ်။ ဘိုင်စကုတ်ထဲက မှတ်ကြီးလိုပေါ့။ ဟား ဟား ဟား"

တစ်ယောက်သော ကာလသားက ဦးဗလစကားကို ထောက်ခံရင်း တဟားဟားရယ်လေသည်။

"အေး။ ဒါပေမယ့် တစ်ခုတော့ရှိတယ်မောင်။ ခုနေ လှကွန့်ရောက်လာရင် အတော် ကောင်းမယ်"

အောင်ပြည့်ဆိုသော ကာလသားက ပြောပြန်သည်။

"ဘာပြုလို့လဲ" သာဖန်က မေးသည်။

"လှကွန့်ရောက်လာရင် မြို့ပေါ်က အခြေအနေလေးဘာလေး သိရတာပေါ့ကွ။ ဒီကောင်က မင်းတို့ငါတို့နဲ့ စာလိုက်ရင် စကားပြောကောင်းမှုတ်လား။ သူရှိတော့ မပျင်းဘူး။ တဟား ဟား ရယ်နေရတယ်"

"ဒါတော့ ဟုတ်တယ်ဟေ့"

လေးငါးယောက်က ထိုသူ့စကားကို တစ်ညီတစ်ညွတ်တည်း ထောက်ခံ လိုက်သည်။

စင်စစ်သူတို့တစ်တွေပြောနေသော လှကွန့်မှာ စက္ကော့ရွာသားပင် ဖြစ်သည်။ လှကွန့်တွင် အဖေ အမေ မွေးချင်းမရှိ။ အဖိုးဖြစ်သော ပိုက်လေ့သမားကြီးနှင့် နေရသူဖြစ်သည်။ ပုံလွန်တော်မူသွားသော ကျောင်းထိုင် ဘုန်းကြီးထံ ပရိတ်ကြီး နမက္ကာယ အထိသင်ကြားဖူးသည်။ လှကွန့်သည် ရွာအလုပ်၊ ရပ်အလုပ်ကို စိတ်ဝင်စားသူ မဟုတ်။ ညောင်တုန်းမြို့ပေါ်တွင် ပြုလုပ်သော တို့ဗမာသခင်များ၏ တရားပွဲများကို ကြားသိရသည်မှ အစပြုလျက် အင်္ဂလိပ်မုန်းတီးရေးစိတ်ဓါတ်များ ကိန်းအောင်းလာသူ လူရွယ်ဖြစ်သည်။

ထို့ကြောင့် ညောင်တုန်းမြို့ပေါ်မှ သခင်ချမ်းငြိမ်းနှင့် ဆက်ဆံမိကြပြီး သခင်ချမ်းငြိမ်းအား ကြည်ညိုကာ နိုင်ငံရေးသမား နောက်လိုက် ဖြစ်မှန်းမသိ ဖြစ်နေသည်။

ယခုလို နိုင်ငံရေးလှိုင်းတံပိုးများ သိသိသာသာ လှုပ်ရှားနိုးထလာသည့် အချိန်၌မူ လှကွန့်သည် ညောင်တုန်းမြို့ဘက်သို့ နေ့တိုင်းနေ့စဉ် ကူးသန်းသည်။ သခင်ချမ်းငြိမ်း၏ နေအိမ်သို့ နေ့တိုင်းသွားသည်။ သခင်ချမ်းငြိမ်း နယ်ထွက်၍ စည်းရုံးဟောပြောသည့်အခါ သခင်ချမ်းငြိမ်းနောက်မှ အမြဲတမ်း လိုက်ပါသွား သည်။ သခင်ချမ်းငြိမ်းဟောပြောသော အင်္ဂလိပ်လက်အောက်ခံ ကျွန်ဘဝမှ လွတ်မြောက်ရေး၊ ဗမာပြည် ကိုယ့်မင်း ကိုယ့်ချင်းဖြစ်ရေး စသောစကားများကို ကြားရဖန်များလာသည့်အခါ တို့ဗမာသခင် သခင်မများ၏ သတ္တိရှိမှု၊ အဆင်းရဲ အပင်ပန်းခံမှုများကို တွေ့ရသည့်အခါ အင်မတန်မှ လှကွန့်အားကျမိသည်။

ကြာတော့၊ သခင်ချမ်းငြိမ်း ကိုယ်တိုင်ကပင် လှကွန့်အား မျက်မှန်းတန်းမိ လာသည်။ စူးစမ်းမေးမြန်း လာသည်။ တို့ဗမာအစည်းအရုံးဝင် လူငယ်တစ်ဦး အဖြစ် အသိအမှတ်ပြုလာသည်။ သူ၏ယုံကြည် စိတ်ချရသော တပည့်တပန်း တစ်ဦးအဖြစ် အသုံးပြုလာသည်။ စက္ကော့ရွာတွင် လှကွန့်အား အကြောင်းပြုလျက် သခင်ချမ်းငြိမ်း နိုင်ငံရေးဟောပြောပွဲ နှစ်ပွဲ ပြုလုပ်ဖူးသည်။

ထို့ကြောင့်ပင် လှကွန့်အား ရွာရှိသူငယ်ချင်းအပေါင်းအသင်းများက သခင်ပေါက်စ ထောင်ခြောက်လ ဟူ၍လည်းကောင်း၊ တစ်မတ်သခင်ကြီး ဟူ၍လည်းကောင်း၊ မေးစေ့ပေါ်မှ အမှတ်ကြီးကို အကြောင်းပြုလျက် သခင်မှတ်ကြီးဟူ၍ လည်းကောင်း နောက်ပြောင်ခေါ်ငင်ကြသည်။

သို့သော် စက္ကော့ရွာသူကြီး ဦးမောင်ကြီး ကိုယ်တိုင်ကပင် မြို့ပေါ်ရှိ နိုင်ငံရေးအခြေအနေများကို သိချင်ကြားချင်ပါက လှကွန့်အား အရေးတယူ ဖိတ်ခေါ်လျက် မေးရမြန်းရ စုံစမ်းရလေသည်။ ယင်းအခါမျိုးတွင် လှကွန့်ကိုယ်တိုင်ကလည်း လက်သီးလက်မောင်းတန်းကာ အားဘောင်အာရင်း သန်သန်နှင့် အင်္ဂလိပ်အစိုးရ မှန်းတီးရေးများကို ပြောတတ်ပါဘိခြင်း။

မီးဖိုနှစ်ဖိုမှ ကာလသားအုပ်စုသည် ချွေးသီးချွေးပေါက် တလုံးလုံးဖြစ်နေသည်။ သူတို့ချက်ရပြုတ်ရသည်ကလည်း ဘုန်းကြီးတစ်ပါးနှစ်ပါး စာမက။ လူတစ်ယောက်စာ နှစ်ယောက်စာမဟုတ်။ တစ်ရွာလုံးလောက် နီးနီး ဖြစ်သည်။ စင်စစ်သပိတ်သွတ်ဟူ၍ချည်း ပြောလို့မဖြစ်။ လကွယ်ဥပုသ် ဖြစ်သောကြောင့် ရွာလူထုသည် ကျောင်းလုံးပြည့်မျှ ဇရပ်လုံးပြည့်မျှ လာရောက်ကြပေလိမ့်မည်။

ဇရပ်ပေါ်တွင် ကာလသား တစ်ကျိပ်ကျော်လောက်က ကပ္ပိယကြီးဦးဖိုးနှင့်အတူ အလုပ်များနေကြ သည်။ အချို့က သောက်ရေအိုးများကို ရေဖြည့်တင်းသည်။ အချို့က အမှိုက်သရိုက်များကို လှဲကျင်းသုတ်သင်သည်။ ကျန်သူများကလည်း ဖျာခင်းသူခင်း၊ ပန်းကန်ခွက်ယောက် ဆေးကြောသူ ဆေးကြောဖြစ်သည်။

ဇရပ်၏ တံစက်မြိတ်အောက် တစ်နေရာတွင် သူကြီးအိမ်မှ အောက်လင်းမီးကို ထွန်းညှိထားသည်။ မီးရောင်သည် ဇရပ်ပေါ်နှင့် ဇရပ်ရှေ့ပိုင်းတစ်ခုလုံး ထိန်လင်း နေသည်။ ဇရပ်နောက်ပိုင်းနှင့် ဘေးတစ်ဖက်တွင်ကား အမှောင်နှင့်မည်းမည်း ဖြစ်နေသည်။ ကျောင်းပေါ်တွင် ဘုရားစင်မှ ဖယောင်းတိုင်အလင်းရောင်သာ ရှိသည်။ သူကြီးနှင့်ရွာလူကြီး လေးငါးယောက်သည် ရှင်ဓမ္မဝိလာသနှင့် တရားဓမ္မအကြောင်း ဆွေးနွေး ကြသည်။ ကျောင်းပေါ်မှစကားသံကို ဇရပ်ရှိရာမှ မကြားရ။ ကျောင်းနှင့်ဇရပ်မှာ ပေးငါးဆယ်ကျော် ခြောက် ဆယ်ခန့် ကွာဝေး လေသည်။

ချက်ပြုတ်ရ၍ မီးပူမောပန်းသည့်အခါ ကာလသားများသည် ပဲကြီးလှော်သုပ်နှင့် ရေနွေးကြမ်း ခါးခါးကို ပလုပ်ပလောင်း စားသောက်ကြသည်။ သံလင်ဗန်းကြီး တစ်ချပ်ထဲတွင် ကြက်သွန်ဥကြီးနိုင်ချင်း ဆီရွှဲရွှဲနှင့် ပဲကြီးလှော်များ ထည့်ထားသည်။ လက်ဖက်ရည်ကြမ်းအိုးကလည်း လေးငါးခြောက်အိုး။

စားရင်းသောက်ရင်း ချက်ရင်းပြုတ်ရင်း ရောက်တတ်ရာရာ ပြောကြသည်။ သူတစ်မျိုး ငါတစ်ဖုံ ဖြစ် သည်။ ဘယ်စကားကို အတည်ယူ၍ ဘယ်သူ့စကား နားထောင်ရမှန်းမသိ။ ထိုအတွင်းမှ ခပ်နောက်နောက် ကာလသား တစ်ယောက် က အော်လိုက်သည်။

“မောင်ညိုရေ၊ မနက်ဖြန်ရက်လည်တဲ့နေ့ကွ။ ဆွမ်းကျွေးပြီးလို့ အမျှအတန်းဝေရင် သာဓုခေါ်ရအောင် ခုထဲကလာဟေ့”

ထိုသူက အကြောင်းစလိုက်သောကြောင့် မောင်ညို့ကိစ္စ စကားရောက်ပြန် လေသည်။ သန်ရာသန်ရာ ပြောကြသည်။ ထင်ကြေးပေါက်ကရ ပေးကြသည်။ ငြင်းကြခုန်ကြသည်။ စကားစစ်ပွဲ ခင်းကြသည်။ သို့ရာတွင် သူတို့အားလုံး၏ ထင်ကြေးများကလည်း ထင်ကြေးသာဖြစ်သည်။ တကယ့်ဖြစ်ကြောင်း ဖြစ်ရပ်နှင့်ကား လားလားမျှ မသက်ဆိုင်။ ဖြစ်ရပ်မှန်နှင့် အနီးစပ်ဆုံးကိုပင် မည်သူမျှ စကားဦးမသန်းနိုင်ကြ။

“အိုကွာ၊ ငွေကြေးပေါတယ်ထင်ပြီး ခါးပြကလုပ်သွားတာကွ” ဆယ်အိမ်ခေါင်း ဦးဗလက ပြောသည်။

“ဟုတ်ပါတယ်ဗျ၊ ဒါပါဘဲ”

အားလုံးက တစ်ညီတစ်ညွတ်တည်း ထောက်ခံကြသည်။

ထိုအခိုက်

"ဒါပေမယ့် တစ်ခုတော့စဉ်းစားဘို့ ကောင်းတယ်ဗျနော်"

ထိုအသံကို မီးဖိုအနီးရှိ ကာလသားများအားလုံးက ကြားလိုက်ရသည်။ ဆယ်အိမ်ခေါင်း ဦးဇလအပါအဝင် ဝိုင်းဖွဲ့နေသောလူအုပ်သည် အသံလာရာ ဇရပ်အနောက်ပိုင်းသို့ တစ်ပြိုင်တည်း ကြည့်လိုက်ကြသည်။

ဇရပ်နောက်ပိုင်းသည် မှောင်ကြီးအတိ ကျရောက်နေသည်။ လက်ဝါးကို ထောင်ကြည့်မှ လက်ကြား မမြင်ရ။ သည်မျှလောက် မှောင်မိုက်သည်။ ဘာကိုမျှမတွေ့ရ။ ဘာကိုမျှမမြင်ရ။ ထိုအခါ သူတို့အားလုံး ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်လိုက်မိကြသည်။

သတ္တိခပ်ကြောင်ကြောင် ကာလသားတစ်ချို့သည် မောင်ညိုတစ္ဆေ ချောက်လေ သလားဟု မျက်လုံး မျက်ဆံပြူးကုန်သည်။

"ကူးတို့သမ္ဗန်သမား တစ်ယောက်ဆီမှာ ထိုက်ထိုက်တန်တန် ငွေကြေးပါလိမ့် မယ်လို့ ဘယ်သူထင်မှာလဲ"

အသံက ဒုတိယမြောက် ပေါ်လာပြန်သည်။ ဇရပ်နောက်ပိုင်း အမှောင်ထဲမှ ပင်ဖြစ်သည်။ တစ်တောင်တစ်လံ မျှ နေရာမလွဲ။

ယင်းနေရာသည် မြစ်ဆိပ်မှနေလျက် ဇရပ်ရှိရာသို့ တတ်ရောက်လာနိုင်သည့် လမ်းတစ်သွယ် ရှိသည်။ ထိုမှာဘက်တွင် ထီးရိုးဝါးနှင့် ဝါးပိုးဝါးများ ပေါက်နေသည်။ ဝါးရုံတော ထူထပ်သော နေရာ ဖြစ်သည်။ တစ်ချို့ နေရာများတွင် ခရောင်းတော ဖြစ်နေသည်။ မြစ်ဆိပ်မှနေလျက် ကျောင်းဝင်းထဲ အရောက် လူတစ်ဦး တစ်ယောက်သည် ယင်းလမ်းမှ တတ်ရောက်လာလိုက လည်း လာပေလိမ့်မည်။

သို့ရာတွင် မတ်စောက်လှသော ကမ်းပါးကို ခဲခဲယဉ်းယဉ်းနှင့် ကုတ်ခြစ် တွယ်ကပ်၍ တတ်ရောက် လာရမည် ဖြစ်သောကြောင့်တစ်ကြောင်း။ လမ်းမှာ လူတစ်ယောက် သွားသာရုံ ကျဉ်းမြောင်းလွန်းသော ကြောင့် တစ်ကြောင်း ထိုမှဘက်လမ်းကိုကား တစ်ရွာလုံး အသုံးမပြုသလောက် ဖြစ်လေသည်။

"ကဲ ကျုပ်မေးတာ ဖြေကြလေ။ ကူးတို့သမားတစ်ယောက်ဆီမှာ ငွေတွေကြေးတွေ ပါမယ်လို့ ဘယ်သူ ထင်မှာလဲ"

အမှောင်ထဲမှ တတိယမြောက် အသံပေါ်လာပြန်သည်။

"ဟေ့ ဘယ်သူတုန်းကွ။ ဟင်"

ဦးဇလက အမှောင်ထုအတွင်းသို့ ခပ်ထန်ထန် လှမ်းမေးလိုက်သည်။ ထိုင်ရာမှ ထရပ်လိုက်သည်။ လက်တွင်းမှ တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

ကာလသားခေါင်းစံတုတ်မှာလည်း ဦးဇလနည်းတူ ထလိုက်သည်။ ကာလသား တစ်ချို့က ထင်းစ များကို ဆွဲကြသည်။ တစ်ချို့က နီးစပ်ရာတုတ်များ၊ ဓါးများ၊ မြေကျစ်စာခဲများကို ကောက်ကိုင်ကြသည်။

"ဟေ့၊ ဘယ်သူတုန်းကွ"

ဦးဇလက မေးပြန်သည်။

"ဟား ဟား ဟား ကျုပ်ပါဗျ။ မောင်ညိုလေ။ အသံကိုတောင် မကျက်မိကြဘဲကိုး။ မောင်ညိုလေဗျာ။ ကူးတို့ သမား မောင်ညို ဟား ဟား ဟား"

အမှောင်ထဲမှ အသံပေါ်လာပြန်သည်။ ပြီးနောက် လူတစ်ယောက်ဟု ထင်ရသော သဏ္ဍာန်သည် ဝါးရုံ တောများထဲမှ မဲမဲ မဲမဲ လှုပ်လှုပ် လှုပ်လှုပ်ဖြင့် သူတို့လူအုပ်ရှိရာသို့ လျှောက်လာနေသည်။ ထိုသူ့ လက်တွင် လှော်တက်တစ်ချောင်းကို ဆုပ်ကိုင်ထားသည်။ ဦးခေါင်းတွင် လုံကွင်းတစ်ထည် ကို ခပ်ကျစ်ကျစ် ပတ်ထားသည်။

ကာလသားများ အားလုံးသည် ထိုသဏ္ဌာန်ကို မျက်တောင်မခတ် အသက်မရှူဘဲ စူးစိုက်ကြည့် နေကြသည်။ လက်တွင်းရှိ တုတ်များ ခဲများဖြင့် ချိန်ရွယ်ထား ကြသည်။ ဇရပ်ပေါ်မှ ကာလသားများသည် ဇရပ်အောက်သို့ ဒုန်းဒုန်းဒိုင်းဒိုင်း ပြေးဆင်းလာကြသည်။

မကြာမီ မသဲမကွဲ အလင်းရောင်ထဲသို့ ထိုသူဝင်ရောက်လာသည်။

"ဟား ဟား ဟား ကျုပ်မသေသေးပါဘူးဗျ။ မယုံရင် ကျုပ်ကို ကိုင်ကြည့်ကြပါလား"

"ဟာ ခွေး မ သား၊ သခင်မှတ်ကြီး"

"ခွေး ကောင်။ သခင်ပေါက်စ ထောင်ခြောက်လ"

"ဒို့ဖြင့် ဘယ်သူများတုန်းလို့ လန့်သွားတာပဲ တစ်မတ်ကြီးရယ်"

မီးအလင်းရောင်သို့ လှကွန့်ဝင်မိသည်ဆိုလျှင်ပင် ရွာကာလသားများသည် တစ်ယောက်တစ်ပေါက် ရေရွတ်လိုက်ကြသည်။

"မပြောပါနဲ့တော့ကွာ"

လှကွန့် စကားစလိုက်သည်။

"အေး မပြောတော့ပါဘူးကွာ"

တစ်ယောက်က နောက်လိုက်သည်။

"တယ် ဒီကောင်"

လှကွန့်က ဆိုသည်။

"တယ် ဒီကောင်"

နောက်တစ်ယောက်က နောက်ပြန်သည်။

လှကွန့်က ထိုသူအား မျက်စောင်းခဲကြည့်လိုက်ပြီး သူပြောရမည့်စကားကို ဆက်လက်ပြောသည်။

"ချက်ဖို့ပြုတ်ဖို့ အချိန်မမှီမှာ စိုးတာနဲ့ လှေကို တအားလှော်ချလာရတယ်"

လှကွန့်က မောကြီးဟိုက်ကြီးဖြင့် ကာလသားခေါင်း စံတုတ်ဘက် လှည့်ပြော သည်။ ပြီးနောက် လက်တွင်းမှ လှော်တက်ကို လူအုပ်ရှေ့ပစ်ချလိုက်သည်။

သူအတော်ကြီးမောဟိုက်လာသည်မှာ မှန်သည်။ သူ့ပါးစပ်သည် ကုန်ပေါ်သို့ ဆွဲတင်ထားသော ငထွေ တစ်ကောင် ပါးစပ်လို ဟစီ ဟစီ ဖြစ်နေသည်။ ထို့ကြောင့်လည်း မောကြီးပန်ကြီးနှင့် အသံဖျက် ပြောလိုက်သည့်အတွက် သူ့အသံကို မည်သူမှ မကျက်နိုင်ဟန် တူလေသည်။

"ကဲ ပါကွာ။ ချက်တဲ့ပြုတ်တဲ့ကိစ္စက ဒို့တတွေလုပ်ကြလို့ ပြီးဘဲပြီးပါတော့မယ်။ မင်းက အလွမ်းသယ် မနေပါနဲ့။ အေး။ တစ်ခုတော့ရှိတယ်မောင် မနက်ပန်းကန်ဆေးဘို့ ကြောဘို့ မင်းတာဝန်"

လူအုပ်ထဲရှိ ကာလသားတစ်ယောက်က ပြောသည်။

"အေးပေါ့။ မင်းတို့ကောင်းမယ်ထင်ရင် လုပ်ကြပေါ့။ လှကွန့်တို့ကတော့ အများဆုံးဖြတ်ရာဘဲဟေ့။ ဒါပေမယ့် ပန်းကန်ဆေးဘို့က ငါတစ်ယောက်ထဲ မပြီးပါဘူးကွာ"

လှကွန့်ကပြောသည်။ ပြီးလျှင် သူ့အိပ်ထဲမှ ဣန္ဒြေတံ ရှမ်းဖက်လိပ် တစ်လိပ်ကို ထုတ်သည်။ မီးဖိုတွင် သွား ရောက်ညှိသည်။

လူအုပ်ရှိရာသို့ နောက်တစ်ကြိမ် ပြန်ရောက်လာသည့်အခါ လှကွန့်သည် သရက်တုံး တစ်တုံး ပေါ်တွင် ထိုင်ချလိုက်သည်။ ထိုနေရာသည် သရက်တုံးနှင့် ပိန္နဲတုံးများ လေးငါးခြောက်တုံး ရှိလေသည်။ သူကြီး

ဦးမောင်ကြီးက ချည်ဖိုးစင်ကြီးများတွင် အသုံးပြုရန် စုဆောင်းထားခြင်းဖြစ်သည်။ သို့သော် အလ ကား ရသည်တော့မဟုတ် ကျောင်းတွင် သံဃိက ပစ္စည်းဖြစ်သည်။ အဖိုးစားနား သတ်မှတ်ရသည်။ ပြီးနောက် ထိုငွေထိုကြေးနှင့် ကျောင်းပျက်သော် စရက်ပျက်သော် ပြုပြင်ရသည်။

လှကွန့်သည် ခေါင်းထက်မှ လုံကွင်းကို ဖြုတ်သည်။ မျက်နှာပေါ်ရှိ ချွေးများကို သုတ်သည်။ သူသည် ကြောင့်ကြမဲ့ နေတတ်သည်။ ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။ ပြောစရာရှိလျှင် ဘယ်သူ့မျှမငဲ့။ တုတ်ထိုး အိုးပေါက်သမား။ သို့ရာတွင် သူ့ရွာကလေး စကြော့နှင့် သူ့အပေါင်းအသင်းများကိုကား လှကွန့် သံယောဇဉ် ကြီးလှသည်။

"မြို့ပေါ် အခြေအနေဘယ်လိုလဲကွ"

ဆယ်အိမ်ခေါင်း ဦးဗလက မေးသည်။

"မြို့ပေါ်မှာလား။ မြို့ပေါ်မှာ လှုပ်လှုပ်ရွရွဘဲဗျ။ ဒီအင်္ဂလိပ် ပြေးရခါနီးပြီဗျာ။ ပြည်တင်းရင် မင်းမခံနိုင်ဆို မှတ်လား။ မအူပင်အရေးပိုင်တို့ ရာဇဝတ်ဝန် တို့တောင် မရှိတော့ဘူးလိုလို ကြားတယ်။ မြို့ပေါ်ကမြို့အုပ်တို့ နယ်ပိုင်တို့တောင် ရှောင်ကြ တိမ်းကြ မလိုလိုကြားခဲ့တယ်"

"ဟုတ်ရဲ့လား။ လှကွန့်ရာ"

ဆယ်အိမ်ခေါင်းသည် လှကွန့်စကားကို ယုံတစ်ဝက် မယုံတစ်ဝက်။

"ကျွန်တော့်ဆရာ သခင်ချမ်းငြိမ်းက ဒီအတိုင်းပြောတာပဲ"

"ကဲ ကဲ၊ မင်းတို့စကားပြောနှင့်ကြဦး။ ငါကျောင်းပေါ် သွားလိုက်ဦးမယ်။ ဝက်သားအိုးက မီးသိပ်မပြင်းစေနဲ့ ကွာ စံတုတ်"

ဆယ်အိမ်ခေါင်းသည် စကားဝိုင်းမှထသည်။ ကျောင်းရှိရာသို့ ထွက်သွားသည်။ ကျောင်းနှင့်ဇရပ်ကူးရာ လမ်း သည် အုတ်လမ်းဖြစ်သည်။ အပေါ်နတ်လမ်းမှာ ခနိမိုး။

ဦးဗလအနေနှင့် လှကွန့်ထံမှ ကြားသိရသော သတင်းသည် ဟုတ်သည် မဟုတ်သည်၊ ယုံသည် မယုံသည် အပထား။ သူကြီးဦးမောင်ကြီးအား ပြောကြားသင့်သည်ဟု ယူဆသည်။

"ဆိုကြစမ်းပါဦး။ မောင်ညိုသော ဘယ်လို"

ဦးဗလ ထသွားသည့်အခါ လှကွန့်က ခပ်စောစောက စကားကို ပြန်ကောက်သည်။ ထိုအတွင်း ဇရပ်ဘေးတွင် ကျန်ရှိနေသေးသော ကာလသားများသည် လူအုပ်ရှိရာသို့ ဆင်းသက်လာကြပြန်သည်။ ကာလသား အုပ်စုသည် အတော်ပင်များပြားလာသည်။ လှကွန့်အသံကို ကျယ်လောင် ဖွာလောင် ကြားရသော ကြောင့်လည်း စုရုံးလာကြခြင်းဖြစ်သည်။ သူတို့အားလုံး က လှကွန့်လာသော မြို့၏ထူးခြားသော သတင်း တစ်ခုကို ကြားရလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

မြို့ပေါ်တွင် အခြေအနေမငြိမ်မသက် ဖြစ်နေကြောင်း လှုပ်လှုပ်ရွရွရှိနေကြောင်း။ ပစ္စည်းရှိ ကြေးရည်တတ်တို့ နေအိမ်များ ရာမစူပရားမန်းနီးတို့၏ ချစ်တီးတိုက်များ ဈေးရုံအဆောက်အဦးကြီးများ၏ တံခါးများကိုပင် အစောကြီးပိတ်ထားကြောင်း။ တရုတ်အပေါင်ဆိုင်ကြီးများကလည်း ရွှေမှလွဲ၍ အခြား ပစ္စည်းများကို အပေါင် အနံ့မခံတော့ကြောင်း။ နေဝင်မီးငြိမ်း အမိန့်များကိုပင် ထုတ်ပြန်ကောင်း ထုတ်ပြန် လိမ့်မည် ထင်ကြောင်းနှင့် ဈေးသွားဈေးပြန်များထံမှ သတင်းပလင်းများကိုလည်း စကြော့ရွာသူရွာသားများ ကြားသိထားရလေသည်။

"ပြောပါဦး။ မင်းဘယ်လိုထင်လို့တုန်း"

ကာလသားခေါင်း စံတုတ်က လှကွန့်ကိုမေးသည်။

" အင်း"

လှကွန့်က အင်းရှည်ကြီး ဆွဲလိုက်သည်။ ပါးစပ်နှင့် တစ်လုံးတစ်ခဲကြီး ဖြစ်နေသော ဆေးလိပ်မီးခိုးများကို ဟူးကနဲ မှုတ်ထုတ်သည်။

ငါးဆယ်ကျော် ခြောက်ဆယ်ထက်မနည်းသော ကာလသားအုပ်စုသည် တုတ်တုတ်မျှ မလှုပ်။ ငြိမ်ဆိတ်နေသည်။ တကယ်ဆိုတော့ လှကွန့်အပျော် အပျက် ပြောတတ်သော်လည်း ရံဖန်ရံခါမျှသူတို့သည် လှကွန့်ထံမှ ထူးခြားသော စကားများကို ကြားရတတ်ပြန်သည်။ ထိုအခါမျိုးဆိုလျှင် လှကွန့် အမူအရာရော လေသံကပါ ခပ်တည်တည် ပြောင်းလဲသွားတတ်သည်။ ယခုလည်း လှကွန့်က တကယ့်မင်သေသေ။

မည်သို့ပင်ဆိုစေ ရွာဘုရားရွာသား မရှိသေ သေးသည့်တိုင် လှကွန့်ကား မြို့နှင့်ရင်းနှီးသူ တစ်ယောက်။ ပြီးနိုင်ငံရေးသမား သခင်ဆိုသူများနှင့်လည်း ကျွမ်းဝင်သူ။ ထိုအခါ လှကွန့်သူတို့ထက် သာလွန်ကြောင်းကိုကား တစ်ရွာလုံးက ဝန်ခံရပေမည်။

"ကျုပ်ကတော့တစ်မျိုးဘဲ၊ ခင်ဗျားတို့ထင်သလို လုံးလုံးမှတ်ဖူး"

လှကွန့် စကားစသည်။

"အေးပါလေ၊ မင်းအထင်ပြောစမ်းကွာ"

ကာလသားခေါင်းက ဆိုသည်။

"အင်္ဂလိပ်ပြဲ ပုဆိုးဖင်ပေါက်နဲ့ သမ္မန်သမားတစ်ယောက်ဆီမှာ ငွေကြေးပါတယ် မပါဘူးဆိုတာ ခင်ဗျားတို့ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်လေဗျာ"

အားလုံးငြိမ်ဆိတ်နေကြသည်။ ရွက်ခြောက်ကြွေသံကိုပင် ကြားလောက်သည်။ လှကွန့်စကားတွင် အားလုံး စိတ်ရောက်နေကြသည်။ ကပ္ပိယကြီးဦးဖိုးပင် ဇရပ်ပေါ်မှ ဆင်းသက်လာပြီးနောက် လှေကားထစ်တွင် ထိုင်ကာ လှကွန့်စကား၌ အာရုံဝင်စားနေသည်။

"နောက်တစ်ချက် ငွေကြေးပါတယ် ထင်လို့လုတယ် ယက်တယ်ထားဦး၊ ခုလို လူတစ်ယောက်လုံးကို ဝက်တုတ်ဝက်ချည် လုပ်လိမ့်မယ်လို့ ကျုပ်တော့မထင်ဘူး။ မသင်္ကာရင် ရိုက်မယ် နှက်မယ်။ ဟုတ်လား"

"ဟုတ်တယ်"

လှေကားထစ်ပေါ်မှ ကပ္ပိယကြီးဦးဖိုးက လှကွန့်စကားကို ထောက်ခံလိုက်သည်။ ကျန်လူများမှာ ငြိမ်သက်နေဆဲ။

"ဒီတော့ ကျုပ်က တစ်ခုတွေးတယ်ဗျ ကိုစံတုတ်"

လှကွန့်သည် ဂျွတ်တံဆေးလိပ်ကို ဖွာပြန်သည်။ သုံးလေးဖွာ ဖွာပြီးမှ ရှေ့ဆက်သည်။

"ဒီကိစ္စဟာ ပုလဲနဲ့များ ပတ်သက်နေ"

"ဘာကွ။ ဘာ။ ဟာ ဒီကောင် ဟုတ်တော့မလိုလိုနဲ့ ဘာစကားတွေပြောတာလဲ"

လှကွန့်စကားမဆုံးမီ ကာလသားခေါင်းက ထိုင်ရာမှထခုန်မတတ် အော်ဟစ် သည်။ ကျန်သော ကာလသားများသည် ဟာ ဟင် နှင့် လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

"မင်း၊ တော်တော်ဖျင်းသေးတဲ့ ကောင်ကွာ။ ဗွီ သူ့ခမျာ နေရင်းထိုင်ရင်း အမှုမပတ် ပတ်အောင်ကွာ"

"အေးကွာ။ ဒီကောင် ဘယ်လိုများ သွတ်ချောင်ချောင် ဖြစ်လာတာပါလိမ့်"

"တော်ပြီဟေ့ တော်ပြီ။ ဒီသခင်ပေါက်စ စကားကို ရှေ့ဆက်မကြားချင်တော့ ဘူးဟေ့"

ကာလသားများသည် လှကွန့်အား တစ်ယောက်တစ်မျိုး ဝိုင်းအော်ကြသည်။ တစ်ချို့ကပြောင်သည်။ တစ်ချို့က ဟားတိုက်ရယ်မောသည်။ အားလုံးက လှကွန့်အား အရူးအပေါလုပ်ကြသည်။

လှကွန့် မျက်စိမျက်နှာ နီရဲလာသည်။ စိတ်တိုလာသည်။ ဒေါသထွက်လာသည်။

"ကဲ့ကွာ။ ပုလဲနဲ့ချစ်ကြိုက်နေတဲ့ လူတစ်ယောက်ယောက်ကများ လုပ်တင်လို့ ဆိုရင်ကော"

လှကွန့်ကလည်း အညှံ့မခံ။ အလျှော့စားမပေး။ သူ့ထင်မြင်ချက်ကို ဖွတ်အတင်း ပြေချသည်။

"အား။ ဟော့ကောင် မင့်စကားတွေ ဒီတင်ရပ်စမ်း"

"ပုလဲနဲ့ ကြိုက်နေတဲ့လူ ဟုတ်လား။ ဒို့ရွာမှာ မရှိသေးဘူးကွ"

"တယ်လေ။ ဒီကောင်။ ငါလုပ်ထည့်လိုက်ရ သေတော်ခေါ်ရော့မယ်။ ဟင်း။ ပုလဲနဲ့ ချစ်တဲ့သူလေး ကြိုက်တဲ့ သူလေးနဲ့။ ဒင်းပါးစပ်မို့ ထွက်ရက်တယ်။ ရာရာသသကွာ။ ပုလဲကိုများ"

ပုလဲအား ထိခိုက်လာသည်အခါ ကာလသားအုပ်စုသည် ပျားအုံကို မီးမြိုက်သလို ဖြစ်လာသည်။ ဆတ်ဆတ်ခါ နာလုံးပေါက်ကြသည်။ တစ်ရွာသားဆိုလျှင် သည်နေရာ သည်အုပ်စုတွင် ညက်ညက်ကြေမွ သွားလောက်သည်။ သူတို့ ဆုပ်ညစ် ချေမွပစ်ကြလိမ့်မည်။ ပုလဲကို သူတို့အားလုံး ကြိုက်ကြသည်။ ချစ်ကြ သည်။ ပိုးကြပန်းကြသည်။ ပုလဲကိုရလျှင် ယူမည့်သူချည်းဖြစ်သည်။ လက်ညိုးထောင်ဟော့ဟုဆိုလျှင် ကာလသားခေါင်းကိုစံတုတ်လည်း အလုအယက် ထောင်ပေလိမ့်မည်။ တကယ်ဆိုတော့ သည်ရွာတွင် ပုလဲ အလှဆုံး။

"မင်းတို့က ပြောပါဆိုလို့လဲ ပြောရသေး၊ ငါထင်တာ ငါပြောတာလေ။ ညဉ်ပြာ ပုလဲကို ဗလက္ကာယ လုပ်လို့များ ပုလဲကိုကြိုက်နေတဲ့လူက ခုလိုလုပ်သလား လို့ဟ"

"ဟာ။ ဟော့ကောင်။ ရပ်လိုက်စမ်းကွာ မင်းစကား။ ရပ် ဆို ခုရပ်"

သာဖန်ဆိုသော ကာလသားက ထင်းစတစ်ချောင်းကို စုံကိုင်မြှောက်လျက် အသံပျာကပ်ကပ်နှင့် အော်လေ သည်။

"မင်းပြောသလိုဆို ဒဏ်ရာဒဏ်ချက် တွေ့ရမယ်ကွ လှကွန့်ရ။ ကဲ ဘယ်မှာလဲ ဒဏ်ရာ။ နို့ပြီးပုလဲဟာ ရေကြုံနဲ့ လိုက်လာတာကွ"

ကာလသားခေါင်းက ပြောသည်။

"အလကားပါ။ ဒီကောင် ဒို့များကို သက်သက်အရူးလုပ်နေတာ"

ကာလသားတစ်ယောက် အော်ပြန်သည်။

"ဟော့တောင်တောင်မြောက်မြောက်တော့ မပြောနဲ့။ ဒီကိစ္စဟာ ပုလဲနဲ့ဘာမှ မဆိုင်ဘူး"

ကာလသား လေးယောက်ငါးယောက်က တစ်ညီတစ်ညွတ်တည်း အော်ပြန် လေသည်။ လှကွန့်ကြောင့် လူအုပ်သည် ထိုနေရာတွင် တစ်ဆူဆူ တစ်ရုံးရုံး ဖြစ်ကုန်သည်။

"အေးပေါ့ကွာ။ အေးပေါ့ အေးပေါ့။ ဒါတော့" လှကွန့်က အဆုံးမသက်ချင်သေး။ မပြတ်မသား ထပ်ပြော သည်။

ထိုအခိုက် ကျောင်းပေါ်မှ ဆယ်အိမ်ခေါင်း ဦးဗလ၏ အော်ဟစ်သံကို နစ်ခွန်းဆင့် လျက်ကြားလိုက်သည်။

"လှကွန့်၊ လှကွန့်။ သူကြီးခေါ်နေတယ်ဟေ့"

"ကဲ၊ သွားစမ်းကွာ သွားစမ်း။ မောင်မင်းကြီးသား မင်းကိုကျောင်းပေါ်က သူကြီးခေါ်နေတယ်။ မြို့ပေါ်က သတင်းပလင်းတွေ သွားပြောလိုက်ဦး။ ကြွ ကြွ ခပ်မြန်မြန်ကြွ။ မင်းသွားမှ အေးမယ် သခင်ကြီးရေ"

ကာလသားခေါင်းသည် ထိုင်ရာမှထလိုက်သည်။ လှကွန့်ပခုံးကို ဖက်သည်။ ကျောင်းဘက်သို့ ဆွဲခေါ်သည်။ ကာလသားအုပ်စုကလည်း လှကွန့်အား အော်ရင်းဟစ်ရင်း တွန်းထိုးလွှတ်ကြလေသည်။

သို့နှင့် ကာလသားခေါင်းစံတုတ်နှင့် လှကွန့်တို့ ထွက်သွားသည့်အခါ နောက်ပိုင်းမှ ကာလသားများသည် ဟားတိုက်ရယ်မောလျက် ကျန်ရစ်ကြသည်။

အုတ်လမ်းကလေးအတိုင်း လျှောက်လာခိုက် ကာလသားခေါင်းစံတုတ်သည် လှကွန့်ပခုံးကိုကိုင်ရင်း အတွေးအတော နှစ်ရပ်ကို တစ်ပြိုင်တည်းတွေးလိုက် မိသည်။

လှကွန့်ပြောသလို ဟုတ်များ ဟုတ်လေမလား။ ဟာ၊ သူပြောသလိုလဲ ဘယ်နည်းနဲ့မှ မဖြစ်နိုင် ပါဘူးလေ။

(၁၀)

တစ်မနက်ခင်းလုံး ဇရပ်ပေါ်တွင် ဧည့်ပရိတ်သတ်များဖြင့် ပျားပန်းခတ်နယ် ရှိလေသည်။ စားကြ သောက်ကြ၊ ပြောကြ ဆိုကြဖြင့် ဖြစ်သည်။ ဤလကွယ်ဥပုသ်နေ့ကား အခါတိုင်း လပြည့်လကွယ် ဥပုသ်နေ့ များထက် သာလွန်စည်ကားသည်။ ရွာထဲတွင် လူသံသူသံ ကင်းမဲ့နေသယောင်ရှိသည်။ ကျောင်းဝင်းထဲတွင်ကား အသံပေါင်းစုံ လူပေါင်းစုံလျက် စီစီညံနေသည်။

ဇရပ်ရှေ့ပိုင်းတွင် အကျွေးအမွေးပြုသည်။ ကျောင်းအောက်တွင် ဧည့်ခံသည်။ လှကွန့်မှာ သူ့ကတိအတိုင်း စားပြီးသောက်ပြီး ပန်းကန်များကို ဆေးကြော ရသည်။ ဒါပေမယ့် သူတစ်ယောက်တည်းတော့ မဟုတ်။ သူနှင့်အတူ ကပ္ပိယကြီးဦးဖိုးနှင့် အမျိုးသမီးနှစ်ယောက်ဖြစ်သည်။ ရွာအမျိုးသမီးများသည် သူတို့ အထဲမှ ပန်းကန်ဆေးအဖြစ် နှစ်ယောက်ကို မဲချရွေးသည်။ ထိုအခါ မဲကျသူ အမျိုးသမီးနှစ်ယောက်အနက် တစ်ယောက်က ပုလဲ။

ရေကိုင်မိုးကိုင်နှင့် ပန်းကန်ခွက်ယောက် ဆေးကြောရသည်မှာ ထုံးစံအတိုင်း ဇရပ်နောက်ပိုင်း တစ်နေရာတွင်ဖြစ်သည်။ ထိုအခါ ကျွေးမွေးမှုဘက်နှင့် ဧည့်ခံမှုဘက်တွင် တာဝန်ကျသော ရွာကာလသားများသည် အကြောင်းအမျိုးမျိုး ဖြင့် ရမယ်ရှာလျက် ဇရပ်နောက်ပိုင်း ရေစင်ကပျဉ်ရှိရာသို့ ဝင်ရောက်လာ ကြသည်။

"ဟေ့ ဟေ့။ ဘာလဲ ဘာလဲ။ ဘာလာလာ လုပ်ကြတာလဲကွ။ ဒီမှာ မင်းတို့ကိစ္စ မင်းတို့အလုပ် တစ်ရွေး သားမှ မရှိဘူးကွ။ သွားစမ်း သွားစမ်း။ ခုထွက်သွားစမ်း။ မင်းတို့နေရာက အပြင်မှာ"

လှကွန့်မှာ ဇရပ်နောက်ဆောင်တွင် အာရှင်အာသွက်နေသည်။ နောက်ဆောင် ရေစင်သို့ ပြုံတစ် ပြုံတစ် လာလုပ်ကြသော ကာလသားများအား လှကွန့်က မောင်းထုတ်သည်။ ပုဆိုးတိုတို အကျီလက် နှစ်ဖက်ကို

တထောင်ဆစ် အထက်ရောက်အောင် လိပ်တင်လျက် မီးသေနေသော ဆေးလိပ်တိုကို ကိုက်ခဲ ထားသည့် လှကွန့်မှာ ဇရပ်နောက်ပိုင်းတွင် မင်းသားကြမ်းဖြစ်နေသည်။

"မင်းကွာ၊ တော်တော် ဆိုးတဲ့အကောင်"

သာဖန်က လှကွန့်အား မကျေမနပ်ဆိုသည်။

"ဟား ဟား ဟား။ ဘာဆိုင်လို့လဲ။ ဒီနေရာဟာ ပန်းကန်ဆေး တာဝန်ကျတဲ့လူမှ နေရမယ့် နေရာကွ။ ငါရယ်၊ ပုလဲရယ်၊ ငြိမ်းရင်ရယ်၊ ဘကြီးဖိုးရယ် ဒါဘဲ။ သွား တံခါးဒီဘက်ကို ခြေတစ်လှမ်း မကျော်နဲ့။ ဟင်း တွေ့သွားမယ်"

လှကွန့်က အဆီတဝင်းဝင်းဖြစ်နေသော သူ့လက်နှစ်ကို သာဖန့်မျက်ခွက် အနီးသို့မြှောက်ပြရင်း ဆိုလေသည်။ အကြောင်းသိဖြစ်သော ကပ္ပိယကြီးဦးဖိုး သည် လူငယ်လူရွယ်များ၏ စရိုက်သဘာဝကို တဟဲဟဲ ရယ်မောသည်။ ပုလဲက ခပ်တည်တည် ဣန္ဒြေရရရှိသည်။ သူမနှင့်အကူဖြစ်သော ငြိမ်းရင်ကမူ ပြုံးစစမျက်နှာဖြင့် လှကွန့်နှင့် သာဖန်အား လှမ်းကြည့်လေသည်။

"ဟော။ ပြောရင်းဆိုရင်း လာပြန်ပြီ နှစ်ကောင်။ ကဲ ဘာလာလုပ်ကြတာတုန်း ဆိုစမ်း။ မင်းတို့ကိစ္စ ဘာရှိသလဲ"

တံခါးပေါက်တွင် နောက်ထပ်လာရပ်သော ကာလသားနှစ်ယောက်အား လှကွန့်ကမေးသည်။ ထိုအတွင်း နောက်ထပ် သုံးလေးယောက် ရောက်လာ ပြန်သည်။

"ဟောဗျ" ဟုဆိုရင်း လှကွန့်က တံခါးပေါက်တွင် ခါးထောက်၍ရပ်လိုက်သည်။

"မလာရဘူးလားကွ"

ကာလသားတစ်ယောက်က စပ်ဖြီးဖြီးမေးသည်။

"မလာရဘူး။ မလာရဘူး။ တစ်ယောက်ဆို တစ်ယောက်မှ မလာရဘူး။ ကိုယ့်နေရာနဲ့ကိုယ် ကိုယ့်စည်းကမ်းနဲ့ ကိုယ်ဘဲ ဟေ့"

"သခင်လှကွန့်ရာ၊ ငါးကျည်းရတော့ တူတူ၊ ငါးခူရတော့ ခွဲခြားခွဲခြား မလုပ်စမ်း ပါနဲ့ကွ"

သာဖန်က ပုလဲနှင့် ငြိမ်းရင်ရှိရာသို့ တစ်ချက်လှမ်းကြည့်ရင် ခပ်ချိုချိုပြောသည်။ သာဖန်မှာ လှကွန့်လို ဘိုကေ သမားမဟုတ်။ ဆံရှည်တွင် တဘက်တစ်ထည်ကို ပေါင်းထားသည်။ အောက်ပြည်အောက်ရပ်သား နှင့်မတူ။ အထက်အညာ လေသမားနှင့် ဆင်ဆင်တူသည်။ ပုလဲအားပိုးပန်းသည့်နေရာတွင် နှစ်ယောက်မရှိ။

လှကွန့်ကနေရာတွင် ဖွတ်ပင် ပေရပ်နေသည်။ သူတို့တတွေ တံခါးပေါက်တွင် စုရုံးစုရုံး ပူညံပူညံ ဖြစ်နေသည်။

ကာလသားများသည် ဤနေ့အဖို့ ရှိရာရှိကြောင်းဖြစ်သော အဝတ်အထည်ကောင်း ကလေးများကို ဝတ်ဆင်လာကြသည်။ ရွာသူအမျိုးသမီးများလည်း ထိုနည်း အတိုင်း။ ထိုအခါသူတို့ကိုယ်မှ ငါးညှီနံ့ ပျောက်နေသည်။ ပဲနံ့သာနံ့နှင့် ပေါင်ဒါပရပ်လုံးနံ့က နေရာတိုင်းမွှေးကြိုင်နေသည်။ သူတို့က မောင်ညို့ သပိတ်သွတ် နှင့် လကွယ်ဥပုသ်နေ့ ဆိုသည်ကိုပင် မေ့နေဟန် တူသည်။ နီနီ စိမ်းစိမ်း ဝါဝါ ပြာပြာ အသွေးအရောင်စုံ တောက်ပနေသည်။

ပုလဲသည် ဘယ်သူ့ကိုမျှမမှု။ သူ့တာဝန်သူ ခေါင်းငုံ့လုပ်သည်။ သို့ရာတွင် တစ်ခါတစ်ခါတော့ တံခါး ပေါက်ရှိရာသို့ မျက်လုံးဝေ့သည်။ ထိုအခါ "ညည်းကို အသေရရ အရှင်ရရ သူတို့ယူကြမှာဘဲအေ့" ဆိုသော အမေ့စကားသည် ပုလဲနားတွင် ကြားယောင်လာသည်။ ပုလဲသည် ဝမ်းတွင်းကြိတ်ပြုံးမိသည်။ စိတ်ရှုပ်သလို စိတ်ပျက်သလိုလည်း ပုလဲဖြစ်ရသည်။ ဒီလိုအချစ်ဆိုတာမျိုး တွေဟာ စိတ်ပျက်စရာကြီးပါဟု သူမစိတ်က ရေရွတ်နေသည်။

"ပုလဲ ညည်း ထမင်းမဆာသေးဘူးလား ဟင်"

အတူပန်းကန်ဆေးကြောနေသော ငြိမ်းရင်က မေးလေသည်။

"ညည်းဆာလို့လား"

ပုလဲက ငြိမ်းရင်အား ပြန်မေးသည်။

"ဟင့်အင်း၊ ငါမဆာသေးပါဘူး။ ညည်းဆာရင်တော့ ပြော"

"ဘာလုပ်မလို့လဲ"

"လှကွန့်ကို ဒီနောက်ဆောင်မှာ ထမင်းပွဲပြင်ခိုင်းမယ်။ ညည်းအတွက်ဆို သူတို့အားလုံးဟာ ဘာမဆို လုပ်ပေးချင်ကြတယ်။ တကယ်တော့ ဒို့များရွာမှာ ညည်းဟာ ကံအကောင်းဆုံး"

ပုလဲက ငြိမ်းရင်အား ဆက်ကာနဲ မော့်ကြည့်လိုက်သည်။ ထင်သလား ငြိမ်းရင်ရယ်ဟု မေးလိုက်ချင်သည်။ ဒါပေမယ့် အသံကတော့မထွက်။ သူမကပြောတော့မည့်ဟန်နှင့် နှုတ်ခမ်းကို လှုပ်ရွလိုက်ရုံသာ ဖြစ်သည်။ ပြီးနောက် တစ်ခုခုကို တွေးမိသလို မျက်မှောင်ကြုတ်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့သည်။ ငြိမ်းရင် မျက်မှာပေါ်မှ မျက်လုံးအကြည့်လွှဲလိုက်ပြီး

"ငါတော့ မဆာသေးပါဘူးအေ။ ညည်းဆာတော့ပြောပေ့ါ။ ငါ ဦးကြီးဖိုးကို ယူခိုင်းပေးပ့ါမယ်" ဟု ဆိုလေသည်။

ငြိမ်းရင်က ပုလဲအား တအံ့တသြမော့်ကြည့်သည်။ ပုလဲလေသံတွေ ပြောင်းလဲလှ ပါကလား။ ဒီကောင်မ တစ်မနက်ခင်းလုံး ဘယ်လိုဖြစ်နေတာ ပါလိမ့်ဟု ငြိမ်းရင်တွေးသည်။ စင်စစ်တော့ ခပ်စောစောက ငြိမ်းရင် ပြောလိုက်သော စကားမှာ ပုလဲ၏စိတ်ကို ဆွပေးသည့် စကားဖြစ်သည်။ သူက ပြောင်လား နောက်လား လုပ်လျှင် ပုလဲသည် အခါတိုင်းကလို ကဲ ကဲ ဆတ်ဆတ် ပြန်ပြောလိမ့်မည်ဟု ငြိမ်းရင် ထင်သည်။ ဘာကြောင့်ရယ် မဟုတ်၊ ငြိမ်းရင်က အစအနောက် အင်မတန်သန်သည်။

"ငါ့အတွက်ဘယ်သူကမှ လုပ်ကိုင်မပေးရပါဘူး ငြိမ်းရင်ရယ်"

ပုလဲက တအောင့်တဖြုတ်နေပြီးမှ ပြောလေသည်။ ပုလဲစကားကိုသာမက ပုလဲလေသံကိုပါ ငြိမ်းရင် အံ့သြ နေပြန်သည်။

"ညည်းဘယ်လို ဖြစ်နေတာလဲ။ ခါတိုင်းလို မဟုတ်ပါလား။ ညည်းကိုကြည့်ရတာ တစ်မနက်ခင်းလုံး ရွှင်ရွှင် ပျပျမရှိဘူး" ငြိမ်းရင်က ပြောသည်။

"အိမ်မှာ အမေဟာ အတော့်ကို နေမကောင်းဘူးဟယ်။ အမေကိုယ်တိုင်က သွားရမယ်၊ မသွားမနေရဘူး ဆိုလို့သာ ငါလာခဲ့ရတာ။ အမေ့အတွက် နဲနဲကလေးမှ စိတ်မဖြောင့်ဘူး"

စကားအဆုံး၌ ပုလဲ သက်ပြင်းရှိုက်သည်။

"ဟုတ်တယ်နော်။ ကြီးတော်လုံးဟာ မိုးသက်လေပြင်းကြီး ကျပြီးကတည်းက ကောင်းကောင်းကိုမမာရှာဘူး"

ငြိမ်းရင် ကိုယ်တိုင်ကလည်း စိတ်မကောင်းသလို ဆိုလေသည်။

ဇရပ်၏ နောက်ဆောင်မှနေ၍ ကြည့်လျှင် အထက်စီးအမြင်ဖြင့် ဧရာဝတီ မြစ်ရေပြင်ကြီးအား အထင်အရှား တွေ့ရသည်။ ဤနေရာ ကုန်းမြေသည် မြင့်၍ မတ်ဆောက်သောကြောင့် ကျောင်းနှင့် ဇရပ်မှာ တောင်ကုန်းမြင့်သဖွယ် တည်နေသည်။

ပုလဲသည် ငူငူငိုင်ငိုင်ဖြစ်နေသည်။ မြစ်ရေပြင်ကြီးအား လှမ်းမျှော်၍ ကြည့်မိရာမှ မြစ်၏ ဇာတ်ကြောင်း အတွေးပေါင်းများစွာသည် သူမခေါင်းထဲသို့ ပြေးဝင်ခိုကပ်လာသည်။ သူမစိတ်သည် မတည် ငြိမ်။ ယောက်ယက် ဆန်ခတ် လှုပ်ရှားသည်။ ဟိုမှသည်သို့ ခုန်ပေါက်ပြေးလွှားသည်။ မည်သည့်နေရာ လောက်တွင် သူမနှင့်မောင်ညို လုံးထွေးသတ်ပုတ်ကြသည်။ မည်သည့်နေရာ၌ သူအညှံ့ခံလိုက်ရသည်။ မည်သည့် နေရာအရောက် ဘယ်သူ ဘယ်ဝါမသိရသူ တစ်ယောက်နှင့် ကြုံဆုံခဲ့ရသည်ဆိုသော အဖြစ်

အပျက်များကို ပုလဲမှန်းဆကြည့်သည်။ ပြီး ထိုအဖြစ်ထိုအကြောင်းကို တွေးသည့်အခါ ပုလဲရင်ထဲတွင် ခုချိန်ထိ လှိုင်းတံပိုးများ ရိုက်ခက်နေဆဲ။

"အမေတစ်ယောက် သမီးတစ်ယောက် နေရတယ်ဆိုတော့ ခုလိုအဖြစ်မျိုးဟာ ညည်းအနေနဲ့ အားငယ်မှာဘဲ။ စိတ်ဆင်းရဲမှာဘဲ။ အကိုသားချင်းတစ်ယောက် ဒါမှမဟုတ် အကိုလိုအားထားရမယ့် လူတစ်ယောက်တော့ ညည်းအနေနဲ့ ရှိသင့်တယ်ပေါ့ ပုလဲရယ်"

ငြိမ်းရင်က လူကြီးသူမတစ်ယောက်လို ပြောလေသည်။

ပုလဲက ပြုံးလိုက်သည်။ သို့ရာတွင် သူ့အပြုံးမှာ အားတတ်သရောမရှိ။ မချိသွားဖြဲ ပြုံးပုံမျိုး။

"ငါပြောတာ ဟုတ်တယ်မို့လား"

ငြိမ်းရင်က မေးသည်။

ပုလဲက ခပ်သွက်သွက် ခေါင်းရမ်းလိုက်ပြီး

"ညည်းက ငါ့ကို အောင်သွယ်နေတာလား ငြိမ်းရင် " ဟု ပြန်မေးလိုက်သည်။

"ဘုရားရေ မဟုတ်ရပါဘူးပုလဲရယ်။ ငါက ညည်းအတွက် ကိုယ်ချင်းစာလို့ ပြောတာပါဟယ်"

"ငါဘယ်တော့မှ အိမ်ထောင်မပြုဘူး"

ပုလဲက တုံးတိကြီး ပြောလေသည်။

"ဘာရယ် ညည်းအပျိုကြီးဘဝနဲ့ အရိုးထုတ်မယ်ပေါ့။ ဟုတ်လား"

ငြိမ်းရင်က တအံ့တသြ မေးသည်။

"အေး "

ပုလဲအဖြေကို ငြိမ်းရင် မယုံ။ ပုလဲက အေး ဆိုသည်ကိုလည်း ငြိမ်းရင် အလေးအနက်မပြု။ ပုလဲလို ချောမော လှပသော မိန်းမသားတစ်ယောက်သည် အိမ်ထောင်ရက်သား ပြုရမည်။ ကလေးတွေ တစ်ကျိပ်တစ်ပိုး မွေးရမည်ဟု ငြိမ်းရင် ယူဆလေသည်။

နှစ်ဦးသား၏ စကားသံများသည် ကျယ်လောင်သည်တော့မဟုတ်။ နှစ်ကိုယ်ကြား ပြောနေခြင်းသာ ဖြစ်သည်။ ဇရပ်ရှေ့ပိုင်းမှ ဖွန်းသံ၊ ပန်းကန်သံ၊ လူသံများကလည်း ဇရပ်တစ်ခုလုံးကို ဖုံးလွှမ်းနေသည်။

"ကိုယ့်ရပ် ကိုယ့်ရွာသားချင်းမို့လား"

ငြိမ်းရင်က ထပ်မေးသည်။

"ဒီလိုထင်ရင် ညည်းမှားမှာပေါ့ ငြိမ်းရင်။ ငါကိုယ်တိုင်က ရွံ့ဗွက်ထဲက မိန်းခလေးတစ်ယောက်ပဲ။ လူဘော်ကြော့ကို မှန်းရင် ငါ့ထက်မိုက်တာ ဘယ်ရှိမလဲ။ ရှင်းရှင်းပြောရရင် ငါ့မှာအိမ်ထောင်ပြုချင်တဲ့စိတ် တစ်စက် ကလေး မရှိဘူး"

ထိုအခိုက် သူမတို့ရှိရာသို့ လှကွန့်နှင့် ကပွဲယကြီးဦးဖိုး ရောက်လာသည်။ ပုလဲနှင့် ငြိမ်းရင်တို့ စကားဆက်ပြတ်သွားကြသည်။

"ကဲ ခပ်သွက်သွက်ဆေးကြ ကြောကြဟာ။ နင်တို့နှစ်ယောက်ဟာ စကားတွတ် ထိုးနေတာဘဲ။ ဒါကြောင့် ဟို ကောင်တွေ ပြူတစ်ပြူတစ် လုပ်နေတာ"

လှကွန့်က ပြောသည်။

"အောင်မယ် အဲဒါက ဘာစကားလဲ"

ပုလဲက မျက်စောင်းချီပြောသည်။

"ကဲပါဟာ နင်တို့နှစ်ယောက် ထမင်းဆာကြပလား။ မဆာသေးရင် နင်တို့နားကြဦး။ ငါဝင်ဆေးလိုက်ဦးမယ်။ ဖယ်ကြ ဖယ်ကြ"

လှကွန့်က စကားကိုလှီးလွှဲလိုက်ပြီး ပန်းကန်ဆေး အင်တုံဘေးတွင် ဝင်ရောက်ထိုင်လိုက်သည်။ ထိုအခါမှ ပုလဲနှင့်ငြိမ်းရင်သည် ထိုင်ရာမှ ထလိုက်သည်။

မွန်းတိမ်းချိန်ရောက်သည့်အခါ ကျောင်းအောက်၌ ရေစက်ချ တရားပွဲပြုလုပ် သည်။ ထိုအခါ အမျိုးသမီးများ အားလုံးကျောင်းအောက်သို့ ရောက်ရှိသွား ကြသည်။

ဇရပ်ပေါ်တွင် ကာလသားခေါင်းစံတုတ်နှင့် ကာလသားတစ်သိုက်သာ ကျန်ခဲ့သည်။ သူတို့သည် အိုးခွက်ပန်းကန်မှစ၍ သိမ်းဆည်းရမည့် ပစ္စည်းမှန်သမျှကို ကပ္ပိယကြီးဦးဖိုးနှင့်အတူ သိမ်းဆည်းခြင်း ပြုကြသည်။

ကျောင်းမှာတစ်ထပ်တည်း အမြင့်ဆောက်လုပ်ထားသော ကျောင်းဖြစ်သည်။ ကျောင်းအောက်ထပ် မြေကြီးပေါ်တွင် နီးချောဖျာများ ခင်းကျင်းထားသည်။ အခါတိုင်း လပြည့်လကွယ်နေ့များတွင်မူ ဦးပဥ္စင်းသည် ဇရပ်ပေါ်၌ သီလပေးခြင်း၊ တရားဟောခြင်းပြုသည်။ ယနေ့ကား ပရိသတ်များလွန်းသဖြင့် ကျောင်းအောက်၌ ပြုလုပ်ခြင်းဖြစ်သည်။ မနက်ပိုင်းကလည်း ကျောင်းအောက်၌ပင် သီလပေးခြင်း ပြုခဲ့လေသည်။

ရေစက်ချတရားဟောသည့်အခါ ဦးပဥ္စင်းသည် အနတ္တလက္ခဏာသုတ်တော် အနက်သဘောကို အကျဉ်းမျှဟောတော်မူသည်။

ရှေးအတိတ်ဖြစ်သော ဘဝ၊ နောင် အနာဂတ်ဖြစ်မည့်ဘဝ၊ ပစ္စုပ္ပန်တည်းဟူသော မျက်မှောက် ဘဝ တို့၌ ကိုယ်တွင်းရှိရုပ်သည်လည်းကောင်း၊ အပရှိရုပ်သည် လည်းကောင်း၊ နူးညံ့သောရုပ်သည် လည်းကောင်း၊ ကြမ်းတမ်းသောရုပ်သည် လည်းကောင်း၊ မြင့်မြတ်သောရုပ်သည် လည်းကောင်း၊ ယုတ်ညံ့သောရုပ်သည် လည်းကောင်း၊ အနီး၌ဖြစ်သော ရုပ်သည်လည်းကောင်း၊ အဝေး၌ရှိသော ရုပ်သည်လည်းကောင်း ခပ်သိမ်းကုန်သော ရုပ်တို့သည် ငါပိုင်မဟုတ်။ ငါဖြစ်သည်ဟူ၍လည်း မဟုတ်။

ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်ပြောင်းလဲမှု၊ သိမှု အစုစုတို့သည် မမြဲသော သဘော၊ ဖောက်ပြန်သော သဘော၊ ပျက်စီးသော သဘောသာဖြစ်၏။

ခန္ဓာငါးပါးကို ပိုင်စိုးသော အတ္တသည် တကယ်ပင်ရှိရိုးမှန်က မိမိတို့ဖြစ်စေချင်သလို ဖြစ်နိုင်စရာရှိ၏။ ယခုကားဝေးစွ။ ရုပ်အစုသည် လည်းကောင်း၊ နာမ်အစုသည်လည်းကောင်း၊ အိုနာသေဘေးကို မဆိုထားဘိ မအိပ်ရမနေနိုင်၊ မစားရမနေနိုင်၊ ရေလေးကိုပင် မသွင်းမထုတ်ရမနေနိုင်။ ဤကား မပိုင်ခြင်းသဘော။ အစိုးမရခြင်း သဘောပေတည်း။

တရားဓမ္မ ဟောကြားပြီးသည့်အခါ ရေစက်ချအမျှဝေသည်။

"အားလုံးကြား ကြား သမျှ အမျှဗျို့ အမျှ အမျှ"

ဆယ်အိမ်ခေါင်းဦးဗလကအော်လေသည်။ "သာဓု သာဓု သာဓု"ဟူသော အသံသည် ကျောင်းဝင်းတစ်ခုလုံး လွှမ်းခြုံသွားသည်။

ပုလဲသည် အများနည်းတူပင် သာဓု သာဓု သာဓုဟု ဆိုသည်။

ယင်းအခိုက်အတန့်၌ပင် သူမက မောင်ညို့မျက်နှာကို ကွက်ကနဲမြင်လိုက်သည်။ သူမက အယောင်ယောင် အမှားမှားဖြင့် အမျှ အမျှ အမျှ ဟု ဆိုလိုက်မိလေသည်။

တရားဓမ္မကိစ္စ ပြီးစီးသည့်အခါ ဦးပဥ္စင်းသည် စက္ကူခြွေကို ချလျက် ကျောင်းပေါ်သို့ ပြန်လည်ကြွမြန်းလေသည်။ သူကြီးဦးမောင်ကြီး၊ ဆယ်အိမ်ခေါင်းဦးဗလနှင့် ကူးတို့သူကြီး ဦးလာဘတို့သည် လူကြီးတစ်ချို့နှင့် နေရာတွင်ထိုင်ကျန်ရစ်သည်။ လူအုပ်သည် ဇရပ်ဘက်သို့ တစ်ချို့ကသွားကြသည်။ ဥပုသ်သည်များကမူ သစ်ပင်အရိပ်ကောင်းများရှိရာသို့ သွားသူများက သွားကြသည်။ အချို့က ကျောင်းတောင်ဘက်ရှိ

ချောင်းဦးဆီသို့ ရှေ့ရှုကြသည်။ အချို့မှာမူ ကျောင်းအနောက်ဖက်လယ်မြေ လေးငါးကွက် အလွန်တွင် ရှိနေသော သုသာန် ဇရပ် ရှိရာသို့ ထွက်ခွာသွားကြလေသည်။

"ရွာထဲပြန်မယ့် မိန်းခလေးတွေ လာကြဦးဟေ့။ ရွာထဲက ပစ္စည်းတစ်ချို့တစ်ဝက် ပြန်ရွှက်သွားကြပါဦးဟေ့"

ကာလသားခေါင်းစံတုတ်က ဇရပ်ပေါ်မှ လှမ်းအော်သည်။ ပုလဲအပါ အဝင်ဖြစ်သော မိန်းမပျိုတစ်သိုက်သည် ဇရပ်ရှိရာသို့ လှည့်လာ ကြသည်။

ထိုအခိုက် ရွာမြောက်ဖျားဆီမှ တဒိန်းဒိန်းနှင့် သေနတ်သံ လေးငါးချက် ပေါ်ထွက်လာသည်။ ကြွတ်စီကြွတ်စီ ဖြစ်နေသော လူအုပ်သည် မီးကိုရေနှင့် ငြိမ်းလိုက်သလို ငြိမ်သက်သွားသည်။ တစ်ဦးကိုတစ်ဦး မျက်လုံးပြူး ကြည့်လိုက်ကြသည်။

"ဟာ၊ သေနတ်သံပါကလား"

"ဟုတ်တယ်ဟေ့၊ သေနတ်သံကွ"

"ဘာတွေများဖြစ်ပါလိမ့်။ မြောက်ဖျားဆီက ကြားရတယ်"

ဇရပ်ပေါ်ရှိ ကာလသားများသည် တစ်ခဏသာ ငြိမ်သက်နေကြပြီး တစ်ယောက်တစ်ပေါက်အော်ကြဟစ်ကြလေသည်။ ထိုအတွင်း နောက်ထပ် သေနတ်သံ နှစ်ချက်ပေါ်လာပြန်သည်။

"ဟေ့ ဟေ့ အားလုံး ငြိမ်ငြိမ်သက်သက် နေကြစမ်း။ တစ်ယောက်လာစမ်းဟေ့၊ တစ်ယောက်၊ သာဆောင် လာစမ်းဟေ့"

ကျောင်းအောက်ရှိ သူကြီးဦးမောင်ကြီးသည် ထိုင်ရာမှ ထလိုက်သည်။ ဦးမောင်ကြီးနှင့်အတူ ဦးဗလနှင့် ဦးလာဘတို့လည်း ရောနှောထလိုက်ကြသည်။ ဦးမောင်ကြီးသည် ဇရပ်ပေါ်မှ လူအုပ်ကို လှမ်းအော်ရင်း သူ့အိမ် သူရင်းငှား သာဆောင်အား ခေါ်လေသည်။

ထိုအခိုက် သူကြီးအိမ်မှ လူတစ်ယောက်သည် ရွာတွင်းလမ်းအတိုင်း ကျောင်းဆီသို့ ဖားဖား ဖားဖားနှင့် ပေါက်ချလာသည်။ ထိုသူလာနေသည်ကို ဇရပ်ပေါ်ရှိလူစုက လှမ်းမြင်ရသည်။ ရုတ်တရက်တော့ ထိုသူသည် မရောက်လာသေး။ ကျောင်းသည် ရွာစွန်တောင်ဖျားနှင့် နှစ်ဖာလုံလောက် ဝေးသည်။ လူအုပ်က ထိုသူအား မျက်ချည်မပြတ် ကြည့်နေကြသည်။ အကြောင်းထူးတစ်ခုခုသည် ထိုသူနှင့်ပါရှိလာကြောင်း လူအုပ်ကသိသည်။ ထိုသူကပြေးတော့မတတ် သုတ်ခြေတင်လာသည်ကိုပင် ကျောင်းတွင်းရှိလူအုပ် က နေးကွေးရန်ကောဟု ထင်ကြလေသည်။

ပုလဲသည် အိမ်မှအမေ့အတွက် အတော်ပင်စိတ်ပူမိသည်။ ရွာထဲတွင် ဘာတွေဖြစ်နေပါလိမ့် ဟူ၍ လည်း စိုးနောင့်မိသည်။ မနေတတ်မထိုင်တတ် ဖြစ်လာသည်။ ထိုင်လိုက် ထလိုက်ဖြစ်နေသည်။ သူမ၏ အဖြစ်ကို စိန်ကြည်ဆိုသော မိန်းခလေးက ရိပ်မိကာ သူမလက်တစ်ဖက်ကို ဖမ်းဆွဲ ထားသည်။ ထိုအတွင်း ကပင် ပုလဲသည် စိန်ကြည့်လက်တွင်းမှ ရုန်းထွက်လျက် ဇရပ်ပေါ်မှ ကပျာကသီ ဆင်းသက်ကာ ကျောင်းဝင်းပေါက်ရှိရာသို့ သုံးလေးလှမ်းခန့် လျှောက်လေသည်။

"ဟဲ့ ဟဲ့။ ဟိုမိန်းခလေး ဘယ်ကိုတုန်း။ နေစမ်းဦးလေ" ဦးမောင်ကြီးက လှမ်းအော်သည်။

ပုလဲခြေလှမ်းတန့်သွားသည်။ ဇရပ်ရှိရာသို့ ပြန်လှည့်လာသည်။ ထိုအတွင်း သူကြီးအိမ်မှလူ ရောက်လာသည်။

"မြို့ထဲက အစိုးရတွေ လာတယ်ခင်ဗျ။ သူကြီးမင်းကို မေးတယ်ခင်ဗျ"

ထိုသူက ဦးမောင်ကြီးအား ပြောသည်။ လူတွေကသူ့ကို ဝိုင်းနေသည်။

"အစိုးရတွေ ဟုတ်စ"

"ဟုတ်တယ်ခင်ဗျ။ ဟိုရာဇဝတ်အုပ် ဆိုတဲ့ လူရယ်၊ ပုလိပ်တွေရယ်"

ပုလဲရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။ သူမခေါင်းသည် ပုတ်တစ်လုံးနီးနီး ကြီးမားသွားသည်။ ငါ့ကို ဖမ်းကြဖို့ လာတာများလား။ ထိုအတွေးသည် သူမရင်ကို ဖိုလှိုက်စေသည်။ မိခင်လူမမာအတွက် စိုးရိမ်ကြောင့်ကြစိတ်သည် သူမ တစ်ကိုယ်လုံးအား ကိုင်လှုပ်သလို ဖြစ်ရသည်။

"ကဲ ကိုဗလ။ ကျုပ်တို့ရွာထဲသွားကြဦးစို့ဗျာ။ သာဆောင် ကျောင်းပေါ်က ဆတ်ချိုမှာ ငါ့ပဝါသွားယူစမ်း"

ဦးမောင်ကြီးသည် ဦးဗလအား ပြောရင်းမှ သာဆောင်အားလှမ်းပြောသည်။

"ဒီကိုလာနေကြပြီခင်ဗျ"

ဇရပ်ပေါ်မှ ကာလသားခေါင်းစံတုတ်က လှမ်းပြောသည်။ လူအုပ်သည် ရွာလမ်းကို မျှော်ကြည့်ရင်း တစ်ယောက် တစ်ပေါက်နှင့် ထင်ကြေးအမျိုးမျိုး ပေးကြပြန်သည်။ အားလုံးက အများဆုံးလို ပေးသော ထင်ကြေးမှာ မောင်ညို့ ကိစ္စ။

ရာဇဝတ်အုပ် ကိုကံရနှင့် နောက်ပါပုလိပ်အမှုထမ်း ၅ယောက်သည် ကျောင်းရှိရာသို့ ခြေလှမ်း သွက် သွက် လာနေကြသည်။

ဟုတ်ပါတယ်။ သူတို့ငါကိုဖမ်းရအောင် လာကြာတာဘဲ။ ရွာထဲမှာမတွေ့လို့ ဒီကိုလိုက်လာတာ ဖြစ်ရ မယ်။ ခုနေငါ ထွက်ပြေးရကောင်းမလား။ ဖျိုက်တောထဲ သွားပုန်းရ ကောင်းမလား။ ထိုအတွေးဖြင့် ရွာလမ်းရှိရာသို့ ပုလဲမျှော်ကြည့်လိုက်သည်။

ရာဇဝတ်အုပ်နှင့် ပုလိပ်အမှုထမ်းများသည် ကျောင်းဝင်းပေါက်နှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ရာဇဝတ်အုပ်က ရှေ့ဆုံးမှဖြစ်သည်။ ပုလိပ်၅ယောက်က ခြေလှမ်းခြေချမမှန်ဘဲ နောက်မှဖြစ်သည်။ ဒါပေမယ့် သူတို့အားလုံး သွက်လက်သည်။ လျင်မြန်သည်။ တစ်စုံတစ်ရာ ဇောကပ်သည်။ အရေးကြီးသော ကိစ္စ တစ်စုံ တစ်ခုကို ဆောင်ကျဉ်းလာကြောင်း သိသာသည်။

သူတို့ ၆ယောက် ကျောင်းဝင်းပေါက်နှင့် နီးသည်ထက်နီးလာသည်။ ပုလဲ ပို၍ပို၍ တုန်လှုပ်ချောက်ချားသွားရသည်။ ယင်းအချိန်သည် သူမအဖို့ ရင်အခုန်ရဆုံး ဖြစ်သည်။ ဘယ်သူ့ကိုမှ စကားမပြောနိုင်။ ပတ်ဝန်းကျင်ကို မေ့နေသည်။ သူသတိရနေသည်မှာ အမေ။

ဟုတ်ပါတယ်။ ဒီတစ်ခါတော့ ငါ့ကိုဖမ်းရအောင် လာတာဖြစ်ရမယ်။ ဘယ်နည်းမှမလွဲဘူး။ တစ်ထစ်ချ ပုလဲတွေးသည်။ တစ်ကိုယ်လုံး ချွေးတွေပြန် ထွက်လာသည်။ သူ့ကိုယ်သူ ယိုင်လဲမသွားအောင် မနည်း သတိထားရသည်။ ခေါင်းတစ်ခေါင်းလုံး ရီဝေနောက်ကျိလာသည်။ တရံရောအခါက အင်းမရွာမှ လက်ထိပ်သံကွင်း တန်းလန်းဖြင့် ပုလိပ်တွေဖမ်းလာသော ရာဇဝတ်ကောင်ကို ပုလဲမြင်ယောင်မိလေသည်။

သည်အတွင်း အိပ်ယာထက်တွင် ပက်လက်ကလေးဖြစ်နေသော အမေအိုကြီး အိုမ၏ မျက်နှာကိုမြင်ယောင်လိုက်သည်။ ထိုအခါ "အို ငါနဲ့ဘာဆိုင်တာမှတ်လို့။ ငါဘာမှမသိဘူးပေါ့။ ငါဘာကြောင့် ကြောက်လန့် နေရမှာလဲ။ ခုနေ ငါ့ကိုဖမ်းသွားရင် အမေအသက်ထွက်လိမ့်မယ်။ ငါမကြောက်ဘူး မကြောက်ဘူး။ ငါ့ စိတ်ကို ငါတင်းထားမယ်။ ငါ့အတွက်အမေဟာ ဘာမှမဖြစ်စေရဘူး" သူ့ကိုယ်သူ ပုလဲအားပေးသည်။

ကိုကံရခေါင်းဆောင်သော ပုလိပ်အမှုထမ်းများသည် ကျောင်းဝင်းပေါက် ရောက်သည့်အခါ ဖိနပ်ချွတ်ကြသည်။ သူတို့အားလုံး လူကိုယ်စီသေနတ်ကိုယ်စီ။ ကွဲလွဲမှုတော့ရှိသည်။ ရာဇဝတ်အုပ်က ခြောက်လုံးပူး။

အားလုံးကျောင်းဝင်းထဲ ဝင်ရောက်လာကြသည်။ ဆိုက်ဆိုက်မြိုက်မြိုက်ဖြစ်သည်။ ကျီးငှက်၏ မျက်စိသဖွယ် ဖြစ်သော မျက်လုံးပေါင်း ဆယ့်နှစ်လုံးသည် ဇရပ်ပေါ် ဇရပ်အောက်၊ ကျောင်းပေါ် ကျောင်း အောက် နေရာအနှံ့ ကြည့်ကြသည်။ ပြီး သူတို့က လူအုပ်လူဝေးထဲတွင် တစ်စုံတစ်ယောက်အား အရေးတကြီး ရှာဖွေဟန်ရှိသည်။ သေနတ်တစ်ဘက် ဖိနပ်တစ်ဘက် ကိုင်လာသော ပုလိပ်အမှုထမ်း ၅ယောက် သည် တိုင်ပင်ထားသလို တစ်ညီတစ်ညွတ်တည်း သေနတ်များကို ပခုံးထက် ချိတ်လိုက်ကြသည်။

"ကြွပါခင်ဗျာ၊ ရာဇဝတ်အုပ်မင်း ဒီကိုကြွပါ။ ပေ့မောင်စံတုတ် ရေနွေးအကြမ်းလေး စားစရာ သောက်စရာ လေးများ ယူခဲ့ပါဟ"

သူကြီးဦးမောင်ကြီးက ရာဇဝတ်အုပ် ကိုကံရအား ဆီးကြိုဖိတ်မန္တကပြုရင်း ဇရပ်ပေါ်ရှိ ကာလသားခေါင်း စံတုတ်အား လှမ်းအော်သည်။

"ကျွန်တော်တို့ ဌာနာပိုင်ကြီးတစ်ယောက် သူကြီးတို့ရွာဘက်ကိုများ မလာဘူးလားခင်ဗျ"

ရာဇဝတ်အုပ်သည် ကျောင်းအောက်မရောက်မီ လှမ်းလှမ်းမှနေ၍ပင် ဦးမောင်ကြီးအား လွှတ်ကနဲ မေးလိုက်သည်။

ထိုအခါမှ ပုလဲရင်ထဲတွင် အနည်းငယ် သက်သာမှု ဖြစ်ရလေသည်။

"မလာပါဘူးခင်ဗျ"

သူကြီးက ဖြေသည်။

ရာဇဝတ်အုပ်နှင့် အမှုထမ်း၅ယောက်သည် ကျောင်းအောက်တစ်နေရာတွင် စုဝေးထိုင်လိုက်ကြသည်။ မကြာမီ တရုတ်ပဲမုန့်များ၊ မရွေးများ၊ ပေါက်ပေါက်ဆုပ်၊ ငါးခြောက်ဖုတ်၊ လက်ဖက်နှင့် လက်ဖက်ရည်ကြမ်း စသည်များ ရောက်လာသည်။

"ဘယ်ကိုများ ခရီးလွန်နေတယ် မသိပါဘူးဗျာ"

ကိုကံရသည် မျက်နှာပေါ်ရှိချွေးများကို လက်ကိုင်ပဝါနှင့် သုတ်ရာမှ ညည်းပြော ပြောသည်။

"ဟဲ့ ဆေးလိပ်တို့ မီးခြစ်တို့ပေးပါဦး။ ရောက်တုန်းရောက်ခိုက် အေးအေး ဆေးဆေးပေါ့ ရာဇဝတ်အုပ်မင်း။ သြော် ဒါထက် ထမင်းစားသောက် ပြီးခဲ့ကြ ပလားခင်ဗျ။ ဒီနေ့ မောင်ညို့သပိတ်သွတ် ခင်ဗျ"

သူကြီးဦးမောင်ကြီးသည် ရာဇဝတ်အုပ်ကိုကံရနှင့် အနီးရှိရွာသားတစ်ယောက် အား စကားတဆက်တည်း ပြောသည်။

"ပြီးခဲ့ပါပြီဗျာ။ သြော် ဒီနေ့ မောင်ညို့သပိတ်သွတ်နေ့ကို"

ရာဇဝတ်အုပ်က ပြောသည်။ ရာဇဝတ်အုပ်သည် ဌာနာပိုင်ဦးဘကြိုင်အား မတွေ့ရသဖြင့် အတော်ပင် မျက်စိမျက်နှာ မကောင်းဖြစ်နေသည်။ ဒါကိုတော့ ဦးမောင်ကြီးတို့လူစု မရိပ်မိကြ။

တကယ်ဆိုတော့ မနေ့ညကပင် ဌာနာပိုင်ကြီးဦးဘကြိုင်မှာ မြို့ပေါ်မှ ပျောက်ကွယ်ခဲ့သည်။ အကင်းပါးသောဌာနာပိုင်သည် လွန်ခဲ့သော သီတင်းတစ်ပတ်ခန့်ကပင် ဇနီးသည်နှင့် သားသမီးများအား ယောက္ခမများရှိရာ မီးရထားလမ်းမြို့တစ်မြို့နှင့် ဆယ့်လေးငါးမိုင်ဝေးသည့် ရွာငယ်တစ်ရွာသို့ စေလွှတ်လိုက်ပြီး ဖြစ်သည်။ ပြီးမှ သူလိုက်သွားခြင်းဖြစ်သည်။ ဤအဖြစ်ဖြင့် ဌာနာပိုင်သာမဟုတ် မြို့ပိုင်နှင့်နယ်ပိုင်အပါအဝင် ဖြစ်သော အိမ်ထောင်စုများမှာ လည်း မြို့ပေါ်မှထွက်ခွာသွားကြလေပြီ။ ဗမာ့လွတ်မြောက်ရေး တပ်မတော်နှင့် ဂျပန်တို့၏ စစ်ဦးသည် မကြာခင်ညောင်တုန်းမြို့သို့ ရောက်လာတော့မည်ဟု သူတို့က တွက်ဆမိသော ကြောင့်ဖြစ်သည်။

ရာဇဝတ်အုပ်သည် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ရင်း ခပ်စောစောက လွှတ်ကနဲမေးမိသော ဌာနာပိုင်နှင့် ပတ်သက်သည့် ကိစ္စသည် မှားများမှားသွား လေသလား၊ လျှို့ဝှက်ဖုံးဖိထားရမည့် ကိစ္စလားဟု တွေးနေသည်။ ထိုအခိုက် ပုလဲအပါအဝင်ဖြစ်သော အမျိုးသမီးလေးငါးယောက်တို့သည် တောင်းများ၊ ဗန်းများကို ရွက်လျက် ဇရပ်ပေါ်မှ ဆင်းသက်လာကြသည်။

"သြော် ဒါထက် ဟိုမိန်းခလေး ဘယ်သူခင်ဗျ။ အဲ အဲ ပုလဲ ဆိုလား"

ရာဇဝတ်အုပ်က သူ့အတွေး သူ့အကွက်ဖြင့် မေးလေသည်။

"ရှိပါတယ်ခင်ဗျာ။ ရှိပါတယ်။ တွေ့ချင်လို့လား"

ဆယ်အိမ်ခေါင်းဦးဇလက ပြောသည်။

"အင်း နည်းနည်းပါးပါး မေးချင်လို့ဗျ"

ပုလိပ်အမှုထမ်းငါးယောက်မှာမူ ပေါက်ပေါက်ဆုပ်၊ လက်ဖက်၊ ငါးခြောက်ဖုတ် စသည်များကို ပလုပ်ပလောင်း စားသောက်ကြသည်။ သူတို့သည် ဌာနာပိုင်ဦးဘကြိုင်အား ရှိဖွေရန်လာခြင်းသာဖြစ်သည်။ တခြားကိစ္စ ဘာမှမရှိဟု သဘောပေါက်ထားကြသည်။

"ပုလဲ။ လာဦးဟဲ့"

ဦးဇလက လှမ်းခေါ်လိုက်သည်။

ပုလဲသည် ခေါင်းထက်မှတောင်းကို လက်တစ်ဖက်က ထိန်းထားသည်။ ဏ္ဍဝရရ ကျောင်း အောက်သို့ လျှောက်လာသည်။ ရာဇဝတ်အုပ် ကိုကံရနှင့် မလှမ်းမကမ်းတွင် ရပ်သည်။

"မင်းခေါင်းပေါ်ကတောင်းကို ခဏချဦးလေ"

ရာဇဝတ်အုပ်က ပြောသည်။

"ကိစ္စမရှိပါဘူး ရပါတယ်"

"မင်းဈေးဦးကျွန်း ရွာကို နောက်ထပ်မသွားဘူးလား"

"ကျမ အမေသိပ်မမာနေတယ်။ စောင့်ကြည့်မယ့်လူဟာ ကျမ တစ်ယောက်ထဲပဲ ရှိပါတယ်"

"ဩော် မသွားဘူးဆိုပါတော့"

"ဘယ်သွားလို့ဖြစ်မလဲ။ ကျမတို့မှာ သားအမိနှစ်ယောက်ထဲရှိတယ်"

"မောင်ညိုက မင်းကို ချစ်စကား ကြိုက်စကားများ ပြောဖူးလား"

ရာဇဝတ်အုပ်၏ ထိုအမေးကြောင့် ပုလဲမျက်နှာ နီမြန်းသွားသည်။

"အိုရှင် မဟုတ်တာ။ ကျမတို့ မောင်လို နှမလိုနေကြတာတွေ"

ရာဇဝတ်အုပ်သည် နောက်ထပ်မေးခွန်းသုံးလေးခုကို စိတ်မပါဘဲမေးနေသည်။ ထိုကဲ့သို့ မေးရင်း မြန်းရင်း ပုလဲကိုယ်ပေါ်တွင် မျက်လုံးကစားသည်။ ယခင်တစ်ခါက ကြည့်ပုံရှုပုံ သုံးသပ်ပုံမျိုးမဟုတ်။ အတော်ပင် ကွဲပြားသည်။ ယခင်တစ်ကြိမ်ကမူ သူပုန်ကိုပညာဆိုသူ အပေါ်၌သာ စိတ်ရောက်နေသည်။ ယခုတစ်ကြိမ်တွင်ကား ပုလဲအပေါ် သူစိတ်ဝင်စားသည်။ အတော်ချောတဲ့ ဟာမလေး။ ကိုယ်ဟန်ကလဲ တင်းတင်းတောင့်တောင့်၊ မင်းကတော် စိုးကတော် ဖြစ်ထိုက်တဲ့ရုပ်ရည်မျိုး။ အေးလေ၊ တစ်နေ့တော့ အခွင့်ကြုံဦးမှာဘဲဟု စိတ်မှတ်ပြု သည်။ ပြီးနောက် သူ့အတွေးများသည် တောင်တောင်တောတော မအီမလည်ဖြစ်နေသည်။

"မင်း အသက် ဘယ်လောက်ရှိပလဲ"

"ဆယ့် ရှစ် နှစ် ကျော်ပြီ"

ထိုအခိုက် ကျောင်းပေါ်မှ ဦးပဥ္စင်းသည် ကျောင်းအောက်သို့ ဆင်းသက် ကြွမြန်းလာသည်။ အနီးတွင် ဝိုင်းအုံ နေသော လူအုပ်သည် နောက်သို့ဆုတ်ခွာ လျက် ဖယ်ရှားပေးသည်။

"ကဲ ကဲ။ သွားတော့ သွားတော့"

ရာဇဝတ်အုပ်က ပြောလေသည်။ ပုလဲ ထိုနေရာမှ ထွက်ခဲ့သည်။ သူမစိတ်ထဲတွင် ရှင်ဓမ္မဝိလာသအား ကျေးဇူးတင်လိုက်မိလေသည်။

(၁၁)

မြန်မာ့မြေပေါ်တွင် ခေတ်တစ်ခေတ်ပြောင်းရန် အရိပ်ထိုးအစပျိုးခဲ့လေပြီ။ ပြောင်းလဲမည့်ခေတ်ကား ဂျပန်ခေတ်ပေတည်း။

စက္ကော့ရွာမှ ရာဇဝတ်အုပ် ဦးကံရနှင့် ပုလိပ်အမှုထမ်းငါးယောက်တို့ ပြန်သွားပြီး ၂ ရက်အကြာ နေ့လည် ၃ နာရီ အချိန်လောက်တွင် ဗမာ့လွတ်မြောက်ရေး တပ်မတော်နှင့် ဂျပန်စစ်တပ်များသည် ညောင်တုန်းမြို့ ဝင်ရောက်မိကြလေသည်။

ဧရာဝတီမြစ်ကြောင်းအတိုင်း မြန်မာပြည်အထက်ပိုင်းသို့ စစ်ဦးတည်ထားသော မြန်မာနှင့် ဂျပန် တပ်များသည် ညောင်တုန်းမြို့၏ အနောက်တောင်ဘက်စွန်းရှိ ရွှေဟသာကျွန်းပေါ်၌ ခေတ္တမျှ တပ်စွဲထားလေသည်။ ထိုအခါ ညောင်တုန်းမြို့ပေါ်မှ တို့ဗမာသခင် သခင်မများ၊ မျိုးချစ်စိတ်ဓါတ်လည်းရှိ၍ ဗြိတိသျှ နယ်ချဲ့သမားအား ဆန့်ကျင်ရေးစိတ်ဓါတ်လည်းရှိသော မြို့လူကြီးအချို့ နှင့် ရာဇဝတ်အုပ်ကိုကံရစသော ပုလိပ်ဘက်မှ လူများသည် သွားရောက် ကြိုဆိုကြသည်။ ထမင်းဟင်း အစားအသောက်များမှစလျက် ဆေးလိပ် ဆေးဝါး စသည်များကို နစ်နစ်လိုလို ထောက်ပံ့ကူညီခြင်း ပြုကြလေသည်။

ဗြိတိသျှနယ်ချဲ့သမားအပေါ် အထင်ကြီးနေသေးသည့် အရာရှိကြီးတချို့မှာမူ လွှန်ခဲ့သော သုံးရက်ခန့်ကပင် မအူပင်အရေးပိုင်နှင့် မြန်မာပြည်အထက်ပိုင်းသို့ လိုက်ပါသွားကြသည်။ အချို့အရာရှိများမှာ အမိန့်နှင့် ခေါ်သောကြောင့် မလိုက်ချင်ဘဲ လိုက်ပါသွားကြရသည်။ တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင် အချို့မှာ ဖမ်းဆီး ခေါ်ဆောင်သွားခြင်းခံကြရလေသည်။ သခင်ချမ်းငြိမ်းသည် အရှောင်အတိမ်း ကောင်းသောကြောင့် လက်မတင်ကလေး လွတ်ကျန်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့်လည်း လောလောဆယ် အခြေအနေတွင် မြို့နယ်၏ အုပ်ချုပ်ရေးကို သခင်ချမ်းငြိမ်း ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးမှ ပုဂ္ဂိုလ်များ၊ မြို့လူကြီးများနှင့် ရာဇဝတ်ဘက်မှ ပုဂ္ဂိုလ်များက တာဝန်ယူထားကြရသည်။ မြို့ပေါ်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများမှအပ ညမထွက်ရ အမိန့်ကို ထုတ် ပြန်ထားသည်။ မြို့ပေါ်ရပ်ကွက်တိုင်း၌ ကင်းအဖွဲ့များ ဖွဲ့စည်းကြသည်။ သူခိုးဘေး၊ ဓါးပြဘေး၊ မီးဘေး၊ တောကြောင်ဘေးများကို တာဝန်ယူလျက် ကာကွယ် စောင့်ရှောက်ကြရသည်။

ညောင်တုန်းပိုင် ကျေးရွာသူကြီးလေးဆယ့်ကိုးပိုင်ကိုလည်း ရှိရင်းစွဲကျေးရွာသူကြီး များကိုပင် အုပ်ချုပ်ထိန်းသိမ်းခြင်း ပြုစေသည်။ ညောင်တုန်းမြို့ ပုလိပ်ဌာနတွင် ဌာနာပိုင် ဦးဘကြိုင် မရှိတော့သဖြင့် ရာဇဝတ်အုပ် ကိုကံရကပင် ဌာနာပိုင်အဖြစ် တာဝန်ယူရသည်။ ထိုအခါ ကိုကံရမှာ နေရင်းထိုင်ရင်းပင် ဌာနာပိုင် အဆင့်သို့ ကူးပြောင်းလာသည်။ လူအတော်များများ နေရာအတော်များများပင် အပြောင်း

အလဲတွေ၊ ရာထူးအဆင့်အတန်းတွေနှင့် ဖြစ်ကုန်ကြသည်။ မြို့ပိုင်ရုံးစာရေးကြီး ဦးထွန်းမောင်မှာ ဂေဇတ်မရဘဲ ပုပုနွေးနွေး မြို့ပိုင်ဖြစ်လာသည်။ သူ့အိမ်မှ ပြာတာမောင်ပုသည်လည်း မြို့အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် လူကြီးတစ်ယောက် ဖြစ်လာသည်။

ပုလဲမိခင်ဒေါ်လုံး၏ ဝေဒနာသည် ဤရက်များတွင် ပို၍ဆိုးရွားလာသည်။ အဖွားကြီးသည် အိပ်ယာထဲက လုံးလုံးမထတော့။ စကားလည်းမပြော။ ယက်မန်းရည်ကလေး တစ်ဖွန်းစ နှစ်ဖွန်းစ သောက်သည် ဆိုရုံမျှ ဖြစ်သည်။ သို့သော်အဖွားကြီးသည် နေ့အချိန်ကုန်၍ ညမိုးချုပ်လာသည်နှင့် တပြိုင်တည်း အချိုး တစ်မျိုး ပြောင်းတော့သည်။

အဖွားကြီးသည် နေ့ဘက်တွင် တစ်နေ့လုံး စကားတစ်ခွန်း မပြောသမျှ ညဘက်တွင် အတိုးချ၍ ပြောလေသည်။ တွတ်တွတ်ထိုးသလား ထင်ရသည်။ ပတ်လုံးစမ်းသလား ထင်ရသည်။ မျက်လုံးကြီး အပြူးသားနှင့်ဖြစ်သည်။ ပြူးပြူးကြောင်ကြောင် မျက်လုံးနှစ်လုံးသည် သူမြင်နေရသော အိမ်ခေါင်မိုး ဓနိမိုး တစ်နေရာ၌ သံနှင့်စွဲထားသလို စူးစွဲကြည့်သည်။ ဘယ်ကိုမှမပြောင်း။ ဘယ်သူ့ဘက်မှ မငဲ့စောင်း။ သမီးကိုလည်း ရှိကောင်း၏ဟုမထင်။ မေးလို့မြန်း လို့လည်း ဘာတစ်ခွန်းမျှပြန်မဖြေ။ သည်လိုနှင့် မိုးစင်စင်လင်းလေ၏။

ပုလဲသည် သူ့မိခင်လူမမာအား ညလုံးပေါက်ထိုင်စောင့်သည်။ သူ့မိခင်ပြောသော စကားများကိုကား ဘာတစ်ခုမျှ ပုလဲနားမလည်။ မိုးချုပ်စအချိန်မှ လင်းကြက်များ တွန်ကျူးသည်ထိ သူ့အမေပြောနေသော စကားများသည် ဗမာစကား တစ်လုံးမှမဟုတ်။ မွန်စကားတွေချည်းဖြစ်သည်။ ဤရွာတွင် သူကြီး ဦးမောင်ကြီး၊ ဆယ်အိမ်ခေါင်းဦးဗလ၊ ကူးတို့သူကြီးဦးလာဘနှင့် သူမ၏မိခင်သည် မွန်စစ်စစ်များ ဖြစ်ကြသည်။ ထို့ကြောင့် တစ်ခါတစ်ခါ သူတို့ချင်းဆုံမိ၍ စကားပြောပလားဆိုလျှင် မွန်စကားသံများဖြင့် ပွတ်ပွတ်ထနေလေသည်။ ယင်းအခါ ပုလဲသည် ကွယ်ရာထောက်ရာမှနေကာ တခစ်ခစ်ရယ်လေသည်။

အဖွားကြီးမမာသည်မှာ နောက်ထပ်သီတင်း တစ်ပါတ်ပြည့်ပြန်သည်။

အဖွားကြီးဝေဒနာမှာ မည်သို့မျှမထူးခြား။ ပုလဲသည် ညည များတွင် သူ့အမေ လူမမာအား ထိုင်စောင့်ကာ ပိုင်မျဉ်းရင်းမှ ပျံ့လွင့်လာသော သေနတ်သံများကို ဖျောင်းကနဲ ဒိုင်းကနဲ ကြားရလေသည်။ သေနတ်သံမှာ မြို့ဘက်မှဖြစ်သည်။ သို့ရာတွင် သေနတ်သံက အဆက်မပြတ်မဟုတ်၊ အရေအတွက်များ သည်လည်းမဟုတ်၊ ရံဖန်ရံခါကြားရခြင်းနှင့် ၂ချက်ကောင်း၊ ၃ ချက်ကောင်း ဖြစ်သည်။ စင်စစ်ပစ်ဖောက်မှုသည် တောကြောင် တောကောင်များအား ခြောက်လှန့်သော ပစ်ခတ်မှုဖြစ်ဟန်တူသည်။ တကယ်ဆိုတော့ ဤအဖြစ်မျိုးကို ကြုံရသည့်အခါ လူမမာမိခင်အနီး၌ တစ်ယောက်တည်း နေနေရသော ပုလဲအဖို့ စိတ်အား ငယ်သယောင် ဝမ်းနည်းသယောင် ရှိရလေသည်။

ရှည်လျားသော ညပေါင်းများစွာတွင် အဆုံးမထင် အစမသတ်သည့် အတွေးအတောပေါင်းများစွာ တို့ကိုလည်း ပုလဲတွေးလေသည်။ အတွေးအတော များသည် ဟိုကသည်ရောက် သည်ကဟိုရောက်ဖြင့် ချည်ခင် အုပေါက်ရှိ လေသည်။ တဖန် သေနတ်သံနှင့် ဆက်နွယ်လျက် ရာဇဝတ်အုပ်ဆိုသူ အားလည်း ပုလဲ မြင်မိ ထင်မိသည်။ ယင်းကိစ္စသည် မကြာခင်ကမှ သူမ၏အတွေး တွင်းသို့ ဝင်ရောက်လာသည့် ကိစ္စသစ် တစ်ခုဖြစ်သည်။

ဒီလူဟာ ငါ့ကို မေးတယ် စစ်တယ်ဆိုတာ ရိုးမှရိုးရဲ့လား။ ဟုတ်မှဟုတ်ရဲ့လား။ ဒင်းမျက်လုံး ကြည့်ပုံဟာ ဆန်းပြားတယ်။ ဒင်းစိတ်ထဲက ငါ့ကိုဘယ်လိုများ ထင်နေလဲ။ အမှုနဲ့ပတ်သက်လို့ဘဲလား။ မတော် မလျော်တဲ့ သဘောမျိုးဘဲလား။ အမေကပြောဖူးတယ်။ မိန်းမကွိတ်၊ ယောကျ်ားပုလိပ်တဲ့။ ခဲမှန်ဖူးသော စာသူငယ်လို ရွံ့ရှုံ့နှင့် လန့်သော အတွေးမျိုးကို ပုလဲတွေးမိပြန်သည်။ စင်စစ်သည်လို အတွေးအတော တစ်ခုကို တွေးတတ် တောတတ်အောင်လည်း သူမ၏ ဘဝကပင် သင်ခန်းစာပေးခဲ့ပါသော်ကော။

ရွာ့အခြေအနေသည် မည်သို့မျှ မထူးခြား။ ဘာဆိုဘာမျှ အပြောင်းအလဲမရှိ။ ခုချိန်ထိတော့ ပိုနေမြဲ ကျားနေမြဲ၊ ငြိမ်ဆိတ်မြဲ ငြိမ်ဆိတ်နေသည်။ တံငါသည်တို့သည် ပိုက်ဆင်းမြဲ ဆင်းကြသည်။ ဈေးသည် နာသည်တို့သည် မြို့ဘက်သို့ ကူးသန်းမြဲ ကူးသန်းကြသည်။ ကူးတို့သမွန်များသည် လူးလာ တုန့်ခတ်

ရှိကြသည်။ သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလတို့ပင် မြို့ဘက်သို့ တစ်နေ့တစ်ခေါက် သွားရောက်ကြလေသည်။

ဤလိုနှင့် သီတင်း ၂ ပါတ်ပြည့်လာပြန်သည်။

ပုလဲအမေ၏ ဝေဒနာမှာမထူးခြား။ ရှေ့မတိုးသည့်တိုင် ဆိုးရွားမြဲဆိုးရွားနေသည်။ ဆေးမြီးတိုပေါင်းလည်း စုံပြီ။ ဟိုလူပြောသည်လူပြော နည်းတွေလည်း ကုန်သလောက်ရှိလေပြီ။ နည်းနည်းကလေးမျှ သက်သာမှုကိုမပြ။

နေ့ဘက်များတွင်မူ ရွာသူရွာသားများသည် လူမမာသတင်းမေး လာရောက်တတ် ကြသည်။ သူတို့ သည် လူမမာနှင့် ပတ်သက်၍ ဆေးမြီးတိုတစ်ခုခုကို ပေးရုံနှင့် ညွှန်းဆိုရုံကလွဲ၍ကား ထူးထူးခြားခြား ဘာမျှမတတ်နိုင်။ ပြီးနောက် သူတို့က ရောက်စတွင်သာ လူမမာနှင့် ပတ်သက်သော စကားကိုပြောကြသည်။ နောက်တော့ ဂျပန်တွေအကြောင်း၊ စစ်အကြောင်း၊ အချို့သော ရွာသိမ် ရွာငယ်များတွင် ဓါးပြလူဆိုးများ လုယက်တိုက်ခိုက် သည့်အကြောင်း၊ ရွာတွေကို မီးတင်ရှို့သည့်အကြောင်း၊ သူကြီးတွေကို သတ်ဖြတ်ပစ်သည့် အကြောင်း၊ မိန်းခလေးများ အစော်ကားခံရသည့်အကြောင်း စသည်စသည်များဖြင့် အဆုံးသတ်လျက် အိမ်ထက်မှ ဆင်းသက်သွားကြလေသည်။

ဤရက်များအတွင်း ပုလဲသည် မောင်ညိုနှင့် ဖြစ်ပျက်ခဲ့သော ကိစ္စများကို သတိမရမဟုတ်။ မကြာခဏ သတိရမိလေသည်။ ပြီးလျှင် ထိုအကြောင်းနှင့်အတူ ကူညီသူအားလည်း ပုလဲအမှတ်ရမိသည်။ ထိုသူ့ အကြောင်းကို ပုလဲတွေးမိလျှင် ဦးခေါင်းတစ်ခုလုံး ခြာခြာလည်ရလေသည်။ သို့သော် ထိုသူနှင့် ပတ်သက်၍ ကား ဘာတစ်ခုမျှ မဆက်စပ်နိုင်။ ဒီလူဘယ်လိုဘူပါလိမ့်။

တစ်ခါတစ်ခါတော့ ထိုသူနှင့်တွေ့ရသော်ဟု ပုလဲတွေးတတ်သည်။ အတွေးဟူသည်မှာ အဖိုးအခ ပေးရသည် မဟုတ်။ ပိုက်ဆံမပေးရသော အလကားရသည့် အတွေးကို စိတ်ရှိတိုင်း ပုလဲတွေးလေသည်။

ထိုသူနှင့်ထပ်မံ၍ တွေ့ရလျှင် ထိုသူသည် သူမ၏အခက်အခဲများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟုလည်း ပုလဲထင်ပြန်သည်။ ပြီး သူမ၏ရှေ့ရေး အတွက်ကိုလည်း ထိုသူကပင် နည်းပေးလမ်းပြ ပြုနိုင်လိမ့် မည်ဟု ပုလဲယူဆ ပြန်လေသည်။ သို့ရာတွင် ထိုသူမည်သူမည်ဝါဆိုသည်ကို ထားပါဦး။ မည်သည့် အရပ်သားဟူ၍မျှ သူမ မမှန်းဆတတ်။ မြို့ပေါ်ကလား၊ ကျွန်းထဲ ကိုင်းထဲကလား။

ရွာသားများသည် ကွယ်လွန်သူ့အကြောင်းကို လေသံမျှမဟကြ။ မကြာဘဲနှင့် မေ့ကြလေသည်။ သူတို့က မောင်ညို့အကြောင်းကို အငြင်းပွားရန်ထက်၊ ပိုက်ချက်ကွန်ချက်အကြောင်းကို အငြင်းပွားရန်ထက်၊ ငါးရွှဲ ငါးဒိုင်း အတင်းအဖျင်းကို ပြောကြားရန်ထက်၊ ငါးဈေးနှုန်းပုဇွန်ဈေးနှုန်းတွေကို ဆွေးနွေး တိုင်ပင် ရန်ထက်၊ မြန်မာ ဂျပန်စစ်သားများနှင့် အင်္ဂလိပ်ကုလား စစ်သားတို့၏ ဟသ်ာတတိုက်ပွဲ၊ ကနောင်တိုက်ပွဲ၊ မြန်အောင် တိုက်ပွဲ၊ ရွှေတောင်တိုက်ပွဲနှင့် အကောက်တောင်တိုက်ပွဲများ အကြောင်းကိုသာ မမောနိုင်မပန်းနိုင် ပြောကြ လေသည်။ ယင်းအကြောင်းများကသာ တစ်ရွာလုံးရေပန်းစားနေသည်။ တစ်နယ်လုံး ကျော်ကြားနေသည်။ တစ်အိမ်မှတစ်အိမ်သို့ ခုန်ပေါက်ပြေးလွှား နေသည်။

ဦးပဋ္ဌင်း ဓမ္မဝိလာသသည် မနက်တိုင်း ရွာထဲသို့ ဆွမ်းခံကြွသည်။ လူမမာ အဖွားကြီး၏ အခြေအနေကို နေ့စဉ် မေးမြန်းစုံစမ်းခြင်း ပြုသည်။ သင့်တင့် လျှောက်ပတ်သည့် တရားဓမ္မကိုလည်း အတန်အသင့် ဟောမြွက်သည်။ ထိုအခါ အဖွားကြီးသည် ငြိမ်ဆိတ်နေသည်။ ယခင်နေ့ရက်များနှင့်ကား မတူတော့။ အဖွား အိုသည် လက်အုပ်ချီရန်ကိုသော်မျှ မစွမ်းနိုင်ရှာတော့။

သို့ဖြင့် သီတင်းပတ်များသည် တစ်ပတ်ပြီးတစ်ပတ်၊ တစ်ပတ်ပြီးတစ်ပတ် ကုန်လွန်လာသည်။ ကြာသော် သီတင်းပတ်မှသည် လပိုင်းကို ဝင်ရောက်လာသည်။ တဖန်ဘာလိုလိုနှင့် လပိုင်းမှလွန်၍ပင် နောက်ထပ် သီတင်းပတ် အတွင်းသို့ ရောက်ရှိပြန်သည်။ ထိုအခါ အဖွားကြီး ခန္ဓာကိုယ်သည် အရင်ရက်များကထက် ပိန်လှီညှိုးချုံးလာသည်။ ရုတ်တရက်ကြည့်သော် အိပ်ယာထက်တွင် အရိုးစုတစ်ခုကို ချထားသည် နှင့်တူ၏။ တွတ်တွတ်ထိုးသော လေသံသည် အိမ်မြောင်စုပ်ထိုးသံလောက်မျှ မကျယ်လောင်တော့။ ပြူးပြူး ကြောင်ကြောင် မျက်စိနှစ်လုံးသည် တစ်စတစ်စ ကျဉ်းလာချေပြီ။

ထိုအဖြစ်ရောက်သည့်အခါ တင်းထားသော ပုလဲ၏ စိတ်အစဉ်သည် ရေခဲတုံးပမာ တဖြည်းဖြည်း ပျော်ကျလေသည်။ သူ့အမေလူမမာသည် သေမင်းတမန်၏ ထိုးနက်ချက်ကို မခံနိုင်တော့ဟူ၍ လည်းကောင်း၊ သေမင်း၏ခံတွင်းပေါက်သို့ တရွေ့ရွေ့ဝင်ရောက်နေပြီ ဟူ၍လည်းကောင်း ပုလဲသဘောပေါက်ရသည်။ ဤတွင် သူမက အမေ့အားပို၍ ဂရုစိုက်သည်။ ပို၍ကြင်နာလာသည်။ ပို၍သနားလာသည်။ အမေ့အသက်နှင့် သူ့အသက်ကို လဲ၍ရလျှင် လဲလိုက်ချင် သည်။ အမေ့အား နောက်ဆုံးပြုစုရခြင်းဟူ၍လည်း ပုလဲ သဘောပိုက်သည်။ သူ့အမေအား သေတွင်းထဲမှ ဆွဲတင်နိုင်မည့် နည်းလမ်းကို အမျိုးမျိုးအဖုံဖုံ ပုလဲ ကြံဆသည်။ သို့ရာတွင် ဘယ်လိုမှ အကျိုးမထူး။ တတ်နိုင်စကောင်းသည့် ကိစ္စလည်းမဟုတ်။ လူသည်တစ်နေ့၌ မွေးဖွားလာပြီး တစ်နေ့တွင် သေရမှာပါကလားဟု ပုလဲနားလည်သည်။

မွေးဖွားခြင်းသည် သေဖို့ရန် ဖြစ်လာခြင်းပေတည်း။ မွေးဖွားခြင်းအကြောင်း တရား၌ သေခြင်းအကျိုး တရားသည် ထက်ကြပ်မကွာ ကပ်ပါလာ၏ ဟူသော ကျောင်းထိုင်ဆရာတော်၏ သြဝါဒကိုပုလဲက အမှတ်ရ လိုက်မိလေသည်။

သို့ဖြင့်သီတင်းပတ်များက တစ်ပတ်ပြီးတစ်ပတ် ထပ်မံကုန်လွန်ခဲ့ပြန်သည်။ ရွှေဟင်္သာကျွန်းပေါ်သို့ ဗမာ့လွတ်မြောက်ရေး တပ်မတော်သားများ ရောက်ခဲ့ သည့် အချိန်မှစ၍ ရေတွက်သော် သီတင်းသီလ ၂ လ တင်းတင်းပြည့်သောနေ့။ ရာသီမှာလည်း သီတင်းကျွတ်လုပြီ။ နွေရာသီကား မပီပြင်သေး။

ယင်းအချိန်မှာမူ ပုလဲမိခင်အဖွားကြီးသည် လုံးဝအသံမထွက်တော့။ အဖွားကြီး၏ နှုတ်ဖျားမှ စကားသံ ဆိတ်လေပြီ။ အဖွားကြီးမျက်လုံးသည် မှေးမှိတ်စပြုလေပြီ။ အဖွားကြီးသည် သူ့သမီးကိုလည်းကောင်း၊ သူ့ရွာကိုလည်းကောင်း၊ သူ့အိမ်သူ့ယာနှင့် သူ့ပတ်ဝန်းကျင် ဟူဟူသမျှကိုလည်းကောင်း တစ်ခုမျှ သိတော့ဟန်မတူ။ အမှတ်သညာတလည်း ရဟန်မရှိ။ ကုန်ကုန်ပြောရလျှင် သူ့ကိုယ် ကိုယ်ပင် သူသိဟန်မတူတော့။ တစ်ယောက်ထီးတည်းလာခဲ့သော ခရီးကဇင်းကို တစ်ယောက်ထီးတည်း ထွက်ခွာရန်အဖွားကြီးက ဟန်ပြင် စ ပျိုးလေသည်။

အဖွားကြီးမသေသေး။ အသက်မှန်မှန်ရှူနေသည်။ သို့ရာတွင် အဖွားကြီး အသက်ရှူသည်မှာ အင်မတန်ငြင်သာသည်။ ဘေးဘီကလူများသည် ထွက်သက်လား ဝင်သက်လား မခွဲခြားနိုင်ကြ။

အချို့က အဖွားကြီးအားကြည့်ကာ အဖွားကြီးတွင် လူသက်မရှိ။ ဖုတ်ဝင်နေသည်ဟု တီးတိုး တီးတိုး ဆိုကြသည်။ အချို့ကမူ အဖွားကြီးသေပြီ။ အချို့က မသေသေးဟု အငြင်းပွားကြသည်။ ထိုအခါ နာခေါင်းဝတွင် ဂွမ်းတင်၍ စူးစမ်းသည်။ အိပ်ရာအောက်၌ သြဇာရွက်များထားကြသည်။ စင်စစ်အဖွားကြီး မသေသေးပါ။ ဖုတ်ဝင်ခြင်းလည်းမဟုတ်။ သို့သော် ခြေဖျားလက်ဖျားများမှာကား အေးစက်လျက် စေးထန်းနေချေပြီ။

ပုလဲသည် သူ့အမေအား ရေးကထက်ပို၍ ဂရုစိုက်၏။ အမေ့ အပါးမှ တစ်ဖဝါးမခွာနေ၏။ သူ့မျက်လုံးသည် အမေ့ကို စူးစိုက်၏။ အမေ့နာခေါင်းကို ကြည့်၏။ အမေ့ပါးစပ်ကိုကြည့်၏။ အမေ့မျက်လုံးကို ကြည့်၏။ အမေ့ပါးစပ် လှုပ်လေမလား။ အမေ့မျက်လုံးဖွင့်လေမလား။ အမေသက်ပြင်းရှူလေ မလား။ သူ့အမေပါးစပ် လှုပ်စေချင်၏။ မျက်လုံးဖွင့်စေချင်၏။ အသက်ပြင်းပြင်း ရှူစေချင်၏။ ဘာတစ်ခုမျှဖြစ်မလာ။

ပုလဲသည် သူ့အမေမှ သူ့အမေဖြစ်နေသည်။ သည်အမေမှ လွဲလျှင်ဘာတစ်ခုကိုမျှ ပုလဲဂရုမစိုက်နိုင်။ ဘာကိုမျှစိတ်မဝင်စား။ ညောင်တုန်းမြို့ဘက်တွင် ဘာတွေဖြစ် နေသည်ဟု ပုလဲဂရုမထား ရပ်ရွာ အခြေအနေကိုလည်း ဘယ်သို့ဟု ပုလဲမလေ့လာ။ သူမကထမင်းကိုပင် စားချင်မှစားသည်။ ညဘက်များ တွင် သူမ အမေ အပါး၌ တစ်မှေးတစ်ရေး အိပ်သည်။ နေ့ဘက်များတွင် ငြိမ်းရင်၊ စိန်ကြည်၊ ချစ်မေ၊ အေးညို၊ ခွေးမ စသော ရွာသူ မိန်းမဖော်ကလေးများ ရောက်ခဲ့လျှင် တစ်မှေးတစ်မှိတ် ငိုက်မျဉ်းသည်။ သူ့ကိုယ်ကို ပုလဲ ပေယျာလကန် ပြုသည်။

တစ်ခါတစ်ခါတော့ အမေများ သေသွားရင်ဟူသော အတွေးသည် ပုလဲ၏ နှလုံးသားသို့ ပြေးဝင် ရိုက်ခတ်လာသည်။ ပုလဲသည် ထိုအဖြစ်ကို သူ့ခေါင်းထဲမှ မောင်းထုတ်ပစ်သည်။ ဤအဖြစ်မျိုးကို ပုလဲ ကြာကြာ မတွေးရဲ။ သည်အကြောင်းကို တွေးလိုက်လျှင် ပုလဲရင်မှာ ပူလောင်ဆူပွက်လာသည်။ ဆို့နင့်

ဖိုလိုက်ရသည်။ အမေမရှိရင် ဒီလောကမှာ ငါဟာတစ်ကောင်ကြွက် မျက်နှာငယ်ဖြစ်ရမယ်။ အပြေးအလွှားပဲ ကြည့်ကြည့်၊ အသေအချာပဲ ကြည့်ကြည့်၊ ဘယ်နည်းနဲ့ ကြည့်ကြည့် ဆွေရယ်မျိုးရယ် တစ်ကောင်တစ်မြီးမှ မရှိပါလား။ ဘယ် သူ့ကိုအားကိုးပြီး ဘယ်သူနဲ့ နေရမှာလဲ။ သို့လျှင် အတွေးသည် သူမအဖို့ သည်းအူပြတ် မခန်း ရှိရလေသည်။

ရွာကလူများသည် သူတို့သားအမိအပေါ် ကိုယ်ဖိရင်ဖိ ရှိနိုင်ကြသည်မဟုတ်။ ဝတ္တရားတစ်ခုအဖြစ် ခဏ တဖြုတ်မျှသာ ရောက်လာနိုင်ကြသည်။ ရွာသူရွာသား အားလုံးလိုလိုပင် စစ်မက်၏ အရေးအခင်းနှင့် တောကြောင်တို့၏ အရေးကိစ္စတွင် ဇောကပ်နေကြရသည်။ သူတို့အားလုံး ရင်ဖိုမောဟိုက် ရှိနေရသည်။ လုံဖျား ပုစဉ်းနား၍ ကျီးကန်းချီးပါခြင်းတော့မဟုတ်။ တောမီးလောင်လျှင် တောကြောင် လက်ခမောင်းခတ် တတ်လေသည်။

ထို့ကြောင့်လည်း သူတို့ကလူကိုယ်စီ အထုပ်ကိုယ်စီ ဖြစ်နေကြလေသည်။ နှစ်ဖက်ချွန်ဝါးချွန်ကိုယ်စီ ဆောင်ထားရလေသည်။ သူကြီးဦးမောင်ကြီး၏ အမိန့်ဖြင့် ရွာလယ်တွင်လည်းကောင်း၊ ရွာမြောက်ဖျားနှင့် တောင်ဖျားတွင် လည်းကောင်း၊ ရွာအဝင်ရွာအထွက် မြစ်ခြေကမ်းစပ် စသည်များတွင် လည်းကောင်း ကင်းတဲများ ဆောက်လုပ်ကြရသည်။ ရွာသားတိုင်းရွာသားတိုင်း ကင်းအလှည့်ကျ စောင့်ကြရလေသည်။ သို့နှင့် ခပ်စောစော ရက်များက ငြိမ်ဆိတ်နေသော ရွာငယ်သည် ယခုကားလှုပ်ရှားလာပြန်သည်။

ထိုအတွင်းကပင် ပတ်ဝန်းကျင်သတင်းများကလည်း အမျိုးမျိုးအဖုံဖုံ ရိုက်ခတ် လာပြန်သည်။ ဓါးပြ လူဆိုးများသည် ရွာကိုမီးတိုက်ပစ်ရန်၊ အမျိုးသမီးများအား စော်ကားကျူးလွန်ရန်၊ ပစ္စည်းယူ၍ လူကိုသတ်ဖြတ်ရန် တစ်ညည တစ်ချိန်ချိန်၌ လာမည်ဟု ဆိုပြန်သည်။ အနီးအပါးရွာများ၌လည်း မီးတိုက်ခံရသည်။ အလုအယက် ခံကြရသည်။ အနိုင်ကျင့်ခံကြရသည် ဟုဆိုသည်။

ပိုက်ချ ငါးဖမ်းစသော ဝမ်းရေးတိုက်ပွဲနှင့် မငြိမ်းမအေးသော ပြည်ရေးရွာမှုသည် သူတို့တစ်တွေအား ကျီးလန့်စာစား ဖြစ်စေသည်။ ဖမ်းစားချုပ်ကိုင်ထားလေသည်။

ကင်းသမားများက ညတိုင်းကင်းလှည့်ကြသည်။ တစ်မျိုးတော့ကောင်းသည်။ စိတ်အားငယ်သော ပုလဲသည် ကင်းသမားများ၏ စကားသံ၊ ကင်းသမားများ၏ ခြေသံ ၊သူတို့တစ်တွေ၏ အရိပ်အရောင်ကို အမှတ်ပြုလျက် အားငယ်စိတ်ကို ဖြေသိမ့်ရသည်။ အကြောင်းရှိလျှင် သူတို့ကိုဟစ်ခေါ်နိုင်သည်။ အရေး ပေါ်လျှင် ဘာပဲဖြစ်ဖြစ် အကူအညီတောင်းနိုင်သည်။ ထိုအခါ သူ့အတွက်ဆိုလျှင် မျက်နှာလိုမျက်နှာရ လုပ်ပေးကြမည့်သူတွေချည်းဟု ပုလဲယုံကြည်သည်။ ဒါပေမယ့် ဤအဖြစ်မျိုးမဖြစ်ပါစေနဲ့၊ မကြုံပါစေနဲ့ဟု ပုလဲ ဆုတောင်းသည်။

တကယ်ဆိုတော့ ရွာကာလသားများသည် ခပ်ကြမ်းကြမ်း သမားတွေချည်း ဖြစ်ကြသည်။ လူငယ် လူရွယ် အရွယ်ကောင်းများချည်း ဖြစ်ကြသည်။ သူတို့က သန်တုံးမြန်တုံး စိတ်ဓါတ်တတ်ကြွတုန်း။ ထစ်ခနဲ ဆိုလျှင် ခုတ်ရဲသည်။ သတ်ရဲသည်။ သေရမှာကိုပင် မကြောက်ကြ။ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဘယ်သောင် ဘယ်ကမ်းဆိုက်ဆိုက်။

စင်စစ်သည်ရွာ ငြိမ်သက်မယောင်ဖြစ်လာသည်ကပင် မကြာသေး။ ရှင်ဓမ္မဝိလာသ ကိုယ်တော်၏ တည်ငြိမ်မှုလေးနက်မှု ပြည့်ဝမှုနှင့် ဆိုဆုံးမမှု တို့ကြောင့် ဖြစ်လေသည်။ သို့တိုင်အောင် ဦးပဉ္စင်းမှာ အသက် အရွယ်အားဖြင့် အကြီးအမားမဟုတ်သဖြင့် သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလတို့၏ အကူအညီကိုယူကာ အခြေအနေကို ထောက်ချင့်လျက် ဆိုဆုံးမရခြင်း ဖြစ်လေသည်။ တကယ်ဆိုတော့ ရွာကာလသားတို့သည် ယခုမှ မာန်ချမည် ကြံစရှိသေး။

သို့သော်သူတို့သည် လူမိုက်လူရမ်းကားတွေပါ ဟူ၍လည်း ပြောလို့တော့ မဖြစ်ပြန်။ သူတို့စရိုက် သူတို့ ဓလေ့က တုတ်မှန်းမသိ ဓါးမှန်းမသိဖြစ်သော်လည်း ရွာသူအမျိုးသမီးများနှင့် ပတ်သက်၍ကား အင်မတန်မှ စည်းကမ်း ကလနား ထားကြလေသည်။ မိန်းခလေးက မေတ္တာမတုန့်ပြန်သမျှ ဘယ်တော့မှ အနိုင်အထက် မပြုကြ။ အများစု ကာလသားက ဤစိတ်ဓါတ်ရှိသောကြောင့် လည်း ဖွေဖောက်ချင်သည့် တစ်ယောက်စ နှစ်ယောက်စမှာ ငြိမ်ကုတ်နေရ လေသည်။

နေ့ရက်များကုန်ဆုံးလာပြန်သည်။

၂လနှင့်သုံးသီတင်း ရှိလေပြီ။ ထိုအခါဆောင်းလေသည် ငြိမ်သက်စပြုပြီ။ မြူနှင်းတို့လည်း ကွယ်ပျောက်စပြုပြီ။ နွေသရစ်သည် ပွင့်သစ်စ အပြုံးဖြင့် လူ့လောကအား ပြုံးလှစ်ကြည့်လေသည်။

ယင်းအချိန်၌ပင် အဖွားကြီးကွယ်လွန်သည်။

ဆောင်းနှင်းများ ကွယ်ပျောက်သလို လူ့လောကမှ အဖွားကြီးကွယ်ပျောက် လေသည်။ ပုလဲသည် ဆောက်တည်မရ ငိုကြွေးသည်။ အူလှိုက်သဲလှိုက် ငိုလေသည်။ မေ့မတတ် မျောမတတ် ရှိလေသည်။

အဖွားကြီးကွယ်လွန်ကြောင်းကို ကြားသည့်အခါ ရွာသားများသည် စုရုံးလျက် ရောက်လာကြသည်။ ကာလသားခေါင်းစံတုတ်မှစလျက် လုကွန့်မှလွဲလျက် ကာလသားများအားလုံး လာကြလေသည်။ အဖွားကြီး ကိစ္စကို အကျယ်ချဲ့ မနေကြရန် ပုလဲနှင့် တိုင်ပင်သည်။ အဆောတလျင် စီစဉ်ကြလေသည်။ အချိန်ကို ဆိုင်းမနေကြ။ သေသွားမှ အကြောင်းမထူးဟု အားလုံးက ယူဆကြလေသည်။

သို့နှင့် မနက်ခင်းက ကွယ်လွန်သော အသုဘသည် မွန်းတိမ်းချိန်လောက်တွင် ရွာသုသာန်ဇရပ်သို့ ရောက်သည်။ ဇရပ်ပေါ်၌ သရဏဂုံတင်ကြသည်။ ကျောင်းထိုင်ဦးပဥ္စင်း၏ တရားအဆုံး၌ အသုဘအလောင်းကောင်အား မြေမြှုပ်ကာ သဂြိုဟ်လိုက်ကြလေသည်။

ထိုအချိန်၌ပင် ဌာနာပိုင်ကိုကံရနှင့် ဂျပန်စစ်သားများပါရှိသော မော်တော်တစ်စင်း သည် စကွေ့ရွာဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ် လိုက်လေသည်။

(၁၂)

ရွာသည် ဂျပန့်အကြောင်းကို လောလောလတ်လတ် မသိသေးသလို ဂျပန်တို့ကလည်း ဗမာ့ အကြောင်း ရွာ့အကြောင်းကို ပတ်ပတ်နံ့နံ့ မသိကြသေး။ သုံးဘက်သုံးတန် စိမ်းနေသည်။ ဂျပန်တို့ရွာကို ဆိုက်ရောက်လာသည်ကပင် အရေးကုန် တစ်နာရီလောက်သာ ရှိဦးပေမည်။

ရွာသူကြီးဦးမောင်ကြီးသည် ဌာနာပိုင်ကိုကံရ၏ ညွှန်ကြားချက်ဖြင့် ရွာလူထုအား မောင်းထု ခေါ်သည်။ ကိုကံရနှင့် ပါလာသည်မှာ ဂျပန်စစ်သား သုံးဆယ်ကျော် လောက်ရှိသည်။ ကုလားဒိန် တစ်ယောက်နှင့် ပုလိပ် အမှုထမ်းသုံးယောက် ပါသည်။ ဂျပန်စစ်သားများထဲတွင် ဒုလိုင်းကြယ် ၂ ပွင့် တစ်ယောက်၊ ဒုလိုင်းကြယ်၁ပွင့် တစ်ယောက်ပါသည်။ ဒုလိုင်း ၂ပွင့်ဂျပန်နှင့် ကုလားဒိန်တို့သည် ကိုကံရနှင့် အတူ သူကြီးအိမ်ခေါင်းရင်းခန်း ရောက်နေသည်။

ဒုလိုင်း၁ပွင့်နှင့် ကျန်သောဂျပန်စစ်သားများသည် သူကြီးအိမ်ရှေ့ နေရာအနှံ့၌ ပြန့်ကျဲနေကြသည်။ သရက်ပင်အောက်၊ မန်ကျည်းပင်အောက်၊ ခရေပင်အောက်၊ တစ်ချို့က ပိုက်လှုန်းစင်များ ပေါ်၌ လည်းကောင်း၊ ချည်ဖြီးစင်များပေါ်၌ လည်းကောင်း မိုးတိုးမက်တတ်။ မျက်လုံးပေါင်းများစွာသည် ကျီးကန်းတောင်း မှောက်ရှိသည်။ စိတ်ချလက်ချ မရှိသောအကြည့်မျိုးဖြစ်သည်။ ဂျပန်များနှင့် အတူပါလာသော ပုလိပ်အမှု ထမ်း ၃ယောက်မှာမူ ဟိုယောင်နန ဒီယောင်နန။

ရွာသူရွာသားများသည် မောင်သံမစဲမှီ သူကြီးအိမ်ရှေ့ မြေကွက်လပ်သို့ အလျှိုလျှို ရောက်လာ ကြသည်။ အဖိုးအို အဖွားအိုများ၊ သားသည်မိခင်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး၊ တောင်ဝှေးထောက် လာရသူမှစလျက် ကလေးပေါက်စနများအထိ ပါဝင်သည်။

"ယောကျ်ားတစ်သန့် မိန်းမတစ်သန့်။ ယောကျ်ားတစ်သန့် မိန်းမတစ်သန့်။ လေးယောက်တစ်တွဲ လေးယောက်တစ်တွဲ"

လူငယ်လူရွယ် ပုလိပ်အမှုထမ်းသည် အန္တရာယ်ကို ကြိုမြင်သည့်အလား လူအုပ်အား သတိပေး အော်ဟစ်သည်။

လူအုပ်က ဂရုမစိုက်။

"ထိုင်ကြပါ၊ ထိုင်ကြပါ။ လေးယောက်တစ်တွဲ ထိုင်ကြပါ"

အသက်ငါးဆယ်ထက် မနည်းရှိသော ပုလိပ်ကြီးကြီးက ညောင်ညို့ညို့ အော်ပြန်သည်။

လူထုက ပမာမမှတ်။

လူအုပ်သည် ဂျပန်စစ်သားများနှင့် ၁လိုင်း၁ပွင့်အား မျောက်ပွဲပြသည့်ပမာ ဝိုင်းအုံ၍ ကြည့်ကြသည်။ မိန်းမတစ်သိုက်က ငြိမ်သက်နေသော်လည်း ယောကျ်ားများမှာ တရုံးရုံးဖြစ်သည်။ အချို့က သူကြီးအိမ်ထက်ရှိ ၃လိုင်း၂ပွင့်အား အိမ်အောက်မှနေကာ လှမ်းမျှော်၍ ကြည့်ကြသည်။ တစ်ချို့က အိမ်ခါးပန်းတွင် မေးတင်လျက် စိမ်ပြေနပြေ ကြည့်ကြသည်။ အသားဝါ၍ ပုညက်သော ဂျပန်သည် စိတ်သဘောထား ကောင်းမွန်လိမ့်မည်ဟု အထင်ရောက်ဟန် တူကြသည်။

လူတွေများပြားသလောက် စကားသံများက ပေါက်ပေါက်ဖောက်နေသည်။ ဆယ်အိမ်ခေါင်းဦးဗလ အော်လို့ဟစ်လို့လည်းမရ။ ပုလိပ်သုံးယောက်က ပြောသော်လည်း အချည်းနှီး။ အားလုံးရွစိရွစိဖြစ်နေသည်။ ပွက်ပွက်ညံညံ သောသောအုပ်အုပ် ပြောကြသည်။ ဂျပန်ကိုမမြင်ဖူး၍ စေ့စေ့စပ်စပ် ကြည့်ချင်သော အဖိုးအိုတစ်ယောက်သည် ခရေပင်ကြီးအောက်ရှိ ဂျပန်စစ်သား သုံးလေးယောက်အနီးသို့ တိုးကပ်သွားသည်။

သို့ရှိခိုက်တွင် ၁လိုင်း၁ပွင့် ဂျပန်စစ်သား၏ စူးစူးရွားရွားအော်သံကို ကြားလိုက်ရသည်။ ယင်းအသံ နှင့် မရှေးမနှောင်း၌ပင် ဖြန်းကနဲ ဖျောင်းကနဲ မြည်သောအသံများက ဆက်တိုက်ပေါ်ထွက်လာသည်။

အခြေအနေမှာ မျက်စိတစ်မှိတ်အတွင်း တစ်မျိုးတစ်ဖုံ ပြောင်းသွားသည်။ လူအုပ်သည် ဖရိုဖရဲ ဖြစ်သွားသည်။ "ဟယ်ကနဲ၊ ဟင်ကနဲ၊ ဟာကနဲ" အာမေဍိတ်သံတွေ ဟိုက ဒီက ပေါ်ထွက်လာသည်။ ဂျပန်စစ်သားများ၏ "ခူးရား၊ ခူးရား" ဟူသောအသံ "ထိုင်ထက၊ ထိုင်ထက" ဟူသောအသံ၊ တဖြန်းဖြန်း တဖျောင်းဖျောင်း အသံများသည် ဆက်၍ ဆက်၍ ပေါ်ထွက်လာသည်။

"ပါးရိုက်တယ်ဟ၊ ပါးရိုက်တယ်  ပါးရိုက်တယ်"

"ဟာ၊ ဆော်ပြန်ပဟ၊ ချသဟ။ ဆော်ပလော်တီးသဟ"

ခရေပင်အောက်မှ အဖိုးကြီးသည် ဂျပန်စစ်သားများ လက်ချက်ကြောင့် ခွေချသွားသည်။ ဂျပန်စစ်သားသည် အဖိုးကြီးအား သေနတ်ဖြင့်ချိန်ရွယ်လျက် တပုံးပုံး ပိတ်ကန်နေဆဲဖြစ်သည်။

"မြေကွက်လပ်ပေါ်မှာ လေးယောက်တစ်တွဲစီကြကွ။ လေးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ။ ယောကျ်ား သပ်သပ်၊ မိန်းမသပ်သပ် စီကြစမ်း။ မင်းတို့တယ်ခက်တာကို"

သူ့ရွာသားများအား ထိလာသည့်အခါ ဦးမောင်ကြီးမျက်နှာမှာ နီမြန်းလာသည်။ ပါးစောင်ထဲမှ ကွမ်းရည် ကွမ်းဖတ်များကို တဖွီးဖွီး ထွေးထုတ်ရင်း အိမ်ပေါက်မှ ထအော်သည်။ သူ့အသံသည် ဒေါသနှင့် ဂရုဏာ ရောစပ် နေသည်။

"ငှါလခွမ်း စောစောထဲက ငါပြောနေတယ်မို့လားကွပေ။ မြေကွက်လပ်ပေါ်မှာ ယောကျ်ား မိန်းမ ခွဲပြီး ထိုင်ကြပါလို့။ ခုတော့ ကောင်းတယ်"

ဦးဗလကအော်သည်။ သူကလည်း သူ့ရွာသားများအား ထိလာသည့်အခါ ဂျပန်များ၏ အပြုအမူကို မကျေနပ်။ မျက်လုံးများနီတက်လာသည်။ ဒေါသစိတ်ကြောင့် မျက်ရည်များ ရီဝေလာသည်။

ထိုအခါ ရွာသားများရော ရွာသူများပါ မြေကွက်လပ်တွင် တစ်ကန့်စီ ထိုင်ကြသည်။ သို့တိုင် အချိုးတကျရှိလှသည်တော့မဟုတ်။ ကြည့်ပျော် ရှုပျော်သာဖြစ်သည်။ အမျိုးသမီးများ၏ အပြောင်းအလဲမှာ မသိသာ သော်လည်း ကာလသားများနှင့် သုံးဆယ်ကျော် လေးဆယ်အရွယ်များသည် ချက်ချင်းပင် မျက်နှာတွေ နီရဲလာသည်။ သူတို့မျက်လုံးများက မီးထတောက်မည့်အလား ဂျပန်စစ်သားများအား စူးစူးရဲရဲ ကြည့်ကြသည်။ တစ်ချို့က အံကိုကျိတ်သည်။ တစ်ချို့က လက်သီးကျစ်ကျစ်ဆုတ်သည်။ တစ်ချို့ကနှုတ်ခမ်းကို ပြတ်လုမခန်း ကိုက်သည်။ အားလုံးမာန်ဟူးဟူးရှိကြသည်။

ကာလသား လူရွယ်နှစ်ယောက်သည် ခရေပင်အောက်မှ အဖိုးအိုအား သွားရောက်၍ တွဲထူသည်။ ဒါကပင် ပြဿနာတစ်ခု ဖြစ်လာသည်။ သူတို့နှစ်ယောက်က ထူကြပေမည်။ နှစ်ယောက်စလုံး အဖိုးအို၏ မြေးတွေပင်ဖြစ်သည်။ သူတို့နှစ်ယောက် ညီအစ်ကိုအရင်း။ တစ်ယောက်က လှကြီး၊ တစ်ယောက်က လှငယ်။

ဗိုလ်ငါးပွင့်ဂျပန်သည် မြေးအဖိုးသုံးယောက်ရှိရာသို့ လေရှိန်ကဲ့သို့ ရောက်လာ သည်။ ပါးစပ်ကဆဲဆို ရေရွတ်သည်။ လက်ကသေနတ် တကားကား ချိန်ရွယ်သည်။ လှကြီးနှင့်လှငယ် ညီအစ်ကိုအား လူအုပ်ထဲ ဝင်ထိုင်ရန် လက်ညှိုး ငေါက်ငေါက်ထိုးလျက် အမိန့်ပေးသည်။ အဖိုးအိုအား မတွဲရ။ မဖေးမရ။ မထူရ။ သူ့ဘာသာ ထရမည်။ သူ့ဘာသူ လူအုပ်ရှိရာ သွားရမည်။ အဖိုးအိုခမျာ ရုတ်တရက်တော့မထနိုင်။

လှကြီးသည် ထောင်းကနဲကိုယ်ကို မတ်လိုက်သည်။ ဗိုလ်ငါးပွင့်မျက်နှာကို မီးတောက်တော့ မတတ် ကြည့်သည်။ ဝါးစားမတတ် ကြည့်သည်။ ဂျပန်စစ်သားနှစ်ယောက်သည် တစ်ဖက်တစ်ချက် ညှပ်လျက် လှကြီး၏ ပါးကို တအားလွှဲရိုက်ကြသည်။

သူ့ရွာသားအကြောင်းကို သိသော ဦးမောင်ကြီးသည် အိမ်ထက်မှ လွှားကနဲခုန် ချသည်။ မိန်းမတွေ အုပ်ထဲမှပုလဲသည် ဆက်ကနဲ ထိုင်ရာမှထသည်။ ဦးမောင်ကြီးသည်လည်းကောင်း ပုလဲသည်လည်းကောင်း အသီးသီးသော ရည်ရွယ်ချက်များဖြင့် ခရေပင်ကြီးအောက်သို့ တစ်မဟုတ်ချင်း ရောက်ရှိသွား ကြသည်။

ပုလဲကအဖိုးကြီးအား လူအုပ်ရှိရာသို့ တွဲပို့လေသည်။ ဦးမောင်ကြီးက "ဟေ့ကောင် လှကြီး သွား စမ်း။ ခုလူအုပ်ထဲကို ဝင်စီစမ်း" ဟု လှကြီးအား ငေါက်ငန်းသည်။

လှကြီးသည် မကျေမနပ်နှင့် လူအုပ်ထဲ ရောက်သွားသည် သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လှုပ်နေသည်။ အဖိုးအိုမှာလည်း ပုလဲ၏ ဖေးမမှုဖြင့် လူအုပ်ထဲ ရောက်သွားသည်။

မကြာမီ အခြေအနေက ငြိမ်သက်သွားသည်။ ယင်းငြိမ်သက်မှုသည် ကောင်းလှ သည်တော့မဟုတ်။ အေးချမ်းခြင်း ဟူသောအဓိပ္ပါယ်ကိုမဆောင်။ လက်နက် လွှမ်းမိုးမှုကြောင့် ငြိမ်သက်ခြင်းဖြစ်သည်။ စက္ကော့ရွာ သားသည် လက်နက်ချင်း တူခဲ့လျှင် ဒင်းတို့နှင့် စီးချင်းထိုးဝံ့သည်။

လူတွေအားလုံး အချိုးတကျဖြစ်သွားသည်။ ထိုအခါမှ ဗိုလ်ငါး၂ပွင့်ဂျပန်နှင့် ဌာနာပိုင် ကိုကံရကော စကားပြန်ကုလားဒိန်တို့ လူအုပ်ရှိရာ ဆင်းသက်လာ ကြသည်။ ပြီးနောက် လူအုပ်ထိပ်၌ နေရာယူ ရပ်လိုက်ကြသည်။ ဂျပန်စစ်ဗိုလ် သည် စကားပြန်ကုလားဒိန်မှတစ်ဆင့် ရွာသူရွာသားများအား အမင်္ဂလာ စကားကို ပြောကြားလေသည်။

အရှေ့အာရှတိုက်သားများ သာတူညီမျှကောင်းစားရေး အတွက် နိပ္ပွန်ဘုရင် မင်းမြတ်၏ မဟာဂရုဏာတော်ဖြင့် မြန်မာပြည်သူပြည်သားများအား မိတ္ထာဒိဋ္ဌိ အင်္ဂလိပ်များ လက်အောက်မှ

လွတ်မြောက်စေရန် နိပွန်တပ်မတော်ကြီးက လာရောက်၍ ကယ်တင်ရပါသည်ဟုဆိုသည်။ ထို့ကြောင့်ကျေးရွာသူ ကျေးရွာ သားများသည် နိပွန်တပ်မတော်ကြီးနှင့် နိပွန်စစ်သည်တော်များအား အချိန်မရွေး အခါမလင့် ကူညီကြရမည် ဆိုသည်။ နိပွန် တပ်မတော်ကြီးနှင့် တပ်မတော်သား များသည် မြန်မာပြည်သူလူထု၏ ကြီးမားလှသော ကျေးဇူးရှင်ကြီးများ ဖြစ်ကြသည်ဟုဆိုသည်။ နိပွန်တပ်မတော်သားများနှင့်အတူ လက်တွဲလျက် ဤစစ်ပွဲကြီး အောင်မြင်ရေးအတွက် ကူညီဆောင်ရွက်ကြရမည်၊ အားပေးကြ ရမည်ဖြစ်ကြောင်း ပြောလေသည်။

ဂျပန်စစ်ဗိုလ်နှင့် ကုလားဒိန်စကားပြန်တို့ အပေးအယူလုပ်ကာ ဟောပြောနေခိုက် ဌာနာပိုင်ကိုကံရသည် အမျိုးသမီးအုပ်ထဲရှိ ပုလဲအား မကြာမကြာ လှမ်းကြည့် သည်။ ပုလဲအား မသိမသာ အကဲခပ်သည်။ ပုလဲက မျက်လုံးချင်းမဆုံမိအောင် တစ်ခါနစ်ခါထက် ပို၍မကြည့်။

စင်စစ် ကိုကံရတွင် ပုလဲနှင့်ပတ်သက်၍ နောက်ဆက်တွဲတွေ အမြောက်အမြား ရှိနေသည်။ သူက အချိန်အခါနှင့် အခြေအနေကို ငံ့လင့်နေသူဖြစ်လေသည်။ ယခုလောလောဆယ်ဆယ်တော့ သူ့စိတ်ကို ချိုးနှိမ်ထားသည်။ ဂျပန့်ရန်ကို ကြောက်ရသည်။ ပါးရိုက်ရမည်ဆိုလျှင် အဖေလား အမေလား မေးမနေသော ဂျပန်စစ်သားများ ရှေ့မှောက်၌ ဌာနာပိုင်ဆိုသည်မှာလည်း လွတ်ငြိမ်းချမ်းသာခွင့် ရရှိသူ တစ်ယောက်မဟုတ်။ နောက်တစ်ကြောင်းမှာလည်း သူ့စားခွက်ကို ဂျပန်လုမှာစိုးရိမ်သည်။ ထို့ကြောင့် ပုလဲနှင့်ပတ်သက်၍ သူ့တွင်ရှိနေသည့် ဉာဏ်နီဉာဏ်နတ်များကို ပညာတတ်လူယုတ်မာ ပီသစွာ ချုပ်တီးမျိုသိပ်ထားခြင်း ဖြစ်လေသည်။

ဗမာပြည်တွင်မွေးဖွား၍ ဗမာ့ဆန်ကိုစားသောက်ကာ ဗမာ့မြေပေါ်တွင် လူလားမြောက်လာသော ဗမာပြည်ဖြစ် ကုလားဒိန်သည် ဗမာစကားကို ကမ္ဘဝါဖတ်မတတ် ပြောနိုင်သည်။ တစ်ချို့နေရာများတွင် ပုံကြီးချဲ့၍ပြောပုံ ရသည်။ ပုလဲသည် ကုလားဒိန်စကားပြန်၏ စကားတွင် စိတ်မဝင်စား။ စောစောက ခရေပင်ကြီး အောက်မှဖြစ်ရပ်များကို ပြန်တွေးနေမိသည်။ ဂျပန်စစ်သားနှင့် လုကြီးအဖြစ်။

အိမ်ထက်မှလွှားကနဲ ခုန်ချလာသော သူကြီးဦးမောင်ကြီး၊ ဂျပန်စစ်သား၏ လက်ချက်ဖြင့် လဲကျသွားသော အဖိုးအို။ ပြီးလျှင် အဖိုးကြီးရှိရာသို့ သူဘယ်နည်းဘယ်ပုံ ရောက်သွားမှန်းကိုပင် မသိလိုက်။

တကယ်တော့ သူမဦးခေါင်းတစ်ခုလုံး ကိုက်ခဲထုံထိုင်းနေသည်။ တစ်ကိုယ်လုံး နွမ်းနယ် ပင်ပန်း လွန်းလှသည်။ အရာရာကို မနည်းပင် သတိထားနေရသည်။ သူ့အမေ အသက်ထွက်သွားသည့် အချိန်၌ပင် သူမသည် အရုပ်ကြိုးပြတ် ပုံကျသွားခဲ့သည်။ စင်စစ်သည်နေရာကို သူလာခဲ့ခြင်းကပင် သူကြီးအမိန့်ကို မလွန်ဆန်ချင် သောကြောင့်ဖြစ်သည်။

ဂျပန်စစ်သားများ အပြုအမူကို ပုလဲဆက်စပ်၍ တွေးမိသည်။ ခုပုံတိုင်းဆိုရင် ဂျပန်ဆိုတာ တယ် ဆိုးပါကလား။ လူကောင်ပုသလောက် ဒေါသကြီးပါကလား။ သူတို့တွေဟာ ဒို့များရွာကို မကြာမကြာ လာကြမှာလား။ ဒို့တစ်တွေက ဘာတွေ ကူညီရမှာလဲ။ ဘာတွေလုပ်ပေးရမှာလဲ။ ဒို့များကို စစ်တိုက်ခိုင်းဦးမှာလား။ အသေခံခိုင်းဦးမှာလား။ သူတို့သွားရာနောက်ကို ခဲတွေလုံတွေ ဝါးချွန်တွေ ကိုင်ပြီး လိုက်ကြရမှာလား။ အဝတ်လျှော်ပေးရမှာလား။ ထမင်းချက်ပြုတ်ပေး ရမှာလား။ သူတို့ခိုင်းသမျှ လုပ်ကိုင်ပေးရမှာလား စသော အတွေးပေါင်းများစွာ ကိုလည်း ပုလဲတွေးလိုက်မိလေသည်။

ဂျပန်စစ်ဗိုလ်သည် ပါးစပ်ထဲမှ တံတွေးပေါက်တံတွေးစက်များကို စက်သေနတ် ပစ်သလို စင်ထွက်လာအောင် ပြောသည်။ စကားလုံးများက ပျော့ပျော့ ပျောင်းပျောင်းမဟုတ်။ ဟိန်းသံ ဟောက်သံများ လွှမ်း နေသည်။ သို့နှင့် မကြာမီ ဂျပန်စစ်ဗိုလ်ပြောပြီးသွားသည်။

နောက်ထပ်ပြောသူမှာ ဌာနာပိုင်ကိုကံရဖြစ်သည်။ သူစကားပြောသည့်အခါ ဂျပန်မာစတာ ဂျပန်မာစတာ ဟူသောစကားလုံးများကို ထပ်တလဲလဲပြောသည်။ ရွာသူရွာသားများသည် ဂျပန်မာစတာဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ကို အတိအကျနားမလည်။ သို့ရာတွင် ဂျပန်စစ်သားများအား မာစတာ ခေါ်ရမည် ဟူ၍နားလည်သလိုတော့ ရှိကြလေသည်။

ဂျပန်မာစတာများအား လေးစားရမည်။ ကူညီရမည်။ ဂျပန်မာစတာက ခိုင်းလျှင်လုပ်ပေးရမည်။ လှေလိုလျှင် လှေပေးရမည်။ လှည်းလိုလျှင် လှည်းပေးရမည်။ နွားလိုလျှင် နွားပေးရမည်။ ကျေးရွာကာကွယ်ရေးအတွက် ကင်းစောင့်ကြရမည်။ ရန်သူအင်္ဂလိပ်စစ်သားများကို တွေ့လျှင် အသေရရ အရှင်မိမိ ဖမ်းဆီးခေါ်ဆောင် လာရမည်။ ရန်သူကိုအားပေးလျှင် သူပုန် ဟုဆိုသည်။ တစ်ရွာလုံး လုံ့စွပ်ထိုး ခံရမည် ပြောသည်။ ရွာကိုပြာပုံအဖြစ် ရောက်အောင် မီးတိုက်ပစ်မည် ဆိုသည်။

တစ်နာရီကျော်ကျော် နစ်နရီအတွင်း အစီအစဉ်ပြီးသွားသည်။ ဂျပန်စစ်ဗိုလ်၏ အမိန့်ဖြင့် အားလုံး ပြန်နိုင်ပြီဖြစ်ကြောင်း ဦးမောင်ကြီးက ပြောလေသည်။ လူအုပ်သည် တညီတညွတ်တည်းလို ထိုင်ရာမှ ထကြ သည်။ သူကြီးအိမ်ရှေ့မှ ထွက်ခွာသွားရန် လူအားလုံးခြေလှမ်း ပြင်စပြုကြသည်။ တစ်ယောက်နှင့် တစ် ယောက် စကားပြောချင်ကြဟန်မတူ။ ဘယ်သူမှ ဟုတ်တိပတ်တိနှုတ်မဟ။ အများက မကျေမချမ်းသော အသွင်။ အမျက်သိုသော မျက်နှာ။

ရွာလယ်လမ်းသည် ၅ပေကျော်ကျော် ၆ပေခန့်မြင့်သည်။ မိုးရာသီမြစ်ရေ ကြီးခဲ့သော် ရွာတွင်းသို့ ရေမဝင်နိုင်အောင် ပြုလုပ်ထားသောတာရိုးဖြစ်သည်။ အချိန်စက္ကန့်ပိုင်းအတွင်း လူတစ်ချို့မှာ တာရိုးပေါ်သို့ ရောက်သွားသည်။ တစ်ချို့ မြောက်ဘက်သို့ ခြေလှမ်းစပြုသည်။ တစ်ချို့က တောင်ဘက်သို့ မျက်နှာမူ ကြသည်။

ထိုအခိုက် တာရိုးပေါ်မှ လူအုပ်သည် လှုပ်လှုပ်ရှားရှား ဖြစ်ကြသည်။ ကတိမ်းကပါး ဖြစ်ကုန်သည်။

"ဟော့ လှကြီး လှကြီး။ ဟော့ကောင် ဟော့လှကြီး"

အော်သံဟစ်သံကို တာရိုးပေါ်လူအုပ်ရှိရာမှ ကြားလိုက်ရသည်။ သူကြီးအိမ်ရှေ့ မြေကွက်လပ်တွင် ဆုတ်ဆိုင်း ကျန်ရစ်သော လူနှစ်ဆယ်အစိတ်ခန့်နှင့် ဂျပန်စစ်သားများလည်း လှုပ်လှုပ်ရွရွဖြစ်သွားသည်။

လှကြီးသည် လေးခင်းဓါးကို ဝှေ့ရမ်းလျက် တာရိုးပေါ်မှလူများအား တွန်းတိုက်ကာ ခရေပင်ကြီး အောက်တွင်ရှိနေသော ဒလိုင်းဒပွင့် ဂျပန်စစ်သားဆီသို့ တဟုန်ထိုးပြေးဆင်းသွားသည်။

"လှကြီး လှကြီး။ ဟိတ်ကောင် လှကြီး။ မလုပ်နဲ့လေ မလုပ်နဲ့။ တယ် ဒီကောင်။ အို ဟော့ ဟော့"

သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလတို့၏ ဗလုံးဗထွေး အော်ဟစ်သံမှ မဆုံးသေး၊ လူတွေအားလုံး အံ့အားသင့်လို့မှ အစမသတ်သေး။ နစ်ချက်ဆင့် ပေါက်ကွဲသော သေနတ်သံကိုကြားလိုက်ရသည်။

လှကြီးသည် ခရေပင်နှင့် သုံးကိုက်လောက်အကွာတွင် ထိုးကျသွားသည်။ ရဲရဲနီသော သွေးများ သည် လှကြီး၏ရင်ညွန့်မှ ပန်းထွက်လာသည်။ သူက လက်မှဓါးကို ကျစ်ကျစ်ပါ ဆုပ်ထားသည်။ ပြီးနောက် မြေပြင်မှ ကုန်းထသည်။ ဟပ်ထိုးပြန်ကျသွားသည်။ နောက်တော့ တစ်ချက်မျှလူးလွန့်ပြီး လုံးလုံးငြိမ်သက် သွားသည်။ သူ့လက်မှဓါးကိုမူ ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲ။

ရွာသားများ၏ မကျေမချမ်းသော တောက် ခေါက်သံနှင့် ပင့်သက်ရှိုက်သံ များသည် ဟိုနေရာ သည် နေရာမှ ပေါ်ထွက်လာသည်။ ရွာသူအမျိုးသမီးများ၏ နားကျည်းလှိုက်ဖိုသော ကျိန်ဆဲရေရွတ်သံများသည် ပျားပိတုံးများ ပျံဝဲသည့်နှယ် ရှိလေသည်။

သို့လျှင် စစ်မက်နှင့် ဖက်ဆစ်ဝါဒတို့ ပူးပေါင်းလျက် အနိဋ္ဌာရုံ၏ မှတ်တိုင်တစ်ခုကို သည်ရွာငယ်၌ ဂျပန်တို့ စိုက်ထူခဲ့ကြလေသည်။

## (၁၃)

ခုမှပင် သူ့ကိုယ်သူ ပုလဲသတိပြုမိသည်။ သူအကြီးအမားတုန်လှုပ်ရသည်။ အထိတ်ထိတ် အလန့် လန့် ဖြစ်ရသည်။ ဤအဖြစ်ကို တစ်ကြိမ်တစ်ခါဘူးမျှ ပုလဲမဖြစ်စဖူး။ ထိတ်လန့်ခြင်း၊ စိုးရွံ့ခြင်း၊ မောဟိုက် နွမ်းပန်း ရခြင်းများသည် သူမအား နိပ်စက်ကလူပြုတော့သည်။

သူမတစ်ကိုယ်လုံးမှာ မီးကင်မီးမြှိုက်ခြင်းခံရသလို ပူပန်လောင်ကျွမ်းသော ဝေဒနာ တစ်ရပ်ကို လည်း ပုလဲတွင် ခံစားရတော့သည်။ ဟုတ်မှဟုတ်ပါ့မလား ဟူသောသံသယဖြင့်လည်း သူ့ကိုယ်သူ အမျိုးမျိုး အဖုံဖုံ သုံးသပ်ကြည့်သည်။ လေ့လာကြည့်သည်။ စူးစမ်းကြည့်သည်။ သူတတ်သလောက် မှတ်သလောက် နည်းမျိုးစုံဖြင့် သူ့ကိုယ်သူ စစ်တမ်းထုတ်ကြည့်သည် ကုန်ဆုံးလွန်မြောက် ခဲ့ပြီဖြစ်သော သီတင်းပါတ်ပေါင်း များစွာကိုလည်း လက်ချိုးရေတွက်ကြည့်သည်။ ဟိုအကြောင်း သည်အကြောင်းများကိုလည်း စုပေါင်းကာ ဆက်စပ်တွေးသည်။

ဘယ်လိုပဲတွေးတွေး၊ ဘယ်လို့သုံးသပ်သုံးသပ် စစ်တမ်းထုတ်ကြည့်သမျှသည် အားလုံးမှန်သည်။ ငြင်းလို့မရ။ ကွယ်လို့မရ။ လှီးလွှဲနေသော်လည်း အကြောင်းမထူး။ အင်မတန်မှခိုင်လုံနေသည်။ အင်မတန်မှ မှန်ကန် နေသည်။

သူမတွင် ကိုယ်ဝန် ရှိနေလေပြီကော။

စောစောပိုင်းနေ့ရက်များသည် မိခင်လူမမာကြောင့် ရင်မီးတောက်ခဲ့ရသည့် နေ့ရက်များ ဖြစ်လေသည်။ အစားမမှန် အအိပ်မမှန် ဖြစ်ခဲ့ရသည်။ အမေတစ်ခု သမီးတစ်ခု ဖြစ်ရသောကြောင့်လည်း သူ့ကိုယ်သူ မည်သို့မျှ ပုလဲဂရုမစိုက်နိုင်ခဲ့။ မိန်းမောသလို ဖြစ်ခဲ့ရသည်။ ပမာမမှတ်ရှိခဲ့လေသည်။ ယင်းကြောင့်လည်း အမျိုးသမီးတို့၏ ဓမ္မတာပန်း မပွင့်လန်းသည်ကိုသော်မျှ အမှတ်မထင်ရှိခဲ့သည်။ ယခုကား ပြဿနာ၏ အဖြေပေါ်လေပြီ။

သူမက မောင်ညိုနှင့် ဖြစ်ကြပျက်ကြသော နေ့ရက်ကိုတွက်ချက်ကြည့်သည်။ ၃ လမှ ၁၀ရက် ကျော်လွန်ခဲ့လေပြီ။ ထိုအခါ သူ့၌ကိုယ်ဝန်သည် ၃ လထက်မနည်းဟု ပုလဲခန့်မှန်းသည်။ ပြီးသော် သည်ကိုယ်ဝန်၏ ကာယကံရှင် ကိုလည်း ဘယ်သူဘယ်ဝါဟူ၍ အထွေအထူး စောကြောနေဖွယ်မရှိ။ မောင်ညို ပင်ဖြစ်လေသည်။

ထိုအခါမောင်ညို့မျက်နှာကို ပုလဲမြင်ပြန်ရသည်။ မောင်ညို့အသံကို ပုလဲကြား ပြန်ရသည်။ အတိတ်၏ ဖြစ်ကြောင်းအဝဝသည် သူမ၏အတွေးအာရုံ၌ ပိုင်စိုး ပိုင်နင်း ပြေးဝင်ခိုကပ်လာသည်။ လှိုင်းသံ ရေသံ လေသံ များကို မိုးမွှန်အောင် ကြားရသည်။ နှစ်ယောက်သား ထွေးလုံးသတ်ပုတ်ရသည်ကိုလည်း မြင်ယောင် လာသည်။ တွေးရင်းတွေးရင်း အသက်ရှူမှားလာသည်။ နှလုံးသားသည် နင့်နင့်ခုန်ခုန် ဖြစ်လာသည်။ သူမ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခိုက် လာသည်။ ချွေးသီးချွေးပေါက်များ ကျဆင်းလာသည်။

ပုလဲမနေတတ်တော့။ ထိုင်ရာမှထသည်။ အိမ်ငယ်ထက်တွင် ဟိုမှသည်မှ လူးလာတုန့်ခေါက် လျှောက်သည်။ အိမ်ငယ်ထက်မှ ဆင်းသက်ပြန်သည်။ အိမ်ရှေ့မြေပြင်တွင် ဟိုသည် လျှောက်သည်။ နောက်တစ်ဖန် အိမ်ငယ်ပေါ်သို့ ပြန်တက်သည်။ မီးဖိုထဲဝင်သည်။ အိမ်ရှေ့ပြန်ထွက်သည်။ ဟိုဟို သည်သည် လျှောက်ပြန်သည်။ ဘယ်လိုမှမနေတတ်။ ဘယ်လိုမှ လျှောက်လို့မရ။ အမြီးပြတ်သော အိမ်မြှောင်လိုဖြစ်သည်။ သူမက စိတ်သက် သာလို သက်သာငြားဖြင့် အိပ်ယာထဲဝင်ခဲ့သည်။ အိပ်ယာပေါ်တွင် သူ့ကိုယ်သူ ပစ်လှဲ လိုက်သည်။ ခေါင်းအုံးထက်တွင် မျက်နှာကို အပ်လိုက်သည်။ နောက်ဆုံးတော့ ချုံးပွဲချ ငိုယိုရလေသည်။

မြစ်ထဲခုန်ချရကောင်းမလား၊ အိမ်ငယ်ပေါ်တွင် ကြိုးဆွဲချသေရ ကောင်းမလား၊ အရူးအနှမ်း တစ်ယောက်လို သောင်ပြင်ပေါ် လျှောက်ပြေးရ ကောင်းမလား၊ အိမ်ပေါက်စေ့ လိုက်ပြောရ ကောင်းမလား၊ ငြိမ်းရင်၊ ချစ်မေ၊ စိန်ကြည်၊ ခွေးမ စသော မိန်းမဖော် အပေါင်းအသင်းများကိုပင် တိုးတိုးတိတ်တိတ် ကြိတ်၍ပြောရ ကောင်းမလား၊ ရွာမြောက်ဖျားမှ ဝမ်းဆွဲလက်သည် အရီးဂေါက်ကိုပင် ပြောရလျှင် ကောင်းလေမလားဟု ငိုရင်း ရှိုက်ရင်း တောင်တောင်အီအီ ပုလဲတွေးလေသည်။

ကိုယ်ဝန်ရှိကြောင်း တစ်စုံတစ်ယောက်အား ပြောလေသော် ယင်းကိစ္စ၏ အခြေအမြစ်ကိုလည်း ဖော်ထုတ်နိုင်ရပေမည်။ ဒါက အဓိကဖြစ်သည်။ အသီးရှိလျှင် အပင်ရှိမြဲ ဖြစ်ရပေမည်။ ကိုယ်ဝန်ရှိကြောင်း ပြောပြီးမှ ထိုကိုယ်ဝန်နှင့် သက်ဆိုင်သော ကာယကံရှင်မရှိဟု ဆိုခဲ့သော် ဘယ်လိုမှ မဖြစ်နိုင်။ သို့ဆိုလျှင် ထို ကာယကံရှင်မှာ မောင်ညိုဖြစ်ပါသည် ပြောခဲ့သော်...

မောင်ညိုသေဆုံးရသည့် ကိစ္စမှာသူ့အပေါ် ပုံကျလာပေမည်။ သူက မဟုတ်ပါဘူးဟု ငြင်းဆိုသည်ကို စက္ကော့တစ်ရွာလုံးက လက်ခံသည်ထား။ အစိုးရဘက်သားများက လက်ခံသည်ထား။ သတ်သူတရားခံ နှင့် ပတ်သက်၍ မည်သို့မည်ပုံ ပြောမည်နည်း။ အမှန်အတိုင်းပြောရင်ကော မည်သူက ယုံကြည်မည်နည်း။ စင်စစ် ထိုအဖြစ်က ယုံတမ်းဆန်လွန်းသည်။ ကြားရသူတိုင်း ရယ်မောကြမည်။ နောက်တစ်ကြောင်းမှာ ထို အဖြစ်ကို ဖွင့်ဟခြင်းကပင် ကျေးဇူးရှင်တစ်ယောက်အပေါ် ကျေးဇူးကန်းခြင်းဟု ပုလဲတွေးမိလေသည်။

"အမေရေ အမေ။ သမီး ဒုက္ခဖြစ်ပြီ အမေ။ သမီးဒုက္ခဖြစ်ပြီ။ သမီးဒုက္ခကို လာကြည့်ပါဦး အမေ"

ပုလဲသည်သေရွာမှ အမေ့ကိုတလျက် ငိုကြွေးသည်။ အမေသာရှိလျှင် ဟူသောအတွေးကို တွေး သည်။ သူ့ကိုယ်သူ သတ်မသေရဲ။ မသေချင်သလို ကိုယ်ဝန်နှင့် ပတ်သက်၍လည်း ဟို့နှယ် ဒီနှယ် စဉ်းစားရ လေသည်။

ငိုကြွေးနေရုံဖြင့် ကိစ္စမပြီး။ ရှေ့ဆက်၍သူဘာကို လုပ်ရမည်နည်း။ အဘယ်ပုံ စခန်းသွားရမည် နည်း။ တစ်ခုခုကိုတော့ အပြီးအပိုင် ဆုံးဖြတ်ရပေမည်။ ဆုံးဖြတ်နိုင်စွမ်းသော သတ္တိသူ့တွင် ရှိရပေမည်။ သူ့ အဖြစ်က တိုင်ပင်စရာလူမရှိ။ ဖွင့်ပြောစရာလူမရှိ။ သူ့ဘဝ၏ ရှေ့ရေးအဆုံးအဖြတ်ကို ပေးမည့်သူသည် သူသာလျှင် ဖြစ်သည်ဟု နောက်ဆုံတော့ ပုလဲ သဘောပေါက်ရလေသည်။

ထိုအခါကျတော့လည်း အမေမသေခင်က ပြောသွားသော စကားတစ်ခွန်းကို ဖျတ်ခနဲ သတိရ လိုက်သည်။

အရွယ်ရောက်လာတဲ့ မိန်းခလေးတစ်ယောက်ဟာ ကိုယ့်ဘဝခရီးကို ရဲရဲဝံ့ဝံ့ ရှောက်ရမှာဘဲ။ အကောင်းနဲ့ အဆိုးကို ကိုယ့်ဉာဏ်နဲ့ကိုယ် ရွေးချယ်ရမှာဘဲ။ မိတ်ဆွေနဲ့ ရန်သူကို ကိုယ်ဟာကိုယ် ခွဲခြား တတ်ရမှာဘဲ။

သူမသည် အိပ်ယာမှ ဝေါက်ကနဲ ထထိုင်သည်။ မျက်နှာပေါ်ရှိ မျက်ရည်များကို ခပ်သွက်သွက် သုတ်ပစ်သည်။ သူ့စိတ်သူ တင်းသည်။ သူ့အမေ မသေခင်က ပြောကြားသွားသော စကားများသည် သူမအဖို့ တစ်နည်းတစ်ဖုံတော့အားတက် ရသည်။ ဘဝခရီးကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရမည်။ ဖြစ်သမျှအကြောင်း အကောင်းချည်း ဟုယူဆသည်။ နောင်ခါလာမှ နောင်ခါ ရောက်ရားဟု ပုလဲနှလုံးပိုက်သည်။ ပြီးသော် ယင်း ကိစ္စကို သူ့တွင်ရှိသော အစွမ်းအစမျှဖြင့် လမ်းမှန်ကမ်းမှန် ဖြစ်အောင်တော့ သူစဉ်းစားသည်။ ပြဿနာ၏ အစကို သူပြန်ကောက်သည်။

ပြဿနာ၏အစသည် မောင်ညိုဖြစ်သည်။

စင်စစ်မောင်ညိုကို သူမက ချစ်လည်းမချစ် ကြိုက်လည်းမကြိုက်။ စောစောပိုင်းက ဆိုလျှင် မောင်ညို့အပေါ် အမုန်းကြီးမုန်းခဲ့သည်။ ကာမဓါးမြ နွားသိုးကြိုးပြတ် သမား ဟူ၍ အမှတ်ထားခဲ့သည်။ သို့သော် မောင်ညို သေဆုံးကြောင်း သိရသည့်အခါ အဖိုးကြီး အဖွားကြီးများ ဆောက်တည်ရာမရ ငိုကြွေး ကြသည့်အခါ၊ အဖိုးကြီးကရော အဖွားကြီးကပါ သူ့အပေါ်တွင် တစ်စုံတစ်ရာ သံသယမရှိကြောင်း ပြောကြားသည့်အခါ၊ ရက်လည် ဆွမ်းကျွေး၍ အမျှအတမ်း ပေးဝေသည့်အခါ၊ ထိုအခါများတွင် သူမစိတ်၌ တစ်မျိုး တစ်ဖုံ ဖြစ်ခဲ့ရလေသည်။ တကယ်ဆိုတော့ အသက်ရှင်နေသည့် မောင်ညို့အပေါ် ခွင့်မလွှတ်နိုင်သည့်တိုင် သေမင်းနိုင်ငံမှ မောင်ညိုကိုကား သူမခွင့်လွှတ်ရပေမည်။

မှန်သည်။ မောင်ညိုကိုတော့ ခွင့်လွှတ်ခဲ့ပေပြီ။ သေမင်းထံရောက် မောင်ညိုအား ဖွေယူနေ၍ ရတော့မည်မဟုတ်။ ယင်းကြောင့်ပင် မောင်ညိုနှင့် ပတ်သက်၍ နောက်ထပ်စဉ်းစားစရာမလို။ သူ့ဘဝနှင့် မောင်ညို့ဘဝ ခြားနားခဲ့လေပြီ။

သူ့ရွာကိစ္စကို ပုလဲစဉ်းစားသည်။

ရွာကအဘယ်ပုံ သဘောထားမည်နည်း။ ရှင်းသည်။ သာဓကလည်းရှိခဲ့ဖူးပြီ။ မြကျော့ဆိုသူ အမျိုးသမီး၏ အဖြစ်ကိုကြည့်။

ထိုသူမသည် မြို့သားတစ်ယောက်နှင့် တိတ်တခိုး ဖြစ်ပျက်ကြသည်။ နောင်အခါတွင် မဖုံးနိုင် မဖိနိုင် ကိုယ်ဝန်ပေါ်လာသည်။ ရွာကခဲနှင့်ပေါက်သည်။ ရွာ့မျက်နှာအိုးမဲသုတ်သည်။ ရွာ့ဂုဏ်ရွာ့သိက္ခာကို ဖျက်ဆီးသည်။ ဒင်းကြောင့် တစ်ရွာလုံးထိခိုက်သည်ဟု ဆိုကြသည်။ သည်တစ်ယောက်အပေါ် ခွင့်လွှတ်လျှင် နောင်အခါသည်အဖြစ်မျိုး ထပ်မံကာ ပေါ်ပေါက်နိုင်သည်ဟု ကာလသားအားလုံး က တစ်ညီတည်း သဘောပိုက်ကြသည်။ ဘယ်သူကမျှ သည်းမခံနိုင်ကြ။ နောက်ဆုံးတော့ သတ်မည်ဖြတ်မည်တကဲကဲ။ မြကျော့တို့ အံမတုနိုင်။ လွတ်ရာ လွတ်ကြောင်းသို့ တစ်အိမ်ထောင်လုံး မိသားတစ်စုလုံး ထွက်ပြေးကြရလေသည်။

ရွာကာလသားများသည် ယင်းအိမ်ကို ဖျက်ဆီးပစ်ကြသည်။ ပစ္စည်းဟူသမျှ ရွာပြင်ထုတ်ကာ မီးတိုက်ပစ်သည်။ အိမ်မြေကွက်ကို ပေါက်ဆွလျက် မြေလှန်ပစ်သည်။ ယင်းမြေကွက်ကို ဘယ်သူမျှ အသုံး မပြုရ။ "ကျဉ်မြေ" ဟု သတ်မှတ်ကြသည်။ ယခုထိုမြေကွက်ပေါ်တွင် သင်တောကြီးဖြစ်နေသည်။ အသဲ ပေါက်သော ရွာလူထုသည် ထိုသင်ပင်များကိုပင် အသုံးမပြု။ ခုတ်သူမရှိ။ ယူသူမရှိ။

ထိုအကြောင်းကို တွေးမိသည့်အခါ ပုလဲတစ်ကိုယ်လုံး တသိမ့်သိမ့် တုန်လှုပ် ရသည်။ ကြောက်စရာ လန့်စရာအဖြစ်ပါကလားဟူ၍လည်း တွေးတော လိုက်မိသည်။

မြကျော့၊ မြကျော့။ ငါဟာညည်းလိုဘဲ ဖြစ်ရပကော။ အေး ဒါပေမယ့် ညည်းမှာက ဆွေနဲ့၊ မျိုးနဲ့၊ မိနဲ့၊ ဖနဲ့၊ ပြေးစရာမြေလဲရှိတယ်။ ငွေထက်စာရင် ပေးစရာငွေလဲရှိမယ်။ ငါ့မှာတော့ ပေးစရာလဲမရှိ၊ ပြေးစရာလဲ မရှိဘူးဟယ်။ ပုလဲနှုတ်ဖျားမှ ယောင်ယမ်းမြည်တမ်းမိလေသည်။

"ရွာကာလသားတွေဟာ ညည်းကိုကြိုက်ကြမှာဘဲ။ ပိုးကြပန်းကြမှာဘဲ။ သူတို့ဟာ ညည်းကို မျက်စိကျ ကြမှာဘဲ။ အသေရရအရှင်ရရ လိုချင်ကြမှာဘဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ် လူတွေဟာ သူတို့လိုချင်တာကို မရပလား ဆိုမှဖြင့် ရန်လုပ် တတ်ကြတယ်။ များများလိုချင်လေလေ၊ ကြပ်ကြပ်ရန်လုပ်ခံရလေလေဘဲ သမီး"

အမေ့စကားများသည် ပုလဲနားထဲသို့ ပြေးဝင်လာပြန်သည်။

ပုလဲသည် သူ့နားနှစ်ဖက်ကို လက်ဖြင့် ပိတ်လိုက်မိလေသည်။ "အမေ အမေ အမေ" ဟု သူမနှုတ်မှ မြည်တမ်းသည်။ အံကိုကျွတ်ကျွတ်မြည်အောင် ကျိတ်ခဲ့သည်။ သူ့စိတ်သူတင်းသည်။ ဆက်လက်၍ စဉ်းစား ပြန်လေသည်။

ဖြစ်ပေါ်လာသော ကိုယ်ဝန်မှာ သူက ဆက်ဆော့၍ ဖြစ်လာရခြင်းတော့မဟုတ်။ ကိုယ်ဝန် ဖျက်ဆီး ပစ်မည်ဆိုလျှင်လည်း လွယ်လင့်တကူကိစ္စမဟုတ်။ အကယ်၍ ဖျက်ချပါပြီတဲ့ ရွာကမသိမည့်ကိစ္စမဟုတ်။

ဝမ်းဆွဲလက်သည်အား မည်မျှပင် နှုတ်ပိတ်စေကာမူ လုံခြုံမည့်ကိစ္စမဟုတ်။ ထိုက်ထိုက်တန်တန် ငွေကြေးမပေးနိုင်သော သူလိုမိန်းကလေးတစ်ယောက်အဖို့ အိမ်တကာလည်၍ သတင်းပေးခံရရုံမှတပါး မည်သို့မျှ အကျိုးမထူးနိုင်ကြောင်း ပုလဲတွေးမိလေသည်။ တကယ်တော့ မိန်းမပါးစပ် ရွာလည်ကာ မောင်းခတ်တတ်သည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ၊ ဗိုက်တွင်းရှိကလေးသည် အပြစ်မြူမျှမရှိဟုပုလဲတွေးသည်။ မိမိ၏အကျိုးအတွက် အပြစ်မဲ့သောရင်သွေးအား ဓါးစာခံမဖြစ်ထိုက်ဟူ၍လည်း ပုလဲယူဆသည်။ ဖြူသည်ဖြစ်စေ၊ မဲသည်ဖြစ်စေ၊ ညိုသည်ဖြစ်စေ၊ ဝါသည်ဖြစ်စေ၊ ယောက်ျားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ၊ အမှန်ကသူ့ရင်သွေး။ သူ့အတွက် ဆွေဆက်မျိုးပွား။

ထိုအခါ ရင်သွေးနှင့်ပတ်သက်၍ ဘာပဲဖြစ်ဖြစ် သူရင်ဆိုင်ရဲရမည်။ သူက လော်လီဖောက်ပြား၍ မဟုတ်ဘဲ ကြမ္မာဆိုးကြောင့် ဖြစ်ပေါ်လာသော ရင်သွေး အတွက် သူသတ္တိမနည်းသင့်။ လူတွေကဲ့ရဲ့မှာ၊ ရွာက မောင်းနှင်ထုတ်မှာကို မကြောက်လန့်သင့်။ သူ့ကိုယ်သူ ပုလဲအားပေးလေသည်။

နောက်တစ်ချက် ပုလဲတွေးသည်မှာ ရွာကာလသားများသည် အရင်ကလို အဆိုးအရွားမဟုတ်ကြ။ ကျောင်းထိုင်ဆရာတော်၏ ဆိုဆုံးမမှုဖြင့် စိတ်ထား သဘောထားတွေ ပြောင်းလဲကုန်ကြပြီ ဟူသော အချက်ပင် ဖြစ်လေသည်။

သို့သော် ထိုသဘောကိုပင် အတိအကျဟူ၍တော့ ပုလဲမယူဆ။ တစ်ရက်နှစ်ရက် သုံးရက်ကြာအောင် စဉ်းစားသည်။ လေးရက် ငါးရက် ခြောက်ရက် ကြာအောင် တွေးဆသည်။ အဖက်ဖက်မှ ချင့်ချိန်ကြည့်သည်။ ဘာတစ်ခုမှ ပြတ်ပြတ်သားသားမရှိ။ ရွာကာလသားများသည် သူမအတွက် အကောင်းဆုံးမိတ်ဆွေနှင့် အဆိုးဆုံး ရန်သူ ဖြစ်နိုင်သည်ဟု ပုလဲနားလည်လေသည်။

သို့ဆိုလျှင်ခြေဦးတည့်ရာသို့ ထွက်သွားသော် ကောင်းလေမလား။ ဈေးဦးကျွန်းရွာငယ်မှ ပိုက်နှင့်ချည်ခင်ဖောက်သည်များ ထံသို့ပင် သွားရလျှင် ကောင်းလေမလား။ ပုလဲတွေးပြန်သည်။

ဒါပေမယ့် အတွေးသာဖြစ်သည်။ တကယ်တမ်းစဉ်းစားကြည့်တော့ မလွယ်ကူ။ လက်ညှိုးထိုး၍ ပြစရာ ကာယကံရှင်မရှိသော ကိုယ်ဝန်ဆောင်မိန်းမ တစ်ယောက်အား မည်သူက ယိုးစွပ်ခံကာ သူ့အိမ်ပေါ် တင်ထားချင်မည်နည်း။ ပြီး ကိုယ်ဝန်ရင့်မာ၍ ထင်ထင်ပေါ်ပေါ်ရှိခဲ့သော် မခက်ပါကလား။ တစ်စုံတစ်ရာ လှီးလွှဲပြောမည် ဆိုလျှင်လည်း စက္ကော့ရွာနှင့်ဈေးဦးကျွန်း အိမ်ဦးနှင့်ကြမ်းပြင်ခရီး။ ထိုအခါ ကိုယ့်အစုတ်ထုပ်ကို ရွာတစ်ကာ လည်ပြရာကျပေမည်။

ယင်းသို့ဆိုလျှင် ဟိုလူ သည်လူ မဆိုင်သူများအား အနှောင့်အယှက် ပေးခြင်းထက်၊ အစုတ်ထုပ်ကို ရွာလည်၍ ပြခြင်းမျိုးထက် ကိုယ့်ထိုက်နှင့် ကိုယ့်ကံ ကိုယ့်ဒုက္ခ ကိုယ့်ဝဋ်ကြွေးကို ကိုယ်သာလျှင်ခါးစီး၍ ရဲရဲကြီး ခံသင့်သည်ဟု ပုလဲယူဆမိလေသည်။

ထိုအခါ ယတိပြတ် သူမက ဆုံးဖြတ်သည်။

သူ့မွေးဇာတိသည် ရွာငယ်မှလွဲ၍ ဘယ်ကိုမျှသူမသွား။

ယခုရက်ပိုင်းအတွင်း မြို့ပေါ်အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားသည်။ မြို့ပေါ်အုပ်ချုပ်ရေးသည် ယခင်ကလို တို့ဗမာသခင်များနှင့် မြို့လူကြီးများပါဝင်သော အုပ်ချုပ်ရေးပုံစံမဟုတ်တော့။ ဂျပန်များကိုယ်တိုင် လွှမ်းမိုးကြိုးကိုင်လာသည့် စစ်အသွင်ဆောင်သော အုပ်ချုပ်ရေး။

ပုလိပ်အဖွဲ့ဟုလည်းကောင်း၊ တရားစီရင်ရေးအဖွဲ့ ဟုလည်းကောင်း၊ မြူနီစပယ် အဖွဲ့ဟု လည်းကောင်း၊ ပညာရေးဆိုင်ရာဟုလည်းကောင်း၊ မြို့ရွာအုပ်ချုပ်ရေးဟု လည်းကောင်း ရှိပင်ရှိသော်ငြားလည်း ထိုအဖွဲ့များသည် ဖယိုဖရဲဖြစ်နေသည်။ အမည်ခံလောက်သာ ဖြစ်နေသည်။ မြို့နယ်တစ်ခုလုံးမှာ ဂျပန်စစ်ဖက်ဆိုင်ရာ အကြီးအကဲတို့၏ ကွပ်ညှပ်မှုအရသာဖြစ်သည်။ စစ်ရေးကို ဦးစားပေးသော အုပ်ချုပ်ရေးပုံစံမျိုးလည်းဖြစ်သည်။

မြို့ပေါ်တွင် ဂျပန်ကင်ပေတိုင် စစ်ရုံးဖွင့်လှစ်သည်။ ဂျပန်စစ်တပ်တစ်တပ် ရောက်နေသည်။ များစွာသော ဂျပန်စစ်တပ်များသည်လည်း ဥဒဟိုဝင်ထွက်သွား လာနေကြသည်။ မြို့တွင်းလမ်းမကြီးများ၊ လမ်းချိုး လမ်းသွယ်များ၊ လမ်းကြိုလမ်းကြားများမှစလျက် နောက်ဖေးလမ်းကြားများမကျန် ခွေးတစီစီ ခွေး တဟောင်ဟောင်နှင့် ဂျပန်စစ်သားများကို တွေ့နိုင်သည်။

ဘောင်းဘီဘိုသီဘက်သီ သေနတ်တကားကား ဂျပန်စစ်သားများ၊ လူလည်ခေါင် လမ်းပေါ်တွင် သေးမတ်တတ်ပေါက်နေသော ဂျပန်စစ်သားများ၊ ရေတွင်းရေကန် မြစ်ဆိပ်ကမ်းနား စသည်များတွင် ဟိုလူကိုပါးရိုက်၊ ဒီလူကိုပါးရိုက်၊ စစ်ဖိနပ်ဖြင့်ကန်သော ဂျပန်စစ်သားများ၊ ဟိုအိမ်ဒီအိမ်မှ ကြက်ဆွဲ ဘဲဆွဲ ကြက်ဥ တောင်း ဘဲဥတောင်းသော ဂျပန်များ၊ မူးမူးရူးရူးဖြင့် အိမ်ပေါက်စေ့သို့တတ်လျက် မဟားတယား မေးနေသော ဂျပန်စစ်သားများ စသည်ဖြင့် ဂျပန်အမျိုးပေါင်း သောင်းခြောက်ထောင်တို့ကို ကလေးတွေ တရုံးရုံးဖြင့် မမြင်ချင့် အဆုံး။

တို့ဗမာအစည်းအရုံး ခေါင်းဆောင်များနှင့် မြို့လူကြီးများသည် စကနဦးက ဟုတ်တော့မလိုလို ရှိခဲ့သည်။ သို့သော် မကြာမီပင် ဂျပန်ဖက်ဆစ်ဝါဒ၏ ခါးသည်းသော ဘေးအန္တရာယ်ကို တဖြည်းဖြည်း ကြုံတွေ့လာရသည်။ တို့ဗမာသခင်ခေါင်းဆောင်များနှင့် မြို့မိမြို့ဖလူကြီးများသည် ကင်ပေတိုင်စစ်ဗိုလ် မစ္စတာဟာတာ၏ လက်ညှိုးညွှန် စေခိုင်းမှုကို လုပ်ပေးရုံမှလွဲ၍ မည်သို့မျှ ခရီးမရောက်။ မည်သည့်ကိစ္စတွင်မှ စွက်ဖက်ခွင့်မရှိ။ ဆင်ခြေ ဆင်လက် မတတ်နိုင်။ အဖြူအမဲ အကောင်းအဆိုး ပြောခွင့်မရ။ ခိုင်းတာကို ခိုင်းသလို လုပ်။ မဖြစ် ဖြစ်အောင်လုပ်။ ငြင်းဆန်သော် ဂျပန်တပ်မတော်၏ရန်သူ။ အင်္ဂလိပ်သူလျှို။ အင်္ဂလိပ်ကို လိုလားသူဟု ကင်ပေတိုင်စစ်ရုံးက ဖမ်းဆီး၍ မသေရုံ ညှဉ်းဆဲ လေသည်။ ထို့ကြောင့်လည်း အခြေအနေကို ရိပ်စားမိသော တို့ဗမာသခင် ခေါင်းဆောင်တချို့နှင့် မြို့လူကြီးတချို့မှာ တတ်နိုင်သလောက် ဂျပန်များနှင့် ကင်းကင်းရှင်းရှင်း နေကြသည်။ တစ်ချို့မှာ တောရကျောင်းများ၌ သွားရောက် ကာ ခိုလှုံကြလေသည်။

ဂျပန်တို့သည် မြို့ပေါ်တွင် ဝမ်းရောဂါ ကာကွယ်ဆေးများကို အကြီးအကျယ် ထိုးနှံပေးသည်။ လှေဆိပ် လှည်းဆိပ် မြို့အဝင်အထွက်များမှ စောင့်လျက် လူတိုင်းအား ထိုးပေးသည်။ ပြီးသော် ဆေးထိုး လက်မှတ်ဟုလည်းကောင်း၊ ခရီးသွားလက်မှတ်ဟုလည်းကောင်း ဂျပန်များကထုတ်ပေးသည်။ လူတိုင်း ထို လက်မှတ်ကို ကိုင်ဆောင်ထားကြရသည်။ မြို့နှင့်ဆက်ဆံနေကြရသော နယ်သူနယ်သားများမှာလည်း လက်မှတ်များ ကိုင်ဆောင်ထားရသည်။ ထိုလက်မှတ်မရှိလျှင် ဂျပန်စစ်တပ်၏ တားမြစ်မှုကိုခံရသည်။ နေပူအောက်၌ အချိန်အကန့်အသတ်မရှိ အလှန်းခံရသည်။ ရက်ပေါင်းများစွာ ချုပ်နှောင် ထားလျက် တောင် တောင်မြောက်မြောက် မေးလေသည်။

မြို့ပေါ်မှ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားတန်ဆောင်းများ၊ ဓမ္မာရုံစသည်များ၊ ဆေးရုံ၊ ဗိုလ်တဲ၊ စာသင်ကျောင်း စသည်များမှာ ဂျပန်ဖက်ဆစ်၏ စစ် အဆောက်အဦးများ ဖြစ်ကုန်ကြသည်။ စာသင်ကျောင်း အားလုံး ပိတ်ထားရသည်။ ပညာရေးအမှောင်ကျသည့် အခြေသို့ ရောက်နေရသည်။ ရဟန်းတော်များမှာလည်း မိဘဆွေမျိုးများရှိရာသို့ ပြန်လည် ကြွမြန်းကြသည်။ စာသင်သားရဟန်းတော်များ မရှိသည့်အခါ အရှေ့တောင်ညိုဆရာတော်ဘုရား သည် ဇာတိဖြစ်သော ပခုက္ကူမြို့သို့ အညာဆန်လှေကြီးဖြင့် ပြန်လည် ကြွမြန်းတော်မူလေသည်။

မြို့သူမြို့သား၊ နယ်သူနယ်သားများသည် ဆရာတော်ဘုရားကြီးအား အုံးအုံး ကျွက်ကျွက် လာရောက်၍ ဖူးမြော်ကြသည်။ လောင်းလှေကြီး ဆိပ်ကမ်းမှ ခွာသည့်အခါ ဒကာဒကာမများ ရင်ဆို့ ငိုကြွေး ကြသည်။ ဤအဖြစ်ကပင် ညောင်တုန်းမြို့နယ်၏ ရာဇဝင်တွင် ပြောစမှတ်တွင်လောက်ပေသည်။

မြို့ပေါ်အခြေအနေမှာ အကောင်းထက် အဆိုးဘက် ရှေးရှုနေသည်။ မြို့သူမြို့သား အားလုံး တထိတ်ထိတ် အလန့်လန့် ရှိကြသည်။ ဈေးရုံအဆောက်အဦးကို ယခင်ကလို တစ်နေ့လုံးမဖွင့်။ မနက်ခင်းတစ်နာရီ နှစ်နာရီလောက်သာ ရေးကြီးသုတ်ပျာ ရောင်းဝယ်ကြလေသည်။ စစ်ရာသီ စစ်ကာလ ဖြစ်သောကြောင့် တစ်မြို့လုံး တစ်နယ်လုံး အရောင်းပျက် အဝယ်ပျက်။ အနေပျက် အစားပျက်။ တစ်ခါတစ်ခါတော့ စစ်မုန်တိုင်းသည် မထင်မှတ်ဘဲ ကျရောက်လာတတ်လေသည်။

## (၁၄)

ပုလဲသည် ညောင်တုန်းဘက် သွားကြသော ဈေးသည်များထံမှ မြို့နှင့် ပတ်သက်သော သတင်းစကားများကို အမျိုးမျိုးအဖုံဖုံ ကြားရသည်။ ကူးတို့သမားများ ထံမှလည်း ကြားရတတ်သည်။ ဈေးဝယ် နာဝယ် သွားကြသူများထံမှလည်း ထိုနည်းတူ မြို့သတင်းကို ကြားရတတ်ပြန်သည်။ သို့သော သတင်း စကားများက ဘာတစ်ခုမျှ စိတ်သက်သာဖွယ်မရှိ။ စိုးရိမ်ထိတ်လန့်ဖွယ်များချည်းဖြစ်လေသည်။

ဂျပန်စစ်သားများသည် သူမတို့ရွာကလေးသို့ မကြာမကြာ ရောက်လာ တတ်သည်။ အမှန်တော့ အပိုင်းအခြား အကန့်အသတ်ဟူ၍မရှိ။ တစ်ခါတစ်ခါနစ်ရက်ခြား။ တစ်ခါတစ်ခါ သုံးရက်ခြား။ ဘယ်နေ့ ဘယ်အချိန်တွင် ဂျပန်တွေလာလိမ့်မည်ဟု မည်သူကမျှ အတတ်မပြောနိုင်။ သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့လည်း အတိအကျမသိ။ သူကြီးသည် အရင်ကလိုမဟုတ်။ အင်မတန်အရေးကိစ္စကြီးမှ မြို့ဘက်သို့ကူးသည်။ မဟုတ်လျှင် အိမ်ကုပ် နေတတ်သည်။

ရွာသို့ဂျပန်စစ်သားများ လာသည့်အခါ ရင်ဘတ်ပေါ်တွင် မြားတံဆိပ်များ တပ်ဆင်ထားသော မြို့ပေါ်မှ အုပ်ချုပ်ရေးအရာရှိ ဆိုသူများလည်း ပါလာတတ်သည်။ ထိုအခါသူတို့သည် တစ်နေကုန် တစ်နေခန်း သူကြီးအိမ်၌ စတည်းချ နေတတ်သည်။ ဂျပန်စစ်သားများသည် ရွာအဆုံးအဖျား လျှောက်ကြည့်သည်။ တွေ့သမျှ ရွာသားများအားခေါ်သည်။ ရိုးရိုးခေါ်မရလျှင် သေနတ်ဖြင့်ချိန်ခေါ်သည်။ ရွာရှိအုန်းပင်များမှ အသီးများလည်းကုန်ပြီ။ ကြက်ဉ ဘဲဉ ဟူ၍လည်း မရှိတော့။ ငါး ပုဇွန်များကို အလိုရှိသလောက်ယူသည်။ သူကြီးအိမ်ရှေ့ မြေကွက်၌ တစ်ဝတစ်အီ ချက်ပြုတ်စားသောက်ကြသည်။

ထို့ကြောင့် ဂျပန်တွေလာသည်ဟုကြားသော် ယောကျ်ား မိန်းမ လွတ်ရာ လွတ်ကြောင်း ရှောင်တိမ်းကြလေသည်။ ယောကျ်ားတွေက ပိုက်ချက် ပိုက်စခန်းရှိရာသို့ သွားရောက်ကြသည်။ ငယ်ငယ်ရွယ်ရွယ် မိန်းမသားများက ဝါးတောထဲ ကိုင်းတောထဲ ကွမ်းခြံတဲများရှိရာသို့ ထွက်ခွာသွားကြသည်။ တစ်ချို့အမျိုးသမီးများသည် ပိုက်စခန်းရှိရာသို့ ယောကျ်ားများနှင့် အတူလိုက်ပါသွား တတ်သည်။ ပုလဲသည် သူမနေအိမ် နှင့် အနီးဆုံးဖြစ်သော ဘုန်းကြီးကျောင်းသို့ ပြေးရသည်။ ကပ္ပိယကြီးဦးဖိုးနှင့် စကားစမြည်ပြောကာ အချိန်ကုန်မှ အိမ်ပြန် လာတတ်သည်။

ဌာနာပိုင်ကိုကံရသည် ဤနေ့ရက်များတွင် စက္ကော့ရွာဘက်သို့ နောက်ထပ်ရောက် မလာ။ သူသည် ဂျပန်စစ်ပိုလ်မစ္စတာဟာတာ၏ အမိန့်ဖြင့် ဂျပန်ကင်ပေတိုင်စစ်ရုံး သို့ နေ့စဉ် နေ့တိုင်း သွားနေရသည်။

ဂျပန်စစ်ပိုလ်မစ္စတာဟာတာသည် ဌာနာပိုင်ကိုကံရအား စစ်ရုံးသို့ခေါ်ကာ မြို့ပေါ်မှ တို့ဗမာ အစည်းအရုံးဝင်သခင် သခင်မများနှင့် အခြားနိုင်ငံရေးသမား များ၏ ရာဇဝင်ကို လျှို့ဝှက်မှတ်တမ်း ပြုလုပ်သည်။ အင်္ဂလိပ်နယ်ချဲ့သမားအား မည်သို့မည်ပုံဆန့်ကျင်ခဲ့သည်။ မျိုးချစ်စိတ်ဓါတ်

ဘယ်မျှပြင်းထန်သည်၊ တိုင်းပြည် အပေါ်၌ မည်မျှစေတနာ ထားသည်၊ အဖမ်းဘယ်နှစ်ကြိမ် ခံရသည်၊ ထောင်ဘယ်နှစ်ခါကျဖူးသည်၊ ဂျပန်တို့အပေါ် မည်သို့သဘောထားဟန်တူသည်၊ တော်လှန်ရေးစိတ်ဓါတ် ပညာအရည်အချင်းမှစလျက် လူထုအပေါ်မည်မျှ ဩဇာညောင်းသည်၊ စည်းရုံးရေးအဘယ်မျှ တော်သည် စသည်များဖြစ်လေသည်။

ထိုသူများကို တစ်ဦးလျှင် မှတ်တမ်းတစ်ခုပြုလုပ်သည်။ အရေးရောက်သူများ၏ သွားလာလှုပ်ရှားမှု ကို မျက်ခြေမပြတ်တမ်း ကြည့်ရမည်။ ကင်ပေတိုင်ရုံးသို့ သတင်းပို့ရမည်ဟု တာဝန်ပေးသည်။ ပြီးနောက် ယခုကိစ္စကို အထူးလျှို့ဝှက် ထားရမည်ဟု မစ္စတာဟာတာကပြောသည်။ ကိုကံရအား မကြာမီ တိုက်ပိုင်အင်စပိတ်တော်ရာထူးအဆင့်သို့ တိုးတက်ပေးမည်ဟူ၍လည်း ဆိုသည်။ အကယ်၍ တစ်စုံတစ်ရာ သတင်းပေါက်ကြားခဲ့လျှင် ဂျပန်စစ်ဖက်၏ အရေးယူခြင်းကို အပြင်းအထန် ခံရလိမ့်မည်ဖြစ်ကြောင်းနှင့် မစ္စတာဟာတာက ကြိုတင်သတိပေးထားလေသည်။

တိုက်ပိုင်အင်စပိတ်တော် ဖြစ်ရမည်ဟူသော မစ္စတာဟာတာ၏ မက်လုံးပေးမှု ကြောင့် ကိုကံရက အလွန်တရာ ကျေနပ်ဝမ်းသာသွားသည်။ ထို့ကြောင့်ပင် စေတနာရေဆီးကမ်းပြိုဖြစ်ကာ ဘာမဆိုင် ညာမဆိုင်နှင့် အင်္ဂလိပ်နယ်ချဲ့ တော်လှန်ရေးသမား ကိုပညာ့သတင်းကို ကင်ပေတိုင် စစ်ဗိုလ်မစ္စတာဟာတာ အား ကိုကံရပြောလေသည်။

"ဒီလူအခုဘယ်မှာလဲ"

မစ္စတာဟာတာက စိတ်ဝင်စားသလိုမေးသည်။

"ဒီလူခုဘယ်ရောက်နေတယ် မသိဘူး မာစတာ။ စုံစမ်းလိုက်ရင် မကြာခင်သိနိုင်ပါတယ်။ ချောင်းကြီးသူကြီးကို မေးရင် သိကောင်းသိပါလိမ့်မယ်။ နောက်ပြီး အဲဒီရွာက ဘဖြိုးဆိုတဲ့ အကောင်ဟာ ဒီလူကို ကောင်းကောင်း သိပါတယ်။ ဟိုတုန်းက မအူပင်ရာဇဝတ်ဝန်ကို သတင်းပေးတဲ့အကောင်ပါ"

မစ္စတာဟာတာ အတန်ကြာစဉ်းစားသည်။ သူသည်နိုင်ငံကြီးသား တစ်ယောက် ဖြစ်သည်။ ဂျပန် စစ်ဖက်စုံစမ်းထောက်လှမ်းရေးအတွက် မြို့နယ်တစ်ခုလုံးကို တာဝန်ယူထားရသူဖြစ်သည်။ ပါးနပ်သည်။ လျင်သည်။ အကွက်ကျော်မြင် လေသည်။

"ဒီလူကို ဌာနာပိုင် တစ်ခါမှ မမြင်ဖူးဘူးလား"

"သူ့ပုံသဏ္ဌာန်အားလုံး ကျွန်တော်ကောင်းကောင်း သိပါတယ်မာစတာ။ နောက်ပြီး ဒီလူဟာ မြို့ပေါ်က သခင်တွေနဲ့ အဆက်အသွယ်ရှိပါတယ်"

မစ္စတာဟာတာသည် သူ့လက်ဖဝါးနှစ်ဖက်ကို ပွတ်သတ်သည်။ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လေးငါးခေါက်လျှောက်သည်။

"ကောင်းပြီလေ။ ဒီလူနဲ့ပတ်သက်ပြီး ဖိုင်တစ်ခုဖွင့်ထားပါ။ သူ့ပုံသဏ္ဌာန်နဲ့ သူ့အကြောင်းအားလုံးကို ဌာနာအုပ် သိသလောက်ပြောပြပါ။ ကျုပ်စစ်ဗိုလ်က အဲဒါတွေအားလုံးကို ရေးယူထားပါလိမ့်မယ်။ ဒီလူကို တွေ့ရင် ကျုပ်ကို အချိန်မရွေးပြောပါ။ နောက်တစ်ခုက ဘဖြိုးဆိုတဲ့သူနဲ့ ချောင်းကြီးရွာသူကြီးကို ကျုပ်တွေ့ချင်တယ်။ ကျုပ်ဆီကို အမြန်ခေါ်ခဲ့ပါ"

ဌာနာပိုင်ကိုကံရ၏ ပါးစပ်ဆော့မှု၊ မျက်နှာလိုအားရ လုပ်မှုကြောင့် ချောင်းကြီးရွာသူကြီး ဦးညွှန့်မောင်မှာ မစ္စတာဟာတာ၏ ခေါ်ယူမေးမြန်းခြင်းကို ခြောက်ကြိမ်တိတိခံရသည်။ အင်္ဂလိပ် အလိုတော်ရိ ဘဖြိုးမှာ ဂျပန်အလိုတော်ရိ ဘဝသို့ ခပ်လွယ်လွယ် ကူးပြောင်းသွားသည်။ ဘဖြိုးသည် ကင်ပေတိုင် စစ်ဗိုလ် မစ္စတာဟာတာ၏ အိမ်စောင့်ခွေးအဖြစ်သို့ နေ့ချင်းညချင်း ရောက်ရှိသွားသည်။

သို့သော် မစ္စတာဟာတာသည် ဦးညွှန့်မောင်ထံမှလည်းကောင်း၊ ဘဖြိုးထံမှ လည်းကောင်း ဗြိတိသျှ တော်လှန်ရေးသမားကြီး ကိုပညာနှင့် ပတ်သက်သော ထူးခြားချက်သတင်းကိုမူ ဘာတစ်ခုမှ မရရှိခဲ့ပေ။

ကိုပညာ မည်သည့်အရပ်၌ ရှိနေပါသည်ဆိုခြင်းကို ညောင်တုန်းမြို့ ပုလိပ်ဌာနတစ်ခုလုံးကပင် မပြောနိုင်ကြပေ။

ပုလဲကိုယ်ဝန်မှာ ခုဆိုလျှင် လေးလကျော် ငါးလထဲ ရောက်လာသည်။ ရုတ်တရက်သော် ရွာက လူများသည် ပုလဲ၏အခြေအနေကို သတိမပြုနိုင်ကြ။ သူတို့သည် ပုလဲအပေါ်၌ တစ်စုံတစ်ရာ သံသယမဝင်။ ယောကျ်ားများနှင့် ကင်းကင်းကွာကွာ နေသောပုလဲ၌ သည်လို ကိုယ်ဝန်ရှိလာလိမ့်မည်၊ ယောကျ်ားတစ်ဦးတစ်လေနှင့် တိတ်တခိုး ဖြစ်ပျက်လိမ့်မည်ဟု ဘယ်သူကမှ မယူဆကြ။ သူတို့က ဂျပန်စစ်သားများနှင့် ပတ်သက်သည့်ကိစ္စ၌သာ အာရုံရောက် ဇောကပ်နေလေသည်။

ပြီးနောက် မောင်ညိုသေဆုံးရသည့် အဖြစ်ကိုလည်း လုကွန့်တစ်ယောက်သာ တောင်တောင်မြောက်မြောက်တွေးသည်။ သို့ရာတွင်လုကွန့် ဆိုသည်မှာလည်း စေတ္တော့ရွာ၌ အမြဲနေသည်မဟုတ်။ ဂျပန်များ ဝင်ရောက်လာသည့် အချိန်မှစလျက် လုကွန့် ညောင်တုန်းရောက်နေသည်။ ရွာသို့ခြေဦးမလှည့်။ သခင် ချမ်းငြိမ်းအိမ်တွင် ဒိုင်အိပ် ဒိုင်စား လုပ်နေသည်။ ပြီးလုကွန့်က မောင်ညို့ကိစ္စကို စကားအလျင်းသင့်၍ ပြောခြင်းမျှဖြစ်သည်။ အလေးအနက်စိတ်မဝင်စား။ လုကွန့်စိတ်ဝင်စားသည်က နိုင်ငံရေး။

ရွာသူမိန်းကလေးများသည် ပုလဲနှင့်တွေ့ကြလျှင် "ဟေ့ ကောင်မ။ ညည်းနဲ့နဲ ဝလာတယ်အေ့။ သူများတွေဖြင့် နေ့ပြေးရမလား၊ ညပြေးရမလား တထိတ်ထိတ်နဲ့။ ညည်းဖြင့် စားဝင်အိပ်ပျော် ဖြစ်နေတယ် ထင်ပါရဲ့ဟယ်" ဟု အမှတ်မထင် ပြောတတ်ကြသည်။

ထိုအခါများတွင် ပုလဲမှာ မသိမသာ ပင့်သက်ရှိုက်မိသည်။

"ညည်းတို့ထင်လို့ပါ ဟယ်။ ငါ့ကိုယ်ဟာ အရင်ကလဲ ဒီအတိုင်းပါဘဲ။ ခုလဲ ဒီအတိုင်းပါဘဲ။ ပိုပြီးထူးမလာပါဘူး"ဟု ပုလဲက မလုံမလဲပြောသည်။

သူမရင်ထဲတွင်မူ အင်း၊ တစ်နေ့တော့ ဒီကိစ္စကြီးဟာ ဖူးပေါ်သလို ဘွင်းဘွင်းကြီး ပေါ်တော့မှာဘဲဟူ၍လည်း တွေးလိုက်မိလေသည်။ ထိုအတွေး၏ နောက်ဆွယ်၌ ရှည်လျားသော သက်ပြင်းကိုလည်း ပုလဲချရပြန်လေသည်။ ပြီးလျှင်သူ့စိတ်သူ ချက်ချင်းတင်းသည်။ အို၊ ဘာဘဲဖြစ်ဖြစ် ငါ့ဆုံးဖြတ်ချက်အတိုင်း ငါလုပ်မယ်။ ဒီကလေးကို မွေးကိုမွေးရမယ်။ ဒီကလေးဟာ ငါ့ရင်သွေး။ ငါ့ကလေး။ နောင်ခါမှ ဒို့များသားအမိဘယ်လိုနေရနေရ၊ ဘယ်လိုစားရစားရ။ သူတို့ဟာ ငါတို့သားအမိကိုတော့ သတ်မပစ်နိုင်ပါဘူးဟု ပုလဲတွေးပြန်သည်။

မွေးရမှာဘဲ၊ မွေးရမှာဘဲ ဟူသော ဆုံးဖြတ်ချက်ကိုလည်း မကြာခဏ သူမရင်ထဲကချမှတ်မိသည်။ ကလေးကို ငါဟာ မွေးကိုမွေးရမယ်။ တကယ်တော့ ဒီကလေးနဲ့ပတ်သက်ပြီး ငါ့မှာ ဘာအပြစ်မှမရှိသလို ကလေးမှာလဲ ဘာအပြစ်မှ မရှိရှာဘူး။ ဒီလိုအပြစ်မဲ့တဲ့ ငါ့ရင်သွေးကို ငါဟာ ဘယ်နည်းနဲ့ ဖျောက်ဖျက် ပစ်ရမှာတုန်း။ လူတစ်ယောက်အသက်ဟာ အင်မတန်ဖြစ်ခဲဘိခြင်း။ ဒီကလေးဟာ ယောကျ်ားကလေးဖြစ်ရင် နောင်ကြီးပြင်းလာတော့ ငါ့အတွက်အားထားရမယ်။ မိန်းခလေးဆိုရင် ဆိုးတိုင်ပင်ကောင်းတိုင်ပင် တိုးတိုးဖော်ပေါ့။ လူ့လောကထဲမှာ ငါလို တစ်ကောင်ကြွက် တစ်မျက်နှာဟာပိုပြီး မွေးထိုက်တယ် ဖွားထိုက်တယ်။ ပိုပြီးခင်တွယ်သင့် မက်မောသင့်တယ်။ ပိုပြီးကြင်နာရမယ်။ ပိုပြီး ထောက်ထားသင့်တယ်။ ပိုပြီး ငဲ့ကွက်သင့်တယ်။

သူ့ကိုယ်သူ ပုလဲရဲဆေးတင်သည်။ သူ့စိတ်သူ အားပေးအားမြှောက်ပြုသည်။ ညဘက် အိပ်ယာထဲရောက်လျှင်လည်း သည်အကြောင်းကိုပင် ပုလဲတွေးသည်။ သည်လိုပင် သူ့ကိုယ်သူ အားပေးပြန်သည်။ ပိုက်ထိုးသည့်အခါ၌လည်း သည်အတိုင်းပင်ဖြစ်သည်။ ကွန်ထိုးသည့်အခါ၌လည်း သည်အတိုင်းပင် ဖြစ်သည်။ ရေးချိုးစဉ် အဝတ်ဖွတ်စဉ်၌ပင် ဤအတိုင်း ပုလဲတွေး၍ ဤအတိုင်းပင်သူမက ဆုံးဖြတ်သည်။ သူ့စိတ်သူ့မာန်ကို ပုလဲတင်းသည်။ တကယ်တော့ သူမက သတ္တိမနည်း။ မိုက်ရူးရဲဟု ဆိုချင်ကလည်း ဆိုနိုင်သည်။ စင်စစ်တော့ သူမတွင် မွေးဖွားခြင်းပြုရပေမည်ဆိုသည့် နည်းလမ်းမှတစ်ပါး အခြားနည်းလမ်း မရှိသလောက် ဖြစ်လေသည်။

ပြီးနောက် သူမက မမြင်မတွေ့ရသေးသည့် ရင်သွေးနှင့် ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ စဉ်းစားသည်။ အမျိုးမျိုးအဖုံဖုံ စီမံသည်။ ဤလိုအတွေးပေါင်း စဉ်းစားပေါင်းများလာသည့်အခါ မောင်ညိုကို ရုတ်တရက် သတိရ ရပြန်သည်။ ယင်းသို့ သတိရလိုက်သည်နှင့် တပြိုင်နက် ဘယ်လိုမှ သူမထင်ထားခဲ့သော အကြောင်းအချက် တစ်ရပ်ကပြုန်းကနဲ ဒိုင်းကနဲ ခေါင်းထဲသို့ဝင်ဆောင့်လာသည်။

ခုနေ မောင်ညိုသာ ရှိခဲ့သော်။

ပုလဲသည် ထိုအကြောင်းကို သူ့ခေါင်းက လက်မခံအောင် အတင်းမောင်းထုတ် သည်။ သူ့အတွေးအာရုံထဲမှ မောင်ညိုအား ဖျောက်ဖျက်ပစ်သည်။ မြွေပွေး မြွေဟောက်ကို ဆုပ်ကိုင်မိသည့်အလား သူမ တစ်ကိုယ်လုံး တုန်တုန် ခိုက်ခိုက်ဖြစ်ရသည်။

"သွား သွား သွား မုန်းတယ် မုန်းတယ် အားကြီးမုန်းတယ်။ ဒင်းအကြောင်းကို မတွေးချင်ပါဘူး။ အင်မတန် မုန်းတယ်"

ပုလဲနှုတ်မှ လွှတ်ကနဲ ရေရွတ်မိသည်။ သူမတစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားနှင့် ငမ်းဖမ်းသလို ကယောင်ကတန်း ဖြစ်ရသည်။

သို့တိုင် မောင်ညို့အသွင်သည် သူ့အတွေးအမြင်မှ ပျောက်ပျက်မသွား။ မားမားကြီး ထင်မြင်နေ သည်။ ခါးထောက်ရပ်လျက် မောင်ညိုက ပြုံးဖြီးဖြီးကြီး ကြည့်နေသည်။ ကူးတို့သမ္ဗန်ပေါ်တုန်းက ကြည့်ပုံ ရှုပုံမျိုး။

ငါမသေသေးဘူးဆိုရင် ငါ့ကိုနင်ယူရမယ်။ ဒီကလေးအဖေဟာ ငါဟ။ ဟုတ်တယ်မို့လား။ နင်တစ်ခု စဉ်းစားကြည့်လေ။ အဖေငုတ်တုတ်ရှိရက်နဲ့ အဖေမရှိတဲ့ ကလေးပါလို့ နင့်ပါးစပ်က ဆိုရက်မှာလား။ နောက်ပြီး အဖေနဲ့ကလေးကို နင်ကမဟုတ်ပါဘူး။ သွေးမတော် သားမစပ်ပါဘူးလို့ ပြောတော့ကော ရမှာတဲ့လား။ အဖေရှိပါရက်နဲ့ မရှိဘူးဆိုရင် ဒီကလေးဟာ ဘယ်လောက်မျက်နှာငယ်ရရှာမလဲ။ ဘယ့်လောက် ဝမ်းနည်းရှာမလဲ။

ပုလဲသည် ဟင်းကနဲ သက်မောချသည်။ ပြေးလို့မလွတ်သော အတွေးအတောများသည် သူမ၏ ခေါင်းထဲသို့ ဝင်နောက်ပြန်လေသည်။

အင်းသူသာမသေသေးဘူးဆိုရင် ဒီကိစ္စဟာ တစ်မျိုးတစ်ဖုံတော့ ဖြစ်ကောင်း ဖြစ်မှာဘဲ။ ငါဟာ ကလေးအပေါ်မှာ ငဲ့ကွက်တာနဲ့ သူ့အလိုသူ့အကြိုက်ကို လိုက်များဘဲ လိုက်ရလေမလား။

ယင်းအတွေးများကြောင့်ပင် မောင်ညို့အပေါ်၌ ထားရှိခဲ့သော သူမ၏ စိတ်ဓါတ်သည် တစ်မျိုးတစ်မည်တော့ဖြစ်ရသည်။ အထင်အရှားကြီး မဟုတ်သော်လည်း အရိပ်အယောင်မျှ ဖြစ်သော ယင်းနိမိတ်လက္ခဏာက သူမ၏နှလုံးသားသို့ ပြူလုစ်ဝင်ရောက်လာသည်။ တကယ်ဆိုတော့ တိတ်တခိုး ဝင်ရောက်လာသောစိတ်၊ အမှုမဲ့ အမှတ်မထင် ဝင်ရောက်လာသောစိတ်။ ထိုစိတ် ထိုအတွေးကြောင့်ပင် ဖြူသည် မဲသည် မသိရသေးသော ကလေးအပေါ်၌ ပုလဲပို၍ သံယောဇဉ်ကြီးရလေသည်။ သူမကမွေးဖွားရမည့် သူ့ရင်သွေးသည် တကယ်ဆိုတော့ ဖတဆိုးကလေးပါကလား။

သူမက ပိုက်တစ်ထည်ကို ထိုးရင်း ထိုအတွေးအတောများကို တွေးတော နေခြင်းဖြစ်သည်။

အချိန်မှာ မွန်းတိမ်းသာသာဖြစ်သည်။

ပိုက်ထိုးရင်း ဟိုအကြောင်းသည်အကြောင်း တွေးနေမိသော်လည်း မွန်းတိမ်းချိန် ကျော်သည့်အခါ အာရုံမဖြောင့်တော့။ တစ်စုံတစ်ရာကို စိတ်တကြောင့်ကြကြ ရှိပြန်လေသည်။ နားတစွင့်စွင့် စိတ်တထင့်ထင့်ဖြင့် တာရိုးလမ်းကလေးပေါ်သို့ မကြာမကြာ လှမ်းကြည့်မိသည်။ ဟိုဘက်အိမ် သည်ဘက်အိမ်နှင့် ခပ်လှမ်းလှမ်း အိမ်ငယ်များရှိရာသို့လည်း မျက်လုံးကဲကြည့်မိသည်။

ရွာဖျားနစ်ဖက်ရှိ လူနေအိမ်များသည် တစ်အိမ်နှင့်တစ်အိမ် အနီးအကပ်မရှိ။ တောရွာသဘာဝ လူနေကျဲသည်။ တစ်အိမ်နှင့်တစ်အိမ်မှာ လယ်တစ်ကွက် သာသာ နစ်ကွက်လောက်ဝေးသည်။

ဟိုဘက်အိမ် သည်ဘက်အိမ်ဆိုသည်ကပင် အရေးအကြောင်းရှိသော် အော်ဟစ်ပြောပါမှ အော်ဟစ်ခေါ်ပါမှ ကြားနိုင် သိနိုင်သော အကွာအလှမ်းဖြစ်သည်။

ပုလဲနေထိုင်သည်မှာ ရွာ၏တောင်ပိုင်းဖျားဖြစ်သည်။ ရွာသည် တောင်ပိုင်း မြောက်ပိုင်းနှင့် ရွာလယ်ဟု သုံးပိုင်းကွဲသည်။ ယင်းသုံးပိုင်းအနက် ရွာလယ်ပိုင်းမှာ အိမ်အခြေအနေစိသည်။ မြောက်ဖျားနှင့် တောင်ဖျားက အနေကျဲသည်။ သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလတို့ နေအိမ်များမှာ ရွာလယ်ပိုင်းဖြစ်သည်။

လှမ်းလှမ်းမှ အိမ်ငယ်နှစ်အိမ်ကို ပိုက်ထိုးနေရင်းပုလဲ ကြည့်လိုက်လေသည်။ လူရိပ်လူယောင်ကို မမြင်ရ။ ပုလဲအိမ်၏ တောင်ဘက်အိမ်သည် ငါးသလောက် ပိုက်သမား မဲကြီးအိမ်ဖြစ်သည်။ မဲကြီးခုတလော ပိုက်ချက်သွား သည့်အခါ သူ့မယားနှင့်ကလေးနှစ်ယောက်ကိုပါ ပိုက်ချက်စခန်းသို့ ခေါ်ဆောင် သွားလေသည်။ သူတို့မိသားစုက စားအိုးစားခွက်များကို ယူငင်သွားကြသည်။ ပိုက်ချက် အနီးရှိ သစ်ပင်ရိပ်များ၌ ချက်ပြုတ် စားသောက်ကြသည်။ သူတို့မိသားစု ညနေစောင်းမှ ရွာသို့ပြန်ဝင်ကြသည်။ ထို့ကြောင့်နေ့ဘက် အချိန်ဆိုလျှင် တစ်အိမ်လုံးမှာ ခွေးဝဲစားတစ်ကောင်မှလွဲ၍ လူရိပ်လူယောင် မမြင်ရ။

မြောက်ဘက်အိမ်မှာ ဘကြီးညိုအိမ်ဖြစ်သည်။ အသက်အရွယ် ခြောက်ဆယ် ကျော်နေသော ဘကြီးညိုမှာလည်း ငါးသလောက်ပိုက်သမားကြီးပင် ဖြစ်သည်။ ဘကြီးညို၏ ဇနီးအဖွားကြီး ဒေါ်သာယာသည် မိုးလင်းသည်နှင့် ရွာလယ်ပိုင်းရှိ သမီးများ မြေးများအိမ်သို့ တောင်ဝှေးကို ထောက်လျက် သွားလေသည်။ ညနေစောင်းလျှင် အဖိုးအိုအတွက် ထမင်းတစ်ဇလုံ ဟင်းတစ်ပန်းကန်ကို ယူဆောင်လာကာ တုန်ချိတုန်ချိ ပြန်လာတတ်သည်။ ထို့ကြောင့်နေ့လည်နေ့ခင်း ဆိုလျှင် မြောက်ဖက်နေအိမ်၌လည်း လူသူငြိမ်ဆိတ်သည်။

မြောက်ဘက်အိမ်မှ လွန်လျှင် ပိုက်ကြီးသမားသောင်းရင် အိမ်ဖြစ်သည်။ ယင်းအိမ်တွင် သောင်းရင် မယားမိဖျိုင်းရှိသည်။ အသားမဲလွန်း၍ သူ့ကိုဖျိုင်းနက် ဟု ပြောင်လှောင်ခေါ်ကြသည်။ မဖျိုင်းသည် ကလေးတစ်ဘက်နှင့် အိမ့်တာဝန်များကို လုပ်ကိုင်ရင်း ပိုက်ထိုးရသူဖြစ်သည်။ မိဖျိုင်းသည် နေ့ခင်းနေ့လယ်များတွင် ပုလဲရှိရာသို့ ပေါက်လာတတ်သည်။ ဂျပန်တွေ အကြောင်း မြို့ပေါ်အကြောင်း၊ ပိုက်ချက်ကွန်ချက်မှ ပိုက်သမား ကိုတံငါတွေအကြောင်း၊ ရွာလယ်ပိုင်းမှ ငါးဒိုင် ငါးရှဲများ အကြောင်း စသည်ဖြင့် ရောက်တတ်ရာရာ စကားဖောင်ဖွဲ့တတ်သည်။ မည်သို့ဆိုစေ မိဖျိုင်းလာလျှင် ပုလဲတွင် စကားပြောဖော်ရသည်။ စိတ်ပြေ လက်ပြေ ဖြစ်ရလေသည်။

ထို့ကြောင့် မိဖျိုင်းအလာကို ပုလဲမျှော်သည်။ ပြီးသော် ဂျပန်တွေများ လာလေမလားဟူ၍လည်း စိတ်တထင့်ထင့် နားစွင့်ရခြင်းဖြစ်လေသည်။ သူမတို့ရွာငယ်သို့ ဂျပန်တွေမလာသည်မှာ သီတင်းတစ်ပတ်ကျော်ခန့်ရှိလေပြီ။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ ကလေးငိုသံတစ်ခုကို ကြားလိုက်ရသည်။ အသံကြားရာသို့ ပုလဲ လှမ်းကြည့်လိုက်သည်။ မိဖျိုင်းတော့မဟုတ်။ တောင်ဘက် မဲကြီးအိမ်၏ တစ်ဖက်အိမ်မှ စိန်ကြည်တို့ သားအမိအား ပုလဲမြင်သည်။ စိန်ကြည်သည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျနေသည့် မိန်းကလေးဟု တစ်ရွာလုံးက ပြောကြသည်။ စိန်ကြည်သည် ငိုနေသောကလေးအား အတင်းချော့မော့လျက် ပုလဲရှိရာသို့ စိုက်စိုက်မတ်မတ် လာနေသည်။ သူ့ကလေးသည် ဆယ်လပင်မပြည့်တတ်သေး။ ထွန့်ထွန့်လူး ငိုလာသည်။

ဒီကောင်မလေးနယ်၊ ငယ်ငယ်ရွယ်ရွယ် ခလေးတစ်ဖက်နှင့် ကြည့်ရတာ တစ်မျိုးကြီးပါဘဲဟု ပုလဲ စိတ်က ထင်သည်။ စိန်ကြည်သည် ပုလဲထက် ၃နှစ်လောက်ငယ်သည်။

"လာဟဲ့ စိန်ကြည်။ လာ လာ"

ပုလဲကဆီးခေါ်သည်။ သူမက ပိုက်ထိုးခြင်းကို ခေတ္တရပ်နားသည်။ စိန်ကြည်တို့ သားအမိ၏ မနိုင်မနင်း အဖြစ်ကို ငိုင်ကြည့်နေမိသည်။

ပုလဲအိမ်သည် ဝါးကြမ်းခင်း၊ ဓနိမိုး၊ ထရံကာ၊ ဝါးနက်တိုင် အိမ်ငယ်ကလေးမျှ ဖြစ်သည်။ ပုလဲဖခင် ဦးရွှေဂွန်း မသေခင်တစ်နှစ်ကမှ ဆောက်လုပ်ခဲ့သည့် အိမ်ငယ်ဖြစ်သည်။ အမိုးဓနိများမှာမူ ယခုနှစ်မိုးမကျမီ အသစ်မိုးမှဖြစ်တော့ မှာဘဲဟု ပုလဲယူဆသည်။

"ငိုမိရင် အင်မတန် ဖွဲ့နဘဲကြီးတဲ့ကောင်လေး။ ချော့လို့လဲမရဘူး။ တစ်နေ့လုံးလဲ တစ်ရေးမှ မအိပ်သေးဘူး မမပုလဲရဲ့"

စိန်ကြည်သည် ကလေးကိုပွေ့ပိုက်လျက် ပြောပြောဆိုဆိုနှင့် အိမ်ငယ်ပေါ်သို့ လှမ်းတက်လိုက်သည်။ ကလေးမှာ စူးစူးဝါးဝါးငိုတုန်းဖြစ်သည်။ ဝါးကြမ်းခင်း တဲအိမ်သည် စိန်ကြည်လှမ်းတက်လိုက်သည့်အခါ ဂျိုးဂျိုး ဂျောင်းဂျောင်း အသံပြုသည်။

"နို့ တိုက်လိုက်ပါဦးဟယ်"

ပုလဲကပြောသည်။ စိန်ကြည့်ရင်ခွင်တွင်းရှိ ကလေးငယ်အား ပုလဲမျက်တောင် မခတ် လှမ်းကြည့်နေဆဲဖြစ်သည်။ ကလေးက ဖြူသည်၊ ဝသည်၊ တုတ်တုတ်ခဲခဲ ချစ်စရာကလေးဟု ပုလဲအမှတ်ပြုလိုက်သည်။

စိန်ကြည်သည် ပုလဲနှင့် မျက်နှာချင်းဆိုင်ပြုလျက် နစ်တောင်အကွာလောက်၌ ဝင်ရောက်ထိုင် သည်။ သူ့ကလေးကိုလည်း တအေးအေး တအဲ့အဲ့ချော့သည်။ ပြီးလျှင် အင်္ကျီကို ရင်ဆို့လောက်ထိ မ တင်သည်။ သူမနို့သီးခေါင်းကို ကလေးပါးစပ်ထဲ တပ်ပေးသည်။ ပေါင်ပေါ်တွင်တင်ထားသော ကလေးငယ် အား တဆက်ဆက် တလှုပ်လှုပ်ပြုလျက် "အေးအေး။ တိတ်စမ်း ပါကွယ်။ တိတ်စမ်းပါ လူကလေးရယ်" ဟု စိန်ကြည်ချော့လေသည်။

ကလေးငယ်သည် တစ်ချက်နှစ်ချက်သာ ထပ်မံအော်ပြီး မိခင်၏ နို့ချိုကို တပွတ်ပွတ်စို့သည်။

"နို့ဆာနေလို့ထင်ပါရဲ့ မိစိန်ကြည်ရယ်"

ပုလဲက အပြစ်တင်သလို ပြောပြန်သည်။ သူမကခုချိန်ထိ အောင်ပင်ပိုက်ကို ဆက်လက်၍ မထိုးနိုင်သေး။ အုတ်စီကိုကိုင်ရင်း စိန်ကြည့်ရင်ခွင်ထဲရှိ ကလေးကို မျက်လုံးကျွတ်မတတ် ကြည့်နေဆဲ။

"အိမ်မှာတုန်းကလဲ တိုက်တာပါပဲ မမပုလဲရယ်။ ဘယ်လိုမှ တိုက်လို့ကိုမရဘူး။ ကြည့်လေ။ ခုတော့ မျက်တောင်စဉ်းနေပြီ။ တယ် ငါရိုက်ပြန်ရော့မယ် ခွေးကောင်ကလေး"

စိန်ကြည်က ကလေး၏တင်ပါးကို ရိုက်မည့်ပုံ ရွယ်လိုက်သည်။

"မလုပ်ပါနဲ့ဟယ် မလုပ်ပါနဲ့။ သနားပါတယ်"

ပုလဲက အဟုတ်မှတ်၍ ပျာပျာသလဲ တားမြစ်သည်။ တကယ်တော့ စိန်ကြည်ကိုယ်တိုင်ကပင် သူ့သားအား မရိုက်ရက်။ ရွယ်ရုံသာရွယ်ပြီး ကလေးငယ်၏ ဖြူဖွေးသော တင်ပါးထက်သို့ သူ့လက်ကိုသာသာမျှ ချလိုက်ခြင်းဖြစ်သည်။

ကလေးငယ်သည် မျက်လုံးစုံမှိတ်လျှက် မိခင်၏ရင်မှဖြစ်သော မေတ္တာသွေးချိုကို တပြွတ်ပြွတ် စို့လေသည်။ စောစောကလို ငိုလားရယ်လား မလုပ်တော့။ မကြာခင်အိပ်တော့မည့်ပုံမျိုး။ ထိုအခါ စိန်ကြည် စကားပြောခွင့်ရလေပြီ။

"မမပုလဲ၊ ဘာငိုင်နေတာလဲ"

ငိုင်နေသော ပုလဲကို စိန်ကြည်မေးသည်။

ထိုအခါမှ ကလေးငယ်ကို တမေ့တမောကြည့်နေသော ပုလဲမှာ ဖျက်ကနဲ သတိဝင်လှုပ်ရှားရသည်။ ပိုက်ကို ဆက်လက်၍ထိုးသည်။ သို့တိုင် သူမ၏မျက်လုံးက ကလေးငယ်မျက်နှာပေါ်မှ အကြည့်မခွာသေး။

"မမပုလဲကလဲ နေ့ခင်းနေ့လည် ကျမတို့ အိမ်ဘက်လာပြီး ပိုက်ထိုးပါဆိုမှ။ ဒီမှာ တစ်ယောက်ထဲ ပျင်းစရာကြီး"

စိန်ကြည်ကပြောသည်။ ပြောလျှင်လည်း ပြောစရာဖြစ်သည်။ စိန်ကြည်ခေါ်ပေါင်း များပြီ။ ဒါပေမယ့် ပုလဲ မသွား။ စိန်ကြည်တို့ အိမ်ကိုသာမဟုတ်။ ဘယ်အိမ်ကိုမျှ ခဏတဖြုတ်မှလွဲ၍ ကြမ်းဆွေး တင်ဆွေး ပုလဲမထိုင်။ သူမ၏ကိုယ်ဝန်ကို လူသိမှာစိုးရိမ်သည်။

"အေးဟယ်။ တစ်ခါတစ်လေတော့ ငါစိတ်ကူးအရသား။ ဒါပေမယ့် အိမ်အလုပ်ကလေးတွေ ရှိသေးတာနဲ့"

"အမယ်လေး။ တစ်ယောက်ထဲများ မမပုလဲရယ်"

စိန်ကြည်သည် ပုလဲဘေးတွင် ချထားသော အုတ်စီအလွတ်တစ်ချောင်းကို ကောက်ယူလိုက်သည်။ ပြီးနောက် ချည်ခင်ထဲမှ ချည်များကို အုတ်စီအတွင်းသို့ သွင်းပေးသည်။

ပုလဲသည် စိန်ကြည်တို့သားအမိကို ကြည့်လျက် အတွေးပေါင်းစုံကို တွေးလေသည်။

ငါ့ကလေးဟာ ယောကျ်ားကလေးဆိုရင် ဒီလိုနေမှာဘဲ။ ငါဟာစိန်ကြည်လို ငါ့ကလေးကို နို့တိုက်ရမယ်။ စိန်ကြည်လို ကလေးအတွက် အင်္ကျီလေးတွေ ချုပ်ပေးမယ်။ ခေါင်းစွပ်လေးလဲချုပ်ပေးမယ်။ ငါပိုက်ထိုး ကွန်ထိုးနေရင် ငါ့မျက်စိအောက်မှာ ဒင်းကလေးကို ချသိပ်ထားရမယ်။ အိပ်ရာကနိုးလို့ငိုရင် နို့တိုက်ရ မယ်။ ထမင်းဝါးခွံ့ရမယ်။ အိုလေ  ချေး ဂရု  သေး ဂရုအားလုံး ငါပြုစုရမယ်။

"ခုတလော ရွာကို ဂျပန်တွေမလာပြန်ဘူး မမပုလဲ"

စိန်ကြည့်စကားကြောင့် ပုလဲ၏ အတွေးအတောများ ပျက်ပြယ်သွားရသည်။

"ဝမ်းမသာဘူးလား"

"သာတာပေါ့"

"အေး  ဘယ်တော့မှ မလာလေ ကောင်းလေဘဲ"

"ဟုတ်ပ့ါ မမပုလဲရယ်။ ဒီဂျပန်ကောင်တွေဟာ ဘယ်လိုမှန်းလဲ မသိဘူးနော်။ မိန်းခလေးမြင်ရင် တစ်မျိုးဘဲ။ နောက်ပြီး ကျမတို့လို အအိုထက် မမပုလဲတို့လို အပျိုတွေအတွက်က သာဆိုးသေး"

"အပျို ဟုတ်လား"

ပုလဲနှုတ်ဖျားမှ လွှတ်ကနဲ ထွက်သွားသည်။

"ဟုတ်တယ်လေ မမပုလဲရဲ့။ မမပုလဲတို့လို အပျိုက သူတို့ရန်ပိုပြီး ကြောက်ရတာပေါ့။ မတော်မရော် ဗလက္ကာယ လုပ်မှဖြင့်"

"ဟယ်  ဟယ်။ နင့်စကားကြီး" ပုလဲက စိန်ကြည့်စကားကို ဟန့်လိုက်သည်။ သူမစိတ်ထဲကမူ အင်းမိစိန်ကြည်ရယ် နင်တို့ကတော့ ငါ့ကို အပျိုစင်လို့ ထင်နေကြတုန်းကို ဟု တွေးလိုက်သည်။

စိန်ကြည်၏ ပေါင်ပေါ်မှကလေးသည် အိပ်ပျော်လေပြီ။ စိန်ကြည်သည် အုတ်စီကို ခဏချလိုက်သည်။ ကလေးပါးစပ်မှ နို့ကိုချွတ်သည်။ ကလေးငယ်၏ ပါးစပ်တွင်းမှ မေးစေ့ပေါ်တွင် စီးကျလာသော နို့ရည်စကို အင်္ကျီစဖြင့် ခပ်သာသာ ပွတ်သုတ် လေသည်။

"နို့ပွေးပေါက်မှာစိုးလို့ သုတ်သုတ်ပေးရတယ် မမပုလဲရဲ့"

စိန်ကြည်ကဆိုလေသည်။

အလဲ့ စိန်ကြည်တောင် အလာကြီးဘဲ။ သူ့ကလေးနဲ့သူကျတော့ သိတတ် လိုက်တာဟု ပုလဲတွေးမိပြန်သည်။

"ချစ်သလား ဟဲ့"

"ချစ်တာပေါ့ မမပုလဲရဲ့"

" အင်း " အင်းရှည်ကြီး ဆွဲလျက် ပုလဲသက်ပြင်းချလိုက်လေသည်။

"ဘာပြုလို့လဲဟင် မမပုလဲ"

"အို ဘာရယ်လို့မဟုတ်ပါဘူးဟယ်။ ငါသိချင်လို့မေးကြည့်တာ"

"ချစ်တာပေါ့ မမပုလဲရယ်။ ဘာပြုလို့မှန်းမသိဘူး။ ကျမသိပ်ချစ်တာ။ မမွေးခင်ဗိုက်ထဲတုန်းက ဒါလောက် မဟုတ်ဘူး။ ခုဆိုရင် မျိုထားလို့ရ မျိုတောင်ထားချင်သေး"

"အော် အေးအေး "

"ဒါနဲ့စကားစပ်မိလို့ ပြောရဦးမယ် မမပုလဲရဲ့။ ကျမဟာ သူ့အဖေနဲ့ လူငယ်ဘာဝ ချစ်ကြိုက်ကြပြီး ကိုဖိုးလုံးဟာ ကျမကို မယူတော့ပါဘူးလိုလို လုပ်သေးတယ်။ အစတော့ ကျမဟာ အတော့်ကို ထိတ်ထိတ်လန့်လန့် ဖြစ်တာပေါ့။ ဒုက္ခပါပဲ ဒင်းကသာသစ္စာမတည်လို့ ငါ့ကိုမယူများ မယူဘူးဆိုရင် ငါဘယ်လိုလုပ်ရပ့ါမလဲ။ ဒင်းကိုငါဘယ်နည်း ရင်ဆိုင်ရပ့ါမလဲလို့ တွေးပြီး လူဟာအရူးတပိုင်းဖြစ်နေတာပဲ မမပုလဲရယ်"

"နေစမ်းပါဦး စိန်ကြည်ရယ်။ သူကမယူဘူး ဆိုရုံလေးနဲ့များ ဒါလောက်တောင် ညည်းမှာဖြစ်ရသလားအေ"

"ဖြစ်တာပေါ့ မမပုလဲရဲ့။ ကျမမှာက လွတ်လွတ်လပ်လပ်မှ မဟုတ်တော့တာ"

"ဘာဟဲ့။ ဘယ်လို"

"ကျမတို့ချင်းက မကြာမကြာ ချိန်းတွေ့နေတာကိုး။ ဒီတော့"

"အေးပါလေ ငါသိပါပြီ။ နင့်မှာ ကိုယ်ဝန်ရှိရောဆိုပါတော့ မိစိန်ကြည်ရယ်။ ကဲ ရှေ့ဆက်စမ်းပါဦး"

စိန်ကြည့်စကားတွင် ပုလဲစိတ်ဝင်စားမိလေသည်။ စိန်ကြည်ခစ်ကနဲရယ်သည်။ ပြီးမှ သူ့စကားကို ထပ်ဆက်လေသည်။

"အင်းပေ့ါ ကျမမှာ ကိုယ်ဝန်ရှိနေပြီ။ အဲဒီအချိန်မှာ သူ့အဖေက ရွာမြောက်ဖျားက ဒေါ်သေးသေးသမီး မြင့်စိန်နဲ့ပေးစားမလိုလို ဘာလိုလိုပေ့ါ။ ကျမ ဘာလုပ်ရမှန်းမသိတော့ဘူး မမပုလဲရယ်။ ဒေါသဖြစ်လိုက်တာ အသား ဆတ်ဆတ်တုန်နေတာဘဲ။ အမေ့ကိုဖွင့်ပြောပြီး ဒီကိုယ်ဝန်ကို ဖျက်ချရ ကောင်းမလား။ ဘယ်လို လုပ်ရကောင်းမလဲနဲ့ စဉ်းစားလိုက်တာ ညညများ မအိပ်နိုင်ဘူး"

အုတ်စီတစ်ချောင်းထဲတွင် ပိုက်ချည်များပြည့်သွားသည်။ နောက်ထပ်အုတ်စီ တစ်ချောင်းထဲသို့ စိန်ကြည်က ပိုက်ချည်များ သွင်းပြန်သည်။ ပုလဲသည် စိန်ကြည့်ကိုယ်ဝန်အကြောင်းကို ပို၍စိတ်ဝင်စား လာရသည်။ နောက်ဆက် စိန်ကြည်ပြောမည့် စကားများတွင် ပုလဲပို၍ အာရုံစူးစိုက်သည်။

"ဒီလိုနဲ့ ကျမ အမူအရာပျက်တာကစပြီး အမေဟာသိတော့တာဘဲ။ အမေဟာအဲဒီအဖြစ်သိတာနဲ့ ကျမကို အဖေတို့ အစ်ကိုတို့ကွယ်ရာမှာ ကြိတ်ပြီး ဆူတော့ပူတော့တာပဲ။ ဆံပင်ဆွဲပြီးဆောင့်လား ဆောင့်ရဲ့။ ဒါ လောက်တောင် ထရသလားဆိုပြီး ပေါင်တွင်းကြောလိမ်ဆွဲလား ဆွဲရဲ့။ နီးရာပစ္စည်းဆွဲပြီး ကျမခေါင်းကို ထုလား ထုရဲ့။ ကျမတစ်ကိုယ်လုံးဟာရစရာမရှိပါဘူး မမပုလဲရယ်။ ငါးဖယ်တေသလား ငါးပိထောင်းသလား အောက်မေ့ရတယ်။ အဲဒီအထဲကပဲ အမေဟာကိုဖိုးလုံးကို နှစ်ယောက်ချင်းတွေ့ပြီး မေးရပြောရအောင် လုပ်သေး တယ်။ ဒါပေမယ့် ကိုဖိုးလုံးကအပါးပဲ။ ဘယ်မှာ နှစ်ယောက်ချင်း အတွေ့ခံပ့ါမလဲ။ ဟိုရှောင်ဒီရှောင် ဟိုကပ်ဒီကပ်လုပ်နေတာပေ့ါ။ သူကအဲဒီလို မလိမ့်တပတ် လုပ်လေ ကျမခံရလေပေါ့။ အဲဒီတုန်းကများ ကျမဖြင့် စိတ်ညစ်ညစ်နဲ့ ရေထဲဆင်းသေဖို့တောင် စိတ်ကူးမိတယ်။ ဒါပေမယ့် တကယ်တန်းကျတော့လဲ ကျမကိုယ်ကျမမလုပ်ဝံ့ဘူး မမပုလဲရဲ့။ အမယ်လေး ဒင်းအဖေနဲ့ကျမ ကံကောင်းလို့ ညားကြတာ မမပုလဲ ရေ"

"ကဲပါဟယ်။ နင်တို့ချင်း ညားတာမညားတာငါသိပြီးသားကိစ္စပါ။ အဲဒါအသာ ထားပြီး ကိုယ်ဝန်ကိစ္စ ဘယ်လိုလုပ်မယ်လို့နင့်အမေကပြောလဲ။ "

ပုလဲကသူသိချင်ရာကို မေးလေသည်။

"ကျမ ဒိပြင်တစ်ရွာရွာကိုသွားပြီး ကိုယ်ဝန်ဖျက်ချဖို့ ပြောတယ်မမပုလဲရဲ့။ အမေက မဖျက်လဲမဖျက်ရဘူး၊ ဘယ်မှလဲမသွားရဘူးတဲ့။ ဒီရွာမှာဘဲ လူသိရှင်သိမွေးမယ်။ ဒင့်ကလေးကို ဒင်းက မဟုတ်ပါဘူးငြင်းချင်သပဆို ငြင်းပစေ။ ဒါဟာငါ့သမီးက မွေးတဲ့ငါ့မြေးဘဲ။ ငါ့သွေးပဲ။ ဒင်းကတိရိစ္ဆာန်လို ရက်စက်ပေမယ့် ငါမရက်စက်နိုင်ဘူးလို့ပြောတယ်။ ကျမက မရဲတရဲနဲ့အမေရယ် ရွာကာလသား တွေက မတော်မရော် ထင်ပြီးခဲနဲ့ပေါက်လား တုတ်နဲ့ပစ်လား သစ်ပင်စာဆွဲလား လုပ်မှဖြင့် ခက်မယ်။ အဖေတို့ အစ်ကိုတို့နဲ့ တုတ်တပြတ် ဓါးတပြတ် ဖြစ်ကုန်ပါ့မယ်လို့ ပြောတော့ ဒါမင်းမရှိတဲ့တိုင်းပြည်မဟုတ်ဘူး၊ သူတို့လုပ်တိုင်း ခံစရာမလိုဘူးလို့ ပြောတယ်။ နောက်ပြီး အမေဟာသူ့ဘာသူ တွေးမိတာလဲ ရှိတယ်နဲ့တူပါတယ် မမပုလဲရယ်။ ညည်းဘာမှမပြောနဲ့။ ဟန်မပျက်သာနေ။ ဒီကိစ္စအမေစဉ်းစားဦးမယ်လို့လဲပြောတယ်။ အမေဟာဒီကိစ္စနဲ့ ပတ်သက်ပြီး ချီတုံ ချတုံဖြစ်နေတယ်နဲ့တူပါတယ်။ မမွေးသေးတဲ့မြေးအပေါ်မှာလဲ သံယောဇဉ်တွယ် နေတယ်နဲ့တူပါတယ်။ ရွာကာလသားတွေရဲ့ရန်ကိုလဲ တစ်ဖက်ကစိုးရိမ်တယ် နဲ့တူပါတယ်။ ကျမကတော့ ဆုံးဖြတ်ထားတယ်။ တကယ်လို့များ တစ်ခုခုဖြစ်ခဲ့ရင် အဲ အဲ အဲ "

စိန်ကြည်စကားမဆုံး။ ရှေ့စကားကို မဆက်နိုင်။ ပါးစပ်အဟောင်းသား မျက်လုံးအကြောင်သားနှင့် ခပ်လှမ်းလှမ်းသို့ မျှော်ကြည့်ရာမှ

"မမပုလဲ မမပုလဲ ဟိုမှာ ဟိုမှာ ပုလိပ်ကြီးတွေဒီဘက်လာနေတယ်တော့်။ ဂျပန်ကောင်တွေလာပြန်ပြီထင်တယ်။ ကျမ ကျမ ကျမ ပြန်တော့မယ်။" ဟု အထိတ်ထိတ်အလန့်လန့်ပြောကာ အုတ်စီကို လွှတ်ချလိုက်ပြီး ကလေးငယ်ကို ပွေ့ချီလျက် အိမ်ငယ်ထက်မှ ခပ်သွက်သွက် ဆင်းသက်သွား လေသည်။

(၁၅)

အသက်ရှူဖို့ကိုပင် ပုလဲမေ့နေသည်။ မျက်တောင်မှူမခက်အား၊ စက်တပ် ထားသလို သွက်လက်စွာလှုပ်ရှားနေသော လက်နှစ်ဖက်သည် ရုတ်ချည်းရပ်တန့် သွားသည်။ မျက်လုံးအကြောင်သားဖြင့် ကိုကံရအား ငေးကြည့်နေမိသည်။ သူမလက်သည် အုတ်စီနှင့် ဂျပ်ကိုကိုင်ထားသော်လည်း လုံးဝမလှုပ်ရှား။

"ဟဲ ဟဲ မင်းကိုတွေ့ရတာ အတော်ပဲဟေ့။ နေရာကျလိုက်တာကွာ။ ငါက တွေ့မှတွေ့ပါ့မလားလို့။ "

ကိုကံရကပုလဲကို ပြုံးစပ်စပ်ကြည့်ရင်းပြောသည်။ ကိုကံရပုလဲအနီးရောက်နေပြီ။ တဲအိမ်ငယ်အောက်တွင် ခါးထောက်ရပ်နေသည်။ အမိပွါယ်တစ်ခုခုကို ဆောင်သောမျက်လုံးဖြင့် ပုလဲတစ်ကိုယ်လုံးကို သုံးသပ်သည်။ ပါးစပ်မဟတော့ သည့်တိုင် နှုတ်ခမ်းမစေ့သဖြင့် ရွှေကွပ်ထားသော သွားနှစ်ချောင်းက အတိုင်းသားပေါ်နေသည်။ ပွယောင်းသော ကိုကံရနှာခေါင်းမှ အသက်ရှူသံကို ပုလဲအတိုင်းသား ကြားနေရသည်။ ပါးနှစ်ဖက်ပေါ်ရှိ ဖြုတ်ရှပ်ရှပ် ဝက်ခြံဘုများကိုလည်း အထင်းသားမြင်နေရသည်။

ဌာနာအုပ်သည် ပုလဲမျက်နှာပေါ်မှ အကြည့်ပြောင်းကာ ခဏတဖြုတ်တော့ တာရိုးကလေးပေါ်လှည့်လိုက်သည်။

"ဟေ့ မြမောင် နဲ့ အုန်းမောင်၊ မင်းတို့နှစ်ယောက် သူကြီးအိမ်က ပြန်စောင့်နေကြ။ ငါဒီမှာ မေးစရာရှိတာကလေးတွေမေးမြန်းပြီးရင်လာခဲ့မယ်။ "

ဌာနာအုပ်က သူ့လူနှစ်ယောက်ကို လှမ်းပြောသည်။

" ဟုတ်ကဲ့ ဆရာ"

တာရိုးပေါ်တွင် ရိုင်ဖယ်ကိုယ်စီ ပခုံးချိတ်ကာ ရပ်နေသောပုလိပ် အမှုထမ်း နှစ်ယောက်သည် ချက်ချင်းလိုပင် လာလမ်းသို့ပြန်လှည့်လိုက်ကြသည်။ သူတို့ ထိုနေရာမှ ထွက်ခွာတော့မည်ပြုသည်။

" ဟေ့ ဟေ့ "

ကိုကံရက ထပ်မံအသံပြုလိုက်သည်။

ပုလိပ်အမှုထမ်းနှစ်ယောက်သည် ကိုကံရဘက်သို့ မျက်နှာမူကြပြန်သည်။

"ဟို ဂျပန်တွေကို ကြည့်ကြဦးနော်။ သူတို့လာတာတွေ့ရင်မင်းတို့ထဲက တစ်ယောက်ယောက်ကငါ့ဆီကို ခပ်မြန်မြန်လာပြော ကြားလားဟေ့ "

" ဟုတ်ကဲ့ ဆရာ "

သည်တစ်ကြိမ်တော့ ပုလိပ်နှစ်ယောက်သည် မညီညာသောတာရိုးလမ်းကို နင်းလျက် ရွာလယ်ပိုင်းသို့ခြေလှမ်းမှန်မှန်ထွက်ခွာသွားသည်။ နှစ်ယောက်သား ပခုံးချင်း ယှဉ်လျက် တီးတိုးတီးတိုး ပြောသွားကြသည်။

အိမ်ရှင်က မဖိတ်ခေါ်ရဘဲ တဲအိမ်ငယ်ပေါ်သို့ ကိုကံရလှမ်းတတ်လိုက်သည်။ ရုတ်တရက်တော့ သူ မထိုင်သေး။ တဲအိမ်ငယ်၏ ဝါးနက်တိုင်ကို ကိုင်ကာ တဲငယ်တစ်ခုလုံးကို ကျီးငှက်မျက်လုံးဖြင့် ဝေ့ကြည့်လိုက်သည်။ ဟိုဟာမီးဖို၊ ဟိုဟာခေါင်းရင်း၊ ဟိုဟာအိပ်ခန်း၊ အိပ်ခန်းသည် ခန်းကြီးနားကြီးမဟုတ်၊ ကျူထရံနှစ်ချပ်ကို ဆက်၍ ကာရံထားခြင်းမျှသာဖြစ်သည်။

" မင်းကို အမှုနဲ့ပတ်သက်ပြီး မေးစရာမြန်းစရာရှိတယ်။ "

ယင်းစကားနှင့်အတူကိုကံရ ဝါးကြမ်းပေါ်ထိုင်ချလိုက်သည်။ ထိုအချိန်ထိ ပုလဲမလှုပ်။ ငုတ်တုတ်မဲတဲဖြစ်သည်။ သူမစိတ်တွင် မိဖျင်းတစ်ယောက် ရောက်လာသော် ကောင်းလေစွဟု တမ်းတသည်။ စိန်ကြည်ကိုလည်း "ဒီကောင်မလေးနယ် သတ္တိနည်းရန်ကော" ဟု အပြစ်တင်မိသည်။ ယင်းအတွေး များနှင့်အတူ သူမနှလုံးသားသည် တဆတ်ဆတ်ခုန်လေသည်။

"မောင်ညိုသေရတာ ဘယ်နည်းနဲ့သေရတယ်၊ ဘယ်သူ့လက်ချက်ဖြစ်မယ်ဆိုတာ မင်းမတွေးမိဘူးလား။ ဒီရွာသားထဲက တစ်ယောက်ယောက်လက်ချက် မဖြစ်နိုင် ဘူးလား။ "

ပုလဲသည် ခုမှ သူ့ကိုယ်ကို လှုပ်ရှားသည်။ သူ့စိတ်သူတင်းရပြန်လေသည်။

" ကျမ ဘာမှမသိပါဘူး ။ ဘယ်လိုမှ မထင်တတ်ပါဘူး "

ပုလဲအသံက တုန်ယင်နေသည်။

"မင်းမလိမ်နဲ့နော်။ မင်း ငါ့ကိုလိမ်ရင် ဒုက္ခရောက်မယ်။ ဒီကိစ္စကို ဂျပန်စစ်ဖက်ကစုံစမ်းနေတယ်။ ဂျပန်စစ်ဗိုလ်ဟာမင်းကိုဖမ်းချင်တယ်။ မပေါ်ပေါ် အောင် စစ်ချင်တယ်။ ဂျပန်တွေ ဖမ်းရင်မင်းမသက်သာဘူး။ မင်းလက် ဆယ်ချောင်းက လက်သည်းခွံတွေကို ရေနွေးဖျောပြီး ပလိုင်ယာနဲ့ ဆွဲခွာမယ်။ နားလည်လား "

ကိုကံရစကားကြောင့် ပုလဲအတော်ပင်လှုပ်ရှားသွားသည်။

"နောက်တော့ မင်းမျက်နှာပေါ် အဝတ်အုပ်ပြီး ရေနဲ့လောင်းမယ်။ မင်းရေနစ်ဖူးမယ်ဆိုရင် အဲဒီဒုက္ခဟာဘယ်ထိ ကြီးမားတယ်ဆိုတာ မင်းတွေး မိမယ်။ ဟုတ်လား။ အဲ နောက်ပြီးတော့ ထုတ်တန်းမှာ ကြိုးနဲ့ချည်ပြီး ဇောက်ထိုး ဆွဲထားမယ်။ အဲဒီအချိန်မှာ မင်းတစ်ကိုယ်လုံးကို စိစိညက်ညက် ကျေမွ သွား အောင်သူတို့ကြိုက်သလို သဘောရှိ ချေမှုန်းပစ်မယ်။ မင်းခံနိုင်ပါ့မလား ဟင် "

ပုလဲမျက်စိမျက်နှာပျက်သွားသည်။ မည်သို့မျှမဖြေ။

"မနေ့ကဆိုရင် ဓါးပြသုံးယောက်ကိုအဲသလိုညှဉ်းဆဲပြီး နောက်ဆုံးတော့ ဓာတ်မီးတိုင်ကပ် လုံ့စွပ်နဲ့ထိုးသတ်လိုက်တယ်။ သွေးဝေါက်ဝေါက်ပန်းပြီး အူအခွေလိုက်ပေါက်ထွက်တာပဲ။ မြို့ပေါ်ကလူတွေအားလုံး မောင်းခတ်ခေါ်လို့ သောက်သောက်လဲလာကြည့်ကြတယ်။ မင်းတို့ရွာသူကြီးနဲ့ ဆယ်အိမ်ခေါင်းကို မေးကြည့်ပါလား။ လာကြည့်တဲ့လူတွေထဲက တစ်ချို့ဆိုရင် သွေးပျက်ပြီး မေ့လဲသွားကြတယ် "

" ဘုရား ဘုရား ။ ဘုရားရှင်ကယ်တော်မူပါ။ "

ပုလဲယောင်ယမ်းမြည်တမ်းလိုက်မိသည်။

"အေး။ ခု မင်းကို မဖမ်းသေးတာ ငါက ကာကွယ်ထားလို့။ နို့မို့ရင် ခုလောက်ရှိ မင်းဟာ ဂျပန်ကင်ပေတိုင်ရုံးက အချုပ်ခန်းထဲရောက်နေပြီ။ အဲဒီအချိန်မှာဆိုရင် မင်းကိုဘယ်သူကမှ မကယ်နိုင်တော့ဘူး။ ဂျပန်စစ်ဖက်က ဖမ်းပြီပေ့ ဆိုရင်တော့ မင်းမသက်သာဘူး။ ဒို့ပြောလို့လဲ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ "

ဌာနာပိုင်ကိုကံရက ပုလဲကို ခြိမ်းခြောက်သည်။ သည်နည်း သည်ပုံဖြင့် ပုလဲအားသူ့အလိုကျပါအောင် ကိုကံရ ကြံရွယ်သည်။ စင်စစ် မောင်ညိုသေဆုံး သောကိစ္စမှာ ပြီးပြီးသားကိစ္စဖြစ်သည်။ ဂျပန်ကသိသည်လည်း မဟုတ်။ သိလျှင် လည်း ရေးကြီးခွင်ကျယ်လုပ်မည့်ကိစ္စ မဟုတ်။ ထိုသဘောကို ပုလဲနားမလည်။ ပုလဲတွင် ဤမျှထိဗဟုသုတရှိသည်လည်းမဟုတ်။ ရွာသူကြီး၊ ဆယ်အိမ်ခေါင်း စသူများပင် ဤမှာဘက်၌မကျွမ်းကျင်။ စင်စစ်ယင်းကိစ္စမှာ ဌာနာပိုင်ကိုကံရ တစ်ဦးတည်း၏ အကြံဉာဏ်နှင့်ဖန်တီးနေမှုသာဖြစ်လေသည်။

တစ်ခုတော့ရှိသည်။ ဌာနာပိုင်ကိုကံရစကားထဲမှ ဂျပန်ကင်ပေတိုင်ရုံး၏ ညှင်းပန်းနှိပ်စက်မှုဆိုသည်မှာ မှန်သည်။ ပြီးနောက် မနေ့က ဓါးပြသုံးယောက်အား ဈေးဝဓာတ်တိုင်တွင် လုံ့စွပ်ထိုးသတ်လိုက်ခြင်းလည်း မှန်သည်။

သို့သော် လူသတ်ပွဲပြီးလေသော်ယင်းအပြုအမူကို ဝိုင်းအုံကြည့်ကြသော လူထုသည် ငိုင်ကျသွားသည်။ တုန်နိုက်သွားသည်။ စိတ်နလုံးချောက်ခြား ကြသည်။ လူ့အဖွဲ့အစည်း၏တရားဥပဒေက ဤသို့ပြုလုပ်ရန် ခွင့်ပြုသလော။ ယင်းသည်တရားဥပဒေရှုဒေါင့်မှနေ၍ကြည့်သော် မှန်ကန်သလော။ အသတ်ခံ ရသော ဓါးပြသုံးယောက်သည် ညောင်တုန်းသူကြီးပိုင် လေးဆယ်ကျော်၌ သာဖြစ်သည်။ ဂျပန်များ လူသတ်ဓါးပြတိုက်သည်မှာ အာရတိုက်တစ်ခုလုံးနီးနီး မဟုတ်ပါလောဟူ၍ အမြော်အမြင်ရှိသူတစ်ချို့က ညည်းတွားရေရွတ်ကြသည်။

" ဒီတော့ မင်းကို ငါတစ်ခုပြောမယ်။ "

ပုလဲက ကိုကံရမျက်နှာကို မဝံ့မရဲမော်ကြည့်သည်။

ရှေ့စကားကို ကိုကံရမဆက်သေး။ စီးကရက်တစ်လိပ်ကို မီးညှိသောက်သည်။ ပတ်ဝန်းကျင်အခြေအနေကို သူလေ့လာသည်။ နောက်ထပ်လုပ်ရမည့်ကိစ္စကို သူကစဉ်းစားသည်။ ဝေ့ဝိုက်လွင့်ပျံ့သော စီးကရက်မီးခိုးငွေ့နှင့်အတူ သူ့အတွေး အတောမျှားကလည်း ရီဝေမှုးယစ်နေသည်။

ပတ်ဝန်းကျင်မှာ ငြိမ်ဆိတ်မှု၌ နစ်မျောနေသည်။ အသံပလံဆိတ်သုဉ်းလှသည်။ လေတိုးသံကိုမျှ မကြားရ။ တာရိုးလမ်းပေါ်တွင် သက်ရှိသတ္တဝါတစ်စုံတစ်ရာ၏ လှုပ်ရှားသွားလာခြင်းကိုလည်း မမြင်ရ။ ဟိုအိမ်ဒီအိမ် ဆိုသည်မှာလည်း အနည်းငယ်မျှမလှုပ်ရှား။ ထိုအခါ ပုလဲစိတ်၌ စိုးရွံ့မိသည်။ ဌာနာပိုင်ကိုကံရ၏ အကောက်ဉာဏ်ကိုလည်း အနည်းငယ်တော့ ပုလဲရိပ်မိ သလိုရှိသည်။ ထို့ကြောင့် အရေးရယ်၊ အကြောင်းရယ်ရှိခဲ့လျှင် ဟူသောအတွေးဖြင့် ပြေးပေါက်ကို ပုလဲကြည့်သည်။ ချောင်ပိတ်၍ အငိုက်မမိစေရန် ပုလဲသတိထားသည်။ ဌာနာပိုင် တစ်ယောက်လုံးကိုကား တစ်စုံတစ်ရာ လက်တုံ့မပြန်ဝံ့။ အရေးကြီးသည်မှာ လွတ်ပေါက်နှင့် ပြေးပေါက်သာဖြစ်သည်ဟု ပုလဲတွေးသည်။ မည်သို့ပင်ဖြစ်စေ သူမသည် ယောကျ်ားတစ်ဦးတစ်ယောက်၏ ဒုတိယမြောက် အနိုင်ကျင့်မှုကိုကား အသက်နှင့်လဲရ လဲရ ကာကွယ်ရန် ဆုံးဖြတ်ပြီးလေပြီ။

ယင်းအခိုက် ကိုကံရသည် သူ့ကိုယ်ကို ပုလဲဘက်သို့ တိမ်းညွှတ်လိုက်သည်။ ပြီးသော် အသံကိုခပ်အုပ်အုပ်ပြုလျက် တစ်စုံတစ်ရာပြောသည်။

ပုလဲမျက်စိမျက်နှာပျက်သွားသည်။ မျက်လုံးပြူးသွားသည်။

" ဟင့်အင်း။ ဟင့်အင်း။ ကျမ ကျမ ကျမ ဒါမျိုး နားမလည်ဘူး။ နားမလည်ဘူး။ သိလဲမသိဘူး။ ဝါသနာလည်းမပါဘူး ။ "

တုန်တုန်ခိုက်ခိုက်နှင့် ပုလဲနှုတ်ဖျားမှစကားလုံးများ အံထွက်လာသည်။ သူမလက်တွင်းမှ အုတ်စီနှင့်ဂျပ်သည် ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲ လွတ်ကျသွားသည်။ သူမသည် ပြူးကြောင်ဝန်းဝိုင်းသော မျက်လုံးဖြင့် ကိုကံရအား အထိတ်တလန့်ကြည့်သည်။

"ဟဲ ဟဲ ဟဲ ငါကမင်းကို အေးအေးသက်သာနဲ့ ကောင်းကောင်း မွန်မွန်ပြောနေတာ။ မင်းကို တစ်လတစ်လမှာ တစ်ရာမျိုး နှစ်ရာမျိုး ထောက်ပံ့ထားမယ်။ မင်းဟာ ငါယူထားတဲ့မိန်းမဆိုရင် တစ်ရွာလုံး ဘယ်သူကမှ မစော်ကားဝံ့ဘူး။ အားလုံးကမင်းကို လေးစားရမယ်။ သူကြီး ဆယ်အိမ်ခေါင်း ကစပြီး မင်းကိုရိုသေကိုင်းညွတ်ရမယ်။ နောက်ပြီးခုနက ငါပြောတဲ့ကိစ္စတွေ အားလုံးဟာ ဘာတစ်ခုမှ မင်းပူစရာမလိုတော့ဘူး။ အားလုံးပြီးစီးသွားအောင် ငါကြည့်ပြီးစီမံမယ်။ နောက်တစ်ခုက မင်းနေဖို့ထိုင်ဖို့ အိမ်ကောင်းကောင်းလေး တစ်လုံး ရွာလယ်မှာငါဆောက်ပေးမယ်။ မင်းခိုင်းဖို့စေဖို့ မိန်းမကြီးကြီး တစ်ယောက် ငါငှားပေးထားမယ်။ နောင်တော့ မြို့ပေါ်အခြေအနေ ကောင်းလာရင် မင်းကိုမြို့ပေါ်မှာ တင့်တောင့်တင့်တယ် ခေါ်ထားမယ်။ တကယ်တော့ မင်းဟာ မင်းကတော် စိုးကတော် ဖြစ်ထိုက်တဲ့ရုပ်။ အဲဒီတော့ ငါပြောတာကို မင်းနားထောင်။ အဲသလိုမဟုတ်ရင်တော့ မင်းဟာ ဒုက္ခအကြီးအကျယ်တွေ့မှာပဲ။ "

ကိုကံရသည် လူပါးလူနပ်တစ်ယောက်ဖြစ်သည်။ ဥပဒေအလိုကို နားလည်သူ ဖြစ်သည်။ ထို့ကြောင့်ပုလဲအပေါ်၌ အတင်းအဓမ္မပြုလုပ်ရန်မကြံရွယ်။ ချောက်လှန့်ခြင်း၊ ဖျားယောင်းခြင်းနှင့် သူ့အလိုကျ ပါအောင် ဆွဲသည်။

"ကျမ အဲဒါတွေကို ဘာမှ မလိုချင်ပါဘူးရှင့်။ ကျမ ဘာမှ မလုပ်ပါရစေနဲ့ အကိုကြီးရယ်။ "

" မင်း ငါပြောတာကို နားမထောင်ဘူးလား။ နားမထောင်ဘူးဆိုရင်"

ပုလိပ်အမှုထမ်းတစ်ယောက်သည် ဖိနပ်သံတဘုံးဘုံးနှင့် ရွယ်လယ်လမ်းပေါ်မှ ပြေးလာသည်။ ကိုကံရသည် စကားဆုံးအောင် မဆက်နိုင်။ အမှုထမ်းပြေး လာသည်ကို မျှော်ကြည့်သည်။

မကြာခင် အိမ်ငယ်ရှေ့သို့အမှုထမ်း ရောက်လာသည်။ မောကြီးပန်းကြီးလှမ်း ပြောသည်။

"ဂျပန်တွေ လာနေတယ်ဆရာ။ သမ္ဘန်နှစ်စင်းနဲ့။ ရွာဆိပ်ကမ်းနဲ့ အတော်နီးနေပြီ။"

" ဟေ ဟုတ်လား "

ကိုကံရ ထိုင်ရာမှ ထလိုက်သည်။

ဂျပန်ဟူသော အသံကြောင့် ပုလဲကိုယ်တိုင်မှာလည်း တဲအိမ်ငယ်ထက်မှ ခပ်သွက်သွက်ဆင်းလိုက်သည်။ ဌာနာပိုင်က ပုလဲကို ဂရုမထားနိုင်သလို ပုလဲ ကိုယ်တိုင်က ဌာနာပိုင်ကိုအမှတ်ပြုမနေနိုင်။ သူမသည် ဘာကိုမျှ တွေးဆမနေ။ ရွာတောင်ဖျား ဘုန်းတော်ကြီးကျောင်းရှိရာသို့ ခပ်သုတ်သုတ်ပြေးလေသည်။

ကျောင်းပေါက်သို့ ပုလဲရောက်လာသည်။ ပြေးနေသော ခြေလှမ်းကို ရပ်လိုက် သည်။ နောက်ကြောင်းကို ပြန်စောင်းကြည့်သည်။ သူ့နောက်သို့မည်သူ တစ်ဦး တစ်ယောက်မျှ လိုက်လာသည်ကိုတော့ မတွေ့ရ။ သူမသည် ရွာလမ်းမဆီသို့ မျှော်ကြည့်ရင်း သက်ပြင်းချလိုက်သည်။ ပြေးလိုက်လွှားလိုက် ရသောကြောင့် လည်း ပုလဲအတော်တော့ မောသွားသည်။ ကျောင်းဝင်းအတွင်း သို့ကား ချက်ချင်းမဝင်သေး။ ကျောင်းဝင်ပေါက်တွင် ခေတ္တရပ်လျက် ရွာငယ်၏ အခြေအနေကို မျှော်ကြည့်ပြန်လေသည်။

တစ်ရွာလုံးငြိမ်ဆိတ်နေသည်။ မည်သူမှ ထူးထူးခြားခြားဟူ၍မတွေ့ရ။ ရွာငယ်အတွင်းမှ လူတစ်ဦးတစ်လေထွက်ပေါ်လာ လေမလားဟူ၍လည်း ပုလဲအာရုံပြုသည်။ ခုချိန်ထိတော့ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရသေး။ မသိကြသေးလို့ဖြစ်လိမ့်မည်ဟု ပုလဲထင်သည်။ ဂျပန်တွေရွာလယ်ပိုင်းတွင် ရောက်နေလိမ့်မည်။ သူကြီးအိမ်ရှေ့တွင် စုရုံးစုရုံးဖြစ်နေလိမ့်မည်ဟု သူမယူဆ သည်။ ကျောင်းဝင်ပေါက်မှနေ၍တော့ ရွာလယ်ကို လုံးလုံးမမြင်နိုင်။

သို့နှင့် အတန်ကြာသော် ကျောင်းဝင်းထဲသို့ ပုလဲလှမ်းကြည့်သည်။ အေးချမ်း ငြိမ်သက်သော အရိပ်အာဝါသကသူမအား လှိုက်လှဲစွာ ဆီးကြိုသယောင်ရှိသည်။ ရိပ်ငြိမ်သည် ထိတ်လန့်ချောက်ခြားရခြင်း၊ ပူပန်လောင်ကျွမ်းရခြင်း၊ မောပန်း နွမ်းလျခြင်းတို့မှ ပြေပျောက်ငြိမ်းချမ်းသည်ဟု သူမကထင်သည်။ ထိုအမြင်၌ အတန်ကြာ ပုလဲမိန်းမောနေမိသည်။ တဒိတ်ဒိတ်ခုန်သော နှလုံးသွေး သည်ခုမှပုံမှန်ဖြစ်ရသည်။ သူတော်သူမြတ်တို့စံရာသည် အေးချမ်းငြိမ်ဆိတ်လှ ပါကလား၊ ဘေးဒုက္ခအပေါင်းတို့မှ ဝေးကွာငြိမ်းချမ်းလှပါကလား ဟူသောအသိက သူမ၏နှလုံးသားသို့ဝင်ရောက်လွှမ်းခြုံခဲ့သည်။ သူမသည် ဇရပ်အဆောက်အဦး ရှိရာသို့ တစ်ချက်မှ လှမ်းကြည့်သည်။ ပြီးနောက် ကျောင်းဝင်းထဲသို့ ဝင်ရောက်ခဲ့လေသည်။

ဇရပ်၏တံစက်မြိတ်လေ့ကားရင်းသို့ရောက်လာသည်။ ကပ္ပိယကြီးဦးဖိုး၏ အသံကိုမကြားရ၊ ကျောင်းသား သူငယ်၏အသံကိုလည်းမကြားရ၊ အခါတိုင်း ဆိုလျှင် ကပ္ပိယကြီးဦးဖိုးသည် တောင်းပလုံးတစ်ခုခုကို ယက်လုပ်နေ တတ်သည်။ ဒါမှမဟုတ် ဝါးခွဲ နီးဖျာ နေတတ်သည်။ သူ့အနီးတွင် ကျောင်းသားငယ်မှာ စာကျက်နေတတ်သည်။ ယခုမူ ဇရပ်တစ်ဆောင်လုံး ငြိမ်ဆိတ်နေသည်။

"ဟဲ့ မိန်းခလေး၊ ဂျပန်တွေ လာပြန်ပလား။ မိန်းခလေး ဘယ်လိုဖြစ် လာပြန်လဲ။ "

ဇရပ်ပေါ်သို့ လှမ်းတတ်မည်ပြုခိုက် ဦးပဥ္စင်းအသံကို ပုလဲကြားလိုက်ရသည်။ ဦးပဥ္စင်းသည်ကျောင်းပေါ်မှနေ၍ မေးမြန်းခြင်းဖြစ်သည်။

ပုလဲသည် လှမ်းတော့မည့်ဆဲဆဲ ခြေကို တန့်လိုက်သည်။ ကျောင်းပေါ်သို့ မော့်ကြည့်သည်။

ကျောင်းထက် ဝရံတာတွင်ရပ်ကာ သူရှိရာသို့ လှမ်းကြည့်နေသော ဦးပဥ္စင်းကို တွေ့ရသည်။ ထိုအခါ ကျောင်းအဆောက်အဦးရှိရာသို့ ပုလဲလှည့်သွား သည်။ ကျောင်းရှေ့မြေပြင်တွင် ပုဆစ်တုတ်ထိုင်ပြီး ဦးပဥ္စင်းအား လက်အုပ် ချီသည်။

"မှန်လှပါ ဘုရား။ ဂျပန်တွေလာတယ်ဆိုလို့ တပည့်တော်မ ပြေးခဲ့တာပါ။"

ဦးပဥ္စင်းသည် နောက်ထပ် တစ်စုံတစ်ရာ မမိန့်ကြားဘဲ ကျောင်းထက်မှနေလျက် ရွာလမ်းကိုမျှော်ကြည့်သည်။ ညီညာဖြောင့်ဖြူးသည့် ကျောင်းနှင့် ရွာလမ်းပေါ်တွင် တစ်စုံတစ်ရာမမြင်ရ။ ကျောင်းဝင်ပေါက်ရှိ စိန်ပန်းပင်ထက်မှ ကျီးတစ်ကောင် ကသာ တအာအာ အော်မြည်နေသည်။

"မိန်းခလေး ဇရပ်ပေါ်သွားနေ။ ဂျပန်တွေ ဒီဘက်တော့ လာတာမတွေ့ဘူး။ ကပ္ပိယကြီးနဲ့ ကျောင်းသားလေး သူကြီးအိမ်ကို ဆွမ်းဆန်သွားယူတယ်။ မကြာခင် ရောက်လာကြမှာဘဲ။"

ဦးပဥ္စင်းသည် မိမဲ့ဖမဲ့အားထားရာမဲ့ရှာသော ပုလဲအား ဂရုဏာစိတ်မကင်း။ မိန်းကလေးသည် အားထားရာမဲ့၊ တွယ်တာရာမဲ့ အထီးကျန် တစ်ကောင်ကြွက် ပါကလားဟု အတွေးရှိလေသည်။

နောက်ထပ်ဦးပဥ္စင်းအသံကို မကြားရ။

ပုလဲသည် ခေါင်းငုံ့ထားရာမှ မော့ကြည့်လိုက်သည်။ ကျောင်းထက် ဝရံတာတွင် ဟိုမှသည်မှ စင်္ကြန်လျှောက်နေသော ဦးပဥ္စင်းကိုတွေ့ရသည်။ သူမသည် ဦးပဥ္စင်းအားထပ်မံဦးချပြီးနောက် ထိုင်ရာမှ ထခဲ့သည်။

ထိုအခိုက် ဆန်တောင်းတစ်တောင်းကို ထမ်းလာသော ကပ္ပိယကြီးနှင့် နံနက်အာရုဏ်အတွက် ဟင်းရွက်ဟင်းသီးများ နှင့် ငါးသားပုစွန်များ ယူဆောင် လာသော ကျောင်းသားငယ်ကို တွေ့လိုက်ရသည်။ သူတို့ ကျောင်းဝင်းအတွင်းသို့ ရောက်လာကြသည်။

ပုလဲသည် ဇရပ်ရှိရာသို့ သုတ်သုတ်သွားသည်။ ဦးဖိုးပခုံးထက်မှ ဆန်တောင်းကိုချပေးသည်။ ကျောင်းသားကလေးလက်ထဲမှ ဟင်းသီးဟင်းရွက် နှင့် ငါးသားပုစွန်များ ထည့်လာသောတောင်းကို လှမ်းယူသည်။ အခိုက်အခါသင့်၍ ကြုံကြိုက်လျှင် သူမကကပ္ပိယကြီးဦးဖိုးအား ကူညီလုပ်ကိုင်ပေးလေ့ရှိသည်။

ရွာသူရွာသားများသည် ကျောင်းထိုင်ဆရာတော်၏ အာရုဏ်ဆွမ်းအတွက် ဆွမ်းဆန်နှင့် ငါးသားပုစွန် စသည်များကို မိမိတို့ တတ်နိုင်သလောက် ရွာသူကြီးအိမ်သို့ပို့ထားရသည်။ အချိန်တန်လျှင် ကပ္ပိယကြီးနှင့် ကျောင်းသား ကလေးက သွားရောက်ယူသည်။ ချက်ရပြုတ်ရသည်မှာ ကပ္ပိယကြီးဦးဖိုး၏ တာဝန်ဖြစ်သည်။ အာရုဏ်ဆွမ်းကပ်ရသည်မှာလည်း ကပ္ပိယကြီးတာဝန်ပင် ဖြစ်သည်။ ကျောင်းသားငယ်မှာ ရွာမြောက်ဖျားမှ ဖြစ်သည်။ ရှစ်နှစ်ကျော် ကိုးနှစ်အရွယ် ငယ်လွန်းသောကလေးဖြစ်သည်။ တစ်နေကုန်အောင် ကျောင်း၌ နေသော်လည်း မိုးချုပ်သည်နှင့် အိမ်ပြန်လေသည်။ ဤအရွယ်မှာ ပိုက်လှေ ကွန်လှေများတွင် ဦးစီးပဲ့စီး လိုသလို အသုံးချနိုင်သောကြောင့်လည်း ဘုန်းကြီးကျောင်း၌ မိဘကမထားချင်။ ရွာသူကြီး၏ဖန်တီးမှုကြောင့် ရှားရှားပါးပါး ရရှိထားသော ကျောင်းသားငယ်ဖြစ်လေသည်။

" ဦးဖိုးကြီး ရွာထဲမှာ ဂျပန်တွေ ရောက်နေသလား။ "

ပုလဲကမေးလေသည်။

"ရောက်နေတာပေါ့ဟယ်။ ဂျပန်အစိတ်သုံးဆယ်ထက်မနည်းဘူး။ ဒို့ ရွာထဲကို အသွားတုန်းက ကမ်းနားဘက်က လှည့်သွားတယ်။ ဂျပန်တွေကို သမွန်နစ်စင်းနဲ့ လှမ်းမြင်တာပဲ။ "

" ဟို ပုလိပ်တွေကော တွေ့ခဲ့သေးလား "

"တွေ့တာပေါ့။ ဒင်းတို့ ပေါ့ ကြာကြာမျက်နှာချင်းမဆိုင်ချင်လို့ ခပ်မြန်မြန်ယူစရာ ရှိတာယူပြီး ပြန်လာတာ။ သူကြီးကတော်က လက်ဖက်ရည်ကြမ်းတိုက်တာတောင် တစ်ခွက်ဘဲ သောက်ခဲ့တယ်။ ဒင်းတို့ လူသတ်ကောင်တွေ ဒင်းတို့ မျက်ခွက် မကြည့်ချင်ပါဘူး မိန်းခလေးရယ်။"

ဇရပ်အနောက်ဆောင်ရေစင်တွင် ကပ္ပိယကြီးက ငါးတစ်ကောင်ကို အကြေး ထိုးလျက် အနေတော် အတုံးအထစ်ပြုသည်။ ပုလဲက ပုစွန်များကို ခေါင်းချိုး အခွံသင်ပေးသည်။ ကျောင်းသားကလေးက ဝါးကျည်တောက်ထဲမှ ငရုတ်သီး ကြက်သွန် စသည်များကို ဇလုံတစ်လုံးထဲ ထည့်နေသည်။

" သူတို့ ဒီဘက်များ လာနေဦးမှာလား "

ပုလဲမေးလေးသည်။

" လာမယ်မထင်ပါဘူး ။ မိန်းခလေး နေအေးမှပြန်ပါလား။ "

" စိတ်ချရပ့ါမလား ဦးကြီးဖိုးရဲ့ "

"ဟို ဌာနာအုပ်ဆိုလား ရာဇဝတ်အုပ်ဆိုလား အဲဒီကောင်က သူကြီးကို ပြောနေသံ ကြားတယ်။ သူတို့တစ်တွေ ငလိုက်ချောင်းဘက် သွားကြမယ်တဲ့။"

" ငလိုက်ချောင်း ဟုတ်လား "

ငါးလိုက်ချောင်းဆိုသောအသံကြောင့် ပုလဲစိတ်ထဲတွင် လှုပ်ရှားသွားသည်။ ဌာနာအုပ်ဆိုသော လူ၏ပြောစကားသည် ဟုတ်များပဲ ဟုတ်လေမလား။ မောင်ညိုသေရသောကိစ္စကို စုံစမ်းရန် ငါးလိုက်ချောင်းသို့ ဂျပန်တွေသွားကြ မှာလား။

"အေးပေ့ါ။ ငလိုက်ချောင်းတင်မကဘူး။ ကျီးကန်းသိုက်ရွာဘက်ကိုလဲ ဒင်းတို့ သွားကြမှာပဲ။ ရွှေဟင်္သာကျွန်းထဲလဲ သွားကြမှာပဲ။ ဒီအနီးတဝိုက်မှာ ရွာတွေရော၊ လူတွေရော ချောင်းကြို ချောင်းကြား တွေရော အားလုံးလိုက်ကြည့်ကြမှာ ပေ့ါဟယ်။ ဒင်းတို့က အခက်သားကလား။ နေရာတကာဒလစပ် ရောက်သွား နေတာ။ "

ထိုအခါ ပုလဲအတန်ငယ်စိတ်အေးရသည်။ သို့သော် ဌာနာပိုင်ကိုကံရပြောသွား သောစကားများသည် သူမအဖို့ အနှောက်အယှက်ဖြစ်ရ ပြန်လေသည်။ ထိုစကားလုံးများကို ပုလဲပြန်လည်ကြားယောင်နေသည်။ ဌာနာပိုင်၏မျက်နှာကို ပြန်လည် အမှတ်ရနေသည်။ ကိုကံရပြောသွားသော စကားများသည် ဟုတ်ပဲ ဟုတ်လေသလား။ ဂျပန်တွေက သူ့အပေါ်အရေးယူဦးမှာလား။ ထုတ်တန်းမှာ ကြိုးချည်ဆွဲထားမှာလား။ သူ့လက်သဲတွေကို ညှပ်နဲ့ဆွဲခွာမှာလား။ ကိုကံရကပင် သူ့အလိုကိုလိုက်အောင် ကြိမ်းမောင်း ခြိမ်းခြောက်ခြင်းလား။ ဘယ်ဟာအမှန် ဘယ်ဟာအမှား ဟူ၍ကား ပုလဲမခွဲခြားနိုင်။

"မောင်ထွေးကို ခိုင်းမနေပါနဲ့တော့ ဦးကြီးဖိုးရယ် ။ ဦးကြီးဖိုးကို ကျမပဲ ကူလုပ်ပေးပ့ါမယ်။ "

ကျောင်းသားသူငယ်ကို လှမ်းကြည့်ပြီး ပုလဲကပြောသည်။ သူမ၏စိတ်နှလုံး သည် ခုတလော အင်မတန်ထူးခြားနေသည်။ ကလေးငယ်များကို တွေ့ရမြင်ရလျှင် နေရင်းထိုင်ရင်းသနား ကြင်နာနေတတ်သည်။

"ကဲ ကဲ မင်းစာကျက်စရာမရှိရင် သွားကစားနေတော့။ ဂျပန်ကောင်တွေ လာတာတွေ့ရင် ပြောနော်။ ကြားလား။ ကျောင်းပေါက မောင်ပဇင်း ခေါ်သံလဲနားစွင့်ဦး "

ကပ္ပိယကြီးက ကျောင်းသားသူငယ်ကိုလှမ်းပြောလိုက်သည်။

" ပါးပေါ်မှာလဲ အိုးမဲတွေနဲ့ကွယ့်။ သုတ်ပစ်လိုက်ဦး။ "

ပုလဲကပြောသည်။

ကျောင်းသားသူငယ်သည် ရယ်ကျဲကျဲနှင့် မျက်နှာတစ်ခုလုံးကို ပုဆိုးစဖြင့် သုတ်လျက် ဇရပ်အောက်သို့ဆင်းသက်သွားလေသည်။

ဇရပ်နောက်ပိုင်းတွင် ဦးဖိုးနှင့်ပုလဲ နှစ်ယောက်ထဲကျန်ရစ်သည်။ ကပ္ပိယကြီးသည် လုပ်ရင်းကိုင်ရင်းမှ ဂျပန်များအကြောင်းကိုပင် စပ်မိစပ်ရာပြောသည်။ ယခင်တစ်ခေါက် ဂျပန်တွေရွာရောက်လာစဉ်က ဂျပန်စစ်ဗိုလ်က ဆယ်အိမ်ခေါင်း ဦးဗလအား ပါးရိုက်သည့်အကြောင်း၊ ဦးလာဘ၏ ကူးတို့သမားသုံးယောက်နှင့် သမ္ဗန်သုံးစင်းကို ဂျပန်တွေခေါ်သွားသည်မှာ ယနေ့ထိ ရွာပြန်မရောက်သေးသည့် အကြောင်း။ ပြီးခဲ့သော သတင်းပတ်က ထော်ကလွတ်ရွာတွင် ဂျပန်စစ်သားများ ရမ်းကားသွားကြောင်း။ ဝက်တစ်ကောင် ကို ဂျပန်စစ်သားက ပစ်သတ်၍ ဝက်ပိုင်ရှင်က

ပြောဆိုတားမြစ်သဖြင့် ထိုသူအား ဖမ်းဆီး ခေါ်ဆောင်သွားပြီး နောက် မြစ်လယ်ရောက်သည့်အခါ ခြေကြိုးလက်ကြိုး တုတ်လျက် ရေထဲပစ်ချလိုက်ကြောင်း စသော မကောင်းသတင်းများ ချည်းဖြစ်လေသည်။

ပုလဲသည် လုပ်ကိုင်ပေးရင်းမှ ကပ္ပိယကြီး၏စကားများကို နားထောင် ရလေသည်။ သို့သော် အာရုံက စိုက်လိုက် မတ်တတ်တော့မဟုတ်။ နားတစ်ဖက် ဦးဖိုးစကား၊ နားတစ်ဖက်ကကျောင်းဝင်းပေါက်နှင့် ရွာတွင်းဆီသို့ အာရုံရောက် နေသည်။

ကပ္ပိယကြီးသည် အာရုဏ်ဆွမ်းအတွက် ချဉ်ရည်ဟင်းတစ်အိုးချက်သည်။ ပုစွန်ဆီပြန်တစ်ခွက် ချက်သည်။ ငါးသလောက်တစ်ကောင်၏ အလယ်ပိုင်းကို ဆီပူထိုးလေသည်။

"ခုန ဦးကြီးဖိုးပြောတဲ့ ဝက်ပိုင်ရှင်ဟာရေထဲပစ်ချလိုက်တော့ ပြန်ပေါ်လာသေး သလား။ "

ကန်စွန်းရွက်သင်နေသော ပုလဲကမေးသည်။

"တောက်တီးတောက်တဲ့ မိန်းခလေးရယ်။ ခြေနှစ်ဖက် လက်နှစ်ဖက် ကြိုးနဲ့တုတ်ထားမှဟာ ဘယ်နည်းနဲ့ပြန်ပေါ်တော့မှာလဲ။ အလောင်းတောင် ချက်ချင်းရှာမတွေ့ဘူးဟ။ ဟိုလွန်ခဲ့တဲ့လေး ငါး လလောက်က ကူးတို့သမား ညီပုသေတာနဲ့ ခပ်ဆင်ဆင်ပေါ့ ဟဲ့။ "

ကပ္ပိယကြီး၏ အနှောင့်အသွားမလွတ်သော စကားကြောင့် မောင်ညို့ မျက်နှာကို ပုလဲမြင်ယောင်မိပြန်သည်။ ကြံကြံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ဤစကား ဤအဖြစ်ကိုမှ ဦးကြီးဖိုး ခိုင်းနှိုင်းလေခြင်းဟု ပုလဲတွေးလိုက်သည်။

ကပ္ပိယကြီးသည် စကားကို ဖြတ်သည်။ ထိုင်ရာမှထသည်။ မီးဖိုဘေးတွင် နပ်ထားသော လက်ဖက်ရည်အိုးကို ယူလာသည်။ ပုလဲအနီးတွင်ချပေးသည်။

"မိန်းခလေး ရေနွေးကြမ်းသောက်ဦး" ဟုဆိုကာ သူကိုယ်တိုင်ပင် ပန်းကန်နှစ်လုံးထဲသို့ လက်ဖက်ရည်ကြမ်းကို ငှဲ့ထည့်ပေးသည်။

" မိန်းခလေး ညစာစားပြီးမှပြန်ဟဲ့။ ထမင်းတွေ ဟင်းတွေ အများကြီးဟ။ "

"ကျမ မစားပါဘူး ဦးဖိုးကြီးရယ်။ အိမ်မှာ မနက်က ချက်ပြုတ်ထားတဲ့ ထမင်းဟင်း တွေ ရှိပါတယ်။ "

"အို စားသွားဟဲ့စားသွား ငါနဲ့ဟိုကလေးနဲ့နှစ်ယောက်တည်း မကုန်နိုင်ဘူး။ အင်း နင့်မှာလဲ ဆွေမရှိ မျိုးမရှိ၊ ငါ့မှာလဲတစ်ယောက်တည်းပါပဲ မိန်းခလေးရယ်။"

ကပ္ပိယကြီးက ဆွေးဆွေးမြေ့မြေ့ ပြောသည်။ ကပ္ပိယကြီးသည် ပုလဲအပေါ် ဂရုဏာသက်မိသည်။ သည်မိန်းခလေးလည်း ငါ့လို ဥတစ်လုံးတစ်ကောင်ကြွက် ပါကလားဟု ကပ္ပိယကြီးကိုယ်ချင်းစာနာသည်။

" ဘဝ အကျိုးပေးပေါ့။ "

ပုလဲကပြောသည်။ သူမအသံက ဝမ်းနည်းသံလည်းမနော။ အားငယ်သံလည်း မစွက်။ လောကဓံကို ကြံ့ကြံ့ခံမည်ဟူသော တည်ငြိမ်သံဖြစ်လေသည်။

"အေးအေး ဒါလဲဟုတ်ပေသားပဲ။ မောင်ပဇင်းဟာ ဦးဖိုးကြီးတို့ မိန်းခလေး တို့လိုပဲ ။ ဆွေရယ်မျိုးရယ် မရှိရှာဘူး။ "

" ကျမတို့တစ်ရွာလုံး ဆရာတော့် အမျိုးတွေပေါ့ ဦးကြီးဖိုးရဲ့။ "

ကပ္ပိယကြီးသည် ရေနွေးကြမ်းတစ်ခွက်ကို သောက်သည်။ ပြီးနောက် စကားဆက်ပြန်သည်။

"မောင်ပဇင်းဟာ မိန်းခလေးတို့ ရွာသူရွာသားတွေအပေါ်မှာ အင်မတန် ဂရုဏာ ကြီးမားတယ်။ ခုလို ခေတ်ဆိုးကျပ်ကြီးထဲမှာ မြို့ပေါ်ကို ရွှေ့ပြောင်းပြီး သီတင်းသုံးရင် မကောင်းဘူးလား ဘုရားလို့ ဦးကြီးဖိုး လျှောက်တင်ကြည့် တယ်ကွဲ့။ "

" ဒီတော့ ဆရာတော်က ဘယ်လိုအမိန့်ရှိသလဲ ဦးကြီးဖိုး။ "

"ဒီလိုအပြုအမူမျိုးဟာ မသင့်တော်ဘူးတဲ့။ ဒကာဒကာမများက လှူဒါန်းထောက်ပံ့ တဲ့ ကွမ်းဆွမ်းစတဲ့ ပစ္စည်းလေးပါးကို ဘုန်းပေးသုံးဆောင်တယ်။ ဒီဒကာ ဒကာမတွေက ဆောင်လုပ်လှူဒါန်းထားတဲ့ ကျောင်းသင်္ကန်းရဲ့အရိပ်အာဝါသကို ခိုလှုံပြီး သီတင်းသုံးနေထိုင်တယ်။ ဒါပေမယ့် ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်တဲ့အခါမှာ ဒီဒကာ ဒကာမတွေနဲ့ ဒီရွာငယ်ကို စွန့်ပစ်ပြီး ထွက်ခွာသွားမယ်ဆိုရင် အဆွေခင်ပွန်းကောင်းတို့ရဲ့ အပြုအမူမမည်ဘူးတဲ့။ ရဟန်းနဲ့ လူဝတ်ကြောင်ပင်ဖြစ်ပေမယ့် ဒီလိုအပြုအမူကို မကျင့်ကြံအပ်ဘူးတဲ့။ နောက်တစ်ခုက မောင်ပဇင်းဟာ ဒီရွာ ဒီကျောင်းမှာပဲ တစ်သက်ပတ်လုံး သီတင်းသုံးသွားဖို့ သန္နိဋ္ဌာန်ချထားတယ်လို့ အမိန့်ရှိတယ်။ ဒါဟာ တစ်နည်းတော့ မိန်းခလေးတို့ရွာသူရွာသားတွေ ကံကောင်းတယ်လို့ ဆိုရမှာပေါ့။ "

ကပ္ပိယကြီးဦးဖိုး၏ စကားအသုံးအနှုန်းတွင် မိန်းခလေးတို့ရွာဟု ဆိုလေသည်။ မှန်သည်။ ကပ္ပိယကြီးသည် ပုလဲတို့စက္ကော့ရွာသားမဟုတ်။ အထက်အညာသား။ အိုးမဲ့အိမ်မဲ့ ခြေသလုံးအိမ်တိုင်သမား တစ်ယောက်ဖြစ်လေသည်။ အောက်ပြည်အောက်ရပ်သို့ ငွေရှာကြေးရှာရန် အညာလှေကြီးဖြင့် ပါလာရာမှ ညောင်တုန်းတွင် နာမကျန်းကာ စားရမဲ့နေရမဲ့ဖြစ်ခဲ့သည်။ ဤတွင် ဦးပဥ္ဇင်းက စက္ကော့ရွာကျောင်း၌ ကပ္ပိယအဖြစ်ကယ်တင်ခေါ်ဆောင်ထားခြင်းဖြစ်လေသည်။

"ဆရာတော်က ရွာပေါ်မှာ သံယောဇဉ်ရှိသလို ရွာကလဲဆရာတော့်အပေါ်မှာ သံယောဇဉ်ရှိတာပေါ့ ဦးကြီးဖိုးရယ်။ "

"အေးလ။ မှန်တာပေါ့ မိန်းခလေးရယ်။ ဦးကြီးဖိုးအနေနဲ့ပြောရမယ်ဆိုရင်လဲ ဦးကြီးဖိုး ခုလိုအသက်ရှင်နေတာဟာ မောင်ပဇင်းကျေးဇူးပဲ။ မောင်ပဇင်းဟာ အသက်အရွယ်ငယ်ပေမယ့် ပြဟ္မာစိုရ်တရားပြည့်ဝတယ်။ ဂျပန်စစ်သားတွေရွာကို လာတယ်ဆိုတာနဲ့ မောင်ပဇင်းဟာ မျက်နှာမသာယာတော့ဘူး။ "

သူတို့စကားပြောနေခိုက် ကျောင်းဝင်းအပြင်ခပ်လှမ်းလှမ်းမှ နွားငေါက်သံများ ကြားရလေသည်။ လူတစ်ဦး တစ်ယောက်၏ အော်ကြီးဟစ်ကျယ် အမိန့်ပေးသံ ကိုကြားရသည်။ လှည်းများသည် ကျောင်းအနောက်ဘက်မှ မောင်းနှင်လာခြင်း ဖြစ်သည်။ ကျောင်းဝင်း၏ အရှေ့ဘက်သည် ရေဝတီမြစ်ပြင်ဖြစ်သည်။ အနောက်ဘက်ခြမ်းသည် လှည်းသွားလမ်းဖြစ်သည်။ လှည်းလမ်းသည် ရွာသုသာန်ကိုကျော်ဖြတ်၍ ကျောင်းဝင်းအနောက်ဘက်ဘေးမှ ကပ်လျက် ရွာတွင်းသို့ ဝင်ရောက်ခြင်း ဖြစ်သည်။ ထိုမှနေ၍ ရွာလယ်ကူးတို့ဆိပ်သို့ သွားကြရမည့် လှည်းများဖြစ်သည်။

ပုလဲသည် ထိုင်ရာမှထလျက် နွားငေါက်သံကြားရာသို့လှမ်းမျှော်ကြည့်သည်။ နွားငေါက်သံ တဟဲ့ ဟဲ့သာမဟုတ်၊ လှည်းပဒေါင်းဝန်ရိုး၏ ပွတ်ကြိတ်သံများ ကိုလည်း တကျွီကျွီကြားရသည်။ ဝါးရုံတောများကွယ်နေ၍ လှည်းအုပ်မှ လှည်းအားလုံးကို မတွေ့ရသေး။ ပထမဆုံးတွေ့မြင်ရသည်မှာ လှည်းငါးစီး ဖြစ်သည်။ ထို့နောက် ငါးစီးကို ထပ်မံတွေ့ရသည်။ အားလုံးပေါင်းလှည်း ၁၀ စီးတိတိဖြစ်လေသည်။

လှည်းများသည် ဝါးရုံတောတန်းကို ကျော်လွန်လာသည်။ ကျောင်းဝင်းနှင့် တဖြည်းဖြည်းနီးကပ်လာသည်။ အမြင်ပို၍ထင်ရှားလာသည်။ ပုလဲစိတ်ထဲက လှည်းတွေကို တစ်စီးပြီးတစ်စီးရေတွက်ကြည့်သည်။ ရှေ့ဆုံးက လှည်းပေါ်တွင် ဂျပန်တို့၏နေတံဆိပ်အလံကို လွှင့်ထူထားသည်။ ထိုလှည်းပေါ်တွင် ရိုင်ဖယ် ကိုင်ထားသော ဂျပန်သုံးသောက်နှင့် ဆန်အိတ်ပိုင်းများကိုတွေ့ရသည်။ နောက်ကလှည်းပေါ်တွင် ပဲအိတ်များ၊ ယိုင်နှင့်ပတ်၍တင်လာသော ကန်စွန်းဥများ၊ ကြက်သွန်၊ ပြောင်းဖူး၊ ဗူးသီး၊ သခွားသီး၊ ရွှေဖရုံသီး စသည်များကို တွေ့ရသည်။ ရွာစဉ်လျှောက်၍ ဂျပန်များ သိမ်းယူလာသော ရိက္ခာပစ္စည်းများဖြစ်ဟန်တူသည်။

နောက်ဆုံးလှည်းပေါ်တွင် ဂျပန်စစ်သားနှစ်ယောက်နှင့် ဗမာတစ်ယောက် ပါသည်။ လှည်းသမားများအား အော်ဟစ်အမိန့်ပေးသူမှာထိုသူပင်ဖြစ်သည်။ ထိုသူသည် ပင်နီအပေါ်ဖုံးအင်္ကျီနှင့် အဖြူပေါ်တွင် အနက်အကွက်ကြဲပုဆိုးကို ဝတ်ထားသည်။ ပင်နီအင်္ကျီလက်မောင်းတစ်ဖက်ပေါ်တွင် ဂျပန်စာများပါသော

လက်ပတ်တစ်ခုကို ပတ်ထားသည်။ ခေါင်းတွင် ဂျပန်ဦးထုပ်ကို ဆောင်းထား သည်။ လက်ထဲတွင် ဝါးရင်းတုတ်တစ်ချောင်းကို ကိုင်ထားသည်။ လူဟန်မှာ ဂင်တိုတို မဲကျုတ်ကျုတ်။

" ဒင်းတို့ ဘယ်ရွာက ခါးပြတိုက်လာပြန်လဲ မသိဘူး "

ပုလဲနောက်တွင် ရပ်နေသော ကပ္ပိယကြီးကပြောသည်။ ကပ္ပိယကြီးသည် ပုလဲနည်းတူ လှည်းများကိုငေးမျှော်ကြည့်နေသည်။ လှည်းအုပ်နောက်ပိုင်းတွင် ဖုံလှိုင်းများသည် သဲသဲလိပ်လိပ် မှုန်မှိုင်းကျန်ရစ်သည်။

" အားလုံး ကူးတို့ဆိပ်ကိုမောင်းကြဟေ့။ "

နောက်ဆုံးလှည်းပေါ်မှ ဂင်တိုမဲကျုတ်က ရှေ့ဆုံးလှည်းသမားကြားအောင် အော်ဟစ်၍အမိန့်ပေးသည်။ ထိုသူပါလာသော လှည်းသည် ကျောင်းဝင်းပေါက် အနီးသို့ရောက်လာသည်။ ထိုသူသည် လှည်းပေါ်တွင် သူနှင့်အတူပါလာသော ဂျပန်စစ်သား၂ယောက်အား တစ်စုံတစ်ရာကိုပြောသည်။ ဘုန်းကြီးကျောင်း ရှိရာသို့ လက်ညှိုးထိုးပြသည်။ ဂျပန်စစ်သား ၂ယောက်က ခေါင်းညိတ်သည်။

" ဟေ့ လှည်းခဏရပ်ဦး "

ဂင်တိုမဲကျုတ်က လှည်းသမားကိုပြောသည်။ လှည်းသမားသည် နွားကြိုးကိုဆွဲလျက် စုတ်သတ်ကာလှည်းကို ရပ်ပေးသည်။ ရှေ့ကလှည်းများမှာ ဆက်လက်၍ မောင်းနှင်သွားကြသည်။

ဂျပန်တံဆိပ်လက်ပတ်နှင့်ဖြစ်သော ဗမာသည်လှည်းနောက်မြီးမှ အောက်သို့ ခုန်ဆင်းလိုက်သည်။ ထိုသူသည် ရေးကြီးသုတ်ပျာနှင့် ကျောင်းဝင်းပေါက်ရှိရာသို့ လျှောက်လာသည်။ ကျောင်းဝင်းထဲသို့ ဝင်ရောက်သည်။ ဇရပ်ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်လာသည်။

" ဒီကောင် ဘာလာရှုပ်ဦးမယ် မသိဘူး "

ကပ္ပိယကြီးကရေရွတ်သည်။ ပုလဲနောက်တွင်ရပ်နေရာမှ ဇရပ်ရှေ့ပိုင်းသို့ ခြေလှမ်းကျဲကျဲ ထွက်ခွာသွားသည်။ ဇရပ်ပေါ်သို့ တတ်ရောက်လာသော ထိုမဲမဲကျုတ်ကျုတ်သတ္တဝါနှင့် ရင်ဆိုင်လိုက်သည်။

" ဗျို့ အဖိုးကြီး "

ကပ္ပိယကြီးဦးဖိုးနှင့် ရင်ဆိုင်မိသည့်အခါ ထိုသတ္တဝါခြေလှမ်းရပ်သည်။ ပုလဲသည် ထိုအဖြစ်ကို ငေးကြည့်နေသည်။ ကပ္ပိယကြီးသည် မတုန်မလှုပ်ဖြင့် သတ္တဝါအား မျက်မှောင်ကျုံ့ကြည့်သည်။

"ဘာစားစရာရှိလဲဗျို့။ ငှက်ပျောသီးတို့၊ ကောင်ညှင်းထုပ်တို့၊ မြေပဲယိုတို့ မရှိဘူးလား။ "

ထိုသူက ကပ္ပိယကြီးဦးဖိုးအား ပိုင်စိုးပိုင်နင်း မေးသည်။ ထိုသူသည် တံဆိပ်လက်ပတ်ပတ်ထားသော လက်ကိုခါးပေါ်သို့ ထောက်လိုက်သည်။ လူဟန်က ညစ်ကျယ်ကျယ်။

" မရှိဘူးမောင်ရင် ။ ဘာဆိုဘာမှ မရှိဘူး။ "

"တစ်ခုခုတော့ ရှိရမှာပေါ့ဗျ။ ဘာရှိလဲ။ ပေါက်ပေါက်ဆုပ်ရှိလား။ ထန်းလျက် မြူဆုပ်ရှိလား။ ဂျပန်မာစတာတွေ တစ်နေ့လုံး ဘာမှမစားခဲ့ရလို့။ လုပ်စမ်းပျာ ခပ်မြန်မြန်။ "

" အို မရှိပါဘူးဆိုမှ မောင်ရင့်နှယ် တယ်ခက်ပါကလား။ "

" ကဲ ဒီလိုဆို ကျုပ်ကိုယ်တိုင် ကျက်သရေခန်းထဲ ဝင်ရှာမယ် ဟုတ်လား "

ထိုသူသည် သူ့ရှေ့မှ ကာဆီးထားသော ကပ္ပိယကြီးဦးဖိုးအားရှောင်ကွင်းကာ ကျက်သရေခန်းရှိရာသို့ သွားမည့်ဟန်ပြုသည်။

"ဘာမှမရှိဘူး မောင်ရင်။ ဘာဆိုဘာတစ်ခုမှ မရှိဘူး။ ရှိတဲ့စားစရာ သောက်စရာဟာ ဆရာတော့်အတွက် ရွာကလှူထားတာ။ မောင်ရင်တို့ ဂျပန်တွေအတွက်လှူထားတာမှုတ်ဖူး။ "

ထိုသူသည် ကပ္ပိယကြီးဦးဖိုးအား ထိုးတော့ကြိတ်တော့မည့်ဟန်ပြုသည်။

ပုလဲသည်ကပ္ပိယကြီးဦးဖိုး၏ နောက်ပါးသို့ခပ်သွက်သွက် လျှောက်လာသည်။ ဦးဖိုးနှင့် နှစ်တောင် သုံးတောင်လောက်တွင် ရပ်သည်။ ထိုသူ၏မျက်ခွက်ကို စူးစူးစိုက်စိုက်ပုလဲကြည့်သည်။

ထိုသူကိုယ်တိုင်မှာလည်း ပုလဲကိုခုမှမြင်သွားဟန်တူသည်။ ပုလဲလက်မှ ထင်းခွဲဓါးမကြီးကို လှမ်းကြည့်သည်။ လှမ်းတော့မည့်ခြေနှင့် တစ်စုံတစ်ရာ လှုပ်ရှားတော့မည့် အသွင်ကိုရုတ်သိမ်းသည်။ သို့ရာတွင် သူ့အမူအရာက မကျေနပ်။ မျက်နှာထားတင်းတင်း မျက်ထောင့်နီနီ။

"အင်း ကောင်းပြီလေ။ မနက်ဖြန်တော့ ကျုပ်တို့ဒီရွာကို လာဦးမှာပဲ။ ကျုပ်နံမည် က ဘဖြိုးတဲ့။ ဂျပန်စစ်ရုံးက မာစတာတွေကို ရီးတီးယားတားလုပ်ရင် အဖိုးကြီး ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမယ်။ နားလည်လား။ ”

ဘဖြိုးသည် ပြောပြောဆိုဆိုပင် ထိုနေရာမှ လှည့်ထွက်သွားသည်။ ဇရပ်ပေါ်မှ အပြေးအလွှား ဆင်းသက်သွားလေသည်။

" လူပုံပန်းက တော်တော် ယုတ်မာပုံမျိုး။ ကျမ သူ့ကိုမြင်ဖူးသလိုလိုရှိတယ်။ ”

"ဟုတ်တာပေါ့ မိန်းခလေးရဲ့။ မိန်းခလေးဒီကောင်ကို မြင်ဖူးမယ်ပေါ့။ အရင်တုန်းက ပုလိပ်သတင်းပေး။ ခုတော့ ဂျပန့်ဘက်သား။ ချောင်းကြီးရွာသား ဘဖြိုးဆိုတာ ဒီကောင်ပေါ့ မိန်းခလေးရဲ့။ တစ်လောတုန်းက ဇရပ်ပေါ်တက် လာပြီး ငှက်ပျောသီးတွေ အုန်းသီးတွေယူသွားပါပကောလား ဖွီ။ ”

ကပ္ပိယကြီးက ရေရွတ်သည်။ သူတို့နှစ်ဦးသည် ကျောင်းဝင်းအပြင်သို့ မျှော်ကြည့်လိုက်ကြသည်။

ဘဖြိုးလက်ထဲတွင် ဘာတစ်ခုမျှ ပါမလာကြောင်း သိရသည့်အခါ ဂျပန်နှစ်ယောက်က ရပ်တန့်ထားသောလှည်းကို ရှေ့လှည်းများနောက်သို့ မောင်းနှင်လိုက်စေသည်။ ဘဖြိုးသည် မောင်းထွက်သွားသော လှည်းနောက်သို့ ဟပ်ထိုးလဲမတတ်အပြေးအလွှားလိုက်ရလေသည်။

(၁၆)

နေလုံးပျောက်လုနီးလေပြီ။ ဇရပ်တောင်ဘက်ရှိ လက်ပံပင်တွင် ဆက်ရက်သံ ဖြင့်စီစီညံနေသည်။ ကျောင်းနောက်ဖက် ချောင်းဦးတိုရှိရာချုံပုတ် များနှင့် ဖျိုက်တောများအတွင်းမှ ဗုတ်မြည်သံကိုလည်းကြားရသည်။ ပုလဲသည် ဇရပ်နောက်ဆောင်မှနေလျက် မြစ်တွင်းသို့ မျှော်ကြည့်လေသည်။

နေဝင်ချိန်နီးပြီဖြစ်၍ ပိုက်သိမ်းတတ်လာသော တံငါတို့၏လှေငယ်ကလေး များကို ပုလဲမြင်ရသည်။ နဒီကြောတွင်ပိုက်လှေကလေးများသည် နှစ်စင်းတစ်တွဲ သုံးစင်းတစ်တွဲ လေးစင်းတစ်တွဲ ငါးစင်းတစ်သိုက် ရွာဆီသို့ဦးတိုက်လျက် တအိအိ လှော်ခတ်လာသည်။ သောင်ခြေကမ်းရိပ်နှင့် သစ်ညွှန့်သစ်ခက်တို့တွင် ပတ္တမြားသွေးရောင် ဝင်းဝင်းစို့က အပြောက်အမွမ်းထင်ဟပ်နေသည်။ မြစ်ပြင်မှ လေသည် ဇရပ်နောက်ပိုင်းသို့ တဖြူးဖြူးဝင်ရောက်လာသည်။

အင်း။ ပိုက်လှေတွေတောင် တတ်လာကြမှကိုး။ ပုလဲ နှုတ်ဖျားမှ တီးတိုး ဆိုမိသည်။ ထိုအမြင်ကြောင့် ပုလဲတွင်စိတ်မောရပြန်သည်။ သူမ၏ဖခင် သည် ဤသူတွေလိုပင် တံငါသည်ကြီးတစ်ယောက်

မဟုတ်ပါလား။ ထိုအခါ အဖေ့ကိုပုလဲသတိရမိသည်။ အဖေမှဆက်နွယ်လျက် အမေ့ကိုပုလဲသတိရသည်။ ပြီးနောက် အထီးကျန်သော သူမ၏ဘဝ။

အိုလေ ဒီလိုစိတ်မကောင်းစရာတွေတွေးပြီး တဆွေးဆွေး တမြေ့မြေ့ ဖြစ်နေတာ မကောင်းပါဘူး။ ပုလဲ ပင့်သက်ရှိုက်သည်။ ပြီးသော် ရွာဘက်သို့ မျက်နှာမူသည်။ ရွာလမ်းကိုကြည့်သည်။ နားစွင့်သည်။ ဂျပန်တွေပြန်လေပလား။ ပုလိပ်တွေ သွားလေပလား။ အခြေအနေအရပ်ရပ်ကို သူမကကြည့်ရှုရလေသည်။

" ခုလောက်ဆိုရင် ဂျပန်တွေ ရှိမယ်မထင်တော့ဘူး မိန်းခလေး "

ဦးဖိုးကသူမ၏အခြေအနေကို အကဲခတ်သလိုကြည့်ရာမှ ပြောလေသည်။

" ဟုတ်ကဲ့ဦးကြီးဖိုး "

ပုလဲကပြန်ပြောသည်။

သို့တိုင်သူမသည် နေရာမှ မရွေ့ရှားသေး။ ငေးမြဲ ငိုင်မြဲ ရှိနေသည်။ သူမစိတ်ထဲတွင် ရွာထဲသို့ ပြန်ရမှာကိုပင်ကြောက်သလိုလို ရွံ့သလိုလိုဖြစ် နေသည်။ ဌာနာအုပ်ဆိုသူနှင့်ပင် တွေ့လေဦးမှာလား။ ဂျပန်တွေနှင့်ပင် ရင်ဆိုင်ရဦးမှာလား။ တကယ်ဆိုတော့ သူမကရွာထဲမပြန်ချင်။ နေလို့ထိုင်လို့ ဖြစ်မည်ဆိုလျှင် ဤနေရာ ဤကျောင်းဝင်းအတွင်း၌သာ တစ်သက်ပတ်လုံး နေလိုက်ချင်သည်။

"ခုလိုပေါ့ မိန်းခလေးရယ်။ ဂျပန်တွေလာရင်တော့ ကျောင်းထဲကို အရောက်ပြေးခဲ့ပေါ့။ ကြားလားမိန်းခလေး"

ကပ္ပိယကြီး ကလှမ်းပြောနေပြန်သည်။

" ဟုတ်ကဲ့ "

"ညဘက်အချိန်မတော်ဆိုလဲပြေးသာပြေးခဲ့။ ဦးကြီးဖိုးကို အားမနာနဲ့။ မိန်းခလေးမှာက အားကိုးအားထားရယ်လို့ ရှိတာမဟုတ်ဘူး။ "

" ဟုတ်ကဲ့ "

"ရတနာ မြတ်သုံးပါးရဲ့အရိပ်အာဝါသနဲ့ကျောင်းကန်ဘုရားတန်ဆောင်းဆိုတာဟာ ဦးကြီးဖိုးတို့လို မိန်းခလေးတို့လို အားကိုးရာမဲ့ မှီခိုရာမဲ့တဲ့ ဒုက္ခသည်တွေအဖို့ ခဏတဖြုတ်ဖြစ်ဖြစ်၊ အမြဲတမ်းပဲဖြစ်ဖြစ် အားထားရတဲ့နေရာပေါ့ကွယ်။"

ကပ္ပိယကြီးသည် ပုလဲအား အတန်ကြာငေးစိုက်ကြည့်သည်။ တောက်ပ ထွန်းသစ်မှုကင်းသော အဖိုးအို၏မျက်လုံးသည် ဝမ်းနည်းရိပ်ယှက်သန်း နေသည်။ အဖိုးအိုသည် သူ့ဘဝနှင့် ပုလဲ၏အဖြစ်ကို ထပ်တူထပ်မျှစဉ်းစား ဟန်တူသည်။

"ဦးကြီးဖိုးကတော့ ကိုယ့်ဘဝကိုယ် ဖြစ်ချင်ရာဖြစ် နစ်ချင်ရာနစ်ပဲ သဘောထား တော့တယ်။ အင်းလေ ဒါပေမယ့် မိန်းခလေးကတော့ ငယ်ရွယ်နုနယ် ပါသေးတယ်။ "

ကပ္ပိယကြီး၏စကားနှင့် ကပ္ပိယကြီးဟန်ပန်လေသံကြောင့် ပုလဲပို၍ဝမ်းနည်း ရသည်။ ဤနေရာတွင် တာရှည်နေပါက ငိုမိတော့မှာပဲဟု သူမကထင်သည်။

" ကျမ သွား သွားတော့မယ် ဦးကြီးဖိုး "

ပြောပြောဆိုဆို ပုလဲ လှုပ်ရှားလိုက်သည်။

" အေး အေး သွားတော့ သွားတော့ မိန်းခလေး "

ဇရပ်နောက်ပိုင်းမှ ပုလဲဆင်းသက်ခဲ့သည်။ ယခင်အခါများကလည်း သည်လိုပဲ ဖြစ်သည်။ ကျောင်းမှနေ၍ ရွာထဲပြန်လျှင် တန်းတန်းမတ်မတ် ဖောက်လုပ် ထားသော လမ်းမှမပြန်။ ဇရပ်နောက်ပိုင်း

ဝါးရုံတောများရှိရာမှ မြစ်ဖက်သို့ ချိုးဆင်းမြဲဖြစ်သည်။ ရွာထဲတွင် ဂျပန်တွေရှိနေဦးမည်ဆိုက ရုတ်တရက်သူမကို မတွေ့နိုင်။ အကယ်၍ ရွာထဲတွင် ဂျပန်တွေရှိနေလျှင် တံငါလှေငယ်များ၏ အရိပ်အခြေကိုကြည့်နိုင်သည်။ သောင်ခြေတွင် တံငါလှေတစ်စင်းမျှ မကပ် မဆိုက်သော် ရွာထဲတွင်ဂျပန်တွေ ရှိနေသောကြောင့်ဖြစ်သည်။

ဇရပ်ပေါ်မှဆင်းသက်လာသော ပုလဲသည် ဝါးရုံတောများအတွင်းမှ ဖြတ်သန်းလျက် ကမ်းပါးထိပ်ရှိရာသို့ဆက်လက်လျှောက်ခဲ့သည်။ ကမ်းပါးအဆင်း လမ်းသည် အတတ်ရခက်ခဲသော်လည်း အဆင်းဆိုလျှင် သိပ်မခဲယဉ်းလှ။ ဒါပေမယ့် သတိတော့ထားရသည်။ ချုံနွယ်သစ်ကိုင်းတစ်ခုကို ဆုပ်ကိုင်ထားလျှင် ဘာမျှမပူရတော့။

ဝါးရုံတောများဆုံးသည့်အခါ ကမ်းပါးထိပ်တွင် ပုလဲရပ်လိုက်သည်။

ထိုနေရာကလေးပို၍တိုက်သည်။ မြစ်ပြင်တစ်ခုလုံးကို လွှမ်းခြုံမြင်နိုင်သည်။ ရွာလယ်သောင်စွန်း၏ တစ်စိတ်တစ်ပိုင်းကိုလည်း မြင်ရသည်။ သောင်စွန်း တစ်နေရာတွင် တံငါလှေသုံးလေးစင်းကို တွေ့ရသည်။ သို့ဆိုလျှင် ဂျပန်တွေ မရှိတော့ကြောင်း ထင်ရှားသည်။

" မိန်းခလေး ရွာထဲ မပြန်ရသေးဘဲကို "

အသံကြားရာသို့ ဖျက်ကနဲပုလဲကြည့်လိုက်သည်။ ဝါးရုံတောများအတွင်းမှ ထွက်ကြွလာသော ဦးပဥ္စင်းအားပုလဲတွေ့လိုက်ရသည်။

" တပည့်တော်မ ခုဘဲပြန်တော့မလို့ပါ ဘုရား။ "

အမျိုးသမီးသည် ရပ်နေရင်းမှ လက်အုပ်ချီသည်။ သူမကိုယ်ကို ကျဉ်းကျဉ်းကြုံ့ကြုံ့ပြုသည်။

ရဟန်းတော်သည် ပုလဲနှင့် နှစ်လံအကွာလောက်တွင်ရပ်သည်။ မြစ်ပြင်မှ လှော်ခတ်တက်လာသော တံငါလှေငယ်များကို မျှော်ကြည့်သည်။ လှေငယ်ပေါ်မှ တံငါသည်များကလည်း ဦးပဥ္စင်းနှင့်ပုလဲအား လှမ်းကြည့်ကြသည်။ ကမ်းပါးအမြင့်ထက်တွင် ဖြစ်သောကြောင့် ထင်ထင်ရှားရှားရှိလှသည်။

" မိန်းခလေး နေမှုထိုင်မှု အဆင်ပြေရဲ့လား "

" မှန်လှပါ့ အရင်ကထက်တော့ ပိုမဆိုးပါဘူး ဘုရား ။ "

"အင်း အင်း။ တော်သေးတာပေါ့လေ။ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို မပြတ်မလပ် သတိချပ်ရမယ်။ မာန်မာနကို နှိမ့်ချပြီး လူတွေအပေါ်မှာ တတ်နိုင် သလောက် မေတ္တာတရားထားရမယ်။ ရွာသူရွာသားအများနဲ့လဲ သင်တင့် ညီညွတ်အောင်ပေါင်းသင်း ဆက်ဆံပေါ့လေ။ "

အတန်ကြာသော် စကားပြတ်သွားသည်။ ပုလဲသည် ခေါင်းငုံ့နေရာမှ မော့ကြည့်သည်။ ရဟန်းတော်သည် မူလနေရာ၌မရှိတော့။ တစ်ဖက် ဝါးရုံတောများအတွင်းသို့ ဝင်ရောက်လျက် ပျောက်ကွယ်သွားလေသည်။

ကမ်းပါးအောက်ခြေကမ်းစပ်သို့ ပုလဲရောက်သည့်အခါ တံငါလှေငယ်တစ်ချို့ မှာလည်း ကမ်းခြေနှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် ရောက်နေကြလေသည်။

" ဂျပန်တွေ ရောက်နေပြန်ပလား ပုလဲရေ့ ။ "

လှေငယ်ပေါ်မှ ဖိုးလုံးက သူမကိုလှမ်းမေးသည်။

"စောစောကတော့ ရောက်နေတယ်။ ခုဆိုပြန်ရောက်ပေါ့။ ဟိုသောင်စွန်းမှာ လှေသုံးစင်းလေးစင်း တွေ့နေရသားပဲ။ "

ပုလဲရော တံငါလှေသမားများအားလုံးပင် သောင်စွန်းရှိရာသို့ မျှော်ကြည့် ကြပြန်သည်။ ယခုတစ်ကြိမ်မြင်ရသည်မှာ အဓိပ္ပာယ်ပို၍ရှင်းသည်။ တံငါလှေငယ် များရှိရာမှ ပုဆိုးတစ်ထည်ကို

ဝါးလုံးအဖျားတွင် ချည်နှောင်ကာ အလံသဖွယ် စိုက်ထူထားသည်။ ဘေးရန်မရှိဟူသော အဓိပ္ပာယ်ဖြစ်သည်။

" တော်တော်များသလားဟ ပုလဲ "

လှေငယ်တစ်စင်းပေါ်မှ သာဖန်ကမေးပြန်လေသည်။

" အစိပ် သုံးဆယ်လောက် ရှိမယ်တဲ့။ "

" ရှိမယ် ဟုတ်လား။ နင်ကိုယ်တိုင် တွေ့ခဲ့တာ မှတ်ဖူးလား ဟ "

သာဖန်က လှေငယ်ကိုတစ်ချက်ချင်းမှန်မှန်လှော်ရင်း မေးပြန်သည်။

" ဦးကြီးဖိုး အပြောဘဲ "

ပုလဲကလည်းကမ်းပေါ်မှ ခြေလှမ်းမှန်မှန်လျှောက်ရင်း ပြောသည်။ သို့သော် သူမကစကားစမြန်မြန် ပြတ်စေချင်သည်။ လူချင်းလည်း ခပ်မြန်မြန် ဝေးသွားစေချင်သည်။ သို့ရာတွင်တစ်ခုခက်နေသည်မှာ သူမကိုယ်တိုင် ကလည်း တာရိုးပေါ်တက်ရောက်နိုင်သည့် လမ်းစရှိရာသို့ မရောက်သေး။ တံငါလှေသမား ကာလသားများကလည်း သူတို့၏လှေငယ်များကို မြစ်လယ်သို့လှော်မထွက်သေး ခြင်းပင် ဖြစ်လေသည်။ ပြီးလျှင် လှေသွားနှင့် လူသွားမှာ တပြေးညီဖြစ်နေသည်။

" ဘာဟ။ ကပ္ပိယကြီးဦးဖိုးကပြောတာ ဟုတ်လား။ သြော် ဟယ် ငါတို့ထင်တာက နင်ကိုယ်တိုင်များ တွေ့ခဲ့သလားလို့။ "

လှေငယ်တစ်စင်းပေါ်မှ ကာလသားခေါင်း စံတုတ်ကပြောသည်။

ပုလဲနောက်ထပ်စကားမဆက်တော့။ ခြေလှမ်းကိုသွက်သွက်လျှောက်သည်။ လှေသမားများကလည်း အတန်ငယ်သွက်လှော်သည်။

သို့ရာတွင် သူတို့အားလုံး ငြိမ်ဆိတ်လာကြသည်တော့မဟုတ်။ တံငါလှေသမား များတွင် စံတုတ်မှလွဲ၍ ကျန်သူများအားလုံး တစ်ယောက်တစ်ပေါက်ဖြင့် ဂျပန်တွေ အကြောင်း ပြောလာကြသည်။ စံတုတ်တစ်ယောက်သာ တစ်စုံတစ်ရာ ကို နှုတ်ဆိတ်ကာ တွေးတောလာသည်။

ခုတလော ဒီကောင်မလေးဟာ ကျောင်းထဲက ထွက်ထွက်လာတာ မကြာမကြာတွေ့ရတယ်။ သူ့အပြောကတော့ ဂျပန်တွေလာလို့ လို့ပြောတာ ဘဲလေ။ နောက်ပြီးရွာထဲပြန်ရင်လဲ ဘယ်တော့မှ လမ်းရိုးရိုးကမပြန်ဘူး။ ဒီကမ်းပါးအမြင့်ကြီးကမှနေပြန်တယ်။ ဒီကောင်မလေး ရိုးရိုးမှဟုတ်ရဲ့လား။

စံတုတ်သည် အတွေးတောတစ်ခုဖြင့် ပုလဲရှိရာကမ်းခြေသို့လှမ်းကြည့်သည်။

ပုလဲဟာ လုံးကြီးပေါက်လှဘဲ။ ခုဆိုရင်ပိုပြီးတောင် ဝလာသလားဘဲ။ နောက်ပြီး ဒီကောင်မလေးဟာ စျေးဦးကျွန်းကိုပိုက်တွေသွားရောင်းတုန်းက ညို့သမွန်ပေါ် မှာ ကျောင်းထိုင်ဆရာတော်နဲ့အတူ ပါသွားတယ်။ အို ဒါတွေဟာ မတွေးကောင်း ပါဘူးလေ။ သူ့စိတ်သူ စံတုတ်ဆုံးမသည်။ သို့သော် အစဖော်မိသော အတွေးကြောင်းသည် သူကဖြတ်ပစ်သည့်တိုင် အလွယ်ကလေး ပြတ်မသွား။ ဟိုနှယ့်ဒီနှယ့် အတွေးနယ်ကျယ်လာသည်။ မောင်ညို သပိတ်သွတ်ညက လှကွန့်ပြောသွားသော စကားများကို စံတုတ်အမှတ်ရမိပြန်သည်။

ပုလဲကိုယ်တိုင်ကလည်း စံတုတ်လိုပင် အတွေးကောင်းလာသည်။ သူ့ရှေ့ဆက်၍ သည်အတိုင်းနေသွားလို့ မဖြစ်တော့ဟု ပုလဲယူဆမိသည်။ နေ့အချိန်များမှာထက် ညအချိန်များတွင်ပို၍ အရေးကြီးသည်။ ညဘက်တွင် ဂျပန်တွေမလာဘူး မပြောနိုင်။ ပုလိပ်တွေမလာဘူး မယူဆနိုင်။ နေ့ဘက်တွင် လွတ်ရာလွတ်ကြောင်း ပြေးနိုင်သော်လည်း ညဘက်တွင် ပြေးဖို့မလွယ်ကူ။ အကယ်၍ အိပ်ပျော် နေပျော်တွင် ဌာနာပိုင် လူမသမာကောင်ပေါက်လာခဲ့သော် ခက်ရချည့်ရဲ့။

အစဉ်သော် သူမက စိတ်ကြည်တို့အိမ်ဘက် ပြောင်းအိပ်ရကောင်းမလား။ မိဖျိုင်းတို့အိမ်ဘက် ပြောင်းအိပ်ရကောင်းမလား တွေးသည်။ ဤအတွေးများ အတွင်းကပင် တစ်စုံတစ်ယောက်၏မျက်နှာကို

ပုလဲ ကွက်ကနဲမြင်မိသည်။ ထိုအမြင်ကိုပင် ဖမ်းဆီးဆုပ်ကိုင်လိုက်သည်။ ထိုအတိုင်း စိတ်ဆုံးဖြတ်လိုက်သည်။

မကြာမီ ရွာတောင်ဖျားအစွန်ဆုံး အိမ်ငယ်များရှိရာသို့ ရောက်လာသည်။ သူမသည် ကမ်းခြေမှတာရိုးလမ်းဘက်သို့ ချိုးတက်မည်ပြုသည်။ ထိုအခိုက် လှေငယ်ပေါ်မှ ဖိုးလုံးကလှမ်းအော်သည်။

"ပုလဲရေ စိန်ကြည်ကိုပြောလိုက်စမ်းပါဟေ့။ တောင်းတစ်လုံးယူပြီး ရွာလယ်ဆိပ် လာခဲ့လို့ "

" အေး အေး ပြောလိုက်မယ်။ ပြောလိုက်မယ် ။ "

သူမသည်ဖိုးလုံးကိုပြန်အော်ပြောရင်း တာရိုးကလေးရှိရာသို့ တက်ရောက် ခဲ့သည်။ နေအိမ်ရှိရာသို့ မသွားသေးဘဲ စိန်ကြည်တို့အိမ်ဘက်သို့ ခြေဦးလှည့် ရသည်။ လူကြုံပါးစကားကိုပြောရဦးမည်။ ပြီးသော် စိန်ကြည့်အမေ အရီးဥမှ ဆက်သွယ်လျက် ဒေါ်မှုန်ကို ပုလဲတွေ့ချင်သည်။ ဒေါ်မှုန်နှင့်တွေ့ရလျှင် သူမ ဆန္ဒပြည့်ဝလေမည်လား။

## (၁၇)

"မမှုန်ကြီးရယ်။ ဒီမိန်းခလေးနဲ့အတူနေလို့ဖြစ်ရင် သွားနေလိုက်ပါဟယ်။ ညည်းမလဲ ဟိုအိမ်လိုလို ဒီအိမ်လိုလို ရှောက်နေမယ့် အစားတော့ တစ်နေရာထဲ တစ်အိမ်ထဲ စွဲစွဲမြဲမြဲ နေသွားရင်မကောင်းပါလားအေ့ "

စိန်ကြည့်အမေ ဒေါ်ဥ က ဒေါ်မှုန်ကိုပြောသည်။

ဒေါ်မှုန်ဆိုသည်မှာ စက္ကော့ရွာငယ်တွင် လင်မရှိ၊ သားမရှိ၊ ဆွေမရှိ၊ မျိုးမရှိ၊ ခြေသလုံးအိမ်တိုင်ပြုနေသူ မိန်းမကြီးတစ်ယောက်ဖြစ်သည်။ သူ့အလုပ်က မနက်လင်းလျှင် ငါးဖန်းတစ်ချပ်နှင့် ထော်ကလွတ်ရွာ၊ ကျီးကန်းသိုက်ရွာ စသည်များသို့ ငါးပုဇွန် လှည့်လည်ရောင်းချသည်။ ပြီးလျှင် စက္ကော့ရွာ ကြုံရာအိမ်တွင်စားသည်။ ကြုံရာအိမ်တွင် အိပ်သည်။

ကြုံရာစား ကြုံရာအိပ်ဆိုသောလည်း ယင်းအိမ်များသည် ဒေါ်မှုန့် စိတ်ကြိုက် ကိုလိုက်ရသည်။ ဒေါ်မှုန်မကြိုက်တာ မပြောရဲကြ။ ဒေါ်မှုန်သည် ဘာမဟုတ်တာ နှင့် စိတ်ကောက်တတ်သည်။ သူ့စိတ်နှင့်အခန့်မသင့်လျှင် တစ်မိနစ်အတွင်း အခြားတစ်အိမ်အိမ်သို့ ပြောင်းရွှေ့သွားတတ်သော မိန်းမကြီး ဖြစ်သည်။

"ငါ့ကိုများ အဖော်လုပ်နေရဦးမလားဟဲ့။ နင့်ရုပ်နင့်ရေနဲ့များ လင်တစ်ယောက် ခေါင်းခေါက်ယူလိုက်စမ်းပါဟဲ့ ။ "

ဒေါ်မှုန်က ပုလဲကိုစိုက်ကြည့်သည်။ ပြောင်သလိုလို အတည်ပေါက်လိုလို ပြောသည်။

ပုလဲဘာမှပြန်မပြော။ မချိသွားဖြဲ ပြုံးသည်။ ဒေါ်မှုန့်အကြောင်း ဒေါ်မှုန့်စရိုက်ကို ပုလဲနားလည်သည်။ တစ်ရွာတည်းအတူနေ မဟုတ်လား။ ဒီမိန်းမကြီးက ရွာကျော်၊ ရပ်ကျော်၊ ဖွတ်တရွတ်ကြီး။ သူမကြိုက်တာပြောမိလျှင် ခုကပင် ခွာပြဲလိမ့်မည်ဟု ပုလဲတွေးမိသည်။

" အပေါ်ပြောတာအော့။ ညည်းလိုများ ရုပ်ချော ရုပ်လှမိန်းခလေးဆိုရင် ဒင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ခေါင်းခေါက်ယူပြမယ်။ တကယ်ပါ။ တကယ် တကယ် "

ဒေါ်မှုန်က ဆိုပြန်သည်။

ပုလဲသည် ခုချိန်ထိ စကားတစ်လုံးမပြော။ ပြုံးမဲ့ ပြုံး၊ ငြိမ်မဲ့ ငြိမ်နေသည်။ စိတ်ထဲကတော့ အတော်ပင်မရိုလှ။ ပွင့်ပွင့်လင်းလင်းရှိစတမ်းဆိုလျှင် ဒေါ်မှုန်ကို လွှင့်စင်ထွက်သွားအောင် သူမက အော်ဟစ်ပစ်လိုက်ချင်သည်။ ဘုရား၊ ဘုရား ဒီမိန်းမကြီးသည်းညည်းကို တာရှည်မှခံနိုင်ပါမလား။ သူ့အရွယ် ဝဋ္ဋိကြီးနဲ့များ လင်စကားသားစကားပြောရသေးဟု ပုလဲတွေးလေသည်။

ဒေါ်မှုန်သည် ခုလို ပေါက်ကရလေးဆယ်စကားများကို ပြောတတ်သည်။ ဒီစကားမျိုး အလျင်မပြတ် ပြောနေရလျှင် ထမင်းမှန်းဟင်းမှန်း ဒေါ်မှုန်မသိ။ ဆွေမေ့ မျိုးမေ့ ဖြစ်သည်။ စိတ်လွတ်ကိုယ်လွတ် ဒေါ်မှုန်နေတတ်သည်။ ဒါက သူ့အကျင့် သူ့ဝသီ။ တစ်ရွာလုံးက လေးစားနေသော သူကြီးဦးမောင်ကြီးကိုပင် နှုတ်လှန်ထိုးတတ်သည်။ ဒေါ်မှုန်ခံအော်တတ်လေသည်။

"ကဲပါ မရွှေမှုန်ရယ် မရွှေမှုန် လင်ကြောင်း သားကြောင်းတွေအသာဖယ်ထား စမ်းပါဦး။ ရော့ ရော့ ဆေးလိပ်သောက်ဦး။ "

စိန်ကြည့်အမေဒေါ်ဥ က ဒေါ်မှုန့်ဘက်သို့ ပြောင်းဖက်ဆေးလိပ်ကြီးကို ထိုးပေးသည်။ သည်လိုထိုးပေးရင်း ဒေါ်မှုန့်အရိပ်အခြေကို ဒေါ်ဥ အကဲခတ် ရသည်။ ဒေါ်မှုန့်ကိုဖွတ်ပြောမရ။ သူ့သဘော လိုက်လျောညီထွေပြောမှဖြစ်မည်ဟု ဒေါ်ဥ နားလည်လေသည်။

"ဟုတ်တယ်လေ ကျုမက အကောင်းပြောတာ။ သမီးကညာအခါမလင့်စေရဆို မဟုတ်လား။ ပန်းများဟာ မပြိုးခင်ရောင်းမှ ဈေးကောင်းရတာမျိုး။ အရီးဥလဲ ပျိုရာကအိုလာတာပဲ။ မိန်းခလေးဟာ အရွယ်ကောင်းတုန်း ရုပ်ကလေးမကျခင် အိမ်ထောင်ပြုပေးမှ။ အရွယ်ဟိုင်းလို့ ဇရာပိုင်းရောက်တော့ ဘယ်သတ္တဝါကမှ အနားမကပ်ချင်ဘူး။ "

ဒေါ်မှုန်သည် ဒေါ်ဥပေးသောဆေးလိပ်ကို လှမ်းယူသည်။ သို့တိုင် ဆေးလိပ်အပေါ်အာရုံမရောက်သေး။ သူပြောချင်သည့်စကားကို ဆက်သည်။ ပြီးမှ အငွေ့ငွေ့ထောင်းထောင်းထအောင် ဆေးလိပ်ကို ဖွာလေသည်။

"မရွှေမှုန်ပြောတာ ဟုတ်ပါတယ်တော်။ ဟုတ်ပါတယ်။ မိန်းမသားဆိုတာ အချိန်ရှိတုန်းအရွယ်ရှိတုန်း အားကိုးသနာ ရှာရတာမျိုးကို။ ကဲပါလေ နောင်တော့လဲ မရွှေမှုန်ကပဲ သင့်တော်ရာလူနဲ့ပဲ နေရာချပေးလိုက်ပေါ့ ။ "

ဒေါ်ဥက ရေလိုက်သင့် ငါးလိုက်သင့် ပြောသည်။

" ဟင်း ဒင်းကိုလား။ ဒင်းကိုများ ကျုမသာနေရာချပေးရရင် ကတော်ထဲကပေါ့။ ပိုက်သူကြီးကတော်လား ၊ လှေသူကြီးကတော်လား ၊ ငါးဒိုင်ငါးရှဲ့ကတော်လား၊ အင်းသူကြီးကတော်လားဘဲ။ တစ်ခုခုပေါ့ ဟီး ဟီး "

ဒေါ်မှုန်မြိန်ရေယှက်ရေပြောသည်။ ပြီးသော် သူ့စကားသူ သဘောကျသလို ရယ်သည်။

" အကြီးမှုန်ကလဲ ပြောရော့မယ်။ "

ပုလဲက ရှက်စနိုးဆိုသည်။ မျက်လွှာကို အောက်ချထားသည်။ သူ့အဖြစ်သူ တနုံ့နုံ့ စဉ်းစားသည်။ ခက်ပဲခက်ရချည့်။ ဒေါ်မှုန်အားအဖော်အဖြစ် နေထိုင်ရန် အကူ အညီတောင်းခါမှ သူ့ကိုများ လင်ပေးစားနေဦးမှာလားဟု ပုလဲတွေးလေ သည်။

"ဟုတ်တယ် ဟုတ်တယ် ညည်းကို ငါကိုယ်တိုင် ယောကျ်ားပေးစားမှဖြစ်မယ်ဟေ့။ ဒါမှဖြစ်မယ်ဟဲ့။ နို့မို့ဆိုရင် ညည်းအပျိုဟိုင်းကြီးဖြစ်သွားမယ်။ ငါ့ကြည့်လေ။ ငါကိုရေပေါ်နဲ့အိမ်ထောင်ကျတော့

သုံးဆယ်ပြည့်လုနီးနေပြီ။ ငါ့အသက်သုံးဆယ် ကျော်မှာ ကိုရေပေါ်ဆုံးတယ်။ ဘယ့်လောက်များ ပေါင်းလိုက်ရလို့လဲ ဟဲ့။ လင်ကြောင်းသားကြောင်း ရေရေလယ်လယ်တောင် မသိလိုက်ဘူး။ ”

“တော်ပါတော့ မရွှေမှုန်ရယ် ကိုင်းပါအေ ညည်းဒီမိန်းခလေးနဲ့ အတူ နေမယ်မို့လား။ အတူနေ အတူစားကြပေါ့။ ညည်းဈေးရောင်းသွားနေတော့ ဒီမိန်းခလေးကချက်ပြုတ်ထားမှာပေါ့။ သူ့မှာလဲ မိရယ်ဖရယ်ရှိတာမှမဟုတ်ပဲ။ မရွှေမှုန်နေထိုင်မကောင်းရင်လဲ ဒီခလေးကပဲ ပြုစုရမယ်။ ဟုတ်စ။ ”

အဖွားကြီးဒေါ်ဥက လိုရင်းကိုဖြတ်ပြောသည်။

“နေပ့ါမယ် နေပ့ါမယ် ကျမပြောချင်တဲ့ စကားလေးများလဲ ပြီးအောင် ပြောစမ်းပါရစေ အရီးဥ ရယ်”

ဒေါ်မှုန်က မချင့်မရဲပြန်ပန်လေသံနှင့် ပြောသည်။ သူ့စိတ်ထဲရှိ လင်ကြောင်း သားကြောင်းကိုတော့ စကားကုန်အောင် ဒေါ်မှုန်ပြောချင်သည်။

“ကဲတော် ပြော ပြော။ အားရအောင်ပြော။ နေမယ်ဆိုမှဖြင့် ပြီးတဲ့ကိစ္စပဲဟဲ့ မိန်းခလေးရဲ့။ အင်း နင့်မှာလဲ အတော်ခက်ပါတယ်။ ဒို့များနဲ့ အတူလာနေ အတူစားနေပါဟဲ့ဆိုတော့လဲ မဟုတ်ရဘဲကို။ တယ်မာန်တင်းသကိုးဟဲ့။ အေးအေး တစ်ခုတော့ရှိတာပေါ့လေ။ ကိုယ့်မိ ကိုယ့်ဖ ခေါင်းချသွားတဲ့နေရာ ဆိုတော့ သံယောဇဉ်တွယ်ရှာပေမှာပေါ့လေ ”

အဖွားကြီးဒေါ်ဥ နှင့် ဒေါ်မှုန်တို့ စကားလက်ဆုံကျနေကြပြန်သည်။ လက်ဆုံကျနေသည်ဆိုသော်လည်း တစ်ဖောင်ဖောင် ရေပတ်မဝင်အောင် ပြောသူမှာ ဒေါ်မှုန်။ အဖွားကြီးဒေါ်ဥသည် တအင်းအင်း ခေါင်းညိတ်ရင်း ဒေါ်မှုန်ပြောသမျှ နားထောင်သည်။ တစ်ချက်တစ်ချက်မှ ဝင်ထောက်သည်။ တစ်ခွန်းစ နှစ်ခွန်းစ စွတ်သည်။

ပုလဲ ဒေါ်မှုန့်စကားကိုကြားနေရဆဲ။ သို့သော် စကားထဲစိတ်မရောက်။ တွေးချင် ရာရာ ဒလစပ် ရောက်နေသည်။ ဒေါ်မှုန် သူမနှင့်နေမည်ဆို၍ ဝမ်းသာ အားတက်ရှိသည်။ ခေတ်ကာလ အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ စိုးရွံ့ထိတ်လန့်စရာများဖြင့် ထုပြောလာသည်။ ရွာငယ်သည် ယခင်အခါများကလို စည်စည်ကားကားလှုပ်လှုပ်ရွရွ မရှိ။ နေ့ရောညပါ ခြောက်ကပ်ငြိမ်ဆိတ်နေသည်။ ညဘက်တွင် ကင်းသမားတွေရှိသည်။ သို့သော် အရင်ကလို မလှည့်မပတ်ကြ။ ဝတ်ကျေတန်းကျေ ဖြစ်သည်။ အားလုံးစိတ်ဓာတ်ကျဆင်းနေကြသည်။ စိတ်အားငယ်ကြသည်။ သူတို့သည် မလွဲမကင်းသာသော တာဝန်တစ်ခုကို ပျင်းရိချောက်ခြားစွာ ငိုက်မြည်းရင်း မကျေမပွန် အချိန်ဖြုန်းကြခြင်းသာဖြစ်သည်။ သူကြီး ဆယ်အိမ်ခေါင်း စသူများကလည်း ကင်းခေါင်း ကင်းကြပ် စသူများနှင့်သာ တာဝန်လွှဲထားကြသည်။

ယင်းအခြေအနေဆိုးတွင် ဒေါ်မှုန်အား အဖော်ရ၍ပုလဲဝမ်းသာရသည်။ သို့ရာတွင် တဖက်ကလှည့်၍တွေးကြည့်သော် ဒေါ်မှုန်သည် သူမနှင့်အရှည် နေလိမ့်မည် မဟုတ်ကြောင်း ပုလဲသိသည်။ အထွေအထူး တွေးစရာမလို သူမကိုယ်ဝန် ဘွားဘွားပေါ်သည့်နေ့၌ ဒေါ်မှုန်အား ခြေသလုံးဖက်ထားသည့်တိုင် နေလိမ့်မည် မဟုတ်။ သို့သော် ယင်းအဖြစ်က နောင်ခါမှရောက်ရား။

“ပြောလက်စနဲ့ ပြောရဦးမယ်။ ကိုရေပေါ်သေတော့ တစ်ရွာလုံးက ကျမကို ကဲ့ရဲ့ကြတယ်။ ကျမ အပြစ်၊ ကျမ ပေါ့ရော့လို့တဲ့။ သိလားဟဲ့ ပုလဲ ။”

ဒေါ်မှုန်သည် အဖွားကြီးဒေါ်ဥ နှင့်ပြောနေရာမှ ငိုင်နေသော ပုလဲပခုံးကို လှမ်းပုတ်သည်။

“ ဟုတ်ကဲ့ အကြီးမှုန်”

ဖျက်ကနဲ လှုပ်ရှားသွားရာမှ ပုလဲကပြောသည်။

“ညည်းကငယ်သေးတော့မှတ်မိချင်မှ မှတ်မိမယ်။ ငါ့ကို ညောင်တုန်းဂတ်က လေးငါးခါခေါ်စစ်သေးတာပေါ့။ ဌာနာအုပ်ဆိုလား အဲဒီလူရယ်၊ ပုလိပ်နှစ်ယောက် ရယ် ငါ့ကို ကြိမ်းလား ခြောက်လား လုပ်ကြသေးတယ်။ ကိုရေပေါ်သေတာ ငါသိရမယ်တဲ့။ သတ်တဲ့လူကိုပြောနိုင်ရမယ်တဲ့။ မပေါ် ပေါ်အောင် စစ်ရမယ်တဲ့။

လက်နှစ်ဖက် ကြိုးချည်ပြီး မော်တော်နောက်က ဆွဲမယ်တဲ့။ ကျလဲကျတဲ့လူတွေ။ ကျမကပဲ လင်ငယ်နေလို့ လင်ကြီးကို လင်ငယ်နဲ့ပင်းပြီး သတ်တဲ့ပုံမျိုး ”

ဒေါ်မှုန်သည် ဒေါ်ဥဘက်လှည့်ပြောလိုက် ပုလဲဘက်လှည့်ပြောလိုက် ပြောသည်။

“အဲဒီတုန်းက ဒို့အိမ်မိသားစုတွေခန်းချောင်းအင်း ထဲရောက်နေလို့ ဘာမှရေရေ လည်လည် မသိပါဘူးဟယ်။ အင်းအလုပ်သိမ်းလို့ ရွာပြန်ရောက်မှ ဟိုလူပြော ဒီလူပြော ကြားရတယ်။ ”

အဖွားကြီးဒေါ်ဥ ကပြောသည်။

“ဖြစ်ပုံက ဒီလိုလေ။ ကျမတို့လင်မယား ညဘက်ပိုက်ဆင်းသွားကြရင်း သန်းခေါင်လောက်ကျတော့ ကျမအိပ်ချင်ချင်ရှိတာနဲ့ လေးတိုင်စင်တဲမှာ အိပ်ကျန်ရစ်တယ်။ ကိုရေပေါ်ဟာတစ်ယောက်တည်း ပိုက်ဆင်းနေတာပေ့ါ။ အဲ မိုးလင်းလို့ ကိုရေပေါ် ပျောက်ပါတယ်ဆိုပြီးလိုက်ရှာတော့သာ ပိုက်လှေရော အလောင်းရော ဟို ငလိုက်ချောင်းကမ်းစပ်မှာ သွားတွေ့တာပဲ။ လှေဝမ်းထဲမှာ မြင်မကောင်းပါဘူး အရိုးဥရယ်။ သွေးချင်းချင်းရဲနေတာပဲ။ ငလိုက်ချောင်းမှာ တလောတုန်းက သေသွားတဲ့ ကူးတို့သမားဟာ ဘယ်သူတဲ့လဲဟဲ့ ပုလဲ။ အဲ အဲ ညို ညို အဲဒီ ညိုသေရပုံနဲ့ ခပ်ဆင်ဆင်ပေ့ါ ဟဲ့ ။”

ဒေါ်မှုန်သည် ပုလဲကိုမေးရင်းမြန်းရင်း သူ့ဘာသာသူသတိရကာပြောသည်။ ငါးလိုက်ချောင်းနှင့် မောင်ညို့အကြောင်းပါလာပြန်၍ ပုလဲမှာနေရထိုင်ရ ခက်ရပြန်သည်။ ဘယ်သွားသွား ဘယ်လာလာ မောင်ညို့အကြောင်းနှင့် ငါးလိုက်ချောင်းသည် အပြီးမသတ်နိုင်ပါကလား။

“ပုလိပ်တွေကနောက်တော့ အကြီးမှုန်ကို ဘာပြောသေးလဲ။ ဘာတွေ လုပ်သေးသလဲ။ ”

ပုလဲကမေးသည်။ ဒေါ်မှုန်ပြောကြားသော စကားများထဲတွင် သည်အကြောင်း ကို ပုလဲစိတ်ဝင်စားသည်။

“ဘာလုပ်နိုင်မှာလဲဟဲ့။ ငါမှမသိတာ မသိဘူးပေ့ါ။ ဒင်းတို့ပုလိပ်ဆိုတဲ့ လူစားတွေဟာတော့ ကြောက်မှန်းသိလေ ဖြဲချောက်လေပဲ မအတုရေ့။ ”

ထိုအခိုက် လူငယ်တစ်ယောက်သည် အိမ်ငယ်ရှိရာသို့ ခြေလှမ်းကဲ့ကဲ့ လာနေသည်။

ထိုသူသည် အိမ်အနီးမရောက်ခင်

“ ဘကြီးပေါ်လာ ဘကြီးပေါ်လာ ”

ဟု အော်ဟစ်လာသည်။

ဒေါ်မှုန်စကားပြတ်သွားသည် သုံးယောက်စလုံး တာရိုးပေါ်လှမ်းကြည့် လိုက်ကြသည်။

“ ဘကြီးပေါ်လာ ”

ထိုသူကတာရိုးပေါ်မှ အိမ်ငယ်ရှိရာသို့ ဆင်းသက်လာရင်းမေးသည်။ သူသည် သူကြီးအိမ်မှ လူငှားမောင်ချိတ်ဖြစ်သည်။

“ကိုပေါ်လာ စောစောကလေးကပဲ ပိုက်တန်းတွေဘက် ဆင်းသွားတယ်။ ဘာကိစ္စရှိလို့လဲ၊ မတက်တော့ဘူးလား။ ထိုင်ဦးလေကွယ်။ ”

အဖွားကြီးဒေါ်ဥက ပြောသည်။ သူကြီးအိမ်ကလာသောကြောင့် အကြောင်း တစ်ခုခုဟု သုံးယောက်စလုံးကတွေးသည်။ သုံးယောက်စလုံးက သိချင်ကြသည်။ ရင်ထဲတွင် တအုံနွေးနွေး ။

“မတက်တော့ဘူး သိပ်မှောင်နေမယ်။ ဘကြီးပေါ်လာ ကိုပြောလိုက်ပါ။ ဒီည ကင်းကိုအခါတိုင်းညထက် ကြပ်မတ်ပေးပါတဲ့။ ကင်းသမားတွေလူစေ့တတ်စေ့ စောင့်ပါစေတဲ့။ မြို့ကအစိုးရတွေ လာချင်လာမယ်တဲ့။ အရေးရယ် အကြောင်းရယ်ရှိရင် တုံးကို အဆက်မပြတ်ခေါက်ပါတဲ့။ ရွာလယ်ကင်းနဲ့ မြောက်ဖျားကင်းကရော ရေဆိပ်ကင်းတွေကရော အကြောင်းဆိုရင် အဆက်မပြတ်တုံးခေါက်မယ်တဲ့။ သူကြီးအိမ်က မောင်းထုမယ်တဲ့။ ”

မောင်ချိတ်က သူကြီးဦးမောင်ကြီး မှာလိုက်သည့်အတိုင်း ပြောသည်။ အဖွားကြီးဒေါ်ဥ၏ခင်ပွန်း ဦးပေါ်လာသည် တောင်ဖျားကင်း၏ ကင်းခေါင်း ဖြစ်သည်။

" ဘာတွေများ ကြားလို့တုန်း မောင်ချိတ်ရယ် "

အိမ်တံစက်မြိတ်အောက်မှ တာရိုးပေါ်ပြန်တက်ရန် ခြေလှမ်းပြင်နေသော မောင်ချိတ်အား ဒေါ်မှုန်ကမေးသည်။ အနီးရှိ အဖွားကြီးဒေါ်ဥ ရော ပုလဲပါ မောင်ချိတ်အဖြေကို အာရုံစိုက်နေကြသည်။

"တစ်ခုခုတွေ တစ်ခုခုပဲဗျ။ ရွာရေးရပ်ရေးပေ့ါဗျာ။ လူကြီးတွေတော့ ခေါင်းချင်းရိုက်နေကြတုန်းပဲ။ ကဲ ကဲ ကျုပ်သွားမယ်ဗျာ။ ဘကြီးပေါ်လာ ပြန်လာရင် ကျုပ်ပြောတဲ့အတိုင်းပြောလိုက်ပါ။ ကျုပ်က မြောက်ဖျားသွားရဦးမှာ။ "

" ဘာအကြောင်းပေါ်လာပြန်လဲကွ မောင်ချိတ် "

ဦးပေါ်လာ၏အသံဖြစ်သည်။ ဦးပေါ်လာသည် တာရိုးပေါ်မှ အိမ်ငယ်ရှိရာ ဆင်းသက်လာသည်။ လက်တစ်ဖက်တွင် ငါးမြင်းရင်းသုံးကောင် ကြိုးသီဆွဲလာ သည်။ လက်တစ်ဖက်ကလှော်တက် ကိုင်လာသည်။ တိုင်ထောင်ငါးမျှားတန်းများ ရှိရာမှ ပြန်လာခြင်းဖြစ်သည်။

အချိန်မှာ အတော်ပင်မှောင်ရီပျိုးလေပြီ။ ဝန်းကျင် ဝါးရုံတောနှင့် သင်တောများရှိရာမှ ပုရစ် ပိုးမွှား အော်သံများကို ကြားရသည်။ သောင်ခြေရှိရာမှ ညပိုက်ဆင်းကြမည့် တံငါသည်တို့လူစုသော ကျွဲချိုမှုတ်သံ ကြားရသည်။ အချို့အိမ်များသည် မီးလက်လက် ထွန်းညှိကြပြီ။ ဒေါ်ဥလည်း ကမန်းကတန်း ထလျက် မီးတိုင်ထွန်းညှိသည်။

" သူကြီးက လွှတ်လိုက်လို့ဗျ "

မောင်ချိတ်က ဦးပေါ်လာအား ထိုစကားကိုတော့ ကျယ်ကျယ်လွင့်လွင့် ပြောသည်။ ပြီးနောက် ဦးပေါ်လာအား လက်ကုပ်ခေါ်သွားသည်။ အဖိုးကြီးသည် ငါးတွဲနှင့် လှော်တက်ကို အဖွားကြီးလက်သို့ ပေးခဲ့ပြီး မောင်ချိတ်နှင့်အတူ တာရိုးပေါ်လိုက်သွားသည်။ တာရိုးပေါ်တွင် နှစ်ယောက်သား ခေါင်းချင်းရိုက်ကြသည်။ တီးတိုးတီးတိုးမျှသာ ဖြစ်သည်။ အိမ်ငယ်ပေါ်မှ မိန်းမသုံးယောက်သည် အလိုလိုနေရင်း သွေးလန့်နေသည်။ စိုးရိမ်မကင်းရှိကြသည်။ ဘယ်သူမှ စကားမဆို။ ဘာတွေဖြစ်လို့ ဘာတွေများပါလိမ့်။ အတွေးရောက်သည်။

အဖွားကြီးဒေါ်ဥသည် ထိုင်ရာမှ ထသွားပြန်သည်။ မြေးငယ်၏ပုခက်ကြိုး ကိုလွှဲသည်။ ပြီးသော် မူလနေရာတွင်ပြန်ထိုင်သည်။ တစ်စုံတစ်ရာ စိတ်ဂဏှာ မငြိမ်ဖြစ်သည်။ တာရိုးပေါ်လှမ်းကြည့်လိုက်၊ အနီးရှိ မိန်းမဖော် နှစ်ယောက်ကို ကြည့်လိုက် ဖြစ်နေသည်။

ပုလဲသည် အဖွားကြီးအား အကဲခတ်သည်။ အဖွားကြီး ကတုန်ကယင် ဖြစ်နေသည်ဟု ပုလဲထင်သည်။ အဖွားကြီးအပေါ်ပုလဲ ကရုဏာသက်မိသည်။ ခုနေများ အမေသာရှိရင်ဟူသောအတွေး ပုလဲ တွေးသည်။ သို့ရာတွင် သူမစိတ်သည် ချက်ချင်းပင်အတွေးသစ်တစ်ခုသို့ ပြောင်းသွားသည်။ ဒေါ်မှုန် ဒီညဘဲ သူမနှင့်အတူလာနေပါ့မလား။ နက်ဖြန်သဘက် ရက်ဆွဲနေဦးမှာလား။ သူမက ဒေါ်မှုန်ကို လှမ်းကြည့်လိုက်သည်။

" စိတ်မပူပါနဲ့ဟယ်။ ဒီညပဲ နင့်အိမ်ကို ငါပြောင်းလာပါ့မယ်။ "

ဒေါ်မှုန်က သူမစိတ်ကိုအတပ်သိသလိုပြောသည်။

ပုလဲ သက်ပြင်း ချလိုက်သည်။ ဒေါ်မှုန်ကိုကား ဘာမျှပြန်မပြော။ ထိုင်ရှိခိုးချင် လောက်အောင် ကျေးဇူးတင်မိလေသည်။

ယင်းအခိုက် အဖိုးကြီးဦးပေါ်လာသည် တာရိုးရှိရာမှ အိမ်ငယ်ဘက်သို့ ပြန်ဆင်းလာသည်။ မောင်ချိတ်မှာ ရွာလယ်ပိုင်းဆီသို့ ခြေလှမ်းသုတ်သုတ် ထွက်ခွာသွားသည်။

" ကဲ ထမင်းရှုးစမ်းဟေ့။ ထမင်းရှုးစမ်း။ ကိစ္စက ပေါ်လာပြန်ပြီ။ ဖိုးလုံးနဲ့လုံမကော ခုထိမရောက်ကြသေးဘူးလားဟ"

ဦးပေါ်လာအိမ်ငယ်ပေါ်လှမ်းတတ်ရင်း ပြောသည်။ ဒေါ်မှုန်နှင့် ပုလဲအား တစ်ချက် လှမ်းကြည့်သည်။ သမီးနှင့်သမက်ကိုလည်း စိတ်ချဟန်မတူ။ တာရိုးပေါ် လှမ်းကြည့်ပြန်သည်။

"ဘာကိစ္စပေါ်လာပြန်လဲတော့်။ ကျမတို့များ ပြောစမ်းပါဦးလား။ အထုပ်ပြင်ထား ရမှာလား။ အပိုးပြင်ထားရမှာလား။ ထွက်ပြေးရမှာလား။ "

ဒေါ်မှုန်ကမေးသည်။ ဒေါ်ဉသည် နားကိုစွင့်ကာသမင်လည်ပြန်ကြည့်ရင်း မီးဖိုတွင်းဝင်သွားသည်။

"ခင်ပျားတို့မိန်းမတွေ အရာရာသိချင်တာပဲကိုဗျ။ တိုင်းရေးပြည်ရေးဆိုတာ အခက်သားကလား။ မိန်းမတွေသိကောင်းတာလဲရှိတယ်။ မသိကောင်းတာလဲ ရှိတယ်။ အဲ ညရေးညတာတော့ နိုးနိုးကြားကြားအိပ်ကြ နေကြဗျ။ "

"အမလေးတော် ဒါလောက်တောင်များလား။ ကျမတို့မိန်းမတွေများဖြင့် လူရာမသွင်းတဲ့အတိုင်းပဲ။ ဒီရွာမှာ ရှင်တို့ယောကျ်ားတွေချည်း နေတာမှတ်လို့။ "

ဦးပေါ်လာ ဘာမျှမပြောတော့။ အဖိုးကြီးသည် အသင့်ပြင်ထားသော ထမင်းပွဲရှိရာသို့ သွားသည်။ ဟင်းပန်းကန်နှင့် ငါးပိပန်းကန်များက စားပွဲခုံပေါ်တွင် အသင့်ရှိနေသော်လည်း ထမင်းပန်းကန်မရောက်သေး။ အဖိုးကြီးသည် ထမင်းခုံရှိရာမှ မျက်မှောက်ကြုတ်ကာ ဒေါ်မှုန်ကို လှမ်းကြည့်သည်။

ပြီးနောက် ..

" ဟိုမိန်းခလေးကော ဟဲ့။ ဒီအိမ်မှာပြောင်းအိပ်ပြောင်းနေ ပါကလား " ဟု ပုလဲကိုပြောသည်။

"ကဲပါတော် ပိုမနေစမ်းပါနဲ့။ ကျမက အဖော်နေပါ့မယ်လို့ ပြောပြီးပါပြီ။ ခုညပဲ ပြောင်းနေမှာ။ အဲဒီကိစ္စကထားပါဦး။ ခုနကကိစ္စပြောစမ်းပါ။ ဟိုသူငယ် မောင်ချိတ်ဘာတွေပြောတာလဲ။ "

ဒေါ်မှုန်က ခပ်စောစောက ကိစ္စကိုပင် ထပ်မေးပြန်သည်။ မသိချင်ပါနဲ့ဆိုသော အကြောင်းကိုမှ သိကြားချင်ကြသည်မှာ လူ့သဘာဝမဟုတ်ပါလား။

ပုလဲက ဘာတစ်ခွန်းမစွက်။ ငြိမ်ဆိတ်နေသည်။ သို့ရာတွင် သူမကိုယ်တိုင် မှာလည်း ဘဝင်မကျ။

အဖိုးကြီးဦးပေါ်လာက ရုတ်တရက်မပြော။ ဇနီးသည်ဝင်ရောက်သွားသော မီးဖိုချောင်ရှိရာသို့ လှမ်းကြည့်နေသည်။ ထိုအခိုက် အဖွားကြီးဒေါ်ဉသည် ထမင်းသံဇလုံတစ်လုံး နှင့် သံပန်းကန်ပြားတစ်ချပ်ကို ကိုင်ကာထွက်လာသည်။ ထမင်းသံပန်းကန်ကို အဖိုးကြီးရှေ့ချပေးသည်။

"ကိုယ့်သမက်နဲ့သမီးကို စောင့်မနေနဲ့။ ကင်းတဲသွားရဦးမှာမှတ်လား။ ကိုယ့်ဟာကိုယ် ဖြောင့်ဖြောင့်စားသွား။ သမီးနဲ့သမက်ကရွဲ့အိမ်မှာ ငါးချိန်ရဦးမှာ။ ငွေကြေးရှင်းလင်းရဦးမှာ။ တော်တော်နဲ့လာဦးမှာ မှတ်ဖူး။ "

အဖွားကြီးက အဖိုးကြီးကို ပြောသည်။ အိမ်တစ်နေရာတွင် ထွန်းထားသော ရေနံမီးတိုင်ကိုလည်း ထမင်းခုံပေါ်သို့ရွှေ့ပြောင်းပေးသည်။

" ရှင်မကော "

အဖိုးကြီးကဇနီးကိုမော့ကြည့်ရင်းမေးသည်။

"ဖြောင့်ဖြောင့်စားစမ်းပါတော်။ ဝမ်းခြင်းဆုံတာမှတ်ပါဘူး။ တော်ကြာ ရှင့်မြေးနိုး လာမှဖြင့် ဘယ်သူမှ ဖြောင့်ဖြောင့်စားရမှာ မှတ်ဖူး။ "

အဖွားကြီးသည် ပြောပြောဆိုဆိုပင် ထိုင်ရာမှထပြန်သည်။ ခလေးပုခက်ကြိုးကို သွားလွဲသည်။ ကြိုးနှင့်ဝါး ပွတ်တိုက်သံသည် တကျွိကျွိပေါ်ထွက်နေသည်။

ပုလဲသည် အဖိုးကြီးနှင့်အဖွားကြီးအဖြစ်ကို ငေးကြည့်နေသည်။ သူတို့သမီးက မွေးသော သူတို့မြေးအပေါ်တွင် အဖိုးကြီးနှင့်အဖွားကြီးတို့ အုလိုက်သဲလိုက် ချစ်ကြပါကလားဟု ပုလဲတွေးသည်။ စိန်ကြည့်ကလေးသည် တစ်ခါတစ်ရံ၌သာ စိန်ကြည့်လက်ပေါ်တွင်တွေ့ရတတ်သည်။ အဖိုးကြီးနှင့် အဖွားကြီးလက်တွင် တစ်လက်ပြီး တစ်လက်ကူးပြောင်းနေတတ်သည်။ ညရေးညမှုတွင်လည်း စိန်ကြည်က ခြေကန်ပေးအိပ်သလောက် အဖိုးကြီး နှင့်အဖွားကြီးကသာ မြေးငယ်၏ ချေးဂရု သေးဂရုကိုပြုကြရသည်။ အဘတို့အမေတို့ ရှိရင်လဲ ငါကမွေးတဲ့ သူတို့မြေးကို ဒီအတိုင်းချစ်ရှာမှာပဲ။

" ကိစ္စက တော်တော်အရေးကြီးသလား။ "

အဖွားကြီးက ထမင်းခုံအနီး ဝင်ထိုင်ရင်း အသံအုပ်အုပ်မေးသည်။

အဖိုးကြီးသည် ထမင်းကို ပလုပ်ပလောင်းဝါးရင်း အဖွားကြီးအား မော့ကြည့် သည်။ ဒေါ်မှုန်နှင့် ပုလဲရှိရာသို့လည်း မျက်လုံးတစ်ချက်ဝေ့ပြန်သည်။

"ပန်းတနော်ဘက်မှာ ဗမာရွာတွေကို ကရင်တွေစုပြီး မီးတင်ရှို့တယ်လို့ ကြားတယ်။ မနေ့ညက ထိန်ကုန်းရွာကို သန်းခေါင်လောက်မှာ မီးရှို့သွားသတဲ့။ ရွာလုံးကျွတ်မတတ် ဆိုပဲ။ ကျွဲတွေ နွားတွေ နဲ့ ဝမ်းစာတွေ မီးထဲပါကုန်ရောတဲ့။ ဘုန်းကြီးကျောင်းတောင် ချမ်းသာမပေးဘူးတဲ့။ "

အဖိုးကြီးသည် ထမင်းလုပ်ကို အတင်းမျိုချရင်းပြောသည်။ ထမင်းနှင်၍ ဟင်းချိုသုံးလေးဖွန်း သောက်ချသည်။ အဖိုးကြီးထမင်းစားသည်မှာ စိတ်ဖြောင့် လက်ဖြောင့်မရှိ။

" လူ အသေအပျောက် ရှိသလား "

အဖွားကြီးကမျက်ကလဲဆံပျာမေးသည်။ ဒေါ်မှုန်နှင့် ပုလဲသည် အဖိုးကြီးနှင့် အဖွားကြီးအား စိုက်ကြည့်နေကြသည်။

"အဖွားကြီးနှစ်ယောက် နဲ့ ရွာသားသုံးယောက် သေဆိုထင်ပဲ့။ မောင်ချိတ် ကိုယ်တိုင်လဲ တစ်ဆင့်ကြားကို။ သူကြီးနဲ့တွေ့မှ အသေအချာသိရမှာ။။ "

အဖိုးကြီးသည် စကားဖြတ်ပြီး ထမင်းဆက်စားပြန်သည်။

"ရွာကလူတွေဟာ မခုခံကြဘူးလား။ တိတ်တိတ်လာရှို့တာလား။ ကင်းသမားတွေ မရှိဘူးလား။ "

ဒေါ်မှုန်ကမေးသည်။

"တိတ်တိတ်ရှို့ရှို့ ပြောင်ပြောင်ရှို့ရှို့ ဟိုကသေနတ်နဲ့ဗျ။ လက်နဲ့ခုခံဖို့ ဘယ်လွယ်မလဲ။ အသက်လုပြေးရမှာ။ "

ထမင်းလုပ်ကြီးနှင့် မဗိမသ ဦးပေါ်လာကပြောသည်။

" သေနတ် ဟုတ်လားတော့။ "

"ဟုတ်တာပေါ့ဗျ။ သေနတ်တွေ ဘာတွေနဲ့ပေါ့။ အင်္ဂလိပ်ကပြေးတော့ စာဖြူကရင်ရွာတွေကို လက်နက်ပေးခဲ့မှာပေါ့။ နောက်ပြီး ကျုပ်တို့ကြားနေတာ တစ်ခုတော့ရှိတယ်။ အင်္ဂလိပ်စစ်တပ်ကထွက်ပြေးလာတဲ့ ကရင်စစ်သားတွေဟာ လက်နက်တွေ ပါလာတယ်။ အဲ သူတို့က ခေါင်းဆောင်မှာပေါ့။ ကိုင်းပါလေ သတိ ဝီရိယ နဲ့သာအိပ်ကြ နေကြပါ။ ဟိုလူ ဒီလူကိုလဲ ရှောက်ပြောမနေကြပါနဲ့။ တစ်ရွာလုံး အထိတ်တလန့်ဖြစ်ကုန်မယ်။ "

အဖိုးကြီးဦးပေါ်လာ နောက်ထပ်စကား မဆက်တော့ပေ။ ထမင်းကို သုတ်ခြေတင် စားလေသည်။

ဒေါ်မှုန် နှင့်ပုလဲသည် အဖွားကြီးဒေါ်ဥကိုနှုတ်ဆက်လျက် အိမ်ငယ်ထက်မှ ဆင်းသက်ခဲ့ကြသည်။ အတော်ပင်မိုးချုပ်ပေပြီ။ တာရိုးလမ်းပေါ်တွင် သစ်ကိုင်း သစ်ခက်များ အကြားမှ ယိုဖိတ်လာသော လရိပ်လရောင်က မှိုင်းမှိုင်းပျပျ ရှိနေသည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စကားမပြော။ အတွေးကိုယ်စီဖြင့် ငြိမ်ဆိတ်လျှောက်လာကြသည်။ ညဥ့်မိုးချုပ်စပင်ဖြစ် သော်လည်းတစ်ရွာလုံး ငြိမ်ဆိတ်နေသည်။ သစ်ခက်သစ်ရိပ်များအကြားမှ ယိုစိမ့်ယှက်ဖြာလာသော လရောင်သည်ပင် အားမာန်မရှိ။

ဒေါ်မှုန်ဘာတွေတွေးလာသည်တော့မသိ။ ပုလဲစိတ်တွင် ဒီညမှ ထူးထူးခြားခြား အားငယ်မိလေသည်။ စိုးရွံ့ချောက်ခြားဖွယ်ရာများကို သူမကတွေးတော လာမိသည်။ ထော်ကလွတ်ရွက်ဘက်က ကရင်တွေများ ချီတတ်လာလေမလား။ မီးသွေးချောင်း၊ ဂန်ချောင်း နှင့် ကညင်ကောက် ရွာများမှ စာဖြူကရင်တွေများ စစ်ချီလာလေမလား။ မိရယ်ဖရယ် မရှိသောဘဝ၊ ဆွေရယ်မျိုးရယ်မရှိသောဘဝ၊ တစ်ကောင်ကြွတ်တစ်မျက်နှာဖြစ်ရသောဘဝသည် အင်မတန်မှ စိတ်အားငယ်ရ ပါကလား ဟူ၍လည်း ပုလဲတွေးမိလေသည်။

"ညည်းနေရစ်ဦး။ ရွာမြောက်ပိုင်းက မချစ်တို့အိမ်မှာ ငါ့ပစ္စည်းကလေးတွေ သွားယူလိုက်ဦးမယ်။ "

ပုလဲအိမ်ငယ်ရှေ့သို့အရောက်တွင် ဒေါ်မှုန်က ပြောသည်။

" ကျမ လိုက်သယ်ပေးမယ်လေ အကြီးမှုန် "

"နေပါစေဟယ်။ ငါ့ပစ္စည်းက ငါတနိုင်တပွေ့ပါ။ ညည်းအိမ်မှာ မီးကလေး ဘာလေးထွန်းဦး။ မှောင်ကြီးကိုးပါး မနေကောင်းဘူးဟဲ့။ "

ပြောပြောဆိုဆို ဒေါ်မှုန်ထွက်သွားသည်။ ပုလဲတာရိုးပေါ်ရပ်ကျန်ရစ်သည်။ ဒေါ်မှုန်ထွက်သွားသည်ကို အငေးသားကြည့်နေသည်။ ဒေါ်မှုန်သည် အတော်ပင် လမ်းသွားမြန်သည်။ လူပုသလောက် စိတ်မြန်ကိုယ်မြန်။ ဒေါ်မှုန်ကွယ်ပျောက် သွားတော့မှပင် အိမ်ငယ်ရှိရာသို့ ပုလဲ ဆင်းသက်ခဲ့သည်။ စိတ်ထဲကတော့ တထင့်ထင့်။ ဒေါ်မှုန်အမြန်ပြန်မှလာပါ့မလား။

(၁၈)

တစ်ရွာလုံးငြိမ်ဆိတ်နေသည်။

ကင်းတဲတွေဆီကလည်း ဘာသံမျှမကြား။ ရွာလယ်ပိုင်းနှင့် မြောက်ဖျားပိုင်း သည်အိပ်မောကျသလို ရှိနေသည်။ သန်းခေါင်ကြက်များ တွန်ကျူးသည့်တိုင် ပုလဲ အိပ်မပျော်နိုင်။ တဲငယ်တစ်ခုလုံး အမှောင်ထုက

လွှမ်းခြုံထားသည်။ ယင်းအမှောင်ထုအတွင်း၌ပင် ဒေါ်မှုန်၏စိတ်ပျက်ဖွယ်ကောင်းလှသော တခေါခေါ ဟောက်သံကိုပုလဲကြားရသည်။ ထိုအသံသည် ပုလဲစိတ်ကို ပို၍ပြီးငွေ့ချောက် ခြားစေသည်။

အိပ်မပျော်သည့်အခါ တောင်တောင်မြောက်မြောက် ပုလဲအတွေးရောက် ပြန်သည်။ စင်စစ်ယခုညသည် အဖိတ်နေ့ညဖြစ်သည်။ မနက်ဖြန်ဆိုလျှင် ဥပုသ်နေ့ဖြစ်သည်။ လပြည့် လကွယ်ဥပုသ်နေ့ တော့မဟုတ်။ လဆန်းရက် ဥပုသ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယခင်အခါများကဆိုလျှင် ဥပုသ်နေ့မတိုင်မီ ယခုလိုအဖိတ်နေ့ညမျိုးတွင် ရွာလူကြီးများသည် ကျောင်းဇရပ်သို့သွားရောက်ရန် တက်တက်ကြွကြွရှိကြသည်။ ညဦးနက်ပိုင်းနှင့် အာရုဏ်ချိန်များသည် အလှုပ်ရှားဆုံးဖြစ်သည်။ ယခုကား တစ်ရွာလုံး တုတ်တုတ်မျှမလှုပ်။ ငြိမ်ဆိတ်ခြင်း နှင့် ချောက်ခြားခြင်း၌သာ နစ်မြုပ်နေလေသည်။

ထိုအဖြစ်ကိုတွေးမိသည့်အခါ ပုလဲသည် ကျောင်းထိုင်ဆရာတော်အတွက် စိတ်မကောင်းဖြစ်ရပြန်သည်။ ပြီးနောက် ဥပုသ်သီတင်းနေ့တိုင်း ပြုလုပ်လေ့ ရှိသော ဇရပ်ပေါ်မှတရားပွဲကိုလည်း ပုလဲမြင်ယောင်မိလေသည်။ ဥပုသ်နေ့တိုင်း ကျောင်းသွားကျောင်းပြန်ပြုကြသော သက်ကြီးရွယ်အိုများ၏လှုပ်ရှားမှုကိုလည်း ပုလဲမြင်ယောင်မိသည်။ ခါးကိုင်း၍ ဆံဖြူသော အဖိုးအဖွားတို့သည် ရွာလမ်းပေါ် တွင် တောင်ဝှေးကို တတောက် တောက် ထောက်ရင်း " အမျှပေး့ အမျှ " ဟု ဆိုမြည်သွားတတ်ကြသည်။

အင်း၊ ခုတော့အရင်လိုမဟုတ်တော့ဘူး။ သီလကောင်းလို့ နောင်ဘဝ အသက်ရှည်ရေးထက် ခုလောလောဆယ်မသေဖို့က အရေးကြီးပါကလား။ ဂျပန်စစ်သားတွေလာရင် ဘယ်လိုပြေးရမယ်၊ ဘယ်နည်းပုန်းရမယ်၊ ဘယ်လို ရှောင်တိမ်းရမယ်ဆိုတာလောက်ပဲအရေးတကြီး သတိထားနေရပါကလား။ ပုလဲ ညည်းတွားမိလေသည်။

ညဦးပိုင်းအချိန်က ဒေါ်မှုန်သည်ရောက်တတ်ရာရာစကားများကို အချိန်အတော် ကြာပြောသည်။ ဈေးဦးကျွန်း၊ ရွှေဟင်္သာကျွန်း စသည်များသို့ မြေပဲသွားဆွတ်ရန် ပုလဲအား ဒေါ်မှုန်အဖော်ညှိသည်။ အနောက်ဖက် ခနဲ့ချောင်းအင်း၊ ကွင်းကောက်အင်း၊ မိုးမခအင်း စသည်များသို့ ငါးကောက် ငါးခုတ်လိုက်လျှင် ကောင်းလိမ့်မည်ထင်ကြောင်း ဒေါ်မှုန်ပြောသည်။

တပို့တွဲလ ဆန်းပြီဆိုလျှင် စကျော့ရွာမှ အမျိုးသမီးများသည် အနောက်ဖက် နယ်ဖြစ်သော ခနဲ့ချောင်းအင်းနှင့် ကွင်းကောက် အင်းသည် ထိုအချိန်တွင် အလုပ်အများဆုံး၊ ငါးအကျဆုံးရာသီဖြစ်သည်။ စကျော့နှင့် ၁၀မိုင်လောက် ခရီးဝေးသည်။ ငါးခုတ် ငါးကောက် အမျိုးသမီးတစ်ယောက်လျှင် တစ်နေ့ တစ်ကျပ်ခွဲရသည်။ အင်းသူကြီးက ထမင်းကျွေးသည်။ ဆေးလိပ် ပေးသည်။ ငါးရံ့ခြောက်ခွဲတတ်လျှင် တစ်နေ့ သုံးကျပ် မှ ငါးကျပ် အထိရနိုင်သည်။

တပို့တွဲလမှ အလုပ်သည် ကဆုန်လကုန်လောက်အထိ လုပ်ရသည်။ သို့သော် ငါးမကျသောနေ့များလည်း ရှိသည်။ ထိုနေ့မျိုးဆိုလျှင် နေ့တွက်ခ မရကြ။ ထမင်းတော့ကျွေးသည်။ ပါးစပ်စိုစိုတော့စားရသည်။ ထို့ကြောင့် မိန်းမဦးရေ များသော အိမ်ထောင်အုပ်စုက ထိုအချိန်ကျလျှင် ဘုစုခရု ဂဏန်းမကျန် အင်းလုပ်ငန်းရှိရာသို့ အိုပစ်အိမ်ပစ်သွားရောက်လေ့ရှိကြသည်။ လုပ်နိုင်ကိုင်နိုင် ရွယ်ရှိသော ကလေးများပါ တစ်နေ့တစ်မက်ရရ၊ ငါးမူးရရ ဝင်ရောက်၍ လုပ်ကြသည်။ အင်းသိမ်းချိန်ရောက်မှ ရွာသို့ပြန်ခဲ့ကြသည်။

ဟိုစဉ်တုန်းအချိန်ကသာဆိုလျှင် ဒေါ်မှုန် အဖေညှိရာနောက်သို့ ပုလဲလိုက်ချင် ကောင်းလိုက်ချင်ပေမည်။ ခုတော့သူမဘယ်ကိုမျှမသွားချင်။ ငါ့အဖြစ်က အိမ်မကွာ ကြမ်းမကွာ ပိုက်ထိုးကွန်ထိုးနေတာပဲ ကောင်းပါတယ်လေ။ ဒီလိုမှ ဖြစ်မယ်ဟု သူ့အတွေးနှင့် သူဆုံးဖြတ်သည်။

ပြင်းထန်သော ဒေါ်မှုန့်ဟောက်သံသည် ပုလဲ၏ အတွေးအာရုံများကို ဖရိုဖရဲလွင့်စင်ပျက်ပြားသွားရပြန်သည်။ ဒီတစ်ကြိမ်တော့ ဟောက်သံသာမက သွားကြိတ်သံရော တအင်းအင်း တအဲအဲ နှင့် တွန့်လိမ်ညည်းတွားသံရော ပေါ်ထွက်လာသည်။ ပြီးနောက် ဒေါ်မှုန်ယောင်ယမ်းနေပြန်သည်။ စကားလုံးမကွဲ ပီပီသသမရှိ။

ပုလဲတစ်ဘက်သို့စောင်းလိုက်သည်။ နားတစ်ဖက်ကိုခေါင်းအုံးနှင့်ဖိကပ်သည်။ နားတစ်ဖက်ကို လက်ဝါးဖြင့်ဖိထားသည်။ ကိုယ်ဝန်နှင့်ပတ်သက်သော မွေးရဖွားရမည့်အတွေးများသည် သူမခေါင်းထဲသို့ ပြေးဝင်ခိုကပ်လာကြပြန်သည်။ စင်စစ်တော့ မွေးဖွားရမည့်ကိစ္စမှာ အချိန်အတော်လိုသေးသည်။ သို့တိုင် သူမက စိတ်မအေးနိုင်၊ သူမတွင် ယင်းကိစ္စနဲ့ပတ်သက်၍တိုးတိုးသက်သာတိုင်ပင်မည့်သူ၊ ပြောင်ပြောင်ဖွင့်ဟပြောရမည့်သူမရှိ။ ထိုအခါ အချိန်ရှိသမျှ နေ့ရှိသမျှ သည်အကြောင်းကိုသာ ပုလဲတွေးပူမိလေသည်။

မွေးဖွားချိန်ဆိုရင် အရီးဒေါ်ဥပဟာ ငါ့ကို ပစ်မထားပါဘူးလေ။ အရီးဟာ အမေနဲ့လဲအင်မတန်ခင်တယ်။ တစ်ယောက်မှာအကြောင်းရှိရင် တစ်ယောက်က ကူညီတယ်။ အရီးဥပဟာစိတ်သဘောထားလဲကောင်းတယ်။

ထန်းပလက်စုတ်ကို နတ်ရုပ်ထင်သည်ဟုဆိုရမလားတော့မသိ၊ ထိုအတွေးကို တွေးရင်းက မမြင်မတွေ့ရသေးသည့် ဝမ်းထဲမှ ရင်သွေးအား ဖြူဖြူကလေး ဟူ၍တစ်မျိုး၊ ညိုညိုကလေးဟူ၍တစ်ဖုံ၊ ယောကျ်ားကလေးဟူ၍ တစ်နည်း၊ မိန်းခလေးဟူ၍ တစ်သွယ် အမျိုးမျိုးအစားစားပုံဖမ်းကြည့်မိလေသည်။ ထို့နောက်တော့ ရှည်လျားသော ပင့်သက်ကိုချရလေသည်။

ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းခလေးဖြစ်ဖြစ် ဖြူဖြူးမဲမဲ ငါ့ရင်သွေးကို ငါချစ်ရမှာပဲ။ ဒါဟာသဘာဝမို့လား။ ထိုအခိုက် ဝမ်းထဲမှ ကိုယ်ဝန်ကို တဆတ်ဆတ် လှုပ်ရှားသည်။ ဤအဖြစ်က ခုမှ မဟုတ်၊ လွန်ခဲ့သော သီတင်းသုံးပတ် လောက်ကပင်မသိမသာခံစားခဲ့ရသည်။ ခုတော့ပိုပြီး သိသာ လာသည်။ အစကဤလိုလှုပ်ရှားမှုကြောင့် ကြောက်သလိုလို လန့်သလိုလို ဖြစ်ရသည်။ ဘုရား ဘုရားဟု ဗုဒ္ဓရှင်တော်ကိုပင် တ မိသည်။ ခုတော့ ဒီအဖြစ်က ရိုးသွားပြီ။ ထိတ်လန့်ခြင်းမဖြစ်တော့။ ထိတ်လန့်ခြင်း၏ နေရာတွင် တွယ်တာ မက်မောခြင်းက အစားဝင်နေရာယူခဲ့သည်။ တကယ်ဆိုတော့ သူမက ရင်သွေး တစ်ယောက်တော့ လိုချင်သည်။

သန်းခေါင်ချိန်မှလွန်၍ မိုးသောက်ဘက်သို့ တစ်စစကူးပြောင်းလာသည်။ အအေးဓါတ်သည် တဲငယ်အတွင်းသို့ စိမ့်ဝင်လာသည်။ မြစ်ပြင်သည် ငြိမ်သက်နေရာမှ လူးလွန့်စပြုသည်။

လေတဖြူးဖြူးတိုက်လာသည်။ လှိုင်းတံပိုးလှုပ်ရှားလာသည်။ ထိုအခါမှ သူမငိုက်မျဉ်းစပြုလာသည်။ ဘာသံမှုမကြားရ။ ရွာလယ်ဆီသို့နားစွင့်ပြန်သည်။ အားလုံးငြိမ်ဆိတ်နေသည်။ လုလင်ပျိုနှင့် လုံမပျိုတို့၏ ချစ်တင်းနှောသံ ကဲ့သို့သော ရွက်ခြောက်များ ပြေးလွှားသံကိုသာ ခပ်သဲ့သဲ့ကြားရသည်။ ဒေါ်မှုန့်ဟောက်သံသည် နီးလာလိုက် ဝေးသွားလိုက်။ နောက်တော့ လုံးလုံးပျောက်ကွယ်သွားသည်။ သို့တိုင်အတွေးစိတ်များသည် အိပ်မက်အဖြစ် သူမအားဖမ်းစားချုပ်ကိုင်ထားဆဲ။

ဆူဆူညံညံအသံများကြောင့် ဝေါက်ကနဲ ပုလဲထထိုင်လိုက်သည်။ တာရိုး လမ်းပေါ်မှဖြစ်သည်။ နားထဲသို့ အသံများက ပလုံးပထွေး ဝင်ရောက် လာသည်။ စကားသံနှင့် ဖိနပ်သံများဖြစ်သည်။ တာရိုးပေါ်တွင် လူသုံးလေးယောက်ထက် မနည်းပြေးလွှားသွားသံကိုလည်း ကြားလိုက်ရသည်။

" ယောကျ်ားတွေ ယောကျ်ားတွေ ။ မိန်းမက အရေးမကြီးဘူး "

အပြေးအလွှားပြောသွားသော အသံဖြစ်သည်။

ပုလဲအိပ်သည်မှာ ကျူထရံကာထားသော အခန်းကလေးအတွင်း၌ဖြစ်သည်။ ဒေါ်မှုန်မှာ အိုက်လှပူလှပါတယ်ဟုဆိုကာ အပြင်၌အိပ်သည်။ ပုလဲသည် အိပ်ခန်းထဲမှ ကမန်းကတန်းပြေးထွက်ခဲ့သည်။ သူအပြင်ရောက်သည့်အခါ အိပ်ရာမှ နိုးနှင့်နေသော ဒေါ်မှုန်အား တဲ့ပေါက်ဝ၌တွေ့ရသည်။ ဒေါ်မှုန်သည် သူ့ကိုနောက်ကျောခိုင်းလျက် တောင်ဖျားအစွန်ရှိ အိမ်ငယ်များဆီသို့ မျှော်ကြည့်နေလေသည်။ ခြေသံကြားသည့်အခါ ဒေါ်မှုန်နောက်လှည့်ကြည့်သည်။

"ရွာကို ဂျပန်တွေဝိုင်းထားသတဲ့ဟဲ့။ မိန်းမတွေအိမ်ပေါ်က မဆင်းကြနဲ့ဦးတဲ့။ ဂျပန်ကောင်တွေနဲ့ပုလိပ်တွေ တောင်ဖျားဘက်သွားကြတယ်။ သူကြီးအိမ်ကလူ သုံးလေးယောက်ပါတယ်။ "

ဒေါ်မှုန်ကလှည့်ပြောသည်။ နောက်ထပ်၍စကားမဆက်။ တောင်ဖျား အစွန်းသို့မျှော်ကြည့်နေပြန်သည်။

အချိန်က မိုးလင်းစဖြစ်သည်။ နေရောင်ကို ကောင်းစွာမမြင်ရသေး။ စောစောစီးစီး အမင်္ဂလာသတင်းကို ပုလဲကြားရသည်။ ဂျပန်တွေရွာကို ဝိုင်းထားသတဲ့။

ပုလဲကမန်းကတန်း မျက်နှာသစ်သည်။ မျက်နှာပင်မသုတ်ရသေး။ ဒေါ်မှုန့်အသံကို နောက်ထပ်ကြားရပြန်လေသည်။

"ဟဲ့ ဟိုမှာ ဟိုမှာ။ ခေါ်လာပြီတော့၊ ခေါ်လာပြီ။ စိန်ကြည့်ယောက်ျား ဖိုးလုံးလဲ ပါတယ်။ စိန်ကြည့်အဖေ ဦးပေါ်လာကြီးလဲပါတယ်။ ဟယ် မြမောင် တို့ သာဒွေးတို့ ကျော်မောင်တို့ အားလုံးပဲဟဲ့။ လာကြည့်စမ်း။ လာကြည့်စမ်း။ တစ်ပြုံကြီးပါကလား။ "

ပုလဲ ဒေါ်မှုန့်ဘေးဝင်ကပ်ထိုင်လိုက်သည်။ ဒေါ်မှုန်ကြည့်ရာသို့ ပုလဲလိုက် ကြည့်သည်။ ရွာသားဆယ်လေးငါးယောက်ခန့်ကိုတွေ့ရသည်။ လူလတ်ပိုင်းနှင့် လူကြီးပိုင်း ရောနေသည်။ ထိုသူများနောက်မှ သေနတ်ဖြင့် ချိန်ရွယ် လိုက်လာသော ဂျပန်စစ်သားများနှင့်ပုလိပ်အမှုထမ်းများကို တွေ့ရသည်။ ဂျပန် ၂ယောက်နှင့် ပုလိပ် ၂ယောက်သည် လူအုပ်ရှေ့ဆုံးမှဖြစ်သည်။

" ဘာဖြစ်လို့ပါလိမ့် အကြီးမှုန် "

"ငါလဲဘယ်သိပ့်မလဲဟယ်။ ငါအစောကြီးထပြီး ငါးရှဲ့အိမ်ကို ငါးယူရအောင် သွားတော့ ရွာလယ်ပိုင်းမရောက်ခင် ဂျပန်စစ်သားတွေနဲ့ ပုလိပ်တွေကို တွေ့တာပဲ။ ဘယ်မှမသွားရဘူးတဲ့။ အိမ်ပြန်နေဦးတဲ့။ နောက်တော့မှသွားစရာ ကိစ္စသွားတဲ့။ "

တာရိုးပေါ်မှ လူအုပ်သည် တဖြည်းဖြည်းသူတို့အိမ်ငယ်နှင့် နီးကပ်လာသည်။ လူအုပ်က ခြေလှမ်းမှန်မှန် ရွေ့လျားသည်။ ဂျပန်စစ်သားများက ကြိမ်းမောင်း ရေရွတ်သည်။ တာရိုးကလေးပေါ်တွင် ဘုန်တထောင်းထောင်းထနေသည်။ ဂျပန်စစ်သားနှင့် ပုလိပ်အမှုထမ်းများသည် လူအုပ်အား သေနတ်ဖြင့် ချိန်ရွယ်လျက် ကျွဲအုပ်၊ နွားအုပ်ကို မ လာသလို ခေါ်ဆောင်လာခြင်းဖြစ်သည်။

ဂျပန်များသည် ရွာသားအချို့အား အိပ်ယာထဲမှ ဆွဲထုတ်ခေါ်လာဟန်တူသည်။ ကျောတွင် အင်္ကျီမပါ။ တစ်ချို့မှာ လုံကွင်းပိုင်းကို ပခုံးပေါ်တင်ထားသည်။ တစ်ချို့မှာ လော်တတ်ကြီးကိုင်လျက်သားဖြစ်သည်။ တစ်ချို့မှာ မျက်နှာသစ် ရသေးဟန်မတူ။ မျက်လုံးကို ပွတ်လားသပ်သား လုပ်လာကြသည်။

"ဟယ် ဦးကြီးဖိုးရုံလဲပါတယ်ဟဲ့။ အဖိုးကြီးဟာ နေထိုင်မကောင်းလို့ လမ်း ကောင်းကောင်း မလျှောက်နိုင်ရှာဘူး။ "

ဒေါ်မှုန်ကပြောသည်။ လူအုပ်ကို ပုလဲအသေအချာ ခြေဖျားထောက် ကြည့်သည်။ လူအုပ်နောက်ပိုင်းကို ကျော်လွှားကြည့်သည်။ လူအုပ်နောက် ခပ်လှမ်းလှမ်းတွင် ကုတ်ချောင်းချောင်းနှင့် လိုက်လာသော မိန်မးသိုက်ကို တွေ့ရသည်။ ကလေးတစ်ဖက်နှင့် စိန်ကြည်ကိုမြင်ရသည်။ ဘကြီးဦးဖိုးရုံမိန်းမ အရီးချိန်သည် လူအုပ်၏နောက်တကာ့ နောက်ဆုံးမှ ဝါးတောင်ဝှေးကို ထောက်လျက် ချည့်ချည့်နဲ့နဲ့ လိုက်လာသည်။

မကြာမီ ရှေ့ဆုံးမှ ဂျပန်စစ်သား ၂ယောက်နှင့် ပုလိပ်အမှုထမ်းသည် ပုလဲတို့အိမ်ငယ်ရှေ့ ရောက်လာသည်။ ဂျပန်စစ်သားတစ်ယောက်က ပုလိပ် အမှုထမ်းအား အိမ်ငယ်ကိုလက်ညိုးထိုးပြသည်။ ပုလိပ်အမှုထမ်းအား တစ်စုံတစ်ရာမေးသည်။ သုံးယောက်သား အိမ်ငယ်ရှေ့တွင် ရပ်သည်။ ဂျပန်စစ်သားတစ်ယောက်က အိမ်ငယ်အတွင်းသို့ သေနတ်ဖြင့် ထိုးချိန်သည်။

" ဒီအိမ်က ယောက်ျားကော၊ ယောက်ျား။ ယောက်ျား။ ယောက်ျား ထွက်ခဲ့စမ်း။ "

ပုလိပ်အမှုထမ်းက အောင်ဟစ်မေးသည်။

" ယောက်ျားမရှိဘူး "

ဒေါ်မှုန်ကပြန်အော်သည်။

" မရှိဘူး ဟုတ်လား ။ ဘယ်သွားသေလဲ "

အမှုထမ်းကရေရွတ်သည်။

" အောင်မာ။ မရှိဘူးတော့်။ မရှိဘူး။ ကျုပ်တို့က မိန်းမချည်းနေတာ "

ထိုအခိုက် လူအုပ်နောက်မှ မောင်ချိတ်သည် ဂျပန်စစ်သားနှင့် ပုလိပ် အမှုထမ်းရှိရာသို့ အူရားဖားရားပြေးလာသည်။ ပုလိပ်အမှုထမ်းအား ဤအိမ်တွင် ယောကျ်ားမရှိကြောင်းပြောသည်။ ဂျပန်စစ်သားနှစ်ယောက်ကိုလည်း "မရှိဘူး မရှိဘူး " ဟု လက်ဝါးခါပြသည်။

ဂျပန်စစ်သားနှစ်ယောက်သည် ဒေါ်မှုန်နှင့်ပုလဲအား လှည့်ကြည့်လှည့်ကြည့်နှင့် ရှေ့ဆုံးမှ ထွက်ခွာသွားသည်။ ပုလိပ်အမှုထမ်းသည် နောက်မှသုတ်သုတ် လိုက်သည်။ ဖမ်းဆီးခေါ်ဆောင်လာခြင်းခံရသော လူအုပ်နှင့် ဂျပန်စစ်သားအချို့ ပုလိပ်အမှုထမ်းအချို့ကလည်း အစဉ်တစိုက် ရှေ့သို့ဆက်လက်ကြလေသည်။ သူတို့အားလုံး၏နောက်ပိုင်းမှ ဖမ်းဆီးခံရသော လူစုနှင့်ပတ်သက်ရာ ပတ်သက်ကြောင်းများကလည်း ကုတ်ချောင်းကုတ်ချောင်းနှင့်လိုက်မြဲ လိုက်လာကြလေသည်။ ပုလဲနှင့်ဒေါ်မှုန်သည် အိမ်ငယ်ပေါ်မှ အောက်သို့ဆင်းခဲ့ကြသည်။

" ဘာဖြစ်တာလဲဟဲ့ စိန်ကြည်"

ပုလဲကသူ့အနားရောက်လာသော စိန်ကြည်ကိုဆီးမေးလိုက်သည်။ စိန်ကြည့် မျက်လုံးအိမ်မှ မျက်ရည်စို့စို့ကို ပုလဲသတိပြုမိသည်။ " စောစောစီးစီးကြီးဟယ် " ဟူ၍ မပွင့်မလင်း ပုလဲရေရွတ်သည်။

"မပြောတတ်ပါဘူးမမပုလဲရယ်။ သူကြီးအိမ်ဆိုပြီး ခေါ်သွားတာပဲ။ အဘလဲ ပါတယ်။ အစ်ကိုတော့ ညပိုက်ဆင်းသွားလို့တော်ပါသေးရဲ့"

စိန်ကြည်ကမသက်မသာပြောသည်။ ကိစ္စကတော့ ဘာမှန်းမသိရသေး။

"ကင်းသမားတစ်ချို့နဲ့ စံတုတ်တို့ သာဖန်တို့ လူတစ်စုတော့ ဘုန်းကြီး ကျောင်းဘက်ထွက်ပြေးကြတယ်။ "

စိန်ကြည်နှင့်အတူပါလာသော မိန်းမတစ်ယောက်ကပြောသည်။

" စစ်တွေဘာတွေများ တိုက်ခိုင်းဦးမှာလားဟယ် "

ဒေါ်မှုန်က သူထင်ရာသူပြောသည်။

"ကြံကြီးစည်ရာ မမှုန်ရယ်။ စစ်သားမှ မှုတ်ဘဲ။ စစ်တိုက်တတ်မတဲ့လား။ သေနတ်ကို အမြီးမှန်းခေါင်းမှန်းမသိတဲ့ဟာ "

အဖွားကြီးဒေါ်ဥကပြောသည်။ သူတို့သည် တအောင့်တနား စကားရပ်ပြော ကြသည်။ နောက်တော့ ထိုနေရာမှ ထွက်ခွာကြသည်။

"လာဟဲ့ ပုလဲ တို့များလဲလိုက်ကြည့်ရအောင် တစ်ခုခုဖြစ်တော့လဲ အများနဲ့ဘဲဟာ"

ဒေါ်မှုန်က ပုလဲလက်ကို ဆွဲခေါ်သည်။ ပုလဲကိုယ်တိုင်ကလည်း အရီးဥနှင့် စိန်ကြည့်အပေါ် သံယောဇဉ်မကင်း။ သို့နှင့် မိန်းမသိုက်ကို အမှီလိုက်လျက် အတူရောနှောပါသွားလေသည်။

သားတွဲလောင်း သမီးတွဲလောင်း ရွာသူတစ်ချို့သည် နေအိမ်များမှထွက်ကြသည်။ မြစ်ဆိပ်ရှိရာသို့ ခပ်သုတ်သုတ်ဆင်းကြသည်။ သူတို့ကအကြံနှင့်ဖြစ်သည်။ ဂျပန်တို့ ဖမ်းဆီးခေါ်ဆောင်လာသူများထဲတွင်ကား သူတို့နှင်ပတ်သက်သူများ မပါပေ။ သို့သော် သူတို့နှင့်ပတ်သက်သူများသည် မကြာမီ ပိုက်သိမ်း၍ တက်လာကြပေလိမ့်မည်။ ထိုအခါ ရွာဆိပ်ကမ်းသို့မဝင်ရောက်ရန် အထိမ်းအမှတ် ပြနိုင်ရေးအတွက် ဖြစ်သည်။ သို့ရာတွင် ယင်းကိစ္စအတွက်သူတို့ ပူပန်ကြောင့် ဖြစ်ရန်မလို။ အဘယ်ကြောင့်ဆိုလျှင် ဘုန်းကြီးကျောင်းရှိရာသို့ ထွက်ပြေး လွတ်မြောက်သွားကြသူများက ထိုသူများအား ဆီးကြို၍ပြောနှင့် သောကြောင့် ဖြစ်သည်။

စင်စစ်ဂျပန်စစ်သားများနှင့် မြို့ပိုင်တစ်ယောက်၊ ရာဇဝတ်အုပ်တစ်ယောက်၊ ပုလိပ်အမှုထမ်း တစ်ကျိပ်ခန့်ပါဝင်သော လူဖမ်းအဖွဲ့တစ်ဖွဲ့သည် ရွာသူကြီး ဦးမောင်ကြီး နေအိမ်သို့ မိုးမလင်းခင် ၅နာရီလောက်ကရောက်လာကြသည်။ မိုးမခနယ်ဘက်တွင် ကားလမ်းနှင့် လေယာဉ်ကွင်းဖောက်လုပ်ရန် အတွက် လူ၅၀ပေးရမည်ဟု ဂျပန်စစ်ဗိုလ်က တောင်းသည်။ ဦးမောင်ကြီးက တောင်တောင်မြောက်မြောက် ပြောဆိုကာကွယ်သည်။ မရ။ ဂျပန်စစ်ဗိုလ်မျက်နှာ နီမြန်းလာသည်။ အတူပါလာသော မြို့ပိုင်နှင့်ရာဇဝတ်အုပ်ကလည်း ယင်းကိစ္စမှာ စက္ကော့တစ်ရွာတည်းမဟုတ်၊ ကျီးကန်းသိုက်ရွာ၊ တော်ကလွတ်ရွာ စသည်များ မှလည်း လူ၅၀ကျ ပေးရမည်။ ဂျပန်စစ်တပ်များနှင့် မြို့နယ်အုပ်ချုပ်ရေး အရာရှိများသည် လူခွဲလျက် ထိုရွာများသို့ သွားကြပြီဖြစ်ကြောင်းပြောသည်။

မှန်သည်။ ဂျပန်စစ်သားအချို့နှင့် မြို့နယ်အုပ်ချုပ်ရေးအရာရှိအချို့သည် ကျီးကန်းသိုက်ရွာ၊ ထော်ကလွတ်ရွာ စသည်များသို့လည်း လူခွဲလျက် သွားကြ သည်။ ဌာနာပိုင်ကိုကံရသည် ထော်ကလွတ်ရွာအုပ်စုတွင် ပါသွားသည်။

နောက်ဆုံးတော့ ဂျပန်စစ်ဗိုလ်သည် စက္ကော့ရွာငယ်အား ဂျပန်စစ်သားများ ပုလိပ်များနှင့်ဝိုင်းသည်။ အိပ်ပေါက်စေ့ တတ်စေသည်။ ယောကျ်ား မှန်သမျှကို ခေါ်လာခြင်းပြုစေသည်။ သူကြီးဦးမောင်ကြီးရော ဆယ်အိမ်ခေါင်းဦးဗလရော ဘာမျှမတတ်နိုင်။

ရေဆိပ်ကင်းတဲတွင်ရှိသော ကင်းသမားလူရွယ်များသည် ဂျပန်စစ်သားများ လာသည်ကို အစောဆုံးသိရသူများဖြစ်သည်။ သူကြီးအိမ်အနီးရှိလူများမှာလည်း ဂျပန်တို့အကြံအစည်ကိုကြိုတင်၍ သိကြသည်။ ထို့ကြောင့်သူတို့က အခွင့် ကောင်းရကြသည်။ လစ်ထွက်သွားနိုင်ကြသည်။

ဒေါ်မှုန်ကိုခေါ်၍ လိုက်ခဲ့ရသည့်တိုင် ပုလဲစိတ်တထင့်ထင့်တော့ဖြစ်မိသည်။ ကိုကံရနှင့် တွေ့များတွေ့လေမလားဟု ပုလဲစိုးရိမ်မိသည်။ သို့ရာတွင် ဤလိုလူပုံအလယ်၌ကား ကိုကံရသည် တစ်စုံတစ်ရာပြုဝံ့ရဲရှိမည်မဟုတ်ဟူ၍ပုလဲ ယူဆသည်။

မကြာမီ ရွာလယ်ပိုင်းအတွင်းသို့ သူတို့ရောက်လာသည်။ သူကြီးနေအိမ်ရှေ့ ကိုတော့ မရောက်ကြသေး။ အိမ်ရှေ့မြေကွက်လပ်ကို လှမ်းမြင်နေရသည်။ သူကြီးအိမ်ရှေ့တွင် လှုပ်လှုပ်ရွရွဖြစ်နေသော လူတစ်ချို့အားတွေ့ရသည်။ ဟိုအိမ် ဒီအိမ်မှ ခွေးဟောင်သံများကိုလည်း ကြားရသည်။ လူသုံးလေးယောက်က ဟောင်သောခွေးများအား ပစ်ခတ်ခြောက်မောင်းနေသည်။ တာရိုးထက်တွင် ဂျပန်စစ်သားတစ်ချို့နှင့်ပုလိပ်အမှုထမ်းတစ်ချို့ကိုတွေ့ရသည်။ ဂျပန်စစ်သားသုံး လေးငါးယောက်သည် တာရိုးဟိုမှာဘက်နှင့် သည်မှာဘက်ကို ကူးချေ သန်းချေနှင့် လမ်းသလားနေသည်။

အိမ်တံခါးပေါက်များတွင် ရွာသူအမျိုးသမီးကြီးတစ်ချို့နှင့် ကလေးသူငယ် များအားတွေ့ရသည်။ မျက်လုံးများစွာသည် သူကြီးအိမ်ရှိရာ မျှော်ကြည့်နေရုံမှ လွဲ၍ကား မည်သို့မျှ မတတ်နိုင်သလိုရှိကြသည်။ သူတို့အားလုံး မျက်စိ မျက်နှာတွေကတော့ တယ်မကောင်းကြ။ စောစောစီးစီး စိတ်ထိခိုက်စရာ တွေကိုချည်း ပုလဲမြင်ရလေသည်။

ဂျပန်စစ်သားများနှင့် ပုလိပ်များသည် တောင်ပိုင်းမှ ဖမ်းဆီးခေါ်ဆောင် လာသော ရွာသားများအား သူကြီးအိမ်ရှေ့ရှိ လူအုပ်အတွင်းသို့ ရောနှော သွင်းလိုက်သည်။ လူအုပ်မှာ ပိုများသွားသည်။ ထိုအခါ မပွင့်မလင်း ညည်းတွားရေရွတ်သံများကို ကြားရသည်။ မကြားတကြား ကျိမ်တွယ်ဆဲရေးသံ များကိုကြားရသည်။ အိမ်ရှေ့မြေကွက်လပ်တွင် မူလကယောကျ်ားလူရွယ် လူလတ်ပိုင်း နှင့်လူကြီးပိုင်း အပါအဝင် ခြောက်ဆယ်ခန့်ရှိမည်။ အားလုံး မြေကြီးပေါ်ဆောင့်ကြောင့် ထိုင်နေကြသည်။ သူတို့ဘေးဘီတစ်ဝိုက်တွင် သေနတ်ကိုင် ဂျပန်စစ်သားများနှင့် ပုလိပ်အမှုထမ်းများရှိသည်။ သူတို့က လူနည်းစုဖြစ်သောကြောင့် အနေအထား ကျဲကျဲဖြင့် လူအုပ်အား ဝိုင်းရံထား သလိုရှိသည်။ တကယ်ဆိုတော့လည်း သူတို့ကဝိုင်းရံထားခြင်းဖြစ်သည်။

တာရိုးအောက်ခြေအတွင်းဘက်တွင် မိန်းမများနှင့် ကလေးသူငယ်များလည်း ရှိနေကြသည်။ အိမ်ပေါက်စေ့မှထွက်လာသော မိန်းမများသည် ခပ်လှမ်းလှမ်းမှ မဝံ့မရဲရပ်လျက် ဂျပန်တို့၏ အရိပ်အကဲကိုလေ့လာကြသည်။ ဂျပန်စစ်သားများနှင့် ပုလိပ်အမှုထမ်းများကလည်း အမျိုးသမီးနှင့်

ကလေးသူငယ်များအား လူအုပ်အနီး သို့ မချဉ်းကပ်နိုင်အောင် ဟန့်တားထားသည်။ အော်သည့်အခါ အော်သည်။ ကြိမ်းမောင်းသည့်အခါ ကြိမ်းမောင်းသည်။ လက်ကားယားခြေကားယားနှင့် သဟောက်သဟ ပြုသည်။

" လာ လာ မမပုလဲ"

ကလေးတစ်ဖက်နှင့်စိန်ကြည်က ပုလဲကိုလှမ်းခေါ်သည်။ ပုလဲ စိန်ကြည့် ဘေးဝင်ရပ်လိုက်သည်။ တောင်ပိုင်းမှ လိုက်လာသောမိန်းမများသည် မန်ကျည်းပင်ကြီး တစ်ပင်အောက်တွင် စုရုံးကြသည်။ သူကြီးအိမ်ရှေ့ မြေကွက်လပ်ရှိ လူအုပ်နှင့်ဆိုလျှင် အလွန်ဆုံး ၁၅ကိုက်လောက်ဝေးသည်။ သူတို့ရှေ့တွင် ဂျပန်စစ်သားသုံးယောက် ရှိသည်။ လေးငါးကိုက်လောက်ပဲ ဝေးသည်။ လူအုပ်နှင့်သူတို့အမျိုးသမီးများကို ဂျပန်စစ်သားသုံးယောက် ကခြားထားသလို ရှိပြန်လေသည်။

အခြားအခြားသော အမျိုးသမီးများက ဖမ်းထားသော လူအုပ်ရှိရာသို့ မျက်စိအာရုံ ရောက်နေသော်လည်း ပုလဲသည် ပတ်ဝန်းကျင်မှ တစ်စုံတစ်ယောက်အား စူးစမ်းရှာဖွေဟန်ရှိသည်။ ပုလိပ်တွေထဲတွင် ကိုကံရများ ပါလေမလား။

"တကထဲတော်။ စောစောစီးစီး အိပ်ယာထဲကမထွက်ရသေးဘူး ဘီလူးသရဲ စီးသလို အိမ်ပေါ်အတင်းတက် အတင်းဆွဲတော့တာပဲ။ အိမ်ကတစ်ယောက် မျက်နှာတောင် မသစ်ရသေးဘူး။ "

ပုလဲတို့အုပ်စုထဲမှ မိဖျိုင်းကပြောလေသည်။

" ဒီလိုပါပဲဟယ် အိမ်ကတစ်ယောက်လည်း ရေနွေးခါးတစ်ခွက်သောက်တော့မယ် လုပ်ခါရှိသေး တစ်ခါတည်း သေနတ်ကြီးနဲ့ချိန်ပြီး အတင်းခေါ်တာပါပဲ။ "

မောင်ချို့မိန်းမ မိခွေးကပြောပြန်သည်။

" လူတွေကို ဒင်းတို့က ဘာလုပ်ခိုင်းဦးမယ်မသိပါဘူး "

တစ်ယောက် ကတစ်မျိုးပြောပြန်သည်။

"တိတ်တိတ်နေကြစမ်းပါဟယ်။ ဟိုကဘာတွေပြောမလဲကြားရအောင်။ ဟိုမှာ ဟိုမှာ သူကြီးနဲ့အတူတူဆင်းလာတဲ့လူတွေ။ ကြည့် ကြည့်။ အသားဖြူဖြူ အရပ်ရှည်ရှည်လူဟာ အကြီးအကဲနဲ့တူတယ်။ အရာရှိလား ဘာလားပဲ။ "

" ဟုတ်မလားဟဲ့။ ဟိုဓါးလွယ်ကြီးနဲ့ဆင်းလာတဲ့ ဂျပန်ကမှအကြီးဆုံးဖြစ်မှာပေါ့။ ကြည့်ပါလား။ သူ့ခြေထောက်က ဘွတ်ဖိနပ်အရှည်ကြီးတောင် မချွတ်ဘူး။ "

မန်ကျည်းပင်အောက်မှ မိန်းမသိုက်သည် ကြွက်စီ ကြွက်ညံဖြစ်ကြပြန်သည်။ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ တစ်ယောက်တစ်ပေါက်ပြောကြသည်။ မကြာမီ သူတို့အသံ တိတ်သွားသည်။ သူကြီးအိမ်ပေါ်မှ လူများဆင်းသက်လာသော ကြောင့် ဖြစ်သည်။

ရှေ့ဆုံးမှဆင်းလာသော ဂျပန်စစ်ဗိုလ်နှင့်မြို့ပိုင်သည်ထိုင်နေသော လူအုပ်ကို မျက်နှာမူရပ်လိုက်သည်။ သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလ သည် ဂျပန်စစ်ဗိုလ်နှင့် မြို့ပိုင်နောက်မှ နေလျက် ထိုင်နေသော လူအုပ်အား မကြည့်ပဲ တာရိုးအောက်ခြေရှိ မိန်းမများ၊ မန်ကျည်းပင်အောက်နှင့် သရက်ပင်အောက်ရှိ မိန်းမများအား လှမ်းကြည့်သည်။

မြို့ပိုင်သည် ချောင်းတစ်ချက် ဟန့်လိုက်သည်။ ပြီးသော် ကိုယ်ကို တောင့်တောင့်ထားလျက် စကားစတင်ပြောသည်။

"ခုကိစ္စက တခြားမှုတ်ဘူး။ မိုးမခနယ်ဘက်မှာ လေယာဉ်ပျံကွင်းနဲ့ မော်တော်ကားလမ်းဖောက်လုပ်မယ့် ကိစ္စပဲ။ အဲဒီအတွက်ခင်ဗျားတို့ထဲက ကျမ်းမာသန်စွမ်းတဲ့ လူငါးဆယ်ကို နိပ္ပွန်တပ်မတော်က လိုချင်တယ်။ အမှန်တော့ ဒီလူ၅၀ဟာ အင်မတန်ကံကောင်းတဲ့လူတွေဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ ဟိုမှာ ခင်ဗျားတို့အတွက် နေရေးထိုင်ရေး၊ စားရေးသောက်ရေး ဘာမှပူစရာ မလိုဘူး။ နိပ္ပွန်တပ်မတော်က

အားလုံးအဆင်သင့်စီစဉ်ထားတယ်။ နောက်ပြီး ခင်ဗျားတို့လခရမယ်။ အိမ်က သားမယားထံကို သုံးလ တစ်ခေါက် ပြန်ခွင့်ရမယ်။"

မြို့ပိုင်သည် ထိုနေရာအရောက်တွင် ခေတ္တစကားဖြတ်လိုက်သည်။ ဂျပန်စစ်ဗိုလ် ဘက်လှည့်ကာ တစ်စုံတစ်ရာမေးမြန်းသည်။ ဂျပန်စစ်ဗိုလ်က ပြောသည့်အခါ မြို့ပိုင် ခေါင်းတဆက်ဆက်ညိတ်သည်။

"လခလဲရမယ်၊ စားဖို့သောက်ဖို့လဲ မပူရဘူးဆိုပဲ။ နောက်ပြီးသုံးလ တစ်ခေါက်ပြန်နိုင်မယ်တဲ့။ "

မဲကြီးမိန်းမ မိချက်က ပြောသည်။

"ဒီအတိုင်းဆိုရင် သိပ်တော့ ဆိုးဆိုးဝါးဝါး မှတ်ဖူးပေါ့ဟယ်။ တော်သေးတာပေါ့။" ဟု သာဒွေးမိန်းမက ပြောပြန်သည်။

ပုလဲသည် သူ့ဘေးတစ်ဖက်ရှိစိန်ကြည်ကို လှမ်းကြည့်သည်။ စိန်ကြည့် ပါးပြင်တွင် မျက်ရည်စများကို ပုလဲတွေ့ရသည်။ ပြီး ..

"ကျမတော့ သဘောမတူဘူး မမပုလဲရယ်။ သားပစ်မယားပစ်နဲ့ တစ်နယ် တစ်ကျေးသွားရမယ့်ကိစ္စ။ ရွာမှာနေလဲ ပိုက်ချနိုင်ရင် ထမင်း တစ်ဝမ်းတော့ စားရသား။ နောက်ပြီး မိုးမခဘက်ကသိပ်ငှက်ဖျားကြီးတာ။ ခေတ်အခြေအနေ ဆိုတာကလဲ ကောင်းတာမှတ်ဘူး။ "

ဟု နင့်ဆို့ဆို့ စိန်ကြည်ပြောသည်။

စိန်ကြည့်ကိုကြည့်ပြီး ပုလဲစိတ်မကောင်း။ စိန်ကြည့်စကားအင်မတန်မှန်သည်။ မိုးမခနယ်သည် ငှက်ဖျားထူသည်။ ငှက်တော ခွေးတောဟူ၍ပင် လူကြီးတွေက ပြောကြသည်။ ပြီးသော် ဒီလူတွေ ဂျပန့်လက်ထဲရောက်ရင် အနိုပ်စက် အညှင်းဆဲခံကြရမှာလဲဟု ပုလဲတွေးသည်။

" ကဲ နားထောင်ကြဦးဗျို့ "

မြို့ပိုင်က စကားဆက်ပြောသည်။ ကြွက်စီကြွက်စီဖြစ်နေသောလူအုပ် အသံတိတ်သွားပြန်သည်။

"ဒီတော့ ခင်ဗျားတို့အထဲကဘယ်သူတွေ လိုက်ချင်သလဲ။ လိုက်ချင်တဲ့လူ မတ်တတ်ထပါ။ ဒီကိစ္စဟာ အင်မတန်ရခဲတဲ့အခွင့်အရေးကြီးလဲဖြစ်တယ်။ နိပ္ပွန်တပ်မတော်ကြီးကို ကူညီရာလဲရောက်တယ်။ ကိုယ့်တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရာလဲရောက်တယ်။ နောက်တစ်ခုက ခင်ဗျားတို့ ဆုလာဘ်တွေ ဘာတွေလဲရမယ်။ ကိုင်း ဘယ်သူလိုက်မလဲ။ လိုက်ချင်တဲ့သူ ထ "

ဂျပန်စစ်ဗိုလ်သည် မျှော်လင့်ချက်ထားဟန်နှင့် လူအုပ်အား ပြုံးပြုံးကြီး စိုက်ကြည့်သည်။ ထိုင်နေသော လူအုပ်သည် သူတို့အချင်းချင်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်၊ သူကြီးနှင့် ဆယ်အိမ်ခေါင်းရှိရာသို့ လှမ်းကြည့် လိုက်ရှိသည်။ တစ်ယောက်မှ ထိုင်ရာကမထ။

ပုလဲရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။ ဘုရား၊ ဘုရား၊ သူတို့ထဲက တစ်ယောက်တစ်လေများ ထလိုက်မလား။ မထပါစေနဲ့နော် ဟုပုလဲစိတ်က ဆိုတောင်းသည်။ စိန်ကြည့်ဘက်သို့လှည့်ကြည့်မိပြန်သည်။ စိန်ကြည့်ပါးစပ်က တွတ်တွတ် တွတ်တွတ်ဆိုနေသည်။ အသံမထွက်၊ ဘာတွေဆိုနေမှန်းမသိ။

" စိန်ကြည် နင်ဘာတွေဆိုနေတာလဲ။ "

စိန်ကြည် ဖျက်ကနဲ တုန်သွားသည်။

" ကိုဖိုးလုံး မတ်တတ်ရပ်လိုက်မှာစိုးလို့ ဆုတောင်းနေတာပါ မမပုလဲရဲ့။ "

စိန်ကြည် ကဖြေသည်။

" သြော် ဟယ် ဖြစ်ရလေ မိစိန်ကြည်ရယ် "

ပုလဲညည်းညူလိုက်မိလေသည်။

" ကဲ ကဲ ဘယ်သူတွေလိုက်ကြမလဲ။ လိုက်ချင်တဲ့လူ ထပါ။ ဒီအလုပ်ဟာ ကုသိုလ်လဲရ ဝမ်းလဲဝ အလုပ်မျိုး။ အင်မတန် ကြုံကြိုက်ခဲတယ်။ "

မြို့ပိုင်မင်းက ဆွယ်တရားဟောပြန်သည်။ လူအုပ်ကားမလှုပ်ရှား။ တစ်ယောက် တစ်လေမျှ အားနားပါးနာ မထ။

" ထပါ ထပါ။ အလုပ်လဲရမယ်။ လခလဲရမယ်။ ကောင်းကောင်းမွန်မွန်စားရမယ်။ အဝတ်အစားတည်ကောင်းတွေကို စျေးပေါပေါနဲ့ရမယ်။ "

မြို့ပိုင်မင်းက ကြေငြာပြန်သည်။

လူတစ်ယောက်ဆက်ကနဲ ထရပ်လိုက်သည်။ အသက်သုံးဆယ်ခန့် ရှိမည်။ အင်္ကျီမပါ မဲမဲကျစ်ကျစ် ယောင်တစောင်းနှင့်၊

" ဖိုးဒီ ဟဲ့ ဖိုးဒီ "

မန်ကျည်းပင်အောက်ရှိအမျိုးသမီးများက သူတစ်ခွန်း ငါတစ်ခွန်း အော်ဟစ် လိုက်သည်။

" ကျုပ် တစ်ခုမေးပါရစေဗျာ "

ဖိုးဒီက မြို့ပိုင်မင်းရှိရာ လှမ်းပြောသည်။

" မေးပါ မေးပါ။ မေးနိုင်ပါတယ်။ "

မြို့ပိုင်မင်းကပြောသည်။ လူတွေအားလုံးက ဖိုးဒီအပေါ်အာရုံစိုက်ကြသည်။ ဖိုးဒီက ဘာတွေမေးမလို့ပါလိမ့်။ ဒီကောင်ဟာ တစ်ကိုယ်ရေလုံးခြင်းသမားလဲ မဟုတ်ဘူး။ သားနဲ့မယားနဲ့။ ကလေး လေးယောက်နဲ့။

" ကျုပ်တို့သားမယားတွေ ခေါ်သွားနိုင်မလားဗျ "

ဖိုးဒီ၏အမေးကို မြို့ပိုင်မင်းချက်ချင်းမဖြေနိုင်။ သူနှင့်အတူယှဉ်ရပ်နေသော ဂျပန်စစ်ဗိုလ်အား တစ်ဆင့်ဖောက်သည်ချရသည်။ ဂျပန်စစ်ဗိုလ်မျက်နှာထား တင်းသွားသည်။ သဘောမကျသလို ခေါင်းသွက်သွက်ရမ်းသည်။

"မခေါ်နိုင်ဘူး။ မိန်းမတွေ ကလေးတွေအတွက် ဟိုမှာ ဘာအစီအစဉ်မှ မရှိသေးဘူးတဲ့။ နောင်အခါမှ အစီအစဉ်လုပ်ပြီးရင် ခေါ်နိုင်မယ်တဲ့။ "

မြို့ပိုင်မင်းစကား မဆုံးခင် ဖိုးဒီထိုင်ချလိုက်လေသည်။

အားလုံးငြိမ်ဆိတ်နေသည်။ လူတွေသာမဟုတ်၊ ပတ်ဝန်းကျင်မှာလည်း ငြိမ်သက်နေသည်။ သက်ရှိများပင် သက်မဲ့လိုဖြစ်နေသည်။

နေရောင်ခြည်ပွင့်လင်းလာပြီ။ ဂျပန်စစ်ဗိုလ်၏ လက်တစ်ဖက်သည် ခါးတွင် ချိတ်ထားသော ဓါးရိုးပေါ်ရောက်သွားသည်။ ဓါးရိုးကို လက်ကနာနာပွတ်သည်။ ခြေထောက်တစ်ဖက်မြေပြင်ပေါ် မြင်းခွာရပ်သလို တရှပ်ရှပ်လုပ်သည်။ မြို့ပိုင် ဘက်လှည့်၍ တစ်စုံတစ်ရာကိုပြောသည်။

" ကဲ နောက်ဆုံးမေးမယ်။ ဘယ်သူလိုက်မလဲ လိုက်မယ့်သူ ထ "

မြို့ပိုင်မင်းက အသံခတ်ထန်လာသည်။ ဘယ်သူမှ မထ။ ငြိမ်သက်နေကြ လေသည်။

ဖြူနေသော ဂျပန်စစ်ဗိုလ်မျက်နှာသည် မှင်နီနှင့် ပက်လိုက်သလား ထင်ရသည်။ ခတ်ထရော်သည့် အသွင်သို့ ချက်ချင်းကူးပြောင်းလာသည်။ ပြုံတော့မည့် မိုးသို့နှယ်။

" ခူးရား ။ ဒရော်ဘော "

ဂျပန်စစ်ဗိုလ်ပါးစပ်မှ တံတွေးပေါက် တံတွေးစက်များ လွင့်စင်ထွက်ကျ လာသည်။ သူ့စစ်သားများရှိရာသို့ လှမ်းအော်သည်။ ဂျပန်စစ်သားများရော ပုလိပ်အမှုထမ်း များပါ လူအုပ်ရှိရာသို့ ပြေးဝင်လာသည်။

ဘေးပတ်ပတ်လည်မှ ဝိုင်းသူက ဝိုင်းသည်။ ဂျပန်စစ်သားခြောက်ယောက်သည် လူအုပ်တွင်းသို့ အတင်းစွတ် ဝင်သည်။ ထိုင်နေသော ရွာသားများအား တစ်ယောက်ပြီး တစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် ထခိုင်းသည်။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြုသည်။ ဂျိုင်းနစ်ဖက်မှ မထူသည်။ စစ်ဖိနပ်ဖြင့် ညှိုတံကျည်း ပိတ်ကန်သည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်း သောသောရုပ်ရုပ် ဖြစ်သွားသည်။ အားလုံးထပြီးသားဖြစ်ကုန်သည်။

ဂျပန်စစ်ဗိုလ်နှင့်စစ်သားများသည် ထိုလူအုပ်ထဲမှ စိတ်ကြိုက်ဖြစ်သော လူရွယ်လူလတ်များကို တစ်ယောက်ချင်းရွေးထုတ်သည်။ တစ်ဦးချင်း စီစစ် ကြည့်သည်။ ပခုံးဖိကြည့်သည်။ လက်မောင်း ကြွက်သားများကို ဆုပ်နယ် ကြည့်သည်။ မြင်းဝယ် နွားဝယ် သလိုဖြစ်သည်။ ရွေးပြီးသားသူများအား တစ်ဖက်တွင် သပ်သပ်ဖယ်ထုတ်ထားသည်။ ပြီးနောက် ထပ်မံစစ်ဆေး ရေတွက်သည်။ လူ ၅၀ ပြည့် မပြည့်။

ထိုကဲ့သို့အရွေးခံရသောသူများထဲတွင် ဦးဖိုးရုံလို နာမကျန်းဖြစ်နေသူများ၊ ဦးပေါ်လာလို လူကြီးများတော့မပါ။ မောင်ချို၊ ဖိုးလုံး၊ မဲကြီး၊ ဖိုးဒီ စသော ပိုက်သမားများအားလုံးနှင့် ကာလသားလူရွယ်လူလတ်များအားလုံး ပါဝင် လေသည်။

"ခင်ဗျားတို့တောင်ဘက်က လူကြီးတွေအားလုံး ပြန်နိုင်ပြီ။ ကဲ သွားကြတော့။ ကျန်တဲ့သူတွေ ဒီဘက်ကိုတိုး။ လေးယောက်တစ်တွဲ တန်းစီထိုင် "

မြို့ပိုင်က ဂျပန်စစ်ဗိုလ်၏ညွှန်ကြားချက်ကို တစ်ဆင့်ပြန်ပြောသည်။ လူနှစ်စု ကွဲသွားသည်။ နှစ်တန်းဖြစ်သွားသည်။ မြောက်ဘက်တစ်တန်း၊ တောင်ဘက် တစ်တန်း။ တောင်ဘက်တန်းမှ လူကြီးအုပ်စုသည် မြေကွက်လပ်မှ ထွက်ခွာသွားကြသည်။ သို့သော် နေအိမ်ရှိရာသို့ ပြန်ကြသည်တော့မဟုတ်။ အမျိုးသမီးအုပ်စုများရှိနေသော သစ်ပင်များအောက်သို့ ဝင်ရောက်ရောနှော ကြခြင်းသာဖြစ်သည်။ ပြီးလျှင် သူတို့ကကျန်သူများ၏ အခြေအနေကို စောင့်ဆိုင်းကြည့်သည်။ ရှေ့ဘာဖြစ်မလဲ။ ဘယ်လိုလုပ်မှာလဲ။

"ကဲ သူကြီး။ ဟောဒီလူတွေအားလုံးဟာ ညောင်တုန်းလိုက်မယ့်လူတွေ။ ဒီတော့ သူတို့နဲ့သက်ဆိုင်သူတွေကို ခပ်မြန်မြန်အကြောင်းကြားပေးပါ။ သူတို့အတွက် အင်္ကျီ၊ လုံချည် အဝတ်အစား အမြန်ဆုံးလာပေးနိုင်တယ်။ နာရီဝက်ပဲဗျို့။ နာရီဝက်ပဲ အချိန်ပေးမယ်တဲ့။ နို့မဟုတ်ရင် ကိုယ်တုံးလုံး လိုက်ရလိမ့်မယ်။ "

မြို့ပိုင်သည် ဂျပန်စစ်ဗိုလ်၏အမိန့်ကို သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်း ဦးဗလဘက်သို့ လှည့်ပြောပြန်သည်။ ရာဇဝတ်အုပ်နှင့် ဂျပန်စစ်သား လေးငါးယောက်က ဖမ်းထားသောသူများအား အမည်စာရင်းများရေးမှတ်ခြင်း၊ လူပုံစံများရေးမှတ်ခြင်းပြုကြသည်။

ဦးမောင်ကြီးနှင့်ဦးဗလသည် ထိုနေရာမှ ထွက်ခွာသွားသည် သူကြီးအိမ်မှာ မောင်ချိတ်အပါအဝင် လူငှားသုံးယောက်သည် သူကြီးနှင့် ဆယ်အိမ်ခေါင်း နောက်မှ ပါသွားသည်။ ဖမ်းထားသောလူစုအနီးတွင် သူတို့ကြာကြာမနေရဲ။ ရောနှောဆွဲခေါ်သွားမှာ စိုးရိမ်ကြသည်။ မကြာမီသူတို့သည် သစ်ပင်အောက်နှင့် တာခြေအောက်တွင်ရှိနေသော မိန်းမသိုက်များအား တစ်ဆင့်ဖောက်သည် ချလေသည်။

ယောကျ်ား မိန်းမအချို့သည် လူပ်လူပ်ရွရွနှင့် နေအိမ်များရှိရာသို့ ပြန်သူပြန်ကြသည်။ အချို့လည်း နေရာတွင် ရပ်နေဆဲ တွေနေဆဲဖြစ်သည်။ သို့ရာတွင် စကားသံများဖြင့် သောသောညံအောင် ပြောသူများကလည်း ပြောနေသည်။ ခေါ်သံ၊ အောင်သံ၊ ဟစ်သံများကလည်း ဟိုနေရာ သည်နေရာမှ ပေါ်ထွက်လာသည်။ အချို့မိန်းမများကလည်း ကျိုန်ဆဲရေရွတ်နေကြသည်။ အားလုံး မကျေနပ်ကြ။ တစ်ယောက်မျှ မကျေနပ်ကြ။

" ဟဲ့ စိန်ကြည် ငိုမနေနဲ့လေ။ ငိုတာက နောက်တော့မှငို။ နင့်ယောကျ်ားဖိုးလုံးဖို့ အဝတ်အစားလေးတွေ ခပ်သုတ်သုတ်သွားယူလေ။ "

ပုလဲက ငိုနေသောစိန်ကြည့်ပခုံးကို ကိုင်လှုပ်ရင်း သတိပေးသည်။ စိန်ကြည့်ကလေးသည် သူ့ဖိုးအေဦးပေါ်လာ လက်ထဲရောက်နေသည်။ အဖိုးကြီး ရော အဖွားကြီးပါ သမက်ရှိရာသို့ လှမ်းကြည့်လိုက်၊ သမီးမျက်နှာကြည့်လိုက်နှင့် ဘာလုပ်ရမှန်းမသိဖြစ်နေသည်။

"ဟင့်အင်း ဟင့်အင်း။ မသွားဘူး မသွားဘူး။ ကျမ မသွားချင်ဘူး။ ပေး ပေး ကျမခလေး ကျမပေး။ အဘတို့အမေတို့သွားယူချင် ယူပေးလိုက်။ "

စိန်ကြည်သည်ခုမှ တရှိုက်ရှိုက် တငင်ငင် ငိုကြီးချက်မဖြစ်တော့သည်။ သူ့အဖေလက်ပေါ်မှကလေးကို အတင်းဆွဲချီသည်။ ကလေး စိန်ကြည့် လက်ရောက်သွားသည်။ စူးစူးဝါးဝါး ကျည်ကျည် လောင်လောင်အောင် ငိုသည်။

" ကဲပါတော် ရှင်ပဲသွားယူပေးစမ်းပါတော်။ "

မျက်ရည်တစမ်းစမ်းဖြင့် အဖွားကြီးဒေါ်ဥ က ဦးပေါ်လာအားပြောသည်။

" ဟုတ်တယ် ဟုတ်တယ် ခပ်မြန်မြန် သွားတော့ "

ဒေါ်မှုန်က တိုက်တွန်းသည်။

အဖိုးကြီးဦးပေါ်လာသည် ထိုင်နေရာမှ ခပ်သုတ်သုတ်ထွက်ခွာသွားသည်။

စိန်ကြည်မှာ ကလေးတစ်ဖက်နှင့် မျက်ရည်အသွယ်သွယ်ဖြစ်နေသည်။ ကလေးကငိုသည်။ စိန်ကြည်ကလည်းငိုသည်။ သားအမိနှစ်ယောက် အပြိုင်အဆိုင်ငိုနေသလား ထင်ရသည်။

ထိုအခိုက် ...

"ကိုဖိုးဒီရေ၊ ဒီခလေး လေးယောက်နဲ့ ကျုပ်မှာလဲ ကိုယ်ဝန်ကြီးနဲ့၊ ဘယ်လိုလုပ် နေခဲ့ ရမှာလဲတော့။ "

ဟူသော ဖွားစိန်၏အော်ငိုသံကြောင့် လူအားလုံး ငိုင်ကျသွားလေသည်။

(၁၉)

မိုးမခ လေယာဉ်ကွင်းနှင့်မော်တော်ကားလမ်းကိစ္စသည် စကြေ့တစ်ရွာလုံးကို ချောက်လှန့်လေသည်။ စကြေ့ရွာနှင့်ရွာနီးချုပ်စပ်များတွင်လည်း ချောက်ချောက် ခြားခြားဖြစ်ကုန်သည်။ လူတွေ အတော်ထိတ်လန့်သည်။ ကျီးလန့်စာ စားဖြစ်ရသည်။ ဒို့ပြင် ဒို့ပြင်ရွာတွေထက် စကြေ့က ပိုဆိုးသည်။ သူတို့ရွာက ဒီတစ်ကြိမ်ပါဆိုလျှင် ၂ ကြိမ်ခံရသောရွာ။

လေယာဉ်ကွင်းကိစ္စသည် သီတင်းသုံးပတ်ခန့်ရှိသွားပေပြီ။ နောက်ထပ်ကား အကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်မလာ။ ဂျပန်တွေ ပုလိပ်တွေလည်း ခုတလောတော့အသွားအလာရပ်နေပြန်သည်။ သို့တိုင်

လူတွေကတော့ ကြောက်မြဲကြောက် လန့်မြဲလန့်နေသည်။ မြစ်ထဲမှ မော်တော်သံကြားလျှင် "ဂျပန်တွေလာပြန်ပြီဟေ့" ဆိုကာ ထမင်းပွဲမှထပြေးကြသည်။ အိပ်ရာထဲမှ ထပြေးကြသည်။ သင်တောထဲဝင်ပြေးကြသည်။ ဝါးရုံတောထဲဝင်ပုန်းသည်။ ဘုန်းကြီးကျောင်း ပြေးသူပြေးသည်။ သချိုင်းဇရပ်ပြေးသူပြေးသည်။ ယောကျာ်းတွေသာမဟုတ်၊ မိန်းမတွေလည်းပြေးကြပုန်းကြသည်။ ရှောင်ကြတိမ်းကြသည်။ ကလေးများပင် ရောယောင်ပြေးကြသည်။ တစ်ရွာလုံး အာဠာဝက ဝင်စီးသလိုဖြစ်နေသည်။ သူကြီးဦးမောင်ကြီးပင် တားလို့ဆီးလို့မရ။ ဆယ်အိမ်ခေါင်းဦးဗလပြောလို့လည်း နားမထောင်၊ သူကြီး ဆယ်အိမ်ခေါင်း စသူများအပေါ်၌ပင် အယုံအကြည်နည်းပါးသလိုဖြစ်လာသည်။ မပြေးမရှောင်ဘဲ နေကြသူများမှာ အဖိုးအို အဖွားအိုများနှင့် နာမကျန်းဖြစ်နေသူများ လောက်သာ ရှိလေသည်။

ထိုကိစ္စဖြစ်လိုက်၍ ရွာတွင်ကာလသားအတော် နည်းသွားသည်။ အပြေးအလွှားရေတွက်မှ ကာလသားခေါင်းစံတုတ်အပါအဝင် အရေးကုန်ဆယ့် လေးငါးယောက်ခန့်သာ ကျန်သည်။ ထိုသူများထဲတွင် လောက်လောက် လားလားအရွယ်က တစ်ကျိပ်ပင်မပြည့်တတ်။ ကျန်သူများမှာ ကာလသားပေါက် ကလေးများ ဖြစ်သည်။ သူတို့က သူတို့ကိုယ်သူတို့ ကံကောင်းသူများဟု ဆိုကြသည်။ ထိုသူများနှင့်ပတ်သက်သူများ အတော်အတန် ရယ်နိုင်ပြုံးနိုင် ကြသော်လည်း မိုးမခနယ်ဘက်သို့ ပါသွားသူများ၏ သားမယားများမှာမူ အချိန်ရှိသရွေ့ တငိုငို တမဲ့မဲ့ဖြစ်နေကြသည်။

ရွာတွင်ကျန်ရစ်သော ကာလသားတစ်ကျိပ်ကျော်မှာလည်း ငါးသလောက်ပိုက် သမားများပင်ဖြစ်ကြသည်။ သူတို့သည် ပိုက်ချက်ရှိရာလေးတိုင်စင်စခန်းမှ ရွာတွင်းသို့မပြန်။ လေးတိုင်စင်တဲ၌ပင် စုဝေးအိပ်ကြသည်။ အလှည့်နှင့် ပိုက်ချသည်။ ထမင်းကို နေအိမ်ကလာရောက်ပို့သူလည်းရှိသည်။ ညနေ တစ်ခေါက် မနက်ဝေလီဝေလင်းတစ်ခေါက် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ ချောင်းဦးတိုအတွင်းသို့သွားရောက်ကြပြီး ငါးပေးရင်း ထမင်းယူသူများလည်း ရှိသည်။ ငါးသား အရနည်းသည့် သူများကမူ လူကြုံပါးနှင့် အပေးအယူ လုပ်ကြလေသည်။

အမြဲတမ်းရွာတွင်းသို့ ပြန်ကြသူများမှာ အိမ်ထောင်ရက်သားရှိသူများနှင့် တံငါအိုကြီး အိုမများသာ ဖြစ်သည်။

ကာလသားများ လေးတိုင်စင်စခန်းတွင် နောက်ထပ်တဲနှစ်လုံးထိုးကြသည်။ ထိုကိစ္စအတွက် အခက်အခဲတော့သိပ်မရှိကြ။ မြောတိုင် မဝမတိုင်နှင့် ဝါးနက်ဝါးလေးငါးချောက်လုံးလောက်သာကုန်သည်။ အမိုးမှာ ငါးလိုက်ချောင်း အနီးတဝိုက်ရှိ ကိုင်းပင်ကိုင်းရွက်များဖြစ်သည်။ ခုတော့ လေးတိုင်စင်စခန်းတွင် တဲသုံးလုံးနှင့် ကာလသားတရုန်းရုန်းဖြစ်နေသည်။

" ဂျပန့်ရန်ကမအေးသမျှတော့ မိုးတွင်းလဲ ဒီအတိုင်းနေကြမှ ထင်တယ်ဟေ့။ "

ထမင်းဝိုင်းဖွဲ့စားနေရာမှ ကာလသားခေါင်းစံတုတ်က ပြောသည်။ စံတုတ် သည်ရွာတွင် ကာလသားခေါင်းဖြစ်ရုံသာမက၊ လေးတိုင်စင်စခန်း အရောက် ကာလသားခေါင်းဖြစ်နေသည်။

"ဒီအတိုင်းတော့မဖြစ်ဘူး။ မိုးလုံအောင်လုပ်မှ။ အခင်းလုပ်ရမယ်။ အကာအရံလဲ လုပ်မှဖြစ်မယ်။ မိုးဦးလေဦးဆိုရင်အင်မတန်ပြင်းတာ။ ဒီအငူစွန်းမှာလဲ နေလို့ရမယ်မထင်ပါဘူးကွာ။ "

သာဖန်ကတစ်ဖက်ထမင်းဝိုင်းမှနေပြောသည်။ လူများလွန်းသည့်အခါ ထမင်းဝိုင်း ကို တစ်ဝိုင်းတည်းဖွဲ့လို့မရ။ နှစ်ဝိုင်းသုံးဝိုင်း ခွဲရသည်။ ကိုယ်ထမင်း ကိုယ်ဟင်းနှင့် စုပေါင်းစားသောက်ကြသည့် သဘောပင်ဖြစ်သည်။

" မင်းဟာက တစ်ရွာတည်ရမယ့်ကိစ္စပါလားကွ " တစ်ယောက်ကပြောပြန်သည်။

" တစ်ရွာဖြစ်တော့မှဖြစ်ရောမောင်။ ဘယ်တတ်နိုင်မလဲ။ မိုးတွင်းဆိုရင် လေမိုးက အင်မတန်ကြမ်းတယ်။ မောင်ရင်အသိပဲ။ မိုးတွင်းတိုင်း မိုးတွင်းတိုင်း ရွာကအိမ်တွေအပြိုခံရတာပဲ။"

သာဖန်ကထပ်ပြောသည်။

"ဒီအတိုင်းလဲ စဉ်းစားမနေကြနဲ့ဦးဟေ့။ ဂျပန်ကတဲတွေသုံးလေးလုံးနဲ့လူတွေ ဒါလောက်များများမြင်နေရင် လိုက်မလာဘူးမှတ်သလား။ လိုက်လာမှာ သေချာတယ် မောင်တို့။ ဒီတော့ ဘာလုပ်ရမလဲဆိုရင်

တစ်တဲနဲ့တစ်တဲ ခပ်လှမ်းလှမ်းခွာဆောက်မှ ဖြစ်မယ်။ ဒါမှ အရေးဟဲ့အကြောင်းဟဲ့ဆိုရင် ပြေးရလွှားရတာလွယ်မယ်။ ”

စံတုတ်ကပြောသည်။ မှန်သည်။ စံတုတ်က သူတို့အားလုံးထဲတွင် လာဘ်အမြင်ဆုံးဖြစ်သည်။ တကယ်လို့များ ဂျပန်တွေနောက်ထပ် လူဖမ်းပွဲ လုပ်ခဲ့လျှင် ဒီနေရာတွင်နေ၍ သူတို့အတွက် လွတ်ကောင်းမှလွတ်မည်။ စံတုတ်တွင် သည်အတွေးသည်အမြင်ရှိလေသည်။ တကယ်ဆိုတော့ ပြေးစရာမြေမရှိဆိုသည်မှာ ဒါမျိုး။

စံတုတ်စကားကြောင့် အားလုံးငြိမ်ဆိတ်သွားသည်။ စားရင်းသောက်ရင်း တွေတွေငေးငေးဖြစ်ကုန်သည်။ တစ်ချို့မှာ ထမင်းလုပ်မျိုမကျသလို လည်ချောင်း ဆန့်ကြသည်။ သူတို့ ထမင်းဝိုင်းများနှင့်ခပ်လှမ်းလှမ်းတွင် တံငါအိုကြီး လေးယောက်မှာ လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် ဝိုင်းဖွဲ့ထိုင်နေကြသည်။ နှစ်ယောက်က လက်ဖက်ရည်ကြမ်းသောက်နေသော်လည်း ကျန်နှစ်ယောက်မှာ မြစ်ပြင်ဆီသို့မျှော်ငေးနေသည်။ သူတို့က အသက်အရွယ်ထောက်လှပြီ။ ဂျပန်ဖမ်းမှာဆီးမှာကိုတော့ ရုတ်တရက်မပူရ။ ပိုက်ထဲငါးမတိုးမှာပဲ ပူရသည်။ အသက်အရွယ်ထောက်လာသည့်အခါ လူရွယ်လူလတ်များနှင့်မယှဉ်သာအောင် ခြားနားသည်။ ပိုက်ချက်ကွန်ချက်နှင့်ငါးသားရှာဖွေမှု၏ အတွေ့အကြုံကိုသူတို့က လူရွယ်လူလတ်များထက်ပို၍ သိသည်။ ဒါပေမယ့် အသက်က ကြီးလာပြီ။ ပိုက်ချသည်ကပင် အနေးအကွေးသား။ ထိုအခါ ငါးအရအမိသည် လူရွယ်လူလတ်များကိုမမှီ။ လူရွယ်လူလတ်များကသူတို့ ဘူတားကြီးတွေထက် အပင်ပန်းခံနိုင်စွမ်းရှိသည်။ အဖိုးကြီးလေးယောက်ထဲတွင် တစ်ယောက်မှာ လှကွန့်ဖိုးအေ ဘကြီးထွန်းဖြစ်သည်။

အချိန်မှာ မွန်းတိမ်းချိန်ဖြစ်၍ နေကကျဲကျဲတောက်ပူသည်။ မြစ်ရေပြင်နှင့် ခပ်လှမ်းလှမ်း သောင်ပြင်များပေါ်တွင် တံလျှပ်များပြေးလွှားနေသည်။ ရေပြင်မှာ ငွေရောင်လို တောက်ပနေသည်။ ကြာကြာစိုက်ကြည့်လျှင် မျက်စိကျိန်းစပ်သည်။ ခပ်ဝေးဝေးမြစ်လယ်ကြောတွင် တံငါလှေနှစ်စင်းမှာရေ့ဆင့်နောက်ဆင့် ပိုက်မျှော သွားသည်။ တခြားဘာမျှမတွေ့ရ၊ အရင်ကဆိုလျှင် ရောဝတီဖလိုတီလာ၏ မီးသင်္ဘောများကို မကြာခဏတွေ့ရသည်။ ခုတော့ မီးသင်္ဘောတွေမရှိသလောက် ဖြစ်ကုန်ပြီ။ ခေတ်အခြေအနေမငြိမ်မသက်မှုကြောင့်လည်း ခရီးကဇင်းသွား လာမှုမှာ အတော်ပင်နည်းပါးသွားသည်။

“ဘကြီးထွန်း၊ ဘာတွေတွေးနေလဲဗျ။ ခင်ဗျားမြေးလှကွန့် သတိရလို့လား။”

ထမင်းဝိုင်းမှထလာသော သာဖန်သည် အဖိုးကြီးလေးယောက်ရှိရာ လက်ဖက်ရည်ကြမ်းဝိုင်းသို့ ဝင်လာသည်။ လှကွန့်ဖိုးအေဘကြီးထွန်းအား စ,သည်။

“သတိမရပါဘူးကွာ။ သတိမရပါဘူး။ သတိရနေလို့ အပိုပေါ့ဟ။ မင်းတို့လူအကြောင်း မင်းတို့အသိသားပဲ။ ဒီကောင်က ကြက်လိုကောင်မျိုးကွ။ ချေးကျရာ ပျော်တဲ့အစား။”

“ဟုတ်ပ့ါဗျာ။ ဒီကောင်ဂျပန်ဝင်ကတည်းကရွာမှာ သုံးရက်ပြည့်အောင် နေတယ်လို့မရှိဘူး။ ညောင်တုန်းမှာလိုလိုချည်းပဲ။ ဒီတစ်ခေါက်ပြန်လာရင် ကျွန်တော်တို့နဲ့တွေ့ဖို့ ပြောစမ်းပါဗျာ။ ဒါမှ ဒီကောင့်ဆီက သတင်းထူးလေး ဘာလေး သိရမယ်။ ”

သာဖန်က ပြောသည်။

“အေးဗျာ ဘကြီးထွန်း ဟိုတလောက လေယာဉ်ကွင်းကိစ္စနဲ့ ပတ်သက်ပြီး ရွာကလူတွေဖမ်းသွားတော့ ဒီကောင် ကျွန်တော့်ဆီကို တစ်ခေါက်ရောက်လာ သေးတယ်။ ဘယ်သူတွေဖမ်းသွားလဲ၊ ဘယ်သူတွေပါသွားလဲလို့၊ ကျွန်တော့်ဆီမှာ သတင်းတွေဘာတွေ လာမေးသွားသေးတယ်။ သူ့ဆီက နောက်ထပ် ဘာများထူးဦးမလဲလို့ မျှော်နေတာ။ ခုထိတော့ ဘာသံမှ မကြားရပါဘူးဗျာ။”

နောက်ရောက်လာသော စံတုတ်ကပြောသည်။ တစ်ယောက်စ နှစ်ယောက်စနှင့် ထမင်းစားပြီးသူများအားလုံး လက်ဖက်ရည်ကြမ်းဝိုင်းသို့ ရောက်လာကြသည်။ စုစုဝေးဝေးနှင့် စကားတွေဟိုရောက်ဒီရောက် ပြောကြ ပြန်သည်။ အများဆုံးပြောသော ကိစ္စမှာ မိုးမခလေယာဉ်ကွင်းနှင့် လှကွန့် အကြောင်းဖြစ်သည်။ လှကွန့်အကြောင်း တစ်ယောက်တစ်ပေါက် ပြောကြသည်။ ထိုအခါ၌လည်း

ကာလသားခေါင်းစံတုတ်သည် လုကွန့် တစ်ကြိမ်က ပြောကြားသွားသော ပုလဲနှင့်ပတ်သက်သည့် စကားများကို သတိရမိပြန် လေသည်။

"မင်းတို့ကပြောပါဆိုလို့လဲပြောရသေး။ ငါထင်တာငါပြောတာလေ။ ညီက ပုလဲကို ဗလက္ကာယလုပ်လို့များ ပုလဲကိုကြိုက်နေတဲ့လူကခုလို လုပ်သလား လို့ဟေ့။"

ထိုစကားသည် စံတုတ်ခေါင်းထဲမှ ခုထိမထွက်။

လုကွန့်မှာသူတို့အားလုံးပြောသလိုပင် ရွာတွင်နေသည်ထက် ညောင်တုန်းဘက် တွင် နေသည်ကများသည်။ ရွာသို့လုံးလုံးမပြန်လာသည်တော့မဟုတ်။ သီတင်းတပတ်တစ်ကြိမ်၊ နှစ်ပတ် တစ်ကြိမ်လောက်သာ ပြန်လာတတ်သည်။ ပြန်လာပြီးရွာတွင် တစ်ညအိပ် နှစ်ညအိပ်လောက်သာနေသည်။ နောက်တော့ ညောင်တုန်း ဘက်ပြန်သွားသည်။ လုကွန့်သည် ညောင်တုန်းတွင် သခင်ချမ်းငြိမ်းအိမ်နေလိုက်၊ တို့ဗမာအစည်းအရုံးတွင် ဟိုလူဒီလူနှင့် အရောရော အနှောနှောနေလိုက်လုပ်သည်။ နောက်ပိုင်းတွင် သခင်ခေါင်းဆောင် အတော်များများနှင့်လည်း သိကျွမ်းရင်းနှီးလာသည်။ ညောင်တုန်းမြို့ပေါ်မှ သခင်ခေါင်းဆောင်များဆိုလျှင် လုကွန့် မသိသူမရှိသလောက်ဖြစ်သည်။ သူ့ကိုလည်းအားလုံးက သခင်လုကွန့်ဟုခေါ်ကြသည်။ နိုင်ငံရေးအခြေအနေက ရှေ့ဆက်၍ဘာတွေဖြစ်ကြဦးမည်ဟု မသိရသေးသည့်အခါ တို့ဗမာသခင် ခေါင်းဆောင်များမှာလည်း စမ်းတဝါးဝါးဖြစ်နေကြသည်။

အခြေအနေကိုစောင့်ဆိုင်းအကဲခပ်နေသလိုရှိကြသည်။ သို့သော် အချို့ သခင်များကလည်း ဂျပန်များနှင့်ပူးတွဲ ပူးတွဲလုပ်ချင်ကြသည်။ ဂျပန်တို့အတွက် ဝါဒဖြန့်ပေးချင်ကြသည်။ အကြောင်းရှိလျှင် လူစုပေးလိုသည်။ ကြက်၊ ဘဲ ရှာပေးချင်ကြသည်။ ဒါက လူနည်းစု သခင်လေးငါးခြောက်ယောက်သာ ဖြစ်သည်။ သခင်အများစုကမူ ဂျပန်တို့၏အပြုအမူကို လက်မခံနိုင်။ မကောင်းတတ်၍ဂျပန်နှင့် ပေါင်းသင်းနေရသည့်တိုင် ဂျပန်တို့လုပ်ပုံကိုင်ပုံကို သဘောမကျ။ အလိမ်မာဖက်၍ နေသည့်သဘောသာ ဖြစ်သည်။

သခင်ချမ်းငြိမ်းမှာ ဂျပန်တို့အပြုအမူကို မနှစ်မြို့က်သူများထဲတွင် ထပ်ဆုံးက ဖြစ်သည်။ ဒါကိုလုကွန့်ကိုယ်တိုင်းလည်း သိသည်။ ထိုအထဲက မိုးမခ လေယာဉ်ကွင်းနှင့် ကားလမ်းဖောက်လုပ်သည့် ကိစ္စပေါ်လာသည့်အခါ ဂျပန်တို့ အပြုအမူကို သခင်ချမ်းငြိမ်းပို၍ စက်ဆုပ်လာသည်။ မိုးမခလေယာဉ်ကွင်းနှင်း ကားလမ်းဖောက်လုပ်ရေးကိစ္စတွင် နယ်ကလူများသာ အဖမ်းအဆီးခံကြရသည်။ အဖမ်းအဆီးခံကြရသူများမှာ လယ်သမား ကိုင်းသမားများနှင့် လုကွန့်တို့ရွာမှ ရေလုပ်သားတံငါသည်များသာဖြစ်သည်။ သခင်ချမ်းငြိမ်းမှာ တို့ဗမာအစည်း အရုံးတွင် တောင်သူလယ်သမားဌာနကို ကိုင်သူဖြစ်ရာ ယင်းကိစ္စအတွက် အတော်ပင် မကျေမနပ်ဖြစ်သည်။ ပြီးသော် အလုပ်ကိစ္စတစ်ခုအတွက် အလုပ်သမားလို၍ အလုပ်သမားစုစောင်းသည့် သဘောမျိုးမဟုတ်၊ ရာဇဝတ်သား တရားခံများအား ဖမ်းဆီးပုံမျိုးဖြစ်သည်။ ဖမ်းဆီးခေါ်ဆောင်လာသူအားလုံးကို အချုပ်ခန်းထဲသွင်းသည်။ အချုပ်ခန်းမဆံ့သည့်အခါ ဂျပန်ကင်ပေတိုင်စစ်ရုံး ပြုလုပ်ထားသော မြို့ပြင်ရှိ တရုတ်ကျောင်းဝင်းထဲ သွင်းသည်။ မည်သူနှင့်မျှ တွေ့ခွင့်မပေး။ မိဘနှင့်လည်း မတွေ့ရ၊ သားမယားလည်းတွေ့ခွင့်မရှိ။ ယင်းအပြုအမူသည် လူသား၏လွတ်လပ်ခြင်းနှင့် တရားမျှတခြင်း အခြေခံ အခွင့်အရေးကို ဖောက်ဖျက်ဆန့်ကျင်ခြင်းဟု သခင်ချမ်းငြိမ်းယူဆသည်။ ထို့ကြောင့်၎င်းသူများသည် စစ်သုံ့ပန်းများမဟုတ်ကြောင်း၊ ဂျပန်တို့၏ရန်သူများ လည်းမဟုတ်ကြောင်း နှင့် မစွတာဟာတာအား သခင်ချမ်းငြိမ်းကတင်ပြသည်။ ဘယ်လိုမှပြောလို့မရ။ ညသန်းခေါင်လောက်တွင် အားလုံးကိုမော်တော်များ သမ္ဗန်များပေါ်သို့ စစ်သားအစောင့်အရှောက်နှင့်တင်သည်။ တိတ်တဆိတ် ခေါ်ဆောင်သွားသည်။ လူတစ်ကျိတ်လောက်အသက်စွန့်၍ရေထဲခုန်ချသည်။ ဂျပန်စစ်သားအစောင့်များက သေနတ်ဖြင့် လှမ်းပစ်သည်။ ကံကောင်းထောက်မ၍ တစ်ယောက်မျှတော့ အထိအခိုက်မရှိ။

သခင်ချမ်းငြိမ်းအကြီးအကျယ် ဒေါ်ပွသည်။ ဂျပန်စစ်ဗိုလ်မစ္စတာဟာတာနှင့်လည်း အတော်ပင် သဘောကွဲလွဲကြသည်။

"စစ်ဖြစ်နေတဲ့အချိန်မှာ ကျုပ်တို့အဓိကထားရမှာက ရန်သူကိုအလဲထိုးနိုင်ဖို့နဲ့ စစ်အောင်နိုင်ရေး တစ်ခုထဲပဲ။ လိုအပ်ရင် ဒီလူတွေအားလုံးကို သတ်သင့်သတ်ပစ်ရမယ်။" ဟု မစ္စတာဟာတာက ခပ်တင်းတင်းပြောသည်။ ပြီးသော် သခင်ချမ်းငြိမ်းအပေါ် မစ္စတာဟာတာ တတေး တေးလိုက်သည်။

တစ်ခုခက်သည်မှာလည်း မစ္စတာဟာတာအား အတိုက်အခံပြောဝံ့သူမှာ သခင်ချမ်းငြိမ်းတစ်ယောက်လောက်သာ ရှိခြင်းဖြစ်သည်။ ကျန်သခင်များသည် မစ္စတာဟာတာတို့တစ်စု၏ လုပ်ပုံကိုင်ပုံကိုသဘောမကျသည့်တိုင် မြုံနေသော အနာကို အတွင်းကျိတ်သာ ဖြစ်နေသည်။ ပြတ်ပြတ်သားသားရဲရဲဝံ့ဝံ့တော့ နှုတ်ကမထွက်ရဲကြ။ လှကွန့်မှာသခင်ချမ်းငြိမ်းနှင့် တရင်းတနီးဆက်ဆံလာရ သောကြောင့် ကြာလေကြာလေ သခင်ချမ်းငြိမ်း၏စိတ်နေသဘောထားကို သိရလေဖြစ်သည်။ သခင်ချမ်းငြိမ်း၏နိုင်ငံရေးခံယူချက်၊ ရည်မှန်းချက်စသည်များ ကိုလည်း လှကွန့်ပို၍ ပို၍သဘောကျလာသည်။ ထို့ကြောင့်သခင်ချမ်းငြိမ်းအပေါ် ကြည်ညိုလေးစားစိတ်အပြည့်အဝဖြင့် နိုင်ငံရေးသံယောဇဉ်ရော လူပုဂ္ဂိုလ် သံယောဇဉ်ပါ တွယ်နေသည်။

သခင်ချမ်းငြိမ်းကိုယ်တိုင်ကလည်း လှကွန့်အား နိုင်ငံရေးရဲဘောတစ်ယောက်ဟု အမှတ်ထားသည်။ လှကွန့်သဘောမပေါက်သည့် ကိစ္စများကို စိတ်ရှည် လက်ရှည်ရှင်းပြသည်။ လှကွန့်တွင် အဝတ်အစားချို့တဲ့လျှင် သူ့အဝတ်အထည် ထဲမှ ရက်ရက်ရောရောခွဲဝေပေးသည်။ အမှန်က သခင်ချမ်းငြိမ်းမိန်းမ မတင်တင်သည် ညောင်တုန်းဈေးထဲတွင် ကုန်ခြောက်ဆိုင်တစ်ဆိုင် တည်ထားသည်။ တောနယ်များမှ သခင်ချမ်းငြိမ်း၏ စည်းရုံးလေရး အင်အားစုများသည် ထိုဆိုင်နှင့်ဆက်ဆံကြသည်။ အမျိုးသမီးအစည်းအရုံးနှင့် ဈေးသူဈေးသားများ၏အစည်းအရုံး ဒုတိယဥက္ကဋ္ဌဖြစ်သော မတင်တင်အား နာမည်ကိုမခေါ်ကြ။ သခင်မကြီးဟုသာခေါ်ကြသည်။

စင်စစ်သခင်ချမ်းငြိမ်းတို့လင်မယားတွင် သားထောက်သမီးခံမရှိသော်လည်း တစ်ဖက်ကမိဘများအား ထောက်ပံ့ရခြင်းနှင့် တစ်ဖက်ကအုပ်စုအား ကျွေးမွေး ထားရခြင်းရှိသည်။ မတင်တင်ဘက်မှ အမေမုဆိုးမကြီးနှင့် ညီမ အပျိုကြီးတစ်ယောက်၊ ညီမငယ် အပျိုတစ်ယောက်ရှိသည်။ သခင်ချမ်းငြိမ်းတို့နှင့် တစ်အိမ်တည်းအတူနေ တစ်အိုးတည်းစားဖြစ်သည်။ ညီမအပျိုကြီးက အမေနှင့်ဈေးအတူလိုက်ထွက်သည်။

သခင်ချမ်းငြိမ်းဘက်ကအဖေ အမေနှင့် ညီလူပျိုတစ်ယောက် နှမအပျို တစ်ယောက်ရှိသည်။ သူတို့က မြေနုရပ်ကွက်တွင်နေကြသည်။ ညီဖြစ်သူမှာ ရောဝတီသဘောၤစာရေး ဖြစ်သော်လည်း ဂျပန်ခေတ်ရောက်သည့်အခါ အလုပ်လက်မဲ့အဖြစ်နှင့် အိမ်ထိုင်နေရသည်။ နောက်တော့ ဖခင်ဖြစ်သူက မြို့ပြင်တွင်ရှိသောခြံတစ်ခြံထဲတွင် ရေနံ့ဆီဖိုတစ်ဖို တည်ပေးထားသည်။ ရေနံ့ဆီရှားပါးသော ဂျပန်ခေတ်တွင် ရေနံ့ဆီချက်ခိုင်းသည်။ ဘီအိုစီရေနံ့ဆီလို အဖြူဆွတ်ဆွတ်မရသော်လည်း မီးထွန်းနိုင်သည့် ရေနံ့ဆီအနီတော့ရလေသည်။ ထိုအတွင်းကပင် မတင်တင်ကိုယ်တိုင်ကလည်း ယောက္ခမများအားလစဉ်လတိုင်း အလိုက်သိစွာ ဆန်ထောက် ဆီထောက် ထောက်သည်။ ဟင်းလျာဝယ်ခြမ်း ပို့သည်။ ကိုယ့်ဘက်က တသိုက်တမြုံလုံးခွစားနေသလို လင်ယောကျ်ားဘက် ကိုလည်း သဘောထားကြီးကြီးနှင့် ဝတ္တရားမပျက်စေရဟူသော လောကနီတိ အသိပင်ဖြစ်သည်။

သခင်ချမ်းငြိမ်းမှာ တို့ဗမာအစည်းအရုံးခေါင်းဆောင် တစ်ယောက်ဖြစ်သော ကြောင့် အိမ်တွင် ဧည့်မပျက်သည်ကများသည်။ မြို့ဧည့်သည်ထက် တောဧည့်သည်ကပိုသည်။ လာပြန်လျှင်လည်း တစ်နေကုန်တစ်နေခန်း။ စားပြီးသောက်ပြီးမှ သူတို့သိချင်သော နိုင်ငံရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ စစ်ရေးကိစ္စ၊ လယ်ယာမြေကိစ္စ၊ ကောက်ပဲသီးနှံကိစ္စ စသည့်သောင်းပြောင်းထွေလာများကို ဆွေးနွေးမေးမြန်းပြီးမှ ပြန်ကြသည်ကများသည်။ ထိုဧည့်သည်များကြောင့် သခင်ချမ်းငြိမ်းယောက္ခမကြီးနှင့် ခယ်မအငယ်မှာနေ့တိုင်းပင် ချွေးတလုံးလုံး ချက်ရ ပြုတ်ရသည်။ လှကွန့်ကိုယ်တိုင်မှာလည်း မနေသာတော့ပေ။ အိမ်သားတစ်ယောက်လို ဝိုင်းလုပ် ဝိုင်းကိုင် ပေးရသည်။

"ဟော့ သခင်လုကွန့်ကလေး၊ မင်းအစည်းအရုံးသွားစားမနေပါနဲ့တော့ကွာ။ ဒီတင်ပဲ စားပါဟ။ မင်းတစ်ယောက်အတွက်နဲ့တော့ ပိုမထူးပါဘူး။ ဘော်ဒါပေါ့။ အစည်းအရုံးမှာ ပဲနဲ့ချဉ်ပေါင်ဟင်းစားရမှာ။ မင်းတို့ဘုံရိပ်သာထက်တော့ ငါ့အိမ်ကနဲနဲပါးပါး သာပါတယ်ကွ။"

ထမင်းစားချိန်ရောက်လျှင် လုကွန့်အစည်းအရုံးသို့ ပြန်ပြေးတတ်သည်။ သခင်ချမ်းငြိမ်းအိမ်တွင် စားသောက်ရမှာကို အားနာသလိုလို၊ ရှီးတိုးရှန့်တန့် ဖြစ်နေသည်။ ထို့ကြောင့် သခင်ချမ်းငြိမ်းက ပြောယူရသည်။ အိပ်ချိန်ရောက်လျှင် ဘယ်လိုမှ တားမရ။ ငှက်များ ကြက်များ အိပ်တန်းမှန်သလို ဘုံရိပ်သာသို့ လုကွန့်ပြန်ပြေးသည်။

တို့ဗမာအစည်းအရုံးလုပ်ထားသော ချစ်တီးဘုရားလမ်းရှိ အဆောက်အဦးတွင် လူရွယ်သခင်သုံးလေးယောက် အမြဲရှိသည်။ အစည်းအရုံးကို ဘုံရိပ်သာဟု သူတို့ကအမည်တပ်ထားသည်။ ယင်းအမည်ကို စတင်ပေးသူမှာ သခင်ဗိုလ် ဖြစ်သည်။ သခင်ဗိုလ်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးပြုလုပ်သည့် အချိန်၌အိန္ဒိယ တွင် လေယာဉ်ပျက်ကျ၍ ကွယ်လွန်သွားသည်။

ဘုံရိပ်သာအတွက် ဆန်အစ ဆီအစ ငရုတ်သီး ကြက်သွန်အစ မပူရ။ သခင်ချမ်းငြိမ်းတို့လူကြီးပိုင်းက တောနယ်များမှ အလှူခံပေးကြသည်။ မြို့ပေါ် ဈေးအစည်းအရုံးမှလည်း မတင်တင်က လိုအပ်သည်များကို ဖြည့်စွက် ပေးသည်။ တစ်ခါတစ်ခါနယ်မှညဥ့်အိပ် ညဥ့်နေ ဧည့်သည်များလည်း ထိုအစည်းအရုံး အဆောက်အအုံ၌ပင် စားသောက်တည်းခိုကြသည်။ ထို့ကြောင့် သူတို့ပေးထား သော ဘုံရိပ်သာဆိုသည်မှာ သဘာဝကျသည်။

လုကွန့်မှာ သခင်ချမ်းငြိမ်းနှင့်အတော်ပင်ရင်းနှီးလာသည့် အလျောက် သခင်ချမ်းငြိမ်း၏နိုင်ငံရေးသမား အဆက်အသွယ်များကို လည်းကောင်း၊ နိုင်ငံရေးကိစ္စများကို လည်းကောင်း၊ သိတန်သလောက် သိရှိလာရသည်။ သို့သော် လုကွန့်မသိရသေးသော သခင်ချမ်းငြိမ်းနှင့် ပတ်သက်သည့် အကြောင်းများလည်း မြောက်မြောက်မြားမြားရှိသေးသည်။ ဒါကိုတော့ မသိသင့်မသိထိုက်၍မသိရသေးခြင်းဟု လုကွန့်နားလည်သည်။ သို့ရာတွင် ယင်းသို့မသိရသေးသောအကြောင်းရပ်များအနက်မှ အထူးသဖြင့် လုကွန့် စိတ်ဝင်စားမိသော အကြောင်းတစ်ခုရှိသည်။ နှိုက်နှိုက်ချွတ်ချွတ် ချဉ်းခြင်း တတ်သည်တော့ မဟုတ်။ စိတ်ဝင်စားလွန်း၍သတိပြုမိခြင်းသာ ဖြစ်သည်။

လူတစ်ယောက်။

ထိုသူသည် နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများနှင့် လုံးကျစ်တောင့်တင်းသည့် ကိုယ်ခန္ဓာဖွဲ့စည်းမှုရှိသည်။ ထိုသူ၏မျက်လုံးသည် အင်မတန်စူးရှထက်မြက်သည်။ သိန်းငှက်၏ မျက်လုံးမျိုးဖြစ်သည်။ အရာရာတိုင်းကိုထွင်း ဖောက်မြင်နိုင်စွမ်း ရှိသည်ဟု ထင်ရလောက်သည်။ ထိုသူ ဘယ်သူ့ကိုမှ ကြောက်ပုံလန့်ပုံမပေါ်။ ရဲတင်းသော၊ ဖျက်လတ်သော၊ စိုးရွံ့မှုမဲ့သော၊ ထိုသူ၏လှုပ်ရှားမှုနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှုတို့သည် အရေးရယ်အကြောင်းရယ်ဆိုလျှင် စက်သေနတ် တပ်ဆင်ထားသော အုတ်နံရံတံတိုင်းကြီးပေလားဟု ထင်ရလောက်သည်။

ထိုသူကို သခင်ချမ်းငြိမ်းအိမ်တွင် ဖျက်ကနဲ ရိပ်ကနဲသုံးလေးကြိမ်ပဲ လုကွန့်မြင်ဖူးသည်။ ထိုသူတွင် ခက်ထန်ကြမ်းကြုတ်သည့်အမူအရာတော့ အနည်းငယ်မျှမရှိ။ နှစ်လိုဖွယ်သော အပြုံး၏နောက်ကွယ်မှ လေးနက် ခိုင်ကြည်သော စိတ်ဓါတ်သည် ထိုသူတွင်ရှိလိမ့်မည်ဟု လုကွန့်ခန့်မှန်းသည်။

ထိုသူလာပြီဆိုလျှင် သခင်ချမ်းငြိမ်းကိုယ်တိုင်ကလိုက်လံပျူငှာဆက်ဆံသည်။ အရေးတယူရှိသည်။ လေးစားမှုပေါ်သည်။ ထိုသူရောက်လာသော် ဘယ်သူနှင့်မျှ သခင်ချမ်းငြိမ်းအတွေ့မခံတော့။ ထိုသူကိုယ်တိုင်ကလည်း သခင်ချမ်းငြိမ်း တစ်ယောက်မှ လွဲလျှင် မည်သူနှင့်မျှ တွေ့ချင်ဟန်မတူ။

"သခင်ခေါင်းဆောင်ကြီး၊ ဟောဒီမယ် ခင်ဗျားဖို့ ခြံထဲက ငှက်ပျောတစ်ခိုင် ခုတ်လာတယ်ဗျို့။ နောက်တစ်ခေါက်လာရင် သဘော်သီး ကောင်းကောင်း စားရမယ်။"

ထိုသူ စကားပြောလျှင် အားရပါးရ။ ပခုံးပေါ်ထမ်းလာသော ငှက်ပျောခိုင်ကြီးကို စားပွဲပေါ်တင်လိုက်သည်။ ခေါင်းပတ်တဘက်ကိုဖြုတ်လျက် မျက်နှာပေါ်ရှိ ချွေးလုံးချွေးပေါက်များကို သုတ်သည်။ လည်းယဉ်ကလေးပိတ်ရှပ် အင်္ကျီ လက်ဖျားကျပ်နှင့် ပင်ဖြူကြမ်းအပေါ်အင်္ကျီတစ်ထည်လုံး ချွေးရွဲရွဲစိုနေသည်။ သူ့ခြေထောက်တွင် ဘယ်တော့မဆို ဖိနပ်မပါ။ ရွှံ့တွေ တစ်ခွဲသားနှင့်။

ထိုသူသည် ပလုပ်ပလောင်းဝါးလာသော ကွမ်းဖက်များကို တဖွီးဖွီးထွေး ထုတ်သည်။ နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေးများတွင်တင်ကျံနေသော ကွမ်းရည်ကွမ်းဖက်များကို လက်ဖမိုးဖြင့် သုတ်သည်။ သိန်းငှက်မျက်လုံးသည် လျှပ်ပြက်သလိုတစ်အိမ်လုံးကို လှည့်ပတ်ကြည့်လိုက်သည်။ လူတွေ၊ အိမ်နံရံတွေ၊ အရာဝတ္ထုတွေ အားလုံးဖောက်ထွက်သွားတော့မတတ်။

"ဒုက္ခရှာလို့ တောသားကြီးရာ။ တစ်ခိုင်ထဲလားဗျ။ နှစ်ခိုင်လောက်ထမ်းခဲ့ရောပေါ့။ ဟား ဟား ဟား ဟား"

သခင်ချမ်းငြိမ်းက ရယ်ရယ်မောမောပြောသည်။ တောသားကြီးခေါ်သည်။ အမှန်ကတော့ ဒီလူ့နံမည်ကိုမင်းဒင်။

သခင်ချမ်းငြိမ်းသည် တောသားကြီးပခုံးကို တရင်းတနီးဖက်သည်။ မကြာမီ အိမ်ပေါ်ထပ်သို့ နှစ်ဦးသားတတ်ရောက်သွားကြသည်။ တောသားကြီးနှင့် သခင်ချမ်းငြိမ်းသည် အိမ်အပေါ်တွင်စကားပြောကြသည်။ ဘာတွေပြောသလဲ လှကွန့်မသိ။ သူတို့စကားပြောလျှင် အပေါ်ထပ်သို့ မည်သူမျှ တတ်ခွင့်မရှိ။ လှကွန့်ကိုလည်း အနားကပ်မခံ။

"သခင်လှကွန့်လေး အပေါ်ထပ်ကို ဘယ်သူမှ မတတ်စေနဲ့။ ဟိုလူ ဒီလူကမေးရင် ကျုပ်မရှိဘူး။ ဘယ်သွားမှန်းမသိဘူး ဘယ်အချိန်ပြန်ရောက်မယ် မသိဘူး ပြောနော်။" သခင်ချမ်းငြိမ်း ကိုယ်တိုင်က လှကွန့်ကိုရော အိမ်သားတွေကိုရော ဘူးသွင်း၍ ယတိပြတ်ပြောသည်။

အချိန်သိပ်တော့မကြာ။ တစ်နာရီ၊ နှစ်နာရီဆိုလျှင်သူတို့ ကိစ္စပြတ်သည်။ အောက်ထပ်ပြန်ဆင်းလာသည်။ တောသားကြီးသ် နောက်ထပ်ငါးမိနစ် ပြည့်အောင်မနေ။ ကွမ်းတွေ တစ်ယာပြီး တစ်ယာဝါးသည်။ ရိပ်ကနဲ၊ သုတ်ကနဲ အိမ်ပေါ်က ဆင်းသွားတတ်သည်။ တောသားကြီး ပြန်သွားလျှင် သခင်ချမ်းငြိမ်း ချက်ချင်း အပြင်ထွက်သည်။ လုပ်ဖော်ကိုင်ဘက်တစ်ချို့အိမ်သွားသည်။ ဒိပြင်ကိစ္စနှင့် အပြင်အပထွက်လျှင် လှကွန့်အားခေါ်စမြဲ။ ယင်းအခါများ၌ကား ဘယ်တော့မှ မခေါ်။

တကယ်ဆိုတော့လည်း လှကွန့်အပေါ်သခင်ချမ်းငြိမ်း အားထားသည်။ နိုင်ငံရေးကိစ္စများတွင် မဟုတ်သော်လည်း လူမှုရေးကိစ္စအရ အားထားခြင်း ဖြစ်သည်။ သခင်ချမ်းငြိမ်းသည် တိုင်းပြည် လွတ်လပ်ရေးအတွက် စိတ်ထက် သန်စွာဖြင့် တို့ဗမာအစည်းအရုံးတွင် တာဝန်ယူလုပ်ကိုင်နေသည့်တိုင် စင်စစ် ကျန်းမာရေးကောင်းသူမဟုတ်။ နလုံးရောဂါရှိသူဖြစ်သည်။ မူးတတ်သည်။ မောတတ်သည်။ စိတ်ထိခိုက်လျှင်တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နှင့် အသက်ရှူ ကျပ်လာတတ်သည်။

ဗြိတိသျှနယ်ချဲ့သမားသည် ပြေးရလုဆဲဆဲတွင် ညောင်တုန်းမြို့ပေါ်မှ တို့ဗမာသခင်ခေါင်းဆောင် တော်တော်များများကို ဒလကြမ်းဖမ်းသည်။ သခင်ဖေငွေး၊ သခင်ချမ်း၊ သခင်ဗဖြူ၊ သခင်ချစ်၊ သခင်သာဟန်၊ သခင်ထွန်းရင် စသူတို့ ဗန်းမော်ထောင်၊ မြစ်ကြီးနားထောင်၊ ရွှေဘိုထောင် ရောက်ကုန်ကြသည်။ သခင်ချမ်းငြိမ်းမှာနယ်သို့ ခရီးထွက်နေခိုက်ဖြစ်၍ လွတ်မြောက်သွားသည်။ နောက်တော့ တလိုင်းတပ်ရွာငယ်တွင် တစ်လလောက်ပုန်းခိုနေရသည်။ ထိုအချိန်ကပင် နလုံးရောဂါတိုးလာသဖြင့် တလိုင်းတပ်ရွာရှိ မြန်မာဆေးဆရာ တစ်ဦးနှင့် ကုသရသည်။

"ဒို့တိုင်းပြည်ကြီး လွတ်လပ်ရေးရပြီးရင် ငါနိုင်ငံရေးက အနားယူမယ်ကွာ။ ငါ့ကျန်းမာရေး သိပ်မကောင်းဘူးကွ။ ခုနေတော့ ဟိုဟိုဒီဒီ သွားဟယ် လာဟယ်လုပ်ရင် သခင်လှကွန့်လေးကိုဘဲ

အဖော်လုပ်ရမယ်ဟေ့။” သူ့ဇနီးမတင်တင်ကိုရော လှကွန့်ကိုရော သခင်ချမ်းငြိမ်း မကြာခဏ ပြောတတ်သည်။

မှန်တော့မှန်သည်။ သူ့တွင် သွားသွားလာလာအဖော်ကောင်းတစ်ယောက် လိုသည်။ ယင်းအဖော်ဆိုတာကလည်း စိတ်ချယုံကြည်ရမှ ဖြစ်မည်။ နိုင်ငံရေးဘက်တွင်လည်းအထောက်အကူရ၊ လူမှုရေးအရလည်း အားထားရ ဆိုလျှင် ပိုကောင်းမည်။ အစည်းအရုံးတွင် လှကွန့်အရွယ် လူလွတ် သခင်လေးငါးယောက်ရှိသော်လည်း သူတို့တာဝန်နှင့်သူတို့။ သည်အထဲက သခင်လှသိန်းနှင့် သခင်ဟန်ညွှန့်ဆိုလျှင် မကြာမီ တစ်ယောက်က ခရိုင်ကို သွားရမည်။ တစ်ယောက်က ရန်ကုန်ဌာနချုပ်ကို သွားရမည့်ဆဲဆဲ။ သူတို့က နိုင်ငံရေးလုပ်သက်လည်းရှိသည်။ သဘောတရားဆိုလျှင်လည်း အတော်အတန် ပြည့်ဝသူများဖြစ်သည်။ ခေတ်ပညာတတ် လူရွယ်လူကောင်းကလေးများ ဖြစ်သောကြောင့်လည်း ဌာနချုပ်နှင့်ခရိုင်က တောင်းထားခြင်းဖြစ်သည်။ ဤတွင် လှကွန့်အပေါ် သခင်ချမ်းငြိမ်း အားထားမျှော်လင့်သည်။

သို့ရာတွင် တစ်ဖက်ကကြည့်လျှင် လှကွန့်ဆိုသည်မှာ နိုင်ငံရေးပြည့်ဝသူ၊ ကျွမ်းကျင်သူ မဟုတ်သေး။ ပြီး သည်မျှတိုတောင်းသော အချိန်ကလေးနှင့် နိုင်ငံရေးကိစ္စများတွင် မှတ်ကျောက် တင်ခံပြီးသလို ယူဆလို့မဖြစ်နိုင်။ အကြွင်းမဲ့ယုံလို့မရသေး။ အသက်စွန့်လုပ်ရမည့်ကိစ္စများ၌ သစ္စာဖောက်ခဲ့သော် မခက်ပါလား။ မိမိတစ်ဦးတည်းအရေးမဟုတ်။ တစ်တိုင်းပြည်လုံးအရေး၊ ရှမ်းအကျုံးဝင်သည့် အရေး၊ သည်လိုအရေးကြီးကိစ္စကြီးတွင် ပေ့ါပေ့ါလွယ်လွယ် စိတ်ချလို့မဖြစ်နိုင်ဟု သခင်ချမ်းငြိမ်းယူဆသည်။ ထို့ကြောင့်လည်း တချို့ ကိစ္စများတွင် လှကွန့်အား အသိမပေးခြင်းဖြစ်သည်။

နိုင်ငံရေးနှင့်ပတ်သက်၍ လျှို့ဝှက်ရမည့်ကိစ္စဆိုလျှင် သူ့ဇနီးမတင်တင် ကိုပင် သခင်ချမ်းငြိမ်းမပြော။ အင်မတန်နှုတ်လုံ၍ စိတ်ချရသော နိုင်ငံရေးသမားကောင်း တစ်ယောက် ဖြစ်လေသည်။

(၂၀)

နွေကုန်လုလုတွင် ပုလဲကိုယ်ဝန်မှာ အတော်ကလေးထင်ရှားလာသည်။ အပေါ်ငါးရုံပြေးအနေမျိုးဟု ဆိုရမည်။ သူ့ဗိုက်သည် အတော်အတန်ပြည့်ဖြိုး လာသည်။ မိန်းမသားဘဝ၏ပထမဆုံးသယ်ပိုးရသော ကိုယ်ဝန်ဖြစ်ခြင်းကြောင့် လည်း ၅လကျော်လာသည့်အထိ ပေါ်ပေါ်လွင်လွင်ကြီးမဖြစ်သေး။ အမှန်တော့ ပုလဲကံကောင်းသည်။ သူမဗိုက်က ပေါ်ပေါ်လွင်လွင် အထင်အရှားကြီး ဖြစ်မလာသလို ရွာရှိလူများကလည်း ခုလိုအချိန်မျိုးတွင် ပုလဲအား ဂရုမစိုက်နိုင်။ ဂျပန့်ရန် ကြောက်ရသည်ကတစ်မျိုး၊

ကရင်တွေမီးရှို့လာလေမလားဟု စိုးရိမ် ကြောင့်ကြရသည်က တစ်သွယ်၊ ထမင်းတစ်ဝမ်းအတွက် ပြေးရလွှားရ လုပ်ကိုင်ရှာဖွေရသည်က တစ်ဖုံးဖြင့် ဗျာများနေရသည့်အခါ ဖြစ်သည်။ ပို၍ ပုလဲကံကောင်းသည်မှာ မိုးမခလူဖမ်းပွဲမှ လွတ်ကျန်ခဲ့သော လူရွယ်လူလတ် ရှိသမျှသည် ပိုက်ချစခန်းသို့ရောက်နေကြခြင်းနှင့် လူအုပ်ကွဲနေကြခြင်းပင် ဖြစ်သည်။ နောက်ပြီး အိမ်ထောင်စုတော်တော်များများမှာလည်း ခန်းချောင်း အင်းနှင့် ကွင်းကောက်အင်းထဲသို့ ရောက်နေကြပြန်သည်။ ထိုအခါနေ့လည် နေ့ခင်းအချိန်များတွင် ရွာငယ်တစ်ရွာလုံး ကျီးနှင့်ဖုတ်ဖုတ် ရှိနေသည်။

"ဟဲ့ကောင်မလေး နင့်ကြည့်ရတာ တစ်နေ့တစ်ခြား ဝ ဝ လာတယ်။ သွေးရိုး သားရိုးမှ ဟုတ်ရဲ့လားဟယ်။ နင့်ဗိုက်ကလဲ စူလာသလားဘဲ။ လာစမ်းဒီနားကို ။ နင့်ဗိုက်ကို ငါစမ်းကြည့်စမ်းမယ်။ "

အတူနေဖြစ်သော ဒေါ်မှုန်ကပြောသည်။ ဒါပေမယ့် ဒေါ်မှုန့်မျက်နာက တည်တည်ငြိမ်ငြိမ်တော့မဟုတ်။ ပျက်ချော်ချော်ပြောင်ပြောင်ရွှတ်ရွှတ်။

"ဟင် အကြီးမှုန်ကလဲ ကျမဝတာ ရိုးရိုးဝတာပါ အကြီးမှုန်ရဲ့။ ဗိုက်စမ်းကြည့်လို့ ဘာတွေ့မှာလဲ။ ကျမ ဗိုက်ထဲ ထမင်းပဲ ရှိမှာပေါ့။ "

"ရိုးရိုးဆိုရင်တော့ ပြီးတာပါပဲ မအတ္တရယ်။ ရိုးရိုးမဟုတ်ပဲ ဆန်းဆန်းဆိုရင် ဟိုဖိုးစိန်ကြီးဆိုတဲ့ သီချင်းလို ကုမာရီရေ၊ မင်းဘယ်သူနဲ့လိုက်စား ဗိုက်တရားမှန်မှန်ပေဟာ ပေဟာ ၊ ဆိုတာမျိုး ဖြစ်နေမယ်နော်။ "

" ကြံကောင်းစည်ရာ အကြီးမှုန်ကလဲ "

ပုလဲက ကြွေန္တြေရရပြောသည်။ ဒေါ်မှုန့်အနားကိုတော့ ပုလဲဘယ်တော့မှ မသီ။ ထိုစကားကို ဒေါ်မှုန်ပြောစက ပုလဲရင်မှာ ဒိတ်ကနဲတုန်လှုပ်သည်။ မျက်စိ မျက်စံပြူးရသည်။ ဘုရား ဘုရား ဒေါ်မှုန်များရိပ်မိသွားပလား။ ပုလဲတွေးသည်။ နောင်အခါပေါင်းများလာတော့လည်း ထိုစကားထိုအကြောင်း ကရိုးသွားသည်။ ကပြက်ကချော် ဖြစ်လာသည်။

စင်စစ်တော့ ဒေါ်မှုန်ကိုယ်တိုင်ကလည်း ပုလဲကိုယ်ဝန်ကို အပ်ချမက်ချ သိခြင်းမဟုတ်။ အလေးအနက်ထားကာ မေးမြန်းသည့်အမူအရာလည်းမဆောင်။ ပုလဲ သူ့သမီးမဟုတ်။ သူ့သွေးသူ့သား တော်စပ်တာမဟုတ်။ မေးခြင်းမြန်းခြင်း ကပင် အပြောင်အပျက်မေးပုံမျိုး။ ပြီး တစ်ခုရှိသည်။ အတူနေဆိုသော်လည်း ဒေါ်မှုန်ကိုယ်တိုင်က ပုလဲအား ဂရုမစိုက်နိုင်။ စောင့်ရှောက်ရန် လာနေခြင်း မဟုတ်။ ကြီးကြီးကျယ်ကျယ် ဆုံးမနေစရာလည်းမလို။ အဖော်အဖြစ်နှင့် အလျဉ်းသင့်ရာတွင် ဒေါ်မှုန်ပျော်သလို လာနေခြင်းသာဖြစ်သည်။

ဒေါ်မှုန်သည်အရင်လို ငါးမရောင်းပြန်။ ဒေါ်ဆောင်းကျွန်း၊ ရွှေဟသာ်ကျွန်းများ ထဲသို့ ရွာသူမိန်းမကြီးတစ်သိုက်နှင့် မြေပဲကောက် လိုက်နေပြန်သည်။ မြေပဲကောက် မြေပဲဆွတ်သည့်အလုပ်မှာ နေပူခံသက်သက်ဖြစ်သည်။ မနက်အာရုဏ်ချိန်လောက်တွင် ဒေါ်မှုန်အိပ်ယာက ထသည်။ ရှင်ဓမ္မဝိလာသ ကျောင်းမှ အာရုဏ်တုံးခေါက်သံသည် ဒေါ်မှုန်တို့တစ်စုအတွက် အိပ်ယာထ အချက်ပေးသံဖြစ်သည်။

ဒေါ်မှုန်နှင့်ရွာသူမိန်းမကြီးတစ်သိုက်သည် အာရုဏ်ချိန်လောက် ကပင် ဒေါ်ဆောင်းကျွန်းဘက်သို့ ကူးကြသည်။ တမနက်ခင်းလုံးမြေပဲနှုတ်သည်။ မွန်းတိမ်းထမင်းစားပြီးလျှင် ကျူဖျာတစ်ချပ်နှစ်ချပ် အမိုးသာရှိသော လေးတိုင်စင် အောက်၌ ဆွတ်ကြ ချွေကြသည်။ ညနေဘက်တွင်ထပ်မံကာ နုတ်ကြပြန်သည်။ ဤလိုနှင့် မိုးစုန်းစုန်းချုပ်မှ ဒေါ်မှုန်ပြန်လာသည်။ တစ်နေ့လုံး အပူဒဏ်ခံလာ ရသောကြောင့် ပုလဲနှင့်စကားမပြောနိုင်။ ညထမင်းစားပြီးလျှင် ဒေါ်မှုန် ခြေပစ်လက်ပစ်အိပ်တော့သည်။

နေ့လည်နေ့ခင်းများတွင် စိန်ကြည်နှင့်ငြိမ်းရင်သည်ပုလဲရှိရာပေါက်လာတတ်သည်။ ပုလဲနှင့်စိန်ကြည်မှာ အိမ်ချင်းနီးသော်လည်း ငြိမ်းရင်မှာ ရွာလယ်ပိုင်းမှ လာရခြင်းဖြစ်သည်။ ရွာလယ်ပိုင်းသူ အတော်များများပင် အနောက်ဖက် အင်းထဲရောက်နေသဖြင့် အဖော်ရှိရာသို့ ငြိမ်းရင်လာခြင်းဖြစ်သည်။

ပုလဲ၏အိမ်နီးချင်းတစ်ယောက် ဖြစ်သော မိဖျိုင်းသည် သူ့ယောကျ်ားသောင်းရင် မိုးမခ ပါသွားသော အချိန်မှစ၍ သားအမိသုံးယောက်စလုံး ခနုံးချောင်းပြောင်းသွားသည်။ ခနုံးချောင်းအင်းထဲတွင် မိဖျိုင်းအစ်မ တစ်ယောက်ရှိသည်။ အိမ်ပစ်ယာပစ် မိဖျိုင်းပြောင်းသွား ခြင်းဖြစ်သည်။ ကျန်ခဲ့သောအိမ်အတွက် ဘာမျှပူစရာ ပင်စရာမလို။ ပိုက်ချနိုင်၊ ကွန်ပစ်နိုင်၊ ငါးဖမ်းနိုင်ပါမှ ထမင်းတစ်ဝမ်းအလျဉ်မှီသော သူတို့နေအိမ်များမှာ လည်း ဘယ်လောက်မှ တန်ဘိုးရှိလှသည်မဟုတ်။ ဓနိခုနစ်ပျစ်၊ ကြမ်းခုနစ်ချောင်း။ တန်လှပါမှ အစိပ်သုံးလေးဆယ်။ မည်သို့ပင်ဆိုစေ မိဖျိုင်းတစ်ယောက်မရှိသဖြင့် ပုလဲအတော်အတန် စိတ်အားငယ်မိသည်။ ပြောပြောဆိုဆိုနှင့် မိဖျိုင်းတစ်ယောက်သာ ရှိခဲ့လျှင် သူ့မွေးရေးဖွားရေးကိစ္စ၌ အကူအညီရတန်ကောင်းရဲ့ဟု ပုလဲယုံသည်။

ငြိမ်းရင်ကို အဖော်အပေါင်းလုပ်နေရသည့်တိုင် ပုလဲစိတ်က လှိုက်လှိုက်လှဲလှဲ မရှိလှ။ ငြိမ်းရင်ထက်စိန်ကြည်ကတော်သည်။ စိန်ကြည်ကို အကျိုးသင့် အကြောင်းသင့်ပြောလျှင် ငြိမ်နေတတ်သည်။ ငြိမ်းရင်က စိန်ကြည်လိုမဟုတ်။ ပေါက်ပေါက်စစပြောတတ်သည်။ ဆင်ခြေဆင်လက်ထူသည်။ နှိုက်နှိုက်ချွတ်ချွတ် မေးတတ်သည်။ ပြီး နှုတ်မလုံ။ ခြေကလဲဖွေပါလိုက်သေး။ ဟိုအိမ်ရောက် သည်အိမ်ရောက်။ ယနေ့လည်း စိန်ကြည်မရောက်ခင် ငြိမ်းရင် ပုလဲ အိမ်သို့ ပေါက်လာသည်။

"ဟေ့ ကောင်မ သူများတွေ တထိတ်ထိတ် တလန့်လန့်နဲ့ပြေးရဟယ် လွှားရဟယ်နဲ့။ ညည်းဖြင့် ဝလာလိုက်တာ လွန်ပါရော။ ကြည့်စမ်းပါဦး လူကဒါလောက်မှုတ်ဖူး။ ဗိုက်ကပိုဝလာသလားပဲ။ ညည်းဗိုက်ဟာ ရှိးမှရှိးရဲ့ လားဟယ်။ "

"အံမာ တော်စမ်းပါ ငြိမ်းရင်ရာ။ လူချင်းမတွေ့ရသေးဘူး ရန်စကားက စပြောတာပဲ။ မရှိးလို့ ဘာဖြစ်ရမှာလဲ။ ညည်းကဘယ်လိုထင်လို့လဲ။ "

ပုလဲက ခပ်ဆက်ဆက်ပြန်ပြောသည်။ မျက်နှာပိုးသေသေဆက်ဆံသည်။ ငြိမ်းရင်ကို ဒီလိုမလုပ်လို့မရ။

"ငါက အကောင်းပြောတာပါ ပုလဲရယ်။ ဖျဉ်းစွဲတာများလားလို့။ ဖျဉ်းစွဲရင် တစ်နေ့တစ်ခြားဗိုက်ကြီး ပူပူလာတတ်တယ်တဲ့။ နို့ပြီးသွေးလိပ်တို့ လေလိပ်တို့ ဆိုလား ရှိသေးတယ်။ အဲဒါမျိုး ဖြစ်ရင်လဲ တစ်နေ့တစ်ခြား ဗိုက်ကြီးစူစူလာ တတ်တယ်တဲ့။ ညည်းထမင်းစားပြီးစ ရေချိုးသလား။ "

ငြိမ်းရင်သည် မေးရင်းမြန်းရင် အိမ်ငယ်ပေါ်တတ်ထိုင်သည်။ သူ့မျက်လုံးက ပုလဲဗိုက်ကိုလှေ့လာသည်။

"အိုက်တဲ့ပူတဲ့အချိန်ဆို ဆင်းချိုးလိုက်တာပဲ။ အခါရာသီရွေးမနေပါဘူး ထမင်းစားပြီး ချိုးချင်လဲချိုးလိုက်တာပဲ။ "

"အေး ညည်း အဲလို ကြပ်ကြပ်လုပ်။ တော်တော်ကြာ ဖျဉ်းစွဲပြီး ဗိုက်ကြီးပူနေမှဖြင့် ဟုတ်ပေ့ဖြစ်နေမယ်။ ဒါပေမယ့် ရေဖျဉ်းက သိပ်မစိုးရိမ်ရဘူးတဲ့။ သွေးလိပ်တို့ လေလိပ်တို့ကမှ အင်မတန်ကြောက်ဖို့ကောင်းသတဲ့။ လူသေရောတဲ့။ ရေဖျဉ်း စွဲရင်လဲ ဆေးရုံးတတ်ပိုက်ခွဲရသတဲ့။ ဗိုက်ထဲကရေတွေ ထုတ်ပစ် ရတယ်တဲ့။ "

" ညည်းဘယ်သူပြောသလဲ"

"လူကြီးတွေပြောသံဆိုသံကြားဖူးတာပဲ။ ညည်းအရီးဥနဲ့စကားစပ်မိရင် မေးကြည့် ပါလား။ ပေါ့တိပေါ့ဆ လုပ်မနေနဲ့တော့။ ပြစမ်းပြစမ်း ညည်းဗိုက် ငါကိုင်ကြည့်မယ်။ "

ငြိမ်းရင် လက်တစ်ဖက်ရှေ့ဆန့်လာသည်။

"မလုပ်နဲ့နော်၊ မလုပ်နဲ့ ။ ငါယားတတ်တယ်။ ပြောမရရင် အုတ်စီနဲ့ထိုးလိုက်မယ်။"

ပုလဲ ငြိမ်းရင်ကိုအနားကပ်မခံ။ ပိုက်ထိုးနေရင်းမှ ဖင်ရွှေ့ဖင်ရွှေ့ နောက်ဆုတ် သည်။ လက်ထဲရှိ အုတ်စီအဖျားချွန်နှင့် ငြိမ်းရင်အား ထိုးတော့မည့် ပုံရွယ်သည်။ ငြိမ်းရင်ရှေ့မတိုးဝံ့။ အမှန်တော့ ပုလဲစိတ်ကို ငြိမ်းရင်သိသည်။ ပုလဲကို မစမ်းရဲ။ ပုလဲကို ငြိမ်းရင် လန့်သည်။

စင်စစ်တော့ ငြိမ်းရင်ကလည်း ဉာဏ်အများသား။ ပုလဲဗိုက်ကို ငြိမ်းရင်မသင်္ကာ။ ပုလဲဗိုက်ကို ငြိမ်းရင်စမ်းကြည့်ချင်သည်။ အတိအလင်းမစွပ်စွဲဝံ့သည့်တိုင် ဒီကောင်မဗိုက်ဟာ ရိုးရိုးမှ ဟုတ်ပါ့စ ဟူသောသံသယသည်ငြိမ်းရင်တွင်ရှိသည်။ ပုလဲပြောဖူးသော ငါဘယ်တော့မှ အိမ်ထောင်မပြုဘူးဆိုသည့် စကားကိုလည်း ငြိမ်းရင်မခံချင်။ ဒီကောင်မဟာ တစ်ယောက်ယောက်နဲ့ တိတ်တိတ်ပုန်း ဖြစ်ကြပြီထင်တယ်။ တကယ်လို့များ အဲသလိုဖြစ်ရင်တော့ ဒင်းဟာ ခွေးကျ ကျမှာပဲ။ ဒီတော့မှ ငါဟားတိုက်ရယ်ပစ်လိုက်မယ်။

ဒါပေမယ့် တစ်ခုလဲရှိတယ်။ ဒီကောင်မဖြစ်ရင် ဘယ်သူနဲ့ဖြစ်မလဲ။ ရွာသားထဲကဆိုရင်တော့ သူ့ကိုမကြိုက်တဲ့သူခပ်ရှားရှား။ ဒို့ရွာသားထဲကနဲ့တော့ ဟုတ် မထင်ဘူး။ တရွာရွာက တစ်ယောက်ယောက်နဲ့ ဖြစ်ရအောင်လဲ ဒီကောင်မဘယ်မှသွားတာလာတာလဲမှုတ်ဘူး။ အင်း ဆောင်းတွင်းတုန်းကတော့ ဈေးဦးကျွန်းဘက်သွားပြီး ပိုက်တို့ ချည်ခင်တို့ ရောင်းဖူးသည်။ အဲဒီက တစ်ယောက်ယောက်နဲ့ ဖြစ်လာတာများလား ဒီလိုမှ မဟုတ်ရင် ဒို့ရွာသားထဲက တစ်ယောက်ယောက်က အနိုင်ကျင့်တာ ခံရလို့များလား။ ဒီလိုလဲ ဟုတ်မထင်ပါဘူးလေ။ ဒီကောင်မက မာနအကြီးသား။ တော်ရုံတန်ရုံလူဆိုလဲ ဒီကောင်မက ကြိုက်မှာ မှုတ်ဘူး။ အင်း ဒါပေမယ့် သူ့ကြည့်ရတာတော့ မသင်္ကာစရာကြီး။

ပုလဲသည် ပိုက်ထိုးမြဲ ထိုးနေသည်။ ငြိမ်းရင်က တောင်တောင်မြောက်မြောက် တွေးလေသည်။ အိမ်ငယ်တစ်ခုလုံးစကားသံ ဆိတ်နေသည်။

" စိန်ကြည်လာသေးလားကွယ့် "

ငြိမ်းရင်ကအတွေးများကိုဖြတ်လိုက်ပြီး မေးသည်။

" ဒီနေ့ တစ်ခေါက်မှ မလာသေးဘူး"

ပုလဲသည် ငြိမ်းရင်အမေးကိုဖြေရင်း စိန်ကြည်တို့အိမ်ဘက်မျှော်ကြည့်သည်။ စိန်ကြည့်အရိပ်အရောင်ကို မမြင်ရသေး။

"မိစိန်ကြည်မပေါ်လာတော့ မျှော်ရ၊ မြင်ရပြန်တော့လဲ စိတ်မကောင်းဖြစ်ရတာပဲ။ သူ့ယောကျ်ားဖိုးလုံး မိုးမခပါသွားကတည်းက ဒီကောင်မလေးစိတ် ဂယောင် ချောက်ခြားဖြစ်နေတယ်ဟယ်။ အရီးဥကပြောတယ်။ ဒီကောင်မလေး ခလေး ကိုလဲ ဂရုမစိုက်ဘူးတဲ့။ ညညလဲ ကောင်းကောင်းမအိပ်ဘူးတဲ့။ သွေးဆေးလေး ဘာလေး သောက်ပါဟဲ့ဆိုတော့လဲ မသောက်ချင်ဘူးတဲ့။ ဘာဆေး ဘာဝါးမှ မသောက်ဘူးလို့ ငြင်းတယ်တဲ့။ တစ်နေ့နေ့မှာ ဘုံးဘုံးလဲမှာစိုးရိမ်နေကြတယ်။ "

"ဟုတ်တာပေ့ါအေ။ သူ့ယောကျ်ားအတွက်ပူရှာမှာပေ့ါ။ ခလေးထက် ယောကျ်ား က အရေးကြီးတာ။ ယောကျ်ားရှိ ခလေးရှိတာပဲ။ "

" တယ် ဒီကောင်မ ပေါက်ကရလေးဆယ်ပြောဦးမယ် "

"ဟုတ်တယ်လေ ငါက ဟုတ်တာပြောတာပဲ။ ယောကျ်ားရှိရင်ခလေးဆိုတာ မလိုချင့်အဆုံး။ နောက်ပြီး ခုလို နေ့ပြေးရ ညပြေးရ ဖြစ်နေတဲ့အခါမျိုးမှာ ခလေးထက် ယောကျ်ားက ပိုအရေးကြီးတာပေ့ါအေ့။"

" ညည်းကတော့ ဟုတ်မယ်လေ။ "

" နို့ ညည်းကော"

ပုလဲနှုတ်အ နေသည်။ ရုတ်တရက်အဖြေမပေးနိုင်။

" ပြောလေ ။"

ငြိမ်းရင်က ထပ်မေးသည်။

" ငါဆိုရင်တော့ ကလေးပိုတယ်။ "

" မဟုတ်တာ။ "

" ဘာမဟုတ်ရမှာလဲ "

" ညည်းပြောတာ ဟုတ်မှမဟုတ်ဘဲ ၊ ယောကျ်ားထက်ခလေးပိုရတယ်လို့"

" ညည်းမဟုတ်ချင်နေလေ။ ငါဟုတ်လို့ ငါပြောတာ။ "

" မယုံပေါင်။ "

" မယုံနေပေါ့။ "

" အေးလေ ညည်းယောကျ်ား ရရင်သိမှာပဲ။ "

" လာပြန်ပလား ဒီယောကျ်ား။ "

" ပြစမ်းပါဟယ်။ ညည်းဗိုက် ငါကိုင်ကြည့်ချင်တယ်။ "

ငြိမ်းရင် ပါးစပ်ကသာပြောရဲသည်။ ရှေ့မတိုးဝံ့။

" ငါ အဟုတ်ထိုးလိုက်မယ်နော် ငြိမ်းရင် "

ပုလဲက အုတ်စီနှင့်ရွယ်ပြန်သည်။

" မမပုလဲတို့ ဘာဖြစ်နေကြတာလဲ။ "

တာရိုးပေါ်မှ စိန်ကြည့်အသံကိုကြားလိုက်ရသည်။ ပုလဲနှင့်ငြိမ်းရင် အငြင်းရပ် သွားသည်။ တာရိုးပေါ်သို့ နှစ်ဦးစလုံးလှမ်းကြည့်ကြသည်။ ခေါင်းစုတ်ဖွားနှင့် အင်္ကျီထမီ ဖရိုဖရဲ စိန်ကြည်ကို တွေ့လိုက်ရသည်။

" လာ လာ မိစိန်ကြည် ။ ခုပဲ နင့်အကြောင်း တို့ပြောနေသေး"

ပုလဲက စိန်ကြည်ကိုလှမ်းခေါ်သည်။ စိန်ကြည့်အဖြစ်ကို ကြည့်၍လည်း ပုလဲမောရသည်။

" ဘာတွေငြင်းနေကြတာလဲ။ စောစောထဲက ကျမလာမလို့။ ကောင်လေး တကျီကျီလုပ်နေတာနဲ့ "

စိန်ကြည်အိမ်ငယ်ပေါ်တက်ရောက်လာသည်။ မေးမေးပြောပြောနှင့် ပုလဲနှင့် ငြိမ်းရင်ကြား ဝင်ထိုင်လိုက်သည်။

"ခလေးနဲ့ ယောကျ်ား ခလေးပိုချစ်သတဲ့ဟယ်။ နင်ကတော့ ယောကျ်ားပိုချစ်တယ်မို့လား။ ကဲ ပြောစမ်း စိန်ကြည်။ "

ငြိမ်းရင်က စိန်ကြည် ကိုမေးခွန်းထုတ်သည်။

"ယောကျ်ားလဲ ယောကျ်ားအလျှောက်၊ ခလေးလဲ ခလေးအလျှောက်ပေါ့ မငြိမ်းရင်ရဲ့။ ဒါပေမယ့် လောလောဆယ်ကိုယ့်ယောကျ်ားက ကိုယ်နဲ့ခွဲပြီး တစ်နယ်တစ်ကျေးရောက်နေတော့ သူ့အတွက် စိတ်ပူနေရတာပေါ့။ ခလေး ဆိုတာကတော့ ကိုယ့်မျက်စိအောက် ကိုယ့်ရင်ခွင်ထဲမှာမို့လား။ "

စိန်ကြည်ကပြောသည်။ ပုလဲနှင့် ငြိမ်းရင် တို့ပြောနေသည်မှာ သူ့အကြောင်း ဖြစ်လိမ့်မည်ဟု စိန်ကြည်ထင်သည်။ ဖိုးလုံး မိုးမခနယ်ဘက်ပါသွားသည့်အခါ စိန်ကြည်ကိုယ်တိုင်မှာလည်း ဝိယောဟိဝိပ္ပယောဂေါ ဒုက္ခ ကိုခံစားတတ်လာသည်။

" ကဲ မိစိန်ကြည်က ဒို့ထက် လူရေးသာသွားပြီး ငြိမ်းရင် ။"

ပုလဲက စိန်ကြည်ကိုကြည့်ကာ ခေါင်းတဆက်ဆက်လုပ်ရင်းမှ ပြောသည်။

"ဟုတ်တယ် မမပုလဲရဲ့။ ကျမသားလေးကို ကျမမချစ်ပဲ နေပ့ါမလား။ သိပ်ချစ်တာပေါ့။ ကျမဝမ်းနဲ့လွယ်မွေးရတဲ့ဥစ္စာ။ ဒါပေမယ့် ခလေးကိုမြင်တိုင်း မြင်တိုင်း သူ့အဖေကိုပိုပြီး ကျမသတိရတယ်။ ညညဆိုရင် အိပ်လို့တောင်မရဘူး။ ကျမရင်ထဲမှာ မီးတောက်ကြီးနဲ့ မြှိုက်ထားသလား အောက့်မေ့ရတယ်။

ဒါနဲ့ သူ့အဖေကို သတိရတိုင်း ခလေးကို ကျမရင်ခွင်ထဲ သွင်းပြီး အတင်းဖက်ထားတာပဲ။ ကျမငိုလဲငိုတာပဲ။ ဘယ်လိုကြီးမှန်းမသိပါဘူး မမပလဲရယ်။ အဲ တစ်ခါတစ်ခါတော့ ကျမတစ်ယောက်ထဲ ထိုင်ပြီး တွေးချင်ရာတွေးနေတာဟာ အရသာရှိတယ်။ မိုးမခမှာ သူဘယ်လိုများ နေရှာမလဲ။ ဘယ်လိုစားရရှာမလဲ။ ဘယ်လိုအိပ်ရရှာမလဲ။ ခမျာဟာ ငါတို့သားအမိကိုနေ့တိုင်းသတိရနေရှာမှာပဲ။ လွမ်းနေရှာမှာပဲ။ ခမျာနေလို့ ထိုင်လို့မှကောင်းပါ့မလား။ ကျမ်းကျမ်းမာမာမှ ရှိပါ့မလား။ ပြန်ပဲပြန်လာ နိုင်ဦးမှာလား။ ဂျပန်တွေဟာ မိုးမခကနေ ဘယ်များခေါ်သွားဦးမှာလဲ။ အို တွေးလိုက်တာ စုံနေတာပေါ့ မမပုလဲရယ်။ ဒါကြောင့် တစ်ခါတစ်ခါ ကလေးကို အနားကပ်မခံချင်ဘူး။ ခုလို မမပုလဲတို့နဲ့လာပြီး စကားပြောနေတော့ ဟိုအကြောင်းရောက် ဒီအကြောင်းရောက်နဲ့ ကျမစိတ်သက်သာတယ်။ ”

ပုလဲနှင့်ငြိမ်းရင်သည် စိန်ကြည့်စကားတွင် စိတ်ဝင်စားရသည်။ သူမတို့ သုံးယောက်တွင် လင်မှုပူနေသော စိန်ကြည်မှာ ဘာပြောပြော ကိုယ်တွေ့ ဖြစ်သည်။ လေသံနှင့် အမူအရာကပင် စိန်ကြည်၏စိတ်ဒုက္ခဝေဒနာကို ဖော်ပြ နေသည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ ခံစားဖြစ်ပေါ်မှုသည် လူ့အဆင့်အတန်း ခွဲသည်မဟုတ်။ လူတန်းစား ရွေးသည်မဟုတ်။ စိန်ကြည်ကိုကြည့်၍ စိန်ကြည့်စကားကြားရသည့်အခါ အလိုလိုနေရင်း ပုလဲငိုချင်လာသည်။

“ နေပါဦး ညည်းခလေးကို ညည်းယောကျ်ားလောက် မချစ်ဘူးပေါ့ ဟုတ်လား ”

ငြိမ်းရင်က မေးသည်။

“ ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ မမငြိမ်းရင် ရယ် ”

“ ဘယ်သူ့ပိုချစ်လဲ ”

ငြိမ်းရင်ကထပ်မေးပြန်သည်။

“ကျမပြောပြီးပါရောလား။ ခလေးလဲချစ်တယ်။ ကိုဖိုးလုံးလဲ ချစ်တယ်။ အတူတူပဲ ချစ်တယ်။ ”

“ အတူတူတော့ မဟုတ်နိုင်ပါဘူးအေ။ တစ်ခုခုတော့ညည်းပိုကို ပိုရမယ်။ ”

ငြိမ်းရင်က စကားနိုင်လုသလို သူ့ဘက် အသာရအောင်ပြောသည်။

“ ငြိမ်းရင်ရယ် သူက ကိုယ်တွေ့ဟဲ့။ ညည်းတို့ ငါတို့က ပါးစပ်ပြော။ ငါတွေးဖူးတာတစ်ခုလဲပြောရဦးမယ်။ ညည်းညောင်တုန်းဘက်ရောက်တဲ့အခါ ညောင်တုန်းဈေးဝ ညောင်ပင်ကြီးအောက်က အရူးမကြီးကိုတွေ့ဖူးတယ်မို့လား။ ”

ပုလဲကမေးသည်။

“ တွေ့ဖူးသားပဲ။ လေ့ဆိပ်က အတတ်ညောင်ပင်ကြီးအောက်က အရူးမကြီးပြောတာမို့လား။ ”

“ ကလေးသုံးယောက်နဲ့ အရူးမကြီး မှတ်လား မမပုလဲရဲ့ ”

“ အေးပေါ့ အဲဒီအရူးမကြီးပြောတာပေါ့။ သူ့မှာ ကလေးသုံးယောက်ရှိတယ်။ ယောကျ်ားလေးတွေချည်းပဲ။ ဒို့အဘမသေခင်က အဘနဲ့ငါက ညောင်တုန်းကို ဈေးဝယ်သွားကြရင်း အဘက အရူးမကြီးကို ပိုက်ဆံပေးတယ်။ နောက်ပြီးနင့်မှာ ကလေးသုံးယောက်တောင်ရှိတာ တစ်ယောက်ဒို့ပေးပါ လားကွယ်။ ကောင်းကောင်းမွန်မွန် ဒို့မွေးမယ်။ အဝတ်အစားတွေလဲ ဝယ်ခြမ်းပေးမယ်။ နင့်ကိုလဲ ပိုက်ဆံတွေ အများကြီးထပ်ပေးဦးမယ်လို့ ပြောတယ်။ အဲလိုလဲပြောလိုက်ရော အရူးမကြီးဟာ အဘပေးတဲ့ပိုက်ဆံကို လွှင့်ပစ်တော့ တာပဲ။ သူ့ရှေ့မှာ အိပ်နေတဲ့ ခလေးတစ်ယောက်ကိုရောသူ့ အနားမှာကစားနေတဲ့ ကလေးနှစ်ယောက်ကိုရော အတင်းပဲသူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး။ မပေးဘူး မပေးဘူး။ ပိုက်ဆံဘယ်လောက်ပဲပေးပေး ငါ့ကလေးကို မပေးနိုင်ဘူးဆိုပြီး ငိုတော့တာပဲလေ။ ဒို့အဘ ချော့လို့တောင် မရဘူး။ ဒို့အဘကို သူ့အနား အကပ်မခံဘူး။ အတင်းအော်လွှတ်တယ်။ ကဲ အဲဒီ အရူးမကြီးကိုကြည့်စမ်း။ သူ့ယောကျ်ားဟာ ဘယ်သူဘယ်ဝါပါလို့ လက်ညှိုးထိုးပြစရာမရှိဘူး။ ယောကျ်ား အတွက် ငိုနေတယ် ငိုင်နေတယ်လို့လဲ တစ်ခါမှ မရှိဘူး။ အေး ဒါပေမယ့် သူ့ခလေးတွေထိလာရင်တော့

ထသက်တော့မယ့်အတိုင်းပဲ။ ဒီတော့ ဒို့အဘက ပြောတယ်။ အရူးကလေး အရူးချစ်။ ခွေးကလေး ခွေးချစ်တာမျိုးတဲ့။ "

" အဲဒါက အရူးကိုအဒေ့ "

ငြိမ်းရင်က ဆင်ခြေတတ်ပြန်သည်။

"အေးလေ။ အရူးတောင် သူ့သားသမီးအပေါ်မှာသံယောဇဉ် ဒါလောက်ကြီး သေးရင် အကောင်းဆိုတာ ဘယ်ပြောဖို့ရှိတော့မလဲ ငြိမ်းရင်ရယ်။ သားသမီးနဲ့ ပတ်သက်လာရင် မိဘဟာရှေ့ကနေပြီး အစားအငတ်ခံမယ်။ အဝတ်ချို့တဲ့ခံမယ်။ အိုဟယ် သေစရာရှိရင် မိဘဟာရှေ့ကနေအရင်အသေခံပြီး သားသမီးကို နောက်မှအသေခိုင်းမယ်။ ဒါတောင် ငါ့သားငါ့သမီးလေးတွေဟာ ငါ့လိုမသေပါစေ နဲ့လို့ ဆုတောင်းသွားဦးမယ်။ လင်ယောကျ်ားအပေါ်မှာလဲ ချစ်တော့ ချစ်တာပေါ့ဟယ်။ မချစ်ဘူး ဘယ်ဟုတ်ပါ့မလဲ။ ဒါပေမယ့် အဲဒါကလဲ အားကိုးမှုနဲ့ချစ်တဲ့အချစ်။ သားသမီးအပေါ်ကျတော့ အားကိုးခံနဲ့ ချစ်တဲ့အချစ်။ ကိုယ်ကရတဲ့ အချစ်နဲ့ ကိုယ်ကပေးရတဲ့အချစ်မှာ ဘယ်တော့ဖြစ်ဖြစ် ကိုယ့်ဘက်ကရတဲ့အချစ်ကပိုပြီး အလေးသာတာပဲ။ ပိုပြီး လေးနက်တာပဲအဒေ့။ "

ပုလဲကို ငြိမ်းရင် နိုင်အောင်မပြောနိုင်။ စင်စစ် ပုလဲလောက် ငြိမ်းရင် စကားမတတ်။ တွေးတွေးဆဆ ပြောရမည်ဆိုလျှင်လည်း ပုလဲက ငြိမ်းရင်ထက် အစစသာသည်။

" ကဲပါအေ။ အဲဒါထားပါတော့၊ ညည်းဗိုက်ကို ကိုင်ကြည့်ရအောင်။ "

မနိုင်သည့်အဆုံး ဗိုက်ကိစ္စကိုငြိမ်းရင်က စကားဦးလှည့်လာပြန်သည်။ ပြီး ငြိမ်းရင်မျက်လုံးဒေါင့်ကပ်ပြီး စိန်ကြည့်ကို အဖော်ညှိသလို ကြည့်သည်။

"ငြိမ်းရင်နော် ငြိမ်းရင်။ ဒီစကား ဒီတစ်ခါပဲပြော။ နောက်ထပ်ဒီစကား ပြောရင်တော့ ညည်းငါ့အိမ်ပေါ်က ခုဆင်းသွား။ "

ပုလဲက စိတ်လိုက်မာန်ပါပြောသည်။ ဒီတစ်ကြိမ်တော့ သူမက တကယ်ပင် စိတ်တိုစိတ်ဆိုးလာသည်။

နှစ်ယောက်ကြားရှိ စိန်ကြည်သည် ပုလဲနှင့်ငြိမ်းရင်အား ယောင်နန မော့်ကြည့်သည်။ ပြီး ပုလဲဗိုက်ကို စူးစိုက်ကြည့်ရာမှ ..

" မမပုလ ဗိုက်က ဘာပြုလို့လဲ " မေးသည်။

"သူ့ဗိုက်ကြီးပူနေတယ်မို့လား စိန်ကြည်။ အဲဒါ ဖျဉ်းစွဲသလားလို့ ငါကစမ်းကြည့် မယ်ပြောတာ။ အကိုင်မခံဘူးဟယ်။ ကဲ နင်ပြောစမ်း စိန်ကြည်။ သူ့ဗိုက်ဟာ ပူသလား မပူဘူးလား "

"ဟုတ်တော့ဟုတ်တယ် မမပုလဲရဲ့။ မမပုလဲဟာ ဝလဲဝလာတယ်။ မမပုလဲဗိုက်ကလဲ ဟို၊ ဟို၊ ဟို ကျမ ငါးလလောက်တုန်းက ဗိုက်လောက် ရှိသလားပဲ။ "

စိန်ကြည်က မရဲမဝံ့ပြောသည်။ စကားအဆုံး ပါးစပ်တွင် လျှာတစ်လစ်ဖြစ်နေသည်။

"တယ်လေ ဒီကောင်မလေး ငါထလုပ်လိုက်ရသေတော့မယ်။ နင်ပါသံယောင်လိုက်ရတာလဲဟင် "

သည်တစ်ကြိမ်တော့ ပုလဲ ထိုင်ရာမှ ဆက်ကနဲထသည်။ ထမီကို ပြင်ဝတ်သည်။ တင်းတင်းရင်းရင်း ဝတ်သည်။ စိန်ကြည်အား ခြေနင့်ကန်မလို ရွယ်သည်။

ငြိမ်းရင်နှင့်စိန်ကြည်က တဟားဟား ရယ်မောသည်။ ပုလဲ စိတ်ဆိုးရ ခက် မဆိုးရခက်။

"ဟဲ့ ဟဲ့ ဟိုမှာ ကျောင်းထိုင်ဆရာတော် ကြွလာတယ်။ ကျောင်းထိုင်ဆရာတော်။ တိတ်ကြစမ်း။ တဟားဟား လုပ်မနေကြနဲ့။ "

မတ်တတ်ရပ်လိုက်သောပုလဲသည် ခပ်လှမ်းလှမ်းမှ ကြွလာသော ရှင်ဓမ္မဝိလာသအား မြင်လိုက်ရသည်။ ဦးပဥ္စင်းသည် သင်္ကန်းကို လက်ကတော့ရုံကာ တာရိုးလမ်းအတိုင်း ကြွလာခြင်းဖြစ်သည်။ ဦးပဥ္စင်း နောက်တွင် ကပ္ပိယကြီးဦးဖိုးအား တွေ့ရသည်။ ငြိမ်းရင်နှင့်စိန်ကြည်သည် ရယ်မောနေရာမှ ပုလဲညွှန်ပြရာသို့ ကြည့်လိုက်ကြသည်။ ပုလဲမြင်သလို သူတို့မြင်ကြသည်။

"ဆရာတော် ဘယ်ကြွမလို့ပါလိမ့်။ ရွာလယ်ပိုင်းလား။ ညောင်တုန်းဘက်ကိုလား။"

စိန်ကြည်က ပြောသည်။

" လာ လာ ဒို့များ အောက်ကို ဆင်းကြရအောင် "

ပုလဲကရှေ့ဆောင်ကာ သူမတို့သုံးယောက် အိမ်ငယ်အောက်သို့ ဆင်းသက် ခဲ့ကြသည်။ အိမ်ငယ်များသည် တာရိုးဘေးတစ်ဖက်တွင်ခြေတံရှည်ဆန်ဆန် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ပုလဲတို့နေထိုင်သော တောင်ဖျားပိုင်း အိမ်ငယ်များသည် မြစ်ပြင်ဘက်တွင် မဟုတ်။ အတွင်းဘက်၌သာဖြစ်သည်။ မိုးတွင်းမိုးခါတွင်း မြစ်ရေအတတ်ကြမ်းသောကြောင့် တာ၏ အတွင်းဘက်၌ ဆောက်လုပ်နေထိုင်ကြခြင်း ဖြစ်သည်။ ပြီးသော် တောင်ပိုင်းဖျားသည် ကမ်းပါးစောက်ဖြစ်သည်။ မကြာခဏ ကမ်းပြိုသည်။ မိုးရာသီတွင် ရေကြောင်းကျသောကြောင့် ပို၍စိုးရိမ်ရသည်။ ရွာလယ်ပိုင်းနှင့်မြောက်ဖျားပိုင်းက ကမ်းမြေပြန့်သည်။ ရေဒဏ်ကိုမခံရ။ စင်စစ်တောင်ပိုင်းဖျား အိမ်များက ခပ်မြင့်မြင့်ဆောက်လုပ်ထားသောကြောင့် ရွာလမ်းတာရိုးမှာ နိမ့်ကျန်ရစ်သည်။ ထိုအခါတာရိုးပေါ်မှ လူလျှောက်သွားလျှင် အိမ်ငယ်ပေါ်ရှိ လူသည် အပေါ်စီးလိုဖြစ်နေသည်။

ပုလဲတို့သုံးယောက်မြေပြင်ပေါ်ဒူးတုပ်ထိုင်လိုက်ကြသည်။ သူမတို့အနီးသို့ ရှင်ဓမ္မဝိလာသ ရောက်ရှိလာသည့်အခါ သုံးယောက်စလုံး ဦးညွှတ်ကန်တော့ ကြသည်။ ရဟန်းတော်သည် တစ်ချက်မျှ ငဲ့စောင်းကြည့်ပြီး ရှေ့ဆက်၍ ကြွမြန်းသည်။

" ဦးကြီးဖိုး ၊ ဆရာတော် ဘယ်ကြွမှာလဲ "

ကပ္ပိယကြီး သူမတို့အနီးအရောက် ပုလဲကမေးသည်။

"သြော် သူကြီးအိမ်ကိုကွဲ့။ သူကြီးကတော်က ပင့်ထားလို့။ မိန်းခလေး ကျောင်းဘက်မလာပြန်ပဲကိုး "

"ပိုက် လက်ခံထားတာကလေးတွေ များနေလို့ ဦးကြီးဖိုးရဲ့။ ခုတလောတော့ ဂျပန်ကောင်တွေလဲ မပေါ်လာပြန်ဘူးလေ။ "

"အေးအေး လာဦးပေါ့ မိန်းခလေးရယ် ။ မောင်ပဇင်းက မနေ့ကတောင် မေးသေးတယ်။ "

ကပ္ပိယကြီးသည် ခဏသာ စကားရပ်ပြောသည်။ ပြီးနောက် ဦးပဥ္စင်းနောက်သို့ အမှီလိုက်သွားသည်။

ငြိမ်းရင်သည် ကပ္ပိယကြီးနှင့် ပုလဲကို ကြည့်ကာ စိတ်ထဲက မလိုတမာ ဖြစ်မိသည်။ ဒီအဖိုးကြီး ဒို့များကြတော့ အရေးမလုပ်ချင်ဘူး။ ပုလဲကိုမှ အရေးတယူလုပ်ချင်တယ်။ ပုလဲကိုကျောင်းလာပါဦးလေး၊ မောင်ပဇင်းက မေးသလေး မြန်းသလေးနဲ့ လောကွတ်တွေ ပိုနေလိုက်တာ။ ငါနဲ့စိန်ကြည် ကိုတော့ နှုတ်တောင်မဆက်ဘူး။ အတော်လာတဲ့အဖိုးကြီး။

" ဟဲ့ ငြိမ်းရင် လာလေ။ ညည်းဘာတွေတွေးနေတာလဲ။ "

ပုလဲက လှမ်းခေါ်သည်။ ပုလဲနှင့်စိန်ကြည်အိမ်ပေါ်သို့ ရောက်နှင့်သည့်တိုင် ငြိမ်းရင်မှာ တာရိုးဘေးတွင် တစ်ယောက်ထဲ ရပ်ကျန်ရစ်သည်။

" ငါပြန်ဦးမယ် ဟယ် "

ပြောပြောဆိုဆို နှင့် ငြိမ်းရင် ထွက်သွားသည်။ တာရိုးပေါ်ရောက်သွားသည်။ တစ်စုံတစ်ရာကို ငြိမ်းရင်တွေးတောသွားဟန်တူသည်။ သူလမ်းလျှောက်သည်မှာ တုန့်နှေးနှေး။

(၂၁)

ပုလဲနှင့်စိန်ကြည် နှစ်ယောက်ထဲကျန်သည်။

စိန်ကြည်သည် ပိုက်အကြောင်းကို နောက်ထပ်စကားမဟတော့။ မိုးမခလေယာဉ်ကွင်းနှင့် ကားလမ်းဖောက်လုပ်ရာသို့ ပါသွားသော သူ့ယောက်ျားဖိုးလုံး အကြောင်းကိုသာ တဖွဲ့တန္တဲ့ပြောလေသည်။ ပြီးပါးစပ်က စကားတွင်တွင် ပြောသလို လက်နှစ်ဖက် အုတ်စီအတွင်းသို့ ပိုက်ချည်များကို ခပ်သွက်သွက် သွင်းလေသည်။

ပုလဲသည် စိန်ကြည်ပြောသမျှနားထောင်နေရသောလည်း စိန်ကြည့်စကားထဲ စိတ်မရောက်နိုင်။ ငြိမ်းရင်ပြောသွားသော စကားများက ပုလဲစိတ်ကို လှုပ်ရှားကျန်ခဲ့စေသည်။

ခပုံတိုင်းဆိုလျှင် သူ့ကိုယ်ဝန်သည် မကြာမီလပိုင်းအတွင်း မဖုံးနိုင်၊ မဖိနိုင် ဘွားဘွားကြီး ပေါ်လာပေတော့မည်။ ဤလိုအထင်ကရကြီးဖြစ်လာလျှင် ရပ်ရွာကမပြောမဆိုပဲ နေကြလိမ့်မည်မဟုတ်။ မအံ့သြဘဲ ရှိကြလိမ့်မည်မဟုတ်။ မကဲ့ရဲ့ဘဲနေကြလိမ့်မည်မဟုတ်။ တံတွေးခွက်ပက်လက်မျောအောင် ကဲ့ရဲ့ကြ မည်။ ရှုံ့ချကြမည်။ သူတစ်မျိုး ငါတစ်ဖုံ အတင်းအဖျင်း စုံအောင် ပြောကြ လိမ့်မည်။ ထိုအခါ သူရင်ဆိုင်ရမည့်အဖြစ်သည် မသေးငယ်လှပါချေ တကား။

ယခုရက်ပိုင်းအတွင်းတော့ သိပ်အကြောင်းမဟုတ်သေး။ စံတုတ်တို့ သာဖန်တို့လူစုမှာ ရွာနှင့် အတော်အတန်အလှမ်းဝေးသော ပိုက်ချက်စခန်းသို့ ရောက်နေကြသည်။ ဤအဖြစ်ကပင် သူ့အဖို့ ကံကောင်းလေစွ။ တဖန် မိုးမခလေယာဉ်ကွင်းနှင့်ကားလမ်းကိစ္စကလည်း သူ့အဖို့ ကံကောင်းခြင်းတစ်မျိုး ပေလောဟု ပုလဲတွေးမိသည်။ ဤလိုမဟုတ်ပဲ ရွာတွင်ကာလသားများသာ စုစုရုံးရုံးရှိနေခဲ့သော် တစ်ယောက်မဟုတ်တစ်ယောက်က သူ့အခြေအနေကို ရိပ်မိနိုင်သည်။ သံသယရှိလာနိုင်သည်။ ဤလိုများဖြစ်ခဲ့သော် သူ့အား ရွာမှမောင်းထုတ်ကြလေမလား။ သူ့အိမ်ကလေးကိုပင် မီးရှို့မီးတိုက်ပစ်ကြလေမလား။ ထိုအဖြစ်ဖြစ်ခဲ့သော် သူကြီး၊ ဆယ်အိမ်ခေါင်း စသူများသည် သူ့ရှေ့မှမားမားမတ်မတ်ရပ်ကြပါမည်လား။ ရွာသူအမျိုးသမီးများကလည်း ရွာမျက်နှာအိုးမည်းသုတ်တဲ့ ကောင်မဟု သူ့အား ဝိုင်းပယ်ကြလေမလား။

ဟုတ်တယ် ဟုတ်တယ်။ ငါ့ကိုဒီအတိုင်း လုပ်ကြမှာပဲ။ ဒီအတိုင်းပြောကြမှာပဲ။ ငါ့အိမ်ကလေးကို ချေမွဖျက်ဆီးပြီး မီးရှို့ မီးတိုက်ပစ်ကြမှာပဲ။ ဇာတ်ပွဲထဲကလို ငါ့ကို ကျောတစ်ရာ ရင်တစ်ရာ ဒဏ်ခက်ပြီး ရွာထဲက မောင်းထုတ်ကြမှာပဲ။

စိန်ကြည်နှုတ်ဆက်ပြန်သွားသည်ကိုမှ ပုလဲ ကောင်းစွာသတိမထားလိုက်မိ။ အင်း အေးလည်း ဘာတစ်ခွန်းမျှ မပြောလိုက်နိုင်။ အတွေးစိတ်ဖြင့် နစ်မွန်းကျန်ရစ်လေသည်။

မိန်းမောသလို ပုလဲငိုင်နေသည်။ မျက်လုံးက တရွေ့ရွေ့လျှောက်သွားနေသော စိန်ကြည်ကိုတော့ မြင်နေရဆဲ။ ဒါကိုလဲ စိန်ကြည်ပြန်သွားပါကလားဟု အမှတ် အသားမပြုနိုင်။ ပတ်ဝန်းကျင်အရာများအားလုံးကို လည်း ပုလဲမေ့ကျန် လျက်။

ရွာကာလသားများအားလုံးသည် အိမ်ငယ်ပေါ်မှသူ့ကို အတင်းအဓမ္မဆွဲချ ကြသည်။ ဒရွတ်တိုက်လျက် တာရိုးပေါ်ဆွဲခေါ်သွားကြသည်။ သူတစ်လက် ငါတစ်လက် ထုကြထောင်းကြသည်။ ရိုက်လားပုတ်လား လုပ်ကြသည်။ ငြိမ်းရင် အပါအဝင် အမျိုးသမီးများက လက်ညှိုးငေါက်ငေါက်ထိုးကား ဝိုင်းအုံကဲ့ရဲ့ ကြသည်။ မကြာခင်မှာပဲ ဆဲရေးတိုင်းထွာကြသည်။

မကြာမီ မီးဟုန်းဟုန်းတောက်လောင်နေသော အိမ်ငယ်ကို ပုလဲမြင်ရသည်။ လူတွေအားလုံးက ထိုအဖြစ်ကို ဝိုင်းဝန်းလက်ခုပ်တီးကြသည်။ ဝမ်းသာအဲလဲ အော်ကြ ဟစ်ကြသည်။

နင်ဟာ ဒို့ရွာနဲ့မတန်ဘူး။ သွား သွား ခုမြန်မြန်ထွက်သွား။

အမျိုးသမီးတစ်သိုက်က သူ့ကို မောင်းထုတ်သည်။ တံတွေးစက် တံတွေး ပေါက်ပေါင်းများစွာသည် မိုးရွာသည့်နှယ် သူ့မျက်နှာထက်သို့ အဆက်မပြတ် ကျရောက်လာသည်။

" ဘုရား ဘုရား ဘုရား "

ဂျပ်နင့်အုတ်စီကိုပုလဲ လွှတ်ချသည်။ ယောင်ယမ်းမြည်တမ်းကာ အိမ်ခန်းရှိရာသို့ထပြေးသည်။ မျက်နှာပေါ် လက်ဝါးအုပ်ကာ ရှိုက်ကြီးငင်ကြီး ငိုကြွေးသည်။ အဖေ့ကိုတသည်။ အမေ့ကိုတသည်။ အားကိုးမှုကို သူရှာသည်။ ဘာတစ်ကွက်မျှ အားထားစရာမမြင်။ သူ့ဝန်းကျင်တွင် ထိတ်လန့်စက်ဆုတ်ဖွယ် ကောင်းသောမျက်နှာပေါင်းများစွာ၊ ကျိန်ဆဲရေရွတ်သော အသံပလံပေါင်းများစွာ ကသာ လွှမ်းမိုးခြောက်လှန့်သည်။

သွား သွား နင် ဒို့ရွာက ခု ထွက်သွား။ နောက်ထပ် ကွမ်းတစ်ရာညက်မနေနဲ့။ ခပ်မြန်မြန် ထွက်သွာ။ ရိုင်းစိုင်းသူမ ရွာဖျက်မ။

ဘယ်လိုလဲမရွှေစာကြီးရေ့။ အစကမဟုတ်ပါဘူးဆို။ ခုတော့ ဗိုက်တရား မှန်မှန်ဟောနေပါပေါ့လား။

ဟေ ဟေ ဟေ အပျိုကြီးဘဝနဲ့အရိုးထုတ်မယ့် မိန်းမတဲ့။ ခုကြည့်ကြစမ်းပါတော်။ ဘယ့်လောက်ပြောင်တဲ့မျက်နှာလဲ။ ကိုင်း ခုတော့ ဘယ့်နှယ့်ရှိစ။ လင်ကောင်တောင်မဖော်နိုင်ပါကလား။ ဟီး ဟီး ဟီး ။

အသံပလံပေါင်း များစွာကို ပုလဲကြားရသည်။ မျက်နှာပေါင်းများစွာကို ပုလဲမြင်ရသည်။ မျက်နှာပေါင်းများစွာက ခက်ထန်မာကြောသလောက် အသံပေါင်းများစွာက ရန့်ရင်းကြမ်းတမ်းလှသည်။ ကြင်နာသည့်အရိပ်အယောင်၊ ငဲ့ကွက်သည့် လေသံဟူ၍ကားအနည်းငယ်မျှ ပုလဲမတွေ့ မကြားရ။

"လူတွေဟာ သူတို့လိုချင်တာကို မရပလားဆိုမှဖြင့် ရန်လုပ်တတ်ကြတယ်။ များများလိုလေလေ ကြပ်ကြပ်ရန်လုပ်ခံလေလေပဲ သမီး။ "

သချိုင်းကုန်းမှ အမေ့အသံသည် ပုလဲနားတွင် ပဲ့တင်ထပ်လာပြန်သည်။ သေရွာသို့ သွားရမည့်ဆဲဆဲ သူ့အတွက် စိတ်မဖြောင့်ရှာသည့် အမေ့မျက်နှာကို ပုလဲမြင်ယောင်ပြန်သည်။ အမေပြောသလိုပင် သူ့အချစ်ကို မရသည့်အခါ ရွာကာလသားများသည် သူ့အဖြစ်ကိုသိပါက မစားရတဲ့အမဲ သဲနှင့်ပတ်ကြပေမည် တကား။

ဟယ်။ ဒီအခြေရောက်မှ မထူးတော့ပါဘူး။ ငါ့ဝမ်းထဲက ငါ့ရင်သွေး အတွက်ဖြစ်သမျှ အကြောင်းကို ငါရင်ဆိုင်မယ်။ ဖြစ်ချင်ရာဖြစ်ပါစေ။ ဒင်းတို့ငါ့ကို သတ်ချင်သပဲ့ဆိုသတ်ပါစေ။ ထုချင်ထု၊ ထောင်းချင်ထောင်း၊ ရိုက်ချင်ရိုက်၊ ပုတ်ချင်ပုတ် လုပ်ချင်သလိုလုပ်ကြပါစေ။ ငါ့အဖြစ် ငါ့ဘဝဟာ ငိုနေလို့ပြီးမှာမှ မဟုတ်ဘဲ။ နောင်တရနေလို့ကော ထူးလာမယ့်ကိစ္စမဟုတ်ဘဲ။ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။ ဒီအကြောင်းနဲ့ သေရမှာဆိုရင် ဘယ်ပြေးပြေးငါဟာ မလွတ်ပါဘူး။

ပုလဲ သူ့စိတ်သူတင်းသည်။ သူ့ကိုယ်သူ အားပေးသည်။ စိတ်ပျက်စရာ၊ အားငယ်စရာအကြောင်းများကို သူ့ခေါင်းထဲမှ မောင်းနှင်ထုတ်သည်။

"အရွယ်ရောက်လာတဲ့မိန်းခလေးတစ်ယောက်ဟာ ကိုယ့်ဘဝခရီးကို ရဲရဲဝံ့ဝံ့ လျှောက်ရမှာပဲ သမီး။ အကောင်းနဲ့အဆိုးကို ကိုယ်ဉာဏ်နဲ့ ကိုယ်ရွေးချယ် တတ်ရမှာပဲ သမီး။ မိတ်ဆွေနဲ့ရန်သူကို ကိုယ့်ဟာကိုယ် ခွဲခြားတတ်ရမယ်သမီး။ "

ဟုတ်တယ် ဟုတ်တယ် အမေပြောတဲ့အတိုင်း ငါ့ဟာငါ့ဘဝခရီးကို ရဲရဲဝံ့ဝံ့ လျှောက်ရမယ်။ လူတွေကိုကြောက်လန့်ပြီး ထွက်ပြေးတိမ်းရှောင်နေဖို့ မလိုဘူး။ ကြောက်ပါတယ်ဆိုပြီး ပုန်းနေလို့ရော လွတ်မှာတဲ့လား။ နောက်ပြီး ခုလို ခေတ်ပျက်ခေတ်ဆိုးကြီးထဲမှာ တခြားတစ်နေရာရာကို ထွက်ပြေးမယ်ဆိုရင် ငါ့ထက်မိုက်တဲ့မိန်းမ ရှိဦးမှာလား။

" မိန်းခလေး ဟဲ့ မိန်းခလေး "

အပြင်မှခေါ်သံကို ပုလဲကြားလိုက်ရသည်။ အသံမှာ ဦးပဥ္ဇင်းအသံဖြစ်သည်။ တာရိုးပေါ်မှနေ၍ ခေါ်ခြင်းဖြစ်သည်။

သူမက မျက်ရည်စများကို ကမန်းကတန်းသုတ်ပစ်သည်။ ထိုင်ရာမှ ခပ်သွက်သွက်ထသည်။ အပြင်သို့ ကပျာကသီ ထွက်လာသည်။ တာရိုးပေါ်တွင်ရပ်နေသော ဦးပဥ္ဇင်းအားတွေ့ရသည်။

" ဂျပန်တွေ လာနေပြန်ပြီ။ သမ္ဗန်သုံးလေးစင်းနဲ့ ရွာလယ်ဆိပ်ရောက်နေတယ်။ "

ဦးပဥ္ဇင်းသည်ထိုမျှသာ မိန့်ကြားသွားသည်။ ရှေ့ခရီးကို ဆက်လက်၍ ကြွမြန်းသည်။ စိန်ကြည်တို့အိမ်ရှေ့အရောက်တွင် အရီးဥအား မိန့်ကြား သွားပြန်သည်။

ပုလဲသည် ထိုးလက်စ ပိုက်နှင့်ချည်ခင်များကို ခပ်သွက်သွက် သိမ်းဆည်းသည်။ အိမ်ပေါက်မှရပ်ကာ ရွာလယ်ပိုင်းဆီသို့မျှော်ကြည့်သည်။ လူရိပ်လူယောင်အစ အနမမြင်ရသေး။ ချက်ချင်တော့ ဂျပန်တွေရောက်လာဦးမည်မဟုတ်။ ဂျပန်တွေချည်းပဲလား၊ ပုလိပ်တွေရော ပါလာသေးလား။ ဂျပန်ချည်းပဲဖြစ်ဖြစ်၊ ပုလိပ်တွေပါပါ ဘုန်းကြီးကျောင်းကိုတော့ သူပြေးရမည်။

အိမ်ငယ်ထက်မှ ဆင်းသက်ခါနီးဆဲဆဲတွင် စိန်ကြည်ကို သတိရသည်။ စိန်ကြည်ကို ခေါ်သွားရကောင်းမလား တွေးမိသည်။ ဒါပေမယ့် ဒီကောင်မလေး ကလဲအခက်သား။ လင်စိတ်ကြောင့် ရူးကြောင်ကြောင် ပေါတောတော။ အတော်ကြာ ဦးပဥ္ဇင်းနှင့် ကပ္ပိယကြီးရှေ့တွင်ပေါက်ကရတွေမေးနေ ပြောနေရင် ခက်ရချည့်။ နောက်ပြီး စိန်ကြည်က ခလေးတစ်ဖက်နှင့်။ ပုန်းရာ ရှောင်ရာမှာ သူ့ကလေးက ငိုယိုနေပြန်ရင် တခက်ဟု ပုလဲတွေးမိပြန်သည်။

နောက်ဆုံးအိမ်ငယ်ထက်မှ ပုလဲဆင်းသက်ခဲ့သည်။ တာရိုးပေါ်ရောက်သည့် အခါ စိန်ကြည်တို့အိမ်ဘက်သို့ လှမ်းကြည့်လေသည်။ စိန်ကြည့်အပေါ်တွင်ပုလဲ သံယောဇဉ်ရှိသည်။ ဘယ်လိုပဲရှိရှိ စိန်ကြည်ကို အခန့်သင့်တွေ့၍ လိုက်မည် ဆိုကလည်း သူနှင့်အတူခေါ်သွားမည်ဟု ပုလဲဆုံးဖြတ်သည်။ အိမ်ရှေ့ဖူးစင် အောက်တွင် အဖိုးကြီးဦးပေါ်လာကို လှမ်းမြင်ရသည်။ အရီးဥနှင့်စိန်ကြည့် အရိပ်အရောင်ကို မတွေ့ရ။ သူ့ကြည့်နေခိုက်တွင် အဖိုးကြီးဦးပေါ်လာသည် အိမ်ငယ်ပေါ်သို့ တက်ရောက်သွားလေသည်။

သူမသည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ပြီးနောက် တာရိုးကို ကျော်ကာ မြစ်ပြင်ဘက်သို့ ဆင်းသက်ခဲ့သည်။ စင်စစ်တော့ ကျောင်းရှိရာသို့ သွားရိုးသွားစဉ် လမ်းအတိုင်းသာသွားမည်ဆိုက တာရိုးလမ်းအတိုင်း သူသွားရမည်။ သို့သော် ဂျပန်တွေနှင့်ပုလိပ်တွေ တောင်ဖျားလာမည်ဆိုပါက တာရိုးပေါ်မှ သူမအားလှမ်း၍ မြင်နိုင်သည်။ နောက်တစ်ခုက စိန်ကြည်ကို မခေါ်တော့ဟု သူမက ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

တကယ်ဆိုတော့ နောက်ပိုင်းရက်များတွင် ဂျပန်တွေ ပုလိပ်တွေ လာတိုင်းလည်း စိန်ကြည်က တိမ်းရှောင်သည်မဟုတ်။ သူ့အနေနှင့် ကသာ ကိုယ့်အကြောင်းကိုယ်သိ၍ တိမ်းရှောင်ရခြင်းဖြစ်လေသည်။

ရှေ့တူရူရှိမြစ်ပြင်ကြီးကို ပုလဲလှမ်းကြည့်သည်။ မြစ်ပြင်မှ လေတဖြူးဖြူး တိုက်ခတ်နေသည်။ ရေလယ်တွင်လှေငယ်နှစ်စင်းကိုတွေ့ရသည်။ တံငါလှေတော့ မဟုတ်။ ရွက်ဖြူကလေးများနှင့် ခရီးကဇင်းသွားလှေငယ်နှစ်စင်းဖြစ်သည်။ မြစ်တစ်ဖက်ကမ်းရှူခင်းသည် ရွှေဟသာ်ကျွန်းအစနှင့်

မြတ်လုရှောင်း အဝင်ဝ ဖြစ်သည်။ ဒါပေမယ့် ဝေးလှမ်းသည်။ ရှုခင်းသည် မပီပြင်။ ကွဲကွဲပြားပြား ရှိလှသည် မဟုတ်။ သစ်ရိပ်နှင့်ကမ်းရိပ်သည် မြသားတစ်ကွက်၊ ပုလဲတစ်ကွက်။ ဖြူပြာတစ်ကွက်၊ နီလာတစ်ကွက်။

ထိုအခိုက်ရွာလယ်ဆီမှ သေနတ်သံနှစ်ချက် ဆင့်၍ကြားလိုက်ရသည်။ ပုလဲတစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားသည်။ ရွာထဲတွင် ဘာတွေဘယ်လို ဖြစ်ကြပြန်သလဲ။ ပုလဲတွေးသည်။ နောက်ပိုင်းကို တစ်ချက်မျှလှည့်ကြည့်သည်။ ပြီးသော် ရှေ့ခရီးကို သုတ်ခြေတင်လျှောက်လေသည်။

မကြာမီဇရပ်နောက်ပိုင်းတည့်တည့် ကမ်းပါးအောက်ခြေသို့ ပုလဲရောက်လာ သည်။ ဆင်းနေကျလမ်းကလေးအတိုင်း ကမ်းပါးထိပ်သို့ခဲခဲယဉ်းယဉ်း တက်ခဲ့ သည်။ ကမ်းပါးထိပ်အရောက်တွင် ဇရပ်အဆောက်အဦးရှိရာသို့ မသွားသေးဘဲ ထိုနေရာတွင် ရပ်ကာအမောဖြေရသည်။ ရွာဆီသို့ ပြန်မျှော်ကြည့်သည်။ ထူးထူးခြားခြားဘာမျှမမြင်ရ။ သေနတ်သံကိုလည်းနောက်ထပ် မကြားရ။

အတန်ကြာနေပြီးမှ ဇရပ်ရှိရာသို့ သူမက လျှောက်ခဲ့သည်။ ဇရပ် နောက်ပိုင်း အရောက်တွင် ဇရပ်ပေါ်မှ စကားသံများကို ကြားလိုက်ရသည်။ ထို့ကြောင့် ရုတ်တရက်ဇရပ်ပေါ်သို့မတတ်သေးဘဲ ဇရပ်နောက်ပိုင်းလှေကားရင်း တွင် ရပ်နေသည်။ ကြားရသော စကားသံကိုနားစွင့်သည်။ ဘယ်သူတွေများ ပါလိမ့်။

"ဒီကောင်အလကားအကောင်။ သတ္တိအင်မတန်နဲတဲ့ ကျောက်အိုးကွဲ။ မင်းမသွားရဲဘူးမို့လား။ "

"ဘယ်သွားရဲမလဲဗျ။ ခင်ဗျားတို့လူကြီးတွေတောင် မသွားရဲတဲ့ဟာ။ ကျုပ်က လူငယ် သာပြီးမသွားရဲသေး "

"အေး မင်းကိုလူငယ်မို့ တမင်လွှတ်တာပေါ့ကွ။ ဂျပန်က ဖမ်းရင်ဒို့လူကြီးတွေကို ဖမ်းမှာ။ မင်းတော့ ခလေးမို့ဖမ်းမှာ မှုတ်ဖူး။ "

"အောင်မလေး မလုပ်ပါနဲ့ဗျာ။ ကြောက်ပါတယ်။ ဖမ်းသွားတော့ ဘယ်သူ ကယ်မှာလဲ"

"ဟော့ သာဖန် အသာနေစမ်းကွာ ဒီကောင်လေးလွှတ်လို့လဲ သွားရဲမှာမှုတ် ပါဘူး။ ဟော ဟိုမှာ ဦးဖိုးလာနေပြီ။ သူ့ကိုမေးကြည့်ရင်သိမယ်။ "

နောက်ဆုံးပြောသူမှာ ကာလသားခေါင်းစံတုတ်ဖြစ်သည်။ စံတုတ်တို့ သာဖန်တို့ ဇရပ်ပေါ်ရောက်နေကြောင်း ပုလဲသိရလေသည်။ ကျောက်အိုးကွဲဆိုသည်မှာ ရွာလယ်ပိုင်းမှ ပိုက်လှေဦးစီးလိုက်နေသော ချစ်သန်းဆိုသည့် ကောက်ကလေး ဖြစ်သည်။ မျက်နှာပေါ်တွင် ကျောက်ပေါက်မာတွေ ဗလဗျစ်ရှိသည်။ ကျောက်အိုးကွဲဟု ကာလသားများက အမည်သစ်ပေးထားသည်။

စံတုတ်ပြောလိုက်သော စကားသံကြောင့် ဇရပ်နောက်မှ ပုလဲသည် ကျောင်းဝင်ပေါက်ရှိရာသို့ လှမ်းကြည့်လေသည်။ ပခုံးတွင် တောင်းတစ်လုံး ထမ်းပိုးလာသော ကပ္ပိယကြီးကိုမြင်ရသည်။ သူကြီးအိမ်မှလှူဒါန်းလိုက်သော ပစ္စည်းများဖြစ်ဟန်တူသည်။ ဘာတွေမှန်းတော့မသိ။

" ဂျပန်တွေ ဘာကိုသေနတ်နဲ့ပစ်တာလဲဗျ။ "

ကပ္ပိယကြီးဇရပ်ပေါ်အရောက် စံတုတ်ကမေးသည်။ သေနတ်သံ ကြားလိုက်သဖြင့် ရွာထဲတွင် ဂျပန်တွေရောက်နေပြီဟု အတပ်တွေးသည်။

"မဘုမ အိမ်ရှေ့က အုန်းသီးခိုင်ပစ်ချတာ။ အညှာကပြုတ်ပြီး လေးငါးလုံး ကြွေကျတယ်။ "

" ဂျပန်တွေ အတော်များသလား "

သာဖန်ကမေးသည်။

" သုံးလေးဆယ်လောက်ရှိလိမ့်မယ်။ ပုလိပ်တွေလဲပါတယ်။ "

ပုလဲသည် ထိုအချိန်ထိ ဇရပ်နောက်ပိုင်းလှေကားရင်းတွင် တွေရပ်နေဆဲ ရှိလေသည်။ စောစောကဇရပ်ပေါ်သို့တတ်ရောက်ရန် ရည်ရွယ်သည်။ သို့သော် တစ်စုံတစ်ရာအတွေးကြောင့်

ချက်ချင်းစိတ်ပြောင်းသွားသည်။ သူမက ကာလသားခေါင်းစံတုတ်တို့ သာဖန်တို့နှင့် နီးနီးကပ်ကပ် အတွေ့မခံချင်။ အကြောင်းတစ်စုံတစ်ခုက သူမအား ချောက်လှန့်ထားသည်။

ငါရှောင်နေတာ အကောင်းဆုံး။

ရှောင်နေတာအကောင်းဆုံးဟု တွေးမိသည့်တိုင် ဘယ်ပုံဘယ်နည်း ရှောင်တိမ်းရမည်ကို ရုတ်တရက်စဉ်းစားလို့မရ။ နောက်ကြောင်းပြန်လှည့်ဖို့ မဖြစ်နိုင်။ ဇရပ်အောက်ဝင်နေလျှင်လည်း စံတုတ်တို့ သာဖန်တို့ ဇရပ်ပေါ်မှ ဆင်းလာလျှင် မမြင်ဘဲ မရှိနိုင်။

ထိုအခိုက် ဇရပ်ရှေ့ပိုင်းမှ လူသံများသည် ဇရပ်နောက်ပိုင်းသို့ လာနေကြောင်းပုလဲသိလိုက်ရသည်။ သူမက ဆောလျှင်စွာပင် ဇရပ်အောက်သို့ ဝင်လိုက်သည်။ ဇရပ်အဆောက်အဦးသည် ကျောင်းအဆောက်အဦးကဲ့သို့ပင် အမြင့်ဆောက်လုပ်ထားခြင်းဖြစ်သည်။ သူမသည် တစ်စုံတစ်ရာ စိတ်ကူးဖြင့် ဇရပ်အောက်မှနေလျက် ကျောင်းအဆောက်အဦး ဘက်သို့ ဖြတ်ကူးခဲ့သည်။ ထို့နောက် တစ်ဆက်တည်းပင် ကျောင်းပေါ်သို့တတ်ရောက်ခဲ့သည်။

" မိန်းခလေး ရွာထဲကသေနတ်သံကြားတယ်။ ကပ္ပိယကြီး ဘာပြောသလဲ"

ရုတ်တရက် အမေးအမြန်းခံလိုက်ရသောကြောင့် ဖျက်ကနဲပုလဲလန့်သွားသည်။ ဦးပဥ္ဇင်းသည် ကျောင်းဝရံတာဒေါင့်တစ်နေရာတွင် ရပ်လျက်ရွာတွင်းဆီသို့ မျှော်ကြည့်နေသည်။ ပုလဲကိုလည်း ဇရပ်ပေါ်မှာလာသည်ဟု ဦးပဥ္ဇင်းယူဆသည်။ နောက်ကြောင်းရန်ကြောင်း အပြေးအလွှား ကျောင်းပေါ်သို့တက်ခဲ့ရသောကြောင့် ပုလဲသည်အနီးရောက်၍ အသံကြားမှပင်ဦးပဥ္ဇင်းအား သတိပြုမိသည်။

" မှန်လှပါ။ ဂျပန်တွေ အုန်းသီးပစ်ချတာတဲ့ ဘုရား"

ပုလဲ၏စကားအဆုံးတွင် ရှင်ဓမ္မဝိလာသသည်ကျောင်းဦးခန်း တစ်နေရာသို့ ကြွမြန်းသွားသည် ဘုရားကျောင်းဆောင်ရှေ့တွင် ချည်ကတ္တီပါကွတ်ထားသော ဖျာသုံးလေးချပ်ခင်းထားသည်။ သင်ဖျာထက်၌ ရှင်ဓမ္မဝိလာသ ထိုင်လေသည်။

ပုလဲသည် ဦးပဥ္ဇင်းနှင့် အတော်အတန်အကွာအလှမ်းမှ ထိုင်ကာဦးချ ကန်တော့သည်။

"အုန်းပင်က အုန်းသီးပစ်ချတယ်ဆိုတော့ တော်သေးတာပေါ့ မိန်းခလေး။ အင်း လက်နက်ကို အဖော်လုပ်နေကြရတော့ ဒီအဖော်ကိုပဲ တစ်နည်းမဟုတ်ရင် တစ်နည်းနဲ့ အသုံးချချင်ကြတာကလား "

ပုလဲသည် မျက်နှာလွှဲထားရာမှ ကျောင်းထိုင်ဆရာတော်အား မသိမသာ မော့်ကြည့်လေသည်။ ရှင်ဓမ္မဝိလာသသည် ဇရပ် အဆောက်အဦးရှိရာသို့ လှမ်းကြည့်နေသည်။

"စောစောလေးက မောင်စံတုတ်နဲ့ မောင်သာဖန်တို့ ဇရပ်ပေါ်တတ်သွားတာ မြင်လိုက်တယ်။ ရွာထဲမှာ ဂျပန်တွေရှိတယ် မရှိဘူး သိချင်လို့ လာပြီး စုံစမ်းကြဟန်တူပါတယ်။ "

ရှင်ဓမ္မဝိလာသက အမိန့်ရှိသည်။

" မှန်လှပါ ဘုရား "

ပုလဲသည် ဇရပ်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ထိုအခိုက် စံတုတ်၊ သာဖန်နှင့် ကျောက်အိုးကွဲ ချစ်သန်းတို့ ဇရပ်ပေါ်မှ ဆင်းသက်လာကြသည်။ လူကြီးနှစ်ယောက်ဖြစ်သော စံတုတ်နှင့် သာဖန်ကရှေ့မှယှဉ်လျက် ဆင်းလာ သည်။ ချစ်သန်းကသူတို့နှစ်ယောက်နောက်မှ ဖြစ်သည်။ ဇရပ်လှေကားရင်းသို့ ရောက်သည့်အခါ စံတုတ်နှင့် သာဖန်သည် တိုင်ပင်ထားသလို ကျောင်းပေါ်သို့ လှမ်းကြည့်ကြသည်။ ထိုင်နေသော ရှင်ဓမ္မဝိလာသနှင့် ပုလဲကို သူတို့မြင်သည်။ ရှင်ဓမ္မဝိလာသနှင့် ပုလဲကိုယ်တိုင်ကလည်း စံတုတ်တို့သုံးယောက်ကို လှမ်းကြည့် နေကြသည်။

ယင်းအမြင်သည် ရှင်ဓမ္မဝိလာသနှင့် ပုလဲအဖို့ မည်သို့မျှအကြောင်း မဟုတ်သော်လည်း ကာလသားခေါင်းစံတုတ်၏ စိတ်ထဲတွင်ကား တစ်မျိုးတစ်ဖုံ ဖြစ်ရသည်။

" ပုလဲပါလား ကွ "

စံတုတ်ကြားလောက်ရုံ သာဖန်ကပြောသည်။

" အင်း "

စံတုတ်ကတစ်ခွန်းတည်း တုန့်ပြန်သည်။ ပုလဲနှင့်ပတ်သက်သော အတွေးအတောများက စံတုတ်ခေါင်းထဲသို့ ဝင်ရောက်လာသည်။

ဒီကောင်မလေးဘယ်အချိန်က ရောက်နေတာပါလိမ့်။ ဒီကောင်မလေး ရိုးမှရိုးရဲ့လား။ ဦးပဥ္စင်းဟာကျောင်းပေါ်မှာ တစ်ပါးထဲ။ ဦးပဥ္စင်းဟာ အသက်အရွယ် သိပ်ကြီးသေးတာမှုတ်ဖူး။ တယ်ခက်ပါကလား။

အိုလေ ဒီကိစ္စဟာ မထင်ကောင်း မထင်အပ်တဲ့အကြောင်းပဲ။ အလကား သက်သက် နေရင်းထိုင်ရင်း ငါဟာငရဲအုံ ကြီးနေမယ်။

စံတုတ်သည် သူ့ခေါင်းထဲမှ အတွေးအတော သံသယများကို မောင်းနှင်ထုတ်သည်။ လွယ်လွယ်နှင့်မရ။ ပုလဲနှင့် ပတ်သက်သော အကြောင်းဆက်များသည် သူ့အတွေးအာရုံတွင် တစ်ခုပြီးတစ်ခု ဝင်ရောက်လာသည်။

သူတို့သုံးယောက်သည် ကျောင်းတောင်ဘက် ချောင်းဦးတိုရှိရာသို့ သွားကြခြင်းဖြစ်သည်။ ချောင်းထဲတွင် သူတို့၏ပိုက်လှေငယ်များရှိသည်။ တောင်ဘက်တွင် ကျောင်းပရဝုဏ်အဆုံးသို့ ရောက်လုနီးတွင် နောက်ကျန် ရစ်သော ချစ်သန်းသည် စံတုတ်နှင့် သာဖန်ကို အမီပြေးလိုက် လာသည်။ ပြီးလျှင်စံတုတ်နှင့်သာဖန်တို့ရှေ့သို့ ကျော်တက်လိုက်သည်။

"ဟေ့ကောင်လေး မင်းသွားနှင့်။ ပိုက်ချက်ကလှအေးတို့လူစုကိုပြောလိုက်။ ဂျပန်တွေ ရွာထဲရောက်နေတယ်လို့။ သွား သွား ဒို့နှစ်ယောက် အခြေအနေ ကြည့်ပြီး နုပဲလိုက်ခဲ့မယ်။ "

ချစ်သန်းသည် ဘာမှမမေးမမြန်းတော့။ ချောင်းဦးတိုရှိရာသို့ ကလေးပီပီ စွတ်ပြေးသည်။

ကျောင်းဝင်းပရဝုဏ် အဆုံးမရမ်းပင်အောက် ရောက်သည့်အခါ စံတုတ်နှင့် သာဖန်ရပ်တန့်လိုက်ကြသည်။ အမှန်တော့ စံတုတ်ရပ်လိုက်၍ သာဖန်က ရောယောင်ရပ်လိုက်ခြင်းဖြစ်သည်။ မရမ်းပင်အောက်မှကြည့်လျှင် ချောင်းဦးတို အတွင်းရှိလှေငယ်သုံးစင်းကိုလှမ်းမြင်နေရသည်။ ချစ်သန်းသည် သူ့လှေငယ်ပေါ် သို့ တက်ကာ လှေငယ်ကိုလှော်ထွက်သွားသည်။ စံတုတ်နှင့် သာဖန်သည် တိုင်ပင်ထားသလို နောက်ကြောင်းကို ပြန်လှည့်ကြည့်ကြသည်။ ပြဿနာသည် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ရပြန်လေသည်။ အမှန်တော့ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်။

ကျောင်းပေါ်မှဆင်းသက်လာသော ပုလဲသည် အုတ်လမ်းကလေးအတိုင်း ဇရပ်ရှိရာ ဖြတ်ကူးသည်။ ပြီးသော် သူ့အကြောင်းနှင့် သူမလုံလဲသောစိတ်ကြောင့် စံတုတ်တို့ထွက်သွားရာသို့ လှမ်းကြည့်သည်။ ဤတွင် သူတို့သုံးယောက် အကြည့်ချင်းဆုံစည်းကြသည်။ ဒါကိုပင် စံတုတ်ကရော သာဖန်ကပါ ပုလဲအပေါ်သံသယဖြစ်ကြသည်။

" ဘာကြည့်တာလဲကွ "

စံတုတ်က သာဖန့်ဘက်လှည့်မေးသည်။

" မင်းကော "

" ငါလား "

" အေးလေ ။ မင်းကော ဘာပြန်ကြည့်တာလဲ ။ "

သူတို့တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်မှ အပ တိတိကျကျဘာမျှမဆို။ ပွင့်ပွင့်လင်းလင်း မရှိကြ။ မြုံစိစိဖြစ်သည်။ ပုလဲမှာ သူတို့အမြင်မှပျောက်ကွယ်သွားပြီ။ ခုလောက်ဆို ဇရပ်နောက်ပိုင်း ရောက်နေ လောက်ပြီ။

" ကဲ လာကွာ။ ဒို့ချောင်းထိပ်မှာ အေးအေးဆေးဆေးထိုင်ကြရအောင်။ "

စံတုတ်ကပြောပြောဆိုဆိုနှင့် သာဖန့်လက်ကို ဆွဲခေါ်သွားသည်။ ပြီးနောက် ချောင်းကမ်းထိပ်တစ်နေရာတွင် ထိုင်လိုက်ကြသည်။ ထိုနေရာတွင် ရွက်ခြောက် များဖြင့် ပြန့်ကျဲနေသည်။ ချောင်းထိပ်တွင်ပေါက်ရောက်နေသော ဝါးရုံပင်များ၊ ပိန္နဲပင်များ၊ ခရေပင်များကြောင့် အရိပ်အာဝါသလည်း ကောင်းလှသည်။

" မင်း ဘယ်လိုထင်လဲ သာဖန်။ "

စံတုတ်က စကားစသည်။ သာဖန့်အမူအရာကိုလည်း သူအကဲခတ်သည်။

" ဘာကိုလဲ "

အမှန်တော့ စံတုတ်၏အမေးကို သာဖန်မသိဟန်ဆောင်ခြင်းသာဖြစ်သည်။ တကယ်ဆိုတော့ စံတုတ်ဘာကိုဆိုလိုကြောင်း သာဖန်သဘောပေါက်သည်။ ပြီးနောက်သူ့ဝမ်းထဲတွင် ပြောချင်သောစကားတွေလည်း အမြောက်အမြားပင် ရှိသည်။ ဒါပေမယ့် ရုတ်တရက်သူမပြောရဲ။ စကားလုံးများသည် သူ့လည်ချောင်းထဲမှ ထွက်မလာ။ လွန်များသွားခဲ့သော်၊ မှားများသွားခဲ့သော်၊ သူ့အထင်ကို ပြောရမည်ကပင် ရောမစွန့်စားမှုကြီး တစ်ရပ်။

" ဘာရမှာလဲ ပုလဲကိုပြောတာပေါ့ကွ။ ပုလဲကို "

စံတုတ်က စိတ်မရှည်သလို ခပ်ထန်ထန်ပြောသည်။

"ဂျပန်တွေလာလို့ ဆိုရင်လဲဖြစ်နိုင်တယ်ကွာ။ မင်းကစပြောမှတော့ ငါကလဲ ပြောရဦးမယ်။ ငါ ပုလဲကိုမသင်္ကာနေတာတော့အတော်လေးကြာပြီ။ ဒါပေမယ့် ငါမပြောရဲဘူး။ တစ်နေ့က လှအေးတို့ ကုလားတို့ လာတော့လဲ ပြောသေးတယ်။ ပုလဲကို တွေ့ခဲ့တယ်တဲ့။ ဘယ်မှာလဲမေးတော့ ကျောင်းထဲမှာတဲ့။ နောက်ပြီး ဟိုစောစောပိုင်းရက်တွေက ဒို့အကောင်တွေ ညနေတိုင်းပိုက် သိမ်းတက်လာရင် ကမ်းပါးထိပ်က ဆင်းဆင်းလာတဲ့ပုလဲကို နေ့တိုင်းလိုလို တွေ့ရတာပဲ။ "

သာဖန့် ဝမ်းထဲတွင်မြုံနေသောစကားများ ပွင့်ထွက်လာသည်။ နောက်တော့ ဆက်လက်ပြောပြန်သည်။

"မင်းနဲ့နှစ်ယောက်ချင်းမို့ ရဲရဲတင်းတင်းငါပြောမယ်ကွာ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဒီကိစ္စ ဒီစကားကို မင်းဝမ်းထဲမှာပဲထားပါ။ ပုလဲလို မိန်းကလေးတစ်ယောက်အပေါ်မှာ ဒီဦးဇင်းဟာ စိတ်မညွှတ်ဘူး ဆိုရင်တော့ အတော့်ကို အံ့သြဖို့ကောင်းလိမ့်မယ်။ ငါကြားဖူးတာတွေရှိတယ်။ တစ်ချို့ ဘုန်းကြီးတွေဟာ ဒီလိုပဲ မိန်းခလေးတွေ၊ ရဟန်းဒကာသမီးတွေ၊ ကျောင်းဒကာသမီးတွေနဲ့ ဖြစ်ကြပျက်ကြပြီး လူထွက်ကုန်ကြတာပဲ မဟုတ်လားကွ။ ဒီခေတ်မှာဘုန်းကြီးဟာ လူ၊ လူဟာ ဘီလူးတဲ့။ နောက်တစ်ခုက ငါပြောဦးမယ်ကွာ။ အဲဒါက ဘာလဲဆိုတော့ ခုရွာမှာ မနေရဲဘူးဆိုပြီး ညောင်တုန်းပြောင်းသွားတဲ့ပိုက်သူကြီးဦးဘကျော်သမီး ညွှန့်ရီကြည့်ကွာ။ မြို့ပေါ်မှာကျောင်းသွားနေရင်းက မောင်သစ်နဲ့ကြိုက်ကြ၊ ချစ်ကြတယ်။ မောင်သစ်က ဘုန်းကြီးဝတ်ကြီးနဲ့။ အဲဒါကို လူကြီးတွေက သိပြီးနောက်တော့ လူဝတ်လဲ ပေးစားလိုက်ရတယ်။ အစကတော့ မင်းတို့ငါတို့ ဒီအကြောင်းကို မသိကြဘူးမှတ်လား။ ခလေးတစ်ယောက်ရတော့မှပဲ ရွာကလူတွေဟာ ဒီလိုပါကလားလို့ သိကြရတယ်။ "

ရှေ့စကားကို မဆက်ကြပဲ နှစ်ယောက်သား ငြိမ်ဆိတ် နေသည်။ နှစ်ဦးစလုံးတငြိမ့်ငြိမ်စီးဆင်းနေသော ချောင်းရေပြင်ကို စူးစိုက်ကြည့်နေကြသည်၊ နှုတ်ဆိတ်နေကြသော်လည်း နှစ်ယောက်စလုံး၏ရင်ထဲတွင် အတွေးအတော များဖြင့် ဗလောင်ဆူနေသည်။ စံတုတ်မျက်စိထဲတွင် ရှင်ဓမ္မဝိလာသကိုမြင်လိုက်၊ ပုလဲကို မြင်လိုက်ဖြစ်နေသည်။

" တောက်  ဟုတ်များဟုတ်ခဲ့ရင်တော့လားကွာ "

စံတုတ်က တောက်ခေါက်ရေရွတ်သည်။ သူဆိုချင်သောစကားကိုတော့ ပြီးဆုံးအောင် မပြော။

" မင်းကော၊ ဘယ်လိုထင်လဲ "

အတန်ငယ် ကြာသွားမှ သာဖန်ကမေးသည်။ စံတုတ်မျက်နှာတစ်ခုလုံး နီမြန်းနေသည်ကိုလည်း သာဖန်အကဲခက်မိသည်။

"ဒို့အဖိုးပြောဖူးတယ်။ နိပါတ်တော်ထဲမှာ ဈာန်သမာပတ်ရတဲ့ ဘုရားအလောင်း တော်ရှင်ရသေ့ဟာ မုဒုလက္ခဏာကြောင့် ဈာဉ်လျှော်ရတယ်။ ဒါတောင် ဟိုက ဘုရားအလောင်း။ မင်းထင်သလိုပဲ ငါ့အနေနဲ့လဲ ဒီဦးပဋ္ဌင်းအပေါ်မှာရော ပုလဲအပေါ်မှာရော တယ်တော့မသင်္ကာဘူး။ အေး ဒါပေမယ့် တစ်ခုတော့ ရှိတယ်ကွ သာဖန်  မင်းတို့ငါတို့က လက်ဆုတ်လက်ကိုင်ဘာတစ်ခုမှ မပြနိုင်ဘဲ ခုလိုအမြင်ကလေးလောက်နဲ့ ပြောလားဆိုလား စွပ်စွဲလား လုပ်ရင် လူကြီးတွေနဲ့ ဒို့နဲ့အကြီးအကျယ် စကားများရမယ်။ ဒီတော့ အခြေအနေကို ဒို့စောင့် ကြည့်ရမယ်။ အခိုင်အမာ ပြောနိုင်ဆိုနိုင်အောင် ချောင်းဖမ်းရမယ်။ နောက်ပြီး ငါထင်ထားတဲ့ တခြားကိစ္စတွေလဲရှိသေးတယ်ကွ။ "

" ဘာလဲ  ဘာကိစ္စတွေလဲ။ ငါ့ကိုလဲပြောပါဦးကွ။ "

"အေး ငါကလဲမင်းမို့ပြောရမယ်။ ညီဖြူသေတာတောင် ငါ့စိတ်ထဲမှာ သံသယ မရှင်းဘူး။ တစ်ခုခုတော့ တစ်ခုခုပဲကွ။ ခုနေ လှကွန့်ရွာပြန်လာရင် သိပ်ကောင်းမယ်။ "

" ဘာကွ ။  ဘယ်လို ဘယ်လို ။  ညီဖြူသေတာ ဟုတ်လား။ "

သာဖန်က တအံ့တဩမေးသည်။

"လာကွာ  လာ လာ။ သွားကြမယ်။ သွားကြမယ်။ မင်းပါးစပ်က ဟောင်ဖွာဟောင်ဖွာနဲ့ တောင်ပြောမြောက်ပြော လျှောက်ပြော မနေနဲ့ဦး။ အပြောမတတ်ရင် နေရင်းထိုင်ရင်း ကိုယ့်အပေါ် အမှုပတ်နိုင်တယ်။ ပိုက်ချက်မှာလဲ ဒီအကြောင်းနဲ့ပါတ်သက်ပြီး ဘာစကားမှ မပြောနဲ့ဦးကွ။ မင်းနဲ့ငါ နှစ်ယောက်ထဲ သိပါစေ ဟုတ်လား။  တစ်နေ့နေ့တော့ ဒီကိစ္စတွေဟာ ဖူးပေါ်သလို ပေါ်လာမှာပဲ။ "

စံတုတ်သည် စကားနောက်ထပ်မဆက်တော့ဘဲ လှေငယ်များရှိရာသို့ ရှေ့မှနေ၍ ဆင်းသက်သည်။ သာဖန်သည် ရှုပ်ထွေးသော အတွေးပေါင်းများစွာဖြင့် စံတုတ်နောက်မှလိုက်ပါသွားလေသည်။

(၂)

နှောင်းသောနွေရက်ကျန်ကလေးများနှင့်အတူ ပုလဲကိုယ်ဝန်မှာ မဖုံးနိုင်မဖိနိုင် ဘွားဘွားကြီးပေါ်လာသည်။ ထိုအခါ ပထမဦးဆုံး ပုလဲရင်ဆိုင်ခဲ့သည်မှာ ဒေါ်မှုန်။

ဒေါ်မှုန်သည် ပုလဲကို ရစရာမရှိအောင် ပြောသည်။ တစ်ပြားမတန်အောင် ဆိုသည်။ ပြီး အတင်းအဓမ္မ လင်ကောင်ဖော်ခိုင်းသည်။ ကိုယ်ထိလက်ရောက် ရိုက်တော့ နှက်တော့မယောင်ပြုမူသည်။

ပုလဲ မည်သို့မျှ ပြန်မပြောနိုင်။ ဟုတ်ပါတယ်ဟုလည်း ဝန်မခံ။ မဟုတ်ပါဘူးဟုလည်း မငြင်း။ ဒေါ်မှုန်ပြောသမျှဆိုသမျှကို ခေါင်းငုံ့ခံရင်း ရှိုက်ကြီးငင်ကြီး ပုလဲငိုရလေသည်။

"အံ့ပါရောအေ။ အံ့ပါရော။ ညည်းရုပ်ညည်းရည်နဲ့များ လင်ကောင် မဖော်နိုင်တဲ့အဖြစ် ဖြစ်ရတယ်လိုပ ငါတော့ လဲသေပစ်လိုက် ချင်တယ်။ ရှက်လိုက်တာအေ ၊ ရှက်လိုက်တာ။ ညည်းအစား ငါဖြင့် ရှက်လိုက်တာ။ မျက်နှာ ဓါးနဲ့လှီးပစ်လိုက်ချင်တယ် ဟော့ ။ "

ပထမပြောစက ဒေါ်မှုန့်အသံမှာ တိုးတိုးတိမ်တိမ်ဖြစ်သလိုရှိသောလည်း တဖြည်းဖြည်း တစတစ ကျယ်လောင်လာသည်။ ဟိုအိမ်ဒီအိမ် အိမ်ချင်း နီးကြလျှင်သိလောက်ကြားလောက်သည်။ ယခုမူ တစ်ဖက်မိဖျိုင်းအိမ်ကလည်း လူမရှိ၊ တောင်ဘက် အရီးဥအိမ်ကလည်း အတန်ငယ်အလှမ်းဝေးသည် ။ ထို့ကြောင့်ပင် ခုချိန်ထိ အရီးဥလည်း ကြားပုံမပေါ်။ စိန်ကြည်လည်းသိဟန် မတူသေး။ ထို့ကြောင့်လည်း ဘယ်သူဘယ်ဝါမှ ရောက်မလာကြသေးခြင်း ဖြစ်ဟန်တူသည်။

"ပြောစမ်း ပြောစမ်း။ ညည်းငါ့ကို မှန်တဲ့အတိုင်း ပြောစမ်း။ ညည်းဗိုက်ဟာ ဘယ်သူနဲ့ဖြစ်တာလဲ။ ဒီရွာသားထဲကနဲ့ဖြစ်တာလား၊ တခြားရွာက တစ်ယောက်ယောက်နဲ့ဖြစ်တာလား။ "

ဒေါ်မှုန်သည် ပုလဲရှေ့တွင်မားမားမတ်မတ် ခါးထောက် ရပ်သည်။ ပိုင်စိုးပိုင်နင်းမေးသည်။

သို့တိုင် ပုလဲမည်သို့မျှမဖြေ။ ဒေါ်မှုန့်မျက်နှာကိုပင် မော်မကြည့်။ ခေါင်းအောက်စိုက်ကာ တရှုပ်ရှုပ်ငိုကြွေးသည်။

"ပြောပါဟဲ့ ပြောစမ်းပါ။ ညည်းဘယ်သူနဲ့ဖြစ်တာလဲ။ လွတ်လွတ်လပ်လပ် ယောကျ်ားတစ်ယောက်နဲ့ ဖြစ်တာလား၊ မလွတ်လပ်တဲ့ လူတစ်ယောက်ယောက်နဲ့ အပျော်ကျူးရာက ခုလိုဖြစ်လာရတဲ့ကိုယ်ဝန်လား။ လွတ်လွတ်လပ်လပ် ယောကျ်ားနဲ့ဆိုရင် ညည်းပြောဝံ့ရမယ်။ ပြောရဲရမယ်။ ဒီလိုမှ မပြောဝံ့ဘူးဆိုရင် ညည်းဟာ ဟို မြကျော့တုန်းကလို မြို့သားတစ်ယောက်ယောက်နဲ့ အပျော် ကျူးရာက ရလိုက်တဲ့ ကိုယ်ဝန်လား။ နောက်တော့မှ ဒီလူက မယူနိုင်ဘူးဆိုလို့ ဒီအဖြစ်ဖြစ်ရတာလား။ ဟုတ်လား။ အဲသလို ညည်းဖြစ်တာလား "

ဒေါ်မှုန့်စကားများသည် ပုလဲနလုံးသားကို လှံနှင့်ဆွသလို နာသာခံခက် ရှိလှသည်။ တကယ်ဆိုတော့ သူမနှင့်ဒေါ်မှုန်သွေးလည်း မစပ်၊ သားလည်း မစပ်၊ ထားတော့။ သွေးသားပမာ စောင့်ရှောက်ကူညီခြင်း၊ ဆုံးမသွန်သင်ခြင်းလည်း မရှိပါပဲ ခုလိုဖြစ်လာတော့မှ ရေနစ်သူအား ဝါးကူနစ်သလို ပြောလာသော ဒေါ်မှုန့်စကားများကို ပုလဲနာကျည်းလှသည်။ ထောင်းကနဲ ဒေါသဖြစ်မိသည်။

သို့ရာတွင် ပုလဲက သူ့စိတ်ကိုချိုးနှိမ်သည်။ ဒေါသကိုချေဖျက်သည်။ အမျက်ကို သိုသိပ်သည်။ ပြောပါစေလေ။ ပြောပါစေ။ သူဟာလူကြီး တစ်ယောက်ပဲ။ ကရုဏာဒေါသောနဲ့ပြောတာပဲ။ ငါ့အဖြစ်ငါ့ဘဝဟာ ခုလိုအပြောအဆိုခံရဖို့ဖြစ်လာ တာပဲ။ သံသရာဝဋ်ကြွေးရှိရင်လဲ ဒီဘဝ ဒီမျှနဲ့ကြေပါစေဟု သူမကမျိုသိပ်သည်။

"ပြောစမ်း ပြောစမ်း။ ငါမေးတာကို ညည်းပြောစမ်း။ ညည်းကိုယ်ဝန်ဟာ ခုဆို ခုနစ်လ ရှစ်လကြီးများတောင်ရှိနေပါလားဘဲ။ ပြောစမ်းပါအေ့။ ညည်းဘယ်သူနဲ့ ဖြစ်တာလဲ။ ညည်းမွေးဖွားလာမယ့် ခလေးဟာ အဖေဘယ်သူမှန်း မသိပဲမွေးမှာလား။ ဘယ်သူ့ကိုအဖေလို့ လက်ညှိုးထိုးပြမှာလဲ။ ဒီခလေးကြီး လာရင် ဘယ်သူ့ကို အဖေခေါ်မှာလဲ။ ဖျိုင်းများ ဘဲများ ကြက်များဟာ အထီးမရှိဘဲ လေဥပါလို့ပြောရင်ဖြစ်တယ်။ ခုလည်း ညည်းဒီလိုပဲ ဆင်ခြေဆင်လက် ပေးဦးမှာလား။ ဟုတ်လား "

ပုလဲရင်တွင် နင့်ကနဲ လှိုက်ကနဲ ဖြစ်ရပြန်လေသည်။ ဒေါ်မှုန်ကို သူငြင်းချက် မထုတ်နိုင်ပါကလား။ ဝါးညှပ်၍ စစ်မေးသည့်တိုင် ကလေးအဖေ ဘယ်သူ ဘယ်ဝါပါဟု သူ မပြောနိုင်ပါကလား။

ကလေးရဲ့အဖေဟာ ဘယ်သူဘယ်ဝါပါလို့ ငါပြောလိုက်တာနဲ့ ငါ့ကို ဂျပန်တွေပုလိပ်တွေက ဖမ်းကြမှာပဲ။ နောက်ပြီး ထုတ်တန်းမှာ ကြိုးဆွဲပြီး ထင်သလိုလုပ်ကြမှာပဲ။ ညီကိုဘယ်သူသတ်သလဲမေးကြ စစ်ကြမှာပဲ။ ကဲ အမှန်အတိုင်း ငါကပြောလိုက်ပါပြီတဲ့။ ငါ့စကားကို သူတို့ကယုံကြမှာလား။ ငါ့ကို အချုပ်ထောင်ထဲသွင်းမထားဘူးလို့ ပြောနိုင်မှာလား။ အဲသလိုများဆိုရင်တော့ ငါ့ဗိုက်ထဲကခလေးဟာ လူ့လောကထဲမရောက်ခင်ကတည်းက ရာဇဝတ် ကောင်လေးတစ်ယောက်ဖြစ်မနေပေဘူးလား။ မပြောဘူး

မပြောဘူး။ ဒီအကြောင်းဘယ်သူ့ကိုမှ ငါမပြောနိုင်ဘူး။ ငါ့အသက်တစ်ချောင်း သေချင်သေပါစေ။ မပြောဘူး။ နဲနဲကလေးမှငါစကားမဟဘူး။ လူ့လောကထဲ မရောက်သေးတဲ့ ငါ့ရင်သွေးရဲ့အညွန့်အတတ်ကို ဘယ်နည်းနဲ့မှ ငါဟာမချိုးမဖဲ့နိုင်ဘူး။ သေစားသေလို့ အညွန့်ကျိုးခြင်းကျိုးရင် ငါသာ အသေခံမယ်။ ငါဟာ ဘဝအညွန့်ကျိုးပြီးသားမိန်းမ။ တစ်ရက်က နှစ်ရက် မရှိနိုင်တောပါဘူး။ ဖြစ်သမျှ ဒုက္ခကို ငါဟာ ခါးစည်းပြီးခံမယ်။

"နေစမ်းပါဦး။ ညည်းကိုငါမေးစမ်းပါဦးမယ် ညည်းကိုယ်ဝန်ဟာ အခကြေးငွေရလို့ ဘုံပေါင်းနဲ့ ကမြင်းပြီးဖြစ်လာတဲ့ ကိုယ်ဝန်လား။ ဒါမှမဟုတ်ရင် မိန်းမသားတန်မဲ့ အလိုရမက်ကြီးလို့ အပျော်ကျူးရင်းက ဖြစ်လာတဲ့ ကိုယ်ဝန်လား။ "

သည်တစ်ကြိမ်တော့ ဒေါ်မှုန်စကားကို ပုလဲသည်းမခံနိုင်။ မီးတောက်နှင့် တွေ့သောယမ်းပုံလို ဟုန်းကနဲ ပေါက်ကွဲသည်။

" အကြီးမှုန် "

ပုလဲက ဆက်ကနဲထရပ်လိုက်သည်။ မျက်ရည် အသွယ်သွယ်စီးကျ နေသည့်ကြားမှ ဒေါ်မှုန်အား ပုလဲစိမ်းစိမ်းကြည့်သည်။ သူမတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခိုက်နေသည်။

ဒေါ်မှုန်ကိုယ်တိုင်မှာလည်း ရုတ်ချည်းပြောင်းလဲသွားသော ပုလဲ၏အမူအရာ ကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပုလဲအားမျက်လုံးပြူးကြည့်သည်။ ရှေ့စကားကို ဒေါ်မှုန်မဆက်နိုင်။

"အကြီးမှုန်မှာ သမီးတစ်ယောက်ရှိရင် ဒီစကားမျိုး အကြီးမှုန်ပြောမှာမှုတ်ဖူး။ သမီးမရှိပေမယ့် မိန်းမချင်း အကြီးမှုန်ကိုယ်ချင်းစာသင့်တယ်။ အကြီးမှုန် ကျမကို ဒီလောက်ထိအောင် မှိုချိုးမျှစ်ချိုး မပြောထိုက်ဘူး "

"ဘာဟဲ့ ဘာပြောတယ်။ ညည်းကို ငါက ကိုယ်ချင်းမစာမနာပြောတယ် ဟုတ်လား။ မှိုချိုး မျှစ်ချိုး ပြောတယ်ဟုတ်လား။ သမီးချင်းမစာမနာ ပြောတယ်ဟုတ်လား။ အေးဟေ့။ အေးဟဲ့။ ညည်းကငါ့သမီး မဟုတ်လို့ပေါ့။ ငါ့သမီးသာခုလို လင်ကောင်မပေါ်ပဲ ဗိုက်ကြီးအောင် ကမြင်းမယ်ဆိုရင် ပေါင်နှစ်ခြမ်းဖြဲပြီး ဆွဲဆုတ် ပစ်လိုက်မယ်ဟေ့။ အသေလုပ်ပစ်လိုက်မယ်ဟဲ့။ "

ဒေါ်မှုန်က စောစောကထက် ပိုကြမ်းလာသည်။ အင်္ကျီလက်မောင်းကို ပင့်တင်သည်။ ခုနစ်အိမ်ကျော် ရှစ်အိမ်ကကြားလောက်အောင် အော်သည်။ ရိုးရိုးအော်လို့အားမရသည့်အခါ ထမီကို ခါးစောင်းတင်လျက် ပုလဲအားငြိုးသူ ရန်ဘက်သဖွယ် လက်ညှိုးငေါက်ငေါက်ထိုးကာ အော်သည်။ အိမ်ငယ်တစ်အိမ်လုံး ပြိုကျသွားလောက်အောင် ခုန်ပေါက်အော်လေသည်။

"အကြီးမှုန် လွန်နေပြီနော်။ အကြီးမှုန်လွန်နေပြီ။ အကြီးမှုန်စကားတွေဟာ သိပ်တရားလွန် လွန်းလာပြီ။ "

" ဟဲ့ ဟဲ့ ဘာတွေ ဘယ်လိုဖြစ်ကြတာလဲ မကြီးမှုန်။ ဘာတွေဖြစ်ကြတာလဲ။ ဟဲ့ မိန်းခလေး ဘယ်လိုဖြစ်တာလဲကွယ်။ ဘယ်လိုဖြစ်ကြတာလဲ။ ပြောရဆိုရမယ့် ကိစ္စဆိုရင် တိုးတိုးတိမ်တိမ် ပြောကြဆိုကြပေါ့ကွယ်။ တိုးတိုးသက်သာ ပြောကြဆိုကြမှပေါ့။ "

ပထမဆုံးရောက်လာသူမှာ စိန်ကြည့်အမေအရီးဥ ဖြစ်သည်။ အရီးဥ သည်အိမ်ငယ်ပေါ်သို့ လှမ်းတက်လိုက်သည်။ ဒေါ်မှုန်နှင့်ပုလဲ နှစ်ယောက်ကြား တွင် ဝင်ရပ်လိုက်သည်။ ဖျန်ဖြေစကားကိုဆိုလေသည်။

"ကြည့်စမ်းပါဦး အရီးဥရယ်။ အရီးဥ ဘဲကြည့်စမ်းပါဦး။ ကျော်မကောင်း ကြားမကောင်း။ ပြောရမှာတောင် ပါးစပ်ရှက်ပါတယ်အရီးဥရယ်။ ဟိုမှာလေ ဟိုမှာ။ ကိုယ်ဝန်ကြီး တစ်ခွဲသားနဲ့ပါကလား အရီးဥရဲ့။ အဲဒါ လင်ကောင်က ဘယ်နေမှန်းမသိဘူး။ အမလေး ရှက်စရာကောင်းလိုက်တဲ့ဖြစ်ခြင်း။ အရီးဥပဲ နားနဲ့မနာ ဖဝါးနဲ့နာပါတော့ အရီးဥရယ်။ ဒင်းမှာ ကိုယ်ဝန်ကြီးနဲ့ အရီးဥရဲ့။ ကိုယ်ဝန်ကြီးနဲ့။ "

ဒေါ်မှုန်သည် ပုလဲအား လက်ညှိုးငေါက်ငေါက်ထိုးပြန်လေသည်။ မဲ့ကာရွဲ့ကာနှင့် အရီးဥအား တိုင်ကြားသည်။

" ဟဲ့ ဟဲ့ ဟုတ်ရဲ့လားဟယ်။ နင်တို့ဟာက ဟုတ်မှ ဟုတ်ကြသေးရဲ့လား။ ဘုရား ဘုရား ဘယ်လိုကဘယ်လို ဖြစ်ကြတာလဲ။ မိန်းခလေး မိန်းခလေး ဘယ်လိုဖြစ်ရတာလဲကွယ်။ ဒီကိစ္စမျိုးဟာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ တိုးတိုးတိမ်တိမ်ပြောကြမှပေါ့ မကြီးမှုန်ရယ်။ နောက်ပြီး ကိုယ့်ရွာက ကာလသားတွေအကြောင်းလဲ အသိကြသားပဲ မို့လား။ ဒီကိစ္စမျိုးဆိုရင် နည်းနည်းလေးမှ အသိခံဝံ့ကြတာ မှုတ်ဖူးနော်။ "

အရီးဉသည် ပုလဲအနီးသို့ ချဉ်းကပ်လာသည်။ ပုလဲ၏ ပခုံးတစ်ဖက်ကို ဆုတ်ကိုင်သည်။ ပုလဲ၏အခြေအနေကို လေ့လာသည်။ မိတဆိုး ဖတဆိုး ဖြစ်ရှာသော ထိုသူမအပေါ်အရီးဉသနားသည်။ ပုလဲအား ကြည့်ရှုကာ ဒေါ်မှုန့်စကားဟုတ်ဟန်ကောင်းရဲ့ဟု ယူဆသော်လည်း ဟုတ်မဟုတ်ကိုကား အဖွားကြီး ဒေါ်စာအုက မမေးမြန်းရက်။

ပုလဲအနေနှင့် ငိုရပြန်လေသည်။ ဒေါ်မှုန်ကို နောက်ထပ်၍ဘာတစ်ခွန်းမျှပုလဲ မပြောနိုင်။ ကျိတ်၍ကျိတ်၍ငိုသည်။ ရှိုက်ကာ ရှိုက်ကာငိုသည်။ ကြေကွဲနင့်ဆို့မှု၏ ပြင်းထန်သော ဒဏ်ရာဒဏ်ချက်ကို မထွေးနိုင် မအန်နိုင် ပုလဲခံစားရသည်။

သူမအမောကြီးမောလာသည်။ ဦးခေါင်းတစ်ခုလုံးရီဝေ နောက်ကျိလာသည်။ နလုံးသားက တဆက်ဆက်ခုန်လာသည်။ ဝမ်းထဲရှိသန္ဓေသားကလည်း တဖျက်ဖျက်တိုးဝှေ့လှုပ်ရှားသည်။ ဒေါ်မှုန်၏ ပေါက်ပေါက်ဖောက်သလို ပြောနေသောစကားများကို ပုလဲအမှတ်မထားနိုင်။ နေရာတွင်သူမက ထိုင်ချလိုက်ရသည်။ နားထင်နှစ်ဖက်ကို လက်နှင့်ထောက်ထားရသည်။ သူမဦးခေါင်း တစ်ခုလုံး မခံမရပ်နိုင်အောင် ကိုက်ခဲလာသည်။

အရီးဉသည် ပုလဲအနီးတွင် ထိုင်ချလိုက်သည်။

" မိန်းခလေး မိန်းခလေး ကိုယ့်စိတ်ကိုယ် တင်းမှပေါ့ မိန်းခလေး။ ပြောပါစေကွယ် ပြောပါစေလား။ မကြီးမှုန်ဘာပြောပြော သည်းညည်းခံပါကွယ်။ မိန်းခလေး သည်းညည်းခံပါ။ "

"အမယ်လေး ကျမ ဘာမှမပြောဘူး အရီးဉရေ။ ဘာမှမပြောဘူး။ ကျမဒီအိမ်မှာလဲနောက်ထပ် ဖင်နွေးအောင်မနေဝံ့ပါဘူးတော်။ အတော်ကြာ ဘုန်းကြီး အမှုရွာပတ်ဆိုတာမျိုး ဖြစ်နေမှဖြင့် ကြားထဲက အချောင်သက်သက် ဒုက္ခတွေနေပါ့မယ်။ သွားမယ် သွားမယ် ကျမခုပဲ သူ့အိမ်ပေါ်ကဆင်းမှဖြစ်မယ်။ "

ဒေါ်မှုန်သည် ပြောပြောဆိုဆိုနှင့် သူပိုင်ဆိုင်သော တောက်တိုမယ်ရ ပစ္စည်းပစ္စယများကို လိုက်လံသိမ်းဆည်းသည်။ ပါးစပ်က အမျှင်မပြတ် ဖျစ်တောက်ဖျစ်တောက် ပြောသည်။ ကြမ်းပြင်ကို ခြေဆောင့်နင်းသည်။ "ရှက်လှချည်ရဲ့ ရှက်လှချည်ရဲ့" ဟူ၍လည်း တဖွဖွ ရေရွတ်သည်။

ယင်းအခိုက် စိန်ကြည် ရောက်လာသည်။

" အမေ ဘာဖြစ်ကြတာလဲ အမေ "

စိန်ကြည်က သူ့အမေကို လှမ်းမေးသည်။ အိမ်ငယ်ရှေ့မှနေကာ အခြေအနေကိုလည်း စိန်ကြည်လေ့လာသည်။

အရီးဉက စိန်ကြည်ကို လက်ကာပြသည်။ ဦးခေါင်းကိုညိမ့်၍ အနီးသို့ခေါ်သည်။

" မမပုလဲ မမပုလဲ။ ဘာပြုလို့ငိုနေတာလဲ မမပုလဲရယ်။ ဘာပြုလို့လဲ ဟင် "

စိန်ကြည်သည် ပုလဲအနီးသို့ ဝင်ထိုင်လိုက်သည်။ ကရုဏာသက်စွာမေးသည်။ အပူဓါတ်ခံရှိသောကြောင့် စိန်ကြည်မျက်ရည်ရစ်ဝဲလာသည်။ ဖျစ်တောက် ဖျစ်တောက်ပြောနေသော ဒေါ်မှုန့်ကိုစိန်ကြည် မျက်စောင်းထိုးကြည့်သည်။

" ဒီမိန်းမကြီးဟာ လိုတစ်မျိုး မလိုတစ်မျိုး " ဟု မကြားတကြားပြောသည်။

" သွားမယ် သွားမယ်။ ကျမ အခုပဲသွားမယ် အရီးဉ "

ဒေါ်မှုန်သည် ထမီကို တိုတိုပြင်ဝတ်သည်။

" ခဏာတဖြုတ်များနေစမ်းပါဦးလား မကြီးမှုန်ရယ်။ "

အရီးဥက တားမြစ်သည်။ မမှုန်သွားလျှင် တစ်ရွာလုံးမောင်းခတ်သလို ဖြစ်တော့မှာပဲ ဟုအဖွားကြီးတွေးမိသည်။

"အမလေး မနေပါရစေနဲ့။ မနေပါရစေနဲ့။ အီးတစ်ပေါက်တောင်မနေပါရစေနဲ့။ သွားဆိုခုပဲသွားမယ်။ အရီးဥတို့သပွတ်အူဇာတ်ရှုပ်ကြီးနဲ့ အရီးဥတို့ပဲနေခဲ့ကြ ပေတော့ အရီးဥရေ။ "

ဒေါ်မှုန်သည် ပြောပြောဆိုဆိုနှင့်သူ့ပစ္စည်းကလေးများကို ခေါင်းပေါ်တစ်ချို့ တဝက်ရွက်၍ လက်မှ တစ်ချို့ဆွဲကာ ပုလဲ၏အိမ်ငယ်ထက်မှ ဆင်းသက် သွားလေသည်။

ဒေါ်မှုန်နှင့်ငြိမ်းရင်တို့၏သတင်းလွှင့်မှု၊ အတင်းအဖျင်းပြောမှု၊ နှုတ်ဆော့မှုတို့ ကြောင့် ပုလဲတွင်ကိုယ်ဝန်ရှိနေပြီ။ ဘယ်သူဘယ်ဝါနှင့်မှန်း မသိဟူသော သတင်းသည် စက္ကန့်ပိုင်းကလေးအတွင်း တစ်ရွာလုံး နေ့ချင်းညချင်း ပျံ့နှံ့သွားသည်။

ရွာတွင်လူစုံတက်စုံမရှိသော်လည်း ရှိသမျှလူလောက်ကပင် အံ့သြကြသည်။ စနည်းနာကြသည်။ စုံစမ်းကြသည်။ တစ်ယောက်နှင့်တစ်ယောက် မေးကြမြန်းကြ သည်။ နောက်ပြီး လူ့ဓမ္မတာအတိုင်းအတင်းအဖျင်း စုံအောင်ပြောကြသည်။ ထင်ကြေးအမျိုးမျိုးပေးကြသည်။ ဟိုလူ ဒီလူ နှင့် ရိုးစွပ်ကြသည်။ သို့ရာတွင် အမာခံရိုးစွပ်နိုင်ကြသည်တော့မဟုတ်။ နရီးနယားသာဖြစ်သည်။ တစ်စုံ တစ်ယောက်နှင့်စွဲချက်တင်ပြီးလျှင် ဟယ်ဒါလဲဟုတ်မယ်မထင်ပါဘူးဟု သူတို့ စွပ်စွဲချက်ကို ချက်ချင်းပင် ပြန်လည်ကာ ရုတ်သိမ်းကြသည်။

"သနားပါတယ်ဟယ်။ သနားပါတယ်။ ဒေါ်မှုန်မရောက်ခင် တစ်အိမ်လုံးနဲ့ တစ်ယောက်ထဲနေရတော့ နမချင်းမစာနာတဲ့အကောင်က မတော်မတရား အနိုင်ကျင့်မှာပေ့ါ " ဟုဆိုသူက ဆိုသည်။

"ဘယ်လိုပြောပြော ဒီအဖြစ်မျိုးက လူပါပါလို့နွားကိုကျားကိုက်တဲ့အဖြစ်ပါ။ သူကိုယ်တိုင်က သဘောတူလို့ ဖြစ်တဲ့ကိစ္စ။ သဘောမတူဘူးဆိုရင် သူကြီး၊ ဆယ်အိမ်ခေါင်း တိုင်ပါလား။ မင်းမရှိတဲ့တိုင်းပြည်မှ မဟုတ်ပဲ" ဟုပြောသူများက ပြောလေသည်။

"နေပါဦး။ ကိုယ်ဝန်ရှိနေတယ်ဆိုတော့ ဒို့များရွာသားထဲကနဲ့မှ ဟုတ်ပါစ။ ဒို့များရွာသားထဲကနဲ့ဆိုရင်တော့ အရေးမကြီးဘူး။ ဘယ်သူဘယ်ဝါပြောလိုက်ရုံပဲ။ သူ့အိုးနဲ့သူ့ဆန် တန်ရာတန်ကြောင်းတော့ ဖြစ်မှာပေ့ါ။ "

"စဉ်းစားတော့ စဉ်းစားစရာပဲ။ ပုလဲဟာ ဒါလောက်တောင် လင်ဆာနေတဲ့ မိန်းခလေးတစ်ယောက်မှုတ်ဖူး။ နောက်ပြီး သူ့ရုပ်ရည်နဲ့ လင်တစ်ယောက်ကို ခေါင်းခေါက်ယူနိုင်တယ်။ မြကျော့နဲ့သွားပြီး နိုင်းလို့လဲ မဖြစ်ဘူး။ မြကျော့က ငွေမက်လို့ဖြစ်တဲ့ ကိစ္စ။ "

ပုလဲကိုယ်ဝန်နှင့်ပတ်သက်၍ ရွာသူမိန်းမများက ထင်ကြေးအမျိုးမျိုး ပေးကြသည်။ မလိုတမာနှင့် အမနာပ ပြောသူများလည်းရှိသည်။ သက်သက် ညာညာပြော၍စိတ်မကောင်းသူများလည်း ရှိသည်။

"မဟုတ်မှ လွဲရော။ ဒီကောင်မလေး မလွတ်မကင်းတဲ့ ယောကျ်ားတစ်ယောက် ယောက်နဲ့များဖြစ်သလား။ ဒါမှမဟုတ် မာနကြီးလှတယ်ဆိုပြီး တမင်သက်သက် အရှက်ကွဲအောင် လုပ်တာများလား။" ဟု ဆိုသူကဆိုကြသည်။ အချို့ကလည်း ဤအကြောင်းကို စိတ်ရှုပ်ခံ၍မတွေးလို။ ကိုယ့်အရေး ကိုယ့်ကိစ္စမဟုတ်။ တိုင်းပြည်ကြီးက ရှေ့လျှောက်ပြီး ဘာတွေဖြစ်ဦးမယ် မသိဟု ပြီးပြီးပျောက်ပျောက် ပြောကြလေသည်။

ပုလဲနှင့်ပတ်သက်၍မတော်မတရားအပြောဆုံးမှာ ငြိမ်းရင်နှင့် ဒေါ်မှုန်ပင်ဖြစ် လေသည်။ ငြိမ်းရင်က အနောင့်မလွတ် အသွားမလွတ်စကားများကိုပြောသည်။ ကျယ်ကျယ်လောင်လောင်တော့ ငြိမ်းရင်ရော ဒေါ်မှုန်ပါ မပြောရဲ။ လက်သိပ်ထိုး ပြောခြင်းဖြစ်သည်။ နှစ်ကိုယ်ကြား ပြောခြင်းဖြစ်သည်။ ဒေါ်မှုန်က ငြိမ်းရင်စကား ကို သံယောင်လိုက်၍ ပြောခြင်းဖြစ်သည်။

"ရွာဘုန်းကြီးကျောင်းကိုတော့ ဒီကောင်မ ခဏခဏသွားတယ်။ တစ်ခါတစ်ခါဖြင့် တစ်နေကုန်တစ်နေခန်းပဲ။ မိုးစုန်းစုန်းချုပ်လို့ အချိန်ကုန်မှပြန်တယ်။" ဟု ဘာလိုလို ညာလိုလို အတွေးရှုပ်စရာစကားများကို ငြိမ်းရင်က ချဲ့ထွင်ကာ ပြောသည်။

တကယ်ဆိုတော့ ငြိမ်းရင်သည် ပုလဲကိုယ်ဝန်မှာ ရွာကျောင်းထိုင်ဆရာတော် ရှင်ဓမ္မဝိလာသ နှင့်ဖြစ်တာပါဟု စွပ်စွဲချင်သည်။ သို့သော် ဤလိုတော့ ငြိမ်းရင်ပွင့်ပွင့်လင်းလင်း မဆိုရဲ။ ရှင်ဓမ္မဝိလာသအပေါ်၌ အကြည်ညိုကြီး ကြည်ညိုနေကြသော ရွာလူကြီးများနှင့် ရွာသူရွာသားများကိုလည်း ငြိမ်းရင် ကြောက်လေသည်။ အကယ်၍ သူစွပ်စွဲသလို မဟုတ်ခဲ့သော် ရွာလူကြီးများသည် သူ့အပေါ်တွင် သည်းညည်းခံကြလိမ့်မည်မဟုတ်။ အပြင်းအထန် အပြစ်ဒဏ် ပေးကြလိမ့်မည်။ ရိုက်လား နှက်လား လုပ်ကြလိမ့်မည်။ ဒါကိုလည်းငြိမ်းရင် လန့်လေသည်။ သို့တိုင် ပုလဲနှင့် ပုလဲ၏ကိုယ်ဝန်သည် ကျောင်းထိုင် ဦးပဉ္ဇင်းနှင့်မှတစ်ပါး အခြားသူနှင့်တော့ ဘယ်နည်းနှင့်မှ မဟုတ်နိုင်ဟု တစ်ထစ်ချ ယူဆထားလေသည်။

"ငါကတော့ တစ်နေကုန်တစ်နေခန်း မိုးလင်းကမိုးချုပ် ကိုင်းထဲကွင်းထဲ သွားနေတာ။ အိမ်မှာတစ်ယောက်ထဲကျန်ခဲ့တော့ သူ့ဟာသူ ဘယ်သူ ဘယ်ဝါနဲ့ အလေလိုက်မှန်းမသိဘူး။ ဘုရားပေးပေး ကျမ်းပေးပေး ကျုပ်တို့ဟာ ဒီကိစ္စလုံးလုံးမရိပ်မိပါဘူးတော်။ နောက်ပြီး ဒင်းကိုယ်ဝန်ဟာ ကျုပ် သူ့အိမ်ပေါ်ကို မရောက်ခင်ကတည်းကဖြစ်တဲ့ ကိစ္စပါတော်။ ကျုပ်က မသင်္ကာလို့ မေးတော့ အမယ်လေး ဒီကိစ္စမျိုး သူစိတ်မကူးဘူးလေ။ ဝါသနာမပါဘူးလေနဲ့ ပြောင်မှန်လာဥ လုပ်တဲ့ကောင်မ။ ကျုပ်အထင်တော့ ဒင်းဟာ တစ်ယောက် ယောက်နဲ့အပျော်ကျူးရင်းက ဖြစ်တာရင်လဲ ဖြစ်ရမယ်။ ဒါမှမဟုတ်ရင် ငွေရ ကြေးရလို့ရင်လဲ ဖြစ်ရမယ်။ ငြိမ်းရင်အပြောကတော့ ရွာဘုန်းကြီးကျောင်းကို နေ့တိုင်းနေ့တိုင်း သွားသတဲ့လေ"

ဒေါ်မှုန်ပြောသောစကားအဓိပ္ပာယ်မှာလည်း ငြိမ်းရင်ပြောသည့် အဓိပ္ပာယ်မျိုးပင် ဆောင်သည်။ ကုလားနှင့်အရာကြီး အတူတူပဲဆိုသည့်အဓိပ္ပာယ်မျိုး။ ဒေါ်မှုန်ကိုယ်တိုင်ကလည်း ပုလဲကိုယ်ဝန်သည် ကျောင်းထိုင်ဦးပဉ္ဇင်း ရှင်ဝိလာသနှင့်များကြယွင်းကြ လေသလားဟု သံသယဖြစ်ယောင်သည်။ သို့သော် ငြိမ်းရင်လောက်တော့ သူကမဆိုး။ ဟုတ်မထင်ပါဘူး။ ဒီဦးပဉ္ဇင်းလေးဟာ အင်မတန်သိက္ခာ ရှိတာပဲ။ ဒါကြောင့်လဲ သူကြီးနဲ့ ဆယ်အိမ်ခေါင်းက ဖူးဖူးမှုတ်ထားတာပေါ့ဟု တစ်ဖက်ကလှည့်၍ ဒေါ်မှုန်တွေးသည်။

ရွာကျော် ရပ်ကျော်ဖြစ်သော ထိုသတင်းသည် သူကြီးဦးမောင်ကြီးနားသို့လည်း ရောက်သည်။ ဆယ်အိမ်ခေါင်းဦးဗလနားသို့လည်းပေါက်ကြားသည်။ ဒါပေမယ့် သူကြီးနှင့်ဆယ်အိမ်ခေါင်း နားသို့ရောက်ရှိသော သတင်းစကားမှာ ကျောင်းထိုင် ဦးပဉ္ဇင်း ရှင်ဝိလာသနှင့်ပတ်သက်၍ကား တစ်လုံး တစ်ပါဒ မပါ။ ပုလဲတွင် မည်သူနှင့်မှန်းမသိ ကိုယ်ဝန်ရှိနေသည်ဟူသော သတင်းမျှသာဖြစ်လေသည်။

"ဘယ်လိုပါလိမ့်၊ ဒီမိန်းခလေးတယ်ခက်ပါကလား၊ တိုင်းပြည်ကြီးကမငြိမ်မသက် ဖြစ်ရတဲ့အထဲ ကမ္ဘာမီးလောင်ရာ ဆီမီးခွက်တောက်သကိုး။ "

သူကြီးဦးမောင်ကြီးက ထိုမျှသာပြောသည်။ ထူးထူးထွေထွေဘာမျှမပြော။ တောင်တောင်မြောက်မြောက် မဝေဖန်။ မငြိမ်သက်သော တိုင်းရေးပြည်ရေးနှင့် အခြား အခြားသောရွာရေးရပ်ရေး ကိစ္စများ၌ သူကြီးရော ဆယ်အိမ်ခေါင်းရော သောကရောက်နေကြရသည်။

ပြီးလျှင် ဟိုနယ်သည့်နယ် သတင်းများကြောင့်လည်း ညညများတွင် သူကြီးနှင့်ဆယ်အိမ်ခေါင်းမှာ နေအိမ်တွင်ပင်မအိပ်ဝံ့ကြ။ မထင်မရှားနှင့် ဟိုအိမ်ပြောင်းအိပ်ဖြစ်ကြရသည်။ သူတို့အသက်အန္တရာယ်ကိုပင် စိတ်မချရပဲဖြစ် နေရသည်။ ထိုအတွင်းကပင် ညောင်တုန်းဘက်ရှိ ဂျပန်စစ်ရုံးကတစ်မျိုးတစ်ဖုံ ဒုက္ခပေးလိုက်ပြန်သေးသည်။ သူကြီးနှင့်ဆယ်အိမ်ခေါင်းအား မကြာမကြာ ခေါ်သည်။ ဦးမောင်ကြီးနှင့် ဦးဗလတို့ကိုသာ မဟုတ်။ ကျေးရွာလေးငါးရွာမှ သူကြီးနှင့်ဆယ်အိမ်ခေါင်းများအား ခေါ်ယူခြင်းဖြစ်သည်။ စက္ကေ့၊ ကျီးကန်းသိုက်၊ ရန်ကင်းစံရာ၊ ထော်ကလွတ် စသည့်ရွာများမှဖြစ်သည်။ ထိုရွာများက ဂျပန်စစ်ရုံးနှင့်လက်လှမ်းနီးသည်။

သူကြီး၊ ဆယ်အိမ်ခေါင်း စသူများသည် ကျေးရွာများသို့ ဂျပန်စစ်တပ်များနှင့် ပုလိပ်အဖွဲ့များဆင်းသည့်အခါ အတူတကွ လိုက်ပါကြရသည်။ လမ်းပြလိုလို သတင်းပေးလိုလို ဖြစ်သည်။ ဦးမောင်ကြီးရော ဦးဗလပါ

တစ်ခါတစ်ခါ သီတင်းတစ်ပတ်လောက်ကြာမှ ရွာသို့ တစ်ခေါက်လောက်သာပြန်ကြရသည်။ ပြီးနောက် ဂျပန်စစ်တပ်များအတွက် ရိက္ခာပေးသွင်းရသော ဂျပန်အဝယ်တော်နှင့် လည်း ဟိုရွာသည်ရွာသို့ လိုက်ရသေးသည်။ တစ်ခါတစ်ခါတော့ ဂျပန်စစ်ရုံးနှင့်ရိက္ခာဂိုဒေါင်များတွင် အမှိုက်ကျုံးခိုင်းလိုခိုင်း။ တံမျက်စည်းအလှဲခိုင်း လိုခိုင်း။ ကင်ပေတိုင်စစ်ဗိုလ်မစ္စတာဟာတာသည် ကျေးရွာသူကြီးနှင့် ဆယ်အိမ်ခေါင်းများအား အမျိုးမျိုး အဖုံဖုံ ဒုက္ခပေးလေသည်။

သူကြီးကတော်ဒေါ်ငွေစံနှင့် ဆယ်အိမ်ခေါင်းဦးဗလဇနီး ဒေါ်ဖွားခက်တို့ ကလည်း “မိန်းခလေးနယ် မိုက်ပါဘိတော့။ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့များကွယ်” ဟုတစ်ခွန်းစ နှစ်ခွန်းစလောက်သာ ညည်းကြသည်။ ဒီထက်ပို၍တော့ စပ်စပ်စုစုသူတို့မလုပ်ကြ။ သူတို့ကိုယ်တိုင်မှာလည်း လင်ယောကျ်ားများနည်းတူ စိတ်သောကရောက်နေကြရသည်။ ပြီး တစ်ခုရှိသည်မှာ ဤလိုကိစ္စမျိုးတွင် သူတို့က ရှုပ်ရှုပ်ယှက်ယှက်မေးလားမြန်းလား ပါဝင်စွက်ဖက်လား မလုပ်ချင်။ ကင်းကင်းရှင်းရှင်းနေချင်သည်။ သတ္တဝါတစ်ခု ကံတစ်ခု။ သူ့ထိုက်နှင့် သူ့ကံ။

ရွာမှပုလဲ၏သတင်းသည်ကာလသားများစုဝေးရာ လေးတိုင်စင်ပိုက်ချက်စခန်းသို့ မကြာခင် ရောက်လာသည်။ သတင်းကြားရသော ကာလသားတိုင်း ဟိုက်ကနဲဖြစ်ကုန်ကြသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ တစ်ချို့မှာ ငိုင်သွားသည်။ တစ်ချို့မှာ ပါးစပ်အဟောင်းသား။ မျက်လုံးအပြူးသား။ ဟင်ကနဲ ဟာကနဲ အာမေဋိတ်သံများလည်း ဟိုက ဒီက ထွက်ပေါ်လာသည်။

ယခင်ကလိုဆိုလျှင် ကာလသားအုပ်စုသည် ထို့ထက်ပိုကာ ပွက်လောရိုက်သွားနိုင်သည်။ ရှူးရှူးရှားရှားနှင့် တုတ်ဆွဲ ဓားဆွဲ ဖြစ်လာနိုင်သည်။ “လာ လာ သွားကြမယ်ဟေ့။ သွားကြမယ်။ ခုပဲ ရွာထဲသွားကြမယ်။ သယ်သူနဲ့ဖြစ်တဲ့ကိုယ်ဝန်လဲ။ ကာယကံရှင်ဟာ ဘယ်သူလဲလို့ ပြောင်ပြောင်ပဲ မေးကြမယ်ကွာ။ ကျေနပ်လောက်တဲ့အဖြေကို ရရင်ရ မရရင်တော့လားဟေ့” ဟုပွက်လော ရိုက်သွားနိုင်သည်။ ယခုကား ထိုမျှလောက် အခြေအနေမဆိုး။ မိုးမခလေယာဉ်ကွင်းနှင့် ကားလမ်းကိစ္စက နှတ်ယူထားသောကြောင့် အပြေးအလွှား ရေတွက်ပါမှ ကာလသားအုပ်စုမှာ တစ်ကျိပ်ကျော်ကလေးမျှ ရှိသည်။ ထိုအထဲတွင် စံတုတ်တို့၊ သာဖန်တို့လို လောက်လောက်လားလားနှင့် အရွယ်မရောက်သူက တစ်ကျိပ်ပင်မပြည့်တတ်။

မည်သို့ပင်ဖြစ်စေ ကြားရသောသတင်းကြောင့် သူတို့အားလုံး မျက်စိ မျက်နှာများနီမြန်းကြသည်။ မျက်စိပွတ်သူပွတ်။ နှာခေါင်းပွတ်သူပွတ်။ နောက်တော့အားလုံးကပင် စံတုတ်ကို ကြည့်လိုက်ကြသည်။ စံတုတ် ဘာပြောမလဲ။ စံတုတ်ဘာဆိုမလဲ။ စံတုတ်သာ အခရာဖြစ်သည်။ သူတို့အားလုံးထဲတွင် စံတုတ်ကဗိုလ်။ မြကျော့်ကိစ္စတုန်းကလည်း စံတုတ်ပင် ရှေ့ဆောင်၍ စံတုတ်ပင်ခေါင်းဆောင်ခဲ့ခြင်း မဟုတ်ပါလား။

အချိန်သိပ်တော့မကြာ။ လူအုပ်ထဲမှ တစ်ယောက်သောသူသည် ဆက်ကနဲထိုင်ရာမှထလိုက်သည်။ ထိုသူမှာ အားလုံးကမျှော်လင့်နေသော ကာလသားခေါင်းစံတုတ်။

“နေစမ်းပါဦး။ ဒီစကား ဘယ်သူပြောတာလဲ။ မင်းတို့မျက်စိနဲ့ တပ်အပ် မြင်ခဲ့တာလား။ ”

စံတုတ်က သတင်းလာပေးသောမောင်ချိတ်နှင့် ငြိမ်းရင်ကိုမေးသည်။ သူ့အသံမှာ ဒေါသကြောင့် တုန်ယင်နေသည်။ တစ်မျက်နှာလုံးနီရဲနေသည်။ သတင်းပေးလာသူနှစ်ယောက်ကိုပင် စားတော့ဝါးတော့မည့်ပုံမျိုး။ သူတို့ပြောလာ သောသတင်းစကားကိုလည်း စံတုတ်လုံးလုံးမယုံနိုင်သေး။ နောက်စရာပြောင်စရာ မရှိ ကြံဖန်နောက်ရပြောင်ရပါမို့လား ဟူ၍လည်း စံတုတ်စိတ်ဆိုးမိသည်။

“သြော် မဟုတ်ဘဲ လာပြောပ့ါမလားတော်။ ဟုတ်လို့မွေးပဲမွေးတော့မယ်။ ခုဆို ခုနစ်လ ရှစ်လကြီးများရှိရော့မယ်။ ရှင်တို့တတွေကလေးချီရခါနီးပြီလေ ”

“ ဘာဟ ဟုတ်လားဟေ့ မောင်ချိတ်”

ငြိမ်းရင်ကိုထိုးတော့ကြိတ်တော့မလို စံတုတ်လုပ်သည်။ ပြီးမှ သူ့စိတ်ကိုချုပ်တီးကာ မောင်ချိတ်ဘက် လှည့်မေးသည်။

ပတ်ချာတွင်ဝိုင်းနေသော ကာလသားများသည် မောင်ချိတ်ကို အာရုံရောက် ကြပြန်သည်။ မောင်ချိတ်ဘာပြောမလဲဟု စောကပ်ကြပြန်လေသည်။ သူတို့စုရုံး နေကြသည်မှာ လေးတိုင်စင်တဲများနှင့် ခပ်လှမ်းလှမ်းရှိ လယ်ကွင်းစပ် သရက်ပင်အောက်တွင်ဖြစ်သည်။

"ဟုတ်တယ်ကွ ဟုတ်တယ်။ မင်းတို့ကရွာထဲမှာမနေကြလို့။ တစ်ရွာလုံး ဟိုးဟိုးကျော်နေပြီ။ ငါလဲကြားစကတော့မယုံဘူး။ နောက်တော့မှ အဟုတ်ပါလား လို့ သိရတယ်။ ခုဆိုရင် ဒေါ်မှုန်ဟာ ပုလဲအိမ်မှာမနေတော့ဘူး။ ဒီကိုယ်ဝန်ကိစ္စသိတာနဲ့ ပုလဲအိမ်ပေါ်ကဆင်းပြေးတော့တာပဲ။ သူ့အပြောကတော့ ဒီကိစ္စကို သူဘာမှမသိပါဘူးတဲ့။ သူကြီးနဲ့သူကြီးကတော်ကို သူပဲလာပြောတာကွ။ စိန်ကြည်တို့အဖေ ဦးပေါ်လာရော၊ အရီးဥရော၊ စိန်ကြည်ရော ဒီကိစ္စကို သိတယ်ကွ။ ဟေ့ သာဒွန်း မင်းနမကိုမင်းမေးကြည့်ပါလား။ အေးလေကွာ။ မင်းတို့မယုံရင် ရွာထဲသွားပြီး စုံစမ်းကြည့်ကြပေါ့ကွာ။ မှုတ်ဖူးလား။ "

မောင်ချိတ်က စံတုတ်၏အမေးကို ဖြေရင်းမှ လူအုပ်ထဲရှိစိန်ကြည့်အစ်ကို သာဒွန်းကိုလည်းပြောသည်။ မောင်ချိတ်စကားမှာ အရှင်းလင်းဆုံး အခိုင်မာဆုံး ဖြစ်သည်။

"အေး သွားတာကတော့သွားမှာပဲ။ စုံစမ်းတာလဲ ငါနဲ့သာဖန်စုံစမ်းမယ်ကွာ။ ဟုတ်လားဟေ့။ "

စံတုတ်က ဝိုင်းနေသော လူအုပ်ကိုပြောသည်။ အားလုံးက သဘောတူ ကြသည်။ ပြီးနောက်စံတုတ်ကပင် မောင်ချိတ်ဘက်လှည့်ကာ မေးခွန်းထုတ် ပြန်သည်။

"ဒါထက် နေပါဦးကွ။ အရီးဥတို့ မင်းတို့ သိတယ်ဆိုတော့ ဒီကိုယ်ဝန်ဟာ ဘယ်သူနဲ့ဖြစ်တာလဲ။ ဒို့များရွာသားထဲက တစ်ယောက်ယောက်နဲ့ဖြစ်တာလား "

"ဒါတော့ ငါဘယ်သိမလဲကွ။ မသိလို့ပေါ့။ သိမှဖြင့် စပြောကတည်းက ပုလဲတော့ဘယ်သူနဲ့ ဖြစ်ကြပျက်ကြလို့ ကိုယ်ဝန်တောင်ရှိနေပြီဟေ့လို့ ပြောမှာပေါ့ကွ "

ဝိုင်းနေသောကာလသားများသည် အတွေးအမျိုးမျိုးနှင့် တစ်ယောက်ကို တစ်ယောက်ကြည့်ကြသည်။ ဘယ်အကောင်နဲ့များပါလိမ့်။ မိုးမခပါသွားတဲ့ အကောင်ထဲကတစ်ယောက်ယောက်နဲ့များလား။

" ငြိမ်းရင် နင်သိတယ်မှုတ်လား။ "

စံတုတ်က ငြိမ်းရင်ကိုအတပ်မေးသည်။ သည်ကိစ္စ ငြိမ်းရင်သိရမည်။ ပုလဲအိမ်သို့ ခါတင်ခုဝင်ထွက်နေသည်မှာ ငြိမ်းရင်။ နောက်ပြီး ပုလဲနှင့်ငြိမ်းရင်မှာ ငါးကြင်းငါးသိုင်း အရွယ်။

ရုတ်ချည်းတော့ ငြိမ်းရင်မဖြေ။ လူစေ့တတ်စေ့မျက်နှာများကို ငြိမ်းရင် ကြည့်သည်။ ပြီးလျှင် သည်ကိစ္စကို ကာလသားများအရေးတယူလုပ်လာ၍ ငြိမ်းရင်ဝမ်းသာသည်။ တစ်ဖန် ကာလသားခေါင်းစံတုတ်နှင့် သာဖန်ကိုယ်တိုင် စုံစမ်းမည်ဆို၍လည်း ငြိမ်းရင်ဝမ်းသာသည်။ ထိုသူနှစ်ယောက်စလုံးသည် ဒေသမင်းသားတွေချည်းဖြစ်သည်။ အကြောက်မရှိ၊ အလန့်မရှိ၊ ဟူးဟူးဒိုင်းဒိုင်း။ နောက်တစ်ကြောင်း ရှိပြန်သည်မှာ ရွာကာလသားအုပ်စုကို ထိုသူနှစ်ယောက် စလုံးက ဦးဆောင်နိုင်သည်။

" ကျုပ် အတပ်တော့ဘယ်သိမလဲ ကိုစံတုတ်ရယ်။ အဲ တစ်ခုတော့ရှိတယ်။ "

"အေး ပြောစမ်း။ အဲဒီတစ်ခုကဘာလဲ။ ပြောစမ်းဟာ။ ဒီကိစ္စခပ်မြန်မြန် ရှင်းရင်ကောင်းမယ်။ "

" ဘုန်းကြီးကျောင်းကိုတော့ ခဏခဏ သွားတာပဲတော့။ "

" ဘာဟ ဘုန်းကြီးကျောင်း ဟုတ်လား "

ကာလသားအုပ်စုထဲမှ လှအေး၊ သာဒွန်းနှင့်ကုလားတို့ သုံးယောက်သံပြိုင် မေးလိုက်သည်။ စံတုတ်နှင့်သာဖန်သည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

" အဲဒါနဲ့ ဘာဆိုင်တုန်း ဟ "

မောင်ချိတ်ကငြိမ်းရင်ကို ငေါက်ငန်းသလိုပြောသည်။ ပြီးနောက် "နင့်စကားက တောင်လိုလို မြောက်လိုလိုနဲ့ အနောင့်မလွတ်အသွားမလွတ်။ အဲဒီစကားကို သူကြီးကြားရင် နင်ဒုက္ခဖြစ်မယ်နော် ငြိမ်းရင်" ဟုဆက်ပြောသည်။

"အေးဟ နင့်စကားက ဘာမှန်းလဲမသိဘူး။ ပုလဲ ဘုန်းကြီးကျောင်းထဲမှာတော့ ဒို့များလဲခဏခဏတွေ့နေသားပဲ။ တစ်နေ့ကညနေဘက်မှာတောင် ငါးသွားပို့တော့ တွေ့သေးတယ်။"

သာခွန်းကပြောသည်။ ကျန်သောကာလသားများထဲမှ သုံးလေးယောက် ကလည်း သာခွန်းစကားကို ထောက်ခံသလို တစ်ခွန်းစနှစ်ခွန်းစ ဝင်ပြောကြသည်။ စံတုတ်နှင့်သာဖန်သည် ခုအချိန်ထိ ငြိမ်နေတုန်း။

ဘကြီးထွန်း အပါအဝင်ဖြစ်သော တံငါသည်အိုကြီး လေးယောက်သည် လေးတိုင်စင်တဲငယ်တစ်လုံးတွင် ရှိနေကြသည်။ အဖိုးကြီးများသည် ပုလဲ၏ ကိုယ်ဝန်ကိစ္စကိုသိကြပြီးဖြစ်သည်။ သို့ရာတွင် လူကြီးတွေပီပီ လူငယ်များကိစ္စ ထဲတွင် ဘာမျှဝင်မစွက်ဘဲ ရေငုံနှုတ်ပိတ်နေကြသည်။ ဒီလိုကိစ္စ ဒီလိုအရေးတွင် သူတို့စိတ်မဝင်စား။ ဒို့လူကြီးတွေအနေသာကြီး ဒါဟာဒို့အရေးအခင်းမဟုတ်။ လက်ဖက်ရည်ကြမ်း ဖန်ဖန်ခါးခါးတစ်ခွက်လောက်မှ သောက်ဖိုးမတန်ဟု သူတို့သဘောထားသည်။

"ကဲ စောစောကပြောတဲ့ အတိုင်းပဲဟေ့။ ဒီကိစ္စကို သာဖန်နဲ့ ငါ တာဝန်ယူတယ်ကွာ။ ဒီနေ့ညနေပဲ ဒို့နှစ်ယောက် ရွာထဲပြန်ပြီးစုံစမ်းမယ်။ ဟုတ်လားဟေ့။ နောက်ပြီးတော့ မောင်ချိတ်နဲ့ ငြိမ်းရင်ကိုလဲ တစ်ခါထဲ ပြောထားမယ်ကွာ။ ဒီကိစ္စ ငါနဲ့သာဖန်စုံစမ်းသလေး ဘာလေးနဲ့တော့ ဘယ်သူ့ကိုမှမပြောနဲ့နော်။ သူကြီးတောင်မသိစေနဲ့ကွာ။ ဒို့နည်းလမ်းနဲ့ဒို့ဟာဒို့ စုံစမ်းမယ်။ အေး တစ်ယောက်ယောက်ကနှုတ်မလုံလို့ ပေါက်ကြားရင်တော့ ဒို့နဲ့အတွေ့ပဲ။ "

(၂၃)

ညနေစောင်းတွင်စံတုတ်နှင့်သာဖန်တို့လှေတစ်ယောက်တစ်စင်းစီနှင့် ပိုက်ချက် စခန်းမှ ထွက်ခဲ့ကြသည်။ အချိန်မှာသုံးနာရီလောက်သာရှိသေးသည်။ စိတ်တဖောဖော ဖင်တကြွကြွရှိနေသဖြင့် ထိုအချိန်လောက်နှင့် ထွက်ခဲ့ကြခြင်းဖြစ်သည်။ နောက်ပြီး သူတို့က ကွယ်ရာထောက်ရာတွင် နှစ်ယောက်ချင်း စကားပြောချင်သောကြောင့် ဖြစ်သည်။

သူတို့နှစ်ယောက် လှေဦးချင်းညီကာ တစ်စင်းနှင့် တစ်စင်းတစ်တောင် လောက်သာ ခွာလျက် လှော်လာကြသည်။ ပိုက်ချက်စခန်းနှင့် အတော်ကလေး လှမ်းလာမှ စံတုတ်က စကားစသည်။

"အခုနေတော့ ကိစ္စတွေအားလုံးဟာ သိုသိုသိပ်သိပ်စုံစမ်းမှကောင်းမယ်။ ဒို့ မင်းတို့ကာလသားတွေအားလုံး ပိုက်ချက်စခန်းမှာရောက်နေတာလဲ တစ်နည်း တော့ ကောင်းတယ်။ ပုလဲကိစ္စဟာ မြကျော့အဖြစ်နဲ့တော့ မတူဘူး သာဖန်။ "

" ဘယ်လိုမတူတာလဲ"

"မင်း တစ်ခုစဉ်းစားကြည့်မှပေါ့။ မြကျော့ဟာ မြို့သားတစ်ယောက်နဲ့ တိတ်တိတ်ပုန်းဖြစ်တယ်။ နောက်တော့ မဖုံးနိုင်မဖိနိုင် ကိုယ်ဝန်ကပေါ်လာတယ်။ ဒီတော့ ဒို့ကာလသားတွေအားလုံးကမခံနိုင် မရပ်နိုင်ဖြစ်ကြတယ်မို့လား။ ဒါပေမယ့်အားလုံးက မြို့သားဆိုတဲ့အကောင်ကို ဖြူသလားမဲသလား မြင်ဖူးတာလဲမှုတ်ဖူး။ ဒီရွာကို ဝင်ထွက်သွားလာနေတဲ့အကောင်လဲမှုတ်ဖူး။ သူက ဇာတ်မြှုပ်ပြီး ခြေရာခြေကြောင်း ပျောက်နေတာ။ အဲဒီတော့ ဒို့အနေနဲ့က မြကျော့ကိုပဲ ဒဏ်ခတ်နိုင်ခဲ့တယ်။ အရေးကုန် ဒို့လုပ်နိုင်တာက သူ့မိဘနဲ့ သူ့အိမ်သားစုတွေလောက်ပဲ။ ဟုတ်တယ်မို့လား။ "

"အေးလေ ဟုတ်ပါတယ်။ သူနဲ့ဖြစ်တဲ့အကောင်က ဒို့များရွာကိုလာမှမလာပဲကို။ လာရင်တော့ ဒင်းကိုပါ အမှုန့်ချေပစ်လိုက်မှာပေါ့။ "

"အေးပါကွာ အမှုန်ချေပစ်တာထားစမ်းပါဦး။ လိုရင်းရောက်အောင် ငါပြောပါဦးမယ်။ အဲဒါက ဘာလဲဆိုတော့ ခုကိစ္စမှာ ပုလဲကိုဒို့များက ရွာကနေ မောင်းထုတ်လိုက်ပါပြီတဲ့ကွာ။ ပြဿနာက လက်စသက်သွားမလားဆိုတော့ မဟုတ်သေးဘူး။ ဒီဦးဇင်းဟာ ဒို့များရွာမှာ ကျန်နေဦးမယ်။ "

" ဟာ ဘယ်ဟုတ်မလဲကွ။ သူကလဲ လိုက်သွားတော့မှာပေါ့။ "

" ဘယ်လိုနည်းနဲ့လိုက်သွားမှာလဲ "

"တစ်နည်းနည်း နဲ့ပေါ့ကွ။ အဲဒီတစ်နည်းနည်းဆိုတာက လောလောဆယ် မင်းတို့ငါတို့ မသိတဲ့နည်းပေါ့။ ဆိုပါတော့ကွာ မင်းတို့ငါတို့က မောင်းထုတ် လိုက်တော့ ပုလဲကညောင်တုန်းဘက်ထွက်သွားမယ်။ ဒီဦးပဥ္စင်း ကလဲ ညောင်တုန်းကို လိုက်သွားမှာပေါ့ကွ။ နောက်တော့မှ လူထွက်မယ်တဲ့ကွာ။ "

သာဖန်က သူ့အတွေးရှိသလောက်ပြောသည်။

"အေး အဲဒီကတည်းက မင်းတို့ငါတို့ညံ့ရာကျနေပြီ။ တရားခံဟာ ပုလဲချည်းတစ်ယောက်တည်း မဟုတ်ဘူးကွ။ ဦးဇင်းရောပုလဲရော နှစ်ယောက်။ ဒီတော့ မင်းတို့ငါတို့က နှစ်ယောက်စလုံးကို ခုတ်စပြီး လှီးစဖြတ်နိုင်ရမယ်။ ပုလဲကိုဒဏ်ခတ်သလို ဒီဘုန်းကြီးအတုအယောင်ကိုလဲ ဒဏ်ခတ်နိုင်ရမယ်။ ဒို့များရွာက မောင်းထုတ်နိုင်ရမယ်။ "

"လွယ်ပါတယ်ကွာ။ ညသန်းကောင်လောက်မှာ ကျောင်းကို မီးတင်ရှို့ ပစ်လိုက်မယ်။ ဒါဟာ တစ်ချီထဲနဲ့ လက်စပြတ်ရော "

သာဖန်က စိတ်လိုက်မာန်ပါ ပြောလေသည်။

"ဟာ မင်းပြောတာမဟုတ်သေးဘူး သာဖန်။ အဲသလို လုပ်ရင် မင်းတို့ငါတို့ အဆိုးဖြစ်မယ်။ မင်းတို့ငါတို့အလွန်ဖြစ်မယ်။ ခုလဲဒီကိစ္စကို သိတာက မင်းနဲ့ငါ နှစ်ယောက်တည်းရှိသေးတယ်။ ဒါတောင် မင်းရောငါရော လက်ပူးလက်ကြပ် တွေ့ကြသေးတာမှုတ်ဘူးကွ။ "

"ဒါတော့ကွာ ငြိမ်းရင်တောင်ပြောသွားပြီမဟုတ်လားကွ သူလဲ သိတန်သလောက် သိလို့ပြောတာ ဖြစ်မှာပေါ့။ နောက်တစ်ခုက မင်းစဉ်းစားကြည့်လေ၊ ဒီလိုကိစ္စမျိုးက လက်ပူးလက်ကြပ်ဖမ်းနိုင်ဖို့မလွယ်ဘူးကွ။ ပုလဲကိုယ်ဝန်ဟာ အထင်ကရကြီးပဲ စံတုတ်ရာ "

"အေး မင်းပြောတာ မှန်သင့်သလောက်တော့ မှန်တယ် သာဖန်။ ကိုယ်ဝန်ရှိတာမှန်ရင် ကိုယ်ဝန်ဟာ လက်ပူးလက်ကြပ်အကောင်အထည်ပဲ။ ဒါပေမယ့် အဲဒီကိုယ်ဝန်ဟာ ဒီဦးဇင်းနဲ့ဖြစ်တာပါလို့ ဒို့ကအခိုင်အမာပြောနိုင် ပြနိုင်ရမယ်။ နောက်ဆုံးပေါ့ကွာ။ တစ်ရွာလုံးကိုမဟုတ်တောင် ဒို့ကာလသား အုပ်စုကိုတော့ပြောနိုင်ရမယ်။ အားလုံးက မင်းနဲ့ငါလို သဘောပေါက် နားလည်မှုဖြစ်မယ်။"

" ဒီဦးဇင်းနဲ့မိပုလဲကို ဝန်ခံခိုင်းပေါ့ကွာ"

"ဟာ မင်းအရူးလားကွ။ သူခိုးကခိုးပါတယ်လို့ပြောမလား။ အဲဒီတော့မှ သူကြီးတို့ဆယ်အိမ်ခေါင်းတို့နဲ့မင်းတို့ ငါတို့နဲ့သတ်ပွဲဖြစ်မယ်။ "

"ဒီတော့ မင်းဘယ်လိုစိတ်ကူးသလဲ စံတုတ်ရာ။ ငါ့သလောကတော့ ကျောင်းရော ဇရပ်ရော မီးပုံတိုက်ပစ်လိုက်ချင်တယ်ကွာ။ တောက် ဒါမှအေးမယ်ဟ့။ ကဲပါကွာ ထားပါတော့။ မင်းစိတ်ကူးကိုပြောစမ်းပါဦး။ "

သာဖန်ကတောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်သည်။ ပြောရင်းပြောရင်း စိတ်တိုလာသည်။

"ဒီကိစ္စကို ဒို့ဘယ်လိုလုပ်ရမလဲဆိုရင် ခု ဒို့ရွာထဲကိုသွားပြီး ပုလဲအခြေအနေ ကိုကြည့်မယ်ကွာ။ နို့ပြီး ငြိမ်းရင်နဲ့လဲထပ်တွေ့ကြမယ် ဟုတ်လား။ အေး ဒို့ဒီကအသွားမှာ အခါတိုင်းကလို ချောင်းထဲကနေတက်ပြီး ဦးဇင်းအခြေအနေ ဘယ်လိုရှိတယ်ဆိုတာ တစေ့တစောင်းကြည့်ကြမယ်ကွာ။ ဟုတ်ပလား "

" နောက်တော့ကော "

"နောက်တော့ ဒို့စုံစမ်းလို့ရတဲ့အပေါ်မှာ မင်းနဲ့ငါတိုင်ပင်ပြီးတော့ လှအေးတို့၊ ကုလားတို့၊ သာဒွန်းတို့နဲ့ တိုင်ပင်ကြမယ်ကွာ။ ဘယ်လိုကိစ္စဖြစ်ဖြစ်ပေါ့ သာဖန်။ လုပ်ကြကိုင်ကြမယ်ဆိုရင် ဒို့အားလုံးဟာ တညီတညွတ်တည်းဖြစ်ဖို့ လိုတယ်။ အဲဒါကိုတော့ ကြပ်ကြပ်သတိထားရမယ်။ မင်းနဲ့ငါနှစ်ယောက်တည်းက ရှေ့လောကြီးပြီးလုပ်ရင် တစ်ခုခုဖြစ်တော့ မင်းနဲ့ငါ နှစ်ယောက်တည်းခံရမယ်။ "

"အေးပေါ့ကွာ။ မင်းသဘောပဲ။ ဒီလိုကိစ္စမျိုးမှာ မိုးမခပါသွားတဲ့ အကောင်တွေသာ ရှိနေမယ်ဆိုရင် အင်မတန်ကောင်းပေါ့ကွာ။ ဟိုကောင်တွေကတုံးဆိုတိုက် ကျားကိုကိုက်ပဲ။ ခုတော့ ဒီမှာရှိတဲ့အကောင်တွေက ကိုယ်မယားနဲ့ ကိုယ်ဖက် အိပ်ဖို့လောက် နားလည်တဲ့ကောင်တွေ။ ကျန်တဲ့ကောင်လေးတွေကလဲ အသက်က တညိုတမိုက်ရှိသေးတယ်။ "

နှစ်ယောက်သားသည် ချောင်းဦးတိုအတွင်းသို့ လှေငယ်များကို လှော်ဝင်ခဲ့ ကြလေသည်။ သာဖန်ပြောသလိုပင် မိုးမခပါသွားသူများသာ ရွာတွင်ရှိနေမည် ဆိုပါက ဤကိစ္စကား မီးဟုန်းဟုန်းတောက်ပေပြီ။

လှေနှစ်စင်းကိုကြိုးချည်ပြီးနောက် ချောင်းထိပ်သို့သူတို့ တက်ခဲ့ကြသည်။ လမ်းကအတန်ငယ် ချောနေသည်။ ညွတ်ကျနေသော မရမ်းကိုင်းကိုဆွဲ၍ တတ်ခဲ့ကြသည်။ မရမ်းပင်အောက်သို့ဝင်မိလျှင်ပင် ပြဿနာကိုစတင်ရင်ဆိုင် ကြရတော့သည်။ ပုလဲသည် ဇရပ်ပေါ်မှဆင်းသက်လာသည်။ သူမသည် ကျောင်းအဆောက်အဦးပေါ်သို့ တစ်ချက်မျှလှမ်းကြည့်ပြီး ကျောင်းဝင်းပေါက် အထွက်ရှိရာသို့ သွားလေသည်။ စံတုတ်တို့နှစ်ယောကို ပုလဲမမြင်။ သူမသည် အရင်ကလို ဇရပ်နောက်ပိုင်း ကမ်းပါးမှမဆင်းနိုင် ၊ မတတ်နိုင်တော့။ ကိုယ်ဝန်မှာ အတော်ကလေး ရင့်မာနေပေပြီ။

" ကဲ ငါမပြောလားကွ"

သာဖန်က ဆိုသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ နှစ်ယောက်စလုံး နဖူးကြောကြီးများ ထောင်ထလာသည်။ မျက်လုံးများ ဝင်းလက်လာသည်။

"နေဦး ငါလိုက်သွားမယ်။ " ပြောပြောဆိုဆို သာဖန်ရှေ့သို့ ခြေနှစ်လှမ်းခန့်လှမ်းလိုက်သည်။

" အိုကွာ ဒီလို ကမူးရှူးထိုးလုပ်လို့လဲ ဘယ်ဖြစ်မလဲ သာဖန်"

စံတုတ်ကသာဖန့်လက်ကို ဆက်ကနဲဆွဲထားလိုက်သည်။ သာဖန့်လက်မှာ တဆက်ဆက်တုန်နေသည်။ စံတုတ်ကစကားကို ဆက်ပြောသည်။

"မင်းကို ငါပြောထားတယ်မို့လား။ ဒီကိစ္စကိုသိုသိုသိပ်သိပ်စုံစမ်းရမယ်လို့။ ဒီကိစ္စကိုဒို့စုံစမ်းနေတယ်လို့ သိသွားရင် ခုကတည်းက သူတို့တခြားကို ရှောင်ထွက်သွားနိုင်တယ်။ အဲဒီလိုဆိုရင် ဒို့အနေနဲ့မောတာပဲ အဖတ်တင်မယ်။ ရွာလဲသိပ်နာတယ်။ "

" တယ် ကွာ ဟင်း "

သာဖန် အံကြိတ်ခဲပြန်သည်။ နှစ်ယောက်စလုံး မရမ်းပင်အောက်မှ ရှေ့မတိုးနိုင်ကြသေး။ နေရာတွင်ရပ်လျက် ပုလဲသွားရာသို့ မျက်ခြေမပြတ် ကြည့်နေကြသည်။ ပုလဲသည် ခြေလှမ်းလေးလေးနှင့် ရွာငယ်ရှိရာသို့ ဆက်လက်၍သွားလေသည်။

" လာကွာ ဇရပ်ပေါ်သွားကြမယ်။ ဂျပန်တွေများလာလို့လား "

စံတုတ်ကသာဖန့်လက်ကို ဆွဲခေါ်သွားသည်။ ဇရပ်ရှိရာသို့ သူတို့ လျှောက်ခဲ့ကြသည်။ ကျောင်းပေါ်သို့ လှမ်းကြည့်ကြသေးသည်။ ဦးပဍ္ဍင်းကိုတော့ သူတို့မတွေ့ကြ။ သူတို့ဇရပ်အဆောက်အဦးပေါ် တက်ရောက်ခဲ့ကြသည်။ နီးဝါးလောင်းများ သပ်နေသော ကပ္ပိယကြီးကိုတွေ့ရသည်။ ကပ္ပိယကြီးက သူတို့နှစ်ယောက်ကို မော့ကြည့်ပြီး ..

"လာကြပေါ့။ရေနွေးတွေရှိတယ်ကွ။" ဟုလက်ဖက်ရည်ကြမ်းအိုးကိုမေးထိုးပြလေသည်။

" ဂျပန်တွေ ရွာထဲရောက်နေသလားဗျ"

စံတုတ်ကမေးသည်။ ဦးဖိုးအနီးတွင် သူတို့နှစ်ယောက်ဝင်ထိုင်လိုက်ကြသည်။ ဦးဖိုးကိုလည်း သူတို့စိတ်ကမသင်္ကာ။ ဒီအဖိုးကြီးကိုယ်တိုင်ကလည်း ကျောင်းထမင်း ကျောင်းဟင်း ကပ်စားနေတဲ့ အလိုတူ အလိုပါထဲက နေမှာပါ။ ဒေါ်ကလေးမသားလေး မြတ်ထွန်းကလဲ ကျောင်းသားဆိုပေမယ့် ငယ်လွန်းတော့ ဘာမှမေးလို့မြန်းလို့ သိမှာမှုတ်ဘူးဟု စံတုတ်စိတ်က တွေးလေသည်။

" ဂျပန်တွေမလာပါဘူး။ ကျုပ်စောစောလေးကပဲ ရွာထဲကပြန်လာတယ်။"

" မပြောတတ်ပါဘူးဗျာ။ ခုနက ပုလဲထွက်သွားတာတွေ့လိုက်လို့။ "

စံတုတ်ကပင်ပြောသည်။ သာဖန်ငြိမ်နေသည်။ နှုတ်ကငြိမ်နေသော်လည်း မျက်လုံးက ကျောင်းပေါ်ရောက်လိုက်၊ ကျောင်းပတ်ပတ်လည်ဝါးရုံတောထဲ ရောက်လိုက်။

"မိန်းခလေးက မွန်းတိမ်းချိန်လောက်ကရောက်နေတာ။ သူက ဒီလိုပါပဲ။ ပျင်းပျင်းရှိရင် ကျောင်းလာတာပဲ။ ဘာရယ်တော့မှုတ်ဘူးကွာ။ မောင်ပဇင်းကလဲ ဒင်းကိုမိမဲ့ဖမဲ့ ဆိုတော့ သနားတယ်။ ကျုပ်ကလဲ ဒင်းကိုကြည့်ကြည့်ပြီး စိတ်မကောင်းဘူး။ ခမြာဟာ တစ်ကောင်ကြွက်မို့လား "

ကပ္ပိယကြီးကအရိုးခံတိုင်းစိတ်ထဲရှိသမျှပြောလေသည်။

" ဟိုကောင်ကလေးကောဗျ " သာဖန်ကမေးသည်။

"မြတ်ထွန်းလား။ မြတ်ထွန်းကျောင်းမလာတာ နှစ်ရက်သုံးရက်ရှိပါပကော။ ပိုက်လှေဦးစီးလိုက်နေပြန်ပြီ ထင်တယ်။ သူမလာတော့ မောင်ပဇင်းတစ်ပါးထဲ ဆွမ်းခံကြွနေရရှာတယ်။ ကျုပ်ကလဲကျောင်းမှာ ကျီးစောင့် ကြောင်စောင့် စောင့်နေရသေးတာကိုး "

စံတုတ်နှင့်သာဖန်သည် ရေနွေးကြမ်းသောက်ရင်း ကပ္ပိယကြီးအား တောင်တောင်မြောက်မြောက် မေးသည်။ ကျောင်းပေါ်ကျောင်းအောက်နှင့် ကျောင်းပတ်ဝန်းကျင် စသည်များကိုလည်း မျက်လုံးလေးလုံးက လေ့လာ ကြည့်ရှုကြသည်။ ရှင်ဝိလာသကိုတော့ ရုတ်တရက်မတွေ့ကြ။

အချိန်အတော်ပင် ကြာ၍ အမှောင်ရိပ်ယှက်သန်းစပြုလာမှပင် ကျောင်းနောက်ပိုင်း ဝါးရုံတောနှင့် သစ်ပင်များအကြားမှထွက်လာသော ဦးပဉ္ဇင်းကို သူတို့ရိပ်ကနဲ မြင်လိုက်ရသည်။ ဦးပဉ္ဇင်းသည် သူတို့ကို အမှတ်ပြုဟန်မရှိ။ ကျောင်းပေါ်သို့ ကြွမြန်းသွား လေသည်။

စံတုတ်နှင့်သာဖန်သည် နောက်ထပ်အချိန် အနည်းငယ်သာနေပြီး ကပ္ပိယကြီးအား နှုတ်ဆက်လျက် ဇရပ်ပေါ်မှဆင်းသက်ခဲ့ ကြသည်။ သူတို့ကရွာတွင်းသို့သွားကြမည်။ ပုလဲ၏အခြေအနေကို အကဲခပ်ကြလေ့လာကြမည်။ နောက်တော့ သူတို့ကငြိမ်းရင်နဲ့တွေ့ကြမေးကြမည်။ ဒေါ်မှုန်နှင့် တွေ့ကြမေးကြမည်။ တကယ်တမ်းသူတို့တွေ့ရန် ရည်ရွယ်ခဲ့သည်မှာလည်း ဒေါ်မှုန်နှင့်ငြိမ်းရင်တို့ပင်ဖြစ်သည်။ ထိုနှစ်ယောက်ကိုသာ ပယ်ပယ်နယ်နယ် မေးလိုက်ရလျှင် သူတို့သိချင်သော အကြောင်းအချက်များကို သိရလိမ့်မည်ဟု နှစ်ယောက်စလုံးက ယူဆထားကြသည်။

ဂျပန်တွေပုလိပ်တွေ ရွာမလာသည့်တိုင် ကျောင်းဇရပ်သို့ ပုလဲလာခဲ့သည်မှာ လည်း သူမအကြောင်းနှင့် သူမဖြစ်ရလေသည်။ သူ့သတင်းကို ကြားရသောရွာမြောက်ဖျားသူအမျိုးသမီးတချို့နှင့် ရွာလယ်ပိုင်းသူ အမျိုးသမီး တချို့က သူမအိမ်သို့မယောင်မလည် ရောက်လာတတ်ကြသည်။ အကြောင်းမရှိ အကြောင်းရှာ၍ လာကြသည်။ တကယ်ဆိုတော့သူတို့ ဘာအကြောင်းကြောင့် လာသည်ကို ပုလဲသိလေသည်။ ထို့ကြောင့် ရှောင်ရတိမ်းရပြန်လေသည်။

သူမက အရီးဥနှင့်စိန်ကြည်မှလွဲလျှင် ဘယ်သူ့ကိုမှအတွေ့မခံချင်။ ဘယ်သူနှင့်မှ လည်း အဆက်အဆံ မလုပ်ချင်။ အဖိုးကြီးဦးပေါ်လာနှင့် ပင်မျက်နှာချင်းမဆိုင် မိအောင် သတိထားရှောင်ရလေသည်။ သူ့အဖြစ် သူ့ဘဝသည် လူတွေ့တိုင်း လူမြင်တိုင်း အရှက်ကွဲနေရသောအဖြစ်၊ မျက်ရည်ပေါက်ပေါက်ကျနေရသော အဖြစ်ပါကလားဟု ပုလဲနားလည်ရလေသည်။

ထို့ကြောင့်ပိုက်ထိုး ကွန်ထိုး အလုပ်ကိုပင် ယခင်ကလို အိမ်အပြင်ထွက်မထိုး၊ အိမ်ခန်းထဲဝင်၍ထိုးရသည်။ အရီးဥနှင့်စိန်ကြည်က ခေါ်သည်မှလွဲလျှင် ဘယ်သူက ခေါ်ခေါ် ပုလဲမထူး။ မြုံနေလေသည်။ အရီးဥတို့သားအမိကိုတော့ အင်မတန်မှကျေးဇူးတင်လှသည်။ သူ့အတွက်ပိုက်တွေကွန်တွေကို စိန်ကြည် ကပင် လက်ခံယူလာသည်။ ပြီးလျှင်လည်း စိန်ကြည်ပင်သွားပို့ပေးသည်။ လက်ခ ငွေကြေးကိုလည်း စိန်ကြည်ကပင် ရှင်းလင်းယူလာသည်။ ထိုအတွင်းကပင် သမီးချင်းစာနာထောက်ထားသော အဖွားကြီးသည် နေ့တိုင်းလိုပင် သူ့အတွက် ထမင်းပို့ပေးသည်။ စားစရာပို့ပေးသည်။ ဘယ်လိုမှပြောမရ။ စိန်ကြည်လာလျှင် သူမအတွက် ထမင်းတစ်ဇလုံ ဟင်းတစ်ခွက်တော့ ပါလာစမြဲ။

အင်း ငါ့ဘဝဟာ အရီးဥတို့သားအမိရှိနေသေးလို့ပါကလား။ သူတို့သာမရှိဘူး ဆိုရင် ခက်ရချည့်ရဲ့။ ဒို့များရွာမှာဒီလိုစိတ်ကောင်းရှိတဲ့သူ၊ ကြင်နာငဲ့ ကွက်တတ်တဲ့သူတွေလဲ ရှိပါသေးကလားဟူ၍လည်း ပုလဲ သဘောပေါက် ရသည်။ ထို့ကြောင်ပင်သူမက စိန်ကြည့်အပေါ်ပို၍ သံယောဇဉ်ကြီးမိသည်။ စိန်ကြည့်ကလေးငယ်ကိုလည်း တတ်နိုင်သလောက် ထိန်းကျောင်းယုယ ပေးရလေသည်။

ဤလိုတစ်ဖက်က အရီးဥနှင့်စိန်ကြည်တို့၏ စိတ်သဘောထား ကောင်းမွန်မှု ကြောင့် ပုလဲစိတ်သက်သာမှု ရရှိသော်လည်း တစ်ဖက်ကမူ ငြိမ်းရင်ကြောင့် ပုလဲစိတ်ဆင်းရဲရပြန်လေသည်။ နေ့စဉ်လိုပင် မွန်းတိမ်းချိန်ရောက်လျှင် သူမအိမ်ပေါ်သို့ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ငြိမ်းရင်ပေါက်လာတတ်သည်။ ငြိမ်းရင်က တခြားသူတွေနှင့်မတူ၊ အဆီးအတား အကြောက်အလန့်မရှိ၊ အားနာအလိုက် သိမှုလည်းမရှိ၊ အိပ်ခန်းထဲအရောက် စွပ်ဝင်လာတတ်သည်။ ပြီးလျှင် တစ်နေကုန် တစ်နေခန်းနေသည်။ ပုလဲကို အစေ့အစပ်လေ့လာသည်။ တောင်စကားမြောက် စကားတွေ ပြောသည်။ ပုလဲက တောင်းပန်တိုးလျှိုးလို့မှ မရ။ မျက်ရည်ခံထိုးလို့မှ ချမ်းသာခွင့်မပေး။

အရင်ကဆိုလျှင် ငြိမ်းရင်ကို ပုလဲမကြောက်သော်လည်း ယခုတော့ တစ်မျိုးဖြစ်လာသည်။ ငြိမ်းရင်ကိုပုလဲကြောက်သည်။ ငြိမ်းရင်ကို ပုလဲအတိုက် အခံမပြောဝံ့။ ငြိမ်းရင်ကိုပင် ခြေထောက်ဖက်၍ တောင်းပန်တော့မလောက် မျက်ရည်ပေါက်ကြီးငယ်ကျကာ အသနားခံတော့မလောက် ပုလဲအမူအရာတွေ ပြောင်းလဲလာသည်။ စိန်ကြည်ပင် ပုလဲအမူအရာကိုကြည့်ကာ အားမလိုအားမရ ဖြစ်မိသည်။

"မမငြိမ်းရင်ကလဲ လူတစ်ဖက်သားကိုသိပ်ပြီး မပြောင်မနောက်ပါနဲ့တော်။ တော်ရုံတန်ရုံ နောက်ရပြောင်ရ တော်ရောပေါ့။ ဒီကိစ္စမျိုးကပြောင်ကောင်း နောက်ကောင်းတာမှတ်ဖူးတော့။ " ဟုမခံနိုင်သောစိန်ကြည်က ကြားဝင်ရသည်။

"ငါကပြောင်တာနောက်တာမှတ်ဖူးဟဲ့ မိစိန်ကြည်ရဲ့။ နင်ဘာနားလည်လို့လဲ။ ဒီအဖြစ်ဖြစ်လာမှတော့ ဘာထူးတော့လို့လဲ။ ဘယ်သူ ဘယ်ဝါပါလို့ဖော်ပြော လိုက်ရုံပေါ့။ အဲဒါက တစ်ရက်ပဲရက်ရမယ်။ ခုဟာက နှစ်ရက်ဟဲ့ နှစ်ရက်။ နင်နားလည်သလား။ ငါကအကောင်းပြောတာ။ "

ငြိမ်းရင်စကားများကို ပုလဲစဉ်းစားသည်။ စင်စစ်ငြိမ်းရင်ပြောသော စကားများ သည် စကားကောင်းမဟုတ်။ တစ်မျိုးတစ်ဖုံသူ့ကို ချောက်တွန်းခြင်းဟု ပုလဲ နားလည်ရသည်။ ငြိမ်းရင်၏ပြောပုံဆိုပုံ ဆက်ဆံပုံနှင့် မျက်လုံးကြည့်ပုံများကပင် မရိုးသားဟု ပုလဲယူဆမိသည်။ သို့တိုင်သူမက ငြိမ်းရင်ကို တစ်ခွန်းတစ်ပါဒ ပြန်မပြောရဲ။ အရင်ကလို သတ္တိမပြနိုင်တော့။ ထို့ကြောင့်ပင် ငြိမ်းရင်လာချိန် ကျလျှင်လည်း ကျောင်းဇရပ်သို့ထွက်ပြေးရခြင်းဖြစ်လေသည်။

တကယ်ဆိုတော့ ငြိမ်းရင်တစ်ယောက်ကသာ မဟုတ်။ စက္ကော့ရွာတစ်ရွာလုံး ကပင် သူမကို ချောက်လှန့်လေပြီကော။ မိန်းမတွေကလည်း ချောက်လှန့်သည်။ ကာလသားလူပျိုပေါက်တွေ၊ အမျိုးသမီးအပျိုပေါက်တွေကအစ အားလုံးက သူ့ကိုချောက်လှန့်လေသည်။ သူ့အတွက် စိတ်သက်သာရာနှင့်အားကိုးရာမှာ အရီးဒေါ်ဥ သားအမိနှင့် ဘုန်းကြီးကျောင်းဇရပ်သာရှိလေသည်။

"ရတနာမြတ်သုံးပါးရဲ့အရိပ်အာဝါသနဲ့ကျောင်းကန်ဘုရားတန်ဆောင်းဆိုတာက ဦးကြီးဖိုးတို့လို၊ မိန်းခလေးတို့လို အားကိုးရာမဲ့။ မှီခိုရာမဲ့၊ ရပ်တည်ရာမဲ့တဲ့ ဒုက္ခသည်တွေအဖို့ ခဏတဖြုတ်ဖြစ်ဖြစ် အမြဲတမ်းဖြစ်ဖြစ် အားထားရတဲ့ နေရာပေါ့ကွယ် "

ဇရပ်ပေါ်မှကပ္ပိယကြီးဦးဖိုး၏ စကားများကို မကြာခဏပုလဲ ကြားယောင်မိ လေသည်။ ယင်းစကားလုံးများသည် သူမ၏အသည်းနှလုံးတွင် သံမှိုစွဲသလိုရှိ ရသည်။ ကြာလေပြီကော၊ ရွာကျောင်းဇရပ်သည်သာ သူမ၏နောက်ဆုံး အားထားရာ ဖြစ်မှာပဲဟု ပုလဲထင်စားခဲ့လေသည်။ စင်စစ်တော့ မကောင်းတတ် မတော်တတ်သေး၍ ယခုအချိန်တွင် ဇရပ်ပေါ်သို့မရောက်သေးသော်လည်း အရေးရယ်အကြောင်းရယ်ရှိလျှင်ကား သည်ကျောင်းဇရပ်သို့ပင် ပြေးရမှာပဲဟု ပုလဲစိတ်က ပိုင်းဖြတ်ထားလေသည်။

နေ့ဘက်အခါများသာမဟုတ်၊ ညညများတွင်လည်း ဒေါ်မှုန်နှင့်ငြိမ်းရင်သည် သူမကိုနှိပ်စက်ပြန်လေသည်။ ဇရပ်နောက်ဖက်ကမ်းပါးယံထက်မှနေကာ ဒေါ်မှုန် နှင့်ငြိမ်းရင်ကသူမကို တွန်းချသည်။ တောင်ထိပ်ပေါ်မှတွန်းချသည်။ ဇရပ်ခေါင်မိုး မှတွန်းချသည်။ ဘယ်လိုတောင်းပန်လို့မှ ချမ်းသာခွင့်မပေး။ နောက်ဆုံးတော့ သူမတစ်ကိုယ်လုံးအေးကနဲ သိမ့်ကနဲဖြစ်ကာ လန့်ဖျပ်နိုးရလေသည်။ အမောကြီးမောရသည်။ အနွမ်းကြီးနွမ်းရသည်။ သူ့မျက်လုံးထဲတွင် ဒေါ်မှုန်ကို မြင်လိုက်၊ ငြိမ်းရင်ကိုမြင်လိုက် တော်တော်နှင့်ဖျောက်ဖျက်ပစ်လို့မရ။ ဤအဖြစ်မျိုး ကလည်း တစ်ညမှ နှစ်ညမှ မဟုတ်၊ မကြာမကြာပင် ဒီအိပ်မက်မျိုး မြင်မက်ရသည်။ ကြာတော့လည်း ညအိပ်ယာဝင်ရမှာကိုပင် ပုလဲကြောက်ရွံ့ လာလေသည်။

နောက်တော့မိုးချုပ်လာလျှင် ဦးပေါ်လာ၏အရိပ်အခြေကိုကြည့်ကာ စိန်ကြည်တို့ နေအိမ်သို့ ပုလဲကူးတော့သည်။ အဖိုးကြီးသည် တိုင်ထောင်တံငါသည်ကြီး ဖြစ်သောကြောင့် ညထမင်းစားပြီးလျှင် လှေငယ်တစ်စင်းနှင့် တိုင်ထောင် ငမျှားတန်းများရှိရာသို့ဆင်းလေသည်။ ကြိုက်တတ်သော ဆေးလိပ်၊ ကွမ်း၊ လက်ဖက်ရည်ကြမ်းအိုး စသည်များကိုလည်း တပါတည်း ယူဆောင်သွားသည်။ မနက် အာရုဏ်တတ်မှပြန်လာသည်။

ထို့ကြောင့်လည်း အဖိုးကြီးထွက်သွား၍မကြာမီ အိမ်ရှေ့ဖူးစင်အောက်သို့ ပုလဲရောက်လေသည်။ တစ်ခါတစ်ခါသူမက အထလေး အသွားလေးဖြစ်နေလျှင် စိန်ကြည်က လာရောက်ခေါ်သည်။

ဖူးစင်အောက်တွင် သူမကပိုက်ထိုးလျှက် စိန်ကြည်က ခလေးတစ်ဖက်နှင့်အနားမှနေကာ စကားတွင်တွင် ပြောသည်။ စိန်ကြည်ပြောသောစကားများသည် ထုံးစံအတိုင်းဖြစ်သည်။ သူ့ယောက်ျားဖိုးလုံး အကြောင်း။

အဖွားကြီးဒေါ်ဥသည် အိမ်မှုကိစ္စများကို တချောက်ချောက်လုပ်ရင်းတစ်ခါတစ်ခါ သူတို့စကားထဲ ဝင်ပါတတ်သည်။ တစ်ခါတစ်ခါတော့ သူတို့အနီးတွင် လာရောက်ထိုင်ကာ ဆေးလိပ်ကို တမိုန်းမိုန်းသောက်ရင်း စောင်းပါးရိပ်ချည် စကားများကို ပြောတတ်သည်။ သူ့သမီးစိန်ကြည် ကိုယ်ဝန်ရှိစဉ်က အကြောင်း များဖြစ်သည်။ ဘာအစားမစားရဘူး၊ ဘယ်လိုမနေရဘူး၊ ဘယ်လိုမထိုင်ရဘူး။ ဘယ်နှစ်လရှိရင်ဘယ်လိုဖြစ်တတ်တယ်၊ ထိတ်လျှင် လန့်လျှင် ဘယ်သို့ဟူ၍။

တကယ်တော့လူကြီးသူမများဟာ တယ်တော်ကြပါကလား။ တယ်ပြီးအမြင် အမြော်ရှိပါကလား။ ဒီစကားတွေဟာ တကယ်တမ်းပြောရရင် ငါ့နားလည်အောင် အရီးဥပြောနေတာပါကလား ဟုပုလဲ သဘောပေါက်သည်။ အရီးဥကို မိခင်နှင့်မခြား ပုလဲကျေးဇူးတင်ရသည်။ မှန်သည်။ အရီးဥသည် ပုလဲနားလည် သဘောပေါက်အောင်ပင် ကိုယ်ဝန်ဆောင်တို့၏ ကျင့်ဝတ်စည်းကမ်းကို ပြောဆို နေခြင်းပင် ဖြစ်လေသည်။

"မမပုလဲ တစ်ရေးလောက်အိပ်လိုက်ဦး။ ကျမခလေး အိပ်နေတုန်း မမပုလဲပိုက်ကို ကျမထိုးထားမယ်။ " ဟုစိန်ကြည်ကသက်သက်ညှာညှာပြောတတ်သည်။ ပြီးလျှင် အတင်းဖွတ် အိပ်ခိုင်းတတ်သည်။ ခေါင်းအုံးယူပေးသည်။ စောင်ယူပေးသည်။ အစ်မ တစ်ယောက်ပမာ စိန်ကြည်ကပြုစုသည်။ နောက်တော့ မရဲတရဲ ပြောတတ်သေးသည်။

"ကိုယ်ဝန်သည်ဟာ သိပ်အပင်ပန်းလဲမခံရဘူး။ အအိပ်ပျက် အစားပျက်လဲ မခံရဘူး မမပုလဲရဲ့"

ထိုအခါများတွင် ဖူးစင်အောက်ကွပ်ပျစ်ပေါ်၌စိန်ကြည်၏ ကလေးငယ်ကိုဖက်ကာ တစ်ရေးတစ်မှေးတော့ ပုလဲ အိပ်ပျော်ရသည်။ အဲဒီအခါမှာတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မိသည်။ ရဲရဲဝံ့ဝံ့အိပ်ရသည်။ စိတ်ချလက်ချအိပ်ရသည်။ သူမနိုးသရွေ့တော့ အရီးဥရော စိန်ကြည်ကရော ဘယ်တော့မှမနှိုး။ အိပ်ပါစေ သမီးရယ် အိပ်ပါစေ အမေရယ် ဟူသော အသံများကိုသာ ရံဖန်ရံခါကြားရလေသည်။ ကျေးဇူးတရား ဆိုတာ ဒါပါကလားဟုပုလဲနားလည် ရလေသည်။ ကျေးဇူးဆိုသည်မှာ အဖြူမဟုတ်၊ အမည်းမဟုတ်၊ လုံးလုံးမဟုတ်၊ ပြားပြားမဟုတ်၊ ရုပ်ဝတ္ထုမဟုတ်၊ စိတ္တဇဝေဒနာမဟုတ်။ လူမှန်လျှင် နားလည်အပ်သော လူ့ကျင့်ဝတ်အမြတ်တရား။ စိန်ကြည်မှာပုလဲလို ပိုက်မထိုး ကွန်မထိုးရ။ ဖိုးလုံး မိုးမခပါသွားသော်လည်း ဖိုးလုံး၏ငါးသလောက်ပိုက်ကို ငါးထက်ဝက်စားနှင့် အခြားသူအား အချိုင်းထား သည်။ ထိုအခါ စိန်ကြည်မှာ နေ့တိုင်းဝင်ငွေရှိနေသည်။ စိန်ကြည်တို့ အိမ်ထောင်စုတွင် ဖိုးလုံးနှင့်စိန်ကြည့်ကလေးငယ်အလွတ် လူကြီးလေးယောက် ရှိသည်။ စိန်ကြည့်အဖေ အဖိုးကြီးဦးပေါ်လာက ငါးမျှားတန်းတိုင်ထောင် ဆင်းသည်။ စိန်ကြည့်အစ်ကို သာဒွန်းက ငါးသလောက်ပိုက်ဆင်းသည်။ စိန်ကြည့်ဘက်မှလည်း ဝင်ငွေရှိသည်။ ထို့ကြောင့်စိန်ကြည်တို့မိသားစုမှာ အတော်ကလေးအနေအစားချောင်ချိလေသည်။

အရီးဥတို့စိန်ကြည်တို့ မိသားစုနှင့်ပတ်သက်၍ တခြားတခြားသော အကြောင်းများထက် ထူးထူးခြားခြား ပုလဲအံ့ဩရသော၊ စိတ်သက်သာရာရသော အကြောင်းတစ်ချက် ရှိပြန်လေသည်။ ယင်းမှာ သူမ၏ကိုယ်ဝန်နှင့်ပတ်သက်၍ ဘယ်သူဘယ်ဝါနဲ့လဲဟု ယနေ့ထိ ယောင်လို့ မမေးမပြန်းကြခြင်းပင် ဖြစ်သည်။ တစ်ခုပဲရှိသည်။ အဖိုးကြီးဦးပေါ်လာကတော့ ယောက်ျားကြီးမို့လားမသိ။ အမေးအမြန်းလည်းမရှိ။ စကားဟဟလည်းမပြော။

(၂၄)

နောက်ထပ်သီတင်း ၃ ပတ်ကုန်လွန်လေသည်။

ကြီးကြီးကျယ်ကျယ် အကြောင်းထူးခြားမှုဟူ၍ကား ဘာတစ်ခုမှ ဖြစ်ပေါ် မလာသေး။ ရွာလယ်ပိုင်းသူများနှင့် ရွာမြောက်ဖျားသူးများမှာလည်း ပုလဲကိုယ်ဝန် အကြောင်းကိုပြောရဆိုရ၍ အတော်ကလေး မောသွားကြဟန်တူသည်။ နောက်ထပ်အကျယ်ချဲ့၍လည်းကောင်း၊ အထူးအဆန်းလုပ်၍လည်းကောင်း ဘာမျှမပြောနိုင်ကြတော့။ သူတို့သွေးအေးသယောင် ဖြစ်လာသည်။ သို့သော် တစ်ခုတော့ရှိသည်။ ပုလဲကိုယ်ဝန်ကိစ္စနှင့်ပတ်သက်၍ အတွင်းကျိတ်ခေါင်းချင်း ရိုက်နေသူများမှာ ကာလသားခေါင်းစံတုတ်၊ သာဖန် နှင့် ငြိမ်းရင် တို့သုံးယောက်ဖြစ်သည်။ သူတို့သုံးယောက်ကား သဲသဲမဲမဲ ဖွဲနပဲကြီးလှသည်။

ငြိမ်းရင်မှာ ဓာတ်ခိုင်ကလဲရှိ၊ နတ်တိုင်ကလဲမိနေသည်။ နဂိုကမှပုလဲအပေါ် ချိုးချင် နှိမ်ချင်ဖြစ်ရသည့်အထဲ ကာလသားခေါင်းစံတုတ်နှင့် သာဖန်၏ စေခိုင်းချက်က ရှိပြန်သဖြင့် ပုလဲ၏ အရိပ်အကဲကိုပို၍ နောက်ယောင်ခံသည်။ ပုလဲ ဘာလုပ်သလဲ၊ ဘယ်သွားသလဲ၊ ဘယ်သူနဲ့ စကားပြောသလဲ။ ဘုန်းကြီးကျောင်းကို တစ်နေ့ဘယ်နှစ်ခေါက်သွားသလဲ။ ဈေးဘယ်နှစ်ခါယိုသလဲ လောက်ကအစငြိမ်းရင်က လေ့လာသည်။ ချောင်းမြောင်းသည်။ အနံ့ခံသည်။ ဤကိစ္စများသည် ငြိမ်းရင်အဖို့မဟာ အဓိက တာဝန်ကြီးများဖြစ်နေလေသည်။

တကယ်တမ်းပြောရလျှင် ငြိမ်းရင်မှာ ကာလသားခေါင်းစံတုတ်နှင့် သာဖန်တို့ လူစုကိုလည်း အစကတည်းက ကြောက်ရသူဖြစ်သည်။ စံတုတ်တို့လူစုက ခြေစလက်စမသေး။ သူတို့ကာလသားတွေ မကျေနပ်ခဲ့သော် ရန်ပြုခံရပေမည်။ သူတို့က ပြတ်ပြတ်သားသားလုပ်ဝံ့သည်။ လုပ်လည်းလုပ်ကြသည်။ သူတို့ကို တစ်ရွာလုံးက ရာဇဝင်လူဆိုးများလောက်နီးနီး ကြောက်ကြရသည်။ ပြောင်ပြောင် လည်းလုပ်ခဲ့ဖူးပြီ။ ပုန်းရိုးကွယ်ရိုးလည်း လုပ်တတ်ကြသည်။ ရွာသူမိန်းမပျို များသည် တခြားတပါးရွာသားနှင့် ချစ်ကြိုက်ကြပြီဆိုလျှင် ပထမနှုတ်က သတိပေးသည်။ ဒုတိယ ရွာလယ်ခေါင်သစ်ပင်တွင်စာဆွဲသည်။ တတိယအချီ တွင်မူ ညဘက်များတွင် ပိုက်ထိုး ကွန်ထိုးနေခိုင်အိမ်အောက်မှနေလျက် လှံတိုနှင့် ထိုးတတ်ကြသည်။ ပြီးလျှင် ထိုထိုးသောလှံတိုကလည်း တန်းလန်းကြီး ထားပစ်ခဲ့တတ်သည်။ ယင်းလှံမျိုးကို အောက်လှံထိုးဟူ၍သူတို့ခေါ်ကြသည်။

တိတိကျကျဆိုရလျှင် စံတုတ်တို့ကာလသားအုပ်စုကို ငြိမ်းရင်သာကြောက်ရ သည်မဟုတ်၊ သူကြီးအိမ်မှလူငှားများကလည်း ကြောက်ကြလန့်ကြလေသည်။ ထို့ကြောင့် ပိုက်ချက်စခန်းတွင် စံတုတ်ကနှုတ်ပိတ်လိုက်သည့်အခါ မောင်ချိတ် ရော ငြိမ်းရင်ရောနှုတ်ဆိတ်ခဲ့ကြခြင်းဖြစ်သည်။ မောင်ချိတ်သည် ထိုကိစ္စ ထိုအကြောင်းနှင့်ပတ်သက်၍ သူ့စာရင်းဒိုင်ဖြစ်သော သူကြီးဦးမောင်ကြီးကိုပင် မပြော။ ဦးမောင်ကြီးထက် စံတုတ်ကိုပို၍ကြောက်ရသည်။ ထို့ကြောင့်လည်း စံတုတ်တို့သာဖန်တို့ ဘာတွေလုပ်နေသည်။ ဘာတွေစုံစမ်းနေကြသည်ဆိုသော သတင်းမှာ ရွာထဲတွင်တိမ်မြုပ်နေလေသည်။

ထိုရက်များတွင် ခန်းချောင်းအင်းထဲသို့ ရောက်နေသော မိဖျိုင်းသည် ရွာကိုတစ်ခေါက်ပြန်လာသည်။ သူ့ချည်းပဲဖြစ်သည်။ ခလေးနှစ်ယောက်တော့ ပါမလာ။ မိဖျိုင်းလာသည်မှ ပုလဲသတင်းကို ကြားရသောကြောင့်မဟုတ်။ သူတို့အိမ်ကလေးကို တစ်ခေါက်တစ်ကျင်း လာကြည့်ခြင်းနှင့် သူ့ယောကျ်ား သောင်းရင်ကို လာရောက်စုံစမ်းခြင်းဖြစ်သည်။

စကြော့တစ်ရွာလုံးကပင် မိုးမခပါသွားသူများသည် သုံးလပြည့်ခဲ့လျှင် တစ်ချို့တလေ ပြန်လာကြလိမ့်မည်ဟု ထင်သည်။ သက်ဆိုင်သူများကလည်း အမျှော်ကြီးမျှော်ကြသည်။ သားကို မျှော်သည်။ မောင်ကို မျှော်သည်။ လင်ယောကျ်ားကို မျှော်သည်။ မြို့ပိုင်မင်းပါးစပ်ကလည်း သုံးလတစ်ခေါက်ဟု ပြောသွားသည် မဟုတ်ပါလား။ သို့သော် သုံးလပြည့်သော်လည်း တစ်ယောက်မျှ ပြန်မလာ။ လေးလရှိသော်လည်း ဘယ်သူမှပြန်မရောက်။ ခုဆိုလျှင် ငါးလကျော်၍ ခြောက်လထဲ ရောက်နေပေပြီ။ သတင်းအစအနမျှမကြားရ။ အနီးအနားရွာများကို သတင်းထောက်ကြည့်ကြသည်။ သူတို့နည်းတူဖြစ်လေသည်။

စင်စစ်တော့သူတို့အားလုံးထင်နေသလို မိုးမခပါသွားသူများမှာ မိုးမခတွင် မရှိကြတော့။ ထိုသူများထဲမှသုံးပုံနှစ်ပုံလောက်မှာ မိုးမခတွင်နှစ်လလောက်သာ အလုပ်လုပ်ကြရသည်။ နောက်တော့ ပြင်စလူသို့ပို့လိုက်သည်။ ပြင်စလူသို့ အပို့ခံရသောအုပ်စုထဲတွင် စက္ကော့ရွာသားအားလုံးပါသွားသည်။ ပြင်စလူမှာဖျာပုံ ခရိုင်အတွင်းရှိ လပွတ္တာမြို့နယ်ထဲမှ ရွာငယ်တစ်ရွာဖြစ်သည်။ ပင်လယ်ကမ်းခြေ ရွာငယ် ဖြစ်သည်။

ပြင်စလူတွင်ဂျပန်များသည် လေယာဉ်ပျံကွင်းတစ်ခုဆောက်လုပ်သည်။ အကြီး အကျယ်တော့မဟုတ်။ ပင်လယ်ရေပြင်နှင့် ဆက်စပ်နေသော သောင်ပြင်ကြီး တစ်ခုကို လေယာဉ်ကွင်းပြုလုပ်ခြင်းဖြစ်သည်။ အပေါ့စားအသေးစား လေယာဉ်ငယ်များဆင်းသက်နိုင်ရန်ဖြစ်သည်။

အလုပ်သမားများမှာ အလေးအပင်များကို မချီမပိုးရသော်လည်း ကျောဖျန်းဖျန်း ကွဲမတတ် နေပူလှမ်းခံကြရသည်။ ဒီရေအတက်အကျတွင်တင်ကျန်ရစ်သော ဒိုက်သရောများ၊ ဗေဒါများနှင့် လမုကိုင်းများ၊ ကနစိုကိုင်းများကို တစ်နေကုန် တစ်နေခန်း ကောက်ပစ်ရသည်။ ဆားငန်ရေပတ်ဝန်းကျင်တွင် နေကပူပူ၊ လေကတဟူးဟူးနှင့် ကြာတော့ ငါးကျည်းခြောက်တွေဖြစ်လာသည်။ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရ။ လွမ်းဖျားလွမ်းနာကျကာ တပိန်ပိန် တချုံးချုံး။ သည်ကြားထဲ ဂျပန်ကနိပ်စက်ညှဥ်းဆဲသည်မှာလည်း ပြောမဆုံးအောင် ဖြစ်လေသည်။

မဖျိုင်းရွာရောက်လျှင် ဦးစွာပထမ သူ့ယောက်ျားသတင်းကို စုံစမ်းသည်။ သောင်းရင်နှင့် ပတ်သက်သော သတင်းကိုမူ ဘာမျှမကြားရ။ သူသိရကြားရ သည်မှာ ပုလဲတွင်ကိုယ်ဝန်ရှိနေသည်ဆိုသော သတင်းပင် ဖြစ်လေသည်။ မိဖျိုင်းသည် ပုလဲကိုလာတွေ့သည်။ အပြစ်ပြောရန် ကဲ့ရဲ့ရန်မဟုတ်။ မိန်းမချင်းမို့ ကိုယ်ချင်းစာ၍ အားပေးရန်ဖြစ်သည်။

မိဖျိုင်းကိုတွေ့သည့်အခါ ပုလဲဝမ်းသာအားတတ်ဖြစ်ရသည်။ ကွဲကွာနေသော အစ်မတစ်ယောက်နှင့် တွေ့ရသလိုရှိသည်။ မျက်ရည်ဖြိုင်ဖြိုင်စီးကျသည်။ မိဖျိုင်းကိုဖက်၍ ပုလဲငိုသည်။

"ကျမဒုက္ခကို မကယ်နိုင်တော့ဘူးလား အစ်မရယ်" ဟုတုန်တုန်ယင်ယင် ပြောလေသည်။

မဖျိုင်းရင်ထဲတွင် နင့်ကနဲဖြစ်ရသည်။ သူကိုယ်တိုင်ပင် ငိုချင်လာသည်။ မျက်ရည်မကျမိအောင် သူ့စိတ်ကိုချုပ်တီးရသည်။ သူကအားပေးရမည့်သူ ဖြစ်သည်။ အားပေးရမည့်သူက ငိုနေလို့မဖြစ်။ ပုလဲနှင့်ပတ်သက်သော သတင်းများကိုကား မိဖျိုင်းကြားသင့်သလောက်ကြားခဲ့ပြီးဖြစ်သည်။ ပြီးသော် ပုလဲအပေါ်တွင် ငြိမ်းရင်စိတ်ကောင်းမရှိကြောင်းကိုလည်း မိဖျိုင်းသိသည်။ စိန်ကြည်တို့ အရီးဥတို့က ပုလဲအပေါ်စောင့်ရှောက်သင့် သလောက်စောင့်ရှောက် နေကြကြောင်းကိုလည်း ရွာလယ်ပိုင်းမှ မိဖျိုင်းသိခဲ့ရပြီး ဖြစ်သည်။

ပုလဲငိုသည့်အခါ အနီးတွင် ရှိနေသော စိန်ကြည်ပါ ရောနှောငိုသည်။ အငိုဇာတ်ခင်းရန်အတွက် စိန်ကြည်ကို ဘယ်တော့မှ အဖော်ညှိစရာမလို။ ပုလဲငိုလျှင်စိန်ကြည်လိုက်ငိုသည်မှာ ထုံးစံတစ်ခုဖြစ်နေသည်။ အနီးတွင်အတူ ရှိနေသော အရီးဥကိုယ်တိုင်မှာလည်း မျက်စိ မျက်နှာပျက်နေသည်။ မျက်လုံး မျက်ဖန်စိုစွတ်လာသည်။ သူတို့၏နှလုံးသားသည် မီးတင်ခံနိုင်ရည်မရှိ။ ပျော့ပျောင်းကြသည်။ သိမ်မွေ့ကြသည်။

"ဒီအခြေအနေရောက်မှတော့ ငိုမနေပါနဲ့ ပုလဲရယ်။ ညည်းဗိုက်ထဲကခလေးကို မွေးရမှာက ညည်းတာဝန်ပဲ။ ဒါဟာညည်းရင်သွေးပဲ။ ညည်းရင်သွေးကို ညည်းမွေးရမယ်၊ ညည်းချစ်ရမယ်။ ဒို့များလဲဒီလိုပဲမွေးခဲ့ရတာပဲ။ ခလေးအဖေဟာ ဘယ်သူဘယ်ဝါပါဆိုတာက ညည်းပြောချင်မှဖြစ်တာပါ။ ညည်းမပြောချင်ရင် ဘယ်သူကမှ ရိုက်မစစ်နိုင်ပါဘူး။ အတင်းအဖျင်းပြောတာကိုလဲ ဂရုစိုက်နေစရာ မလိုပါဘူးဟယ်။ သူတို့ပါးစပ်တွေဟာ အားလို့ ယားလို့ပြောနေတာ။ မောတော့ ရပ်သွားလိမ့်မယ်။ "

မိဖျိုင်းက ခပ်ရှင်း ခပ်ပြတ်ပြတ်ပြောသည်။ သူမအကျင့်က သည်အတိုင်း ဖြစ်သည်။ အသားမဲသလောက် သတ္တိခဲဖြစ်သည်။ မိဖျိုင်းအတွက် ကောင်းသော အကျင့်တစ်ခုရှိသည်။ မညာတတ်၊ မလိုင်းတတ်၊ ပရိယာယ်ဝေ့ဝစ် မပြောတတ်။ သူကအနစ်နာခံ၍ အားနွဲ့သူ အားငယ်သူဘက်မှ ဝင်ရောက် ကူညီပေးတတ်သည်။ ဤသို့အကျင့်မျိုးကြောင့်ပင် သောင်းရင်နှင့်သူမ တကျက်ကျက် ဖြစ်တတ်သည်။

"ညည်းမွေးချိန် ဖွားချိန်ကျတော့လဲ ငါလာခဲ့ပါ့မယ်။ ဘာမှမပူနဲ့။ အရီးဥတို့ စိန်ကြည်တို့လဲ အရှိသားပဲဥစ္စာ။ ခု ငါလာရတာက ကမန်းကတန်း ကတိုက်ကရိုက်နဲ့ပါဟယ်။ ဟိုတစ်ယောက်သတင်းပလင်းလေးများ ကြားရမလား လို့ အပြေးအလွှားလာခဲ့ရတာ။ ရွာလယ်ပိုင်းလဲ ဝင်မိပါရော ညည်းသတင်း ကြားရတာပဲ။ "

မိဖျိုင်းပြန်မည်ဆိုသည့်အခါ ပုလဲ စိတ်အားငယ်ရပြန်သည်။ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်။ မိဖျိုင်းကိုယ်တိုင်မှာလည်း ကလေးနှစ်ယောက်ကို ခန်းချောင်းမှ အစ်မအိမ်တွင် ထားခဲ့ရခြင်းဖြစ်သည်။ အင်းလုပ်ငန်းရာသီ ဖြစ် သောကြောင့် အလုပ်တွေက လက်မလည်အောင်များသည်။ မိဖျိုင်းကိုယ်တိုင် ပင် သူယောက်ျား သတင်းကလေးများကို ကြားရလိုကြားရငြား သဘောဖြင့် ကလေးပစ် အလုပ်ပစ်၍ သေပြေးရှင်ပြေး လာခဲ့ရခြင်းဖြစ်သည်။

ခန်းချောင်းသို့ပြန်ခါနီးဆဲဆဲတွင် မိဖျိုင်းသည် ပုလဲနှင့် ခေါင်းချင်းရိုက်သည်။ နှစ်ယောက်ချင်း မေးကြမြန်းကြသည်။ ပုလဲကိုယ်ဝန်ဘယ်နှစ်လရှိပြီလဲ ဆိုခြင်းကိုသာ မေးမြန်းသည်။ ပုလဲမပြောလိုသော အကြောင်းကိုတော့ မိဖျိုင်းကလည်း မမေးရက် မမြန်းရက်။ ပြီးသော် မိဖျိုင်းက အင်းထဲလိုက်ခဲ့မလား ခေါ်သည်။ ဒါကိုတော့ ပုလဲငြင်းဆန်သည်။ ပိုတုန်းကပင် အခိုင်အမာ ဆုံးဖြတ်ထားခဲ့ပြီ မဟုတ်လား။ သူ့ရွာကလေးစက္ကော့မှလွဲ၍ ဘယ်ကိုမှမသွား။ ရွာတကာလည်ပြီး အကျိုးယုတ် အကဲ့ရဲ့မခံ။

မိဖျိုင်းပြန်သွားပြီးနောက် သုံးရက်အကြာတွင် လှကွန့်တစ်ယောက်ရွာသို့ ရောက်လာသည်။ သူ့အဖိုးနှင့် တွေ့ချင်၍ဖြစ်သည်။ ဖိုးအေရင့်မာကြီးမို့ တစ်ခါတစ်ခါတော့လှကွန့်သတိရသည်။ ပြီးလျှင် သူ့ရွာကလေးရှိ သူ့အပေါင်း အသင်းများနှင့် ပတ်သက်၍လည်း အကြောင်းရှိသောကြောင့် ဖြစ်သည်။ လှကွန့်လာသည်မှာ ညနေဘက် တွင်ဖြစ်သည်။ ပုလဲကိုယ်ဝန်ကိစ္စကိုလည်း ရွာရောက်မှလှကွန့်သိရသည်။ လောလောဆယ်ဆယ်တော့ ဘာရယ်ညာရယ် ဟုလှကွန့်မတွေးနိုင်သေး။ သတင်းပေးသူကိုလည်း ဘာရယ်ညာရယ်မမေးနိုင် မမြန်းနိုင်သေး။ " ဟင် ဟုတ်လား ဒုက္ခပါပဲ " ဟုသာ ဆိုနိုင်သည်။ သူ့ဖိုးအေ ဘကြီးထွန်းရှိရာ ပိုက်ချက်စခန်းသို့ထွက်ခဲ့သည်။ ပိုက်ချက်စခန်းရောက်လျှင် စံတုတ်တို့လူစုနှင့် တွေ့ရသည်။ ထိုအခါပုလဲကိုယ်ဝန်နှင့်ပက်သက်သော အကြောင်းမှန်သမျှကို လုံးစေ့ပါတ်စေ့သိရမည်ဟု လှကွန့်တွက်ပြီးသားဖြစ်သည်။

"အေး မင်းလာတာအတော်ပဲ။ ဒို့အားလုံးက မင်းကိုသိပ်တွေ့ချင်နေတာ။ မင်းလာလို့ပဲ မင်းသာမရောက်လာရင် မနက်ဖန် သဘက်ခါလောက်တော့ ငါနဲ့သာဖန် ညောင်တုန်းဘက်ကူးလာမလို့ကွ "

ပိုက်ချက်စခန်းသို့ လှကွန့်ရောက်လျှင်ပင် စံတုတ်က ဆီး၍ပြောသည်။ သာဖန်၊ ကုလား၊ သာဒွန်း၊ လှအေး စသူများလည်း လှကွန့်ဘေးတစ်ဝိုက်တွင် ဝိုင်းနေကြသည်။ လူစုံတတ်စုံတော့မရှိ။ တစ်ချို့က ပိုက်လှည့်ဆင်းသွားကြသည်။ တစ်ချို့ကရွာသို့ ငါးပို့ပြန်နေကြသည်။

"ငါသိပါတယ်ကွာ။ မင်းတို့ ငါ့ကိုမျှော်နေကြမယ်လေ။ မင်းတို့မှာပြဿနာပေါ်နေပြီ မို့လားကွ။ ပြဿနာမှ သေးသေးမှုတ်ဖူး။ ရောမ ပြဿနာကြီး။ ဟုတ်တယ် မို့လားဗျ ကိုစံတုတ်။ "

လှကွန့်က အခြားသူများကိုပြောပြီးမှ စံတုတ်နှင့်သာဖန်တို့ ဘက်လှည့် ပြောသည်။ စံတုတ်နှင့်သာဖန်မှာ လှကွန့်ထက်အသက် အရွယ်ကြီး သူနှစ်ယောက်ဖြစ်သည်။

" မင်း ရွာထဲရောက်ခဲ့ပြီပေါ့။ " စံတုတ်ကမေးသည်။

"ရောက်ခဲ့တာပေါ့ဗျာ။ ရောက်ခဲ့လို့လဲသိခဲ့ရတာပေါ့။ ပုလဲကိစ္စမဟုတ်လား။ ဒါပေမယ့်နဲနဲပါးပါးသိခဲ့ရတာပါ။"

"အေးပေါ့ကွ။ ဒင်းကိစ္စပေါ့။ အဲဒီကိစ္စ ဒို့မှာအတော်အရေးကြီးနေတယ်။ တစ်ရွာလုံးနဲ့ဆိုင်တဲ့ကိစ္စကွ။ မင်းကိုယ်တိုင်လဲ ဒီရွာသားတစ်ယောက်ပဲ။ အဲတော့"

"အဲတော့ မနေပါနဲ့ဗျာ ကိုစံတုတ်။ သူ့ကိစ္စကလဲ သူ့ကိစ္စပေါ့။ ခင်ဗျားတို့ အားလုံးကိုလဲ ကျုပ်ပြောချင်တဲ့စကားတွေ၊ သတိပေးချင်တဲ့မြို့ပေါ်က အခြေအနေတွေ အများကြီးရှိတယ်။ တစ်ခုတော့ ကြိုပြီးတော့ ကျုပ်ပြောချင်တယ်။ ဗျာ ကိုစံတုတ်။ အဲဒါကဘာလဲဆိုရင် ခုလိုအချိန်မျိုးမှာ ဘာကိစ္စပဲဖြစ်ဖြစ် ရှုးရှုးဒိုင်းဒိုင်း မလုပ်စေချင်ဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်အခြေအနေဟာ တစ်မျိုးဖြစ်နေတယ်။ ခပ်ရှင်းရှင်းကတော့ တယ်ပြီးမကောင်းဘူး ဆိုပါတော့ဗျာ။ "

စံတုတ်စကားမဆုံးမီ လှကွန့်ကဖြတ်ပြောသည်။ ဤသို့ပြောရခြင်းမှာလည်း အကြောင်းရှိ၍ဖြစ်သည်။ လှကွန့်က စံတုတ်တို့ သာဖန်တို့စိတ်ထားကိုသိသည်။ ထိုသူနှစ်ယောက်သည် ပြဿနာ သေးသေးကို ကြီးအောင်ချဲ့တတ်ကြသည်။ ဒေသစွဲ၊ ရပ်ရွာစွဲ ပြင်းထန်လွန်းသည်ဟု လှကွန့်ယူဆသည်။ ပြီးလျှင် ရွာသို့သူပြန်လာခဲ့သည်မှာ ဖိုးအေနှင့်တွေ့ရန် ကိစ္စတစ်ခုတည်းသက်သက် မဟုတ်၊ မြို့ပေါ်တွင်ဖြစ်ပျက်နေသော အခြေအနေအရပ်ရပ်ကိုလည်း သူ့ရွာသားများအားကြိုတင်၍ အသိပေးပြောကြားချင်သောကြောင့် ဖြစ်သည်။ တကယ်ဆိုတော့ အခြားသောအချိန်ကာလများ၌ဖြစ်ပါမူ ပုလဲ၏ကိုယ်ဝန်ကိစ္စကို လှကွန့်စိတ်ဝင်စားမည် ဖြစ်သော်လည်း ယခုလိုအချိန်မျိုး၌ကား လှကွန့် စိတ်ဝင်စားမှု မရှိလှ။ စင်စစ်သူနှင့်ပါလာသော မြို့၏သတင်းများကသာ ပုလဲကိစ္စထက်အရေးကြီးသည်၊ အားလုံးအတွက် အကျိုးရှိနိုင်မည်ဟု လှကွန့်တွက်ဆသည်။

" မင်းက ဒီကိစ္စကို ပေါ့ပေါ့ထင်လို့လားကွ"

သာဖန်က စိတ်ဆိုးသလို ကျွတ်ဆတ်ဆတ်မေးသည်။

သာဖန်ကို လှကွန့် မော့ကြည့်လိုက်သည်။

" တစ်ရွာလုံးရှက်ရရင် ကျုပ်တစ်ယောက်ထဲတော့ ကွက်မကျန်ခဲ့ပါဘူးဗျာ "

ဘေးလူများက ငြိမ်ပြီး နားထောင်နေကြသည်။

"ဒါဖြင့်ဒီလိုလုပ်ကွာ။ မင်းဒီညမပြန်နဲ့။ ဒို့နဲ့ဒီညဒီမှာအိပ်ဟုတ်လား။ မင်းကို ထမင်းကောင်းကောင်း ချက်ကျွေးမယ်ကွာ။ နို့ပြီး မင်းပြောချင်တဲ့စကားတွေလဲ ပြော။ ဒို့ပြောချင်တဲ့ကိစ္စတွေလဲ ပြောမယ်။ ကြက်သားဟင်းချက်ကျွေးမယ်ကွာ။ ဘယ့်နှယ့်လဲ။ "

စံတုတ်ကပြောသည်။ လှကွန့်နှင့်သာဖန် စကားအငြင်းပွားလား၊ ရန်များလားဖြစ်မည်ကိုလည်း စံတုတ်မလိုလား။ အရင်ကလိုမဟုတ်။ ကာလသား အင်အားနည်းပါနေသောကြောင့်လည်း စံတုတ်က အထူးပင်သတိထားသည်။ ဤသို့အတွေးအဆမျိုးတွင်မူ စံတုတ်က ကာလသားခေါင်းဆောင်ပီပီ သာမန်ထက် လူရေးသာသည်။

" အိပ်မယ် မို့လား"

စံတုတ်က တွေးနေသောလှကွန့်ကို ထပ်မေးသည်။

"ဖြစ်ပါတယ်ဗျာ။ ကျုပ်ကလဲ တစ်ညတော့ စကားပြောချင်သေးတယ်။ ညလုံးပေါက်နီးနီး ပြောမှလဲ အကြောင်းကုန်သလောက်ရှိမှာဗျ။ နောက်ပြီး ခင်ဗျားတို့ပြောမှ ဆိုမှာတွေ ကလဲရှိဦးမယ်။"

"ကဲ ဒါဆိုဒီလိုလုပ်ပေါ့ လှအေးနဲ့သာဒွန်း မင်းတို့နှစ်ယောက်က ငါ့လှေ့ထဲမှာ ငါးသလောက်နှစ်ကောင်သုံးကောင်ယူကွာ။ ကျီးကန်းသိုက်မှာ ကြက်နဲ့သွားလဲကြ ဟုတ်လား။ ဆန်တို့ ဆီတို့က တဲထဲမှာရှိတယ်ကွာ။ စားရင်းသောက်ရင်း အေးအေးဆေးဆေး ပြောကြဆိုကြမယ်။ "

သို့နှင့် ထိုညက ပိုက်ချက်စခန်းတွင် လှကွန့်အိပ်သည်။ အိပ်သည်ဆိုသော်လည်း မိုးလင်းခါနီးမှ တစ်မှေးလောက်သာမှေးရသည်။ ညဦး ရနာရီလောက်မှစကာ သူတို့တစ်တွေစကားဝိုင်းဖွဲ့ကြသည်။ ထင်းအချိန်တွင် လူကြီးများနှင့် အိမ်ထောင်ရှိသူလူများရွာထဲပြန်ကုန်ကြပြီ။ စံတုတ်တို့ကာသလား အုပ်စုနှင့် လှကွန့်မှာ ပိုက်ချက်စခန်းတွင်ကျန်ခဲ့ခြင်းဖြစ်သည်။

"ကဲ ထမင်းစားတာက သန်းခေါင်လောက်မှစားကြတာပေါ့ဗျာ။ ညနေကလဲ တစ်ထပ်စားထားကြသားပဲ။ နို့မို့ရင် ဗိုက်တင်းပြီး အိပ်ငိုက်နေကြမယ်။ ကျုပ်တို့တစ်တွေ စကားပြောကြရအောင်။ ပြောဆို ကျုပ်ကအရင်စပြောမယ်ဗျာ ကိုစံတုတ်။ "

လှကွန့်ကစကားစလိုက်သည်။

လဆန်းဖြရက်၏လရောင်က မှုန်ပျပျရှိနေသည်။ ပတ်ဝန်းကျင်က ငြိမ်ဆိတ်သည်။ ဟိုဟိုဒီဒီ လှမ်းကြည့်လျှင် မှုန်ရီသောလရောင် အောက်၌ စိမ်းပြာရောင် လွှမ်းခြုံသောအမြင်သာရှိသည်။ ဘာတစ်ခုမှ ပြတ်ပြတ်ထင်ထင်မရှိ။ မြစ်ကြီးရေမှာလည်း မှုန်ရီဝိုးဝါး။

"ပြောပေါ့ကွာ။ မင်းပဲစပြောပေါ့ ခုကိစ္စက နောက်ပိုင်းမှ အေးအေးပြောမယ်။ လှအေးနဲ့ ကုလား လာကြပေ့။ မင်းတို့ဟင်းအိုးကို ရေထည့်ပြီး ထားခဲ့ပါကွာ။ ရပါတယ် "

စံတုတ်က ခပ်လှမ်းလှမ်းမီးဖိုအနီးတွင်ရှိနေသော လှအေးနှင့် ကုလားကို လှမ်းခေါ်သည်။ ကြက်သားဟင်းအိုးမှ မဆလာနံ့သည် သူတို့နှာခေါင်းဝကို လာကလိနေသည်။

သူတို့တစ်သိုက်သည် တဲတစ်လုံးရှေ့ရှိမြေကွက်လပ်တွင် ဝိုင်းဖွဲ့ထိုင်နေခြင်း ဖြစ်သည်။ အောက်က ကောက်ရိုးများခင်းထားသည်။ ကုလားနှင့် လှအေးသည် လူစုရှိရာ ထလာသည်။

လူစုဝိုင်းမိသည့်အခါ လှကွန့်ကသူပြောချင်သည့်စကားကိုစသည်။ တည်တည် ငြိမ်ငြိမ်ဖြစ်သည်။

သူ့စကားမှာ ဂျပန်တွေအကြောင်းနှင့် မြို့ပေါ်အကြောင်းမှ စသည်။ မြို့ပေါ်အကြောင်းဟုဆိုရသော်လည်း စင်စစ်တော့ မြို့ပေါ်အကြောင်း ကွက်ကွက်ကလေးမဟုတ်၊ မြို့နှင့်ဆက်စပ်နေသော တောရွာများမှ တောသူတောသားများအကြောင်းလည်း ပါဝင်သည်။ ပါဝင်သမှအများဆုံး ဖြစ်သည်။ တစ်ခုပဲရှိသည် သူ့စကားထဲတွင် ပါဝင်သောကျေးရွာများမှာ ညောင်တုန်းအရှေ့ဘက်နှင့်တောင်ဘက်ရှိ တောရွာများ ဖြစ်သည်။ သူတို့ စက္ကော့ရွာ၊ ကျီးကန်းသိုက်ရွာ၊ ထော်ကလွတ်ရွာများလို ရေခြားမြေခြားမဟုတ်။ တဆက်တည်းဖြစ်သည်။ ခရီးအတန်ငယ် ဝေးသည်။ အရှေ့ဘက်ကွင်း၊ တောက်ဘက်ကွင်း ဟုအုပ်စုခွဲကာ ခေါ်စမှတ်ပြုကြသည်။

လှကွန့်ပြောသောအကြောင်းများသည် မြို့ပေါ်တွင် သူကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့ရသည့် အကြောင်းများပါသလို သူ့ဆရာသခင်ချမ်းငြိမ်းထံမှ တဆင့်ကြားရ သိရသောဖြစ်ကြောင်း ဖြစ်ရပ်များလည်း ပါဝင်သည်။ မည်သို့ပင်ဖြစ်စေ လှကွန့်ပြောသောသတင်းစကားများသည် စံတုတ်တို့လူစုအဖို့ တအံ့တသြ ဖြစ်ရသည်။ မယုံနိုင်လောက်အောင်ဖြစ်ရသည်။ မခံမရပ်နိုင်လောက်အောင် ရှိရသည်။ လှကွန့်ကပြောပြမှလည်း ဒီလိုပါကလားဟု သူတို့တစ်တွေ သိကြရလေသည်။

ဂျပန်ဖက်ဆစ်များ၏ဆိုးရွား ယုတ်ပတ်မှုများပင်ဖြစ်သည်။ အရှေ့ဘက်ကွင်းနှင့် တောင်ဘက်ကွင်းများမှ အမျိုးသမီးများ မုဒိန်းကျင့်ခံရကြောင်း၊ ရွာသားများ ကိုလည်း ဂျပန်စစ်သားများနှင့် ဂျပန်ကင်ပေတိုင်ခေါ် စစ်ပုလိပ်များက ရိုက်နက်ညှဉ်းဆဲကြောင်း၊ တောသူတောင်သားများအား တောရွာများမှ ဖမ်းဆီး ခေါ်ဆောင်လာပြီးနောက် မြို့ပေါ်သို့ရောက်သည့်အခါ ဂျပန်စစ်ရုံးများ၊ စစ်တန်းလျားများ၊ ဂျပန်တို့သိမ်းပိုက်ယူငင်ထားသော အဆောက်အဦးများတွင် အိမ်သာကျင်းများတူးစေခိုင်းခြင်း၊ အညစ်အကြေးများကို သိမ်းဆည်းခိုင်းခြင်း၊ ထင်းခွဲခိုင်း ရေခပ်ခိုင်းခြင်း၊ ရေမြောင်းများတူးခိုင်းခြင်း စသည်များကို ပြုလုပ်စေကြောင်း။

မြို့ပေါ်ရှိ မြို့သူမြို့သားများလည်း မသက်သာကြောင်း၊ ဈေးသည်များ၏ ပစ္စည်းများကို ယူချင်သလောက်ယူပြီး ပိုက်ဆံကို ပေးချင်သလောက်သာ ပေးကြောင်း။ တစ်စုံတစ်ရာမကျေနပ်၍ ပြောကြားလျှင် ဂျပန်စစ်သားက ပါးနားကို ဘယ်ပြန်ညာပြန်ရိုက်နက်ကြောင်း၊ ရဟန်းသံဃာတော်များကိုလည်း လူပုံအလယ် တွင် ပါးရိုက်လိုရိုက်၊ ဒဏ်ပေးလိုပေးပြုလုပ်ကြောင်း။ တောရွာများမှ အမျိုးသမီးများအစော်ကားခံရသည့်ကိစ္စနှင့် ပတ်သက်၍ တို့ဗမာစည်းအရုံးကို လာရောက်တိုင်ကြားသည်မှာလည်း နေ့တိုင်းလိုပင်ရှိနေကြောင်း။ သခင်ချမ်းငြိမ်း ရှိရာသို့ အိမ်တိုင်ယာရောက် လာရောက်တိုင်ကြားခြင်းများလည်းရှိကြောင်း။

ယင်းကိစ္စများကို သခင်ချမ်းငြိမ်းက ဂျပန်စစ်ဗိုလ်မစ္စတာဟာတာအား သွားရောက်ပြောကြားသည့်အခါ အရေးမယူပဲရှိရုံသာမက သခင်ချမ်းငြိမ်းကိုပင် ကြိမ်းမောင်းခြင်းပြုကာ စစ်ရုံးအတွင်းမှ မောင်းနှင်လွှတ်ကြောင်း။ လာရောက် တိုင်ကြားသော တောရွာသားများအား ဂျပန်ကင်ပေတိုင် စစ်ပုလိပ်ရုံးရှေ့၌ ကြိုးတုပ်ချည်နှောင်ကာ နေပူလှန်း ဒဏ်ပေးခြင်းခံကြရကြောင်း။

"အရှေ့ဘက်ကွင်းရွာတွေနဲ့ တောင်ဘက်ကွင်းရွာတွေက် အခြေအနေဟာ အဲဒါလောက်တောင် ဆိုးဆိုးရွားရွားဖြစ်နေတယ်။ မြို့ပေါ်ကလူတွေအနေနဲ့လဲ အတော်ကလေးခံနေရတယ်ဗျ ကိုစံတုတ်။ "

လှကွန့်အတော်အာခြောက်သွားသည်။ သူ့စကားကို ခဏရပ်လိုက်သည်။

"မင်းပြောသလိုဆိုရင် ခုနောက်ပိုင်းမှာ ဒို့များရွာကမှ တော်သေးသလို ရှိပါကလားကွ ဟင် "

ငိုင်နေသော ကာလသားအုပ်ထဲမှ သာဒွန်းကပြောသည်။

"တော်မလားကွ။ ဟေ့ကောင်ရ။ ဒို့ရွာက ဗွေဆော်ဦး လှကြီး သေရတယ် ကွယ်။ရွာလယ်က ဒေါ်ရွှေမသမီး အေးညိုကို ဂျပန်စစ်သားနှစ်ကောင် လိုက်ဆွဲ တာအပြေးမြန်ပေလို့ပေ့ါ။ အပြေးသာမမြန်ရင် လူလယ်ခေါင်မှာ သောက်ရက် အကွဲကြီးကွဲမှာ။ နောက်ပြီး မိုးမခအတွက် လူငါးဆယ် ပေးလိုက်ရတယ် မဟုတ်လား။ အဲဒီလူငါးဆယ်ဟာ သေတယ်ရှင်တယ် ခုထိ မသိရဘူး။ "

လှအေးက ပြောသည်။

"အေး တစ်ခုတော့ရှိတယ်ကွာ။ ခုနောက်ပိုင်းမှာတော့ သာဒွန်းပြောသလိုပဲ ဒို့ရွာကလေးဟာ သက်သာသင့်သလောက်တော့ သက်သာနေတယ်။ ဒါလဲ အကြောင်းရှိတယ်။ သူကြီးနဲ့ဆယ်အိမ်ခေါင်းကို မင်းတို့ကျေးဇူးတင် ထိုက်တယ်။ သူတို့နှစ်ယောက်က ဂျပန်စစ်ရုံးမှာလိုလို ချည်းပဲမှတ်လား။ နောက်ပြီး ဂျပန်တွေနောက်ကို တစ်ကောက်ကောက်လိုက်နေရတယ် မဟုတ်လား။ ဒီတော့ပေ့ါကွာ ဘာပဲပြောပြော ကိုယ့်ရွာဒဏ်မသင့်အောင်တော့ ကာကွယ် နိုင်သလောက် ကာကွယ်မှာပဲ။ ကာလဲကာကွယ်ပါတယ်ကွာ။ သခင်ချမ်းငြိမ်းက ကျုပ်ကိုပြောဖူးတယ်ဗျ ကိုစံတုတ်။ သခင်လှကွန့်ကလေးရေ မင်းတို့ စက္ကော့ရွာကလေးခံသာနေသေးတာ ဦးမောင်ကြီးနဲ့ဦးဗလ ကောင်းလို့ကွ တဲ့ "

"မင်းပြောသလိုဆိုရင် ဂျပန်တွေခုလိုလုပ်နေတာကို သခင်ချမ်းငြိမ်းတို့လဲ ဘယ်လိုမှ မတတ်နိုင်သေးဘူးဆိုပါတော့။ ဟုတ်လား။ "

စံတုတ်ကမေးသည်။

" ဆိုပါတော့ဗျာ။ ခု အခိုက်အတန့်မှာတော့ ဒီအတိုင်းဖြစ်နေသေးတာပဲ။ "

ထိုစကားကိုတော့ လှကွန့်ကစိတ်ထဲရှိသလောက် သိသလောက်မပြော။ ထိန်ထိန်ဝှက်ဝှက်ပြောသည်။ မူလ ရွာသို့သူလာခဲ့စဉ်အခါကပင် သိုသိပ်သင့်သော အကြောင်းများကို မည်သူ့ကိုမျှ ဖွင့်မပြောဟု စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။ မှန်သည်။ သူ့အဖိုကိုပင် အလွန်အကျွံ လှကွန့်မပြော။

ယခုနောက်ပိုင်းအချိန်များတွင် သခင်ချမ်းငြိမ်းနှင့်ကိုမင်းဒင်ဆိုသူတို့ ပို၍ အဆက်အဆံများလာကြသည်။ အဆက်အဆံများသည်ဆိုရသော်လည်း ကိုမင်းဒင်မှာ အရင်အခါများကထက်ပို၍ သိပ်သည်း ကျစ်လစ်လာသည်။ ပို၍လျင်မြန်သွက်လက်လာသည်။ အကဲခပ်မှုတွေ သတိထားမှုတွေ ပို၍လေးနက်လာကြောင်း လှကွန့်သတိပြုမိသည်။

ထိုသူသည် သခင်ချမ်းငြိမ်းအိမ်ပေါ်တွင် ယခင်ကလောက် အချိန်ကြာအောင် မနေ။ တိုတိုနှင့် ကိစ္စဖြတ်သည်။ ခပ်သွက်သွက်ဆင်းသွားတတ်သည်။ မူကတော့ အရင်မူအတိုင်း။ သခင်ချမ်းငြိမ်းမှလွဲ၍ ဘယ်သူနှင့်မှ အတွေ့မခံ။

တစ်ခါသော် ...

"ဒီကောင်လေးက ကျုပ်ကောင်လေးပါ။ စိတ်ချရပါတယ်။ သူ့နံမည်က သခင်လှကွန့်။ "

မိတ်ဆက်ပေးခြင်းလည်းမမည်။ အနီးကပ်၍ ရင်ဆိုင်ပြောခြင်းလည်းမဟုတ်။ သခင်ချမ်းငြိမ်းနှင့် ကိုမင်းဒင်တို့ အိမ်အပေါ်ထပ်လှေကားမှ ဆင်းအလာတွင် သခင်ချမ်းငြိမ်းက ထိုသူကိုပြောခြင်းဖြစ်သည်။ အသံကမကျယ်ပြန့်။ ခပ်အုပ်အုပ်ပြောခြင်းဖြစ်သည်။

လှေကားမှဆင်းသက်လာသော ကိုမင်းဒင်က လှကွန့်ရှိရာတစ်ချက် လှမ်းကြည့် သည်။ ပြုံးသည်ဆိုရုံပြုံးပြသည်။ လှကွန့်၏တုန့်ပြန်သောအပြုံးကိုမှ သူက အရေးလုပ်ကြည့်မနေ။ အိမ်ပေါ်မှ အပြေးအလွှားဆင်းသက်သွားလေသည်။

နောက်နစ်ရက်လောက်အကြာတွင် သခင်ချမ်းငြိမ်းက စကားတစ်ခွန်း ပြောလေသည်။

"သခင်လှကွန့်ကလေးရေ နှုတ်လုံလုံထားပော့။ ဒီဂျပုတွေနဲ့ ဒို့နဲ့တော့ တစ်နေ့မှာစာရင်းရှင်းကြရမှာပဲ။ မင်းအတွက်နိုင်ငံရေးသင်တန်းတစ်ခု တတ်ရဖို့ ငါစီစဉ်ထားတယ်။ ခုနေတော့ငါ့အနားမှာနေပါဦးကွာ။"

ထို့နောက်တော့ သခင်ချမ်းငြိမ်းသည် နေအိမ်မှနစ်ရက်စ သုံးရက်စ ပျောက်ပျောက်သွားတတ်သည်။

"ဘယ်သူကမေးမေး မင်းဆရာဝေဒနာတိုးလာလို့ တလိုင်းတပ်မှာ ဆေးသွား စားတယ်ပြောနော်။ အဲဒီအတိုင်းမှာသွားတယ် "

သခင်မကြီးမတင်တင်က လှကွန့်ကိုပြောသည်။ လှကွန့်ကိုယ်တိုင်ကလည်း မေးသူရှိလာလျှင် ဤအတိုင်းပြောရသည်။ နောက်တော့မှသခင်ချမ်းငြိမ်းသည် ရောဂါဝေဒနာကြောင့် တလိုင်းတပ်ရွာသို့ သွားခြင်းမဟုတ်ပဲ ကိုမင်းဒင်နှင့်အတူ ပန်းတနော်နယ်ဘက်၊ ဓနုဖြူနယ်ဘက်များသို့လျှို့ဝှက်သော ခရီးထွက်ခြင်းဟု လှကွန့်သိရသည်။

ကိုမင်းဒင်မှာနောက်အခေါက် လာသောအခါများတွင် လှကွန့်အားပခုံးပုတ်သည့် အခါပုတ်သွားသည်။ ပြုံးသည့်အခါပြုံးသွားသည်။ ဒါထက်တော့ပို၍ လူချင်းကမရင်းနှီးကြသေး။ မည်သို့ပင်ဖြစ်စေ။ လှကွန့်က နိုင်ငံရေးသင်တန်း တက်ရမည်ဆို၍ ဝမ်းသာသည်။ နိုင်ငံရေးသမားလုပ်ချင်လျှင် နိုင်ငံရေးသဘော တရားများကို အထိုက်အလျောက် နားလည်မှဖြစ်မည်ဟု လှကွန့်ယူဆသည်။ ခရိုင်နှင့်ဌာနချုပ်သို့ သွားရောက်ရာတွင် သခင်လှသိန်းနှင့် သခင်ဟန်ညွန့်တို့ကို လှကွန့်အားကျသည်။ ဘယ်အချိန်သင်တန်းတက်ရမည်၊ ဘယ်နေရာတွင် တက် ရမည်ဆိုသည်ကိုတော့ အတိအကျ သူမသိသေး။ သူသင်တန်းတက် ရမည့်ကိစ္စတွင် ကိုမင်းဒင်ဆိုသူ၏ အတော်အကူနှင့် အဆက် အသွယ်လည်း ပါရှိလိမ့်မည်ဟု လှကွန့်ယူဆမိလေသည်။

ယခုလည်း ဧည့်ခန်းတွင် သခင်ချမ်းငြိမ်းမရှိ။ ကိုမင်းဒင်လာခေါ်သွားသည်။ လေးငါးရက်ထက်မနည်းကြာမည်ဟု သိရသည်။ ရန်ကုန်သွားမလိုလို ပြောသွား သည်။ ထိုအခိုက် ရွာသို့သူကူးလာခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် တစ်ညအိပ်ထက် တော့သူပိုမနေနိုင်။ "တစ်ညပဲအိပ်နော် သခင်လှကွန့်လေး" ဟု သူ့ဆရာကတော် သခင်မကြီးက အတန်တန် မှာကြားလိုက်သည်။

"ကဲ မင်းပြောချင်တဲ့ စကားတွေကုန်ပလား။ ကုန်ရင်ထမင်းစားကြမယ်။ ဒို့ပြောချင်တဲ့ကိစ္စကိုတော့ စားသောက်ပြီးမှပြောမယ်။ ဒါလဲကွာ တစ်ခုတော့ရှိပါတယ်။ ဒို့ပြောမယ့်ကိစ္စက မင်းလဲ သိသင့်သလောက်သိပြီးသားပါ။ ဒို့အားလုံးလဲ သိနေတာပဲ။ အဲဒီတော့ တခြားလူတွေ စားသောက်ပြီးရင် အိပ်ကြပါစေ။ မင်းရယ် ငါရယ် သာဖန်ရယ် သုံးယောက်ပြောကြရင် ပြီးပါတယ်။ "

စံတုတ်က သူ့အကွက်နဲ့သူပြောသည်။

"ရပါတယ်ဗျာ၊ ဘယ်လိုပြောပြော။ ပြောချင်သလိုပြောပေ့ါ။ အဲ နောက်တစ်ခု ကျုပ်ထပ်ပြောစရာ ကျန်သေးတယ်။ အဲဒါက ဘာလဲဆိုတော့ ခင်ဗျားတို့အားလုံး နေလို့ဖြစ်သေးရင် ခုအတိုင်းပိုက်ချက်မှာပဲနေသေးတာ ကောင်းမယ်။ ရွာထဲမှာ နေပြီး အကြောင်းတစ်ခုခုကြောင့် ဂျပန်အဆွဲခံရရင်တော့ မသက်သာဘူး "

(၂၅)

လှကွန့်ညောင်တုန်းဘက်ပြန်သွားပြီး နှစ်ညအိပ်သာ ကြာသည်။ စက္ကော့တစ်ရွာ လုံး ဂြိုလ်ဝင်သော အဖြစ်တစ်ခုနှင့်ကြုံရသည်။ တစ်ရွာလုံးဂြိုလ်စီးခံရသော ယင်းအဖြစ်သည်ပင် ကျောင်းထိုင်ရဟန်းတော် ရှင်ဝိလာသနှင့်ပုလဲအဖို့မမြင် မတွေ့ရ၊ မသိလိုက်ရသော အန္တရယ်တစ်ရပ်မှ ကံကောင်းထောက်မ၍ သီသီကလေး လွတ်မြောက်သွားသည်။

လှကွန့်ပြန်သွားပြီးနောက်တစ်ညတွင် စံတုတ်နှင့်သာဖန်သည် သူတို့ကာလ သားအုပ်စုထဲမှ လူငါးယောက်ကိုရွေးသည်။ ထိုငါးယောက်မှာ လောက်လောက် လားလားလူကြီးထဲကဖြစ်သည်။

မိုက်တိမိုက်ကန်းနှင့် လုပ်ရဲကိုင်ရဲသော အရွယ်ရောက်သူ ကာလသားကြီးများ ချည်းဖြစ်သည်။ ကုလား၊ လှအေး၊ သာဒွန်း၊ ထွန်းမောင် နှင့် ဂွတို။ ထိုငါးယောက်ကို တဲနှင့်ခပ်လှမ်းလှမ်း ကမ်းစပ်တစ်နေရာသို့ လက်တို့၍ ခေါ်သွားသည်။ တစ်စုတစ်စည်းထိုင်မိကြလျှင် စံတုတ်ကပုလဲကိုယ်ဝန်ကိစ္စကို ပြောသည်။ ခေါ်လာသူ ငါးယောက်စလုံးကလည်း ထိုကိစ္စအတွက်ခေါ်ခြင်းဟု စကတည်းက သဘောပေါက်ထားကြသည်။ တကယ်ဆိုတော့ ထိုငါးယောက်သာ မဟုတ်။ ကျန်နေသေးသော ကာလသားအားလုံးကပင် ထိုကိစ္စကို စိတ်ရောက်နေကြသည်။ မထွေးနိုင်မအန်နိုင်ဖြစ်နေကြသည်။ စံတုတ်နှင့်သာဖန် ဘာပြောမလဲ။ ဘယ်လိုစီမံမလဲ၊ ဒါလောက်ပဲ သူတို့က စောင့်ဆိုင်းနေကြသည်။

စံတုတ်က ထူးထူးထွေထွေ နိဒါန်းပျိုးမနေ။ ပုလဲ၏ကိုယ်ဝန်မှာ ကျောင်းထိုင်ဦးပဥ္စင်းနှင့် ဖြစ်ကြပျက်ကြသောကိုယ်ဝန်ဟု ဆိုသည်။

" ဟင် ဟုတ်ပဲ့မလားဗျာ ကိုစံတုတ် "

ငါးယောက်ထဲမှ သာဒွန်းတစ်ယောက်ကသာ အံ့သြသံဖြင့်မေးသည်။

"မင်းအမေကလွှားမှုပဲ။ ခုလောက် အရေးကြီးတဲ့ အဖြစ်ကြီးကို မဟုတ်ရမ်းပြော မလားကွ။ အင်မတန်နိုင်လုံလို့ မင်းတို့ကိုခေါ်ပြောတာ။ ဟုတ်သမှ ဟုတ် ဟုတ် နဲ့တောင်မြည်နေသေးတယ်။ စံတုတ်နဲ့ငါဟာ ဒီကိစ္စကိုစုံစမ်းနေတာ ဘယ်လောက်ကြာပလဲ။ ဖက်ဖက်ကိုမောနေတာကွ။ ငြိမ်းရင်ကလဲ ဒို့ကို ပြောပြီးသာ။ ဒေါ်မှုန်ကြီးကိုယ်တိုင်ကလဲ ဟုတ်နိုင်စရာရှိတယ်လို့ ပြောတာကွ။ သူကတော့လူကြီးကိုကွ။ ဝိနည်းရှောင်တဲ့အပြောမျိုး ပြောတာပေါ့။ "

သာဖန်က စံတုတ်စကားကိုကြားဝင်ပြောသည်။ မစားရတဲ့အမဲကို သာဖန်သဲနှင့် ပက်ချင်သည်။

"ဟုတ်ပါတယ်ကွာ။ ဟိုလွန်ခဲ့တဲ့ ဆောင်းကုန်ခါနီးလောက်မှာ မိပုလဲဟာ ဘုန်းကြီးကျောင်းထဲကထွက် ထွက်လာတာ ဒို့ကိုယ်တိုင် မကြာမကြာ တွေ့တွေ့နေတာပဲဟာ။ ဟောဟိုအကောင်လှအေးကို ငါနှစ်ခါသုံးခါ ပြောဖူးသားပဲ။ မိပုလဲဟာ ဘုန်းကြီးကျောင်းကိုတယ်ပြီး လာပါကလားလို့။ "

ကုလားကပြောသည်။ ပုလဲတွင်ကိုယ်ဝန်ရှိနေပြီဆိုကတည်းက ထိုအကြောင်း ထိုစကားကို သူပြောချင်နေသည်။ သူတစ်ယောက်ထဲက စတင်၍မစွပ်စွဲရဲ။ ထို့ကြောင့်ဤမျှလောက် အချိန်ကြာကြောင်းခဲ့ခြင်းဖြစ်သည်။

"ငါလဲမသင်္ကာတာတော့ အတော့်ကိုမသင်္ကာဘူး။ ဘယ့်နှယ့်ကွာ ကျောင်းပေါ်မှာ တွေ့လိုတွေ့၊ ဇရပ်ပေါ်မှာ တွေ့လိုတွေ့။ မင်းတို့မှတ်မိဦးမလားမသိဘူး။ တစ်ခါတုန်းက ဇရပ်နောက်ကမ်းပါးထပ်မှာလေ၊ ဝါးရုံတောထဲ

မိပုလဲနဲ့ ဦးပဍ္ဍင်းထွက်လာတယ် မို့လားကွ။ ငဒို့များကလဲ ပိုက်သိမ်းပြီး ရွာကိုအတတ်မှာ ပက်ပင်းတိုးနေတာပဲ။ အိုကွာ အဲသလိုတွေ့ရပေါင်းတွေကတော့အများကြီးပဲဟေ့။ အများကြီးပဲကွ။ ”

ဂွတို ကိုယ်တိုင်ကလည်း မသင်္ကာသူများထဲတွင် ထပ်ဆုံးက အပါအဝင် ဖြစ်သည်။

“ ဟုတ်တယ်ဟေ့ ။ ဂွတိုပြောမှ ဒီအကြောင်းကိုငါပြန်ပြီးသတိရတယ်ကွ။ တောက် အဲဒီတုန်းကတည်းက ဒို့အကောင်တွေချောင်းဖမ်းလိုက်ရရင်ဘယ်ပြေးနိုင်မှာလဲ။ မင်းတို့ ငါတို့အကောင်တွေ ပေ့ါသွားတယ်ကွာ။ ဂျပန့်ရန်ကလဲ တမှောင့်ကိုကွ ”

သာဖန့်စိတ်ထဲတွင် မခံချိမခံသာဖြစ်လာသည်။ ကျောင်းပေါ်ကဦးပဍ္ဍင်းကို ခုပင်ပြေးရိုက်ချင်သည်။

“အဲဒါကဘာဟုတ်ဦးမလဲ။ မိပုလဲအမေကြီးမမာနေတုန်းက အဖြစ်တွေကို ခင်ဗျားတို့မသိကြသေးလို့ဗျ ကိုစံတုတ်။ အဲဒီတုန်းကများဆိုရင် ဒီဦးပဍ္ဍင်းဟာ ဆွမ်းခံကြွတိုင်း ဒီအိမ်ကို ဝင်တာပဲ။ တစ်ခါတစ်လေ ညနေဘက်တောင် လာတယ်။ မိုးချုပ်ခါနီးမှပြန်သွားသည်။ အဲဒါတော့ ကျုပ်မျက်စိနဲ့ကို အသေအချာမြင်တာဗျ။ မိုးမခပါသွားတဲ့ကျုပ်ယောက်ခဖိုးလုံးက ဆိုရင် ဦးပဍ္ဍင်းဟာ ပုလဲတို့အိမ်ကို နေ့တိုင်းနေ့တိုင်းဝင်ပါကလားကွ လို့ပြောဖူး သေးတယ်။ ”

ခပ်စောစောက ဟုတ်ပ့ါမလား ကိုစံတုတ်ရာဟု ခပ်ရွံ့ရွံ့ပြောနေသော သာဒွန်းသည် အခြားသူများ၏ ထင်မြင်ချက်အပေါ် ဖြည့်စွက်၍ ထောက်ခံ လာသည်။

“ ဒါနဲ့များ ခုနကတော့ ဟုတ်ပ့ါမလားဆို ကွ ”

ကုလားက သာဒွန်းကို လှည့်မာန်သည်။

“ ဒါကတော့ကွာ ခုမှ ငါက ပြန်စဉ်းစားမိတာကို ”

“ ကဲ တော်လောက်ပြီဗျာ။ ဒီတော့ကျုပ်တို့ဘာလုပ်ကြမလဲ။ အဲဒါပဲပြော ကိုစံတုတ်။ ပြောဗျာ ကိုသာဖန်၊ ခင်ဗျားတို့က လူကြီးတွေပဲ။ ဘယ်လိုလဲ ဘုန်းကြီးကို ကျောင်းပေါ်တတ်ပြီး ဆွဲချရမလား။ ရိုက်ချရမလား။ ဒါမှမဟုတ်ရင် ကျောင်းရော ဇရပ်ရောတစ်ခါတည်းမီးနဲ့တိုက်ပစ်မလား။ ခင်ဗျားတို့နှစ်ယောက် ကြိုက်တာပြောကြဗျာ။ မိပုလဲကို ကတုံးပြောင်အောင်ရိတ်ပြီး ရွာထဲက မောင်းထုတ်ပစ်မယ်ဗျာ ”

လှအေးက ရုပ်ရည်ကလည်းကြမ်းသည်။ စိတ်ထားကလည်း ခက်ထန်မာ ကြောသည်။ မြကျော့ကိစ္စတုန်းကလည်း မြကျော့အဖေဦးဖိုးထင်အား ဓါးနှင့်တက်ပိုင်းပါမည်လုပ်၍ ဟိုလူဒီလူက ဝိုင်းဆွဲထားရသည်။

“ကဲ ပြော ကိုစံတုတ်။ လှအေးပြောတာဟုတ်တယ်။ လုပ်ရမယ့်ကိစ္စကို ခပ်မြန်မြန်ရှင်းလိုက်တာ အကောင်းဆုံး။ အတော်ကြတော့ ကျုပ်တို့ကဟန်ရေး ပြင်နေတာနဲ့ သူတို့ကသိပြီး လစ်ထွက်ပြေးမှာ။ အဲဒီတော့မှ ကျုပ်တို့ အားလုံးနွားဖြစ်ကျန်ခဲ့မယ်။ ဘယ့်နယ့်ဗျာ ကိုယ့်ရွာသားထဲ ကြိုက်စရာ ချစ်စရာ ရှားသလားဗျ။ ကျောင်းပေါ်ကဘုန်းကြီးကိုမှ တက်ကြိုက်ရတယ်လို့။ တောက် ကျုပ်တော့ အတော့်ကိုခံပြင်းတယ်ဗျာ။ ကျုပ်တစ်ယောက်ထဲ သွားလုပ်ပါဆိုရင်လဲ လုပ်မယ်ဗျာ။ အသေခုတ်သတ်ရမလား ပြော။ ”

လှအေးနှင့် ဂွတိုတို့ တစ်လေသံထဲထွက်လာကြသည်။ ကိစ္စတစ်ခုဖြစ်လာ၍ ရက်ရက်ရောရော ဓါးနှင့်ဖြေရှင်းလိုက်လျှင်ပင် သူတို့ကာလသားအုပ်စုတွင် ဘွဲ့ထူးဂုဏ်ထူးကြီးတစ်ခုလိုဖြစ်နေသည်။ နောက်ပြီး ပွဲတိုင်းကျော်ခဲ့သော စက္ကော့သားတွေ ဒီတစ်ချီနှပ်ပစ်ခံလိုက်ရပြီဟူသော ဟိုရွာဒီရွာက ပြောလာမည့် အဖြစ်ကို သူတို့နည်းနည်းလေးမျှမခံချင်။ လဲသေပစ်လိုက်ချင်သည့် စိတ်ဓါတ်တွေ ဖြစ်သည်။

ထိုကြောင့်လှအေးနှင့်ဂွတိုတို့ထိုင်ရာမှ ဆက်ကနဲထလိုက်သည်။

“ ကျုပ်တို့နှစ်ယောက်သွားလုပ်မယ် ” နှစ်ယောက်ပြိုင်တူ ပြောသည်။

" အို ဒို့လဲလိုက်မယ်။ "

ကျန်သူသုံးယောက်က ထပြန်သည်။

"ဟာ ခွေးမသားတွေ နေကြပါဦးဟ။ ငါပြောပါရစေဦး။ ငါပြောမှာကို လိမ့်ပတ်လည်အောင် နားထောင်ကြဦး။ မင်းတို့ကြိုက်သလို ဖြစ်စေရမယ်။ ထိုင်ကြဦး "

စံတုတ်ကတားလိုက်မှ ငါးယောက်စလုံးပြန်ထိုင်ကြသည်။ သာဖန်မှာ ခုချိန်ထိတော့ ငြိမ်နေပြန်သည်။ ပြန်ထိုင်သော ငါးယောက်သည် ပိပိပြားပြား မဟုတ်။ အောင့်အည်းမျိုသိပ်ထားရသော အမူအရာမျိုးတွေ ဖြစ်သည်။ ဖြစ်မိလျှင် ထိန်းရသိမ်းရအလွန်မလွယ်သော လူစားမျိုးတွေဖြစ်သည်။

" နေပါဦး မနေ့ညက ဟိုကောင်လှကွန့် ဘာတွေပြောသွားသလဲဗျ "

စံတုတ်နောက်စကားမစမီ လှအေးက ကြားဖြတ်မေးသည်။

"လှကွန့်အကြောင်း မင်းအသိသားပဲလှအေးရာ။ ဒီကောင်ဟာ စကားတွေ ကြီးကြီးကျယ်ကျယ် ပြောတတ်တာကလွဲလို့ ဘာတစ်ခုများအသုံးကျလို့လဲ။ နို့ပြီး သူကိုယ်တိုင်က ရွာမှာနေတဲ့ကောင်မှုတ်ဘူးကွ။ သူ့ကို ဒီကိစ္စထဲမှာ ထည့်ပြောနေလို့အပိုပေါ့ကွာ။ "

သာဖန်က လှကွန့်နှင့်ပတ်သက်၍ စကားကိုအပြတ်ပြောချသည်။ မနေ့ညက လှကွန့်နှင့်သာဖန်တို့ အတော်ကလေး အဆင်မပြေဖြစ်လိုက်ကြသည်။ လှကွန့် ပြောသွားသော စကားများကို သာဖန် နည်းနည်းလေးမှမကျေနပ်။ စံတုတ်ကြားခံနေ၍ တော်သေးသည်။ သို့မဟုတ်လျှင် မနေ့ညက လူသတ်ပွဲ။

အမှန်တော့လှကွန့်ပြောသွားသော စကားများက အကောင်းများချည်း ဖြစ်သည်။ ဒေါသမောဟကို ချုပ်ထိန်းစေနိုင်သော စကားများဖြစ်သည်။ သို့သော လူမိုက်ကို ထိန်းသိမ်းရသည်မှာ မြွေပွေးမြွေဟောက်ကို ထိန်းသိမ်းရခြင်းထက် ပို၍ခက်ခဲ သည်။ နောက်ဆုံးတော့ လှကွန့်အရှုံးပေး သွားရသည်။

စင်စစ်စံတုတ်နှင့် သာဖန်တို့က ကျောင်းထိုင်ဦးပဥ္စင်းရှင်ဝိလာသအပေါ် ပုလဲနှင့်ပက်သက်သော စွပ်စွဲချက်ကိုကား လှကွန့်အတော်ပင်အံ့သြရသည်။ အထိတ်တလန့်ဖြစ်ရသည်။ မဟုတ်များ မဟုတ်ရင်တော့ ငရဲအိုးဖောက် ထိုးဆင်းမည့် ကိစ္စကြီးပါကလား။

"မဟုတ်ဘူးထင်တယ် ကိုစံတုတ်။ မဖြစ်နိုင်ဘူးထင်တယ်ဗျာ" ဟု လှကွန့်က ပြောကြည့်သည်။ ဒါပေမယ့် စံတုတ်ရော သာဖန်ရော ပြောလို့မရ။ ပြီးနောက် တစ်ခုခက်သည်မှာ သူကိုယ်တိုင်က ရွာတွင်အမြဲနေသူမဟုတ်။ ထိုအခါ စံတုတ်နှင့်သာဖန်တို့၏ စွပ်စွဲချက်ကို ကျိန်းသေမဟုတ်ပါဘူး၊ ဟူ၍ကား လှကွန့် ဘက်မှ အမာခံငြင်းချက်မထုတ်နိုင်။ ပြောရစေတော့ စံတုတ်က သာဓကတစ်ခု ကို လက်ညှိုးထိုးပြသည်။

ဘယ်လိုမှ လူတွေမထင်စားခဲ့သော စာတတ်၊ ပေတတ် ကျမ်းဂန် ဝိနည်းတတ်သည့် အကျော်အမော် ဆရာတော်ကြီးတစ်ပါးနှင့်ပစ္စည်းရှိ ကျောင်းအစ်မကြီးတစ်ယောက်တို့ ခိုးရာလိုက်ပြေးကြသည်။ တစ်မြို့လုံး ဟယ်ကနဲ ဖြစ်ရုံမှလွဲ၍ ဘယ်လိုမှ မတတ်နိုင်ကြ။ ဝမ်းနည်းကြသည်။ ငိုကြွေးကြသည်။ ရင်ဘတ်စည်တီး ဖြစ်လိုက်ကြသည်။

"ကဲ အဲဒါ မင်းတို့ဘယ်လိုပြောမလဲ လှကွန့်" စံတုတ်က အပိုင်အနိုင် ပြောလေသည်။

ထိုအခါ အကျောက်အကန် လှကွန့်မပြောနိုင်တော့။ တကယ်ဆိုတော့ သူ့ရွာသားကာလသားများ၏ စိတ်နေစိတ်ထားကို လှကွန့် အသိဆုံး။ အကယ်၍ ထိုကိစ္စမှာ ဟုတ်များဟုတ်ခဲ့သော်။ အားလုံးက သူ့အပေါ်တွင် ရန်လုပ်လာကြ ပေမည်။ ဒါကိုတော့ လှကွန့်စိုးရိမ်သည်။ အထူးသဖြင့် ပုလဲကိစ္စဖြစ်သော ကြောင့်လည်း လှကွန့်ပို၍စိုးရိမ်သည်။ နောက်ပြီး တစ်ဖက်ကကြည့်ဦး။ ရွာသားမဟုတ်။ လူဝတ်ကြောင်မဟုတ်။ ကျောင်းထိုင်ဘုန်းကြီး။

"အေးဗျာ အေးဗျာ။ ခင်ဗျားတို့ကိစ္စကြီးကို သေသေချာချာစုံစမ်းပြီးမှ စဉ်းစဉ်းစားစားစွပ်စွဲကြပါဗျာ။ ကျုပ်တော့ ဒီလောက်ပဲပြောတတ်တယ် ကိုစံတုတ်။ နောက်တစ်ခု ကျုပ်ပြောချင်တာရှိသေးတယ်ဗျာ။

ပိုက်ချက်မှာ ခင်ဗျားတို့တစ်တွေ ခုလိုအရက်တွေ အလွန်အကျွံသောက်နေတာတော့ ဆင်ခြင်နိုင်ရင် ကောင်းမယ် ဗျာ” စံတုတ်နှင့်သာဖန်ကို လှကွန့်အတော်များများ ပြောချင်သည်။ ဒါပေမယ့် သူ့ရန်လုပ်ခံရမည်။ ထို့ကြောင့် ဒီထက်တော့ ပိုမပြောခဲ့။

ကျီးကန်းသိုက်ရွာသည် ဂျပန့်ခေတ်တွင်လူအတော်များများပင် အရက်ပုန်းချက် ရောင်းနေသည်။ စံတုတ်တို့ပိုက်ချက်စခန်းနှင့် အနီးကလေးဖြစ်သည်။ ငါးသလောက်တစ်ကောင်ပေးလျှင် မီးတောက်အရက် တစ်လုံးရနေသည်။ ရွာထဲတွင်ကာလအတန်ကြာအရက်သေစာအသောက်အစားမရှိသလောက်ဖြစ်ခဲ့ရာမှ ခုတော့ ပိုက်ချက်စခန်းမှာ အရက်ဝိုင်းဖြစ်နေသည်။ နေ့မလင်းညမလင်း သောက်နေကြသည်။ နည်းနည်းပါးပါးမှားချင်သော ကိစ္စ၊ နည်းနည်းပါးပါး ဖြစ်ချင်သော ဒေါသသည် အရက်က သွေးပင့်ပေးသည့်အခါ အမှားအယွင်း ကြီးများ၊ အလွန်အကျွံဒေါသကြီးများ ဖြစ်ကြလိမ့်မည်ဟု လှကွန့် ယူဆသည်။ ထိုညက သူနှင့်စကားပြောရင်းပင် စံတုတ်နှင့်သာဖန် အရက်ကို ခွက်လှည့်ခံ သောက်ကြသည်။ ယခုတစ်ခေါက်ရွာကအပြန်တွင် လှကွန့်အတော်ကလေး စိတ်မကောင်းဖြစ်သွားရသည်။ တကယ်လို့များ နိုင်ငံရေးသင်တန်းကိစ္စသာ မရှိခဲ့သော် လှကွန့်တော်တော်နှင့် ရွာက ပြန်ဖြစ်ဦးမည်မဟုတ်။

“ကဲ ဒီလိုလုပ်ကြမယ်။ ခုည ဒို့ထဲအထဲက သုံးယောက်ရွာကိုသွားကြမယ်။ ခုဆို သန်းခေါင်ကျော်ရော့မယ်။ ငါရယ် သာဖန်ရယ် မင်းတို့ထဲက တစ်ယောက်လိုက်ခဲ့။ ဘယ်သူလိုက်မလဲ။” စံတုတ်က ငွတိုတို့လူစုကို မေးသည်။

“ ကျုပ်လိုက်မယ် ”

လှအေးက အပြောမြန်သည်။ သို့သော် လိုက်ခဲ့ဟုခေါ်လျှင်ကား ၅ယောက်စလုံး မငြင်းမည့်သူချည်းဖြစ်သည်။

“အေး ကောင်းတယ်။ လှအေးလိုက်ခဲ့။ ရွာထဲရောက်ရင် မိပုလဲအခြေအနေကို ဒို့များကြည့်ကြမယ်။ နောက်တော့ ကျောင်းပေါ်က ဦးဇင်းအခြေအနေကို အကဲခက်ကြမယ်။ အဲဒီအခြေအနေတွေအားလုံး ခြုံပြီးတော့မှ ဒီကကျန်တဲ့ ကောင်လေးတွေ ဘိုနီတို့ တုတ်ကျော်တို့ လူစုနဲ့မနက်ဖြန်ညမှာ တိုင်ပင်ပြီး သဘာက်ခါညတော့ အပြတ်အသားလုပ်ချလိုက်မယ်။ အဲဒါ ငါ့စိတ်ကူးပဲ။ အေး တစ်ခုရှိတာက ဒို့ဘာတွေလုပ်ကြမယ်၊ ဘာတွေတိုင်ပင်ကြတယ်ဆိုတာကိုတော့ လူကြီးတွေနဲ့ ကိုဘကျောက်တို့လို မိန်းမရှိတဲ့သူတွေ ဘာမှမသိစေနဲ့။ ”

စံတုတ်က သူ့စိတ်ကူးနှင့်သူ့သဘောကို ပြောပြသည်။ အားလုံးသဘောတူ ကြသည်။ ထို့နောက် စံတုတ် သာဖန်နှင့်လှအေးတို့သုံးယောက်သည် လှေငယ်တစ်စင်းနှင့်ရွာဆီသို့ ထွက်ခဲ့ကြသည်။ ခါတိုင်းလိုပင် ချောင်းဦးတိုထဲတွင် လှေကိုထားခဲ့ကြသည်။ ကျောင်းဝင်းထဲမှဖြတ်၍ ရွာတောင်ပိုင်းဖျားသို့ ဝင်ရောက်ခဲ့ကြသည်။ သူတို့သုံးယောက်လက်တွင် ငှက်ကြီးတောင်ဓါးကိုယ်စီနှင့်။

ကျောင်းဝင်းထဲက အဖြတ်တွင် ကျောင်းနှင့်ဇရပ်ကိုသူတို့ အကဲခပ်ကြသည်။ ကြယ်ရောင် အလင်းအောက်၌ ကျောင်းနှင့်ဇရပ်သည် မားမားထီးတည်းရှိ နေသည်။ ဘာသံမျှ မကြားရသလို လှုပ်ရှားမှုဟူ၍လည်း ဘာတစ်ခုမျှမမြင်ရ။

သူတို့သုံးယောက်တွင် စံတုတ်ကရှေ့သွားခေါင်းဆောင်။ နောက်က နှစ်ယောက်သည် ညီသောခြေလှမ်း၊ ကြမ်းသောစိတ်နှင့်လိုက်ကြသည်။ သူတို့က ပုလဲ၏အိမ်ငယ်ရှိရာသို့ သွားနေခြင်းဖြစ်သည်။ သူတို့ရှေ့တွင် အမှောင်ထုက ကာဆီးထားသည်။ အမှာင်ထုကိုသူတို့ မကြောက်။ စိုးရိမ်ကြောင့်ကြခြင်းလည်း သူတို့တွင် စိုးစဉ်းမရှိ။ တကယ်ဆိုတော့ သူတို့ကိုယ်တွင်းရှိ အမှောင်ထု စွမ်းအားက ပြင်ပရှိ အမှောင်ထုထက် သာလွန်ကြီးမားသည်။

တောင်ဖျားနေအိမ်များအားလုံးအိပ်မောကျနေသည်။ တစ်ရွာလုံးလည်း အိပ်မောကျနေသည်။ ပတ်ဝန်းကျင်သည် ငြိမ်ဆိတ်မှု၌နစ်မြုပ်နေသည်။

မကြာမီ ပုလဲ၏အိမ်ငယ်ရှိရာသို့ သူတို့ရောက်လာကြသည်။ အိမ်ငယ်၏ ဘေးဘီကို ခိုကပ်သည်။ သုံးယောက်စလုံးနားစွင့်သည်။ ဘာသံမျှမကြား။ လူတစ်ဦးတစ်ယောက်၏အသက်ရှူသံ။ သို့မဟုတ်

ဟောက်သံ။ သို့မဟုတ် ယောင်ယမ်းမြည်တမ်းသံ။ သို့မဟုတ် တွန့်လိမ်ညည်းတွားသံ။ ပြီးနောက် သို့မဟုတ်ပေါင်းများပြားစွာထဲမှ တစ်ခုခုကိုတော့ ကြားရလိမ့်နိုး သူတို့က မျှော်လင့်ထားကြသည်။ ဘာသံကိုမျှမကြားရ။

ထိုအခါ စံတုတ်က သာဖန်နှင့်လှအေးအား လက်တို့၍ တစ်စုံတစ်ရာကို လေသံနှင့်ပြောသည်။ ပြီးလျှင် တဲအိမ်ငယ်ပေါ်သို့ သူတစ်ယောက်တည်း တတ်ရောက်သွားသည်။ အောက်က နှစ်ယောက်သည် ရင်ထဲကလှုပ်ရှား ကျန်ရစ်သည်။ လက်တွင်းက ဓါးကိုယ်စီကို မြဲမြဲစွာဆုပ်ကိုင်ထားသည်။ တစ်ချီ တစ်ပွဲတော့ တွေ့ကြမှာပဲဟု သူတို့ကထင်သည်။ ထိုအခိုက် တဲအိမ်ကလေးပေါ်မှ ချိုးချိုးချွတ်ချွတ်မြည်သံကို သုံးလေးကြိမ်ကြားလိုက်ရသည်။ မကြာမီ စံတုတ်ပြန် ဆင်းလာသည်။ ဟူးကနဲ သက်ပြင်းမှုတ်ထုတ်သည်။

" မိပုလဲကို မတွေ့ဘူး ။ ဘယ်သူမှမရှိဘူး "

"ဟင်" သာဖန့်ရင်ထဲတွင် ဒိန်းကနဲဖြစ်သွားသည်။ ဟင် ဆိုလိုက်သော အာမေဋိတ်သံကပင် လေးလေးကြီး။

" ထွက်ပြေးကြပြီနဲ့တူတယ်။ " လှအေးက သူထင်တာပြောသည်။

"မင်း မင်း သေသေချာချာ ကြည့်ရဲ့လား။" သာဖန် စံတုတ်ကိုမေးသည်။ သူ့အသံသည် ပို၍ ပြာကပ်လာသည်။ လက်က ဓါးမှာ တုန်ခါနေသည်။

" မင်း တို့နှစ်ယောက် တက်ကြည့်ချင်ကြည့်ဦး "

သူတို့သုံးယောက် ခပ်လှမ်းလှမ်းရှိအိမ်ငယ်ဆီသို့ မျှော်ကြည့်သည်။ တောင်ဘက်မှ အနီးကပ်ဆုံးမှာ ပိုက်သမားမဲကြီး၏အိမ်ဖြစ်သည်။ ထိုအိမ်ကို ဂရုတစိုက်ကြည့်စရာမလို။ မဲကြီးသည် မိုးမခအုပ်စုနှင့်ပါသွားသူ။ မဲကြီးမိန်းမ သည် ကလေးတွဲလွဲ သားတွဲလွဲနှင့် ကွင်းကောက်အင်းထဲ ရောက်နေသည်။ တစ်ဖက်အိမ်မှာ အဖိုးကြီးဦးပေါ်လာနှင့် အဖွားကြီး အရီးဥအိမ်။ မီးရောင် မီးရိပ်မမြင်။ မြောက်ဘက်အိမ်မှာ ဘကြီးညို နှင့်ဒေါ်သာယာ့ အိမ်။ ထိုအိမ်မှာလည်း အမှောင်နှင့်မည်းမည်း။ တစ်ဘက်အိမ်မှာ သောင်းရင်နှင့်မိဖျိုင်း ။

တကယ်ဆိုတော့ အချိန်ကသန်းခေါင်ကျော်လွန်အာရုဏ်ဦးဘက်နီးကပ်နေပြီ။ ပြီးသော် ဂျပန်ခေတ်၏ရေနံဆီအခက်အခဲကြောင့် ယခင်အခါများကလို မီးခွက် မီးတိုင်ကို အလင်းအချင်း မထွန်းညှိနိုင်ကြ။

လှအေးသည် ပိုက်စခန်းမှအထွက်တွင် သူ့ခါးကြား၌ထိုးယူလာသော တစ်ပိုင်း သာသာရှိသည့် အရက်ပုလင်းကို စံတုတ်လက် လှမ်းပေးသည်။ ပြီးနောက် သာဖန်နှင့်အတူ တဲအိမ်ကလေးပေါ်သို့ သူခိုးသူဝှက်များလို ချွတ်နင်း၍ တတ်ကြသည်။ ဘယ်လိုပဲတတ်တတ် ဝါးကြမ်းများမှာ ဂျိုးဂျိုး ဂျောင်းဂျောင်း အသံမြည်သည်။ နှစ်ယောက်စလုံးက စံတုတ်အပြောနှင့် စိတ်မချနိုင်သေး။ တစ်နေရာရာ တစ်ဒေါင့်ဒေါင့် တစ်ချောင်ချောင်တွင် ပုလဲရှိနေမည်ဟု သူတို့က ထင်သည်။ ထို့ကြောင့် နှစ်ယောက်သားသည် ဟိုနေရာစမ်းစမ်း ဒီနေရာစမ်းစမ်း နှင့်ပုလဲကို ရှာကြ ဖွေကြသည်။ ကျေနပ်လောက်အောင်ရှာသည်။ မတွေ့သည့် အဆုံးမှ စံတုတ်ရှိရာပြန်ဆင်းလာသည်။ နှစ်ယောက်စလုံး အံတကြိတ်ကြိတ်။ တောက်တခေါက်ခေါက်။ သာဖန့်ပါးစပ်က တံတွေး ထွေးသည်မှာလည်း တပျစ်ပျစ်။

" ဟုတ်တယ်မို့လား "

" ဟုတ်တယ်။ ဘုန်းကြီးနဲ့ပြေးပြီထင်တယ်။ "

သာဖန့်အသံမှာ တုန်ယင်မောဟိုက်ဖြစ်နေသည်။ အသားဆတ်ဆတ် တုန်နေသည်။ ဒေါသကြောင့်လား။ မောဟကြောင့်လား မသိနိုင်။

" မင်းပြောသလိုတော့ မဟုတ်သေးဘူးထင်တယ် "

စံတုတ်ကပြောသည်။ တစ်စုံတစ်ခုမျှ မကသောအတွေးအတောများသည် စံတုတ်ခေါင်းထဲသို့ ဝင်ရောက်လာသည်။ ကျောင်းမှာပဲ ဒင်းသွားအိပ်သလား။ ဇရပ်မှာပဲ သွားအိပ်သလား။ တစ်နေရာရာမှာပဲ ဒီဦးဇင်းနဲ့ချိန်းတွေ့နေသလား။ သုံးယောက်စလုံး ငြိမ်သက်နေသည်။ စံတုတ်ဘာပြောမလဲ ဟုနှစ်ယောက်က စောင့်သည်။

" လာကွာ လာကြ "

စံတုတ်က ပြောပြောဆိုဆိုရှေ့မှခပ်လောလော ထွက်သွားသည်။ သာဖန်နှင့်လှအေးသည် နောက်ပြန်လှည့်ကြည့် လှည့်ကြည်နှင့် စံတုတ်သွားရာ နောက်သို့ အမီလိုက်ကြသည်။ သုံးယောက်စလုံး၏ စိတ်ထဲကတော့ မကျေနပ်။

ကျောင်းဝင်းပေါက်သို့ ရောက်လာကြသည်။ ရှေ့ဆုံးမှ စံတုတ်သည် ကျောင်းဝင်းထဲသို့ မဝင်သေးဘဲ အပြင်တွင်ရပ်ဆိုင်းလိုက်သည်။ ထိုနေရာတွင် ပိတောက်ပင်ကြီးတစ်ပင်နှင့် စိန်ပန်းပင်တစ်ပင်ရှိသည်။ ကျောင်းဝင်းအတွင်း ပတ်ပတ်လည်ရှေ့တဝိုက်တွင်ကား ကွမ်းသီးပင်၊ အုန်းပင်နှင့် ပိန္နဲပင်များ ပြည့်ကျပ်နေသည်။ သစ်ပင်သစ်ရိပ်ကလွှမ်းမိုးနေသည်။

ကပ္ပိယကြီး၏ချောင်းဟန့်သံကိုကြားရသည်။ ကျောင်းပေါ်၌ကား အမှောင်ဖုံး နေသည်။ ယင်းအခိုက်တွင် ကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးပေါ်မှ ကြက်တွန်သံများ ပေါ်ထွက်လာသည်။ ကြက်တွေက အပြိုင်အဆိုင်တောင်ပံ ရိုက်ကြသည်။ မရှေးမနှောင်းပင် ရွာတွင်းရှိကြက်များကလိုက်တွန်သည်။ တဖျပ်ဖျပ်တောင်ပံရိုက်သည်။

" ဇရပ်ပေါ်ကို တက်ကြည့်ရအောင် "

စံတုတ်ကိုသာဖန်ပြောသည်။

" ဟော့ကောင် ဟိုမှာ ဟိုမှာ "

သာဖန့်စကားကို စံတုတ်မပြန်နိုင်။ သူ့ရှေ့တူရူခပ်လှမ်းလှမ်းတစ်နေရာသို့ ဓားဦးထိုးလျက်ညွှန်ပြသည်။ စံတုတ်ဓားဦးညွှန်ရာဆီသို့ သာဖန်ရောလှအေးရော ကြည့်လိုက်ကြသည်။

ရဟန်းတော်ရှင်ဝိလာသ၏ပုံပန်းသဏ္ဌာန်ကို မှုန်ဝါးဝါးတွေ့ရသည်။ မည်သည့် အရပ်မှကြွမြန်းလာခြင်းဟု မသိရ။ ရိပ်ကနဲမြင်လိုက်ရပြီး ရဟန်းတော်သည် ကျောင်းလှေကားထစ်များကို တစ်ထစ်ခြင်းမှန်မှန်နင်းလျက် ကျောင်းပေါ်သို့ တက်ကြွသွားသည်။

ထိုအခိုက် မြစ်ပြင်ဆီမှ ပစ်ခက်လိုက်သော သေနက်သံသုံးလေးချက်ကို တဒိုင်းဒိုင်း ကြားလိုက်ရသည်။ သုံးယောက်စလုံး တုန်ခိုက်သွားသည်။ ကျောင်းပေါ်ကအရိပ်အကဲကိုကြည့်နေရသော်လည်း သူတို့စိတ်က မဖြောင့်တန်း။ တထင့်ထင့်ဖြစ်လာသည်။ ဂျပန်တွေများလာလေသလား။ လာချင်လျှင် အချိန်မရွေး။

" လာ လာ။ ဟိုကျမှငါပြောမယ်။ ခုနေမှာ ဒို့ကိုမမြင်ရင် အကောင်းဆုံးပဲ။ "

စံတုတ်က ရှေ့မှနေကာ ပြောပြောဆိုဆိုထွက်သွားသည်။ သာဖန်နှင့်လှအေးက နောက်မှနေ၍ လိုက်ကြပြန်သည်။ မကြာမီ ချောင်းဦးတိုကမ်းထိပ် ရောက်လာသည်။ မရမ်းပင်အောက်တွင် သုံးယောက်သားထိုင်လိုက်ကြသည်။ ထိုအခါမှ လက်ကဓါးကို မြေတွင်စိုက်လိုက်ပြီး စံတုတ်က စကားစလာသည်။

"ဇရပ်ပေါ် ကျောင်းပေါ်သွားကြည့်နေစရာ မလိုပါဘူးကွ သာဖန်ရ။ ဘုန်းကြီးနဲ့ဒကာမ တစ်နေရာရာချိန်းတွေ့ရင်ပြီးတဲ့ကိစ္စပါကွာ။ ကဲ ဟိုမှာရှိနေတဲ့ အကောင်တွေကို ညကျရင်ဒီအဖြစ်တွေ အကုန်ပြောပြမယ်။ အဲသလို ပြောပြီးတာနဲ့ သန်းခေါင်လောက်တော့ ရွာကိုအားလုံးစုလာကြမယ်။ အေး တစ်ခုရှိတာက ဒို့အထဲက သာဒွန်းကို ခု မနက်ပဲရွာပြန်လွှတ်ထားမယ်။ မိပုလဲကိုစောင့်ကြည့်ဖို့ပဲ။ အဲဒီအတွက်တော့ ငြိမ်းရင်ကိုလဲ အကူအညီ တောင်းရမယ်။ ဟုတ်လား။ "

" ဒီ ဦးဇင်းအတွက်ရော " သာဖန်ကမေးသည်။

"အဲဒါလဲ တစ်ယောက်ယောက်ကို တာဝန်ပေးမယ်ကွာ။ အေး တစ်ခုရှိတယ်။ ညကျတော့ ဒီဦးဇင်းနဲ့မိပုလဲကို တစ်နေရာထဲမှာ အတူတူဖမ်းမိချင်လဲ ဖမ်းမိမှာပဲပေါ့။ တကွဲစီ တွေ့ချင်လဲ တွေ့ပါစေပေါ့ကွာ။ အဲဒီညဟာတော့ အပြတ်ပဲ။ အဲလိုမဟုတ်ရင် မင်းတို့ငါတို့အစီအစဉ်ဟာ အလကား ဖြစ်သွားမယ်။ ဟော့ လုအေး မင်းရယ်ဂွတိုရယ် အဲဒီသုံးယောက်က ဟိုကောင်ကလေးတွေကို ခေါင်းဆောင်ပြီး မိပုလဲကိုမိုးမလင်းခင်ရွာထဲကမောင်းထုတ်ပော့ ကြားလား။ တကယ်လို့များ ဒင်းတို့နှစ်ယောက်စလုံးကို လက်ပူးလက်ကြပ်မိမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့ကွာ။ သူကြီးရော ဆယ်အိမ်ခေါင်းရော ရွာကလူကြီးတွေရော သူတို့ဘုန်းကြီးအကြောင်းကို တစ်ခါတည်း သိသွားရရောပေါ့။ ကဲ လာ သွားကြမယ်"

စံတုတ်စကားအဆုံးတွင်သူတို့သုံးယောက်ထိုင်ရာမှ ထကြသည်။ ချောင်းဦးတို အတွင်း လှေငယ်ရှိရာသို့ ဆင်းသက်လာကြသည်။ ယင်းအခိုက်ဇရပ်ပေါ်မှ ပထမအာရုဏ်ဦး၏ တုံးခေါက်သံသည်ဝန်းကျင်တဝိုက် လွှမ်းခြုံသွားလေသည်။

စံတုတ်နှင့်သာဖန်ခေါင်းဆောင်သော ကာလသားတစ်ကျိတ်ကျော်တို့သည် ထိုကိစ္စကြီးကို တိုင်ပင်ရုံသာ တိုင်ပင်လိုက်ကြရသည်။ ကာယကံမြောက်ကား မလုပ်နိုင်ခဲ့ကြ။

ထိုနေ့မနက်က ဝေလီဝေလင်းအချိန်လောက်တွင် ဂျပန်တပ်စိပ်နှစ်စိပ်သည် စက္ကော့ရွာကမ်းခြေသို့ သမ္ဗန်ကြီးများဖြင့် ဆိုက်ရောက်လာသည်။ ဂျပန်စစ်သား များနှင့်အတူ နယ်ပိုင်နှင့်စာရေးကြီးနှစ်ယောက်၊ ဌာနာအုပ်နှင့်ပုလိပ်အမှုထမ်း ခြောက်ယောက်တို့ ပါလာသည်။ ဌာနာအုပ်သည် ကိုကံရမဟုတ်။ လူသစ် တစ်ယောက် ဖြစ်သည်။ ကိုကံရသည် မဲဇလီဌာနာသို့ ရွှေ့ပြောင်းသွားရသည်။

ဂျပန်စစ်သားများနှင့်အတူ စပါးတစ်ထောင်ခန့် တင်ဆောင်နိုင်သော သမ္ဗန်ကြီး တစ်စင်းပေါ်တွင် စစ်သားများ၏ အိပ်ယာလိပ်များ၊ အခြားသော ဝန်စည် စလည်များနှင့် ယမ်းတောင့်သေတ္တာများလည်း ပါရှိလာသည်။ သမ္ဗန်တစ်စင်း၏ ဦးပိုင်းတွင် ဂျပန်အလံကိုလွှင့်ထူထားသည်။

ဤတစ်ကြိမ်ဂျပန်တွေလာကြသည်မှ ခပ်ဆန်းဆန်းဖြစ်သည်။ ဂျပန်တွေထဲက တစ်ယောက်မှ ရွာတွင်းသို့မတက်ကြ။ စက္ကော့ရွာကမ်းခြေသို့ သမ္ဗန်များထိုးကပ်မိ လျှင်ပင် ဂျပန်စစ်သား ဆယ်ယောက်လောက်က ကမ်းခြေသို့ ခုန်ဆင်းကြသည်။ သေနတ်ကိုယ်စီကိုင်ကာ သူတို့၏သမ္ဗန်များကို ဝိုင်းပတ်ထားလိုက်သည်။ သမ္ဗန်များနှင့်ကိုက်ငါးဆယ်အတွင်း ကလေးလူကြီးယောက်ျားမိန်းမ လှေသမ္ဗန် မည်သူမျှမချဉ်းကပ်ရ။ လှမ်းလှမ်းက လာသည်ကိုပင်အော်ဟစ်တားမြစ်သည်။

သမ္ဗန်တစ်စင်းပေါ်တွင် ဘရင်းဂန်းနှင့်စက်သေနတ်အသေးစားများပင် ပါရှိလာ သည်။ သူတို့အားလုံးတွင် သုံးလိုင်းကြယ်နှစ်ပွင့်ဂျပန်မှာ အကြီးအကဲ ဖြစ်သည်။ သူ့ကားတခြားဂျပန်များထက် အရပ်ပို၍ရှည်သည်။ သူ့ဘေးတွင် စကားပြန် တစ်ယောက်ပါလာသည်။ အရင်ကလို ကုလားဒိန်မဟုတ်။ ဗမာ ဖြစ်သည်။ ထိုဂျပန်စစ်သားများ အားလုံးပင် စက္ကော့ရွာသို့ ယခုမှရောက်ဖူးခြင်း ဖြစ်သည်။

မကြာမီနယ်ပိုင်နှင့်ဌာနာပိုင်သည် ပုလိပ်အမှုထမ်းများနှင့်စာရေးနှစ်ယောက်ကို ခေါ်ပြီးနောက် စက္ကော့ရွာထဲသို့ တတ်ရောက်သွားကြသည်။ ထိုအခါသမ္ဗန် တစ်စင်း၏ဦးပေါ်၌ ခါးထောက်ရပ်နေသော ဂျပန်စစ်ဗိုလ်သည် သူ့ဘေးတွင် လွယ်ထားသောမှန်ပြောင်းဖြင့် စက္ကော့ရွာထဲသို့လှမ်းကြည့်သည်။ ပြီးနောက် မြစ်ရိုးတစ်လျှောက်ကိုကြည့်ရှုပြန်သည်။

အလွန်ဆုံးကြာလှပါမှ မိနစ်နှစ်ဆယ်သာဖြစ်မည်။ နယ်ပိုင်တို့ လူစု ပြန်လည်ဆင်းသက်လာကြသည်။ အသွားတုန်းကထက်နှစ်ယောက်ပိုလာသည်။ ဦးမောင်ကြီးနှင့်ဦးဗလ။

သူတို့လူစုသမ္ဗန်ဆိပ်ရောက်သည့်အခါ ဂျပန်စစ်ဗိုလ်နှင့်စကားပြန်တို့သမ္ဗန်ပေါ်မှ ဆင်းသက်လာ ကြသည်။ ဂျပန်စစ်ဗိုလ်သည်နယ်ပိုင်အား သူလိုချင်သော အစီအစဉ်တစ်ခုကို ပြောသည်။ တစ်ခါတစ်ခါ အင်္ဂလိပ်လို ပြောသည်။ တစ်ခါတစ်ခါစကားပြန်မှ တစ်ဆင့်ပြောသည်။ နယ်ပိုင်နှင့် စကားပြန်က ဦးမောင်ကြီးနှင့် ဦးဗလတို့အား တဆင့်ပြန်ပြောရသည်။

"နေရာကို အရင်ကြည့်ကြတာပေ့ါ။ နေရာကိုသဘောကျပြီဆိုရင် ကင်းစခန်း ဆောက်ဖို့ ဝါးခနိကရနိုင်ပါတယ်။ ဝါးကိုတော့ ဘုန်းကြီးကျောင်းထဲမှာ သွားခုတ်ရမှာပေ့ါ နယ်ပိုင်မင်း "

သူကြီးဦးမောင်ကြီးကနယ်ပိုင်ကိုပြောသည်။ တဖန် နယ်ပိုင်နှင့်စကားပြန်က ဂျပန်စစ်ဗိုလ်ကိုပြောရသည်။

"ရွာသားနစ်ဆယ်အစိတ်လောက် ရမယ်မို့လား၊ ကင်းစခန်းက သုံးနေရာ ဆောက်ရမယ် သူကြီး။ ဒီဘက်ကမ်းမှာ နစ်နေရာ။ ဟိုဘက် ရွှေဟသ်ာကျွန်း ထိပ်မှာကတစ်နေရာ။ အမိုးနဲ့အကာအတွက်တော့ ကိစ္စမရှိပါဘူးဗျာ။ သူတို့မှာရွက်ဖျင်တွေပါလာတယ်။ တကယ်လို့ လိုလာမှ ဓနိကိုသုံးတာပေ့ါဗျာ။ "

ဂျပန်စစ်ဗိုလ်၏စကားကို နယ်ပိုင်ကသူကြီးအားတဆင့်ပြန်ပြောရပြန်သည်။

"ရွာသားနစ်ဆယ်အစိတ်ရပါလိမ့်မယ်ခင်ဗျာ။ ရအောင်လုပ်ပေးပ့ါမယ်နယ်ပိုင်မင်း"

"ကဲ ဒီလိုဆိုရင် ကူးတို့သမ္ဗန်သုံးစင်းခေါ်ဗျာ။ ခပ်မြန်မြန်လုပ်ဗျို့သူကြီး။ နေသိပ်မပူခင် သူတို့အတွက်ကင်းစခန်းသုံးခုစလုံးပြီးစီးမှဖြစ်မယ်။ "

နယ်ပိုင်၏စကားအဆုံးတွင်ဦးဗလက သမ္ဗန်သုံးစင်းကိုသွားခေါ်လေသည်။ သို့နှင့်မကြာမီပင် ဂျပန်စစ်ဗိုလ်နှင့်စစ်သားငါးယောက်က သမ္ဗန်တစ်စင်း၊ နယ်ပိုင်နှင့်ဌာနာပိုင် အမှူးပြုသောလူစုက သမ္ဗန်တစ်စင်း။ ဦးမောင်ကြီး ဦးဗလနှင့်ပုလိပ်အမှုထမ်းသုံးယောက် သမ္ဗန်တစ်စင်းဖြင့် ကင်းစခန်းအတွက် နေရာအရှာထွက်ကြသည်။ သမ္ဗန်သုံးစင်းသည် စက္ကော့ရွာလယ်ဆိပ်မှနေကာ မြစ်ကြောင်းအတိုင်း ရွာတောင်ဖျားပိုင်းသို့ စုန်ဆင်းလာကြသည်။ ဂျပန်စစ်ဗိုလ်မှာ သမ္ဗန်ဦးတွင်မက်တပ်ရပ်လျက် စောစောကလိုပင် မှန်ပြောင်းတစ်လက်ဖြင့် ကြည့်ရှုလာလေသည်။

ဤလိုနှင့်ဂျပန်ကင်းစခန်းသုံးခုသည် စက္ကော့ရွာဘက်ကမ်းနှင့် ရွှေဟသ်ာကျွန်းဦး သောင်ထိပ်၌ နေ့ချင်းညချင်းနာရီပိုင်းအတွင်း ပေါ်ပေါက်လာတော့သည်။ ထိုကင်းစခန်းသုံးခုမှ ဗိုခနောက်ဆိုင် မကျတကျဖြစ်သည်။ ရွှေဟသ်ာကျွန်းဦး သောင်ထိပ်တွင် တစ်ခု၊ စက္ကော့ရွာဘက် ကမ်းချောင်းဦးတိုအောက်ဖက်တွင် တစ်ခုနှင့် ဘုန်းကြီးကျောင်းဝင်းအတွင်း ဇရပ်အဆောက်အဦး၏ အနောက်ဖက် ကမ်းပါးထပ်တွင် ကင်းစခန်းတစ်ခုဖြစ်သည်။

ယင်းနေရာမှာမြစ်သုံးခွဆိုင်နေရာဖြစ်သည်။ အောက်ဖက်မှတတ်လာသောလှေ၊ သမ္ဗန်၊ မော်တော်၊ သင်္ဘောမှန်လျှင် ထိုကင်းစခန်းများကို ဖြတ်ကျော်ပြီးမှ အထက်ပိုင်းသို့တတ်နိုင်မည်။ ရန်ကုန်သို့သွားလိုလျှင်လည်း ရွှေဟသ်ာကျွန်းဘေး ရှိ ရောဝတီမြစ်ပေါက်ကိုကျော်လွန်ပြီးမှ တွံတေးတူးမြောင်းလမ်းသို့ သွားရောက် နိုင်မည်။ နောက်တစ်လမ်းသည် စက္ကော့နှင့်ဒေါ်ဆောင်းကျွန်းကို ကျော်လွန်ရမည်။ ထိုမှတဆင့်ပန်းလှိုင်မြစ်ပေါက်။ ယင်းကမှ ငှက်ပျောကျွန်း ခတ္တိယလမ်းနှင့် ထန်းတပင်လမ်း ဖြစ်သည်။ ပြီးနောက်မှ ရန်ကုန်။

စင်စစ်ဂျပန်များကင်းစခန်းချသည်မှာ ထိုနေရာတဝိုက်၏ရေလမ်းခရီးအထွက် အဝင်အတွက် အဓိကဖြစ်သည်။ ဤနေရာတွင်ကမ်းရှိနေသဖြင့် တဖက်က ရန်သူ၏အကူးအသန်းအသွားအလာကို စစ်ဆေးနိုင်သည်။ အခြားတဖက်က ယင်းတို့အတွက် ရိက္ခာပစ္စည်းသယ်ဆောင်မှုနှင့် စစ်တပ်များ၏ သွားလာလှုပ်ရှားမှု ကို အထောက်အကူအကာအကွယ် ပေးနိုင်သည်။ တစ်စုံတစ်ရာ မသင်္ကာဖွယ် ရေလမ်းခရီး အသွားအလာကိုလည်း ဟန့်တားစစ်ဆေးခြင်းပြုနိုင်သည်။ ထို့ကြောင့် ဤနေရာသုံးနေရာ၌ကင်းစခန်းများချထားခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဂျပန်တွေကင်းစခန်းချလိုက်သဖြင့် စက္ကော့ရွာတစ်ရွာလုံး အကြီးအကျယ် အနေအထိုင်ကျုံ့သွားရသည်။ ထိုနေ့မနက်ပိုင်းကပင် စံတုတ်တို့ လူစုမှာ ကင်းစခန်းသုံးခုကို အပူတပြင်းဆောက်လုပ်ပေးကြရသည်။ ဘကြီးထွန်း၊ ဦးပေါ်လာ၊ ဘကြီးညို စသူများလည်းမနေရ။ ဇရပ်ပေါ်မှ ကပ္ပိယကြီးဦးဖိုးပင် နီးဖြာဝါးခွဲလုပ်ပေးရသည်။ ကျောင်းထဲမှ ဝါးများကိုခုတ်လှဲဖြတ်တောက်ပေးကြ ရသည်။ ကွမ်းသီးပင်ဆယ်ပင်တိတိ ခုတ်လှဲရသည်။ ဝပ်ကျင်းများ တူးပေးရသည်။ မီးဖို၊ အိမ်သာ၊ ရေချိုးတံတား စသည်များ ဆောက်လုပ်ပေးကြရသည်။

ရွှေဟင်္သာကျွန်းပေါ်မှကင်းစခန်းကိုလည်း စက္ကော့ရွာသားများကပင် လှူစုခွဲကာ သွားရောက်၍ ဆောက်လုပ်ပေးကြရသည်။ နယ်ပိုင်မင်းက နေမပူခင်အပြီးဟု ဆိုသော်လည်း ညနေ၃နာရီအချိန်ရောက်မှ လက်စသတ်တော့သည်။ သူကြီး၊ ဆယ်အိမ်ခေါင်း စသူများလည်းမနေရ။ ကူးတို့သူကြီး ဦးလာဘလည်းမနေရ။ ဝိုင်းကူဝိုင်းလုပ်ကြရသည်။ နယ်ပိုင်အမှုးရှိသော အမှုထမ်းများအားလုံးကို သူကြီးအိမ်မှ မနက်စာချက်ပြုတ်ကျွေးမွေးရသည်။ စံတုတ်တို့ သာဖန်တို့လူစုမှာ ချွေးတရွှဲရွှဲနှင့် ဟောဟဲလိုက်နေသည်။ မောတာပင်ပန်းတာကတစ်မျိုး၊ ဂျပန်ပါး ရိုက်မည့်ဘေးကို ကြည့်ရှောင်ရသည်က တစ်မျိုးနှင့် ဒိဋ္ဌဓမ္မကပ်ဆိုက်နေသည်။

ရွှေဟင်္သာကျွန်းပေါ်တွင် ဂျပန်တို့ ကင်းစခန်းဆောက်လုပ်သော်လည်း ရွှေဟင်္သာကျွန်းရွာသားများမှာ အထိမနာကြ။ ဆောက်လုပ်ပေးခြင်းမပြုကြရ။ ရွာကအတွင်းဘက်ကျကျတွင်ဖြစ်သည်။ ကင်းစခန်းက ကျွန်းရိုးသောင်ထိပ်တွင် ဆောက်လုပ်ချထားခြင်းဖြစ်သည်။ ရွာနှင့်ဆိုသော်တစ်မိုက်လောက်ဝေးသည်။ ကိုင်းတောကြီးများ၊ သောင်ပြင်ကြီးများ၊ မြေပဲခင်းနှင့်ဆေးခင်း၊ ပြောင်းခင်း၊ ကြက်သွန်ခင်းများခြားနေသည်။

စက္ကော့ရွာဘုန်းကြီးကျောင်းဇရပ်၏အနောက်ဘက်မှ ကင်းစခန်းမှာ စခန်းမ သဘောပင်ဖြစ်သည်။ ထိုစခန်းတွင်ဂျပန်စစ်ဗိုလ်နေမည်။ ကျန်သောစခန်းနှစ်ကို ထိုစခန်းမှနေ၍ ကွပ်ကဲ ခန့်ခွဲမည်။

ထိုနေရာမှာအတော်ပင် အကွက်ကျသည်။ ဂျပန်စစ်ဗိုလ်ကလည်း ထို့ကြောင့်ပင် ဇရပ်နောက်ပိုင်းကမ်းပါးထိပ်ကို ရွေးချယ်ခြင်းဖြစ်သည်။ ကမ်းပါး ထိပ်မှနေ ကြည့်လျှင် တစ်မြစ်ရိုးလုံးကို အထက်စီးမှမြင်ရသည်။ အဝေးအလှမ်းမှ လှေ၊ သမ္ဗန်၊ မော်တော်၊ သင်္ဘောစသည်များကို မြင်နိုင်သည်။ တစ်စုံတစ်ရာ မသင်္ကာ၍ခေါ်ချင်လျှင်လည်း အထက်စီးမှနေ၍ အလွယ်တကူခေါ်နိုင်သည်။ ပြီးနောက် စက္ကော့ရွာနှင့်တဆက်တည်းဖြစ်သောကြောင့် ရွာသို့အများဆုံးနှင့် အလွယ်ဆုံးဒုက္ခပေးနိုင်သည်။ ဝပ်ကျင်းပေါ်တွင် စက်သေနတ်ကလေး နှစ်လက်ကို မြစ်ဘက်လှည့်ကာ အသင့်ချထားသည်။ သူတို့တွင် ပါလာသော အလံကိုလည်း ကမ်းပါးထိပ်၌စိုက်ထူထားလိုက်သည်။

သို့နှင့် ညနေ၅နာရီအချိန်လောက်တွင် စက္ကော့ရွာတစ်ရွာလုံးကို မောင်းခတ် ကြော်ငြာလေသည်။ ည ၆နာရီကျော်လျှင် အပြင်မထွက်ရ။ မနက် ၆နာရီကျော်မှ ထွက်ကြရမည်။ ညဘက်တွင် အရေးတကြီးကိစ္စကြောင့် ကူးသန်းသွားလာ လိုပါက မီးခွက်မီးတိုင်ပါရှိရမည်။ သူကြီး ဆယ်အိမ်ခေါင်း တစ်ဦးဦး ပါရှိရမည်။ ကင်းစခန်းနှင့် ကိုက်ငါးဆယ်အတွင်း မချဉ်းကပ်ရ။ ညအခါ ဂျပန်စစ်သားများ ရွာတွင်းသို့ကင်းလှည့်လာ၍ မေးမြန်းမရလျှင် သေနတ်ဖြင့် ပစ်ခတ်ခြင်းကို ခံရမည်။ မည်သည့်အချိန်၌မဆို လှေသမ္ဗန်များ ကင်းစခန်းရှေ့မှ ဖြတ်သန်း၍သွားလာခဲ့လျှင် ကင်းတာဝန်ကျ ဂျပန်စစ်သားက သွားခွင့်ပြုမှ သွားရမည်။ ဂျပန်ကင်းစောင့်ကခေါ်ငင်ခြင်းပြုခဲ့လျှင် အမြန်ဆုံးလာရောက်ကြ ရမည်။ ဤအမိန့်များကို မလိုက်နာခဲ့သော် ပြင်းထန်စွာအရေးယူအပြစ်ပေးခြင်းကို ခံရလိမ့်မည်။

"ကိုင်း ဘယ်နှယ့်ရှိစ။ အလကား အချိန်ဆွဲနေတာကိုးကွ။ ခုတော့ရွာထဲသွားဖို့ တောင် မလွယ်တော့ဘူး။ "

ပိုက်ချက်စခန်းသို့ရောက်သည့်အခါ သာဖန်က မကျေမနပ်နှင့်စံတုတ်ကို အပြစ်တင်သည်။

" အိုကွာ မင်းဂျပန်တွ မိုးကျတဲ့ထိအောင်တော ဒီနေရာမှာ မနေနိုင်ပါဘူးကွ "

(၂၆)

မိုးကလေး တပြိုက်နှစ်ပြိုက်အရွာတွင် ဂျပန်တို့လူဖမ်းပွဲလုပ်ကြပြန်သည်။ သည်တစ်ကြိမ်လူဖမ်းပွဲမှာ နယ်နယ်ရရမဟုတ်။ သေးသေးကွေးကွေးမဟုတ်။ အပရိယမဟုတ်။ ဗမာတစ်ပြည်လုံး အုံးအုံးကျွတ်ကျွတ်နှင့် ပွတ်လောရိုက်တုတ် ဟီးသွားသော လူဖမ်းပွဲအကြီးစားဖြစ်သည်။

ရှောင်မလွတ် တိမ်းမလွတ် ပြေးမလွတ်သောလူဖမ်းပွဲ။ တားမရ ဆီးမရ ပြောမရ ဆိုမရသော မျက်ရည်ပေါက်ပေါက်ကျရသောလူဖမ်းပွဲ။

ဒေါက်တာဗမော်အစိုးရကလည်း မတတ်နိုင်။ တို့ဗမာအစည်းအရုံးကလည်း မတတ်နိုင်။ အာရှလူငယ်အစည်းအရုံးကလည်းမတတ်နိုင်။ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကလည်း မတတ်နိုင်။ အားလုံးကလက်ပိုက်ကြည့် နေရသည့်စာချုပ်မိသော လူဖမ်းပွဲကြီးဖြစ်လေသည်။

မိုးကလေးတစ်ဖျောက်ဖျောက်ကျနေသော တစ်ညတွင် စံတုတ်တို့ပိုက်ချက် စခန်းကို ဂျပန်စစ်သားများနှင့် ပုလိပ်များဝိုင်းကြသည်။ တွေ့သမျှလူအားလုံးကို ထုရိုက်ပြီး သမွန်ကြီးတစ်စင်းပေါ်သို့ တင်သည်။ ရွာသို့ခေါ်လာသည်။ ပိုက်ချက်စခန်းကိုသာမက ရွာကိုလည်း ဂျပန်စစ်သားများနှင့် ပုလိပ်များဝိုင်းပြီး ဖြစ်သည်။ အရွယ်ရောက်၍ လုပ်နိုင်ကိုင်နိုင်ရှိသူ၊ ထမ်းနိုင်ပိုးနိုင်ရှိသူ၊ ချီနိုင်မနိုင်ရှိသူ ယောကျာ်းများအားလုံးကို ဂျပန်တို့ကဖမ်းဆီးထားပြီးဖြစ်သည်။

အသက်အရွယ်ကြီးသောအဖိုးကြီးဦးပေါ်လာ၊ ဘကြီးညို၊ ဘကြီးဆောင်း၊ ဘကြီးမြိုင် စသူများ အဖမ်းအဆီးမခံရသော်လည်း လှကွန့်ဖိုးအေ ဘကြီးထွန်းတစ်ယောက်မှာ ထူးထူးခြားခြားအဖမ်းခံရသည်။ ဂျပန်များနှင့်အတူ ပါလာသော ဌာနာအုပ်က ထိုအဖိုးကြီးမှာ ညောင်တုန်းသခင်ချမ်းငြိမ်း၏တပည့် လှကွန့်ဖိုးအေဖြစ်သောကြောင့် တမင်ဖမ်းသည်ဟုဆိုသည်။ ဦးမောင်ကြီးနှင့် ဦးဗလတို့ အတန်တန် တောင်းပန်သော်လည်း မရ။

သည်တစ်ကြိမ်လူဖမ်းပွဲမှာ စကြော့ရွာအနေနှင့် ကောက်သင်းကောက်နီးနီး ဖြစ်သည်။ သူကြီးအိမ်မှ လူငှားသုံးယောက်လည်းပါသွားသည်။ ဦးမောင်ကြီး မတတ်နိုင်။ အဖမ်းခံရသူများအားလုံးကို ညောင်တုန်းဘက်သို့ ညတွင်းချင်း ခေါ်ဆောင်သွားသည်။ ယခင်မိုးမခလူဖမ်းပွဲထက် အဆတစ်ထောင်လောက် ပိုဆိုးသည်။ ညောင်တုန်းဂတ်အချုပ်ခန်းထဲတွင် လူတွေမှာ တစ်ယောက်အပေါ် တစ်ယောက်ထပ်အိပ်နေသည်။ အခြားအခြားသောရွာများမှ ရွာသားများကိုလည်း စကြော့ရွာသားတို့တွေ့ရသည်။ ဂျပန်ကင်ပေတိုင် အချုပ်ခန်းမှာ လူငါးဆယ် လောက်ဆန့်သည်။ လူတစ်ရာ့ငါးဆယ်ကျော်ထည့်သွင်းထားသည်။ လူတွေကို ငါးပိငါးချဉ်သိပ်သလား ထင်ရသည်။ ကြက်များကို ခြင်းထဲထည့်သည်ကမှ တော်လိမ့်ဦးမည်။

"ညက စကြော့ဘက်ကဖမ်းလာတဲ့လူတွေထဲမှာ သခင်လှကွန့်ကလေး ဖိုးအေပါ လာသတဲ့။ အဲဒါကြည့်လုပ်ပါဦးရှင် "

သခင်ချမ်းငြိမ်းဇနီးသခင်မတင်တင်က သူ့ယောကျာ်းကိုပြောသည်။ မတင်တင် အတော်ပင် မျက်စိမျက်နှာပျက် နေသည်။ လှကွန့်အပေါ် မတင်တင် သံယောဇဉ်ရှိသည်။ မနက်က ဈေးထဲသို့ သွားလာသော စကြော့ငါးရှဲများထံမှ ထိုကိစ္စကိုမတင်တင်သိရခြင်းဖြစ်သည်။

"ဟေ ဟုတ်လား။ ဒုက္ခပါပဲကွာ။ ငါဒီအကောင်တွေနဲ့ မျက်နှာချင်းမဆိုင်ချင်ဘူး။ မျက်နှာချင်းဆိုင်ရရင် တစ်ခုခုဖြစ်လိမ့်မယ်။ "

သခင်ချမ်းငြိမ်း အတော်ခေါင်းခြောက်သွားလေသည်။ ခုတလေသူ့တို့တွင် ပြဿနာအကြီးအကျယ် တက်နေသည်။ ကျောချင်းကပ် ရင်းချင်းအပ်လျက် စိတ်ချယုံကြည်ရမည့်သူကလည်း ကိုမင်းဒင်ပါမှ

၆ယောက်မျှ ရှိသည်။ ကိုမင်းဒင်က သူတို့ကျန်သူ ၅ယောက်လို အထင်အပေါ်မဟုတ်။ မြေအောက် လှုပ်ရှားမှုသမား။

ခပ်စောစောပိုင်းအချိန်ကလေးက ဘီအိုင်အေတပ်များနှင့် ကရင်လက်နက်ကိုင် တပ်များ တိုက်ပွဲဖြစ်ခဲ့ရာမှ ယခုနောက်ပိုင်းတွင်လူမျိုးရေး အဓိကရုဏ်းလိုဖြစ် လာသည်။ ခပ်စောစောက ကျေးရွာတွေလောက်ကိုသာ မီးရှို့သည်။ ယခုတော့ မြို့တွေကိုပါ မီးရှို့သည်။ ခပ်စောစောကသေနတ်အားကိုးဖြင့် ပစ်ကြခတ်ကြ တိုက်ကြခိုက်ကြသည်။ ယခုတော့ဒီလိုမဟုတ်။ လူ၁၀၀လောက်တွင် သေနတ်က အလက်အစိပ်သုံးဆယ်။ ကျန်တာက ဓါး၊ လှံ၊ မိုန်း၊ ဒူးလေး၊ ဝါးချွန် စသည်များဖြင့် တိုက်ကြခိုက်ကြ သတ်ကြဖြတ်ကြသည်။ ကရင်ရောဗမာရော နှစ်ဖက်စလုံးမှ အတုံးအရုံးသေဆုံးကြသည်။ ကရင်ရွာကို ဗမာကမီးရှို့၊ ဗမာရွာကိုကရင်ကမီးတိုက်ဖြစ်လာသည်။ မုဒိန်းမှု၊ ဓါးပြမှုများလည်း ထူပြောလာ သည်။ ထိုကိစ္စမှာ တစ်နယ်မှ တစ်နယ်သို့ တောမီးပမာကူးစက်ခဲ့ရာမှ ခုတော့ သခင်ချမ်းငြိမ်းတို့ မအူပင်ခရိုင်ထဲရောက်လာသည်။ ညောင်တုန်း အရှေ့ဘက် ကွင်း တောင်ဘက်ကွင်းများတွင် ကရင်ဗမာတိုက်ပွဲတွေ ဖြစ်နေသည်။ အလံနက်များ လွှင်ထူကာ တစ်ရွာနှင့်တစ်ရွာ မီးရှို့ပွဲတွေ အပြိုင်အဆိုင် ကျင်းပနေသည်။ အဆုံးရှုံးဆုံးမှာ ပန်းတနော်နယ်ဖြစ်သည်။

ယင်းသို့ဖြစ်လာသောပြဿနာကို သခင်ချမ်းငြိမ်းတို့လူစုက ကရင်ဗမာ လယ်သမားများအား သွေးမကွဲရအောင် စည်းရုံးဟောပြောလျက် တဖက်မှ ဖြေရှင်းဆောင်ရွက်နေရသည်။ အခြားတဖက်မှလည်း လျှို့ဝှက်သောလုပ်ငန်း ကြီးတစ်ခုဖြစ်သည့် ဂျပန်ဆန့်ကျင်ရေးအတွက်နိုင်ငံရေးသင်တန်းများပေးခြင်း၊ လူငယ်လူရွယ်များအား စစ်ပညာများကို လျှို့ဝှက်သင်ကြားပေးခြင်း၊ လက်နက် ခဲယမ်းမီးကျောက်များကို ရနိုင်သလောက်စုဆောင်း သိုဝှက်ရခြင်း စသောကိစ္စ များကို လုပ်ဆောင်နေကြရသည်။

ဤအတွင်း ဂျပန်များကလည်း ယိုးဒယား၊မြန်မာ မီးရထားလမ်းဖောက် လုပ်ရေးအတွက် အတင်းအဓမ္မ ချွေးတပ်သားများစုဆောင်းသည်။ မြို့တိုင်း ရွာတိုင်းက လုပ်နိုင်ကိုင်နိုင်ရှိသော ကရင် ဗမာ မွန် ယောက်ျားမှန်သမျှကို ဖမ်းဆီးသည်။ ပြီးလျှင် ထိုသူများကို ကျိုက္ခမီခရိုင်၊ သံဖြူဇရပ်မြို့ရှိ ချွေးတပ်စခန်းသို့ပို့လေသည်။

မနေ့ညက စက္ကော့ရွာသားများကိုဖမ်းလား ဆီးလား လုပ်သည်မှာလည်း ယိုးဒယား မြန်မာ မီးရထားလမ်းအတွက်ပင်ဖြစ်သည်။ စက္ကော့ရွာတစ်ရွာတည်း မဟုတ်။ ညောင်တုန်းတစ်နယ်လုံးတွင် လူဖမ်းပွဲကြီးများပြုလုပ်ခြင်းဖြစ်သည်။ ယင်းကိစ္စမှာအဓိပတိ ဒေါက်တာဗမော်အစိုးရနှင့် ဂျပန်စစ်ဖက်အာဏာပိုင်တို့ သဘောတူချုပ်ဆိုထားသော မစွက်ဖက်ရေးစာချုပ်အရ၊ မည်သည့်အဖွဲ့အစည်းကမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်။ လက်ပိုက်ကြည့်နေရသောကိစ္စဖြစ်သည်။ ထိုအဖြစ်ကို သခင်ချမ်းငြိမ်းတို့တစ်စုက မကျေနပ်ကြ။ သို့သော် ဘယ်လိုမှ မတတ်သာသေး။

"မနေ့ညက စက္ကော့ရွာကလူတွေကို သွားဖမ်းတော့ ဟိုအကောင်ဌာနာအုပ် စိုးမောင် ပါသွားတယ်တဲ့။ ဒီအဖိုးကြီးဖမ်းလာတာ သူ့လက်ချက်ဖြစ်မှာပဲ။ စိုးမောင်နဲ့ရှင်နဲ့က စရောက်လာကတည်းက မတဲ့ကြဘူး မှတ်လား။ "

မတင်တင် အတွေးအခေါ်မညံ့။ အမှန်လည်းဤအတိုင်း ဖြစ်သည်။ သခင်ချမ်းငြိမ်းနှင့်စိုးမောင်မှာ တဇောင်းစေးနှင့် မျက်ချေး။

သခင်ချမ်းငြိမ်းငိုင်နေသည်။ ဘယ်လိုလုပ်ရကောင်းမလဲ စဉ်းစားသည်။ ထိုကိစ္စကို ဂျပန်စစ်ရုံးသွားပြောလျှင် သူနှင့် မစ္စတာဟာတာတို့ အကြီးအကျယ် ပြဿနာတက်ရမည်။ တကယ်ဆိုတော့ ယခုလိုအချိန်အခါမျိုးတွင် ဤလိုပြဿနာ ဖြစ်ပွားရမည့် ကိစ္စမျိုးကို သူ့ဘက်ရှောင်နိုင်သလောက် ရှောင်မှဖြစ်မည်။ ကိုမင်းဒင်ကိုယ်တိုင်ကကလည်း သူ့ကိုမကြာခဏသတိပေးသည်။ သူ့ကြောင့် မြွေပူရာကင်းမှောင့် ဖြစ်ခဲ့လျှင်မကောင်း။ ထို့ထက်အရေးကြီးသော ကိစ္စများက လည်း သူ့တို့ပခုံးပေါ် စီးနေသည်။

"သခင်လှကွန့်ကလေး ရှိနေတုန်းဆိုရင် ဘာပြောပြောတော်သေးတယ်ရှင်။ ပြန်လာလို့ဒီကိစ္စသိရင် ခမြာဘယ်နည်းနဲ့မှစိတ်ကောင်းရှာမှာ မှုတ်ဘူး။ သူတို့မှာ ဒီမြေးအဖိုးရှိတာ။ နို့ပြီး ရှင်တို့ ကျမတို့အနေနဲ့ တာဝန်မဲ့ရာကျမယ်။ "

မှန်သည်။ လှကွန့်ကို လျှို့ဝှက်နိုင်ငံရေးသင်တန်းတစ်ခုသို့ပို့လွှတ်ထားသည်။ ရှေ့ဆက်လက်၍လည်း သခင်လှကွန့်ကိုတာဝန်ပေးစရာတွေ အတော်များများ ရှိသည်။ ဤကိစ္စမှာသူတို့ပင် တာဝန်ရှိသင့်သလောက် ရှိကြောင်း သခင်ချမ်းငြိမ်းတွေးမိသည်။ သို့သော် အဖိုးကြီးကိစ္စကို သူလိုက်လို့တော့ ဘယ်နည်းနှင့်မှမဖြစ်နိုင်။

"ဒီလိုလုပ်စမ်းပါကွာ။ ကောင်းတော့တယ်ပြီး မကောင်းလှဘူး မတင်တင်။ ဒါပေမယ့် မတတ်နိုင်ဘူးကွာ။ နည်းလမ်းက ဒီတစ်ခုပဲရှိတယ်။ တစ်ယောက် ယောက်ကို ငွေပေးပြီး လူစားလဲထည့်ရင် မဖြစ်နိုင်ဘူးလား။ "

မတင်တင်အတန်ကြာတွေငေးနေသည်။ ပြီးမှ

" ရပ့်ါမလာ။ လိုက်မယ့်လူရှိပ့်ါမလား။ " မေးသည်။

"ရလိမ့်မယ်ထင်တယ်။ တစ်ရာလောက်ပေးကြည့်ပေ့ါ။ တစ်ရာမရ နှစ်ရာ၊ နှစ်ရာမရ သုံးရာကွာ။ အဲဒီနည်းနဲ့မင်းပဲကြည့်လုပ်စမ်းပါကွာ။ ငါဒီဂျပန်တွေနဲ့ စကားမပြောပါရစေနဲ့။ ဟိုဒင်းကွာ နယ်ပိုင်စာရေးကြီး ကိုငြိမ်းမောင်နဲ့ ကပ်ပြောပေ့ါ။ သူတို့လုပ်ပေးရင် ရနိုင်ပါတယ် ။ "

"ငါးရာကုန်ချင်ကုန်ပါစေရှင်။ ဖြစ်လာမှတော့ စားစရာမရှိရော်စရာရှိရမှာပေ့ါ။ ဒီဂျပန်စက္ကူ ငါးရာတစ်ထောင် ဆိုတာကလဲ ဘာမှတန်ဖိုးရှိတာမှုတ်ဘူး။ "

မတင်တင်အဝတ်အစားချက်ချင်း ထလဲသည်။ တဖြုတ်ကလေးအတွင်း ထီးတစ်လက်ဆွဲကာ အပြင်ထွက်သွားသည်။ မောင်ဘွားအရင်းအခြား တစ်ယောက်ကိစ္စလို မတင်တင်ပူပန်ရှာသည်။

တစ်နာရီကျော်ကျော် နှစ်နာရီလောက်အချိန်ကြာမည်။ မတင်တင်ပြန်ရောက် လာသည်။ တစ်ကိုယ်လုံးချွေးစိုနေသည်။ မျက်နှာတစ်ပြင်လုံးနီမြန်းနေသည်။ ဒေါ်အကြီးအကျယ်ပွလာသည်။ အဆင်မပြေဖြစ်ခဲ့ကြောင်း သူ့ဇနီးကို မြင်လိုက် ရုံနှင့် သခင်ချမ်းငြိမ်း ရိပ်မိလေသည်။

" ဘယ်လိုလဲ "

"ဟင်း ရှင်တို့ကျမတို့ကအင်္ဂလိပ်အလိုတော်ရိတွေကို ဆိုးလှပလား မှတ်နေတာ။ ဂျပန်အလိုတော်ရိတွေကမှ ပိုဆိုးတာ" ဟု စကားစချီသည်။

"ဖြစ်ပုံကိုပြောစမ်းပါကွာ။ အင်္ဂလိပ် အလိုတော်ရိလဲ မကောင်းဘူး။ ဂျပန်အလိုတော်ရိလဲမကောင်းဘူး။ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်အမျိုးသားတွေ အပေါ်မှာသစ္စာဖောက်တဲ့လူမှန်ရင် ဘယ်သူမှမကောင်းဘူးကွ။ ဘာလဲ လူငှားလို့ မရဘူးလား။ "

မတင်တင် ဖြစ်လာပုံကို မပြောနိုင်သေး။ ညီမဖြစ်သူရှိရာသို့ ရေတစ်ခွက် လှမ်းတောင်းကာသောက်သည်။ မျက်နှာပေါ်ရှိ ချွေးများကို သုတ်ရသည်။

"ရှင်တို့ကျမတို့ကိစ္စဆိုတော့ ငွေတစ်ရာလောက်နဲ့ လိုက်ပေးမယ့်သူရှိပါတယ်။ ရေထမ်းနေတဲ့ဦးမှိုက သူလိုက်ပ့်ါမယ်တဲ့။ အဲဒါနဲ့ကျမလဲ ဝမ်းသာအားရ သွားပြောတယ်။ ဘယ်ရတော့မလဲ။ ဟိုအကောင် စိုးမောင်ထိုးထားတဲ့ လုံ့ချက်ကစူးနေမှကိုး။ ဒီအဖိုးကြီးကလွဲရင် ဘယ်သူ့ပဲဖြစ်ဖြစ်ရမယ်တဲ့။ ကဲ ဘယ့်လောက် မခံချင်စရာကောင်းသလဲ။ အဲဒီအချိန်မှာပဲ ဟို ဂျပန်ကင်ပေတိုင်ရုံးက ဘဖြိုးဆိုတဲ့အကောင်နဲ့ စိုးမောင် ကျမဆီပေါက်လာတယ်။ သခင်မကြီး ဘာကိစ္စလာသလဲတဲ့။ ကျမ နှစ်ယောက်စလုံးကို ပါးရိုက်ပစ်ခဲ့မလို့။ စိတ်ကို အတော်ချုပ်လာရတယ်။ "

"အင်း ကိုယ်တို့လူမျိုးတွေဟာ အရှေ့ကိုမကြည့်တတ်ကြ မမြင်တတ်ကြသေးပဲ ကိုးကွ။ တစ်ခါတုန်းက အင်္ဂလိပ်ကိုအဟုတ်ကြီး အကောင်းကြီးထင်တယ်။ ခု ဂျပန်ကို အဟုတ်ကြီး အကောင်းကြီးထင်တယ်။ အေး

ဒါပေမယ့် အဲဒါက လူနည်းစုလောက်ပါကွာ။ အမြော်အမြင်ရှိတဲ့ခေါင်းဆောင်တွေနဲ့ လူများစုကြီး ကတော့ တစ်နေ့မှာ ဒီဂျပန်တွေကို . . . ”

သခင်ချမ်းငြိမ်း စကားမဆုံးမီ အိမ်ပေါက်မှ လူနှစ်ယောက်တက်လာသည်။ စက္ကော့ရွာသူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလတို့ ဖြစ်သည်။ သခင်ချမ်းငြိမ်းကို အစည်းအရုံးတွင် မတွေ့သဖြင့် အိမ်လိုက်လာခြင်းဖြစ်သည်။ သူတို့ချင်းမှာ အတော်အတန်ရင်းနှီးကြသူများဖြစ်သည်။

“ထိုင်ကြဗျို့ သူကြီးတို့။ ညက ဖမ်းလာတဲ့လူတွေကိစ္စ ထင်တယ်။ ဟုတ်လားဗျ။ ရွာအခြေအနေကော ခုဘယ်လိုတုန်း။ ”

သခင်ချမ်းငြိမ်းက ဦးမောင်ကြီးနှင့် ဦးဗလကိုနေရာထိုင်ခင်းပေးရင်းမှ မေးသည်။ အိမ်ရှေ့ပိုင်း ဧည့်ခန်းရှိရာသို့ ထ လာသည်။

“ဟုတ်ပါတယ်ဗျာ ညကလူတွေကိစ္စလဲ မေးရင်းမြန်းရင်း တိုင်းပြည်အခြေအနေ တွေလဲစုံစမ်းရင်းဆိုပါတော့။ ကျွန်တော်တို့ရွာကတော့ ခုနေမှာ ဂျပန်ကင်း ရှိနေတော့ ကရင်ရန်သိပ်မစိုးရိမ်ရသေးဘူး။ ဂျပန်ကင်းရုတ်သွားရင်တော့ တစ်မျိုးတစ်ဖုံများဖြစ်လာမလား မဆိုနိုင်ဘူး ခင်ဗျာ။ ခုတစ်ချီ လူဖမ်းပွဲကတော့ ရွာမှာ ယောက်ျားကုန်သလောက်ဖြစ်သွားတာပဲ။ ဒီလူတွေကို ဘယ်တော့လောက် ရန်ကုန်ပို့မှာလဲခင်ဗျ။ သူတို့အိမ်က သားမယားနဲ့ တွေ့ခွင့်မပေးတော့ဘူးလား။ အဝတ်ကလေး အစားအသောက်ကလေးမှ မပေးရတော့ဘူးလား။ ”

ဂျပန်စစ်ရုံးက မကြာခဏခေါ်ယူအသုံးချခြင်း ခံနေရသော်လည်း သူကြီးနှင့် ဆယ်အိမ်ခေါင်းမှာ စစ်ရုံးက လူများထံ မေးဝံ့မြန်းဝံ့ဟန်မတူ။

“ အင်း အတော်တော့ခက်နေပါပြီ။ အဲဒီကိစ္စမှာ ကျွန်တော်ဘာမှ မသိရသေးဘူး ခင်ဗျ။ ကျွန်တော်သိတာက ဖမ်းတာ ဆီးတာလောက်နဲ့ မော်လမြိုင် ဘက်ပို့မယ် ဆိုတာလောက်ပဲ။ ”

ထိုအခိုက် သူတို့စကားဝိုင်းရှိရာသို့ မတင်တင်ရောက်လာသည်။

“ပို့တာကတော့ ဒီညနေလောက်ပို့မှာပဲရှင့်။ ဒါပေမယ့် ဘယ်သူနဲ့မှ တွေ့ခွင့်ပေးမှာ မှုတ်ဘူး။ ဘာပစ္စည်းမှပေးရမှာလဲမှုတ်ဘူး။ အအော်အငေါက်ခံရမှာနဲ့ သူတို့စိတ်မထင်ရင် အရိုက်အပုတ်ခံရမှာပဲ ရှိမယ်။ ခုနကလေးတင် ကျမ အဲဒီကပြန်ရောက်လာတယ်။ ”

မတင်တင်မျက်နှာကို မော့်ကြည့်နေသော သူကြီးနှင့်ဆယ်အိမ်ခေါင်းမှာ ဟင်းကနဲ သက်မချကာ ခေါင်းငိုက်စိုက်ကျသွားကြသည်။

“အရှေ့ဘက်ကွင်းနဲ့တောင်ဘက်ကွင်းက တွေ့ချင်ပေးချင်လို့ လာတဲ့မိန်းမတွေ ခလေးတွေဟာမနည်းပါဘူး။ ဂျပန်စစ်သားနဲ့ ပုလိပ်တွေက အကုန်မောင်း လွှတ်တယ်။ တစ်ချို့များ အရိုက်အနက် အကန်အကျောက်တောင် ခံကြရတယ်။ ဒေါသဖြစ်စရာပါ ရှင်။ ကိုယ့်အမျိုးသားချင်းကလဲ မရိုင်းပင်းချင်ကြဘူး။ ”

“ ဒီလူတွေကို ဘယ်တော့လောက်ပြန်လွှတ်မှာလဲ။ ” ဦးမောင်ကြီးကမေးသည်။

“အဲဒါလဲ မပြောတတ်ဘူးဗျ။ ခန့်မှန်းဖို့ကလဲ အခက်သားကလား။” သခင်ချမ်းငြိမ်းကဆိုသည်။

“ ဒုက္ခဆိုတာ ဒါမျိုးပါကလားဗျာ ” ဦးဗလက ညည်းတွားရေရွတ်သည်။

တစ်စုံတစ်ရာကို မပြောမိအောင် သခင်ချမ်းငြိမ်းမနည်းပင်သတိထားရသည်။ ရင်ထဲလှိုက်တတ်လာသည်။ ဒီဖက်ဆစ်တွေကို ခံချရမယ်ဗျ။ ဒါမှကျုပ်တို့အားလုံး ဖက်ဆစ်ရဲ့သံဖနောင့်အောက်က လွတ်မှာဟု ပြောလိုက်ချင်သည်။ သို့သော် အခြေအနေနှင့်အချိန်အခါက စိတ်ရှိတိုင်းဖွင့်ပြောလို့မဖြစ်နိုင်သေး။

ဦးမောင်ကြီးနှင့် ဦးဗလသည်နောက်ထပ် တစ်နာရီကျော်ကျော် သခင်ချမ်းငြိမ်း နှင့်စကားပြောသည်။ ပြီးလျှင် နှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းသက်သွားကြသည်။ ကူးတို့ဆိပ်ညောင်ပင်ကြီးအောက်တွင် ရွာမှလိုက်လာကြသော မိန်းမနှင့် ကလေးများမှာ သုံးဆယ်လောက်ရှိနေသည်။ သူတို့ထံသွားကာ

အကြောင်းသင့် အကျိုးသင့်ပြောရဦးမည်။ ပြီးနောက် သူတို့နှစ်ဦးက ရွာပြန်နိုင်ဦးမည်မဟုတ်။ ညောင်တုန်း ဘဲ့လမ်းထဲသို့သွားရောက်ရန် နောက်ဆက်တွဲကိစ္စရှိနေသည်။

ဘဲ့လမ်းထဲတွင် ဦးမောင်ကြီး၏ ယောက်ဖဝမ်းကွဲ တစ်ယောက်ရှိသည်။ သူကြီးကတော်၏မောင်ဖြစ်သည်။ ဦးဗလ၏တူတစ်ယောက်လည်း ဘဲ့လမ်းတွင် နေသည်။ တိုင်းပြည်အခြေအနေ ဒီထက်တိုး၍ စိတ်မချရသော် အိမ်သူ အိမ်သားများကို ညောင်တုန်းပို့ထားရကောင်းမလားဟု နှစ်ဦးတိုင်ပင်ကြသည်။

"ကျုပ်ထင်တာပြောရရင် တိုင်းပြည်အခြေအနေဟာရှေ့လျှောက်လို့ ဒီထက်ထိဆိုး လိမ့်ဦးမယ် ထင်တယ် ကိုဗလ။ ကျောင်းထိုင်ဆရာတော်ကိုညောင်တုန်းဘက် ခဏတဖြုတ်ပြောင်းရွှေ့ပြီး သီတင်းသုံးပါလား ဘုရားလို့ တစ်နေ့က ကျုပ်လျှောက်ကြည့်သေးတယ်။ "

" ဘယ်လိုအမိန့်ရှိလဲဗျ "

"ဆရာတော်အနေနဲ့ သူ့အကျင့်သီလနဲ့သူ့သိက္ခာကို အင်မတန်ယုံကြည် စိတ်ချပြီးသားပဲ။ တိုတိုပဲ အမိန့်ရှိလိုက်တယ်။ ဦးဇင်းအတွက် မကြောင့်ကြပါနဲ့ ဒကာကြီး တဲ့။"

လမ်းလျှောက်ရင်း စကားပြောလာကြရာမှ ကျောင်းထိုင်ဆရာတော် ရှင်ဓမ္မဝိလာသ အကြောင်းပါလာသည်။ ဇရပ်နောက်ဖက်ကမ်းပါးထိပ်တွင် ဂျပန်များကင်းစခန်းပြုလုပ်စက ရဟန်းတော် အတွက် သူတို့စိုးရိမ်သောက ဖြစ်ကြသေးသည်။ ထိုကိစ္စမှာနောက်တော့ အဆင်ပြေသွားခဲ့သည်။ ဂျပန်စစ်တပ်နှင့် အတူပါလာသော ဂျပန်စကားပြန် ကိုမောင်မောင်ကြည်၏ ဆောင်ရွက်ပေးမှုကြောင့်ဖြစ်သည်။ ကင်းစခန်းရှိ ဂျပန်စစ်သားများသည် ရွာသူရွာသားများအပေါ်တွင် ဒုက္ခပေးသော်လည်း ကျောင်းတွင်းရှိ ရှင်ဓမ္မဝိလာသနှင့် ကပ္ပိယကြီးတို့ကိုကား လွတ်ငြိမ်းခွင့် ပေးထား သည်။ ကိုမောင်မောင်ကြည်၏ ကျေးဇူးကြောင့် ဟုဆိုရမည်။ ဦးမောင်ကြီးနှင့် ဦးဗလတို့ကို ကိုမောင်မောင်ကြည်က ပြောသည်မှာ ဂျပန်စစ်ဗိုလ် သည် ဂျပန် ဗုဒ္ဓဘာသာတစ်ယောက်ဟုဆိုသည်။ ဟုတ်သလား မဟုတ်ဘူးလား တော့ ဦးမောင်ကြီးတို့အသေအချာမသိ။ ကျောင်းဝင်းအတွင်း အုန်းသီးများနှင့် ဝါးပိုးမျှစ် များမှာကား ဂျပန်စစ်သားများလက်ချက်ကြောင့် တက်တက်ပြောင် လေပြီ။

ရဟန်းတော်မှာ ညဉ့်သန်းခေါင်ကျော်လျှင် ကျောင်းပေါ်တွင်မရှိ။ နံနက် အာရုဏ်ဦးအချိန်လောက်မှ ကျောင်းပေါ်သို့ ပြန်ရောက်စမြဲဖြစ်သည်။ ကျောင်းအနောက်ဘက် လယ်မြေသုံးလေးကွက်လောက် အလွန်တွင်ရှိသော သုသာန်ဇရပ်ပေါ်၌ သွားရောက်ကာ အာနာပါဏကမ္မဋ္ဌာန်းတရားကို စီးဖြန်းပွားများခြင်းဖြစ်သည်။ ရဟန်းသူမြတ်တစ်ပါး၏ တရားအားထုတ်သည့်အလုပ်မှာ လူသိလူမြင်ခံကာ ကြွားဝါနေရမည့်ကိစ္စ မဟုတ်သောကြောင့်လည်း ရှင်ဓမ္မဝိလာသ၏တရားအားထုတ်မှုကို ရွာသူကြီး၊ ဆယ်အိမ်ခေါင်း၊ ကူးတို့သူကြီး နှင့် ဇရပ်ပေါ်ရှိ ကပ္ပိယကြီးတို့လောက်သာ သိသည်။

ရဟန်းတော်သည် နိစ္စဒူဝအားဖြင့် ညဉ့်သန်းခေါင်ချိန်လောက်ကစ၍ နံနက်အာရုဏ်ဦးချိန်ထိ သုသာန်ဇရပ်ပေါ်၌သာ အာနာပါဏ ကမ္မဋ္ဌာန်းတရားကို စီးဖြန်းပွားများရင်း အချိန်ကုန်လွန်စေသည်။ ရှင်ဝိလာသသည် စကားနည်း လှသည်။ ဆိတ်ငြိမ်မှုကိုနှစ်ခြိုက်သည်။ ထိုထိုမည်မည်သော လောကီအာရုံကာမ ဂုဏ်မှုကိစ္စကိုလည်း စက်ဆုပ်သည့်ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။

စင်စစ်ရဟန်းတော်၏ မျက်မှောက်ဘဝဖြစ်ရပ်များကပင် ရဟန်းတော်အား ဤအဖြစ်သို့ ပို့ဆောင်ပေးလိုက်ခြင်း ဖြစ်သည်။ ဦးပဥ္စင်းသည် ငယ်စဉ်အခါကပင် အဖမဲ့သားဖြစ်ခဲ့ရသည်။ အမိသည် ရှင်ဝိလာသအား လူလားမြောက်အောင် မမွေးခဲ့နိုင်။ ဆင်းတောင့်ဆင်းရဲအဖြစ်နှင့် ရှင်ဝိလာသ ရနှစ်အရွယ်လောက်တွင် လူ့လောကမှ စွန့်ခွာသွားသည်။ ထိုအခါ သူ့ဘဝတွင် ဆွေရယ်မျိုးရယ် ဦးအစ်ကိုမောင်နှမရယ်ဟု လက်ညှိုးထိုး၍ ပြစရာမရှိ။ အရှေ့တောင်ညို ဆရာတော်ကြီးက ကောက်ယူမွေးစားခဲ့ရသည်။ အရှင်ဝိလာသသည် အောက်ပြည် အောက်ရပ်သို့ ဆရာတော်ကြီးနှင့် အတူပါလာခြင်းဖြစ်သည်။ ညောင်တုန်းရောက်မှ ပဥ္စင်းတတ်ရခြင်းဖြစ်သည်။

ဂျပန်များ ဝင်ရောက်လာ၍ ဆရာတော်ကြီးအထက်အညာသို့ ပြန်လည်ကြွမြန်း သည့်အခါ ရှင်ဝိလာသသည် ဆရာတော်ဘုရားထံ ခွင့်ပန်၍နေခဲ့ခြင်းဖြစ်သည်။ ဘုန်းကြီးသားဟု သမုတ်ကြသောအရပ်သို့ကား ရှင်ဝိလာသမပြန်လို။ အတန်ငယ် တော့ ရှက်သလိုဖြစ်မိသည်။

မည်သို့ပင်ဖြစ်စေ ထိုအကြောင်းများကြောင့်ပင် ဘဝဒဏ်ချက် နာကျည်း လာသော ဦးပဥ္စင်းအနေနှင့်ကပ္ပိယကြီးဦးဖိုးလို ဒုက္ခသည် တစ်ယောက် အပေါ်၌ လည်းကောင်း၊ ပုလဲကဲ့သို့သော မိမဲ့ ဖမဲ့ ဆွေမဲ့ မျိုးမဲ့ မိန်းခလေးတစ်ဦး အပေါ်၌လည်းကောင်း ဘဝချင်းစာနာသောအသိ၊ မွန်မြတ်သန့်စင်သော စေတနာဖြင့်ကရုဏာထားခဲ့ခြင်းဖြစ်သည်။

ဇရပ်နောက်ဖက်တွင် ဂျပန်တွေကင်းစခန်းချသည့်အချိန်မှစ၍ ပုလဲကျောင်းဝင်း ထဲသို့ လုံးလုံးမရောက်။ ယင်းသို့မရောက်သည်မှာ ဂျပန်ကြောင့်ချည်းမဟုတ်။ သူမ၏ကိုယ်ဝန်က ပေါ်လွင် ထင်ရှားလာသော အဖြစ်မှာ တစ်ခု ပါဝင်သည်။

ရှာကျော်ရပ်ကျော်ဖြစ်လာသော ကိုယ်ဝန်ကိစ္စကို အစတော့ ကပ္ပိယကြီး ဦးဖိုးမသိ။ နောက်တဖြည်းဖြည်းတော့ ဟိုလူပြောဒီလူပြော သိသွားသည်။ သို့သော် ဇစ်ဇစ်မြစ်မြစ်သိခြင်းလည်း မဟုတ်။ ပုလဲတွင်ကိုယ်ဝန်ရှိနေသည် ဟူသောအသိလောက်သာဖြစ်သည်။ ရွာသား ကာလသားထဲက တစ်ယောက် ယောက်နှင့် ဖြစ်ကြပျက်ကြသော ကိုယ်ဝန်ဟု ခပ်လွယ်လွယ် ဦးဖိုးယူဆသည်။ ထို့ကြောင့်လည်း ရဟန်းတော်များအနေနှင့် မအပ်စပ်သော ယင်းအဖြစ်ကို ရှင်ဓမ္မဝိလာသ ကိုယ်တော်အားလည်း လျှောက်ထားပြောဆို ခြင်းတော့ မပြုမိ။ စိတ်ထဲကတော့ ဒီမိန်းခလေးအရွယ်ဟာ အိမ်ထောင် ရက်သားပြုသင့်တဲ့ အရွယ်ပဲ။ ဒါဟာတစ်နည်းတော့ ကောင်းသားပဲ။ အားကိုး အားထား ရသွားတာပေါ့ဟု ကပ္ပိယကြီးတွေးသည်။ ညနေတိုင်းရွာထဲသွား နေရသဖြင့်လည်း ပုလဲနှင့်တွေ့သည့်အခါ တွေ့သည်။ သို့သော်အရင်ကလို အခါများစွာတော့မဟုတ်။ မရှောင်နိုင် မတိမ်းနိုင်လွန်းမှ ပုလဲကိုတွေ့ရခြင်း ဖြစ်သည်။ ပုလဲကရှက်၍ ရှောင်သည်။ ဒါကိုတော့ ကပ္ပိယကြီးမသိ။ ဤလို တွေ့ကြသောအခါများ၌လည်း ကပ္ပိယကြီးက သူနှင့်မအပ်စပ်သော ပုလဲ၏ ကိုယ်ဝန်ကိစ္စကိုတော့ အနည်းငယ်မျှ မစပ်စု။

(၂၇)

အချို့အချို့ကိစ္စများတွင် စံတုတ်အတွက်မှားသည်။ သို့သော် ဂျပန်ကင်းစခန်း များနှင့်ပတ်သက်၍ကား စံတုတ်မှန်သည်။ ကဆုန်လကုန်၍ နယုန်အကူး မိုးကလေး လေးငါးချီအရွာတွင် စကျေ့ာရွာမှ ဂျပန်ကင်းစခန်းများ ရုတ်သိမ်း သွားခဲ့သည်။ ထိုမျှအချိန်နှင့် ကင်းစခန်းများ ရုတ်သိမ်းသွားကြသည်မှာ အကြောင်းတစ်ခုရှိခဲ့သည်။ ထိုအကြောင်းသာ မဖြစ်ခဲ့လျှင် နယုန်လကုန် ဝါဆိုဦးလောက်ထိ ဂျပန်များ နေကောင်းနေလိမ့်မည်။

ရွှေဟင်္သာကျွန်းပေါ်တွင် အကြောင်းတစ်ခု ဖြစ်လိုက်သည်။ အာရုဏ်တက် လောက်က ဖြစ်လိုက်ဟန် တူသော ယင်းအကြောင်းကို မိုးစင်စင်လင်းမှ ဇရပ်နောက်ဖက် စခန်းမကင်းနှင့် ချောင်းဦးတို

အောက်ဖက်ကင်းမှ ဂျပန်စစ်သားတို့သိကြရသည်။ အာရုဏ်တက်ချိန်လောက်တွင် မိုးအတော်အတန် သည်းခိုက် ထိုအဖြစ်ဖြစ်ဟန်တူသည်။

ရွှေဟသာ်ကျွန်းဦးရှိ ကင်းစခန်းကိုရန်သူအစီးခံလိုက်ရသည်။ ရန်သူဟုသာ ဆိုရမည်။ ထိုရန်သူ၏ အမျိုးအစားကို ဂျပန်တို့ အတိအကျမခွဲခြားနိုင်။ ကရင်လား၊ ဗမာလား၊ ဗြိတိသျှစစ်တပ်မှ စစ်ပြေးအကြွင်းအကျန်များလား၊ ဆိုးခိုး တိုက်ခိုက်နေသော ဓားပြဂိုဏ်းများလား၊ ကင်းစခန်းအစီးခံရပုံမှာလည်း ပိပိပြားပြားဖြစ်သည်။ သေနတ်သံမကြားရ။ အော်သံဟစ်သံမကြားရ။

ရွှေဟသာ်ကျွန်းကင်းစခန်း၌ ဂျပန်စစ်သား ၆ယောက်ထားသည်။ စက်ကလေး တစ်လက်နှင့် ရိုင်ဖယ်များပေးထားသည်။ အာရုဏ်မတတ်မီအချိန်ထိ ယင်းကင်း စခန်းနှင့်ကင်းစခန်းမတို့ အဆက်အသွယ် ရှိခဲ့သည်။ အာရုဏ်ချိန် မိုးရွာသွန်း နေခိုက်တွင်မူ အဆက်အသွယ်မပြုပဲ ခပ်အေးအေးပင်ရှိခဲ့ကြသည်။ သို့နှင့် မိုးလင်းလျှင် ဇရပ်နောက်ပိုင်းကင်းစခန်းမမှ ထုံးစံအတိုင်းအလံကို ဝှေ့ယမ်းလျက် အဆက်အသွယ် လုပ်သည်။ နောက်လှို့ဝှက်အထိမ်း အမှတ် ပြသည်။ မည်သို့မျှ အဆက်အသွယ်ပြန်မရ။ ဤတွင် ကင်းစခန်းမမှ ဂျပန်စစ်ဗိုလ် နှင့် စစ်သားအချို့ ရွှေဟသ်သာကျွန်းဘက်သို့ကူးသွားကြသည်။ သူတို့တွေ့ကြရသည်မှာ . . .

ဂျပန်စစ်သားတစ်ယောက်သည် တစ်ကိုယ်လုံးသွေးသံရဲရဲဖြင့် ရေစပ်သောင်ပြင် ပေါ် လျှောက်ပြေးနေသည်။ သူ့ပါးစပ်ကအော်ချင်ရာတွေ အော်နေသည်။ အသံမပီမသ ဝူးဝူးဝါးဝါးဖြစ်သည်။ သွေးရူးသွေးတန်းဖြစ်သည်။ ကျန်သော ဂျပန်စစ်သား ၅ယောက်မှာ ကင်းစခန်းရှေ့နှင့် ကင်းစခန်းအတွင်းတွင် သွေးအိုင်ထဲလဲကျနေသည်။ ၅ယောက်စလုံးအသက်မရှိကြတော့။ စက်ကလေးမှစ၍ ခဲယမ်းကျောက်အားလုံး ရန်သူ့နောက်သို့ပါသွားသည်။ ဂျပန်စစ်သား ၅ယောက်လဲကျနေသော အနီးတဝိုက်၌ကား ခြေရာများဖြင့် ရှုပ်ယှက်ခတ် နေသည်။ ထွေးလုံးသတ်ပုတ်ကြဟန်၊ အကျိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ကြဟန် ပေါ်လွင်နေသည်။

ဂျပန်စစ်ဗိုလ်သည် သွေးရူးသွေးတန်း လျှောက်ပြေးနေသော သူ့စစ်သားအား အော်ဟစ်သည်။ ရပ်တန့်ရန်အမိန့်ပေးသည်။ ဘာတစ်ခွန်းမျှ နားမထောင်။ ပြေးမြဲပြေးသည်။ မရပ်။ အော်မြဲအော်သည်။ ပါးစပ်မစေ့။ နောက်ဆုံး ဂျပန်စစ်ဗိုလ်နှင့်အတူပါလာသော ဂျပန်စစ်သားနှစ်ယောက်က အတင်းဒလကြမ်း ဝင်ရောက်ဖမ်းရသည်။ အတင်းချုပ်နှောင်ထားရသည်။ သို့တိုင် အော်မြဲ ဟစ်မြဲ ။

ဒဏ်ရာရကာ သွေးအလိမ်းလိမ်းပေကျံနေသောစစ်သားအား ဂျပန်စစ်ဗိုလ်က ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်နက်ပြန်သည်။ ပြင်းပြင်းထန်ထန်စူးစူးဝါးဝါး အော်ငေါက်လျက် အမိန့်ပေးသည်။ စစ်မေးသည်။ ဘယ်လိုမှထိန်းလို့ချုပ်လို့ မေးလို့မရ။ နောက်တော့ ဖမ်းဆီးချုပ်ကိုင်ထားသော ဂျပန်နှစ်ယောက်လက် ထဲ၌ပင် ပျော့ခွေသွားသည်။ လွှတ်ချလိုက်သည့်အခါ သောင်ပြင်ပေါ် ထိုးကျသွား သည်။ လုံးဝမလှုပ်ရှားတော့။ အသက်ပျောက်သွားသည်။

"တောသားကြီးတို့ကို ချီးကျူးတယ်ဗျာ။ တော်တော့ကိုစွန့်စားလိုက်ကြပါကလား။"

နောက်သုံးရက်ခန့်အကြာတွင် ကိုမင်းဒင်နှင့် သခင်ချမ်းငြိမ်းတို့ ထုံးစံအတိုင်း လျှို့ဝှက်တွေ့ဆုံကြသည်။ ဤတွင်သခင်ချမ်းငြိမ်းက ကိုမင်းဒင်အား ချီးကျူးစကားဆိုသည်။

"စက်ကလေးတစ်လက်ရယ်၊ ရိုင်ဖယ်ငါးလက်နဲ့ ကျည်သုံးရာကျော်ကျော် ရလိုက်တယ်။ ကျုပ်အစွမ်းအစက ဒါလောက်မဟုတ်ပါဘူးဗျာ။ သန်းရီနဲ့ လှမေတို့ကိုချီးကျူးရမယ်။ သူတို့ကြိုးစားမှုပဲ။ ခမြာများ လက်မတင်ကလေး "

ထိုအကြောင်း ကြးစကပင်ရွှေဟသာ်ကျွန်းပေါ်မှ စွန့်စားမှုသည် ဘယ်သူတွေ ဖြစ်ရမည်ဟု သခင်ချမ်းငြိမ်း ခန့်မှန်းနိုင်သည်။ တောသားကြီး၏လက်ကို သခင်ချမ်းငြိမ်းတင်းတင်းဆုပ်ကိုင်လိုက်သည်။

"ကျုပ်တို့အရေးကလဲအရေးပေ့ါဗျာ။ ခင်ဗျားကျန်းမာရေးကို ဂရုစိုက်ဦး သခင်ချမ်းငြိမ်း။ ခင်ဗျားကြည့်ရတာ တယ်ပြီး အားမရဘူးဗျာ။ ကျုပ်သဘော ပြောရရင် သခင်လှကွန့်ကလေး သင်တန်းကပြန်လာရင်

တာဝန်တွေမပေးနဲ့ ဦးဗျာ။ ခင်ဗျားအနားမှာပဲ ထားစမ်းပါဦး။ ခင်ဗျားအတွက် အဲဒီလိုလူ တစ်ယောက် ရှိမှဖြစ်မယ်ဗျ။ ”

သခင်ချမ်းငြိမ်း၏အခြေအနေကို ကြည့်ကာ ကိုမင်းဒင်အားမရ။ သခင်ချမ်းငြိမ်းမှာ စကားပြောရင်း မောနေသည်။ လူမှာ တဖြည်းဖြည်းချုံးကျ လာသည်။ မျက်တွင်းနားထင်များလည်းကျလာသည်။ ဒီလူသာ တစ်ခုခု ဖြစ်ခဲ့ရင်ဟု ကိုမင်းဒင်တွေးသည်။ လူမှုကိစ္စအတွက်ရော နိုင်ငံရေးကိစ္စအတွက်ပါ ကိုမင်းဒင် ပူပန်သည်။ ညောင်တုန်းမြို့တစ်မြို့လုံး သူ့အဓိကထားလျက် ဆက်သွယ်လှုပ်ရှား ရသည်မှာလည်း သခင်ချမ်းငြိမ်းတစ်ယောက် သာဖြစ်သည်။

“ ဒါပဲဗျာ။  ကျန်းမာရေး ဂရုစိုက်ပါဦး”

စကားဆုံးလျှင် အိမ်ပေါ်မှ ကိုမင်းဒင်ဆင်းသွားသည်။ အခါတိုင်းအခေါက်များ ထက်ပို၍ အချိန်တိုတောင်းသည်။ ရွှေဟင်္သာကျွန်းကိစ္စနှင့်ပတ်သက်၍ ဂျပန်တွေဘက်က ပို၍ဂရုထားလာကြောင်း ကိုမင်းဒင်ရော သခင်ချမ်းငြိမ်းရော သိကြသည်။

ဖျိုင်းနားလျှင်သစ်ကိုင်းလှုပ်သည်။ ဖျိုင်းပုံလျှင်လည်း သစ်ကိုင်းလှုပ်ကျန် ခဲ့သည်။ ဂျပန်ကင်းစခန်းများ ရုတ်သိမ်းသွားသည့်အခါ စက္ကော့ရွာကလေးမှာ ခြောက်ခြား ကျန်ရစ်သည်။ ဂျပန့်ရန်နဲ့ပတော့ ဝေးသွားပါရဲ့။ ကရင်ရန်ကို ကြောက်ရတယ်ဟု ပြောသူကပြောသည်။ ရွှေဟင်္သာကျွန်းကင်းစခန်းကို ဝင်စီးသွားတာ ကရင်တွေ ပေါ့ဟု ဆိုသူကဆိုသည်။ ဂျပန်ကင်းစခန်းများ ရုတ်သိမ်းသွားပြီး နောက်တစ်နေ့တွင် သူကြီးအိမ်သားစုများ ဆယ်အိမ်ခေါင်း အိမ်သားစုများ ညောင်တုန်း ၁၅လမ်းသို့ရွှေ့ပြောင်းသွားသည်။ ဦးမောင်ကြီးနှင့် ဦးဗလကား ရွာတွင်ကျန်ရစ်သည်။ ဒါပေမယ့် သူတို့နှစ်ဦးကလည်း ဟိုနေလိုက် ဒီနေလိုက် လုပ်ကြမည့် အစီအစဉ်ပင်ဖြစ်သည်။

သီတင်းတစ်ပတ်ခန့်အကြာတွင် ကွင်းကောက်အင်းနှင့် ခနဲ့ချောင်းအင်းထဲ သွားကြသော အိမ်ထောင်စုများ ရွာပြန်ရောက်လာကြသည်။ လူကုန်တော့ မဟုတ်။ တစ်ချို့တဝက် အိမ်ထောင်စုများသာ ဖြစ်သည်။ ထိုအိမ်ထောင်စုများ ထဲတွင် မိဖျိုင်းတို့သားအမိတွေပါလာမလားဟု ပုလဲမျှော်သည်။ မပါလာ။ ရေကြည်ရာမြက်နုရာ၌ပင် မိဖျိုင်းနေဦးမည့်ပုံမျိုး။

ခနဲ့ချောင်းနှင့်ကွင်းကောက်အင်းထဲမှ ပြန်လာကြသောအိမ်ထောင်စုများသည် ပုလဲကိုယ်ဝန်ကိစ္စကို သိကြပြီးဖြစ်သည်။ ပန်းသတင်းလေညှင်းဆောင်သလို လူ့သတင်းဆိုသည်ကလည်း ထိန်ဝှက် ရစကောင်းသော ကိစ္စမဟုတ်။ သို့သော် ဘယ်သူကမျှ ထိုအကြောင်းကို အရေးလုပ်ပြောမနေနိုင်။ ထိုအကြောင်း ထိုကိစ္စကို မလိုတမာပြောနေသော ငြိမ်းရင်၏အိမ်ထောင်စုမှာလည်း ရွာသို့ ဂျပန်ကင်းစခန်းများရောက်လာပြီး ရက်အနည်းငယ်အတွင်း၌ပင် ဆွေမျိုးသားချင်း များရှိရာ ခနေဖြူလက်ဆွဲချောင်းသို့ ပြောင်းသွားကြသည်။ အင်းထဲမှပြန်လာသူများ မှာလည်း လူကိုယ်စီ အပူကိုယ်စီဖြစ်ကြသည်။ မိုးမခပါသွားသူများ၊ ယိုးဒယား မြန်မာချွေးတပ်စခန်းပါသွားသူများအတွက်ကို ပူကြရသည်။ ကရင်အရေး၊ ဂျပန်အရေး၊ ဝမ်းရေးပြဿနာ။ ထိုအထဲ မိုးရာသီကျရောက်လာသဖြင့် ရှေ့ရေးရှေ့ရာ။ မိုးဦး လေဦးတွင် ယခင့်ယခင်နှစ်တွေကလို လေဒဏ် မိုးဒဏ်ကိုများ အကြီးအမားခံရဦးမှာလား။ မိုးကုန်လုနီး အထက်အညာရေ အထောက်တွင် ကမ်းပြိုသည့်ဒဏ်ကို ခံရလေဦးမလား။ လူတစ်ခု ပူမှုရယ်က ဆယ်ကုဋေ ဖြစ်နေရသည်။

လောလောဆယ်အရေးအကြီးဆုံးမှာ ရွာလုပ်ငန်းဖြစ်သည်။ ရွာတွင်ပိုက်ထိုး ကွန်ထိုး အလုပ်နှင့်ပိုက်ချ ငါးဖမ်းအလုပ်မှာ အဓိကဖြစ်သည်။ ပါးစပ်ပေါက်များစွာ သည် ယင်းလုပ်ငန်းနှစ်မျိုးပေါ်၌သာ မှီခိုအားထားနေရသည်။ ပြီးသည် လုပ်ငန်းမျိုးက တစ်နေ့ချွတ်၊ တလမွတ်ဆိုသောလုပ်ငန်းမျိုး။ ခုတော့ ပိုက်ချမည့်ယောကျ်ားဆိုလျှင်လည်း အိမ်တိုင်းစေ့မရှိသလောက်ဖြစ်ကုန်ပြီ။ ပိုက်ထိုးကွန်ထိုး အလုပ်ကလည်း ဂျပန်ခေတ်ကုန်ပစ္စည်းရှားပါးမှု အခက်အခဲ ကြောင့် ပိုက်ချည် ကွန်ချည်မရဖြစ်လာသည်။ ပိုက်ကုန်သည် ပိုက်သူကြီး စသူတွေမှာလည်း ညောင်တုန်းဘက် ပြောင်းသူပြောင်း။ မအူပင်ရောက် သူရောက်။ ခနေဖြူရွှေ့သူရွှေ့ ဖြစ်ကုန်သည်။ သူတို့က ရွာတွင်ငွေကြေးရှိသူတွေ၊ လုပ်ငန်းရှင်တွေဖြစ်သည်။

လူနေအိမ်များမှာလည်း တံခါးပွင့်သည့်အိမ်က နည်းသည်။ အိမ်အတော် များများပင် တံခါးပိတ်ထားကြသည်။ လူ့အသက်ထက်ဘာကမှ တန်ဘိုးမရှိနိုင်ဟု ဆိုကာ ဟိုပြောင်းဒီပြောင်း ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ စင်စစ်တော့ အသက်ကိုတန်ဖိုးထားနိုင်ကြသူများက ထိုစကား ပြောကြသော်လည်း တစ်နေ့လုပ် တစ်နေ့စားများက ထိုကဲ့သို့မပြောနိုင်ကြ။ သေတော့မှ သေရော။ မသေခင် အငတ်မခံနိုင်။ သေခြင်းတရားနှင့်ငတ်ခြင်းအကြောင်းတွင် သေခြင်းကို ရင်ဆိုင်ရဲသည်။ အို ဘယ်ပြေးပြေးသူသေချင် မလွတ်ပါဘူးဟုဆိုကြသည်။ မြို့ပြောင်းရင် ဘယ်သွားနေမလဲ။ ဘာလုပ်စားမလဲ။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်ဟူ၍သာ ဆိုရိုးထုံးရှိသည်။ သေမရှက်ဟူ၍ကား ဆိုစမှတ်မရှိနိုင်။ ထိုသူများကား ရွာတွင် ငုတ်ကုတ်ပင် ကျန်ရစ်သည်။

စံတုတ်တို့လူစုတွင် ချွေးတပ်ထဲပါသွားခြင်း၊ ငြိမ်းရင်တစ်ယောက် ခနဖြုလက်ဆွဲချောင်း ရောက်နေခြင်းကြောင့်လည်း ပုလဲနှင့်ပတ်သက်သော မတော်မတရားသွားပုတ် လေလွင့်စကားများသည် ရွာတွင်မရှိသလောက် ဖြစ်သည်။ ကွင်းကောက်နှင့် ခနဲ့ချောင်းပြန်များကမူ ပုလဲကိုယ်ဝန်မှာ ရွာသား ထဲက တစ်ယောက်ယောက်နှင့်ဟု ထင်ကြေးပေးကြသည်။ ထိုတစ်ယောက် ယောက်သည် မိုးမခပါသွားသူ ဖြစ်ရမည်။ အချိန်တန်လျှင် လင်ကောင် ပေါ်လာမည့်ကိစ္စဟု သူတို့ကပြောကြသည်။

တကယ်ဆိုတော့ သူတို့တတွေ ဤသို့ပြောကြဆိုကြသည်မှာလည်း မိဖျိုင်း ကြောင့်ဖြစ်သည်။ မိဖျိုင်းရွာကပြန်သွားပြီး ခနဲ့ချောင်းအရောက်တွင် ဟိုလူ ဒီလူ ကသတင်းကြား၍မေးသည်။

"အိုတော် လင်မရှိပဲတော့ ကိုယ်ဝန်ရှိပ့ါမလားတော့။ အချိန်တန်ရင်ဘွားကနဲ လင်ကောင်ပေါ်လာလိမ့်မပေါ့။ မိုးမခ ပါသွားတဲ့သူတွေအပြန်ကိုလဲ စောင့်ကြည့် ကြပါဦး။ တကတည်းမှတော် ပုလဲအကြောင်းကို အသိကြသားနဲ့။ "

စင်စစ် မိဖျိုင်းကိုယ်တိုင်ပင် ဤအတိုင်းထင်ယောင်ဝိုးတဝါး ဖြစ်သည်။ သူ့စကားကြားရသူများကလည်း ဟုတ်မှာပဲဟု ဆိုကြသည်။ ဤသို့ သူတို့ထင်၍ သူတို့အပေါ်အဆိုးမဆိုသာ။ သူတို့က ပုလဲကို အရင်ကပုလဲဟူ၍ပင် မှတ်စွဲထားကြသည်။ ဇတ်ဇတ်ကြဲ သတ္တိခဲ၊ မဟုတ်လျှင် ခေါင်းငုံ့မခံသော ပုလဲ။

ခနဲ့ချောင်းမှ လူကိုယ်တိုင် ပြန်မလာသေးသော်လည်း မိဖျိုင်း၏နှုတ်သတင်း ကူညီမှုက ပုလဲအဖို့အတော်ကလေး ကောင်းသလိုရှိလေသည်။ ရွာတွင် ယခုရှိနေသော အိမ်ထောင်အများစုမှာ ကွင်းကောက်အင်းနှင့် ခနဲ့ချောင်း အင်းထဲကပြန်ရောက် လာကြသည့် အိမ်ထောင်စုများသာ ဖြစ်သည်။ ထိုအိမ်ထောင်စုများတွင် မိန်းမတွေက အများစုဖြစ်ပြန်သည်။ သူတို့ကိုယ်တိုင်က . . .

" မိုးမခပါသွားတဲ့ ကာလသားထဲကနဲ့ဖြစ်မှာပါတော် "

ဟူသောစကားကိုပြောကြားကြသည့်အခါ နောက်ထပ် ဘာဘာညာညာ သတင်းစကားမထွက်တော့ပဲ ထိုမျှနှင့် ရပ်စဲသွားခဲ့သည်။

" မမပုလဲကို အဲသလိုပြောနေကြတာတော့ "

တစ်နေ့တွင် စိန်ကြည်ကထိုအကြောင်းကို မဝံ့မရဲပြောလာသည်။

ပုလဲသည် စိန်ကြည်ကို မျက်လုံးအရွဲသားနှင့်ငေးကြည့်နေမိသည်။ ဘာတစ်ခုမှ ပြင်းချက်မထုတ်။ ချိုသည်ခါးသည် ဘာမှမပြော။ ထိုအခါ စိန်ကြည် ကိုယ်တိုင် ကပင် ယင်းကိစ္စကို နောက်ထပ် စကားမဆက်တော့ပဲ ငြိမ်းရင်အကြောင်းကို စကားဦးလှည့်သည်။

"ကျတော့ မငြိမ်းရင်တစ်ယောက် ရွာမှာမရှိတာ သိပ်ဝမ်းသာတာပဲ။ အမ မဖျိုင်းကိုပဲ ကျမ သတိရတယ်။ သူ့ကိုတော့ သတိမရဘူး။ မုန်းတယ်။ အောက်မေ့လဲ မအောက်မေ့ချင်ဘူး "

"အိုကွယ် ဘာဖြစ်လို့မုန်းရမှာလဲ မိစိန်ကြည်ရယ်။ ငြိမ်းရင်ဟာ ကိုယ်ရွာသူပဲ။ ကိုယ်ရွာသူရွာသား အချင်းချင်းဟာ တစ်ယောက်ကိုတစ်ယောက် ခင်ရချစ်ရမှာ ပေါ့ကွယ် "

"အင်းပါ ။ မမပုလဲကသာအဲသလိုပြောနေတာ။ သူကတော့ မမပုလဲအပေါ်မှာ နည်းနည်းလေးမှ စိတ်ကောင်းမရှိဘူး။ ဘာဖြစ်ဖြစ်သိပ်ပြီး အနိုင်ကျင့်ချင်တယ်။ "

"သူ့စေတနာနဲ့သူပေ့ါ မိစိန်ကြည်ရယ်။ စေတနာလိုက်ပြီး လူတွေမှာ အကျိုးပေးတတ်တယ်။ နို့ပြီး နင်တစ်ခုတွေးကြည့်ပါလား မိစိန်ကြည်။ ခုအချိန်ဟာ နင်တို့ငါတို့အနေနဲ့ အင်မတန်တရားရထိုက်တဲ့ ခေတ်သမယကြီး။ ခုဆိုရင် တို့များရွာမှာ လူအတော်နည်းသွားပြီ။ ယောကျ်ားတွေဟာ ဂျပန်ဖမ်းလို့ ကုန်သလောက်ရှိသွားပြီ။ တစ်ချို့ဆိုရင် ရွာမှာမနေရဲလို့ ဟိုပြောင်းဒီပြောင်း မြို့ဘက်ကိုပြောင်းနဲ့ ဘယ်မှာ လူရှိတော့လို့လဲ။ အဲဒီအကြောင်းများ စဉ်းစားလိုက်ရင် ငါဖြင့် နည်းနည်းမှစိတ်မကောင်းဘူး။ ဒီစစ်ဖြစ်တယ်ဆိုတဲ့ ကိစ္စကြီးကလဲ ဘယ်တော့များမှပြီးမယ်မသိဘူး။ ရွာမှာအရင်ကလို အလုပ်ကလေးတွေ၊ အကိုင်ကလေးတွေ မရှိတော့လို့ ကျန်နေတဲ့သူတွေမှာလဲ အနေအစား အင်မတန်ကျပ်တီးလာတယ် မို့လားဟယ်။ ဒို့များအမေများ အဘများ မသေခင်ကပြောဖူးတယ်။ စစ်ဖြစ်တယ်ဆိုတာဟာ ကပ်ကြီးသုံးပါးဆိုက်တာတဲ့။ သရောကြီး ခိုင်းတတ်တယ်တဲ့။ အဲဒီ စစ်ဆိုတဲ့ကိစ္စကြီးဖြစ်လာတာကိုက လူတွေမှာ မေတ္တာတရား၊ ဂရုဏာတရား ခမ်းခြောက်လို့ဖြစ်လာတာတဲ့။ ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် သတ်ကြ ဖြတ်ကြ လုကြ ယက်ကြ လုပ်တာတဲ့။ "

" သရောကြီး ခိုင်းတယ်ဆိုတာ ဘာလဲ မမပုလဲ"

စိန်ကြည်ကမေးသည်။

" ထမင်းငတ်တာကို ပြောတာပေ့ါ မိစိန်ကြည်ရယ် "

စိန်ကြည်ငိုင်ကျသွားသည်။ ပုလဲစကားကြောင့် မိုးမခ ပါသွားသော သူ့ယောကျ်ားဖိုးလုံးနှင့် ချွေးတပ်ထဲပါသွားသော သူ့အစ်ကို သာဒွန်းတို့ မျက်နှာကို စိန်ကြည်မြင်ယောင်မိသည်။ သူတို့တတွေ ထမင်းမှနပ်မှန်အောင်စားရပါ၍။ ဂျပန်က ထမင်းမှ ဝအောင်ကျွေးပါလေ၍ ဟုစိန်ကြည်တွေးသည်။

" ခုလဲကြည့်စမ်း ။ နင်တို့ငါတို့ဟာ ဂျပန်လဲကြောက်ရ။ ကရင်လဲကြောက်ရ။ ဓါးပြ သူခိုးရန်လဲကြောက်ရနဲ့။ အိုဟယ် သေနတ်တွေ ဘာတွေ ကိုင်ထားတဲ့သူဆိုရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဒို့များတွေက ကြောက်ရတာချည်းပဲ မို့လား။ နင်သေသေ ချာချာတွေးကြည့်စမ်း မိစိန်ကြည်။ နင်တို့ငါတို့ဟာ ကိုယ့်ကိုယ်ကြီးလဲ ကိုယ်မပိုင်ပါဘူး။ ကိုယ့်စိတ်လဲကိုယ်မပိုင်ပါဘူး။ ဒီလက်နက်တွေ ဘာတွေကိုင် ထားတဲ့သူက သွားစမ်းဆိုရင်ဒို့သွားရမယ်။ လာစမ်းဆိုရင် ဒို့လာရမယ်။ ထိုင်စမ်းဆိုရင် ဒို့ထိုင်ရမယ်။ ထဟဲ့ ဆိုရင် ဒို့ထရမယ်။ သူတို့ခိုင်းသလို လုပ်ရမယ်။ သူတို့ပြောသလိုနေရမယ်။ သူတို့ပေးတာ ကျွေးတာကို ဒို့စားကြရမယ်။ မကြိုက်ဘူးပြောလို့မရဘူး။ မကျေနပ်ဘူး ပြောလို့မရဘူး။ မကောင်းလဲ အကောင်းပြောရမယ်။ မကြိုက်လဲအကြိုက်ပြောရမယ်။ အဲသလို မပြောရင် နင်တို့ငါတို့ကို သေနတ်နဲ့ပစ်သတ်မှာပေ့ါ မိစိန်ကြည်လေး။ အဲဒီအကြောင်းတွေဖြစ်လာတာလဲ လူတွေရဲ့ မေတ္တာတရား ပျက်မှု၊ ဂရုဏာ တရား ကင်းမဲ့မှုက စခဲ့တာပဲ။ "

" အေး မိန်းခလေးပြောတာ ဟုတ်ပေသားပဲ။ အင်မတန်မှန်တဲ့စကားပေ့ါ။ ဟဲ့ ငါ့ပခုံးပေါ်က တောင်းကို တဆိတ်လောက် ချပေးကြစမ်းပါဦး။ ခဏနားဦးမှ။ ဘုရား ဘုရား "

ကပ္ပိယကြီးဦးဖိုးသည် ပုလဲနှင့်စိန်ကြည်စကားပြောနေခိုက် အိမ်ပေါက် ရောက်လာသည်။ ပခုံးထက်တွင် ထမ်းပိုးလာသော အလေးအပင် တောင်းကို ချခိုင်းသည်။

" ဟဲ့ ဟဲ့ လုပ်စမ်း စိန်ကြည်။ လုပ်စမ်း "

ပုလဲက စိန်ကြည်ကို ကမန်းကတန်းပြောရသည်။ ခုမှ သူတို့နှစ်ယောက် သတိပြုမိသည်။ ကျောင်းထိုင်ဆရာတော်သည် တာရိုးကလေးပေါ်မှ ကျောင်းဘက်သို့ကြွမြန်းသွားသည်။

" အမယ်လေး ဦးကြီးဖိုးတောင်းက အလေးသား"

စိန်ကြည်က ဦးဖိုးပခုံးထက်မှ တောင်းကို အိမ်ငယ်၏ရှေ့ပိုင်း ကပြင်စွန်းပေါ် ချပေးရင်းပြောသည်။

"လေးပေမှာပေါ့ဟယ်။ သူကြီးအိမ်နဲ့ဆယ်အိမ်ခေါင်း က အာရုံဆွမ်းအတွက် နှစ်လစာလောက် လှူလိုက်တာ။ ဆန်ကို တဖြည်းဖြည်းမှသွားသယ်နိုင်မယ်။ ခုဟာက ငရုပ်သီးတို့ ကြက်သွန်တို့ ဆီတို့ ဆားတို့ ငါးပိ ငံပြာရည်တို့နဲ့ ထန်းလျက်ကလေး လက်ဖက်ခြောက်ကလေး လောက်ပဲ "

ကပ္ပိယကြီးသည် မျက်နှာပေါ်ရှိချွေးများကို သုတ်ရင်း အိမ်ငယ်၏ ကပြင်စွန်းတွင် ဝင်ရောက်ထိုင်သည်။ ပြီးလျှင် ချွေးသုတ်သော လုံကွင်းပိုင်းနှင့် သူ့ကိုယ်ကို ယပ်ခပ်သည်။ ထုံးစံအတိုင်း နယုန်လသည် နေနှင့်မိုးတို့ သူနိုင်ငါနိုင် လွန်ဆွဲကြသည်။ မိုးကလေး လေးငါးပြိုက်ရွာပြီးလျှင် နေကကျဲကျဲ တောက်တောက် ပူလောင်လာတတ်သည်။ အိုက်စပ်စပ်ရှိသည်။ ချွေးတလုံးလုံး ရှိသည်။ စပ်ကူးမတ်ကူး ရာသီဖြစ်သည်။

" သူကြီးအိမ်သားစုတွေ မြို့ဘက်ပြောင်းသွားပြီဆို။ ဟုတ်လား ဦးကြီးဖိုး " ပုလဲ မေးသည်။

"ဟုတ်သပေါ့ကွယ်။ သူကြီးကတော်ရယ်၊ သူ့တူမတစ်ယောက်ရယ်၊ သူကြီးနမ တစ်ယောက်ရယ်။ ဒါတင်ဘယ်ဟုတ်မလဲ။ ကိုဗလမိန်းမများကော တစ်အိမ်ထောင်လုံး ပြောင်းသွားကြပါကလားဟ။ သူကြီးနဲ့ဆယ်အိမ်ခေါင်းလဲ သားတွေမယားတွေနောက်ကို လိုက်ကြမယ့်ပုံပါဟာ။ ဒါကြောင့် ခုလို ဆီတို့၊ ငရုပ်သီး ကြက်သွန်တို့ နှစ်လစာလောက် လှူလိုက်တာပေါ့ မိန်းခလေးရယ်။ "

" ရွာမှာ လူကြီး သူကြီး မရှိရင်ဘယ်ကောင်းမလဲဦးကြီးဖိုးရယ် "

" အင်း မိန်းခလေးတို့ရွာသူရွာသားတွေဘက်က ပြောတာလဲဟုတ်သဟ။ အေး သူတို့ဘက်ကကြည့်ရင်လဲ တစ်နေ့တစ်နေ့ ကိုယ့်ခေါင်းကိုယ် ပြန်စမ်းနေရတာ ပဲကိုး။ ဗမာရွာတစ်ရွာကို ကရင်ကစီးမိရင် သူကြီးနဲ့ဆယ်အိမ်ခေါင်း ခေါင်းကို အရင်ဖြတ်တော့တာပဲ။ အင်း မိန်းခလေး စောစောကပြောနေတဲ့ မေတ္တာတရား နည်းပါးမှုတွေပေါ့။ ကရုဏာတရားကင်းမဲ့မှုတွေပေါ့။ ခုခေတ်လူတစ်ချို့ဟာ မေတ္တာတရားတို့ ကရုဏာတရားတို့ကို တယ်ပြီး တန်ဖိုးမထားချင်ကြဘူး။ ဒီလို တန်ဖိုးမထားတတ်လို့ သူတို့ကိုယ်သူတို့ ဒို့ဟာဘာဖြစ်နေသလဲဆိုတာလဲ နားမလည်ကြဘူး။ အသေအချာလဲ တွေးကြစဉ်းစားကြ မထင်ပါဘူး။ ကဲ ကဲ စကားကောင်းနေလိုက်တာ။ ဦးကြီးဖိုး သွားဦးမှ။ မောင်ပဇင်း အာရုဏ်ဆွမ်းအတွက် လုပ်ရကိုင်ရမယ့် ဝေယျာဝစ္စကလေးတွေ ရှိသေးတယ်။ မိန်းခလေးတို့လဲ ဦးကြီးဖိုးဆီကို တစ်ခေါက်တစ်ကျင်း အလည်အပတ် လာကြပါဦးပေါ့ကွယ်။ "

(၂၈)

ဂျပန့်ခေတ်တွင် ညောင်တုန်းမြို့ ၁၅လမ်းကို ၁၅လမ်းဟုမခေါ်ပဲ တောသူကြီးလမ်းဟု မြို့လူထုက ခေါ်ကြသည်။ ညောင်တုန်းအနီးတဝိုက်မှ သူကြီးတချို့ ၁၅လမ်းထဲလာစုမိကြသည်။ ချောင်းကြီးသူကြီးဦးညွှန့်မောင်၊ ရွှေဟသ်ာကျွန်းသူကြီး ဦးချစ်မောင်၊ ရန်ကင်းစံရာသူကြီးဦးမြမောင်၊ ထိန်ကုန်း သူကြီးဦးချစ်သိန်း၊ စက္ကော့သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်း ဦးဗလတို့ ဖြစ်သည်။

ပထမဆုံး ၁၅လမ်းထဲရောက်နှင့်သူမှာ ချောင်းကြီးသူကြီး ဦးညွှန့်မောင် ပင်ဖြစ်သည်။ ဦးညွှန့်မောင်သည် သူကြီးရာထူးကို ပြန်အပ်လိုက်သည်။ ၁၅လမ်း ထဲတွင် လေးပင်နှစ်ထပ်အိမ်တစ်လုံးကို ဝယ်လိုက်ပြီး အိမ်ထောင်တစ်အိမ် ထောင်လုံး မြို့ပေါ်သို့ပြောင်းရွှေ့လာခြင်းဖြစ်သည်။ သို့သော် ဦးညွှန့်မောင် သူကြီးရာထူးပြန်အပ်ရသည်မှာ လွယ်လွယ်ကူကူမဟုတ်။ ဂျပန် ဘုရားနီ စက္ကူသုံးထောင်လောက် အကုန်အကျ ခံလိုက်ရသည်။ သူပုန်ကိုပညာကိစ္စနှင့် ပတ်သက်၍ ဂျပန်ကင်ပေတိုင်စစ်ဗိုလ် မစ္စတာဟာတာ၏ခေါ်ယူစစ်ဆေးခြင်းကို နောက်ဆုံးခံရအပြီးတွင် ဦးညွှန့်မောင် ရာထူးပြန်အပ်လိုက်ခြင်း ဖြစ်သည်။

ဦးညွှန့်မောင်သူကြီးရာထူးမှ နုတ်ထွက်သည့်အခါ မစ္စတာဟာတာကို ဘဖြိုးအားချောင်းသူကြီးတွင် သူကြီးလုပ်မလား မေးသည်။ ဘဖြိုးသည် လူပါးလူနပ် လူလည်တစ်ယောက်ဖြစ်သည်။ သူကိုယ်တိုင် သူကြီးရာထူးကိုမယူ။ သူနှင့် မယားညီအစ်ကိုတော်သူ တစ်ယောက်အား သူကြီးဖြစ်အောင် လုပ်ပေးလိုက်သည်။ ဂျပန်ခေတ်လက်ကျဲကြီးထဲတွင် တောသူကြီးလုပ်လျှင် ဇက်ပြတ်မလား၊ ဗိုက်ထဲက အူအခွေလိုက်ထွက်လာမလား။ တစ်ခုခုတော့ ဖြစ်လိမ့်မည်ဟု ဘဖြိုးတွက်မိသည်။ ခုလိုနွားနေမြဲ၊ ကျားနေမြဲ မစ္စတာဟာတာ့ အနား ကပ်နေခြင်းက စားသာသောက်သာရှိသည်ဟု ဘဖြိုးတွေးမိသည်။

ဒုတိယမြောက် ၁၅လမ်းထဲရောက်လာသူမှာ ရွှေဟသ်ာကျွန်းသူကြီးဦးချစ်မောင် ဖြစ်သည်။ သူနှင့်ဦးညွှန့်မောင်မှာ နဂိုကပင် ခင်မင်ရင်းနှီးကြသည်။ ဦးညွှန့်မောင်ထဲမှ နည်းနိသယကိုတောင်းခံသည်။ ဦးညွှန့်မောင်လုပ်ထုံး လုပ်နည်းအတိုင်း ငွေကုန်ကြေးကျခံလျက် သူကြီးအလုပ်မှ နုတ်ထွက်လိုက် သည်။ ပြီးနောက် ဦးညွှန့်မောင်၏အိမ်အောက်ထပ် သုံးခန်းအနက် နှစ်ခန်းကို ငှားရမ်းသည်။ အိမ်ထောင်ကုန်မဟုတ်ဘဲ သားမယားသားသမီးတစ်ချို့နှင့် မြို့ပေါ်သို့ ရွှေ့ပြောင်းလာသည်။ ရွာတွင်ကျန်ရစ်သော ကျွဲကိစ္စ နွားကိစ္စနှင့် ကိုင်းလုပ်ငန်း လယ်လုပ်ငန်းများကို ညီနှစ်ယောက်နှင့် လွှဲထားခဲ့သည်။

တတိယရောက်လာသူမှာ ထိန်ကုန်းရွာသူကြီးဦးချစ်သိန်း ဖြစ်သည်။ မိသားစုလေးယောက်ဖြစ်သည်။ သူကြီးတာဝန်ကို ညီဖြစ်သူနှင့်လွှဲထားခဲ့သည်။ ဦးချစ်သိန်းကို ထိန်ကုန်းတစ်ရွာလုံးက ခင်မင်လေးစားသည်။ သို့သော် သမီးပျိုနှစ်ယောက်အတွက် စိုးရိမ်သောကမအေးသဖြင့် ညောင်တုန်းမြို့ပေါ် ပြေးလာခြင်းဖြစ်သည်။ ဂျပန်ဝင်စက သူ့ရွာမီးရှို့ခံလိုက်ရသည်။ ဦးချစ်သိန်းတို့ မိသားစုလေးယောက်က ဦးညွှန့်မောင်အိမ် ကျန်တစ်ခန်းကို ငှားရမ်း၍ နေထိုင်ကြသည်။

ဦးမောင်ကြီးနှင့် ဦးဗလသည်မူလက စိတ်ကူးရာထားချက်ရှိသည့်အတိုင်း စက္ကော့ရွာတွင်နေသည့်အခါ နေ၍ ညောင်တုန်း ၁၅လမ်းထဲ၌နေသည့်အခါ နေလိုက်ဖြစ်သည်။ သူတို့နှစ်ဦးက ၁၅လမ်းထဲသို့ စတုတ္ထရောက်လာသည် ဟုဆိုရမည်။ ၁၅လမ်းထဲနေသည့်အချိန်များတွင်သိပြီးသူများ ဖြစ်ကြသဖြင့် ဦးညွှန့်မောင်အိမ်၌အချိန်ဖြုန်းကြသည်။ သူတို့သူကြီးတစ်တွေ တစ်နေ့တစ်နေ့ လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့လျက် စကားတွေ တောင်စဉ်ရေမရ ပြောကြသည်။ တစ်ခါတစ်ခါရွာအကြောင်း။ တစ်ခါတစ်ခါ အရောင်းအဝယ်ကိစ္စ။ တစ်ခါတစ်ခါ နိုင်ငံရေးယောင်ယောင် တိုင်းရေးပြည်ရေး ယောင်ယောင်။ ယောင်သုံးဆယ်ဖြစ် နေကြသည်။ သို့သော် အရောင်းအဝယ်ကိစ္စ စကားမှလွဲလျှင် ကျန်သော အကြောင်းကိစ္စများကိုကား ကျယ်ကျယ်လောင်လောင် ဘယ်တော့မှမပြောဝံ့ကြ။ တီးတိုးသက်သာ ပြောကြရသည်။ ဂျပန်အလိုတော်ရိတွေကို သတိထား ကြရသည်။

" ဒါထက် ဦးညွန့်မောင်ကိုမေးကြည့်ရဦးမယ်။ အင်္ဂလိပ်အစိုးရပြေးခါနီးဆဲဆဲမှာ ဟိုမအူပင် ရာဇဝတ်ဝန်ကလေးနဲ့ ခင်ဗျားတို့လူစုတွေ လိုက်ဖမ်းတဲ့ သူပုန်ကိုပညာဆိုတာ ဘယ်လိုဖြစ်သွားလဲဗျ။ အဲဒီလူသတင်းကို နောက်ထပ် ဘာမှမကြားတော့ဘူးနော် "

တစ်ကြိမ်တွင် လက်ဖက်ရည်ကြမ်းဝိုင်း၌ စကားစပ်မိသဖြင့် ဦးမောင်ကြီးက ဦးညွန့်မောင် ကိုမေးသည်။

အမေးအမြန်းခံရသော ဦးညွန့်မောင် မျက်နှာပျက်သွားသည်။ လှုပ်ရှားသွား သယောင်ရှိသည်။ သို့သော် ချက်ခြင်းဣန္ဒြေဆယ်လိုက်ပြီး

"ဒီအကြောင်းကို မပြောတာကောင်းပါတယ် ဦးမောင်ကြီးရာ။ အဲဒီတုန်းက ကျွန်တော်ဖြင့် မငြင်းဆန်ဝံ့လို့သာ လိုက်ရတယ်။ လုံးလုံးကို မလိုက်ချင်ဘူးဗျ။ အဲဒီကိစ္စဟာ ဒါနဲ့လဲအပြီးသတ်မသွားဘူး။ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်က လေးငါးခြောက်ကြိမ်ခေါ်ပြီး စစ်လားမေးလား လုပ်တာခံလိုက်ရသေးတယ်။ ဟိုဌာနာအုပ် ကံရနဲ့ ခုစစ်ရုံးမှာရှိနေတဲ့အကောင် ဘဖြိုးလက်ချက်ပေါ့ဗျ။ အဲဒီကောင်ကို ဦးမောင်ကြီးတို့ အသိသားပဲမို့လား။ ကံကြီးပေလို့သာပေါ့။ နို့မို့ရင် ဒုက္ခလှလှကြီး ရောက်တာပေါ့။ "

" ဟာ ဒီဘဖြိုးဆိုတဲ့အကောင်အကြောင်းတော့ မပြောနဲ့။ တလောတုန်းက ရွှေဟင်္သာကျွန်းကင်းစခန်းကို အစီးခံလိုက်ရတဲ့ ကိစ္စနဲ့ပတ်သက်လို့ အဲဒီဂျပန်စစ်ဗိုလ်က ကျွန်တော့်ကိုခေါ်ပြီးမေးသေးတယ်ဗျ။ အဲဒါလဲ ဘဖြိုးလက်ချက်ပဲ။ ဘာဆိုင်လဲဗျာ။ ကျွန်တော်ဟာ သူကြီးမှ မဟုတ်တော့တဲ့ဟာ။ နို့ပြီး ရွာကို တစ်လနေလို့ တစ်ခေါက်ပြန်တာမှ မှုတ်ဘဲ။ လက်ရှိသူကြီး ကိုစိန်ထွန်းခမြာ အချုပ်ထဲသွင်းပြီး အရိုက်အနှက် ခံလိုက်ရရှာတယ်။ ဂျပန်က ရိုက်တယ်နက်တယ်ဆိုရင် မသက်သာဘူးဗျ။ ထုတ်တန်းဖောက်ထိုးဆွဲပြီး အောက်ကနေ မီးမြှိုက်ရိုက်တာ။ ဟိုလူကလဲ လူညံ့မှ မှုတ်ဘဲ။ အသေသတ်လဲခံမယ်ဆိုတဲ့ လူစား။ ကျွန်တော့်ထက်သတ္တိကောင်းတယ်။ သုံးလေးရက် အနှိပ်စက်ခံလိုက်ရတယ်။ အဲဒီလူလဲ ခုတော့ သူကြီးအလုပ်က ထွက်ချင်နေပြီ။ ဒါပေမယ့် မလွယ်တော့ဘူးလေ။ ခု သူကြီးအလုပ်က ထွက်ချင်တယ်ဆိုရင် ဂျပန်စစ်ရုံးက အချုပ်ခန်းထဲ တန်းသွင်းလိုက်မှာ။ "

ရွှေဟင်္သာကျွန်းသူကြီးဟောင်း ဦးချစ်မောင်၏စကားကြောင့် ဦးမောင်ကြီးနှင့် ဦးဗလတို့နှစ်ဦးမှာ မျက်နှာမကောင်းသလိုဖြစ်သွားကြသည်။ အကြောင်းရှိသည်။ ဦးမောင်ကြီးရောဦးဗလရော သူကြီးအဖြစ် ဆယ်အိမ်ခေါင်းအဖြစ်များမှ နုတ်ထွက်ချင်ကြသည်။ ကြာပြီ။ တစ်ခုပဲရှိသည်။ ရွာအပေါ်တွင်သူတို့က ညာတာထောက်ထားနေ၍ဖြစ်သည်။ မြို့ပေါ်တွင် ရာအိမ်မှူးဟူ၍လည်းကောင်း၊ ရပ်ကွက်မှူးဟူ၍ လည်းကောင်း လမ်းမှူးဟူ၍လည်းကောင်း အသစ်အသစ် ခန့်သည်။ သူတို့တောရွာတွင် ဘာမျှမခန့်။

ခုဖြစ်နေသည်မှာ ရွာနေလဲ ဒုက္ခ။ မနေပြန်လဲ ဒုက္ခ။ ရှေ့တိုးတံပိုး၊ နောက်ဆုတ် လှည်းတုတ်။ သူတို့မရှိခိုက်ရွာ၌ တစ်စုံတစ်ရာဖြစ်ခဲ့လျှင် သူတို့တာဝန်မကင်း။ ဂျပန်စစ်ရုံးက သူတို့ကိုဒုက္ခအကြီး အကျယ် ပေးမည်။ တဖန် ရွာတွင်နေ၍ ကရင်တက်လာသော်၊ ဓားပြဂိုဏ်းအကြီးစားများ တက်လာခဲ့သော် ရှေ့ဆုံးက အသက်ခံရမည်မှာ သူတို့နှစ်ဦး။ ဂျပန်က သူတို့ကိုလာ၍ ကယ်မည်မဟုတ်။

" ပြောမိတာ စိတ်မကောင်းပါဘူးဗျာ "

ဦးမောင်ကြီးနှင့် ဦးဗလ မျက်နှာမကောင်းဖြစ်သွားသည်ကို ဦးချစ်မောင် ရိပ်မိသည်။ ဦးချစ်မောင်မှာ အရိပ်အကင်းပါးလှသည်။ ရွှေဟင်္သာကျွန်း ဂျပန်ကင်းစခန်း အစီးခံရသည့်ကိစ္စကို သူမသိမဟုတ်။ သိသည်။ သူ့အကူအညီ အကြံဉာဏ်တွေပါသည်။ သို့သော် သူတို့ဆက်ဆံရေးက အင်မတန် ကျစ်လစ်သော ဆက်ဆံရေးဖြစ်သည်။ ညောင်တုန်း ၁၅လမ်းတွင်ဦးချစ်မောင် နေသည်။ သို့သော ကိုမင်းဒင်ဆိုသူ ဘယ်တော့မှမလာ။ လာစရာလည်းမလို။ ရွှေဟင်္သာကျွန်းရွာမှ သန်းရီနှင့်ချစ်မေဆိုသူ အမျိုးသမီးနှစ်ယောက်မှာမူ ညောင်တုန်းကို ဈေးလာဝယ်တိုင်း ဦးချစ်မောင်အိမ်သို့ ရောက်သည်။ ညီအရင်းကမွေးထားသော တူမအရင်းတွေဖြစ်သည်။

"စိတ်မကောင်းမရှိပါနဲ့ ဦးချစ်မောင်။ ခုမှတော့ မတတ်နိုင်ဘူးပေါ့ဗျာ။ ကျွန်တော်တို့ နှစ်ယောက်တော့ ဟိုဘက်ကမ်းကူးလိုက်၊ ဒီဘက်ကမ်းပြန် အိပ်လိုက် လုပ်ရမှာပဲ။ "

" အိမ်စောင့်တွေ ဘာတွေရော ရှိရဲ့လား။ "

ဦးညွှန့်မောင်က စကားဖြတ်မေးသည်။

"ရှိပါတယ်။ ကျွန်တော့်အိမ်မှာလဲ လူစောင့်နဲ့ပါ။ ကိုဗလအိမ်မှာလဲ လူစောင့် ရှိပါတယ်။ သူတို့ကိုလဲ မှာထားရတယ်။ ကရင်တတ်လာရင် လူလွှတ်ရှန်းပြေးကြ။ ဓါးပြဆိုရင်တော့ တတ်နိုင်သလောက်ခုခံ။ မတတ်နိုင်ဘူးဗျာ ၊ နောင်ခါမှ ဖြစ်ချင်ရာဖြစ်။ ခုတော့ ဒီအတိုင်း လုပ်ရမှာပဲ၊ "

ဦးမောင်ကြီးစကားအပြတ်တွင် သူတို့ရှိရာသို့ လူတစ်ယောက်တက်ရောက် လာသည်။ လူခင်လူရင်းထဲက ဖြစ်သည်။

" လာဗျို့ လာ ဦးမြမောင် "

ဟု အိမ်ရှင်ဖြစ်သော ဦးညွှန့်မောင်က ဆီးခေါ်သည်။ ကျန်သူများထဲမှ ဦးမောင်ကြီးနှင့် ဦးချစ်သိန်းတို့ကလည်း

" လာဗျာ ဦးမြမောင်" ဟု ခေါ်ကြသည်။

ဦးဗလနှင့်ဦးချစ်မောင်တို့က အပြုံးနှင့်နှုတ်ဆက်သည်။ ထိုသူမှာ ကွမ်းကြိုက်ဟန်တူသည်။ ပါးစပ်တစ်ခုလုံး ကွမ်းတံတွေးများဖြင့် နီရဲနေသည်။

" ခင်ဗျားတို့ဝိုင်းက တယ်ပြီး လူစုံတတ်စုံရှိပါကလားဗျ။ အတော်ပဲဗျာ။ ကိစ္စတစ်ခု တိုင်ပင်စရာရှိတယ်။ အဲဒါနဲ့ ဒီဘက်ကမ်းကူးလာခဲ့တာ။ ခုလို လူစုံတွေ့ရတော့ ပိုပြီးနေရာကျတယ်ဗျာ။ "

သူသည် ရန်ကင်းစံရာရွာသူကြီးဦးမြမောင်ဖြစ်သည်။ သွက်လက်ဖျတ်လတ်စွာ ကုလားထိုင်တစ်လုံးတွင် ဝင်ရောက်ထိုင်သည်။ သူ့ကိုကြည့်ရသည်မှာ အင်မတန်သွက်လက်သော လူစားထဲကဟု အကဲခပ်နိုင်သည်။

"သူကြီးအိမ်အပေါ်ထပ်ကတယ်ပြီးလေကောင်းလေသန့်ရတာပဲ။ ကောင်းသဗျာ။"

ဦးမြမောင်က ဦးညွှန့်မောင်ကိုပြောသည်။

"ဟာ ကျုပ်သူကြီးမဟုတ်တော့ပါဘူးဗျ။ သူကြီးလို့မခေါ်စမ်းပါနဲ့ဗျာ။ ကျောချမ်း လွန်းလို့ပါ။ "

"ဘွာ ဗျာ ဘွာ ဘွာ ။ နှုတ်ကျိုးနေလို့ပါ။ ကဲ အဲဒီကိစ္စထားဗျာ။ ကျွန်တော်လာတဲ့ကိစ္စကိုပြောမယ်။ "

၁၅လမ်းထိပ်ကမ်းနားဘက်တွင် နှစ်ထပ်တိုက်တစ်လုံးရှိသည်။ ဟိန္ဒူကုလား တစ်ဦးပိုင်ဖြစ်သည်။ ပေလေးဆယ်၊ ခြောက်ဆယ် လောက်ရှိသည်။ အပေါ်ထပ်တွင် အိမ်ရှင်ကုလားအိမ်ထောင်စုများ နေထိုင်သည်။ အောက်ထပ် တစ်ထပ်လုံးပိတ်ထားသည်။ လွန်ခဲ့သောအချိန်က အောက်ထပ်တွင် ဆိတ်တွေ အကောင်တစ်ရာလောက် မွေးထားသည်။ ယခုမရှိတော့။ ထိုတိုက်မှာ ပန်းလှိုင်မြစ်ဖက်ကို မျက်နှာပြုထားသည်။ တိုက်ပေါ်ထပ်မှနေကြည့်လျှင် သစ်ပင်တွေအုပ်စိုင်းနေသော ရန်ကင်းစံရာရွာကို တွေ့ရသည်။ လှိုင်မြစ် ခြားနေသည်မှအပ ညောင်တုန်းနှင့်ရန်ကင်းစံရာမှာ အတော်ပင်နီးကပ်သည်။

ထိုတိုက်၏ အနောက်ဘက်သုံးလေးလမ်းကျော်လျှင် ညောင်တုန်းဈေးကြီး ဖြစ်သည်။ တိုက်ရှေ့မှ လမ်းသည် ကမ်းနားလမ်း၏ တာရိုးဖြစ်သည်။ တာမှာ ရိုးရိုးလူသွားတာမဟုတ်။ ရေကာတာဖြစ်သည်။ တာရိုးပေါ်က လူသူအသွား အလာဖြစ်သော်လည်း ဘေးတစ်ဖက်က သစ်များဝါးများဖြင့် ရေကာများ ပြုလုပ်ထားသည်။ ရုတ်တရက်ကြည့်လျှင် မြို့ရိုးကျုံးနှင့်တူသည်။

ယင်းတာဘေးတစ်ဖက်မှာ ဂျပန်ခေတ်တွင် လှေဆိပ်၊ သမ္ဗန်ဆိပ်၊ လှည်းဆိပ် ဖြစ်နေသည်။ တောနယ်မှဈေးရောင်းဈေးဝယ် လှေသမ္ဗန်များ၊ လှည်းနွားများ ထိုတာဘေးတွင် ဝင်ရောက်ဆိုက်ကပ်ရသည်။ ကုန်ပေါ်သောင်ခြေတွင် လှည်းတွေစီတန်းနေသလို မြစ်ဆိပ်တွင် လှေသမ္ဗန်တွေ ပြည့်ကျပ်နေသည်။ အခြားမြို့များမှ အရောင်းအဝယ်သမားများလည်း ဤဆိပ်ကမ်း၌ပင် ဝင်ရောက် ဆိုက်ကပ်ကြရသည်။ ဈေးနှင့်နီးသည်။ မြို့လယ်ခေါင်ဆိပ်ကမ်းဟုဆိုရမည်။ ထို့ကြောင့်အားလုံးက ထိုနေရာကို ဈေးဆိပ်ဟုခေါ်ကြသည်။ အကွက်အကွင်း ကောင်းသောနေရာ ဖြစ်သည်။

"ကုလားတိုက်အောက်ထပ်ကိုငှားပြီး ကျွန်တော်တို့ တစ်ခု ပွဲရုံတစ်ရုံ ဖွင့်ကြရင်မကောင်းဘူးလား။ အကွက်အကွင်းသိပ်ကျတဲ့နေရာ။ ပွဲရုံဆိုပေမယ့် ပွဲခစားသပ်သပ်တော့မဟုတ်ဘူးပေါ့ဗျာ။ ဈေးကိုက်မယ်ထင်တဲ့ကုန် တွေတော့လဲ ဝယ်ပြီးရောင်းကြ ရောင်းကြတာပေါ့။ ခင်ဗျားတို့ ကျွန်တော်တို့အနေနဲ့ တောအဆက်အသွယ်ရှိတယ်။ ပဲတို့ ဆေးတို့ ဖက်တို့ ငရုပ် ကြက်သွန်တို့ ဝယ်လှောင်သင့်တာလဲ လှောင်တာပေါ့။ နောက်ပြီး ငါးပိတို့၊ ငါးခြောက်တို့၊ ဆားတို့ ဝယ်လှောင်သင့်လဲ လှောင်တာပေါ့။ ခုတလော ခရမ်းနယ်ဘက်က ဆားလှေတွေနဲ့ လပွတ္တာဘက်က ဆားလှေတွေဟာ တစ်နေ့တစ်နေ့ မဝင်ဘူးဆိုရင် ဆယ့်လေးငါးစင်းဝင်တယ်။ အထက်ဖက်လှေတွေတက်တွေလဲ လာသင့်သလောက်လာနေသားပဲ။ ဒီအတိုင်းထိုင်ပြီး အချိန်ကုန်ခံ စစ်အကြောင်း ပြောနေတာထက်တော့ ခုကျွန်တော်ပြောသလို ပွဲရုံတစ်ရုံကို စပ်တူတည်ထောင် ကြရင် ကောင်းမယ်ထင်တယ်။ "

ဦးမြမောင်က သူ့စိတ်ကူး သူ့အစီအစဉ်ကိုတင်ပြသည်။ ဂျပန်ခေတ်ဆိုပြီး ဒီအတိုင်းထိုင်နေလို့တော့မဖြစ်။ ခေတ်နှင့် စစ်ကိုငေးကြည့်နေလို့ကလည်း မပြီး။ ဟိုကွေ့ ဟိုတက်၊ ဒီကွေ့ ဒီတက် နှင့်လှော်ကြ ခတ်ကြရသည်။ မြို့ပေါ်နေပြန်တော့ တောနှင့်မတူ။ မြို့စရိတ်ကကြီးသည်။ စစ်ဖြစ်နေ၍ ကုန်ပစ္စည်းဈေးတွေက တရိပ်ရိပ်တက်နေသည်။ ဘဲတစ်ကောင်ကို တရာ့ငါးဆယ် နှစ်ရာ။ ကြက်တစ်ကောင်ကို တစ်ရာ့အစိတ် တစ်ရာ့ငါးဆယ်။ ကြက်ဥ ဘဲဥ တစ်လုံးကို ငါးကျပ် တစ်ဆယ်။ ပုဆိုးကြမ်းတစ်ထည် ရှစ်ရာမှ တစ်ထောင်။ ကျွန်သူများအားလုံးက ဦးမြမောင်လိုပင် သဘောပေါက်ကြသည်။ ပြီးနောက် ပွဲရုံလုပ်ငန်းများ ခေါင်းထောင်ထနေသောအချိန်။ အလယ်အလတ်နှင့် အောက်တန်းအရောင်းအဝယ်လုပ်ငန်းများ ဖွံ့ဖြိုးနေသောအချိန်။

"ကောင်းတယ်ဗျို့။ အဲဒီစိတ်ကူးဟာ သိပ်ကောင်းတဲ့စိတ်ကူးဗျာ။ ကျွန်တော့်အနေနဲ့တော့ သိပ်ကိုသဘောကျတယ်။ ခပ်မြန်မြန် လုပ်ကြရင် ကောင်းမယ်။ ဟုတ်တယ်ဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ ခုအတိုင်းထိုင်နေလို့တော့ မဖြစ်ဘူး။ ဦးမြမောင် ပြောတဲ့ ကုလားတိုက်ခန်းဟာ နေရာကောင်း၊ အကွက်အကွင်းကောင်းဗျ။ "

ဦးချစ်မောင်က အားတတ်သရောပြောသည်။ ကျန်သူများ ဘယ်သို့ဟု အကဲခတ်သည်။

"စိတ်ကူးကတော့ စိတ်ကူးကောင်းပဲဗျို့။ အဲဒီကုလားရဲ့ တိုက်အောက်ထပ်ကို ငှားလို့ရောရပါ့မလား။ အဲဒီနေရာကိုသာ ရလိုက်ရင်ကျွန်တော်တို့လုပ်ငန်းဟာ တစ်ဝက်လောက် အောင်မြင်နေပြီ။ စောစောကကျွန်တော်စုံစမ်းကြည့်သေးတယ်။ မငှားဘူးလိုလို ပြောသံကြားတယ် "

ဦးချစ်သိန်းက ထိန်ကုန်းမှ မပြောင်းမီ မိတ်ဆွေတစ်ယောက်ကို စုံစမ်းခိုင်းဖူးခြင်းဖြစ်သည်။

"တိုက်ခန်းအတွက် ကျွန်တော့်တာဝန်ထားဗျာ။ ကုလားနဲ့ကျွန်တော် မနိုင်ရင်ကာ ခင်နေတာပါ။ ခင်ဗျားတို့အားလုံးက သဘောတူရင် ဒီကအပြန်မှာ ကျွန်တော် စကားဝင်ပြောမယ်ဗျာ။ ဖြစ်လိမ့်မယ်ထင်ပါတယ်။ တစ်ခုရှိတာက လုပ်ကြ ကိုင်ကြမယ်ဆိုရင် ငွေအရင်းအနှီးကို ဘယ်လိုသတ်မှတ်မယ်၊ ပွဲရုံကိုဘယ်လို အုပ်ချုပ်မယ်၊ အရောင်းအဝယ်ကိစ္စ၊ စာရင်းအင်း ကိစ္စကို ဘယ်လိုစီစဉ် ကြမယ်ဆိုတာအသေးစိတ်တိုင်ပင်ကြဖို့ လိုမယ်။ ဦးမောင်ကြီးတို့ ဦးဗလတို့ အနေနဲ့ရော ဘယ်လိုလဲ "

ဦးမြမောင်က ဦးမောင်ကြီးနှင့်ဦးဗလဘက်လှည့်မေးသည်။ ထိုနှစ်ယောက်က ငြိမ်နေသောကြောင့် ဖြစ်သည်။

" ဘယ့်နှဲ့လဲ ကိုဗလ"

ဦးမောင်ကြီးက မေးသည်။ သူကိုယ်တိုင်ကတော့ စိတ်ထဲက ပိုင်းဖြတ်ပြီး ဖြစ်သည်။ အလုပ်တစ်ခုခုတော့ လုပ်မှဖြစ်မည်။ မေးနေရသည်မှာ ငွေကြေး ကြောင့်ဖြစ်သည်။ သို့သော် ဦးဗလတွင် ငွေကြေးချို့တဲ့နေလျှင်လည်း အထိုက်အလျောက် သူကစိုက်ထည့်မည်ဟု ဦးမောင်ကြီး ရည်စူးသည်။ သူတို့ချင်းက သေချင်းပေါင်း ရှင်ချင်းပေါင်း။

"ကျွန်တော်တို့ နှစ်ယောက်စလုံး ပါကြတာပေါ့ဗျာ။ လက်လှုပ်မှ ပါးစပ်လှုပ်မှာ။ ခုလို ရွာဆော်ကြီး ခွေးချည်းလုပ်နေလို့တော့မဖြစ်သေးဘူး။ ရွာကိစ္စကလဲ တစ်ပိုင်း ပေါ့။ ကိုယ့်စီးပွားရေးကလဲ တစ်ဖက်တစ်လမ်း လုပ်ကြကိုင်ကြ မှဖြစ်မှာ။"

" ဦးညွန့်မောင် ကရော "

ဦးဗလ စကားအပြတ်တွင် ဦးမြမောင်က ဦးညွန့်မောင်ကို မေးသည်။ အားလုံးကို အတိအလင်းမေးမှဖြစ်မည်။ အားလုံးက ပွင့်လင်းမှဖြစ်မည်။ ကိစ္စက ပူးပေါင်းလုပ်ကြရမည့် စီးပွားရေး။ ဗမာတွေ အစုစပ်လုပ်လျှင် စကားများတတ် သည်။ ရန်ဖြစ်တတ်သည်။ အမုန်းနှင့်အဆုံးသတ်ကြသည်။ ဒါကို ဦးမြမောင် သတိထားသည်။ ရန်မဖြစ်အောင်၊ စကားမများအောင် အမုန်းမပွားအောင် လုပ်ရမည်။ ကုလား တရုတ်တွေလုပ်နိုင်လျှင် ဗမာတွေ ဘာကြောင့် မလုပ်နိုင်ရမှာလဲ။

"ပါမှာပေါ့ဗျာ။ ကျွန်တော်က မဆွတ်ခင်ညွှတ်ချင်နေတဲ့အကောင်ပဲ။ ခင်ဗျားစကားစလိုက်ကတည်းက ကျွန်တော့်စိတ်ကူးထဲမှာ အရောင်းအဝယ် ကိစ္စတွေဟာ တစ်ခုပြီးတစ်ခု ဝင်လာတာပဲ။ စကားစပ်မိလို့ ပြောရဦးမယ်။ ခု ကျွန်တော်တို့ရွာဘက်က မြေပဲသမားတွေဟာ ကိုယ်ပိုင်ဆီဆုံတွေ ထောင်ကြ တယ်ဗျ။ မြေပဲအတိုင်း မရောင်းကြတော့ဘူး။ ဆီဆုံမထောင်နိုင်တဲ့လူက ဆီဆုံသမားဆီမှာ ဆီပုံစားနဲ့ကြိတ်တယ်။ အဲဒီ လူတွေဆီက ကျွန်တော်တို့ ဆီရနိုင်မယ်ဗျာ။ တော လက်ပေါက်ဈေးပေါ့။ လူနိုင်ချင်း လူခင်ချင်းဆိုတော့ ကျွန်တော်တို့ရမှာပဲ။ နောက်ပြီး ဆေးသမား၊ ပဲသမား၊ ဖက်သမားတွေလဲ ဒီအတိုင်းပဲပေါ့ဗျာ။ ကိုင်းပါလေ ခင်ဗျားတို့အားလုံး သဘောတူရင် အများထဲ့တဲ့ ငွေကို ကျွန်တော် ထဲ့မှာပေါ့ဗျာ။ ဖြစ်အောင်သာလုပ်ကြပါ။ "

"ခုတိုင်းဆို ကျွန်တော်တို့အားလုံးခြောက်ယောက်ဗျာ။ တစ်ယောက် ငါးထောင်။ အားလုံးသုံးသောင်းလောက်နဲ့ လုပ်ငန်းစမယ်။ ဒါ မနည်းပါဘူး။ အလုပ်ဖြစ်ပါတယ်။ နောက်ထပ်ပြီး ထည့်စရာသိပ်မလိုပါဘူး။ တကယ်လို့ ထည့်ရဦးတော့ အမြတ်မစွန်းထဲက ပြန်ထည့်ရမှာပဲ။ ပွဲရုံအတွက် စာရေးတစ်ယောက်ငှားရမယ်။ လက်တိုလက်တောင်း အလုပ်သမားနှစ်ယောက် ထားရမယ်။ သူတို့က ပွဲကြိုသဘောလဲခိုင်းလို့ ရမယ်ဗျာ။ ကျန်တဲ့ကုန်တင်ကုန်ချ အလုပ်သမားကတော့ ဆိပ်ကမ်းမှာရှိပြီးသားပဲ။ အဲဒီထဲက အလုပ်သမား ဂိုဏ်းတစ်ခုခုနဲ့ ဆက်လိုက်ရင်ပြီးတာပဲ။ ပွဲရုံကိုအုပ်ချုပ်ဖို့က အလှည့်နဲ့ လုပ်သွားကြတာပေါ့။ ငွေကြေးကိစ္စကို ကျွန်တော်တို့ အထဲက တစ်ယောက်ရွေးတာပေါ့။ "

ဦးမြမောင်က အကွက်ချလျက်ပြောသည်။

"ကောင်းပါတယ်ဗျာ။ ငွေကြေးတာဝန် ဦးညွန့်မောင်ပေါ့။ ခုအတိုင်းဆိုရင် ဦးညွန့်မောင်အိမ်နဲ့ပွဲရုံ အဆောက်အဦးလုပ်မယ့် နေရာနဲ့ကလဲ နီးတယ်။ အိမ်မှုရေး နောက်ပိုင်းကိစ္စကျတော့လဲ ဦးညွန့်မောင်က ဦးချစ်သိန်းတို့ ဦးချစ်မောင်တို့ထက် လူခွဲပိုများတယ်။"

ဦးမောင်ကြီးက ပြောသည်။ အားလုံးကသဘောတူ လက်ခံကြသည်။ သူတို့အားလုံးထဲတွင်ငွေရေး ကြေးရေး အတောင့်တင်းဆုံးမှာလည်း ဦးညွန့်မောင် ဖြစ်သည်။ အရောင်းအဝယ်ကိစ္စမှစလျက် စကားအပြောအဆိုထိ ဦးညွန့်မောင်မှာ လူတော်တစ်ယောက်ဖြစ်သည်။

" ကဲ နာမည် တစ်ခုရွေးကြရအောင် "

ဦးမြမောင်ကပြောသည်။

" တောသားကြီးပွဲရုံပေါ့ဗျာ။ တောသားတွေစုပြီး ဖွင့်ကြတာပဲဟာ။ လှေကြီးထိုး ရိုးရိုးပေါ့။ "

ခြောက်ယောက်စလုံးညီညီညွှတ်ညွှတ်နှင့်စိတ်အားထက်သန်စွာကြိုးပမ်းမှုကြောင့် တစ်လမပြည့်တတ် ပြည့်တတ် အချိန်ကလေးအတွင်း၌ပင် ၁၅လမ်းကမ်းနား ဘက်၌ "တောသားကြီး ပွဲရုံ" ဟူ၍ ပွဲရုံသစ်တစ်ရုံတိုးလာသည်။ ပွဲရုံဖွင့်ပွဲ၊ ဆိုင်းဘုတ်တင်ပွဲ လုပ်လိုက်ကြသေးသည်။ မုန့်ဟင်းခါး ကျွေးသည်။ ဈေးထဲမှ ကုန်ခြောက်ဆိုင်သမားများ၊ ငါးပိ ငါးခြောက်ဈေးသည်များမှ စလျက် လူလေး ငါးဆယ်လောက်ကို

ဖိတ်သည်။ ဘုန်းကြီးငါးပါးကို ဆွမ်းကပ်သည်။ အခြား ပွဲရုံများမှ ပွဲစားကြီးများနှင့် မြို့ပေါ်မှ ကုန်သည်ကြီးများကိုလည်း ဖိတ်ကြား ဧည့်ခံသည်။

ခြောက်ယောက်စလုံးမှာ တောမိတ်ရှိသူများဖြစ်သောကြောင့် ပွဲရုံဖွင့်ပြီး မကြာမီပင် စိုပြေစည်ကားလာသည်။ ဦးညွန့်မောင်တို့၊ ဦးချစ်မောင်တို့ဘက်က ကိုင်းကုန်ပစ္စည်းများ ဝင်ရောက်လာသလို ဦးမောင်ကြီးနှင့် ဦးဗလတို့ဘက်က ရေကျို ငါးပိ၊ ငါးခူငါးပိ၊ ငါးကျည်းငါးပိ စသော အင်းထွက်ကုန်များ ဝင်လာသည်။ ဦးမြမောင်ဘက်က ရေနံလှေသမ္ဗန်သမားများနှင့် အညာကုန်သမားများ ရောက်လာသည်။ သို့သော် ရေနံမှာ ဂျပန်များက ခွင့်ပြုမှ သယ်ဆောင် ရသောကုန်ပစ္စည်းဖြစ်သဖြင့် ရောင်းကောင်းသည့်တိုင် အရောက်အဝင် နည်းပါးသည်။

မည်သို့ပင်ဆိုစေ သူတို့ပွဲရုံမှာဖွင့်လှစ်ပြီး တစ်လလောက် အကြာ၌ပင် အရောင်းအဝယ်သမားများ၊ ကုန်ပစ္စည်းများ နှင့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာသည်။ ပွဲရုံတစ်လုံး ကုန်ပစ္စည်းများနှင့်ပြည့်ကျပ်နေသည်။ အခြားပွဲရုံ ပွဲစားများကပင် အာရုံစိုက်လာကြသည်။ သူတို့ခြောက်ယောက်ထင်ထားသည့်ထက်ပင် အရောင်းအဝယ်ကောင်းနေသည်။ တစ်ခုရှိသည်မှာလည်း ဂျပန်ခေတ်မှာ အရောင်းအဝယ် လမိုင်းကပ်သည်။

လုပ်ငန်းကောင်း၍ အရောင်းအဝယ်ဖွံ့ဖြိုးလာသည့်အခါ ခြောက်ယောက် စလုံးမှာ ပို၍စိတ်ဓာတ် တက်ကြွလာကြသည်။ ခြောက်ယောက်စလုံး မိုးလင်းလျှင် ပွဲရုံရောက်လာကြသည်။ ကုန်သည်များကို ဧည့်ခံသူက ဧည့်ခံသည်။ ဈေးထဲသွားသူကသွားသည်။ လှေသမ္ဗန်ဆိပ်ဆင်းသူကဆင်းသည်။ တစ်နေ့ တစ်နေ့လျှင် ပွဲရုံ၏ ဝင်ငွေမှာ ကိုးရာ တစ်ထောင်ကျော် ဖြစ်သည်။ လူကြီးခြောက်ယောက်စလုံး ထမင်းမုန့်း ဟင်းမုန့်းမသိ။ ဝမ်းသာအားတက် နေကြသည်။ မြို့ပေါ်က ပွဲစားကြီးတွေ ချမ်းသာတာဒါကြောင့်ကိုး ဟု တွေးမိကြသည်။

"ပွဲရုံကိုချည်း လုံးပမ်းမနေကြနဲ့ဦးဗျ။ ဦးမောင်ကြီးနဲ့ဦးဗလ။ ခင်ဗျားတို့ နှစ်ယောက်က ကျနော်တို့လို လူလွတ်တွေမဟုတ်ဘူးနော်။ အတော်ကြာတော့ ကိစ္စပေါ်နေရင် မကောင်းဘူးဗျာ" ဟု ဦးညွန့်မောင်က စေတနာကောင်းနှင့် သတိပေးရသည်။

ဦးမောင်ကြီးနှင့်ဦးဗလမှာ ရွာကို နှစ်ရက်မှတစ်ခေါက် သုံးရက်မှ တစ်ခေါက် ပြန်ကြသည်။ ပွဲရုံအလုပ်တွင် စိတ်ဝင်စားနေသောကြောင့် ဖြစ်သည်။ ပြီးလျှင်ပွဲရုံတွင် အရောင်းအဝယ်ကိစ္စကိုလုံးပမ်းနေရခြင်းက စိတ်ချမ်းသာသည်။ ရွာပြန်ရောက်လျှင် စိတ်ဆင်းရဲသည်။ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခေါက်ပြန် သည်မှာလည်း နှစ်ယောက်စလုံးမပြန်။ တစ်ယောက်တစ်လည်း ပြန်ကြသည်။ သို့တိုင် ရွာတွင် ဘယ်တော့မှညမအိပ်။ တစ်ခုတော့ရှိသည်။ ရွာပြန်သည့် အခါတိုင်း ရွာဘုန်းကြီးကျောင်းကိုတော့ သွားဖြစ်အောင်သွားသည်။ လိုသော ပစ္စည်းများကို ကပ္ပိယကြီးအားမေးမြန်းပြီး နောက်တစ်ခါသွားလျှင် မြို့ဘက်မှ ဝယ်ခြမ်းသွားသည်။ အချိန်ကလေးရသလောက် ရှင်ဓမ္မဝိလာသ၏ တရားဓမ္မကို နာယူကြသည်။

ဦးမောင်ကြီးက အိမ်စောင့်အဖြစ်ထားသူမှာ ကိုထွန်းဆိုသူဖြစ်သည်။ အသက် ၄၀ အတွင်းအရွယ်လူပျိုကြီးဖြစ်သည်။ ဦးမောင်ကြီးနှင့် တူဝရီးတော်သည်။ ကိုထွန်းသည် စက္ကော့ရွာသားမဟုတ်။ နေဖြူပိုက်တန်းရွာသားဖြစ်သည်။ သို့ရာတွင် စက္ကော့ရွာ ဦးမောင်ကြီးထံတွင် ပိုက်ချည်ဖိုးသမားအဖြစ်နှင့် သုံးနှစ်ကျော်လောက်လာရောက်၍ နေဖူးသည်။ ထို့ကြောင့် စက္ကော့ရွာသူရွာသား များနှင့် သိဟောင်းကျွမ်းဟောင်းဖြစ်နေသည်။ တော်ရုံသဖြင့်ကိစ္စများတွင် သူ့ဦးလေးဦးမောင်ကြီးကိုယ်စား သူကြီးတစ်ယောက်လို ရွာကို အုပ်ထိန်းထား နိုင်သည်။ ပြီးလျှင် ကူးတို့သူကြီးဦးလာဘကလည်း ဦးမောင်ကြီးနှင့်ဦးဗလတို့ ကိုယ်စား ရပ်ရွာကိစ္စကို ဝင်ရောက် ထိန်းသိမ်းပေးသည်။ ထို့ကြောင့် အဆင်ပြေ နေခြင်းဖြစ်သည်။ ဂျပန်များနှင့် အစိုးရပိုင်းဆိုင်ရာများကလည်း လမ်းပြတ် နေပြန်သည်။

သို့နှင့် မိုး ဖြိုင် ဖြိုင် ကျလာသည် ။

(၂၉)

ချောင်းရေတွေလျှံသည်။ ကန်ရေတွေတိုးသည်။ မြစ်ရေတွေ ဖွေးဖွေးလှုပ်ကာ ဘောင်းလန်နေသော အချိန်ဖြစ်သည်။ ဝါခေါင်လကုန်လှ၍ တော်သလင်းလ သို့ကူးလုနီးနေပြီ။ မြစ်ရေများမှာ တိုးကောင်းတုန်းတိုး ကောင်းဆဲ ဖြစ်သည်။ တော်သလင်းလပြည့်ကျော်သွားလျှင်ကား မြစ်ရေအတိုး လျော့ပါးသွားလိမ့် မည် ဟု စက္ကော့ရွာတစ်ရွာလုံးက ယူဆကြသည်။ သို့တိုင်အောင် တော်သလင်းတွင် ကန်ဇင်းမိုး ကျန်သေးသည်။ ယခုနှစ်မိုးဦးရာသီနှင့် မိုးလယ်ရာသီချိန်အတွင်း၌မူ မိုးသက်မုန်တိုင်းဒဏ်ကိုတော့ သူတို့မခံကြရ၊ ယခုဆိုလျှင် မိုးနှောင်းချိန် ရောက်ခဲ့ပြီ။ သီတင်းကျွတ်ဆိုလျှင်တော့ လွတ်ပြီ၊ ကျွတ်ပြီ။ ထိုအချိန်လောက် ဆိုလျှင် မိုးသက်မုန်တိုင်းဘေးရန်မှ လုံးဝကင်းဝေးလိမ့်မည်ဟု သူတို့အားလုံးက တွက်ဆထားကြသည်။

သို့သော် ရောဝတီမြစ်ရေအတိုးကြမ်းသဖြင့် ရွာရှိလူများမှာ တထိတ်ထိတ် တလန့်လန့်ရှိနေရသည်။ မြစ်ရေသည် တာခြေအထိ ရောက်လာသည်။ နောက်တော့ တဖြည်းဖြည်းတိုး၍ တိုး၍လာသည်မှာ တာရိုးပေါ်သို့ ရေကျော် ရေလွှမ်းမတတ်ရှိသည်။ တာအတွင်းသို့ ရေများဝင်လာမလား။ တာပဲကျိုးလေမလားဟု စိုးရိမ်ကြောင့်ကြဖြစ်ကြရသည်။ တာ၏တစ်နေရာရာမှ ရေကျော်၍ ဝင်ခဲ့လျှင်လည်းကောင်း၊ တစ်နေရာရာမှ တာပေါက်လျှင်သော်လည်းကောင်း အထိုက်အလျောက် ခံသာသေးသည်။ ယင်းနေရာကို လူစုပြီး မြေဖို့ကြရန်နှင့် ပိတ်ဆို့ကာကွယ်ကြရန်သာရှိသည်။ တာကျိုးခဲ့လျှင်ကား ပိတ်ဆို့ဖို့မလွယ်ကူ။ ကာကွယ်ရန်ခဲယဉ်းသည်။ ရွာငယ်အတွင်းသို့ မြစ်ရေများ ဒလဟော ဝင်ရောက် လာမည်။ ရေလုံးရေစီးအားကို လူအားက မနိုင်နိုင်။ ရွာတွင် ယခင်အခါကလို အင်နှင့်အားနှင့် လုပ်နိုင် ကိုင်နိုင်သော ယောကျ်ားလူရွယ် လူလတ်များမှာလည်း မရှိသလောက်ဖြစ်သည်။

ညောင်တုန်းဘက်၌လည်း တာကျိုးမည်ကိုစိုးရိမ်နေကြသည်။ အိမ်တိုင်းစေ့ ယောကျ်ားရှိသမျှ ထွက်ရသည်။ ရေဘေးကာကွယ်ရေးကင်းများ ဖွဲ့စည်းရသည်။ နေ့ညမပြတ် ရေကင်းများစောင့်ကြရသည်။ ရေကင်းစောင့်လျက် ပေါက်တူး၊ ပေါက်ချွန်း၊ ဂေါ်ပြား အသင့်ပါရသည်။ ညဘက်ဆိုလျှင် လက်နှိပ်ဓါတ်မီး ၊ မီးအိမ် ပါရှိရသည်။ မြူအလုပ်သမားများနှင့် မြို့ပေါ်ရှိ ပခုံးထမ်းအလုပ်သမားများအားလုံး ဂျပန်အမိန့်နှင့် ရေကာတာများကို ပြုပြင်ကြရသည်။ နိမ့်နေသောနေရာများကို မြေဖို့ကြရသည်။ တာရိုးနှင့် ရေကာကြားထဲသို့ သဲအိတ်များ ချရသည်။ အုတ်ခဲ၊ ကျောက်ခဲများ လောင်းထည့်ရသည်။ မြစ်ထဲတွင် မျောပါလာသော အမှိုက်သရိုက်နှင့် ဒိုက်သရောများကို လှေသမွန်များနှင့် လိုက်လံဆယ်ယူလျက် ရေကာတာထဲသို့ စုပုံ ထည့်ကြရသည်။ တာကျိုးမည့်ဘေးရန်ကို မြို့သူမြို့ သားများသာမက ဂျပန်များလည်း စိုးရိမ်ကြသည်။ ရေကာတာများ တစ်နေရာမှ ကျိုးပေါက်လိုက်လျှင် တစ်မြို့လုံး ရေလွှမ်းသွားမည်။ စင်စစ် ညောင်တုန်းမြို့သည် ရေကာတာများဖြင့် ပတ်လည်ဝန်းရံနေသောမြို့။ မိုးနှောင်းချိန်ရောက်၍ အညာရေ အထောက်တွင် နှစ်စဉ်နှစ်တိုင်း ရေဘေးကိုစိုးရိမ်နေရသည်။ ထိုအတွင်း ညောင်တုန်းအရှေ့ဘက်မှ ဝဲဒေါင့်တာကျိုးသွားသည်။ လယ်ကေ ငါးထောင်ကျော် ခြောက်ထောင်ခန့် ရေလွှမ်းမိုးသွားသည်။ လူနေအိမ်များ၊ နွားများ၊ ကျွဲများ ရေထဲမျောပါကုန်သည်။

ထိုသတင်းသည်မြို့ပေါ်မှတဆင့် စကျော့ရွာသို့ ပျံ့လွင့် လာသည်။ ဝဲဒေါင့်တာကြီးကျိုးသွားပြီဟု ဆိုသောသတင်းကြောင့် စကျော့ရွာမှာ ပိုရှ် ရင်ဖိုကြသည်။ မြို့ပေါ်တွင် မြူနီစပယ်ရှိသည်။ လုပ်အားရှိသည်။ အားလုံးက မြို့ကိုအရေးပေးသည်။ ဂရုစိုက်သည်။ ရွာကလေး ဇနပုဒ်၌ကား ဘာမရှိညာမရှိ။ အရေးဟဲ့ အကြောင်းဟဲ့ ဆိုလျှင် ခြေထောက်ကို အားကိုးဖို့သာရှိသည်။

ဤလို တစ်မြို့လုံး တစ်နယ်လုံးကရေးဘေးကိုစိုးရိမ်နေရသောအချိန်၌ပင် ပုလဲကိုယ်ဝန် မွေးဖွားသည်။ အဖွားကြီး အရီးဥတို့သားအမိရှိ၍သာ တော်တော့ သည်။ ထိုသားအမိက ပုလဲ၏ မွေးရေးဖွားရေးကိစ္စကို လုပ်ကိုင်ဆောင်ရွက် ပေးကြသည်။ ပုလဲ မျှော်လင့်အားထားနေသော မိဖျိုင်းမှာ ခုထိတော့ ပေါ်မလာ။ မိဖျိုင်းသတင်းကိုလည်း အစအနမျှ ပုလဲမကြားရ။

"ယောက်ျားကလေးဟဲ့ ။ ယောက်ျားကလေး။ ဖြူဖြူဖွေးဖွေး ကြီး။ ချစ်စရာကြီး ပါကွယ်။ သားသမီးဆိုတာ ရတနာတစ်ပါးဟဲ့" ဟု အရီးဥက ဝမ်းသာအားရ ပြောသည်။

လူ့အသိုက်အဝန်းထဲသို့ရောက်လာစ ကလေးငယ်သည် စူးစူးရှရှ အော်သည်။ ခြေကလန် လက်ကလန် လှုပ်ရှားသည်။

အရီးဥနှင့် စိန်ကြည့် တို့ဗျာများနေရသည်။ အရီးဥက ကလေးငယ်ကို သန့်စင်ကာ အဝတ်ပိုင်းတစ်စဖြင့် ထွေးပတ်ပေးသည်။

"အော်လှချည်လားဟဲ့။။ အော်လှချည်လားဟဲ့" ဟု ပါးစပ်ကဆိုရင်း ကလေးငယ်၏မျက်နှာကို အရီးဥအကဲခက်သည်။

ဘယ်သူနဲ့တူပါလိမ့်။ ကလေးအဖေဟာ ဘယ်သူများပါလိမ့်။ မည်သို့မျှ မကွဲပြား။ ဘယ်သူဘယ်ဝါ နှင့်တူပါသည်ဟု အရီးဥ မခွဲခြားနိုင်။ မွေးကင်းစ ကလေးငယ်မို့လည်း ပုံဖမ်းရခက်သည်။

စိန်ကြည်ကိုယ်တိုင် ပုလဲကိုပြုစုဖေးမရင်းမှ သူ့အမေလက်တွင်းရှိ ကလေးငယ် ကို တစ်ချက်တစ်ချက်စောင့်ငဲ့ကြည့်သည်။ ဖြူဖြူဖွေးဖွေး ချစ်စရာကလေးဟု သည်မှလွဲ၍ စိန်ကြည်ဘယ်လိုမှ မစွပ်စွဲတတ်။

ရင်သွေးတစ်ယောက်ကိုမွေးဖွားရသည့်မိခင်တစ်ဦး၏ဒုက္ခဝေဒနာကို ခံစားရင်းမှ ပုလဲသည် မျက်လုံးကို အားယူဖွင့်သည်။ နဖူးပြင်မှစီးကျလာသော ချွေးလုံး ချွေးပေါက်သည် သာမန်ကျရိုးကျစဉ် ချွေးသီးချွေးပေါက်ထက် ပင်ပန်းရသည်။ အသက်ဆံဖျားစွန့်စားရသော ဖောပြန်ရသည့် ချွေးဖြစ်သည်။ သုဿန် သင်္ချိုင်းကုန်းမှ တစ်ခေါက်ပြန်လာခဲ့ရပါကလားဟု သူ့ကိုယ်သူ ပုလဲတွေးသည်။ ချွေးသီးချွေးပေါက်များကို ပုလဲသုတ်သည်။ အောက်နှုတ်ခမ်းကို ပြတ်မတတ် ကိုက်သည်။ မချိသည့်အကြားမှ အရီးဥလက်ထဲရှိသူမ၏ အသည်းနှလုံးကို လှမ်းကြည့်သည်။ မှန်သည်။ သူ့ရင်ထဲမှ အသည်းနှလုံး၏ပုံစားတစ်ခုကို ခွဲထုတ်ရခြင်း ဖြစ်သည်။ တစ်ဖက်စောင်းလှဲနေရာမှ ကြည့်ရသောကြောင့်လည်း အရီးဥလက်ထဲရှိ ကလေးငယ်ကို ကွဲကွဲပြားပြား ပုလဲမမြင်သာ။ ပြီးလျှင် သူ့ရင်မှာ လှပ်လှပ်ခုန်သည်။ တစ်ကိုယ်လုံး နာကျင်နေသည်။ မောပန်းနွမ်းလျရသည်။ တကယ်ဆိုတော့ မိခင်တစ်ဦး၏ ကမ္ဘာကို တည်ဆောက်ရခြင်းမှာ အသက်ချင်း စက်ယူရပါကလား။ ဆည်းလည်းသံသည် ပုလဲနားမှပျောက်ကွယ်သွားသည်။ ကလေးငယ်မှာ မောသွားဟန်တူသည်။ အသံတိတ်နေသည်။

" မမပုလဲ အသာမှိန်းနေနော်။ ရော့ ဟောဒီအထုပ်ကို ခဏခဏ ပွတ်ပြီး ရှူပေး။ မမပုလဲ သားလေးက ချစ်စရာလေး "

စိန်ကြည်က အထုပ်ကလေးတစ်ခုကို သုံးလေးကြိမ်လက်နှင့် ပွတ်တိုက်ပြီး ပုလဲလက်သို့ပေးသည်။

"နာနာ ရှူလိုက်။ နာနာရှူ။ ယပ်ထိပ်ကို ပေါက်သွားအောင် ရှူ။" ဟု ထပ်ပြောသည်။ အစ်မတစ်ယောက် အပေါ် ဂရုစိုက်သလို စိန်ကြည် ဂရုစိုက်သည်။

ချစ်စရာကလေးဟူသော စိန်ကြည့်စကားသည် ပုလဲ၏ဒုက္ခဝေဒနာခပ်သိမ်းကို ကင်းငြိမ်းမေ့ပျောက်ရှိရသည်။ သားကလေး၊ သားကလေးပေါ့။ ငါ့ဆုတောင်းပြည့် တာပဲ။ ငါလိုချင်တဲ့ သားကလေး။ ဖြူဖြူဖွေးဖွေး ချစ်စရာလေးတဲ့။ ပုလဲရင်ထဲက တတွတ်တွတ်ဆိုသည်။

" မမပုလဲ ရင်ခွင်ထဲကို ထည့်ပေးလိုက်ပါ အမေရယ် "

အရီးဥက ကလေးငယ်ကို စကောထဲသို့ ချသိပ်မည်အပြုတွင် စိန်ကြည်က ပြောသည်။

မကြာမီကလေးသည် တစောင်းလှဲနေသောမိခင်၏ ရင်ခွင်ထဲသို့ ရောက်သွား သည်။ ကလေးက "အယ့်" ကနဲလှုပ်ရှားသည့်အခါ အလိုအလျောက်ပင် ပုလဲ၏လက်တစ်ဖက်က ကလေးငယ်ကို ဖက်ပြီးသားဖြစ်သွားသည်။ မိခင်တစ်ဦး ၏မေတ္တာပန်းသည် အစွမ်းကုန်ပွင့်လန်းလာသည်။ ကရုဏာရေအလျဉ်သည် တသိမ့်သိမ့် တသွင်သွင်စီးဆင်းသည်။ သူမရင်ထဲတွင် တဖျတ်ဖျတ် လှုပ်ရှားရသည်။ ကြည်နူးနှစ်သိမ့်ရသည်။ ရင်ခွင်တွင်းရှိကလေးငယ်သည် သူ့ဘဝတွင် တွယ်တာမြတ်နိုးရာဟု ပုလဲထင်သည်။ သူမက မျက်လုံးကိုမဖွင့်ပဲ မှိတ်ထားသည်။ အရီးဥက အဝတ်တစ်ထည်နှင့် ခေါင်းကို ပတ်ပေးသည်။ စိန်ကြည်က နန္ဒန်းမှုန့်ကို ခွက်တစ်လုံးထဲ ထည့်ဖျော်နေသည်။

" မမပုလဲ နေလို့ကောင်းရဲ့လား "

ပုလဲက လှဲနေရာမှ ခေါင်းဆတ်သည်။

ကောင်းစွာအတွေ့အကြုံရှိပြီးဖြစ်သော အရီးဥသည် ပုလဲ၏အိပ်ယာဘေးတွင် မီးဖိုပေးသည်။ မြေအိုးငယ်တစ်လုံးနှင့်ရေနွေးကျိုပေးသည်။ "ရေသောက်ချင်ရင် ရေစိမ်းကိုမသောက်နဲ့။ ဒီအိုးထဲကရေနွေးကိုသောက်" ဟု အဖွားကြီးက ပြောသည်။ တဲအိမ်ငယ်ထက်တွင် မွေးကင်းစကလေးနှင့်မှ လူလေးယောက်သာ ရှိသည်။

အဖွားဥသည် အတန်ကြာငြိမ်နေသည်။ တာရိုးရှိရာသို့ မကြာမကြာလှမ်း ကြည့်သည်။ မြစ်ပြင်ကြီးကိုလည်း မကြာခဏမျှော်ကြည့်သည်။ အိမ်ငယ်ထက်မှ နေ၍ ကြည့်လျှင် မြစ်ရေပြင်က တာရိုးထက် မြင့်မောက်နေသည်။ တသွင်သွင်တရိပ်ရိပ်စီးဆင်းနေသောရေများက ကြောက်စရာ လန့်စရာကောင်းသည်။ မိတ်ဆွေလည်း မိတ်ဆွေ၊ ရန်သူလည်း ရန်သူ။ ဒိုက်သရောနှင့် ဗေဒါ၊ ကျူရိုး၊ သစ်ပင်သစ်မြစ်များသည် ရေပေါ်တွင်ရော့ပြေး နောက်ကလိုက် ရှိသည်။ ဝဲကတော့ထဲရောက်လျှင် တော်တော်နှင့် မထွက်နိုင်။ ဝိုင်းကြီးပတ်ပတ်လည့် နေသည်။

အဖွားကြီးစိတ်ထဲတွင် တာကျိုးမှာကို တွေးပူနေသည်။ ဒီထက် ဒီမြစ်ရေတိုး မှာကို စိုးရိမ်နေသည်။ တာကျိုးရင်တော့ ရွာအပျက်ပဲ။ အဖွားဥတွေးသည်။ ထိုကြားထဲကပင် ဒုက္ခသုက္ခတွေ ဗလပွနှင့် လူ့လောကထဲသို့ ဝင်ရောက်လာသော ကလေးငယ်၏ဘဝကိုလည်းကောင်း၊ ရှေ့ဆက်၍ အဘယ်ပုံ စခန်းသွားလေ မည်နည်းဟု မပြောနိုင်သော မိခင်၏ ကံဆိုးမိုးမှောင် အဖြစ်ကိုလည်းကောင်း အရီးဥ တွေးသည်။

ရွာတွင် တစ်နေ့တခြား စားရေးသောက်ရေးမှာ မပြေမလည်ဖြစ်လာသည်။ သူတို့ရွာမှာ လယ်သမားကိုင်းသမားရွာမဟုတ်။ ငါးဖမ်းသားဖမ်းရွာ။ ထိုအခါ ဝမ်းစာစပါးမရှိ။ နွေစာ မိုးစာဟူ၍ မသိုလှောင်နိုင်။ သူတို့အားလုံး၏ ဝမ်းစာပုတ်ကြီးသည် ရောဝတီမြစ်ကြီးသာဖြစ်သည်။ ခုလို ရေတွေဘောင်းလန် နေသည့်အချိန်တွင်မူ ငါးသား ပုစွန် ဖမ်းရဆီးရသောအလုပ်မှာလည်း လေ့ဦး ခြောက်သွေ့သည်။ တဖန် ယခင်ကလို ပိုက်ထိုးကွန်ထိုးအလုပ်ကလည်းမရှိ။ ပိုက်ထောင်ရှင် ပိုက်သူကြီးဟူ၍ရွာတွင်မရှိတော့။ ငွေပိုကြေးပိုထုတ်ပေးမည့်သူ လည်း မရှိ။ ငါးဒိုင် ငါးရှဲများကလည်း ငါးပုစွန်လုပ်ငန်းမရှိသဖြင့် မြို့ပေါ်တက် နေကြသည်။

အဖွားဥ အာရုံတွင် ရေဘေးကြီးနှင့်အငတ်ဘေးကြီး ကျရောက်နေသည်။ တော်တာကမှ တော်လိမ့်ဦးမယ် တွေးသည်။ ဟယ် ရေကြီးတာကမှ တော်လိမ့် ဦးမယ်။ တွေးသည်။

"အို ဘာတစ်ခုမှ မကောင်းပါဘူးလေ" အရီးဥ နှုတ်ဖျားမှ မပီသသော စကားလုံးများသည် လွှတ်ကနဲထွက်သွားသည်။

" ဘာပြောလိုက်တာလဲအမေ "

စိန်ကြည်က လှမ်းမေးသည်။ သူ့အမေ တစ်ခုခုပြောလိုက်သည် ဟုစိန်ကြည်ကထင်သည်။

"ဒီမိန်းခလေး ဆာလောင်နေမလားပဲ။ အိမ်မှာ ထမင်းကလေးများကျန်ဦးမလား မဆိုနိုင်ဘူး။ အမေသွားကြည့်လိုက်ဦးမယ်။ "

" ကျမသွားလိုက်မယ်လေ "

စိန်ကြည်ကပြောသည်။ ပုလဲရှိရာကို တစ်ချက်လှမ်းကြည့်သည်။ ခုချိန်ထိ ပုလဲ မျက်လုံးမှိတ်ထားဆဲဖြစ်သည်။ အိပ်ပျော်နေလေသလား။ စိန်ကြည်ထင်သည်။

" နေ နေ အမေ့ဘာသာသွားမယ်။ "

အရီးဥ ထိုင်ရာမှထသွားသည်။ အိမ်ငယ်ထက်မှ ဆင်းပြီး တာရိုးပေါ်အရောက် မြစ်ရေပြင်ကြီးကို လှမ်းကြည့်ပြန်သည်။ အဖွားကြီးက ဒုက္ခသည်သားအမိအရေး ကိုသာမက ကိုယ်ရေးကိုယ်တာ အတွက်လည်း စိတ်မကောင်းဖြစ်နေသည်။ အဖိုးကြီးဦးပေါ်လာသည် တစ်ညလုံး တိုင်ထောင်ဆင်းသွားမှ ငါးတစ်ကောင် နှစ်ကောင်သာရသည်။ တစ်ခါတစ်ခါ မိုးစင်စင်လင်းသော်လည်း တစ်ကောင် တစ်မြီးမှမရခဲ့။ သားနှင့်သားမက်မရှိ၍ အဖိုးကြီးတစ်ယောက်တည်းလုပ်စာကို အားကိုးနေရသည့်အခါ သူတို့အိမ်ထောင်စုမှာလည်း အတော်ပင် အနေအစား ကျပ်တည်းလာသည်။ သို့ဖြစ်ရာ အရီးဥကိုယ်တိုင်ပင် ဘာလုပ်ရကောင်းမလဲဟု တွေးသည်။ စိန်ကြည်ကိုတော့ သူ့ကလေးနှင့်သူ ရှိစေတော့ဟု သဘောထား လိုက်သည်။

ဤရက်များတွင် ဦးမောင်ကြီးနှင့် ဦးဗလမှာ တစ်နေ့မပြတ် ရွာသို့ ရောက်လာကြသည်။ ရေဘေးကိုစိုးရိမ်နေရသဖြင့် မြို့ပေါ်ရှိပွဲရုံမှာလည်း အတော်ပင် အရောင်းအဝယ်ပါးသွားသည်။ ပြီးနောက် သူတို့များရွာ၏ရေဘေး အတွက်လည်း သူတို့စိုးရိမ်ပူပန်ကြသည်။ ညောင်တုန်းဆိုသည်မှာ သူတို့အဖို့ ထာဝစဉ်နေထိုင်နိုင်မည့်ဒေသမဟုတ်။ အကြောင်းမသင့်၍ ခေတ္တခဏခိုကပ် ရသည့်နေရာမျှသာဖြစ်သည်။

ဦးမောင်ကြီးက ဝဲဒေါင့်တာကျိုးလိုက်သဖြင့် ညောင်တုန်းရော စက္ကော့ပါ ရေးဘေးကိုစိုးရိမ်စရာမရှိဟု ပြောသည်။ ရေလျှောင်ကန်မှ တာတမံကို ဖောက်ချလိုက်သလို တစ်ဖက်တွင် လမ်းပေါက်ပွင့်သွားသဖြင့် မစိုးရိမ်ရခြင်း ဖြစ်ကြောင်း ပြောသည်။ ဟုတ်နိုင်စရာတော့ရှိသည်။ နောက်ရက်များတွင် မြစ်ရေ အတိုးဆိုင်းသွားသည်။ မကျသေးသော်လည်း ရေတိုးရှိန်မှာ တန့်နေသည်။

သူကြီးနှင့်ဆယ်အိမ်ခေါင်းတို့ ရွာကိုရောက်လျှင် ခဏတဖြုတ်သာ ရွာထဲ နေကြသည်။ တာအခြေအနေနှင့် ရေအခြေအနေကို လိုက်လံ၍ ကြည့်ကြသည်။ ပြီးလျှင်ဘုန်းကြီးကျောင်းသွားကြသည်။ ထိုအခါ ဦးလာဘနှင့် သုံးယောက် ဖြစ်သည်။ ကျောင်းရောက်လျှင် ရဟန်းတော်ရှင်ဓမ္မဝိလာသနှင့် တရားဓမ္မ အကြောင်းလောက်သာ ဆွေးနွေးခြင်း၊ နာကြားခြင်း ပြုကြသည်။ တာကျိုး၍ရွာထဲသို့ရေများ ဝင်ရောက်လျှင်လည်း ကျောင်းနှင့်ဇရပ်မှာ သိပ်ပူစရာမရှိ။ ကျောင်းရော ဇရပ်ရော အမြင့်ပိုင်းတွင် တည်ရှိသောကြောင့် တစ်ကြောင်း၊ တစ်ထပ်တည်း ခပ်မြင့်မြင့်ဆောက်လုပ်ထားသောကြောင့် တစ်ကြောင်း ဖြစ်သည်။

ရွာသူရွာသားများတွင် စားရေးသောက်ရေးမပြေလည်သဖြင့်ကျောင်းမှလည်း ယခင်လောက် မဖွံ့ဖြိုး။ သို့သော် ဆွမ်းဟင်းလျာနည်းပါးသွားရုံသာဖြစ်သည်။ ဦးပဥ္စင်းနှင့်ကပ္ပိယကြီးအဖို့ လောက်ငသည်။ ဆွမ်းမှာအနည်းအကျဉ်းပိုသည်။ နောက်တစ်ကြောင်းရှိသည်မှာ ဦးမောင်ကြီး၊ ဦးဗလနှင့် ဦးလာဘတို့သုံးဦးက ရဟန်းတော်နှင့် ကပ္ပိယကြီးဦးဖိုးတို့အတွက် လောက်င ဖူလုံအောင် ထောက်ပံ့ လှူဒါန်းကြခြင်းဖြစ်သည်။

"ဦးဖိုး ကျောင်းအတွက် လှေတစ်စင်းတော့ ရှိဖို့လိုတယ်ဗျ။ ကျုပ်အပြန်တော့ လိုက်ခဲ့ဗျာ။ ကျုပ်ဆီက လှေတစ်စင်းလိုက်ယူထား။ အဲဒီလှေကို ချောင်းထဲမှာ ချည်ထားဗျာ။ အရေးဟဲ့အကြောင်းဟဲ့ဆိုရင် ဆရာတော်ကို လှေပေါ်တင်ပြီး ညောင်တုန်းသာ အရောက်လှော်ခဲ့။ "

မြစ်ရေတိုးနေချိန် ရွာပြန်အလာတွင် ဦးမောင်ကြီးက ကျောင်းအတွက် လှေငယ်တစ်စင်းလှူဒါန်းသည်။ အမှန်မှာ ဦးမောင်ကြီးတွင် ခပ်စောစော ကတည်းက ဤစိတ်ကူးရည်ရွယ်ချက်ရှိသည်။ သို့သော် ကိုယ်ရေးကိုယ်တာ ကိစ္စများကြောင့် တစ်ကြောင်း၊ ဂျပန်စစ်ရုံးကမကြာခဏခေါ်သည်ကို သွားနေရ၍ တစ်ကြောင်း ထိုကိစ္စမှာ မေ့မေ့ပျောက်ပျောက်ဖြစ်နေသည်။ ယခု ရေကိစ္စ အကြောင်းပေါ်လာမှ သတိပြန်ရခြင်းဖြစ်သည်။

" ဒကာကြီးက တယ်ဒုက္ခရှာတာကိုး "

ဘုရားဆောင်ရှေ့တွင် ရှိနေသောရှင်ဓမ္မဝိလာသက အမိန့်ရှိသည်။ ဦးပဥ္စင်းသည် ကျောင်းပေါ်မှနေ၍ မြစ်ပြင်ကြီးရှိရာသို့ မျှော်ကြည့်သည်။ သတ္တဝါအပေါင်း ရေဘေးမှ ကင်းဝေးကြပါစေဟု ဦးပဥ္စင်း အာရုံပြုနေမိသည်။

"လှေတစ်စင်းတော့ရှိထားတာကောင်းပါတယ်ဘုရား။ ဟိုရွာ ဒီရွာကို ကြွချင်ပြန် တော့ အသုံးချနိုင်ပါတယ် ဘုရား။ "

ဦးဗလကလျှောက်တင်သည်။

ရှင်ဓမ္မဝိလာသသည် နောက်ထပ်၍မည်သို့မျှမမိန့်ကြား။ ငြိမ်ဆိတ်နေသည်။ ရဟန်းတော်သည် သူ၏ပစ္စည်းလေးပါး ဒါယိကာ ဒါယိကာမများဖြစ်ကြသော ရွာသူရွာသားအားလုံးအတွက် စိတ်လက်မချမ်းမသာဖြစ်ရသည်။ တွေးတော စဉ်းစားမိတိုင်း စိတ်နလုံးနောက်ကျိရသည်။ ထိုအခါ ညစ်ထေးနောက်ကျိ လာသောစိတ်များကို ဖယ်ရှားလျက် မေတ္တာကမ္မဋ္ဌာန်းကို ပွားများစီးဖြန်းရသည်။ ရွာသူရွာသားအားလုံး၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာရေးအတွက် အာရုံပြုရသည်။

ဦးမောင်ကြီးနှင့်ဦးဗလတို့ ပြေးလွှားနေရသောအဖြစ်ကို ကြည့်၍လည်း ရဟန်းတော်မှာ စိတ်မချမ်းမမြေ့ ရှိလှသည်။ ဇရာဒုဗ္ဗလအရွယ်ရောက်မှ ခမြာများ ပင်ပန်းဆင်းရဲလှပါကလား။ ကြောက်မက်ဖွယ်လိလိဖြစ်သော စစ်ဘေး အန္တရာယ်ကြီးကတစ်မျိုး။ သူခိုးဘေး၊ ဓါးပြဘေး ကတစ်သွယ်။ မချစ်မနှစ်သက်သူ များ၏ ရန်အန္တရာယ်ကြီးကတစ်ဖုံ။ ခုပဲရေဘေးအန္တရာယ်ကို စိုးရိမ်ထိတ်လန့် နေကြရရှာပါကလား။ အကြောင်းပေါင်းစုံသည် ရဟန်းတော်၏ အတွေးအာရုံ အတွင်းသို့ ဝင်ရောက်လာသည်။

ထိုအတွင်း ကပ္ပိယကြီးနှင့် စကားပြတ်သွားသော ဦးမောင်ကြီးသည် ရဟန်းတော်ရှေ့သို့ရောက်လာသည်။ ရှင်ဓမ္မဝိလာသအား ဦးနိမ့်ဝတ်ချသည်။

ရဟန်းတော်သည် အချိန်အတန်ကြာ စကားမဆိုပဲ တရားဓမ္မကို ဆင်ခြင်နေသည်။ ရုပ် နာမ် နှစ်ဝတို့၌ ဒေါသ၊ မောဟ၊ မာန၊ တဏှာ ကိလေသာများကို မချိုးနှိမ် မပယ်သတ်နိုင်သမျှ ဘဝများစွာသံသရာ၌ ဖြစ်ပျက်လည်ပတ်ပြီး ဒီလိုဆင်းရဲဒုက္ခများထဲမှာပဲ တဝဲဝဲ တလည်လည် ဖြစ်ရဦးမှာပါကလား။ တဏှာကိုအရင်းခံပြီး ဒီဘဝကို ဖြစ်စေခဲ့တာပဲ။ တစ်ခါ ဘဝကို အကြောင်းခံပြီး ကိလေသာ တဏှာဟာ ထပ်တလဲလဲ ဖြစ်နေရင် ဒီဒုက္ခနယ်ပယ်ဟာ ဘယ်တော့မှ အဆုံးသတ်မှာ မဟုတ်ပါကလား။

ထို့နောက် ရဟန်းတော်သည် ဦးမောင်ကြီးတို့ သုံးဦးအားလက္ခဏာ ရေးသုံးပါးကို ဟောကြားသည်။ သစ္စာလေးပါးကိုဟောမြွက်သည်။ မဂ္ဂင်ရှစ်ပါးကို ဟောကြားသည်။ လူတို့ လိုက်နာကျင့်ကြံအပ်သော ပြဟ္မစိုရ်တရားလေးပါးကို ဟောကြားသည်။

"ရန်ပြုတတ်သောသူတို့၏ အလယ်၌ရန်မပြုဘဲ ချမ်းသာစွာနေအပ်တယ်။ အမုန်းများ၍ ရန်ပွားတတ်သော သူတို့၏အလယ်၌ မေတ္တာတရားကို ရှေ့ထားသင့်တယ်။ အတိုက်အခိုက် အပြိုင်အဆိုင်ဟူသမျှမှာ

အနိုင်ရတဲ့သူဟာ ရန်သူပိုများတတ်တယ်။ အရှုံးအနိမ့်ခံရပြီဆိုရင်လဲ စိတ်ဆင်းရဲ ငြိုငြင်ခြင်း ဖြစ်တတ်တယ်။ မေတ္တာတရား၊ ဂရုဏာတရား၊ မုဒိတာတရား၊ ဥပေက္ခာတရား စတဲ့ ဗြဟ္မစိုရ်တရားများကို လက်ကိုင်ထားပြီး စစ်မှန်လေးနက်တဲ့ ချမ်းသာမှုကို ဒကာကြီးတို့ ရှာကြံအားထုတ်ကြရမယ်။ ”

“ မှန်လှပါ ဘုရား။ ”

ကျောင်းပေါ်ကဆင်းလာ၍ ကျောင်းဝင်းပေါက် ရောက်သည့်တိုင် ဦးမောင်ကြီး၊ ဦးဗလ နှင့်ဦးလာဘ တို့သုံးဦး နှုတ်ဆိတ်လာကြသည်။ အတွေးအတော ကိုယ်စီနှင့် ဖြစ်ကြသည်။ ရဟန်းတော် ဟောကြားလိုက်သည့် တရားဓမ္မကို နှလုံးသွင်းဆင်ခြင်လာကြသည်။

မှန်တယ်။ ဘဝရဲ့ငြိမ်းချမ်းသာယာမှုကို တကယ်တမ်း ပေးစွမ်းနိုင်တာဟာ မေတ္တာတရား၊ ကရုဏာတရားပဲ။ သူ့ကို ငါသတ်မယ်။ ငါ့ကို သူက သတ်မယ်ဆိုတဲ့ ယှဉ်ပြိုင် တိုက်ခိုက်မှုတွေဟာ ဘဝရဲ့ငြိမ်းချမ်းသာယာမှုကို ဘယ်တော့မှ မရနိုင်ဘူး။ ရလို့ရှိရင်လဲ ခဏတဖြုတ်ပဲဖြစ်မယ်ဟု ဦးမောင်ကြီး တွေးလာသည်။

စစ်ဖြစ်တယ်ဆိုတာဟာ လူတွေကို ဟောတစ်ယောက် ဟောတစ်ယောက် သတ်ပစ်တာပဲ။ ဒီလိုသတ်လို့ရော ဒီလူတွေကုန်သွားမှာတဲ့လား။ ဒီလူတွေ မကုန်ရင် သူတို့ရဲ့ ရန်မီးဆိုတာကရော တကယ်တမ်း ငြိမ်းအေးသွားမှာတဲ့လား ဟု ဦးဗလကတွေးလာသည်။

အင်း သူတော်ကောင်းတရားဆိုတာ နာကြားရတဲ့အခိုက်အတန့်ကလေးမှာ တောင် တယ်ပြီး စိတ်နှလုံးချမ်းသာရပါကလား။ ဒါကြောင့် အတိဒုလ္လဘ လို့ဆိုတာပဲလေဟု ကူးတို့သူကြီးဦးလာဘက နှလုံးသွင်းလာသည်။

သို့နှင့် သူတို့သုံးယောက် ရွာ၏တောင်ပိုင်းဖျားသို့ဝင်ရောက်ခဲ့လေသည်။

(၃၀)

တော်သလင်းလထဲသို့ သီတင်းတစ်ပတ်ခန့် ဝင်ရောက်လာသည်။

မြစ်ရေများကျစပြုလာသည်။ ဟိုတုန်းက တရိပ်ရိပ်တရှိန်ရှိန်တိုးမှန်းမသိ တိုးခဲ့သလို ယခုဆုတ်ရေမှာလည်း တအိအိ တဖြည်းဖြည်း ဆုတ်လာသည်။ ပြန်းကနဲ ဒိုင်းကနဲ မဟုတ်။ လကုန်ရက်ဆိုလျှင်တော့ ရေဆုတ်အား ကောင်းသွားမည်။ မြစ်ရေကျစပြုသဖြင့် မြို့ရေတောပါ ဟင်းကနဲ အလုံးကြီး ကျသွားသည်။ ဒီတစ်နှစ်တော့ ရေဘေးက လွတ်ပြန်ပဟော့ဟု အားလုံးဝမ်းသာ အားရဖြစ်ရသည်။

မြို့ပေါ်တွင် အရောင်းအဝယ်များပြန်လည်စိုပြေလာသည်။ မြို့နှင့်တော ဆက်ဆံရေးမှာလည်း ပုံမှန်ပြန်ဖြစ်လာသည်။ ရေ့လဆိုသီတင်းကျွတ်တော့မည်။ ထို့ကြောင့် အခါတိုင်းထက် အရောင်းအဝယ်များ စည်ကားလာသည်။

မြစ်ရေကျစပြုပြီဖြစ်၍ စက္ကော့ရွာ၌လည်း ငါးဖမ်းသားဖမ်းလုပ်ငန်းများကို တတ်နိုင် သလောက် ပြန်လည်လုပ်ကိုင်လာကြသည်။ အိမ်ထောင်စုအချို့မှ မိန်းမများ ပိုက်ထွက်ချကြသည်။ လှေတစ်စင်းလျှင်

မိန်းမနှစ်ယောက်၊ လှေဦးတစ်ယောက်၊ လှေပဲ့တစ်ယောက်။ ပိုက်အထည်များကိုမူ ၂ စပ်၊ ၃ စပ် စသည်ဖြင့် လျှော့ထားရသည်။ ယောက်ျားများလိုတော့ ဖောင်ပြည့် အထည့်ပြည့် မကိုင်နိုင်။

ဘယ်အချိန်ဘယ်ကာလမှပြန်ရောက်လာမည်ဟု မသိရသောယောက်ျားများကို ထိုင်စောင့်နေလို့မဖြစ်။ သူတို့ကို စိတ်ပင်ပန်းကြီးမားစွာနှင့်မျှော်လင့်နေခြင်းထက် ကိုယ့်အားနှင့်ကိုယ် လူပင်ပန်းခံကာ ရှန်းကြရမည်။ အချိန်တန်လျှင် မစားမသောက်ဘဲနေလို့ကမပြီး။ ကျောပူမှဝမ်းအေးမည်။ ၁၀နှစ် ၁၁နှစ်အရွယ် ကလေးများလည်း လူကြီးများနှင့်အတူ ပိုက်လှေများတွင် လိုက်ကြရသည်။ အဖိုးကြီးဦးပေါ်လာသည် တိုင်ထောင်အလုပ်ကိုရပ်လိုက်သည်။ သူ့သားသာဒွန်း၏ ပိုက်နှင့် အများလိုပင် ငါးသလောက်ပိုက် ဆင်းသည်။ တိုင်ထောင်အလုပ်ထက် ပင်ပန်းမှုပိုသလို ငါးသားအရတွင်လည်း ငါးသလောက်ပိုက်က ပိုသည်။

မြစ်ထဲတွင် ပိုက်ချ ငါးဖမ်းလှေများဖြင့် အတော်အတန်လှုပ်ရှားလာသည့်အခါ မြို့ဘက်သို့ ကူးပြောင်းနေသော ငါးဒိုင်ငါးရှဲများထဲမှ တစ်ဦးစနှစ်ဦးစမှာလည်း ပိုက်ချက်စခန်းသို့ရောက်လာကြသည်။ ငါးသိမ်းငါးကောက် အလုပ်ကိုလုပ်ကြ ကိုင်ကြပြန်သည်။ ငါးအချိန်အတွယ်ကိစ္စ၊ ငွေကြေးအပေးအချေ ကိစ္စများကို ပိုက်ချက်စခန်းတွင် လုပ်သည့်အခါ လုပ်သည်။ မြစ်ထဲတွင် လှေငယ်နှစ်စင်းကို ပူးတွဲချည်နှောင်ပြီး ရောင်းခြင်းဝယ်ခြင်းလည်းပြုလုပ်ကြသည်။ မည်သို့ပင်ဖြစ်စေ ဝမ်းရေးတိုက်ပွဲ လှုပ်ရှားမှုလွဲလျှင်ကား အခြားအကြောင်းတစ်စုံတစ်ရာသည် ရွာငယ်တွင် မပေါ်ပေါက်။ ယခင်ကလို ဂျပန်တွေလည်းမရောက်။ မြို့နယ် အုပ်ချုပ်ရေးဆိုင်ရာများနှင့် ပုလိပ်များဟူ၍လည်း မလာကြ။ သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့ပင် သီတင်းတစ်ပတ်ခန့် ရွာနှင့် အဆက်ပြတ်နေပြန်သည်။

ဤသို့ဖြင့် တော်သလင်းလပြည့်သို့နီးကပ်လာသည်။ လပြည့်ရန် ၃ရက်သာ လိုတော့သည်။ ထိုအခိုက် မည်သူတစ်ဦးတစ်ယောက်မှ မမျှော်လင့်သော အကြောင်းတစ်ရပ်သည် ဖြုန်းကနဲပေါ်ပေါက်လာသည်။

ရွာဘုန်းကြီးကျောင်းမှ အာရုဏ်တုံးခေါက်ပြီးစဖြစ်သည်။ အလင်းရောင်ပင် ကောင်းစွာမပြူတတ်သေး။ တစ်ရွာလုံးကို ဂျပန်စစ်သားတွေဝိုင်းထား ကြပြန်သည်။ မြို့ပေါ်မှအုပ်ချုပ်ရေးဘက်ဆိုင်ရာများနှင့် ပုလိပ်အမှုထမ်းများလည်း ပါဝင်သည်။ သည်တစ်ကြိမ်တော့ ရွာကိုသာမက ဘုန်းကြီးကျောင်းနှင့်ဇရပ်ကိုပါ ဂျပန်စစ်သားများ ဝိုင်းကြသည်။

ရွာရှိ အဖိုးကြီးအဖွားကြီးများ၊ ကလေးသူငယ်များ၊ ယောက်ျားမိန်းမမှန်သမျှကို နေအိမ်ပေါ်မှ အတင်းမောင်းချသည်။ တာရိုးပေါ်တွင် စီတန်းပြီး ထိုင်ခိုင်း ထားသည်။ ထို့နောက် ဂျပန်စစ်သားများနှင့် ပုလိပ်အမှုထမ်းများသည် အိမ်တိုင်း ကိုရှာဖွေသည်။ ဘာကိုသူတို့တတွေရှာမှန်း ဖွေမှန်းမသိ။ ကြမ်းပိုးရှာသလား။ သန်းရှာသလား။ ထိုမျှလောက် အစေ့အစပ်ရှာသည်။ အိမ်တွင်းအိမ်ပြင် ဘုရားစင် မီးဖိုချောင် ဘာတစ်ခုမှ မကျန်အောင် အနှံ့အပြားရှာသည်။ သူကြီးဦးမောင်ကြီး၊ ဆယ်အိမ်ခေါင်းဦးဗလနှင့် ကူးတို့သူကြီးဦးလာဘ အိမ်ကို ဂျပန်စစ်ဗိုလ်ကိုယ်တိုင် ကြပ်မတ်လျက် ဂရုတစိုက်ရှာဖွေသည်။

ဘုန်းကြီးကျောင်းနှင့်ဇရပ်ကိုလည်း ထိုနည်းလည်းကောင်းသွားရောက်၍ ရှာဖွေ သည်။ ကျောင်းအောက်ဇရပ်အောက်များတွင် မြေကြီးကိုပင် ထိုးဆွရှာဖွေကြ သည်။ အမှိုက်သရိုက်ပုံများ၊ ဝါးရုံတောများ၊ သစ်ပင်ချုံနွယ်များအတွင်းကိုလည်း လိုက်လံရှာဖွေကြသည်။ မိုးစင်စင်လင်းသည့်တိုင် အရှာအဖွေ မရပ်ကြ။ ထပ်တလဲလဲနှင့်ရှာပြီးရင်း ရှာကြသည်။

ရဟန်းတော် ရှင်ဓမ္မဝိလာသမှာ အာရုဏ်ဆွမ်းကိုပင် မဘုဉ်းပေးရ။ ကျောင်းရှေ့တွင် ထွက်ရပ်နေရသည်။ ကပ္ပိယကြီးကို ဇရပ်ရှေ့တွင် အရပ်ခိုင်းထားသည်။

ဤလို ကျောင်းနှင့်ဇရပ်ကို စိတ်တိုင်းကျရှာဖွေပြီးသည့်နောက်၊ ရဟန်းတော်နှင့် ကပ္ပိယကြီးတို့အား ဂျပန်စစ်ဗိုလ်က ခြိမ်းချောက်စစ်ဆေးသည်။ ရွှေဟသာ်ကျွန်း သူကြီးဟောင်းဦးချစ်မောင်ကို သိကျွမ်းသလား မေးသည်။ ချောင်းကြီး သူကြီးဟောင်းဦးညွန့်မောင် ဤကျောင်းကို အထွက်အဝင်ရှိ မရှိ၊ သိ မသိ မေးသည်။ ရဟန်းတော်နှင့်ကပ္ပိယကြီးတို့က အဝင်အထွက် မရှိကြောင်း၊ မသိကြောင်း အမှန်အတိုင်းဖြေသည်။

သို့သော် ဂျပန်စစ်ဗိုလ်မကျေနပ်။ မဟုတ်မမှန်ပြောလျှင် ရဟန်းတော်နှင့် ကပ္ပိယကြီးတို့ အဖမ်းအဆီး ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်သည်။ ထပ်မံ၍စစ်ဆေးမေးမြန်းသည်။ အကြပ်ကိုင်မည့် အခြေအနေမျိုး ဖြစ်လာသည်။ မေးခွန်းများသည် ထိတ်စရာလန့်စရာ ကောင်းလာသည်။

ဦးမောင်ကြီးတို့လူစု သိုဝှက်ထားသော လက်နက်ခဲယမ်းမီးကျောက်များကို ထုတ်ပေးရမည် တောင်းသည်။ စက်ကလေး တစ်လက်နှင့် ရိုင်ဖယ် ၅လက်ရှိရမည်။ ပေးရမည် ဆိုသည်။ ကျည်ဆံ ယမ်းတောင့်များလည်း ရှိရမည်။ ဘယ်မှာထားသလဲမေးသည်။

ဂျပန်တွေနှင့်အတူပါလာသော ပုလိပ်အမှုထမ်းများကို မဆိုထားဘိ၊ မြို့နယ် အုပ်ချုပ်ရေးအရာရှိကြီးများပင် နှုတ်ပိတ်ရေငုံနေကြသည်။ စင်စစ်တော့ သူတို့ အားလုံး မြန်မာလူမျိုး ဗုဒ္ဓဘာသာများဖြစ်ကြသည်။ သို့သော် သူတို့ကိုယ်တိုင် ကပင် ဂျပန်များကို အသေအလဲကြောက်ရွံ့နေကြသည်။ ကျားရဲရာ ကြမ်မှာမယိုးသာ ဟူသောအဖြစ်မျိုးဖြစ်နေသည်။ ဘယ်သူမှ တစ်ခွန်းမဟရဲ။

ရဟန်းတော်အား ဂျပန်စစ်ဗိုလ်က စစ်ဆေးမေးမြန်းနေသည်။ မြန်မာစကား ပြန်မှတဆင့် ဖြစ်သည်။ စကားပြန်သူငယ်လေးမှာ အသက် ၁၃ နှစ် ၁၄နှစ်ထက် ကြီးဟန်မတူ။ ဘုန်းကြီး ရဟန်းနှင့်ပင် စကားပြောတတ်ပုံမရ။ ခင်ဗျ ကျနော် ဟုတ်သလား မှန်မှန်ပြော စသည်ဖြင့် သုံးနှုန်းသည်။

ရဟန်းတော်သည် တည်ကြည်လေးနက်သော ဣန္ဒြေဖြင့် ကျောင်းတွင် မည်သည့်လက်နက်မျှမရှိကြောင်း ထိုကိစ္စများကို ဘာမျှမသိကြောင်း ဦးမောင်ကြီးနှင့် ဦးဗလတို့ ကျောင်းသို့လာရောက်ကြသည်မှာ တရားဓမ္မနှင့် ပတ်သက်သော လာရောက်မှုသာဖြစ်ကြောင်း မိမိကိုယ်တိုင်မှာလည်း ဗုဒ္ဓရှင်တော်၏ တပည့်သားတော် ရဟန်းတော်တစ်ပါးသာဖြစ်ကြောင်း၊ လေကုတ္တရာအလုပ်၌သာမွေ့လျော်ကြောင်း၊ လောကီလူမှုရေး ကိစ္စများတွင် ပါဝင်စွက်ဖက်ခြင်းမပြုကြောင်း ပြောကြားခြင်းပြုသည်။

စကားပြန်သူငယ်၏ ပြန်ပြောချက်အဆုံးတွင် ဂျပန်စစ်ဗိုလ်၏ ဆဲရေးတိုင်းထွာ သံများပေါ်ထွက်လာသည်။ ကျားတစ်ကောင်လို လျင်မြန်ခြင်းမျိုးဖြင့် ရှေ့သို့တဟုန်ထိုးလှမ်းလာသည်။ လက်နှစ်ဖက်သည် ရဟန်းတော်၏ ပခုံးနှစ်ဖက်ကိုဖျစ်ညှစ်သည်။ ရဟန်းတော်အား ရှေ့ထိုးနောက်ငင် ကိုင်လှုပ် သည်။ ကျယ်လောင်စူးရှစွာအောင်ဟစ်သည်။ ပခုံးနှစ်ဖက်မှ လက်နှစ်ဖက်သည် လည်ပင်းရောက်သွားသည်။

ဘေးကလူများ တုန်လှုပ်နေသည်။ မျက်လုံးဝိုင်းနေကြသည်။ တရုတ်ကပြား နှင့်တူသော မြို့ပိုင်က သေတော့မှာပဲ ဟုမပွင့်တပွင့်ဆိုသည်။

သို့ရှိခိုက် ကျောင်းဝင်းအတွင်းသို့ လူတစ်ယောက်အပြေးအလွှား ဝင်ရောက် လာသည်။ ကျောင်းဝင်းပေါက်တွင် အစောင့်ချထားသော လက်နက်ကိုင် ဂျပန်စစ်သား ၂ယောက်သည် ထိုသူကို တားဆီးခြင်းမပြုကြ။ ထိုသူမှာ အရပ်အမောင်းကောင်းကောင်း မျက်နှာဝိုင်းဝိုင်း နှာတံပေါ်ပေါ် နှုတ်ခမ်းထူထူ မျက်လုံးကောင်းကောင်း သန်မာထွားကျိုင်းသော ယောကျ်ားတစ်ယောက် ဖြစ်သည်။ သူသည် အရပ်ဝတ်အရပ်စား ပုဆိုးအင်္ကျီနှင့်ဖြစ်သည်။ သူ့ကိုယ် ပေါ်တွင် အဆောင်အယောင်ဟူ၍ဘာတစ်ခုမျှမပါ။ ယုတ်စွအဆုံး ဂျပန်စာ ရေးထိုးထားသော တံဆိပ်လက်ပက်ကလေးမျှမပါ။ သာမန်အရပ်သား တစ်ဦးနှင့် ဘာမျှမခြားနား။ သူ့တွင်ပါလာသည်မှာ ရှမ်းလွယ်အိတ်တစ်လုံး။ ဒါပဲဖြစ်သည်။

ထိုသူသည် ရဟန်းတော်နှင့်ဂျပန်စစ်ဗိုလ်၏ ဘေးဘီဝန်းကျင်တွင် ဝိုင်းရံနေ သောစစ်သားများ၊ ပုလိပ်အမှုထမ်းများနှင့်အရာရှိအရာခံများအားလုံးကို တိုးဝှေ့ လျက် ရဟန်းတော်နှင့် ဂျပန်စစ်ဗိုလ်အနီးသို့ ရောက်ရှိသွားသည်။ ဂျပန်စစ်ဗိုလ် အား တစ်စုံတစ်ရာပြောသည်။ သူ ဂျပန်တစ်ယောက်နှင့်မခြား ဂျပန်စကားကို ပြောနိုင်သည်။ ဘေးဝန်းကျင်မှ လူများအားလုံး ငေးစိုက်နေကြရသည်။

စင်စစ် ထိုသူ မြန်မာတစ်ယောက်မဟုတ်။ ကရင်အမျိုးသား တစ်ယောက် ဖြစ်သည်။ သူ့နံမည် စောကျော်ဇံလှ။ ဂျပန်စစ်ရုံးဗဟို ထောက်လှမ်းရေးမှ မအူပင်တစ်ခရိုင်လုံးအတွက် အထူးစေလွှတ်ထားသော ထောက်လှမ်းရေး တာဝန်ရှိသူ တစ်ယောက်ဖြစ်သည်။ ရွာထဲတွင် ချန်နေခဲ့ပြီးမှ

ခုမှ လိုက်လာခြင်းဖြစ်သည်။ အဆက်အစပ်မရှိသည်တော့ မဟုတ်။ ရဟန်းတော်နှင့် ပတ်သက်သောသတင်းကို စကားပြန် ကိုမောင်မောင်ကြည်ထံမှ စောကျော်ဖံလှ သိထားပြီးဖြစ်သည်။

စောကျော်ဖံလှ၏ကျေးရူးဟု ဆိုရမည်။ မကြာမီ ဂျပန်စစ်ဗိုလ်သည် ကျောင်းဝင်းအတွင်းရှိ သူ၏တပ်သားများကို ရုပ်သိမ်းပြီးနောက် ရွာထဲသို့ ပြန်လည်ဝင်ရောက်သွားသည်။ လူကြီး ကလေး ယောကျ်ား မိန်းမ မှန်သမျှမှာ ခုချိန်ထိ တာရိုးပေါ်တွင် ထိုင်နေကြတုန်း ဖြစ်သည်။ ဂျပန်များသည် သူကြီးတူကိုထွန်းနှင့် ကူးတို့သူကြီးဦးလာဘတို့ကို ဖမ်းဆီးလိုက်သည်။ ကိုထွန်းမှာ ဆွမ်းခံရင်းငှက်သင့်ရသည်။ ဦးလာဘ၏နေအိမ်မှ အင်္ဂလိပ်ငွေစက္ကူ သုံးရာဖိုးလောက်နှင့် ဝိတိုရိယဒင်္ဂါး တစ်ရာ့ငါးဆယ်ကို ဂျပန်တို့တွေ့သွားသည်။

ရွာမှ ဂျပန်များထွက်ခွာသွားပြီးနောက် တိုတောင်းသော အချိန်ကလေးအတွင်း ဌ္ဌပင် အဖိုးကြီးဦးပေါ်လာ ဘုန်းကြီးကျောင်းရောက်လာသည်။ ဦးပေါ်လာသည် ရဟန်းတော်အား ကိုထွန်းနှင့် ကူးတို့သူကြီးဦးလာဘတို့သတင်းကို လျှောက်ထား ပြီး ရေးကြီးသုတ်ပျာနှင့် ကျောင်းပေါ်မှ ပြန်ဆင်းသွားသည်။

" ဒီအတိုင်းဆိုရင် ဦးဇင်းနဲ့ဒကာကြီးတို့ ညောင်တုန်းဘက်ကို ကူးကြဦးမှပဲ "

ကျောင်းထက်မှ အဖိုးကြီးဦးပေါ်လာဆင်းသက်သွားလျှင် ရှင်ဓမ္မဝိလာသက ကပ္ပိယကြီးအားမိန့်ကြားသည်။ ရဟန်းတော်သည် တစ်စုံတစ်ရာသောအတွေးဖြင့် မျက်စိမျက်နှာ ညှိုးနွမ်းနေသည်။ မိန့်ကြားသောလေသံပင် အတန်ငယ်ပျက် နေသည်။

" ဆွမ်း ဘုဉ်းပေးပါဦး ဘုရား "

ကပ္ပိယကြီးက ရဟန်းတော်ကိုမော့ကြည့်ရင်းမှ တင်လျှောက်သည်။ နံနက် ၅နာရီလောက်က ဇရပ်ပေါ်တွင် ခူးခပ်ပြင်ဆင်ထားသော အာရုဏ်ဆွမ်းပွဲမှာ သည်အတိုင်းရှိနေသည်။

"ဆွမ်းကိစ္စအရေးမကြီးဘူး ဒကာကြီး။ ဟိုရောက်မှ ဖြစ်သလိုပေါ့လေ။ သူကြီးကတော်များလဲ အရှိသားပဲ။ ညောင်တုန်းဘက်ကိုရောက်နေကြတဲ့ ဒကာကြီးနှစ်ဦးဟာ တစ်ခုခုများဖြစ်ကြသလားပဲ။ ကဲကဲ အချိန်ရှိတုန်း သွားကြရအောင်။ နှစ်နာရီ သုံးနာရီလောက်လှော်မှ ညောင်တုန်းကိုရောက်မှာ။ ကျောင်းအတွက်ဆိုပြီး လှူဒါန်းထားတဲ့ လှေနဲ့ ဦးဇင်းတို့သွားရမှာပဲ ။ "

ရဟန်းတော်၏စကားဆုံးလျှင် ကပ္ပိယကြီးသည် ကျောင်းပေါ်မှ ဆင်းသက် သွားသည်။ ဇရပ်ဘက်ကူးသွားသည်။ မနေ့ညနေကပင် ချောင်းထဲသို့ သွားရောက်လျှက်လှေထဲမှရေများကို ကပ္ပိယကြီးပက်ထုတ်ခဲ့သေးသည်။

ရဟန်းတော်သည် ဘုရားဆောင်ရှေ့တွင် ဟိုသည်လျှောက်ရင်း အတွေး အတောပေါင်းများစွာနှင့် ကျန်ရစ်သည်။ သူကြီးနှင့်ဆယ်အိမ်ခေါင်းတို့အား ဂျပန်များဖမ်းဆီးထားချေပြီဟု ရဟန်းတော် တွက်ဆသည်။ ကူးတို့သူကြီး ဦးလာဘအား ဖမ်းဆီးသည်မှာ အင်္ဂလိပ်ငွေစက္ကူ ငွေဒင်္ဂါး တို့ကြောင့်ဟုဆိုလျှင် ထားတော့။ မောင်ထွန်း အဖမ်းအဆီးခံရခြင်းမှာမူ ဦးမောင်ကြီးနှင့် များစွာ ဆက်စပ်နေလိမ့်မည်ဟု ရဟန်းတော်ယူဆသည်။

ရဟန်းတော်၏အတွေးအဆမှန်လေသည်။ တကယ်ဆိုတော့ ဖြစ်ရပ်ဖြစ် ကြောင်းမှာ တစ်ရွာတည်းမဟုတ်။ မဖမ်းအဆီးခံရသည်မှာလည်း တစ်ယောက် နှစ်ယောက်တည်းမဟုတ်။ မနေ့ညက သန်းခေါင်ချိန်တွင် ညောင်တုန်း ၁၅လမ်း ကမ်းနားဘက်ရှိ တောသားကြီးပွဲရုံကို ဂျပန်စစ်သားများနှင့်ပုလိပ်များ ဝိုင်းသည်။ ပွဲရုံကိုရှာဖွေသည်။ ကုန်ပစ္စည်းများနှင့်ငွေကြေးအနည်းငယ်မှလွဲ၍ ထူးထူးခြားခြား ဘာမျှတော့ မတွေ့။ ထိုကဲ့သို့ ပွဲရုံကိုမဝိုင်းမီ မရှာဖွေမီ နာရီဝက်ခန့်စောလျက် ၁၅လမ်းထဲရှိ ဦးချစ်မောင်၊ ဦးညွှန့်မောင်၊ ဦးချစ်သိန်း၊ ဦးမောင်ကြီးနှင့် ဦးဗလတို့အား ဂျပန်များက ဖမ်းလိုက်သည်။ ထိုသူများ၏ အိမ်များအားလုံး ကိုလည်း ရှာဖွေခြင်းပြုသည်။ တစ်ချိန်တည်းပင် ရန်ကင်းစံရာရွာမှ သူကြီးဦးမြမောင်အားဖမ်းသည်။ တစ်အိမ်လုံးကိုရှာဖွေသည်။ တစ်ရွာလုံးကို ရှာဖွေသည်။ ပြီးနောက် ဂျပန်စစ်တပ်နှင့် မြို့နယ်အုပ်ချုပ်ရေးအရာရှိများ၊ ပုလိပ်အရာထမ်း အမှုထမ်းများသည် အုပ်စုခုစုခွဲလျက် တစ်စုက

ရွှေဟသ်ာကျွန်း ကိုဝိုင်းသည်။ လက်ရှိသူကြီးကိုစိန်ထွန်းအား ဖမ်းသည်။ တစ်ရွာလုံးကို ရှာဖွေသည်။ တစ်စုက စကြော့ရွာကို ဝိုင်းသည်။ ရှာဖွေသည်။ ဖမ်းဆီးသည်။

ချောင်းကြီးရွာကိုတာဝန်ကျသည့်အဖွဲ့မှာ မော်တော်၂စင်းနှင့် ထွက်ခွာသွားကြ သည်။ ယင်းအဖွဲ့တွင် ဘဖြိုးပါသွားသည်။ မနက် ၅နာရီလောက်တွင် ချောင်းကြီးရွာကို ဂျပန်စစ်သားများနှင့်ပုလိပ်များ ဝိုင်းမိကြသည်။ သူကြီးလက်သစ် ဘဖြိုးနှင့် မယားညီအစ်ကိုတော်သူ ဘသိန်းအား ဖမ်းမည်အလုပ်တွင် ဘသိန်းသည် အဖမ်းမခံပဲ ကြောက်ကြောက်လန့်လန့်နှင့်ထွက်ပြေးသည်။ ဤတွင် သူ့အပေါ်၌ တာဝန်ကျမည်ကို စိုးရိမ်သော ဘဖြိုးက ဘသိန်းနောက်သို့ အပြေးလိုက်သည်။ ဂျပန်စစ်သားတစ်ယောက်က ဘသိန်းထွက်ပြေးရာသို့ သေနတ်မောင်းကို နှစ်ချက်ဆင့်လျက် ဖြုတ်ချလိုက်သည်။ ဂျပန်စစ်သား၏ သေနတ်ကျည်ဆန်သည် ဘသိန်းကိုမထိမှန်။ ဘသိန်းနောက်သို့ တရှူးထိုး ပြေးလိုက်သော ဘဖြိုးအား ထိမှန်သည်။ ကျောမှနေလျက် ရင်ညွှန့်အထိ ဖောက်ထွက်သွားသည်။ ဂျပန်အလိုတော်ရိဘဖြိုးသည် သူ့ဆရာ ဂျပန့်လက်ချက် နှင့် သူ၏ဇာတိချောင်းကြီးရွာတွင် ဇာတ်သိမ်းသွားလေသည်။

စင်စစ်ယင်းကိစ္စများ၏လောင်စာမှာ ကာလအတန်ကြာကရှိခဲ့သော လောင်စာ ဖြစ်သည်။ ညောင်တုန်းတွင် ဌာနာအုပ်လုပ်သွားသော ကိုကံရက ဂျပန် ကင်ပေတိုင် စစ်ဗိုလ်မစ္စတာဟာတာအား ချောင်းကြီးရွာမှ ဗြိတိသျှ တော်လှန်ရေးသမား ကိုပညာနှင့်ပတ်သက်သော သတင်းကိုပေးခဲ့သည်။ မစ္စတာဟာတာက အတိအကျမှတ်တမ်းတင်ထားသည်။ ကိုပညာဆိုသူကို မတွေ့ဖူးသော်လည်း ထိုသူ့အပေါ်၌ မစ္စတာဟာတာ စိတ်ဝင်စားသည်။ သတိထားသည်။ ဗြိတိသျှတော်လှန်ရေးသမား ဗမာတစ်ယောက်သည် သူတို့ ဂျပန်များအတွက် တော်လှန်ရေးသမားတစ်ယောက်၊ ဆန့်ကျင်တိုက်ခိုက်ရေး သမားတစ်ယောက် ဖြစ်မလာဘူး မပြောနိုင်ဟု မစ္စတာဟာတာယူဆသည်။ ဤအကြောင်းသည် ချောင်းကြီးရွာနှင့် ပတ်သက်သည်။

ဒုတိယလောင်စာမှာ ရွှေဟသ်ာကျွန်းကိစ္စဖြစ်သည်။ ရွှေဟသ်ာကျွန်းတွင် ဂျပန်ကင်းကို ရန်သူစီးသည်။ ဂျပန်စစ်သားများ အသက်ပျောက်သွားသည်။ လက်နက်ခဲယမ်းအားလုံးပါသွားသည်။ ထိုကိစ္စကို မစ္စတာဟာတာတို့တစ်စု ဆက်ဆက်ခါနာကျည်းသည်။ အမျက်ချောင်းချောင်းထွက်ကြသည်။ မိများမိခဲ့လျှင် ထိုသူများ၏ လည်ချောင်းသွေးကို ဖောက်သောက်မည်ဟု မစ္စတာဟာတာ ကြိမ်းဝါးထားသည်။ သက်ဆိုင်ရာကင်ပေတိုင်စစ်ဌာနချုပ်ကလည်း ယင်းကိစ္စနှင့် ပတ်သက်၍ မစ္စတာဟာတာအား ခရိုန်ထိ အပြစ်တင်နေဆဲဖြစ်သည်။ ဆူပူကြိမ်းမောင်းဆဲဖြစ်သည်။ ထို့ကြောင့် ယင်းကိစ္စကို မစ္စတာဟာတာတို့ အနေနှင့် ခြေရာခံနေဆဲဖြစ်သည်။

နောက် လောင်စာတစ်ခုမှာ ၁၅လမ်းထိပ် ကမ်းနားဘက်ရှိ တောသားကြီးပွဲရုံဖြစ်သည်။ တောသားကြီးပွဲရုံအပေါ်တွင် ညောင်တုန်းမြို့ရှိ ဂျပန်စစ်ပုလိပ်ရုံးက အတော်ကြီးပင်သံသယရှိခဲ့သည်။ တောသူကြီးတွေစုပြီး ပွဲရုံတစ်ခုကို ဗန်းပြကာ ဂျပန်ဆန့်ကျင်ရေးများလုပ်သည်ဟု မစ္စတာဟာတာက ယူဆသည်။ ပြီးနောက် ထိုပွဲရုံအုပ်စုထဲတွင် ရွှေဟသ်ာကျွန်းသူကြီးနှင့် ချောင်းကြီးသူကြီးတို့ ပါဝင်နေပြန်သဖြင့် မစ္စတာဟာတာပို၍ မသင်္ကာဖြစ်သည်။ စကြော့သူကြီးဦးမောင်ကြီးနှင့် ဆယ်အိမ်ခေါင်းဦးဗလ၊ ရန်ကင်းစံရာသူကြီး ဦးမြမောင်၊ ထိန်ကုန်းရွာသူကြီးဦးချစ်သိန်းတို့ အပေါ်တွင်လည်း တဆက်တည်း ပင် မစ္စတာဟာတာ သံသယရှိသည်။ ညောင်တုန်းမြို့ ၁၅လမ်းထဲတွင် စုဝေးသလိုဖြစ်ခဲ့ခြင်းကပင် မစ္စတာဟာတာ၏ သံသယကို ပို၍ခိုင်မာကြီး ထားစေသည်။ သို့သော် ရုတ်တရက်အဖမ်းအဆီးမပြုသေးပဲ ကာလအတန်ကြာ ဆိုင်းငံ့နေခြင်းမှာ နောက်ထပ်သတင်းအစအနကို လိုက်လံစုံစမ်းနေခြင်းနှင့် အငိုက်တွင် ရှာဖွေဖမ်းဆီးလိုက်ပါက လက်နက်ခဲယမ်းမီးကျောက်များကိုပါ လက်ပူးလက်ကြပ်ရရှိလိမ့်မည်ဟု မစ္စတာဟာတာ တွက်ဆသောကြောင့် ဖြစ်သည်။ သို့သော် မစ္စတာဟာတာအဖို့ မှန်းချက်နှင့် နမ်းထွက်အကွာကြီး ကွာသည်။ အလွဲကြီးလွဲသည်။ ပုစ္ဆာမမှားပါ။ တွက်နည်းလွဲမှား၍ ရလဒ်မမှန်ခြင်း ဖြစ်သည်။

ထိုကိစ္စကြောင့် မြို့ပေါ်တွင် အကြီးအကျယ်တုန်လှုပ်သွားသည်။ ဆိုင်ရာ ဆိုင်ကြောင်း ဖြစ်သော တောရွာများ၌လည်း အတော်ကလေးတော့ ထိတ်ထိတ်လန့်လန့်ဖြစ်ကြသည်။ သို့သော် မြို့နှင့်တောမှာ မတူ။ မြို့ပေါ်က ပို၍တုန်လှုပ်သည်။ မြို့ပေါ်ရှိနိုင်ငံရေးသမားအားလုံးသတိကြီးစွာ ထားကြသည်။ အစားမပျက် အသွားမပျက် ခြေလှမ်းမပျက် နေထိုင်ကြသည်။ မသိလိုက် မသိဖာသာနေကြသည်။ ဂျပန်စစ်ရုံးကဖိတ်ခေါ်လျှင် သွားသည်။ ကျွေးမွေး ညှော်ခံလျှင် စားသည်။ စကားအပြောအဆိုကို အထူးသိထားဆင်ခြင်ကြသည်။ ဤအထဲတွင် သခင်ချမ်းငြိမ်းအပါအဝင်ဖြစ်သည်။ သူကပို၍ သတိထားသည်။ သို့ရာတွင် ဂျပန်များဘက်ကလည်း အချိုသတ်သည့် သဘောရှိသည်။ တောသူကြီးအုပ်စုကိုဖမ်းဆီးပြီးနောက် မြို့ရော တောပါ အဖမ်းအဆီးတစ်စုံ တစ်ရာမရှိဖြစ်သည်။ ဂျပန်များငြိမ်နေပြန်သည်။ ဆင်ကြံ ကြံစည်နေခြင်း ဖြစ်မည်ဟု သခင်ချမ်းငြိမ်းယူဆသည်။ ဖမ်းဆီးထားသူများနှင့်ကား မည်သူမှ တွေ့ခွင့်မရ။ ကြပ်တည်းစွာထိန်းသိမ်းထားသည်။ ဂျပန်စစ်ရုံးဖိတ်ခေါ်သော ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၌ပင် မစ္စတာဟာတာက ထိုသူများ အကြောင်းကို လေသံမျှမဟ။ သို့သော် ထိုသူများမှာ အသက်ရှင်လျက် ရှိနေကြောင်း သခင်ချမ်းငြိမ်းသိရလေသည်။

ဤရက်များတွင်သခင်ချမ်းငြိမ်းနှင့် ကိုမင်းဒင်တို့ခဏတော့ အဆက်အသွယ် တန့်သွားကြသည်။ သို့ရာတွင် ရွှေဟသာ်ကျွန်းမှ ချစ်မေနှင့် သန်းရီတို့မှာ ညောင်တုန်းဈေးထဲရှိ မတင်တင်ဆိုင်သို့ ၄ရက်တစ်ခေါက်၊ ၅ရက်တစ်ခေါက် ဈေးအဝယ်အခြမ်းရောက်ကြသည်။

သခင်လှကွန့်သည် ဦးမောင်ကြီးတို့လူစု အဖမ်းအဆီးမခံရမီ တပတ်လောက် ကပင် လှိုု့ဝှက်နိုင်ငံရေးသင်တန်းနှင့် တိုက်ခိုက်ရေးသင်တန်းမှ ပြန်ရောက် လာသည်။ အဖိုးဖြစ်သူ ချွေးတပ်ထဲပါသွားကြောင်း သိရသည့်အခါ လှကွန့်အကြီး အကျယ်စိတ်ထိခိုက်ရသည်။ စိုးမောင်ကို ချက်ချင်းသွားသတ်မည်လုပ်၍ သခင်ချမ်းငြိမ်းတို့ဇနီးမောင်နံက ဖျောင်းဖျတားမြစ်ရသည်။ နိုင်ငံရေးသမားသည် ဤလိုစိတ်မျိုး မထားသင့်ကြောင်း၊ ဤလိုအလုပ်မျိုး မလုပ်သင့်ကြောင်း၊ ဂျပန်ဖက်ဆစ်များကျဆုံးသည့် တစ်နေ့တွင် အမျိုးသားသစ္စာဖောက်များလည်း မုချကျဆုံးရမည်ဖြစ်ကြောင်း သခင်ချမ်းငြိမ်းက ပြောရသည်။

ဦးမောင်ကြီးတို့လူစုအဖမ်းခံရပြီးနောက်တစ်နေ့တွင် လှကွန့်သည် သခင် ချမ်းငြိမ်းကို ခွင့်တောင်းပြီး စက္ကော့ရွာဘက်သို့ ကူးသွားသည်။ သူ့အဖိုး၏ ငါးသလောက်ပိုက်နှင့် လှေငယ်ကိုသိမ်းဆည်းထားသော ဘကြီးမြိုင်ထံ၌ပင် ပြန်လည်အပ်နှံထားခဲ့သည်။ ပြီး အဖိုး၏နေအိမ်ကလေးကို လှကွန့်သွားကြည့် သည်။ မြေပေါ်တွင် ပြားပြားဝပ်နေသည်။ တဆက်တည်းပင် ရွာဘုန်းကြီး ကျောင်းကိုသွားသည်။ ကျောင်းထိုင်ရဟန်းတော်အား ဝတ်ဖြည့်နှုတ်ဆက်ခြင်း ပြုရသည်။ ထိုအခါ ကျောင်းထိုင်ရဟန်းတော်နှင့် ပတ်သက်သော စံတုတ်တို့ရှိစဉ်ကကိစ္စကိုလည်း လှကွန့် ပြန်လည်အမှတ်ရမိသည်။ စိတ်အတော် ထိခိုက်ရပေသည်။ သူ့အနေနှင့်တော့ ရဟန်းတော်အပေါ်တွင် တစ်ချက်ကလေးမျှ စိတ်မကွက်မိ။ ကျောင်းပေါ်ကဆင်းသက်ခဲ့ပြီး ကပ္ပိယကြီးကို သွားရောက် နှုတ်ဆက်သည်။ ကပ္ပိယကြီးက တစ်ရွာလုံး၏ဒုက္ခကို ပြောပြသည်။ ရွာကိုရောက်၍ ရွာ့သတင်းများကို ကြားရသဖြင့် လှကွန့်ပို၍ စိတ်မကောင်း ဖြစ်ရသည်။ ကိစ္စပြီးသည်နှင့် ချက်ချင်းပင်လှကွန့် ညောင်တုန်းဘက်ပြန်ခဲ့သည်။ ရွာတွင် ကြာကြာနေလို့မဖြစ်။ သူ့အဖိုးကိုပို၍ သတိရသည်။ အပေါင်းအသင်းများ အတွက် ပို၍စိတ်မကောင်း ဖြစ်ရသည်။

" အင်း စစ် စစ် ။ စစ်ဖြစ်တယ်ဆိုတာဟာ သေကွဲတင်မကဘူး ရှင်ကွဲလဲ ကွဲရပါကလား။ "

ဟု လှကွန့်ညည်းတွားရေရွတ်မိလေသည်။

## (၃၁)

တော်သလင်းလကုန်၍ သီတင်းကျွတ်လထဲရောက်လာသည်။ မြစ်ရေများလုံးဝ ကျဆင်းသွားသည်။ ထိုအခါ စက္ကော့ရွာငယ်၏ အခြေအနေမှာ တစ်မျိုး တစ်ဖုံဖြစ်လာသည်။ သဘာဝကပေးသော ဘေးအန္တရာယ်တစ်ရပ်ကို ရင်ဆိုင် ရပြန်သည်။ ထိုဘေးအန္တရာယ်မှာ တစ်ရွာလုံးမဟုတ်သော်လည်း ရွာ၏တောင်ပိုင်း ဖျားတစ်နေရာ၌ ကြုံရခြင်းဖြစ်သည်။

မြစ်ဝကျွန်းပေါ်အရပ်ဒေသများတွင် မြစ်ရေများကျဆင်း သွားပြီးနောက် မြေနုကျွန်းသောင်များ ပေါ်ထွန်းသည်မှာ နှစ်တိုင်း နှစ်စဉ် ထုံးစံတစ်ခုပင် ဖြစ်သည်။ တော်သလင်းလကုန်၍ သီတင်းကျွတ်သည့်အခါ တစ်မိုးတွင်းလုံး ရေအောက်တွင် မြုပ်နစ်သော ဈေးဦးကျွန်းနှင့် ဒေါ်ဆောင်းကျွန်း၏ သောင်စွယ်များရေပေါ်သို့ပေါ်စပြုလာသည်။ ဤသို့ပေါ်လာသော သောင်စွယ်များကြောင့်ယခုနှစ် ရေကြောရေကြောင်းသည် စက္ကော့ရွာငယ်၏ တောင်ပိုင်းဖျား ရှိရာသို့ ဦးတည်လျက် ရိုက်ခတ်သည်။ ပြင်းထန်သော ရေစီးရေစွယ်၏ ရိုက်ခတ်မှုကြောင့်ပင် ရွာငယ်၏တောင်ပိုင်းဖျားမှ ကမ်းပါးများ တဝုန်းဝုန်းပြိုစ ပြုလာသည်။

စင်စစ် ကမ်းခြေမြေပြင်သည် ရေတာတ်စဉ်အခါက ရေနှုးထားသလိုဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ရေစီးရေစွယ်၏ရိုက်ခတ်မှုဒဏ်ကို ကောင်းစွာမခံနိုင်။ အထက်ရေညာမှသောင်စွယ် အနေအထားမပြောင်းလဲသမျှ ရေစီးရေကြောင်း မှာလည်း ပြောင်းလဲမည် မဟုတ်။ ဤအတိုင်းပင်ကမ်းပါးများ အဆက်မပြတ် ပြိုကျနေပေမည်။ ကမ်းပါးပြိုသည်မှာ မသက်သာ။ ကြည့်နေရင်း ကြည့်နေရင်းမှ ကြောက်စရာလန့်စရာကောင်းလောက်အောင် ပြိုသည်။ တောင်ကမ်းပါးရံကြီး များကို ဖြိုချလိုက်သလို အစိုင်အခဲကြီးမားစွာနှင့် ဝေါကနဲ ဝုန်းကနဲ ပြိုသည်။

တောင်ပိုင်းဖျားတွင် ကမ်းပြိုသည့်အခါ ရွာလည်ပိုင်းနှင့်ရွာမြောက်ဖျားမှ မိန်းမတစ်ချို့နှင့်ကလေးများသည် ပွဲကြည့်သလို လာကြည့်ကြသည်။ တစ်ချို့က မိမိတို့နှင့်သက်ဆိုင်ရာ သက်ဆိုင်ကြောင်းဖြစ်သော ဆွေမျိုးသားချင်းများ၏ ပစ္စည်းပစ္စယများကို တတ်နိုင်သလောက် ဝိုင်းသယ်ပေးကြသည်။ မိမိတို့နေထိုင်ရာသို့ ခေါ်ဆောင်သွားကြသည်။ ထို့ထက်ပို၍ကလည်း သူတို့ဘယ်လိုမှ မတတ်နိုင်။ တောင်ပိုင်းဖျားရှိ အိမ်ထောင်စုများသည် ယောက်ယက်ဆန်ခတ် ဖြစ်လိုက်ကြသည်။ တောင်ပိုင်းမှ အစွန်အဖျား အကျဆုံးဖြစ်သော ဘကြီးဦးဖိုးရုံနှင့် အရီးဒေါ်ရွှေရင်တို့ ရွာလယ်ပိုင်းသို့ ပြောင်းရွှေ့သွားကြသည်။ ဦးဖိုးရုံတို့ပြီးလျှင် မြမောင်၊ သာဒွေး၊ ကျော်မောင် စသူများ၏ အိမ်ထောင်စုများမှ မိန်းမများနှင့်ကလေးများ ရွာလယ်ပိုင်းနှင့် ရွာမြောက်ဖျားသို့ ရွှေ့ပြောင်းကြပြန်သည်။ အားလုံး ဖတ်သီလိုက်နေကြသည်။ အသက်ကို ဖြောင့်အောင်မရှုနိုင်ကြ။ အပြေးအလွှား သယ်ကြပိုးကြရသည်။

"တစ်မိုးတွင်းလုံး ထမင်းငတ်မလား၊ ရေကြီးမလားလို့စိုးရိမ်ရတယ်။ ခုတော့ ကမ်းပြိုတဲ့ဒုက္ခနဲ့တွေ့ရတယ်။ ယောကျ်ားတွေကလဲ လေယာဉ်ပျံကွင်းလုပ်တဲ့ အထဲပါလို့ပါ။ ချွေးတပ်ထဲပါလို့ပါနဲ့ ဒီဘ၀ နေဖို့တောင် မကောင်းပါဘူးဟယ်။ ခပ်မြန်မြန်သေရင် အေးတာပဲ "

ကျော်မောင့်မိန်းမ သန်းချစ်သည် အိုးခွက်များထည့်ထားသော တောင်းကြီး တစ်လုံးကို မနိုင်မနင်း ရွက်လာရင်း တာရိုးပေါ် လျှောက်ပြောလာသည်။

"သေတော့ မသေနိုင်သေးဘူးတော့။ ကိုယ့်လင်ပြန်မလာကို စောင့်ရဦးမယ်။ ကိုယ့်ချည်းတစ်ယောက်တည်း ဆိုရင်တော့ သေသွားလို့ဘာအရေးလဲ။ ခုတော့ ဒီကလေးတွေ တပြုံတမကြီးကို ဘယ်သူကမှတင်ပြီး ကျွေးထားနိုင်မှာ မဟုတ်ဘူး"

သန်းချစ်နောက်မှ မြမောင်မိန်းမ အုန်းကြည် ပါလာသည်။ အထုတ်အပိုး တစ်ဖက် ကလေးတစ်ဖက် ဖြစ်သည်။ စကားအပြတ်တွင် အုန်းကြည်က နောက်လှည့်ကြည့်သည်။

"ဟဲ့ ကောင်မလေး မိမွှေး။ နင်ဘာကိုရပ်ကြည့်နေလဲ ဟင်။ ကမ်းပြိုတဲ့အထဲပါပြီး မသာဖြစ်ချင်လို့လား။ အဲဒီ ဖျာလိပ်ကိုယူပြီး ငါ့နောက်က ခပ်မြန်မြန်လိုက်ခဲ့လို့ ပြောတယ်မို့လား "

အုန်းကြည်သည် သူ့သမီး မိမွှေးကို လှမ်းအော်သည်။ ကလေးမသည် ခေါင်းပေါ်တွင် ဖျာတစ်လိပ်ကို ရွက်ထားသည်။ ကလေးပီပီ ကမ်းပါးတွေ တဝုန်းဝုန်းပြိုကျနေသည်ကိုပင် ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေသည်။

" ပုလဲရေ လွတ်ရာလွတ်ကြောင်း ကြည့်နေဟဲ့ "

ပုလဲ၏အိမ်ငယ်ရှေ့သို့သူတို့အရောက်တွင် ရှေ့မှ သန်းချစ်က အိမ်ဘက်သို့ လှည့်ကြည့်ရင်း အော်သည်။

"အင်း ဒုက္ခ ဒုက္ခ နုရာဝဲစွဲ လဲရာသူခိုးထောင်း ဆိုတာဒါမျိုး " ဟု နောက်မှ အုန်းကြည်က ရေရွတ်သည်။

" အရီးဉ တို့နဲ့ ပါချင်ပါသွားမှာပေါ့ "

အုန်းကြည်က သန်းချစ်ကို လှမ်းပြောသည်။ ပုလဲသည် အရီးဉတို့နှင့် ပါသွားလိမ့်မည်ဟု အုန်းကြည်က ထင်သည်။ ပုလဲအပေါ်တွင် စိန်ကြည်တို့ အရီးဉ တို့ စောင့်ရှောက်လာကြောင်းသူတို့သိသည်။

" ဟုတ်တာပေါ့ အားကိုးဖို့က ဒီလူတွေပဲရှိတာ "

ရှေ့မှ သန်းချစ် ကပြောသည်။ စင်စစ်တော့ သူတို့သည် ပုလဲအပေါ်တွင်ဒီထက်ပို၍စိတ်မဝင်စားကြ။ တစ်ခွန်းစ နှစ်ခွန်းစထက် ပို၍လည်း အဆက်အဆံမပြုလိုကြ။ ချစ်သည် မုန်းသည်ဟူသော သဘောမျိုးလဲ မထားလိုကြ။ ပေယျာလကန် သူ့ထိုက်နှင့်သူ့ကံ ဟူ၍ပင်ဖြစ်သည်။ တစ်ခုတော့ ရှိသည်။ သွေးဆာသွေးငတ်နေသော မြွေဟောက်တစ်ကောင်၏ အတွယ်အကပ်ခံရမှာကို ကြောက်သလိုတော့ ပုလဲကိုသူတို့ကြောက်သည်။ ခုလိုအချိန်မျိုး အခါမျိုးတွင် အစွယ်အပွားဖြစ်သော ဒုက္ခ သုက္ခတာဝန်တစ်ခုကို သူတို့အဖြစ်မခံနိုင်။

ပုလဲကိုယ်တိုင်ကလည်း အိမ်ငယ်ထက်မှနေကာ သန်းချစ်နှင့် အုန်းကြည်တို့ကို ငေးကြည့်ရုံကြည့်နေသည်။ မသန်းချစ်သွားပြီလားဟူ၍လည်း မမေးမိ။ မအုန်းကြည်သွားတော့နော် ဟူ၍လည်း မနှုတ်ဆက်မိ။ တွေတွေငေးငေး ကျန်ရစ်သည်။

ဘကြီးဖိုးရုံနှင့် အရီးဒေါ်ရွှေရင်တို့၏အိမ်ကလေးသည် မိုးလင်းစကပင် ရေထဲပါ သွားသည်။ သာဒွေးအိမ်လည်းပါသွားသည်။ သန်းချစ်နှင့် အုန်းကြည်တို့ မိသားစုများ၏ အပြောင်းအရွှေ့မှာ အချိန်အနည်းငယ်သာ စောသွားသည်။ သူတို့မိသားစုများ ရွာလယ်ပိုင်းအရောက်တွင် တစ်အိမ်ပြီးတစ်အိမ် ကမ်းပြိုရာ ပါသွားသည်။

အဖိုးကြီးဦးပေါ်လာ၊ အရီးဉနှင့် စိန်ကြည်တို့သားအမိ သားအဖ သုံးယောက်မှာလည်း မိုးလင်းစကပင် ဗျာများနေသည်။ သူတို့၏ အိမ်ထောင်မှု ပစ္စည်းများကို ရွာလယ်ပိုင်းရှိ ဆွေမျိုးသားချင်းအိမ်တစ်အိမ်သို့

အပြေးအလွှား သယ်နေရသည်။ သားအမိ သားအဖသုံးယောက်လုံး ဖတ်သီ လိုက်နေသည်။ စိန်ကြည်ကလေးကိုပင် ရှာလယ်ပိုင်းက သားချင်းများအိမ်တွင်ထားခဲ့ရသည်။

"မမပုလဲ ဒီအတိုင်းနေလို့ ဖြစ်မလား။ လွတ်ရာလွတ်ကြောင်း တစ်နေရာရာ ကိုရွှေ့နေမှပေ့ါ။ ကျမတို့အနေနဲ့ကလဲ ဘယ်လိုမှ မတတ်နိုင်လို့ပါနော်။ ကျမတို့အပေါ်မှာတော့ ဘယ်လိုမှမအောင့်မေ့ပါနဲ့ မမပုလဲရယ်။ ကျမတို့တောင် သူများအိမ်ပေါ် တက်နေရမှာမို့ပါ။ အမေကိုယ်တိုင်ကလည်း မမပုလဲအတွက် စိတ်မကောင်းပါဘူး။ တဖျစ်တောက်တောက်ပါပဲ။ "

အိမ်ထောင်ပစ္စည်းများကိုသယ်နေရင်းမှ မျက်စိမကောင်းမျက်နှာမကောင်းနှင့် ပုလဲတို့သားအမိရှိရာသို့ စိန်ကြည် အပြေးအလွှားရောက်လာသည်။

"ငါနားလည်ပါတယ် စိန်ကြည်ရယ်။ ခုအဖြစ်က တောင်မင်းကို မြောက်မင်း မကယ်နိုင်တဲ့အဖြစ်ပါပဲဟယ်။ ငါဘယ်လိုမှ မအောင့်မေ့ပါဘူး စိန်ကြည်။ ငါ့မှာကလေးတစ်ဖက်နဲ့မို့ ကူညီပြီးသယ်မပေးနိုင်တာပဲ ငါစိတ်မကောင်းဘူး။ "

"ကျမတို့အတွက်က ကိစ္စမရှိဘူး၊ သယ်နိုင်ပါတယ်။ နောက်နှစ်ခေါက်လောက် သယ်လိုက်ရင် ကုန်ပါပြီ။ မမပုလဲ ဒီအတိုင်းနေလို့ဖြစ်မလား။ မမပုလဲအိမ်ကလေး လဲပါမှာပဲ။ ဟိုဘက်က အစ်မဗျိုင်းတို့အိမ်ကလေးလဲ လွတ်မှာမဟုတ်ဘူး။ ဒီတစ်လျှောက်က အိမ်တွေအားလုံး ပါမှာပဲ။ အဘကလဲ အဲလိုပဲပြောနေတယ်။ ကမ်းပြိုတာက ကလိုင်ကြီးလို လှိုက်စားပြီး ပြိုလာတာ ။ "

"ကိစ္စမရှိဘူး စိန်ကြည်။ ဒို့သားအမိလွတ်တဲ့နေရာကိုရွှေ့နေမယ်။ ဟိုခရေပင်ကြီး အောက် သွားနေမယ်။ ငါ့ပစ္စည်းကလေးတွေ တစ်ချို့တစ်ဝက် တော့ ခရေပင်အောက်သယ်ထားသည်။ "

"ညကလဲ တစ်ရေးမှ မအိပ်ရပါဘူး မမပုလဲရယ်။ ရင်ထဲမှာ တထိတ်ထိတ်ဖြစ်နေရတယ်။ ခုလဲ ခေါင်းတစ်ခေါင်းလုံးမူးနောက်နေတာပဲ။ "

စိန်ကြည်သည်ပြောရင်းမှ ခရေပင်ကြီးရှိရာသို့ လှည့်ကြည့်သည်။ ခရေပင် အောက်၌ မပြောပလောက်သော ပုလဲ၏ပစ္စည်းပစ္စယများကို တွေ့ရသည်။ ထိုနေရာလောက် ရောက်အောင်တော့ ကမ်းပြိုမည်မဟုတ် ဟုစိန်ကြည် တွေးမိသည်။

"တစ်ညလုံး တဝုန်းဝုန်းပြိုနေတော့ ဘယ်သူမှ အိပ်ကောင်းခြင်း မအိပ်ရပါဘူး ဟယ်။ ငါလဲမအိပ်ရဘူး။ မိုးစင်စင်လင်းရောပဲ။ "

စိန်ကြည်သည် ခဏတဖြုတ်အမောအပန်းဖြေသလို အိမ်ငယ်ရှေ့ပိုင်းတွင် တက်ထိုင်သည်။ တဝုန်းဝုန်းမြည်နေသောကမ်းပြိုသံများကို ကြားနေရသည်။ စောစောပိုင်း ကမ်းပြိုစအချိန်က တဝုန်းဝုန်းမြည်သံသည် သူတို့ရင်ကို ဝင်ဆောင့် သည်။ ဝုန်းကနဲတစ်ချက်ကြားလိုက်လျှင် ရင်ထဲကဒိုင်းကနဲ တစ်ချက်ဆောင့် သည်။ ခုတော့ ရိုးသွားပြီ။ ဘယ်လိုမှ မတုန်လှုပ်တော့။ ပြိုမှာပဲ။ ဒီတစ်ဝိုက်က အိမ်တွေအားလုံး ကုန်မှာပဲ။ ဘယ်အိမ်မှ ကျန်မှာ မဟုတ်ဘူး။ ပူပန်ကြောင့်ကြ နေလို့လဲ ထူးလာမှာမဟုတ်ဘူး ဟု အားလုံးက သဘောပိုက်ကြသည်။

"မမပုလဲ ခရေပင်အောက်မှာနေလို့ကော ဖြစ်မလား မမပုလဲရဲ့။ နောက်ပြီးတော့ မမပုလဲကဘယ်ရွှေ့နေမှာလဲ။ ကျမတို့သားအမိ သားအဖတွေပြောင်းသွားရင် ဒီတောင်ပိုင်းမှာ ဘယ်သူမှရှိတော့မှာ မဟုတ်တော့ဘူး။ ဘုန်းကြီးကျောင်းက လည်း အလှမ်းသား "

ပုလဲအတွက် စိန်ကြည်ကတွေးပူနေသည်။ ညကျရင် ဒီခရေပင်အောက်မှာပဲ သူတို့သားအမိအိပ်ကြမှာလား ဟူ၍လည်း စိန်ကြည်တွေးသည်။ အပျိုစင်ဘဝ ကသူနှင့် ပုလဲတို့ ခရေပွင့်များကောက်ကြသည်။ တစ်ယောက်ထက် တစ်ယောက်ပိုရအောင် အလုအယက်ကောက်ကြပြီး ဦးရာလူက သရဲကြီး သရဲကြီးဟု ခြောက်လှန့်ပြေးတတ်သည်ကိုလည်း စိန်ကြည်အမှတ်ရနေသည်။

စိန်ကြည်ပြောသည်မှာ ဟုတ်သည်။ တောင်ပိုင်းဖျားအိမ်များသည် ရွာလယ်နှင့် ရွာမြောက်ဖျားသို့ လူကုန်လောက်နီးနီး ရောက်သွားကြပြီ။ ကျန်နေသည်မှာ စိန်ကြည်တို့သားအဖ ၃ယောက်သာဖြစ်သည်။ ထိပ်ဆုံးအိမ်မှ ဘကြီးညိုနှင့် အဖွားဒေါ်သာယာတို့ဇနီးမောင်နှံသည် မနေ့ညနေ့ပင် ရွာလယ်ပိုင်းရှိ သမီးအိမ်သို့ ရောက်နေကြပြီ။

"ဒို့သားအမိအတွက် ဘုန်းကြီးကျောင်းဇရပ်တစ်ခုလုံးရှိတယ် စိန်ကြည်။ နောက်ဆုံး ဘယ်မှနေစရာ မရသေးခင် ဇရပ်ပေါ်မှာ သွားနေရမှာပဲ။ ငါ့လိုဒုက္ခသည်တစ်ယောက်ကို ကျောင်းထိုင်ဆရာတော်က မနေရဘူးဆိုပြီး မောင်းမချပါဘူး စိန်ကြည်။ နောက်တော့မှ တစ်နေရာရာကို ရွှေ့ရပြောင်း ရမှာပေ့ါ့ပဲ။ ဒီရက်ထဲမှာပဲ ခန်းချောင်းအင်းထဲက အစ်မဖျိုင်း ရောက်ချင် ရောက်လာမှာပဲ။ အဲဒီတော့မှ သူ့နောက်ကိုလိုက်သွားသင့်ရင် လိုက်သွားမယ် စိန်ကြည်။ "

ရွာကမ်းပြိုစကပင် ဤအတိုင်းပုလဲဆုံးဖြတ်ထားသည်။ လောလောဆယ် သူမှီတွယ်ရမည့်နေရာမှာ ဘုန်းကြီးကျောင်းဇရပ်ဖြစ်သည်။ ဇရပ်ပေါ်တက်နေ သော ဒုက္ခသည်သားအမိအား ကျောင်းထိုင် ရဟန်းတော်ကသော် လည်းကောင်း၊ ကပ္ပိယကြီးကသော်လည်းကောင်း ကန်ချလိမ့်မည်မဟုတ်ကြောင်း ပုလဲယုံကြည် သည်။ ရဟန်းတော်၏ မွန်မြတ်သော မေတ္တာတရားနှင့် ဂရုဏာတရားပြည့်ဝမှုကို ပုလဲနားလည်ပြီးဖြစ်သည်။ ယုံကြည်စိတ်ချပြီးလည်းဖြစ်သည်။ ကပ္ပိယကြီး၏ ဘဝချင်းစာနာ ထောက်ထားတတ်သော နှလုံးသားပြည့်ဝမှုကိုလည်း ပုလဲနားလည်ခဲ့ရပြီးဖြစ်သည်။

" ဒုက္ခပါပဲ မမပုလဲ ရယ် " စိန်ကြည်ကညည်းလိုက်သည်။

"မဒုက္ခပါနဲ့ စိန်ကြည်။ ငါ့အနေနဲ့တော့ ဖြစ်သမျှအကြောင်းတွေဟာ အကောင်းချည်းပဲ စိန်ကြည်။ ဆင်းရဲဒုက္ခဒဏ်ကို တစ်ခါခံပြီးမှတော့ နောက်ထပ်ဖြစ်လာတဲ့ ဆင်းရဲဒုက္ခဒဏ်ဟာ အသစ်အဆန်း မဟုတ်တော့ဘူး။ ဘယ်လိုမှလဲ ငါမနေတော့ဘူး။ ဘယ်လိုမှလဲ တိုးမထူးတော့ဘူး။ "

"မမပုလဲပြောတာတွေ ကျမတော့နားမလည်ဘူး။ ရွာလယ်ပိုင်းက တစ်အိမ်အိမ်မှာ ခဏနေဖို့ "

"တစ်အိမ်အိမ် ဟုတ်လား စိန်ကြည်။ ဝေးပါသေးတယ် စိန်ကြည်ရယ်။ နင်တစ်ခုစဉ်းစားစမ်း။ ခုလိုသားတွဲလွဲနဲ့ဖြစ်နေတဲ့ ဘဝမှာ ဘယ်အိမ်က လက်ခံထားမှာလဲ။ သွားပြောရင် မျက်နှာငယ်ရတာနဲ့ အရှက်ကွဲရတာကလွဲလို့ ဘာများအကြောင်းထူးလာမှာလဲ။ နောက်ပြီး အားလုံးဟာ ကိုယ့်ထမင်းတစ်ဝမ်း ကိုယ်အနိုင်နိုင် ရှာစားနေရတဲ့ဘဝ။ အိုဟယ် ရှုပ်ပါတယ် ဘယ်သူ့ကိုမှလဲ သွားမပြောဘူး။ ဘယ်အိမ်မှလဲ မနေဘူး။ ငါတို့သားအမိအတွက် ဘုန်းကြီးကျောင်းဇရပ်ဟာ အကောင်းဆုံး စိန်ကြည်။ အေး နောက်တော့လဲ တစ်မျိုးတစ်ဖုံတော့ ဖြစ်လာဦးမှာပေ့ါ့ဟယ် "

နောက်ထပ်စိန်ကြည် ဘာမှမပြောသာ။ ပြောစရာလည်း မလိုသလောက် ဖြစ်နေသည်။ ပုလဲ၏ စိတ်နေသဘောထားကို စိန်ကြည်သိသည်။ ဟင် ဆိုရင် မရတော့။ အမှန်စင်စစ် ပုလဲတို့သားအမိ၏ နေရေးစားရေးကိစ္စကို သူကတတ်နိုင်သည် မဟုတ်။ သူသာမဟုတ်။ သူ့ကိုမွေးထုတ်ထားသော သူ့အဘနှင့်အမေတို့ပင် ခုလိုအခါ၌ မတတ်နိုင်ကြ။ ပြီးနောက် ပုလဲပြောသောစကားများ မှန်သည်ဟု စိန်ကြည်က ထင်သည်။ ထိုစကားမျိုးကို သူ့အမေကပြောဖူးသည်။ ပုလဲလိုကလေးတစ်ယောက်မိခင်၊ လင်ကောင်ဆွဲမပြ နိုင်သောမိန်းမတစ်ယောက်အား မည်သည့်အိမ်ကမှ လက်ခံချင်မည်မဟုတ်။ ထိုကိစ္စနောက်တစ်ခါ အရှုပ်အရှင်းဖြစ်လာနိုင်သည်။ မိုးမခပါသွားသူများထဲမှ တစ်ယောက်ယောက်နှင့် ဖြစ်မှာပဲဆိုသည်မှာလည်း ထင်ကြေးမျှဖြစ်သည်ဟု သူ့အမေဒေါ်ဥက ပြောသည်။ သူ့အမေက ပုလဲအပေါ်မုန်းတီး၍ပြောခြင်းမဟုတ်။ အကြောင်းဆုံစည်းလာ၍ တိုးတိုးတိမ်းတိမ်းပြောခြင်းဖြစ်သည်။

တဖန် ခုလောလောလတ်လတ်အရေးကြီးသည်မှာ ဝမ်းရေးကိစ္စဖြစ်သည်။ တကယ်တန်း အငတ်ဘေးကြီးဆိုက်လုလုနှင့် မဝရေစာ စားသောက်ရသော အဖြစ်မျိုးတွင်မူ တစ်ယောက်အပေါ်တစ်ယောက် ညှာတာထောက်ထားပါသည် ဆိုခြင်းမှာလည်း အလွန်မလွယ်သောကိစ္စ။ တစိမ်းတရံစာတစ်ယောက်ပေါ်တွင် တော်ရုံသဖြင့်စေတနာနှင့် မစွမ်းဆောင်နိုင်သော ကိစ္စပါကလားဟူ၍ စိန်ကြည် နားလည်ခဲ့ရလေသည်။

"တစ်ခေါက်သွားသယ်ပို့လိုက်ဦးမယ် မမပုလဲရယ်။ ခုအတိုင်းဆက်ပြိုနေရင် ညနေလောက်တော့ ကျမတို့အိမ်ကလေး ပါသွားမှာပဲ။ "

ပြောပြောဆိုဆိုနှင့်စိန်ကြည် ထိုင်ရာမှထသွားသည်။ ပုလဲသည် ကလေးငယ်ကို နို့တိုက်ရင်း ငိုင်ကျန်ရစ်ခဲ့သည်။ တစ်ချက်တစ်ချက်တွင် မနီးလွန်းမဝေးလွန်းသော တစ်နေရာမှ တဝုန်းဝုန်းအသံများကို ကြားနေရသည်။

နင်ကိုယ်တိုင်လဲ ညနေထက် နောက်ကျပြီး နင့်အိမ်ကလေးပေါ်မှာ နေခွင့်မရှိပါဘူးဟယ် ဟု ထိုအသံများက သတိပေးနေသလိုရှိသည်။

"အင်း အဘတို့အမေတို့ဆောက်ပေးသွားတဲ့ အိမ်ကလေးပေါ်မှာ ဒီနေ့ဟာ နောက်ဆုံးနေရတာပါကလား" ဟုပုလဲရေရွတ်မိလေသည်။ ပြီးနောက် သူ၏ရှေ့ရေးကို ပုလဲတွေးသည်။ ဘုန်းကြီးကျောင်း ဇရပ်ပေါ်တွင် သွားရောက်နေဖို့ရန်မှတပါး အခြားအလုပ်အကမ်းကို လောလောဆယ် ပုလဲမမြင်။ သူ့ဘဝတွင်ပြူထွက်လာသော အလင်းရောင်သည် ဘုန်းကြီးကျောင်း ဇရပ်၌ပင် အဆုံးသတ်နေသည်။ ရှေ့ဆက်၍တွေးစရာ တောစရာ အားထားစရာဟူ၍ကား ဘာတစ်ကွက်မှပြတ်ပြတ်သားသားမရှိ။ မိဖျိုင်းကို စကားထဲ တည့်ပြောနေရသော်လည်း မိဖျိုင်း၏အခြေအနေကိုပင် မည်သို့ဟု ပုလဲမသိရ။ စိုင်ကော်မှ ချုံပေါ်ရောက်မည့်အဖြစ်။

ရေကြီးနေစဉ်ရက်များအတွင်းက စိန်ကြည်တို့အိမ်တွင် လေးငါးရက်ခန့် ဆန်ပြတ်မလိုဖြစ်သွားသည်။ အခါတွင်း တစ်နပ်စာ နို့ဆီ ၄ဗူးချက်နေကျ အိမ်သည် ၂ဗူးနှင့် ခြိုးခြံ၍ချက်ရသည်။ သားအမိသားအဖသုံးယောက် မဝရေစာ ဝေမျှစားရသည်။ ထိုအခါ အရီးဥသည် ပုလဲအတွက် ထမင်းတစ်ပန်းကန် ဟင်းတစ်ဖက်ကိုပင် မပေးနိုင်မကျွေးနိုင်။ စိတ်မကောင်းရုံသာဖြစ်ခဲ့သည်။

စင်စစ် ထိုရက်များအတွင်းမှ စ၍ ယခုအချိန်ထိ ပုလဲတို့သားအမိ အသက်ရှင်နေကြသည်မှာ ကျောင်းထိုင်ရဟန်းတော်နှင့် ကပ္ပိယကြီးတို့ကြောင့် ဖြစ်သည်။ ထမင်းမစားရသော ပထမတစ်နေ့ကို ကျိတ်မှိတ်ပြီးပုလဲခံနိုင်သည်။ ဒုတိယနေ့ရောက်သည့်အခါ ပုလဲတစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ ဝမ်းထဲကပူလောင်လာသည်။ ရေကို တစ်ခွက်ပြီးတစ်ခွက်သောက်သည်။ ဝမ်းထဲက တကျုတ်ကျုတ်မြည်လာသည်။ မျက်စိတွေ ပြာဝေလာသည်။ မူးနောက်နောက်ဖြစ်လာသည်။ အသံတွေ တုန်ယင်လာသည်။ နို့မထွက်လေ ရော့သလားမသိ။ ကလေးငယ်မှာ နို့သီးကို အတင်းခဲထားရင်းမှ ကျည်ကျည် လောင်လောင်ငိုကြွေးသည်။ ထိုအခါ စိန်ကြည်လာမလားဟု ပုလဲမျှော်သည်။ စိန်ကြည်ပေါ်မလာ။ သူခံစားရသော ဆာလောင်မွတ်သိပ်မှုထက် ရင်သွေးငယ်၏ အဖြစ်ကို ပုလဲမကြည့်ရက်။ ကလေးသည် တက်မတတ် ချက်မတတ် ငိုသည်။ နှုတ်ခမ်းကလေးပြာနှမ်းအောင် ငိုသည်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခိုက် လာအောင် ငိုကြွေးသည်။ နောက်ဆုံးတော့ ဘယ်လိုမှ ပုလဲမချုပ်တီးနိုင်။ ဘယ်လိုမှစိတ်တင်းမခံနိုင်။ ဤတွင်ကလေးကို ပွေ့ချီပြီး စိန်ကြည်တို့အိမ် နောက်ဖက်မှ ကွင်းရှောင်ကာ ဘုန်းကြီးကျောင်းဇရပ်ရှိရာသို့ ပုလဲလာခဲ့သည်။

"ထမင်းကလေးများကျန်ရင် ကျမကိုကျွေးပါ ဦးကြီးဖိုးရယ်။ ကျမ မနေ့ကတည်းက ထမင်းမစားရတာ အခုထိရော"

ရှက်စရာစကားလား၊ မရှက်စရာစကားလား ပုလဲမတွေးနိုင်။ သူ့တစ်ကိုယ်လုံး ထူပူနေသည်။ ရှက်လို့ထူပူနေသလား။ ဆာလို့ လောင်လို့ ထူပူနေသလား။ ဘာတစ်ခုမှ ပုလဲမဝေခွဲနိုင်။ စကားဆုံးလျှင် ခေါင်းမဖော်ပဲ တရှုတ်ရှုတ်ငိုသည်။ ဝမ်းနည်းပတ်လက် လှိုက်လှိုက်လှဲလှဲ ငိုကြွေးသည်။

" ဟဲ့ မိန်းခလေး။ ဘယ်လိုဖြစ်လာတာလဲ မိန်းခလေးရယ် "

မျက်လုံးကြီးအဝိုင်းသားနှင့် ပုလဲတို့သားအမိအဖြစ်ကို ကပ္ပိယကြီးက တအံ့တသြ ငေးကြည့်နေသည်။ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ မျက်စိမျက်နှာပျက် နေသည်။ သူ့ရင်ထဲတွင် ဆို့နင့်နေသည်။ နောက်ထပ် ဘာစကားပြောရမှန်း မသိအောင်ပင် စိတ်ထိခိုက်ရသည်။

"ဖြစ်ရလေ မိန်းခလေးရယ်။ အို ခလေးကလဲ ငိုလှချည့်လား။ ထမင်းမစားရ သေးဘူး ဟုတ်စ။ ရှိပါသေးတယ် ဟယ်။ ထမင်းရော ဟင်းရော ရှိပါတယ်။ မနေ့ကမစားရရင် မနေ့ကတည်းက ဘာလို့လာမစားတာတုန်းဟဲ့။ မိုက်ပါဘိ မိန်းခလေးရယ်။ လာ လာ ဇရပ်နောက်ပိုင်း လိုက်ခဲ့ "

ကပ္ပိယကြီးသည် ကျောင်းအဆောက်အဦးပေါ်သို့ တစ်ချက်လှမ်းကြည့်သည်။ ပုလဲအားဇရပ်နောက်ပိုင်သို့ ခေါ်ဆောင်သွားသည်။ သံဇလုံတစ်လုံးတွင် ထမင်းထည့်လာသည်။ ငါးပိလိမ္မာချက် တစ်ခွက်၊ တို့စရာများဖြင့် ငါးဟင်း တစ်ခွက်ကို ဗျက်တစ်ချပ်ထဲ တည့်ယူလာသည်။ အမှန်စင်စစ်ဤထမင်း ဤဟင်းများသည် ကပ္ပိယကြီးအဖို့ ညစာအတွက် ထားခြင်းဖြစ်သည်။

စားပွဲခုံကလေးတစ်လုံးပေါ်တွင် ထမင်းဇလုံနှင့်ဟင်းခွက် ငါးပိခွက် ထည့်ထားသောဗျက်ကို ကပ္ပိယကြီးက ချပေးသည်။ ပုလဲနှင့် ရင်ခွင်ထဲရှိ ကလေးငယ်ကို မျက်မှောင်ကြုတ်ကြည့်သည်။ အင်း ဒုက္ခပါကလား။ ဒုက္ခပါကလား ဟူ၍လည်း ကပ္ပိယကြီး၏ရင်ထဲက တတွတ်တွတ်မြည်တမ်းသည်။

"မိန်းခလေး ငိုမနေနဲ့။ ငိုမနေနဲ့။ စားမှာစားပေတော့။ ဒီလိုပေ့ါလေ။ လူ့ဘဝဆိုတာ သုခနဲ့ဒုက္ခ ယှဉ်တွဲနေတာကလား။ အေး သုခ စင်စစ် ဆိုတာကတော့ တော်ရုံသဖြင့်အသိနဲ့လဲ မရနိုင်ဘူး။ တော်ရုံသဖြင့် ကြိုးပမ်းမှုနဲ့လဲ မရနိုင်ဘူး။ ကဲ စား စား။ ခလေးက အိပ်သွားပါပကော။ ဘေးမှာ ချသိပ်ထားလိုက်။ ဒါမှ မိန်းခလေး လွတ်လွတ်လပ်လပ်စားရမှာပေ့ါကွယ် "

သိမ့်သိမ့်ခါအောင် ငိုရှိုက်နေရာမှ ပုလဲရပ်လိုက်သည်။ ကလေးငယ်ကို ဇရပ်၏ကြမ်းပြင်ပေါ်တွင် အသာအယာချ၍ သိပ်သည်။ ကလေးငယ်မှာ ငိုရလွန်း၍ နွမ်းနယ်သွားဟန်တူသည်။ မျက်လုံးကိုခပ်မှေးမှေးသာ တစ်ချက်ဖွင့် ကြည့်ပြီး ပါးစပ်မှ တပွတ်ပွတ်နှင့်း သုံးလေးကြိမ်မြည်ကာ အိပ်သွားသည်။

"မိန်းခလေး ခုလို မစားရမသောက်ရဘူးဆိုရင် အချိန်မရွေးလာခဲ့။ ရှက်နေစရာ မဟုတ်ဘူး။ ဦးကြီးဖိုး ကိုယ်တိုင်ကလဲ ကျောင်းထမင်း ကျောင်းဟင်း ကို ကပ်စားနေရတဲ့ ဘဝ။ တစ်ရွာလုံးမှာ အင်မတန်ရှားပါးပြီး၊ ဆင်းရဲဒုက္ခ ရောက်နေကြရရှာတာကလားကွယ်။ ဦးကြီးဖိုးတို့ကျောင်း အနေနဲ့တော့ သူကြီးကတော်နဲ့ ဆယ်အိမ်ခေါင်းကတော်များက လှူဒါန်းထောက်ပံ့နေလို့ တော်သေးတာကလား။ "

ပုလဲစားသောက်ပြီးစီးသွားသည့်အခါ ကပ္ပိယကြီးကပြောသည်။ ရပ်ရွာတွင် ရှားပါးနေသော်လည်း ညောင်တုန်းဘက်ရှိ ဦးမောင်ကြီးမိန်းမဒေါ်ငွေစံနှင့် ဦးဗလမိန်းမ ဒေါ်ဖွားခက်တို့က ကျောင်းအတွက် ဆန်၊ ဆီ၊ ငရုပ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် စသည်များကို ဦးမောင်ကြီးတို့ရှိစဉ်ကလို ထောက်ပံ့ လှူဒါန်းကြသည်။ ကပ္ပိယကြီးသည် သီတင်းတစ်ပတ်တစ်ကြိမ်ကျ ညောင်တုန်း ဘက်သွားရသည်။ ဦးမောင်ကြီးအဖမ်းအဆီးမခံရမီက ကျောင်းအတွက် လှူဒါန်းထားသော လှေငယ်မှာ ယခုတော့ ဤအဖြစ်နှင့် တိုက်ဆိုင်နေသည်။

"အမေ မွေးလာကတည်းက မငတ်ဖူးတဲ့လူကို ငတ်တဲအကြောင်းပြောရင်ရီစရာလို့ အောက်မေ့လိမ့်မယ်။ ဒီလိုပါပဲ မိန်းခလေးရယ်။ ချမ်းသာတဲ့လူကို ဆင်းရဲမွဲပြာ ကျတဲ့အကြောင်းပြောရင် ဒဏ္ဍာရီပုံပြင်လားလို့ မေးလိမ့်မယ်ကွဲ့။ ဘဝဆိုတာက ကြုံဖူး တွေ့ဖူးမှ သိတာ နားလည်တာကိုး "

ပုလဲက ကပ္ပိယကြီး၏စကားကို နားစိုက်နေသည်။ ရွာကလူတစ်ချို့သည် ကပ္ပိယကြီးအား ထမင်းသိုးစား ဟင်းသိုးစား ကျောင်းကျွန်ကြီးဟု သဘောထားလျှက် မလေးမစားဆက်ဆံကြသည်။ ပုလဲအနေနဲ့တော့ ဒီလိုမဟုတ်။ ကပ္ပိယကြီးအား လေးလေးစားစား ဆက်ဆံသည်။ ဖခင်တစ်ယောက်၊ ဦးကြီးတစ်ယာက်လို သဘောထားသည်။ တိမ်မြုပ်နေသော ကပ္ပိယကြီး၏ဘဝဇာတ်ကြောင်းသည် ဘယ်သို့များရှိခဲ့ပါလိမ့်ဟု ရံဖန်ရံခါ ပုလဲတွေးမိသည်။

"ငတ်တယ်ဆိုတာ ငတ်ဖူးပြတ်ဖူးမှလဲ စာနာထောက်ထားတတ်တာ မိန်းခလေးရဲ့။ မငတ်ဖူး မပြတ်ဖူးတဲ့လူက ငတ်တဲ့လူတွေ့ရင် ဒီလူအသုံးမကျလို့ ငတ်တာ။ သောက်ပျင်းထူလို့ ငတ်တာလို့ ခပ်လွယ်လွယ်ပြောတတ်တယ်။ ဦးကြီးဖိုးဟာအထက်အညာကနေပြီး လှေကြီးတစ်စင်းနဲ့ မိန်းခလေးတို့ အောက်ပြည်အောက်ရပ်ကို ငွေရှာကြေးရှာ လိုက်လာတာပေ့ါ။ ညောင်တုန်းလဲ ရောက်ရော

လူမှန်းသူမှန်းမသိအောင် မမာမကျန်းဖြစ်နေတော့တာပဲ။ လှေသူကြီးနဲ့လှေသားတွေက ဆေးရုံပေါ် တင်ပစ်ခဲ့ကြတယ်။ အေး ဆေးရုံပေါ်ကဆင်းတော့ နာလန်ထစရှိသေးတယ်။ အားအင်ကမရှိဘူး။ ဘယ်အလုပ်ကိုမှ မလုပ်နိုင်ဘူး။ အဲဒီတော့ အငတ်မခံနိုင်လို့ အရှေ့တောင်ညိုကျောင်းတိုက်မှာ သွားပြီးခိုကပ်နေရတယ်။ ဦးကြီးဖိုးဟာ အဲဒီမှာပဲ မောင်ပဇင်းနဲ့တွေ့ပြီး မိန်းခလေးတို့ရွာကို ပါလာတာပေါ့ကွယ်။ "

"ဒီလိုဆိုရင် အထက်အညာမှာ ဦးကြီးဖိုးသားတွေသမီးတွေ ရှိဦးမှာပေါ့။ ဆွေတွေမျိုးတွေရှိဦးမှာပေါ့။ ဟုတ်လား ဦးကြီးဖိုး။ "

" ဦးကြီးဖိုးက တစ်ကောင်ကြွက် မိန်းခလေးရဲ့ "

ဇရပ်နောက်ပိုင်းတွင် လေတဖြူးဖြူးတိုက်ခက်သည်။ နေရထိုင်ရသည်မှာ အေးချမ်းငြိမ်ဆိတ်သည်။ ယင်းအနေယင်းအဖြစ်ကို ပုလဲနှစ်သက်မိသည်။ ဇရပ်နောက်ပိုင်းမှ လှမ်းမျှော်ကြည့်လျှင် ဧရာဝတီမြစ်ပြင်ကြီးမှာ ရေတွေပြည့်လျှံ နေသည်။ ပုလဲသည် ရွာထဲက အိမ်ငယ်တွေနေထိုင်ရသော အဖြစ်နှင့် နှိုင်းယှဉ်ကြည့်မိသည်။ ကလေးငယ်မှာ တစ်ကြိမ်နိုးလာပြီး အမိ၏နို့ချိုကို စို့ကာ လေတဟူးဟူးတွင် နှစ်ခြိုက်စွာ ပြန်အိပ်သွားသည်။

"အင်း မိန်းခလေးယောကျ်ားဆီကလဲ ဘာသတင်းမှ မကြားရဘူးနော်။ မြို့ပိုင် ဆိုတဲ့လူအပြောကဖြင့် သုံးလတစ်ခေါက် လေးလတစ်ခေါက် ပြန်နိုင်မယ်ဆို။ ဒါလဲ လိုက်ချင်အောင် ပြောသွားတာနဲ့တူပါတယ်။ ခုဆိုရင် အခါလည်း အခါကျူးများ တောင် ရှိသွားရောပေါ့။ တစ်ယောက်မှ ပြန်မလာကြဘူး။ "

ကပ္ပိယကြီး၏စကားကြောင့် ရုတ်တရက်ပုလဲကြောင်တတ်တတ်ဖြစ်သွားသည်။ ရင်ထဲတွင် ထိတ်ကနဲတုန်လှုပ်ရသည်။ ပြီးမှ ချက်ချင်း စဉ်းစားလိုက်မိသည်။ စိန်ကြည်က သူ့ကို ပြောခဲ့ဖူးသည်။ သူ့ကိုယ်ဝန်ကိစ္စကို မိုးမခသို့ပါသွားသူများ ထဲက တစ်ယောက်ယောက်နှင့်ဟု ရွာက သမုတ်ကြသည်။

ကပ္ပိယကြီးသည် ထိုသူများထံမှ စကားကိုကြားကာ ခုလိုပြောတာပဲဟု ပုလဲတွေးမိသည်။ အထူးအထွေ ဘာမှပြန်မပြော။ ပုလဲငြိမ်နေလိုက်သည်။

ဇရပ်ပေါ်ရောက်သည့်အခါ မြစ်ရေပြင်ကြီးကိုမျှော်ကြည့်ရင်း ရေးဖြစ်ဟောင်း ကလေးများကိုတော့ သူမကပြန်ပြောင်းသတိရမိသည်။ တောင်တောင် မြောက်မြောက်တွေးမိသည်။ မောင်ညို့မျက်နှာကို ကွက်နဲမြင်မိသည်။ ထွေးလုံးသတ်ပုတ်ရပုံကို ပုလဲသတိရသည်။

အစော်ကားခံရမှုကို တွေးမိသည့်အခါ ပုလဲနာကျည်းမိသည်။ ဘွားကနဲပေါ် ပေါက်လာသော သူတစ်ယောက်ကိုလည်း ပုလဲကောင်းစွာ အမှတ်ရမိသည်။ ဒီလူဘယ်လိုများ ရောက်နေပါလိမ့်။ ငါ့လိုပဲ ဒီလူဟာ ဒီအဖြစ်ကို အမှတ်ရနေဦးမှာလား ဟုပုလဲစိတ်ထဲကတွေးမိပြန်သည်။

တစ်လပိုင်းမှကျော်လွန်ခဲ့သောကလေးငယ်သည် ခုချိန်ထိတော့ မောင်ညိုနှင့် တစ်စက်ကလေးမှ မတူ။ နာတံ၊ နှုတ်ခမ်း၊ နဖူး စသည်များက မိခင်နှင့်တူသည်။ လက်တံခြေတံစသည်များက ပုလဲအဖေ သူ့အဖိုးနှင့်သွားတူသည်။ အသားအရေ မှာ ဖြူဖြူဖွေးဖွေးရှိသည်။

"မနက်ဆိုရင် မောင်ပဇင်းဆွမ်းဘုဉ်းပေးပြီးလို့ မွန်းတည့်ချိန်လောက်ရောက်တာနဲ့ ဦးကြီးဖိုးစားတယ်။ ညနေဘက်တော့ အမှန်မရှိဘူး။ ဆာတဲ့အချိန် စားလိုက်တာပဲ။ တစ်ခါတစ်လေ မဆာလဲမစားတော့ဘူး။ အေး အေး နေ့လည်နေ့ခင်း ပျင်းရင်လဲလာပေါ့။ မိန်းခလေးလာတော့ ဦးကြီးဖိုးမှာ စကားပြောဖော်ရတာပဲ။"

ကလေးငယ်ကိုပွေ့ပိုက်လျက် ဇရပ်ပေါ်မှဆင်းတော့မည့် ဆဲဆဲတွင် ကပ္ပိယကြီးက သူ့ကိုပြောသည်။ နောက်နေ့ နောက်ရက်များ၌လည်း ဤသို့ပင် သဒ္ဓါတရားရှိရှိ ကျွေးမွေးသည်။ ချိုချိုသာသာ ဆက်ဆံသည်။ နောက်သုံးလေးရက်အကြာတွင် "မောင်ပဇင်းက မေးရှာတယ်ကွယ့်။ မိန်းခလေး ထမင်းစား လာသေးလားတဲ့။ ဦးကြီးဖိုး ကလာပါတယ် ဘုရားလို့ လျှောက်တော့ ကျွေးပါ ဒကာကြီးရယ် ကျွေးပါ။ မွတ်သိပ်ဆာလောင်နေတဲ့ လူတစ်ယောက်အပေါ်မှာ စေတနာ သဒ္ဓါတရားနဲ့ ကျွေးမွေးပြုစုခြင်းဟာ အင်မတန်မွန်မြတ်ပါတယ်လို့အမိန့်ရှိတယ်။" ဟု ကပ္ပိယကြီးက ပြောလေသည်။

" ကျမတို့ သွားတော့မယ် မမပုလဲ "

စိန်ကြည့်အသံကို ကြားလိုက်ရမှ ပုလဲအတွေးများ ရပ်သွားသည်။ " ဟင် " ဟုဆိုကာ စိန်ကြည့်ဘက်သို့ လှည့်ကြည့်သည်။ ခပ်လှမ်းလှမ်းတွင် အထုပ်တစ်ခုကို ခေါင်းထက်ရွက်ထားသော အရီးဥကိုလည်း မြင်နေရသည်။ အရီးဥကိုယ်တိုင်ပင် တာရိုးပေါ်မှ တလှုပ်လှုပ်လျှောက်နေသည်။

" မိန်းခလေး ကျောင်းဇရပ်မှာရွှေ့နေမလို့ဆို "

အိမ်ငယ်ရှေ့အရောက်တွင် တာရိုးပေါ်မှနေလျက် အရီးဥက လှမ်း၍မေးသည်။

" ဟုတ် ဟုတ်ကဲ့ အရီးဥ "

ပုလဲအသံမှာ တုန်ယင်နေသည်။ ဘယ်လိုမှစိတ်တင်းလို့မရ။ ရင်တစ်ခုလုံး ဖိုလှိုက်လာသည်။ အမေလို ညီမလိုအားကိုးခဲ့ရသော သားအမိနှင့်ခွဲရတော့ မှာပါကလား။ ဘယ်လိုမှမတတ်နိုင်လို့ ငါ့ကိုသူတို့ စွန့်ပစ်သွားတော့မှာပါကလား။ ထိုအတွေးနှင့်အတူ နှလုံးသားမှ နာကျင်လာသည်။ ပါးပြင်ပေါ်သို့ မျက်ရည်များ ပေါက်ပေါက်ကျလာသည်။ အိပ်မောကျနေသော အားငယ်စိတ်သည် ခုမှ နိုးကြွလာသည်။

ပုလဲငိုသည့်အခါ စိန်ကြည်တရှုတ်ရှုတ်တငင်ငင်ငိုသည်။ ခေါင်းပေါ်မှ ပိုက်ထုပ်ကြီးကို တဲအိမ်ငယ်၏ ကပျဉ်စွန်းပေါ် ပစ်ချလိုက်သည်။

" အရီးဥတို့အနေနဲ့ ဘယ်လိုမှ မတတ်နိုင်လို့ပါ ကွယ်။"

အဖွားကြီးအသံကို မနည်းနားထောင်ယူရသည်။ သဲ့သဲ့သာဖြစ်သည်။ အဖွားကြီး၏ မှုန်သီသော မျက်လုံးတို့မှ ရှုံ့တွန့်နေသော ပါးရေပါးကြောင်းများ ပေါ်သို့ မျက်ရည်များစီးကျလာသည်။ အဖွားဥသည် လက်ဖမိုးနှင့်စီးကျလာသော မျက်ရည်များကိုသုတ်ပစ်သည်။

"မိန်းခလေး ညီမလေးမကြာမကြာရောက်လာမှာပေါ့ကွယ်။ အရီးအားတဲ့အချိန်တော့ အရီးလဲ ရောက်လာမှာပေါ့။ ကဲ လာ လာ သမီး။ ညည်းအဘ ပခုံးပေါ်မှာ အလေးအပင်ကြီးနဲ့ အမေတို့ကို ရပ်စောင့်နေရတယ်။ "

" မမ ပုလဲ ကျမ သွားပြီ။ "

မျက်ရည်အသွယ်သွယ်နှင့် ပုလဲကျန်ရစ်သည်။ မလှုပ်မရှောက်တွေတွေ ငေးငေးဖြစ်သည်။ ပတ်ဝန်းကျင်ကို ဘာမှမသိ။ ကမ်းပြိုသံကို နားကမကြား။ ရင်ခွင်တွင်းက သားငယ်ကိုတော့ ခပ်တင်းတင်းဖက်ထားသည်။

ငါ့အဖြစ်ဟာ ဒီရွာသူဆိုပေမယ့် ရွာနဲ့ငါဟာ တခြားစီပါကလား။ အားလုံးက ငါ့ကို စွန့်ပစ်ကြတာပဲ။ ဒါပေမယ့် တစ်ရွာလုံးအပေါ်မှာတော့ ဘာတစ်ခုမှ ဆိုးဆိုးသွမ်းသွမ်း ငါမလုပ်ခဲ့ဖူးပါဘူး။ ငါက မွေးလာတဲ့ ငါ့သားကလေးကိုတော့ ငါ့လိုပဲ ဝိုင်းပယ်ကြမှလား။ ဒီကလေးဟာကော လူတွေ မဆက်ဆံချင်လောက်အောင် ဆိုးသွမ်းတဲ့ရာဇဝတ်ကောင်ကလေးလား။

သုံးလေးခါ စိန်ကြည်လှည့်ကြည့်သည်ကိုမှ ပုလဲသတိမမူနိုင်။ အတွေးပေါင်း များစွာက ပုလဲအား ဖုံးလွှမ်းထားလေသည်။

(၃၂)

ကမ်းပြိုပြီး ၁၀ရက်လောက်ကြာမှ မိဖျိုင်းရောက်လာသည်။ မိဖျိုင်းလာသည်မှာ ကမ်းပြိုကြောင်းသိ၍ လာခြင်းတော့ မဟုတ်။ သူ့အကြောင်းသူ့ကိစ္စနှင့် သူလာခြင်းဖြစ်သည်။ ရွာရောက်မှကမ်းပြိုသည့်အထဲသို့ သူတို့အိမ်ကလေးပါ သွားကြောင်း မိဖျိုင်းသိသည်။ မိဖျိုင်းသည် ပုလဲရှိရာဘုန်းကြီးကျောင်းဇရပ်သို့ စိန်ကြည်နှင့်အတူ ပေါက်လာသည်။ ကျောင်းထိုင်ရဟန်းတော်ရှင်ဓမ္မဝိလာသအား သွားရောက်၍ ဖူးမြော်သည်။ ရဟန်းတော်ကအမေးအမြန်းရှိသောကြောင့် နေရေးထိုင်ရေး စားရေးသောက်ရေးများကို အတန်ကြာလျှောက်ထားရသည်။ ပုလဲနှင့်ပတ်သက်၍ကား ရဟန်းတော်ကမည်သို့မည်ပုံဟု စတင်၍မမြွက်ကြား။ မိဖျိုင်းက လျှောက်ထားမေးမြန်းမှ " ဇရပ်ပေါ်မှာ ရှိလေရဲ့ " ဟုတစ်ခွန်းတည်း မိန့်ကြားသည်။ မိဖျိုင်းနှင့်စိန်ကြည် ဇရပ်ဘက်သို့ကူးလာကြသည်။

"ဒို့သားအမိသုံးယောက် ရွာပြန်ပြောင်းရအောင်ဆိုပြီး အခြေအနေကို လာကြည့်တာ။ ဒီရောက်တော့ ငါ့ရင်ထဲကိုဆို့သွားတာပဲ။ ခုပုံတိုင်းတော့ ဘယ်မှာပြောင်းနိုင်တော့မှာလဲဟယ်။ ကိုသောင်းရင်မရောက်မချင်း ဟိုမှာပဲ ဖြစ်သလို ကျိတ်မှိတ်နေရတော့မှာပဲ"

ယခင်တစ်ခေါက်လာတုန်းကလောက် မိဖျိုင်းရွှင်ရွှင်လန်းလန်းမရှိ။ မိဖျိုင်းကို ကြည့်ရသည်မှာ မျက်စိမျက်နှာမကောင်း။ သူ့အိမ်ကလေး မြစ်ထဲပါသွား လို့များလား ဟုပုလဲတွေးသည်။

"ဟိုမှာ နေရထိုင်ရတာ အဆင်မပြေဘူးလား။ စားရေးသောက်ရေး ကြပ်တည်း လို့လား "

"အေးလေ ပြောရမှာ အတော်ခက်ပါတယ်ပုလဲရယ်။ နေရတာက အစ်မအိမ်ကပ် နေရတာမို့လား။ အစ်မအနေနဲ့ကတော့ ကိုယ့်သွေးကိုယ့်သား ဆိုတော့ ပြောစရာမရှိဘူးပေါ့ဟယ်။ ခဲအိုလုပ်တဲ့လူနဲ့ သူ့အမေကြီးကဆိုးတယ်။ ငါ့ကလေး နှစ်ယောက်ကိုပဲကြည့်ပြီး တစ်နေ့တစ်နေ့ အပြစ်ပြောနေတာပဲ။ ဘာလုပ် လုပ်ပြန်ဘီ။ ဘာကိုင် ကိုင်ပြန်ပြီ။ စားရင် စားပြန်ပြီ။ ဆော့ရင် ဆော့ပြန်ပြီ။ အိပ်ရင် အိပ်ပြန်ပြီ နဲ့ ခလေးနှစ်ယောက်ဟာ နေစရာကိုမရှိတော့ဘူး။ ဒီတော့ ငါ့ကိုယ်တိုင်လဲ ဘယ်မှာ စိတ်ချမ်းသာတော့မှာလဲအေ။ အစ်မလုပ်တဲ့သူကလဲ ငါ့အဖြစ်ကိုရိပ်မိမှာပဲ ယောက္ခမကြောက်ရ လင်ကိုကြောက်ရနဲ့ မပြောသာရှာဘူး။ တစ်ဖအေ တစ်မအေထဲမွေးလာတဲ့ ညီအစ်မအရင်းပေမယ့် အိမ်ထောင်ကွဲ သွားရင် အတူနေဖို့ဟာ သိပ်မလွယ် တော့ဘူး။ အေး တစ်ခုတော့ရှိတယ်။ ငါက အပျိုဆိုရင်တော့ ခဲအိုက ဖိုးကျိုင်းတုတ် ဖြစ်ချင်ဖြစ်မှာ။ "

" အစ်မ မဖျိုင်းကတော့ ပြောရော့မယ်။ "

စိန်ကြည်က ရယ်ကျဲကျဲနှင့်ပြောသည်။

မိဖျိုင်းအလာကို ဆယ်ရေးတစ်ရေးဆိုသလို သဘောထားကာ မျှော်လင့်နေသော ပုလဲအဖို့ သက်ပြင်းရှိုက်ရုံကလွဲ၍ ဘာမှ မတတ်နိုင်။ စကတည်းက အမျှော်လင့်ကြီး မျှော်လင့်ခြင်းမျိုး

မဟုတ်၍တော်သေးသည်ဟု ပုလဲတွေးသည်။ စကတည်းကသာ အားကိုးတကြီးနှင့် မျှော်လင့်မိလျှင်တော့ ခက်ရချည့်။

" ဘယ်မလဲပြစမ်းပါဦး။ ညည်းခလေး ကြည့်ရအောင် "

ပြောပြောဆိုဆိုနှင့်မိဖျိုင် ထိုင်ရာမှထသည်။ ဇရပ်နောက်ပိုင်းတွင် စောင်စုတ် တစ်ထည်နှင့် ပုခက်ဆင်သိပ်ထားသော ကလေးငယ်ကို မိဖျိုင်း သွားကြည့်သည်။ ကပ္ပိယကြီးက ဇရပ်၏နောက်ပိုင်းယခင် မီးဖိုဆောင်နေရာ တွင် ပုလဲတို့ သားအမိအား နေရာသက်မှတ်ပေးထားသည်။

" ချစ်စရာကြီးဟဲ့ ဖြူဖြူဖွေးဖွေးကြီးဟယ် "

မိဖျိုင်းသည် ပုခက်တွင်းရှိကလေးငယ်ကို စူးစိုက်ကြည့်သည်။ တစ်စုံတစ်ရာကို နောက်ထပ်ပြောဦးမည့်ဟန်ဖြင့် နှုတ်ခမ်းပြင်ပြီးမှ မပြောတော့ဘဲ နှုတ်ရှိန်သတ် သည်။ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"မွေးစက ဒါလောက်မဝဘူး။ အမဖျိုင်းရဲ့။ ခုတော့ ကျမသားထက်တောင် ဝလာတယ် "

"နင့်သားလဲ ဝ တာပါပဲ စိန်ကြည်ရယ်။ အေးပေ့ ခေတ်ဆိုးထဲမှာ မွေးလာလို့လားတော့ မသိဘူး။ ခလေးကတော့ ချစ်စရာသိပ်ကောင်းတယ် ပုလဲရေ့။ "

မဖျိုင်းသည် ခလေးပုခက်ရှိရာမှ ပုလဲနှင့်စိန်ကြည်အနီးသို့ ရောက်လာသည်။ နောက်ထပ်စကားတစ်စုံတစ်ရာမပြောသေး။ ကပ္ပိယကြီးရှိရာသို့ လှမ်းကြည့် သည်။

ကပ္ပိယကြီးသည် ဇရပ်အောက် မီးဖိုတွင် ပဲနောက်ဟင်းချိုချက်နေသည်။ "ပဲနောက်ဟင်းချိုကို မောင်ပဖင်း သိပ်ကြိုက်တယ်။" ဟု ကပ္ပိယကြီးက မကြာခဏပြောလေ့ရှိသည်။

မိုးတွင်းမိုးခါများတွင် မီးဖိုမှာ ဇရပ်ပေါ်တွင်ဖြစ်သည်။ ခုတော့ နွေကာလ ရောက်လာ၍တစ်ကြောင်း၊ ပုလဲတို့သားအမိကြောင့်တစ်ကြောင်း မီးဖိုကို ဇရပ်နောက်ပိုင်း ခပ်လှမ်းလှမ်းမြေပြင်ပေါ်တွင် ရွှေ့ပြောင်းထားသည်။ အပေါ်မှ ဓနိပျစ်များမိုးထားသည်။

"ညည်းမွေးချိန်ဖွားချိန်တုန်းက ငါသတိရတယ်။ စိတ်တောင်မကောင်းဘူး။ ဘယ်လိုမှမလာနိုင်ဘူး။ အကြီးကောင် မြသိန်း ဝမ်းတွေဒလဟောသွားလိုက်တာ သေရောအောင့်မေ့တယ်။ အဲဒီကောင်လဲဖြစ်ပြီးရော ငါ့အစ်မရဲ့သား အလတ်ကောင်ဖြစ်ပြန်တာပဲ။ အေး သူနဲ့ဆက်ပြီး အစ်မသမီးအငယ်မက ဆက်ဖြစ်ပြန်ရော။ တစ်အိမ်လုံးကို ဒေါင်ချာစိုင်းနေတာပဲ။ အင်းထဲ အိုင်ထဲမှာဆိုတော့ ဆေးကောင်းဝါးကောင်းကလဲမရှိ။ ဆရာသမားကောင်းကလဲ မရှိနဲ့။ ဒို့ခဲအိုဟာ ပန်းတနော်ဘက်က ဘိုင်းဆိုတဲ့ ကရင်ရွာတစ်ရွာမှာ ကရင်ဆရာကြီးတစ်ယောက်ကို အသက်စွန့်ပြီး သွားခေါ်ရသည်။ ကရင်ကောင်း တွေ့နဲ့တွေ့လို့တော်ပါသေးရဲ့"

မိဖျိုင်းက သူ့အဖြစ်သူ့ဒုက္ခကို ပြောပြသည်။ အမှန်ပင် မိဖျိုင်းမလာ နိုင်ခြင်းမှာလည်း ဤအကြောင်းကြောင့်ဖြစ်သည်။

" အရီးဥနဲ့စိန်ကြည်တို့ရှိလို့ပေါ့။ နို့မို့ရင် ကျမဒုက္ခပဲ။ ခုလဲ ရှေ့ဆက်ပြီး "

"ရှေ့ဆက်ပြီးဘာဖြစ်လဲ။ ဒီအတိုင်းပဲနေဦးပေါ့ ပုလဲရယ်။ တစ်ရွာလုံးဟာ ကပ်ကြီးသုံးပါးဆိုက်သလား အောက်မေ့ရတယ်။ ရွာလယ်ပိုင်း ဝင်မိတာနဲ့ ငါတော့ စိတ်ထဲကိုနောက်ကျိသွားတာပဲ။ ညည်းအဖြစ်က တစ်အိမ်အိမ်မှာတတ်နေ ရဖို့ထက် ထမင်းစားရဖို့ကခက်တယ်။ ဆရာတော်က ဘယ်လိုအမိန့်ရှိလို့လဲ။ ကပ္ပိယကြီးက ဘာပြောလို့လဲ။ ကဲ ညည်းအဖြစ်ကိုလဲ ငါ့ပြောပြပါဦး "

မိဖျိုင်းက အစ်မတစ်ယောက်နှင့်မခြား ပုလဲကိုမေးမြန်းသည်။

"ကျမ အဖြစ်ကစိန်ကြည်တို့သားအမိ သားအဖတွေရွာလယ်ပိုင်းပြောင်းသွားတော့ ဒီခလေးလေးနဲ့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ သူတို့ပြောင်းသွားပြီး မကြာပါဘူး။ အစ်မဗျိုင်းရယ်၊ သူတို့အိမ်ကလေးဟာ ကမ်းပြိုတဲ့အထဲပါ သွားတာပဲ။ အဲသလိုနဲ့ မိုးချုပ်စအချိန်လဲရောက်ရော ကျမအိမ်ကလေးလဲ တအိအိနဲ့ ကမ်းပြိုရာပါသွားပြန်တာပဲ။ ကျမတော့ ခရေပင်ကြီးအောက်သွားပြီး ထိုင်ငိုနေတယ်။ အလင်းရောင်ပျောက်ပြီး မှောင်တော့မယ့်ဆဲဆဲဖြစ်နေပြီပေါ့။ အဲဒီအချိန်မှာပဲ ကျမရှိတဲ့ခရေပင်အောက်ကို ဦးကြီးဖိုးရောက်လာတယ်။ သူလာတာက ကျမတို့ စိန်ကြည်တို့ အိမ်တွေကိုသွားကြည့်မလို့ထွက်လာတာတဲ့။ မောင်ပဇင်းကတော့ မနက်ဖက်က တစ်ခေါက် လာကြည့်သွားပြီး စိတ်နလုံးမချမ်းသာလို့ နောက်ထပ်လာမကြည့်တော့ဘူးလို့ ကျမကို ပြောတယ်။ နောက်ပြီးကျမကို ရွာလယ်ပိုင်းရွှေ့မနေဘူးလားတဲ့။ ဘယ်မှာသွားနေမှာလဲတဲ့။ ကျမက နေစရာမရှိတဲ့အကြောင်းပြောပြီး ဇရပ်ပေါ်မှာ လိုက်နေပါရစေ ဦးကြီးဖိုးရယ် ကျမတတ်နိုင်သမျှ ဦးကြီးဖိုးကို ကူညီပြီး လုပ်ပေးပါ့မယ်လို့ အခွင့်တောင်းတယ်။ ပြောတာတွေတော့ စုံနေတာပဲ အစ်မဗျိုင်းရယ်။ အကုန်လုံးတော့ ကျမ မမှတ်မိတော့ဘူး။

ဦးကြီးဖိုးဟာ ကျမကိုတော့သူသနားတယ်ပေါ့။ စိတ်ထဲမကောင်းဘူးပေါ့။ ဒါပေမယ့် ဇရပ်ပေါ်လိုက်နေဖို့ဆိုတာက သူ့သဘောနဲ့မဖြစ်နိုင်ဘူး။ ကျောင်းထိုင် ဆရာတော်ခွင့်ပြုမှ ဖြစ်တာ။ အဲဒီတော့ ဆရာတော့်ဆီမှာ ခွင့်တောင်းဖို့ သူနဲ့လိုက်ခဲ့၊ သူကလဲ တတ်နိုင်သလောက် ကူညီပြီး လျှောက်ပေး မယ်ဆိုပြီး ကျမကိုခေါ်သွားတယ်။ ကျောင်းရောက်တော့ ဆရာတော်က အကျိုးအကြောင်း လျှောက်ရတာပေါ့။

အဲသလို လျှောက်တော့ ဆရာတော်က မေးတယ်။ ရွာထဲက တစ်အိမ်အိမ်မှာ သွားနေလို့ မဖြစ်နိုင်ဘူးလားတဲ့ အစ်မဗျိုင်းရဲ့။ ကျမ ဘာဆက်ပြီး လျှောက်ရမှန်း မသိတော့ဘူး။ ကျမ တရှုတ်ရှုတ်နဲ့ငိုတာပဲ။ အဲဒီတော့ ဦးကြီးဖိုးက ဝင်လျှောက်ပေးတယ်။ ဒီမိန်းခလေးအဖြစ်က နေဖို့ထိုင်ဖို့တင်မဟုတ်ပါဘူး ဘုရား။ စားရေးသောက်ရေးအတွက်ကလဲ အင်မတန်မှ အခက်အခဲတွေ နေရှာပါတယ်။ သွေးနသားနဖြစ်နေတာလဲ တစ်ကြောင်း၊ တစ်ရွာလုံးမှာ လုပ်ငန်းတွေအားလုံးကလည်း ပျက်စီးနေတာတစ်ကြောင်းမို့ ခု အခိုက်အတန့် မှာတော့ မိန်းခလေးဟာ မှီခိုစရာမရှိသလောက်ဖြစ်နေရှာပါတယ် ဘုရားတဲ့။

ကျမအနေနဲ့လဲလျှောက်မိမှ မထူးတော့ဘူးပေါ့ အစ်မဗျိုင်းရယ်။ ကိုယ်ရေး ကြံ့ရင်သက်လုံ ကောင်းရမယ် ဆိုတာမျိုးလို ရှက်မနေနိုင် တော့ဘူး။ တပည့်တော်မကို ဘယ်သူကမှ လက်ခံမှာမဟုတ်ပါဘူးဘုရား။ တပည့်တော်မရဲ့ ထမင်းတစ်ဝမ်းကိုလည်း ဘယ်နည်းနဲ့မှ ကျွေးမထားနိုင်ကြပါဘူး ဘုရား။ ခဏတဖြုတ်ဖြစ်ဖြစ် တပည့်တော်မတို့သားအမိကို ကယ်တင်တော်မူပါ အရှင်ဘုရား။ အရှင်ဘုရားမှမကယ်ရင် တပည့်တော်မတို့သားအမိဟာ အငတ်ဘေးနဲ့ရင်ဆိုင်ရပြီး သေရမှာပါဘုရား လို့ပြောင်ဖွင့်ပြီး ဖွတ်လျှောက် ရတော့တာပဲ။ အဲဒီတုန်းကသာ ဆရာတော်က နေခွင့်မပြုဘူးဆိုရင် နောင်အခါမှ ဘာပဲဖြစ်ဖြစ် ကျမတော့ ခရေပင်ကြီးအောက်မှာ သွားနေရမှာပဲ။

ရုတ်တရက်တော့ ဆရာတော်ဟာဘာမှ အဖြေမပေးသေးဘူး အစ်မဗျိုင်းရဲ့။ အတော်ကြာအောင် စဉ်းစားနေတယ်။ ကျမရင်ထဲမှာလဲ တထိတ်ထိတ်နဲ့ပေါ့။ နေမှ နေခွင့်ရပ့ါမလား။ နေမှ နေခွင့်ရပ့ါမလား ပေါ့။ တစ်ခုတော့ရှိတာပေါ့ အစ်မဗျိုင်းရယ် လောလောလတ်လတ်ကမ်းတွေပြိုပြီး အိမ်တွေကလဲ ရေထဲပါ သွားတယ်။ နောက်ပြီး ရေတွေကြီးနေတဲ့ အချိန်ကတည်းက ကျမဟာ ဇရပ်မှာ လာပြီးတော့ စားသောက်နေတယ်ဆိုတာကို ဆရာတော်က သိနေတယ်။ ဒါတွေကြောင့်လဲ နေခွင့်ပေးတာပါ။ နောက်တော့မှ ဦးကြီးဖိုးက ကျမကို ပြောတယ်။ ရဟန်းနဲ့ကျောင်းနဲ့ မာတုကာမနဲ့ဟာ သိပ်မအပ်စပ်ဘူးကွယ့် အဲဒါကို တွေးမိလို့ မောင်ပဇင်းဟာ အတော်ကြာအောင် စဉ်းစားတာဖြစ်လိမ့်မယ် မိန်းခလေး တဲ့ "

"ခုနအကြောင်းကို ဆုံးအောင်ဆက်စမ်းပါဦးဟယ်။ ညည်းအဖြစ်ကို နားထောင်ရတာ မောလိုက်တာ။ စိတ်ရှုပ်ရှုပ်ရှိလို့ကမ်းနဖူးလာထိုင်ပါတယ် ဒိုက်ပုံကြီးမြောလာတာနဲ့တိုးတော့တာပဲ ဆိုတာမျိုးကြနေပြီ ပုလဲရေ့ "

"အဲဒီလိုနဲ့သာ ဆရာတော်ဟာ အတော်ကြာကြာစဉ်းစားပြီးမှ ဦးကြီးဖိုးကို အမိန့်ရှိတယ်။ ဒကာကြီး အတိဒုက္ခဖြစ်လာတဲ့ မိန်းခလေးသားအမိကို ဇရပ်ပေါ်မှာ သင့်တော်တဲ့နေစရာကလေးများ ပေးလိုက်ပါ။ ထမင်း တစ်ဝမ်းကိုလည်း မျှတခွဲဝေပြီး ကျွေးမွေးလိုက်ပါ တကယ့်ကိုဆင်းရဲဒုက္ခဖြစ်ပြီး မှီခိုအားထားစရာ မဲ့လာမှကိုး။ နောင်အခါ သူကြီးနဲ့ဆယ်အိမ်ခေါင်းတို့ အချုပ်အနှောင်က လွတ်မြောက်လာမှ ဒီမိန်းခလေးသားအမိရဲ့ရှေ့နေရေး ထိုင်ရေးကို ကူညီစီစဉ်ပေးကြဖို့ ပြောရမှာပဲလို့ အမိန့်ရှိတယ်။ အဲဒါနဲ့ ကျမဟာ ဇရပ်ပေါ်မှာ ခုလို နေခွင့်ရတာ အစ်မဖျိုင်းရဲ့ "

"ရွာမှာခုလောက် အခြေအနေဆိုးလိမ့်မယ်လို့ ငါမထင်ဘူး။ ဒါကြောင့်လဲ ငါပြောင်းမယ် ရွှေ့မယ်လို့စိတ်ကူးပြီးလာခဲ့တာပေါ့။ ငါပြောင်းရွှေ့နေဖြစ်ရင်တော့ ညည်းကိုခေါ်ထားပါတယ်။ စားရအတူ ဝတ်အတူပေါ့။ ခုတော့ ငါကိုယ်တိုင် ချည်တိုင်ပျောက်နေပြီ။ ဘယ်နည်းနဲ့မှ ငါလောလောဆယ် မပြောင်းနိုင်တော့ဘူး။ သူကြီးနဲ့ဆယ်အိမ်ခေါင်း သတင်းကြားရတာလဲ စိတ်မကောင်းလိုက်တာ ဟယ် ။ "

"သူကြီးတို့ ဆယ်အိမ်ခေါင်းတို့တင်ဘယ်ကမလဲ၊ ဦးလာဘကြီးနဲ့ ကိုထွန်းဆိုတဲ့ သူပါ အဆစ်ပါသွားသေးတယ်။"

ပုလဲကပြောသည်။

"အေးပေါ့ သူတို့အတွက်လဲ စိတ်မကောင်းစရာပေါ့ ဟယ်။ သူကြီးနဲ့ ဆယ်အိမ်ခေါင်းကိုဖမ်းထားတဲ့ အဲဒီလူနှစ်ယောက်ရှိနေရင်လဲ တော်သေးတာပေါ့။ အထိုက်အလျောက် ရပ်ရွာကိုသူတို့က အုပ်ချုပ်နိုင်တယ်။ ခု ညည်းဖြစ်တဲ့ ကိစ္စမျိုးဆိုရင်လဲ သူတို့က လူကြီးဆိုတော့ တော်သလိုသင့်သလို စီမံဖန်တီး ပေးနိုင်ဦးမှာပဲ။ ခုဟာက ခွေးတောင် အဖေခေါ်စရာမရှိတဲ့ အဖြစ် "

"သူကြီးနဲ့ဆယ်အိမ်ခေါင်းအဖမ်းခံရတာကော အစ်မဖျိုင်း ဒီရောက်မှသိတာလား"

စိန်ကြည်ကမေးသည်။

"ဓနုံးချောင်းမှာကတည်းက ငါသိတယ်။ ဓနုံးချောင်းသူကြီးဦးတင်မောင် ညောင်တုန်းကပြန်လာတော့ အဲဒီသတင်းကို ချက်ချင်းအိမ်လာပြောတာပဲ။ ကွင်းကောက်သူကြီးကိုဘတင်ကြီးဆိုတာ ကြောက်လွန်းလို့ ချေးချမ်းနေတာပဲ။ ညောင်တုန်းကို လုံးလုံးမသွားဝံ့ဘူး။ "

" ချွေးတပ်ဆိုပြီး ဖမ်းတုန်းကရော "

"ဟိုမှာလဲ ဖမ်းတာပေါ့စိန်ကြည်ရယ်။ တစ်ရွာကို လူသုံးဆယ်ဆိုလား ပေးလိုက် ရတယ်။ ငါ့ခဲအို ကိုအောင်စိန်ကတော့ သူ့အင်းသမားထဲက လူတစ်ယောက်ကို ငွေနှစ်ရာနဲ့ငှားထည့်လိုက်တယ်။ သူက လူလည်မို့လား။ "

"ဒီလိုများဆိုရင် ကျမ အစ်ကိုအတွက်လူတစ်ယောက်ငှားထည့်လိုက်ပါတယ် အစ်မဖျိုင်းရယ်။ ငွေမရှိလဲ ပိုက်ရောင်းရ ရောင်းရပေါ့ "

" ဟိုမှာက လူငှားဖို့ရှိတယ် စိန်ကြည်ရဲ့။ ဒီမှာဖြစ်တာက ရွာလုံးကျွတ်ပါသွားတာ"

သည်တစ်ခေါက်တော့ မိဖျိုင်းသည် နေ့ဝက်အချိန်ကုန်အောင်ပင် မပြန်သေးပဲနေသည်။

ကျောင်းထိုင်ရဟန်းတော်ရှင်ဝိလာသ နေ့ဆွမ်းဘုဉ်းပေးပြီးသည့်အခါ စက္ကော့သို့ သူပြန်လည် ရွှေ့ပြောင်း၍နေခဲ့လျှင် ပုလဲတို့သားအမိအား အတူခေါ်ထားမည့် အကြောင်း လျှောက်တင်သည်။

"အေး အေး ကောင်းတာပေါ့ကွယ်။ ကောင်းတာပေါ့။ ဒီမိန်းခလေးဟာ ဆွေမဲ့မျိုးမဲ့ အားကိုးရာမဲ့မို့လား။ ကိုယ့်ရွာသူအချင်းချင်းအပေါ်မှာ ခုလို တစ်ဦးဒုက္ခ ဖြစ်နေချိန်မှာ တစ်ဦးက ကူညီစောင့်ရှောက်တယ် ဆိုတာဟာ အဆွေခင်ပွန်း ကောင်းတို့ရဲ့အကျင့်တရားလို့ ဆိုနိုင်တယ်။ လူတွေလိုက်နာ ကျင့်သုံးအပ်တဲ့ လူ့ကျင့်ဝတ္တရားလို့လဲ ဆိုရမယ်။

လူ့ဘဝမှာ ချမ်းသာကြွယ်ဝနေရုံနဲ့ အတတ်ပညာတွေ အကြီးအကျယ် တတ်မြောက်ထားရုံနဲ့၊ ရုပ်ရည်ရူပကာယ လှပကျော့ရှင်းပြီး အသံကလေးများ ကောင်းနေရုံနဲ့ တန်ခိုးအာဏာတွေ

ခြေရုံသင်းပင်းတွေ အင်မတန်မှ ပြည့်စုံဖူလုံ နေရုံနဲ့ ရာထူးဂုဏ်ဒြပ်ကြီးတွေရပြီး မင်းပါးစိုးခွင်မှာ ဝင်ရောက်တွင်ကျယ်နေနိုင် ရုံနဲ့ မပြီးသေးဘူး။ မေတ္တာစိတ်၊ မုဒိတာစိတ်၊ ဥပက္ခာစိတ် စတဲ့ ဗြဟ္မာ့ဝိဟာရတရားများကို ကျင့်သုံးလိုက်နာဖို့ကလဲ အင်မတန်မှအရေးကြီးတယ်။ ဒီတရား သဘောများရှိမှ လူ့လောကဟာ တကယ်တမ်း ငြိမ်းချမ်းသာယာမှုကို ရရှိနိုင်မယ်။

ခုလိုစစ်မက်ဖြစ်ပွားနေတယ်။ တစ်ဦးကိုတစ်ဦးက သတ်ဟယ် ဖြတ်ဟယ် လုပ်နေတယ်။ လုဟယ် ယက်ဟယ် လိမ်ဟယ် ကောက်ဟယ် ဖြစ်တယ်။ ခိုးချင်တိုင်းခိုး ဝှက်ချင်တိုင်းဝှက် ဖြစ်နေတယ်ဆိုတာကိုက စင်စစ်တော့ အဲဒီတရားသဘောတွေ ပျောက်ကွယ် တိမ်းစောင်းနေကြလို့ပဲ။ လူတွေမှာက ဒီတရားသဘောတွေ ရှိရမယ်။ လူနဲ့တိရစ္ဆာန် ကွဲပြားခြားနားတယ်ဆိုတာကိုက အဲဒီတရားသဘောကို နားလည်မှုရှိတာနဲ့ မရှိတာ ကွဲပြားခြားနားတာပဲ။ လူတွေမှာ အဲဒီတရားသဘောမရှိခဲ့ရင် ဘာတွေဖြစ်မလဲ။

တိရစ္ဆာန်များဟာ လူလို အသိဉာဏ်မရှိဘူး။ ကောင်းမွန်မြင့်မြတ်တဲ့ အကျင့်တရား လဲမရှိဘူး။ ဟုတ်ပြီထားတော့။ လူကတော့ အသိဉာဏ်လဲကြွယ်ဝတယ်။ လေးနက်တဲ့အတွေးအခေါ်နဲ့ စဉ်းစားတွေးတောနိုင်မှုလဲရှိတယ်။ အဲဒီနေရာမှာ ကောင်းမွန်မြင့်မြတ်တဲ့ အကျင့်တရားသာ လူတွေမှာ မရှိကြဘူးဆိုရင် အသိဉာဏ်ကြွယ်ဝတဲ့အတွက် တိုက်စရာ၊ ခိုက်စရာ၊ လုစရာ၊ ယက်စရာ၊ လိမ်စရာ၊ ကောက်စရာ၊ ခိုးစရာ၊ ဝှက်စရာ၊ သတ်စရာ၊ ဖြတ်စရာ ရှိလာရင် ဉာဏ်နီဉာဏ်နတ်တွေမျိုးမျိုးထုတ်ပြီး ကြောက်မခန်းလိလိ လုကြမယ်၊ ယက်ကြမယ်။ ခိုးကြမယ်၊ ဝှက်ကြမယ်။ လိမ်ကြမယ်၊ ညာကြမယ်။ သတ်ကြမယ်၊ ဖြတ်ကြမယ်။ ဟုတ်ရဲ့လား ဒကာကြီး ”

“ မှန်ပါတယ် ဘုရား ”

ကပ္ပိယကြီးဦးဖိုးက တင်လျှောက်သည်။

“ဒါကြောင့် လူတွေဟာ ခုနက ဦးဇင်းအမိန့်ရှိသလို ကောင်းမွန်မြင့်မြတ်သော ဗြဟ္မာ့ဝိဟာရတရားများကို လိုက်နာကျင့်ကြံကြရမယ်။ ဒီတရားသဘောကို လက်ကိုင် ထားနိုင်မှ ပရမတ္ထသစ္စာနဲ့ယှဉ်တဲ့ ငြိမ်းချမ်းသာယာမှုကို ရရှိနိုင်လိမ့်မယ်။ ”

“ဒီနေရာမှာ ဘုရား။ ခုနကမိန့်ကြားသွားတဲ့ ဗြဟ္မာ့ဝိဟာရတရားလေးပါးထဲက ဥပက္ခာတရားရဲ့သဘောကို တပည့်တော်တို့နားရှင်းအောင် အမြွက်လောက် မိန့်ကြားပါ ဘုရား ”

ကပ္ပိယကြီးဦးဖိုးက တင်လျှောက်သည် ။

“ဗြဟ္မာ့ဝိဟာရတရားလေးပါးမှာ မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား၊ ဥပေက္ခာတရား ရယ်လို့ရှိတယ်။ အဲဒီ မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရားများကို ကံသုံးပါးနဲ့ လိုက်နာကျင့်ကြံအားထုတ်တဲ့အခါမှာ ဘာတစ်ခုမှ မိမိရဲ့ကိုယ်ကျိုး ကိုယ့်စီးပွားအတွက် မျှော်လင့်ချက် မထားသင့်ဘူး။ မျှော်လင့်မှုမဲ့၊ ရလိုမှုမဲ့၊ တွယ်တာရာမဲ့၊ ကပ်ငြိမှုမဲ့တဲ့ လုပ်ဆောင်ကျင့်ကြံမှုမျိုးသာဖြစ်ရမယ်။

ဥပမာဆိုပါစို့ ဒကာကြီး။ ထမင်းစားရသေးတဲ့လူတစ်ယောက်ကို ငါစားမယ့် ထမင်းကိုကျွေးမွေးလိုက်မယ်။ ဒီလိုဆိုရင် နောက်တစ်ကြိမ်တစ်ခါမှာ ဒီလူဟာငါ့ကိုကျေးဇူးပြန်ပြီးပြုမှာပဲဆိုတဲ့ သဘောမျိုး။ ဒါမှမဟုတ် ငါဟာ ဒီထမင်း ဒီဟင်းအတွက် တစ်စုံတစ်ခုသော ကုသိုလ်အကျိုးကိုတော့ ရတော့မှာပဲဆိုတဲ့ မျှော်လင့်မှုမျိုး။ အဲသလိုမဖြစ်စေရဘူး။ တဏှာနဲ့ယှဉ်သော အကျိုးပြုမှု၊ အတ္တစွဲမကင်းသော အကျိုးမျှော်ကိုးမှုလုံးဝမရှိတဲ့ ဥပေက္ခာတရားသဘောသာ ဖြစ်စေရမယ်လို့ဆိုလိုတာပဲ ဒကာကြီး ”

ရဟန်းတော်သည် ကပ္ပိယကြီးဦးဖိုးနှင့် အမျိုးသမီးသုံးယောက် တို့အား ဓမ္မအကြောင်းနှင့်စပ်ဆိုင်သော စကားအနည်းအငယ်ကို မိန့်ကြားပြီးနောက် ကျောင်းအဆောက်အဦးပေါ်သို့ ပြန်လည်ကြွမြန်းသွားသည်။

မိဖျိုင်းသည် ဓနံးချောင်းသို့ ပြန်မည့်ဆဲဆဲတွင် ပုလဲအား

"ရော့ နင်သုံးချင်ရာသုံးဖို့ ယူထား " ဟုဆိုကာ ဂျပန်စက္ကူဆင့်ငါးဆယ်တန် ခြောက်ရွက်ပေးသည်။

ဂျပန်စက္ကူဆင့်ငါးဆယ်တန်တစ်ရွက်ကို အင်္ဂလိပ်ပိုက်ဆံ ငါးမူးနှင့် အညီအမျှထားလျက် အသုံးပြုနေကြသည်။ သို့သော် ကုန်ပစ္စည်းဈေးနှုန်းများက ခေါင်ခိုက်နေသည်။ ဆင့်ငါးဆယ်တန်တစ်ရွက်ကို ဆန်နို့ဆီဗူး နှစ်လုံးထက်၊ ဗူးသီးသုံးစိတ်ထက်ပို၍မရနိုင်။

"ညည်းသိပ်ပူမနေနဲ့။ ကိုသောင်းရင် မိုးမခကပြန်လာတာနဲ့ ရွာကိုငါပြန်ပြောင်း မယ်။ ခုအတိုင်းတော့ ဒီမှာပဲ ညည်းနေဦး။ အဲဒါပဲကောင်းတယ်။ နောက်လဲ ငါရောက်လာဦးမှာပေါ့" ဟု မိဖျိုင်းက အားပေးစကား ပြောသည်။

ယခုတစ်ကြိမ်လာသည့်အခါ၌လည်း မိဖျိုင်းသည် ကလေးအဖေ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်းကို မမေးမြန်း။ နေနိုင်လွန်း၍တော့မဟုတ်။ ပုလဲစိတ်မကောင်း ဖြစ်မည်ကိုစိုး၍ ဖြစ်သည်။ တစ်နေ့တော့ သိရမှာပေါ့လေဟု မိဖျိုင်း သဘောထားသည်။ ဒါပေမယ့် ကလေးကိုတော့ မိဖျိုင်း အကဲခက်သည်။ ဘယ်သူနဲ့တူပါလိမ့်။ အစီးဥတို့ စိန်ကြည်တို့လိုပင် မိဖျိုင်းလည်း ဝေခွဲမရနိုင်။

အမှန်တော့ စာနာစိတ်ရှိသောမိဖျိုင်းသည် ပုလဲအတွက် စိတ်မကောင်း။ သို့ရာတွင် ခုနေတော့ သူ့အနေနှင့် ဘာမှမတတ်နိုင်။ ပုလဲသည် ဘုန်းကြီးကျောင်းဇရပ်ပေါ်တွင် နေရသည်ဆိုသော်လည်း စိတ်ချမ်းသမှုတွင် သူ့ထက်ပင်သာလိမ့်မည်ဟု မိဖျိုင်းတွေးမိသည်။ ခန်းချောင်းတွင် သူ့အစ်မနှင့်ခဲအို သည် အင်းချောင်းတစ်ခုကို လေလံဆွဲထားသည်။ အရင်က အင်္ဂလိပ်ငွေ ကျပ်သုံးထောင်နှင့် ဆွဲရသော လေလံမှာ ဂျပန်များလက်ထက်တွင် သုံးထောင့်ငါးရာနှင့်ဆွဲရသည်။ သို့သော် ငါးဈေး၊ ငါးပိ ငါးခြောက်ဈေးများ အဆမတန်ထိုးတတ်လိုက်သဖြင့် သုံးသောင်းကျော် လေးသောင်းနီးနီးရသည်။ ဂျပန်စက္ကူများကို ဂုံအိတ်နှင့်ထုတ်ထားရသည်။ ထန်းခေါက်တောင်းထဲ၊ ဖာထဲ တည့်ထားရသည်။

အင်းပေါ်ချိန် အင်းလုပ်ငန်း လုပ်ရချိန်က အလုပ်နှင့်လက် မပြတ်အောင် မိဖျိုင်းလုပ်ရသည်။ ထိုစဉ်ကတော့ အစ်မဖြစ်သူ၏ ယောက္ခမကြီးက ကြည်ဖြူသည်။ သဒ္ဒါဒေးယျရှိသည်။ ခဲအိုကလည်း ထိုနည်းအတိုင်းဖြစ်သည်။ နောက်တော့ အင်းလုပ်ငန်းသိမ်းသွားသည့်အခါ၌မှ မိဖျိုင်းတို့ သားအမိ သုံးယောက်အပေါ် ပြူစူလာသည်။ ဆိုးရွားလာသည်။ မသဒ္ဒါသော အပြုအမူများကို ပြမူလာသည်။ လူ့မနောသည် တယ်ခက်ပါကလား။ ခုတစ်မျိုး ခုတစ်မျိုး။ အပြောင်းအလဲတွေမြန်ဆန်လှချည့်ကလား။ ကြံသာအစဉ်ချို၍ လူဟာအစဉ်မချိုပါကလား ဟုမိဖျိုင်းတွေးမိသည်။ သူတို့သားအမိသုံးယောက် အတွက် စိတ်ဆင်းရဲရှာသော အစ်မအတွက်လည်း မိဖျိုင်းစိတ်မကောင်း ဖြစ်ရသည်။ ထို့ကြောင့် စက္ကေ့ရွာသို့ပြန်ပြောင်းသင့်ကပြောင်းရန် မိဖျိုင်းလာခဲ့ ခြင်းဖြစ်သည်။ ဒီရောက်တော့ သူ့အိမ်ကလေး မရှိတော့။ ရွာ၏အခြေအနေမှာ လည်း အလွန်တရာကြပ်တည်းဆင်းရဲနေကြောင်း မိဖျိုင်းတွေ့ရသည်။

ကျောင်းထိုင်ရဟန်းတော်ရှင်ဝိလာသက ဖြဟ္မဝိဟာရတရားလေးပါးကို ဟောမြွက်တော်မူသည့်အခါ စိန်ကြည့်အနေနှင့်မည်သို့မျှ အထွေအထူး မတွေးမိသော်လည်း ပုလဲနှင့်မိဖျိုင်းတို့ နှစ်ယောက်မှာ အတော်ပင် တရားသဘောပေါက်ကြသည်ဟု ဆိုရမည်။ နှစ်ယောက်စလုံး အတွေးကွဲယ် ကြရသည်။

မေတ္တာတရား၊ ကရုဏာတရားဆိုတာ ကျောင်းထိုင်ဆရာတော်အမိန့်ရှိသလိုပဲ အင်မတန် အရေးကြီးပါကလား။ ဆရာတော်နဲ့ ကပ္ပိယကြီးတို့ရဲ့ မေတ္တာတရားရှိမှု၊ ဂရုဏာတရားရှိမှု၊ ဝင့်ကွက်ထောက်ထားမှုတွေကြောင့် ငါတို့သားအမိဟာ ခုလို မေတ္တာ ဂရုဏာရိပ်အောက်မှာ ခိုလှုံနေထိုင်ရပါကလားဟု ပုလဲက တွေးသည်။

ငါ့ခဲအိုနဲ့ သူ့အမေကြီးသာ ငါနဲ့ငါ့သားကလေးနှစ်ယောက် အပေါ်မှာ ဆရာတော်မိန့်ကြားသလို မေတ္တာစိတ်၊ ဂရုဏာစိတ်ထားနိုင်ရင် ငါဟာခုလို ဆင်းရဲရမှာမဟုတ်ဘူး။ ငါနဲ့ပတ်သက်ပြီး ငါ့အစ်မဟာလဲ စိတ်မကောင်းဖြစ်ရရှာမှာ မဟုတ်ဘူး။ လူတွေဟာ တစ်ယောက်အပေါ်တစ်ယောက် ဘာဖြစ်လို့များ အမုန်းပွားချင်ကြပါလိမ့် ဟုမိဖျိုင်းတွေးသည်။

မိဖျိုင်းသည် ပုလဲအား ကလေးကို ဂရုစိုက်ရန်ပြောသည်။

"ငါက မလိုလဲ လိုလဲမှာတာပါအေ။ ညည်းကိုယ်နိုက်ကလဲ ဂရုစိုက်ရမှာပါပဲ။ ညည်းသိပ်ချစ်မှာပဲ။ ဟုတ်တယ်မို့လား။ လူကြီးတွေကပြောတယ်တဲ့။ မိဘမေတ္တာ ကိုခလေးတစ်ယောက်ရမှ နင်တို့သိမယ်တဲ့ " ဟု သူ့အတွေး၊ သူ့အဓိပ္ပါယ်နှင့်သူ မိဖျိုးကဆိုသည်။

"အေး ငါသတိရလို့ တစ်ခုပြောရဦးမယ်။ ညည်းနဲ့စိန်ကြည်တို့ကတော့ ငယ်ကြသေးလို့ မှတ်မိမှာမဟုတ်ဘူး။ ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပေါ့။ ငါတောင်အိမ်ထောင်မကျသေးဘူး။ မြို့ဘက်က မိန်းမတစ်ယောက်ဟာ ဒို့များရွာမှာလာပြီး ကလေးမျက်နှာမြင်တယ်။ သူ့မိဘများက ပစ္စည်းချမ်းသာ တယ်။ မြို့ကဆရာမတွေဘာတွေခေါ်လာပြီး အကျအနမွေးတာပဲ။ အဲဒီမိန်းခလေး ဟာ သားယောကျ်ားလေး မွေးတယ်။ မွေးလဲပြီးရော သိပ်မကြာဘူးပေါ့။ နှစ်ရက်လောက်အရမှာပဲ အဲဒီကလေးကို ဒို့များရွာက ဦးကုလားကြီးနဲ့ ဒေါ်လုံးတင်တို့လင်မယားကို ပေးလိုက်တယ်။ ငွေကလဲ သုံးရာဆိုလား ငါးရာဆိုလား ပေးလိုက်တယ်။ ဦးကုလားကြီးနဲ့ ဒေါ်လုံးတင်တို့ လင်မယာဟာ ခလေးမြေးငယ် မရှိကြဘူး။ ဝမ်းသာလွန်းလို့ ဆွေ့ဆွေ့ခုန်နေတာပဲ။ နောက်ပြီး ဦးကုလားကြီးတို့လင်မယားကို ဒီရွာမှာမနေပဲ တခြားရွာကိုအပြောင်းခိုင်းတယ်။ နောက်ထပ်လဲငွေတွေထပ်ပေးသေးတယ်။

အဲဒါနဲ့အခြားရွာပြောင်းသွားကြတယ်။ ဒို့အမေများအပြောကတော့ ခလေးကို တစ်ခါတည်း ဇာတ်မြှုပ်ပစ်လိုက်တာတဲ့။ ဒီလူတွေက သူတွေတဲ့။ သူတို့သမီးဟာ သူတို့သဘောမတူတဲ့ ယောကျ်ားတစ်ယောက်နဲ့ဖြစ်ပျက်ကြလို့ အဲဒီလို တိတ်တိတ်ပုန်းလာမွေးတာတဲ့။ နောက်တော့ သမီးကိုမြို့အုပ်တစ်ယောက်နဲ့ ငွေအလိုက်ပေးပြီး ပေးစားလိုက်သတဲ့ဟယ်။ ငါ့အပျိုတုန်းကတော့ အဲဒီအကြောင်းကို အသေအချာမတွေးမိဘူး။ ငါ့သားဦးလေးမွေးတော့မှ မီးတွင်း ထဲမှာ အဲဒီအကြောင်းကိုသွားသတိရတယ်။ ငါ့ရင်ထဲမှာ မကောင်းလိုက်တာ ဟယ်။ အဲဒီညက တစ်ညလုံး မအိပ်နိုင်ဘူး။ ငါ့ကလေးကို တစ်ယောက် ယောက်ကခိုးများ သွားလေမလားလို့ တထိတ်ထိတ်နဲ့။ ငါတော့အဲဒီမိန်းမကို အတော်အံ့ဩတယ်။ ကိုယ့်ဗိုက်ထဲက သေကောင်ပေါင်းလဲမွေးထုတ်ရတဲ့ ကိုယ့်သားသမီးကို ဘယ်သူ့မှမပေးရက်ပါဘူးဟယ်။ ယောကျ်ားတွေကို ယုံစားလို့ပဲဖြစ်ဖြစ်၊ ကိုယ့်ဟာကိုယ် ကမြင်းကြောထလို့ရတဲ့ ခလေးပဲဖြစ်ဖြစ် နောင်တော့မှ ဖြစ်ချင်ရဖြစ်ပါစေ "

ဤသို့ဖြင့် မိဖျိုးသည် ခန်းဆောင်းသို့ တစ်ခေါက်ပြန်သွားပြန်လေသည်။

မည်သို့ပင်ဖြစ်စေ ၊ ဆုံဆည်းကြုံကြိုက်၍ အမှတ်မထင်ပြောကြားသွားသော မိဖျိုး၏စကားများကြောင့် တစ်ညလုံး ပုလဲအိပ်မပျော်။ ခုနေ ငါ့သားကလေးကို တစ်ယောက်ယောက်ကများ ခိုသွားမှဖြင့် . .. . ။

(၃၃)

ဆောင်းလယ်ရာသီအတွင်းသို့ ဝင်ရောက်ခဲ့ပြန်သည်။ နှင်းဖွေးဖွေး ရေဖွေးဖွေး ချမ်းချမ်းအေးအေး ဖြစ်သည်။ နှင်းရည်နှင်းမှုန်များအောက်၌ ရွာငယ်မှာ ချမ်းရာရှော့သလားမသိ။ ငြိမ်ကုပ်နေသည်။ စင်စစ်တော့ ရွာငယ်သည် ဆောင်းကိုလည်း ကြုံခဲ့ပြီ။ နွေကိုလည်း ကြုံခဲ့ပြီ။ မိုးကိုလည်းကြုံခဲ့ပြီ။ ပျဉ်းမငုတ်တိုနှင့်မခြား။ ဒါပေမယ့် သည်တစ်နှစ်ဆောင်း၌မူ ယခင်ကနှင့်မတူ။ ပုံပျက်ပန်းပျက်ရှိလေသည်။

ရွာတောင်ပိုင်းမှ သောင်ပြင်ကြီးမှာလည်း ယခင်နှစ်ဆောင်းတုန်းက အတိုင်းပေါ်ထွန်း လာသည်။ သို့သော် တစ်မိုးတွင်းလုံး ကာလအတန်ကြာ ရေအောက်တွင် ငုပ်လျှိုးနေရသောကြောင့်တစ်ကြောင်း၊ တောင်ပိုင်းဖျားက ကမ်းတွေပြိုလိုက်၍တစ်ကြောင်း ပုံသဏ္ဍာန်မှာအနည်းငယ်တော့ ခြားနားသွား သည်။ ချွန်းရာမှ ဝိုင်းလာသည်။ သောင်ပြင်ကြီးပုံသဏ္ဍာန်ပြောင်းသွားသလို သောင်ပြင်ကြီးပေါ်တွင်လည်း ယခင်နှစ်များကလို တံငါသည်ကြီးများ၏ အသံဗလံ ကို ဆူဆူညံညံ မကြားရ၊ မီးပုံမီးဖိုကလေးများကို မတွေ့ရ။ ဆောင်းရာသီမှာ ငါးအတိုးငါးအရကောင်းသည်မှန်သော်လည်း တကယ်တမ်း စွမ်းစွမ်းတမံ လုပ်အားများက မရှိသလောက်ဖြစ်သည်။ ထိုအခါ သောင်ပြင်ကြီးမှာလည်း ငြိမ်ဆိတ်ခြောက်ကပ်လျက်။ အထီးကျန်ရှိလေသည်။ သောင်ပြင်ကြီးကို ကြည့်ရသည်ကပင် ရေးဖြစ်ဟောင်းကို အောင့်မေ့ လွမ်းဆွတ်ဖွယ် ပါကလား။

ရွာငယ်သည် အစစအရာရာ အခြေအနေပျက်ပြားနေဆဲ။ အစားဆင်းရဲသည်။ အဝတ်ဆင်းရဲသည်။ နေရတော့ ကျိုးလန့်စားစား။ ဥက္ကဲသိုက်ပျက် ဖြစ်သည်။ သို့သော် ကျောင်းထိုင်ဆရာဟန်းတော်သည် ရွာငယ်အတွင်းသို့ နံနက်တိုင်း ဆွမ်းခံကြွသည်။ ပြုလုပ်မြဲ တာဝန်ကို နိစ္စဓူဝပြုလုပ်သည့်သဘော ဖြစ်သည်။ ဒါပေမယ့် ဆွမ်း ဆွမ်းဟင်း မှာမူ ရဟန်းတော်တစ်ပါးစာအတွက်ပင် မဖူလုံ။ ဟင်းလျာဆိုသည်မှာလည်း တစ်ခါတစ်ရံမှ တစ်ခွက်တလေရသည်။ အလျှင်းမရသည့်နေ့ကများသည်။ ထိုအခါ သူ့အရေး သူ့အကြောင်းထက် ရွာသူ ရွာသားများအတွက် ရဟန်းတော်အနေနှင့်စိတ်မကောင်းဖြစ်ရလေသည်။

ရွာသူမိန်းမများနှင့်အဖိုးအို အဖွားအိုများမှာ ရဟန်းတော်ကို ကြည်ညိုလေးစား ခြင်းတော့ရှိကြသည်။ သို့သော သူတို့အဖြစ်ကလည်း ဆွမ်းတော်ဝေးလို့ ဝမ်းတော်မှ အနိုင်နိုင်။ သူ့တို့လည်း မိုးမလင်းခင်အိပ်ယာမှထသည်။ ထမင်းတစ်အိုးကို နောက်ကလူလိုက်သလို ကမန်းကတမ်းချက်ရသည်။ ပြီးလျှင် အာရုဏ်ချိန်လောက်မှစတင်ကာ မြစ်ကြီးရေအတွင်းသို့ ပိုက်ချ ငါးဖမ်းဆင်းရသည်။ တစ်ချို့လည်း ပိုက်မျှော မိုက်ချရင်းလှေငယ်ပေါ်၌ ပင်ချက်ကြပြုတ်ကြသည်။ စားကြသောက်ကြသည့်အခါတွင်လည်း လှေပေါ်တွင် စားသည်။ ပိုက်ချက်တွင်စားသည်။ သောင်ခြေဦးတွင် လှေဦးထိုးလျက် စားသူများက စားကြသည်။ ဝမ်းပြည့်လျှင် ပြီးစတမ်း။ ဗိုက်တင်းလျှင်ငြိမ်းစတမ်း။ စင်စစ်တော့ လူအဖြစ်နှင့်အသက်ရှင်နေနိုင်ရေးသည် အဓိက။ ကြုံသလို ကျသလို ဖြစ်သလို ရုန်းကန်ရောင့်ရဲရသည့် အခြေအနေသာဖြစ်သည်။

ယင်းအဖြစ်ကို အချို့က ကာလပျက်သည်ဟုဆိုကြသည်။ တကယ်ဆိုလျှင် လည်း ကာလပျက်ခြင်းပင်ဖြစ်သည်။ စစ်ဘေး စစ်ဒဏ်သည် တစ်ကြောင်း မဟုတ်လျှင်တစ်ကြောင်းနှင့် တစ်နည်းမဟုတ်လျှင် တစ်နည်း နှင့် တစ်မျိုးမဟုတ် လျှင် တစ်မျိုးနှင့် သူတို့အား ဖိစီးနှိပ်စက်နေခြင်းပင် မဟုတ်ပါလား။

ကျောင်းထိုင်ရဟန်းတော် ရှင်ဝိလာသနှင့် ကပ္ပိယကြီးဦးဖိုးတို့အတွက် ညောင်တုန်းဘက်တွင်ရှိနေသော သူကြီးကတော် ဒေါ်ငွေစံနှင့် ဆယ်အိမ်ခေါင်း ဦးဗလဇနီး ဒေါ်ဖွားခက်တို့က လှူဒါန်းကြသည်။ ထောက်ပံ့ကြသည် ဆိုသော်လည်း ရဟန်းတော်၏အာရုဏ်ဆွမ်းအတွက်လောက်သာဖြစ်သည်။ အနည်းငယ်သာပိုလေသည်။

စင်စစ်အဓိကအားထားရသည်မှာ ရွာကလှူဒါန်းသော ဆွမ်းကွမ်းသာ ဖြစ်သည်။ ယခုလိုရွာကအခြေအနေ ပျက်ပြားနေ၍ မလှူနိုင် မတန်းနိုင်သည့်အခါ ကျောင်း၌ ရှားရှားပါးပါးဖြစ်လာသည်။ ချို့ချို့တဲ့တဲ့ရှိလာသည်။ ယခင်လို ကပ္ပိယကြီး၏ တစ်ဝမ်းတစ်ခါးအတွက်ဆိုလျှင် အကြောင်းမဟုတ်။ ခုတော့ ပါးစပ်တစ်ပေါက်က တိုးနေသည်။ ထိုအဖြစ်ကို ရဟန်းတော်ရှင်ဝိလာသ သုံးသပ်ဆင်ခြင်မိသည်။ အင်း ဒုက္ခသည်တစ်ဦးအတွက် တတ်နိုင်သမျှ မြိုးခြံရောင့်ရဲရမှာပဲ ဟု ရဟန်းတော် နှလုံးသွင်းသည်။ ထို့ကြောင့် ရှင်ဓမ္မဝိလာသသည် ဆွမ်းဘုဉ်း ပေးလျှင်လျှော့ပေါ့၍ ဘုဉ်းပေးတော်မူသည်။ တဖန်ကပ္ပိယကြီးအား အာရုဏ် အတွက် ဆွမ်းကို မချက်မပြုတ်စေဘဲ ယာဂုအကျိုခိုင်းသည်။ ယာဂုဆွမ်းလောက် နှင့်ပင် တင်းတိမ်ရောင့်ရဲတော်မူလေသည်။

"မောင်ပဇင်း ဆွမ်းဘုဉ်းပေးတာ အရင်ကလိုမဟုတ်ပါဘူး။ အင်မတန်နဲ သွားတယ်။ ဆွမ်းဘုဉ်းပေးလို့ မမြိန်ဘူးလားဘုရား။ ခုတစ်ခါ အာရုဏ်မှာဆွမ်းကို မဘုဉ်းပေးဘဲ ယာဂုလောက်နဲ့ဆိုပြန်တော့ တင်းတိမ်မှု ရှိပဲ့မလား ဘုရား "

တစ်နေ့တွင်ရဟန်းတော် ဆွမ်းဘုဉ်းပေးအပြီး ကပ္ပိယကြီးဦးဖိုးက လျှောက်ထား သည်။

"ကိစ္စမရှိပါဘူး ဒကာကြီး။ ဦးဇင်းအတွက် ကြောင့်ကြမှုမရှိပါနဲ့။ ရဟန်းဆိုကတည်းက ရတတ်သမျှနဲ့တင်းတိမ်နိုင်ရမယ်။ ဗုဒ္ဓရှင်တော်မြတ်ဟာ ရဟန်းပုဂ္ဂိုလ်များကိုရော၊ လူဝတ်ကြောင် ပုဂ္ဂိုလ်များကိုပါ ရောင့်ရဲမှုရှိရမယ်လို့ မိန့်မြွက်တော်မူခဲ့တာပဲ။ ရောင့်ရဲတင်းတိမ်မှုဟာ လောဘ၊ ဒေါသ၊ မောဟစတဲ့ အယုတ်တရားများကို ကင်းကွာစေတယ်။ တဏှာ၊ မာန၊ အတ္တစတဲ့ မကောင်းမှု ဒုစရိုက်တရားများကိုလဲ ချိုးနှိမ်ပယ်သတ်နိုင်တယ်။

စင်စစ်တော့ ရောင့်ရဲတင်းတိမ်မှုကသာ ဘဝရဲ့သုခချမ်းသာကို ပေးစွမ်းနိုင်တယ်။ ဦးဇင်းအဖို့ ဒီဆွမ်း ဒီယာဂုလောက်နဲ့ပဲ ကြုရိယာပုဒ်လေးပါးဟာ မျှတညီညွတ် ပါတယ် ဒကာကြီး "

ရဟန်းတော်၏သဘောထားကို ကပ္ပိယကြီးကိုယ်တိုင်က ရိပ်မိသည်။ သူနှင့် ပုလဲအတွက် ရဟန်းတော်သည် ခြိုးခြံရောင့်ရဲခြင်း ဖြစ်သည်ဟု ဦးဖိုးနားလည် သည်။ ရဟန်းတော်အတွက် ဦးဖိုး စိတ်မကောင်း။ ရှင်ဓမ္မဝိလာသအပေါ်တွင် ဦးဖိုးပို၍ကြည်ညိုလေးစားခြင်းဖြစ်ရသည်။ သို့သော် ရဟန်းတော်ကိုကား ထပ်မံ၍ ဦးဖိုးမည်သို့မျှ မလျှောက်တင်။ လျှောက်တင်၍လည်း အကြောင်းထူးလိမ့် မည်မဟုတ်ဟု ဦးဖိုးသိသည်။ နောက်တော့ ဦးဖိုးအကြံတစ်ခုရလာသည်။

ထို့ကြောင့် နေ့လယ်နေ့ခင်းများတွင် ကပ္ပိယကြီးပျောက်၍ ပျောက်၍ သွားတတ်သည်။ ညနေပိုင်းရောက်မှ ပြန်ပေါက်လာတတ်သည်။ သူနှင့်အတူ ဆန်ကလေးအစ၊ ပဲကလေးများအစ၊ ဗူးသီး၊ ခရမ်းသီး၊ ငရုပ်သီးစိမ်းများအစ ပါရှိလာတတ်သည်။ တစ်ခါတစ်ခါတော့ ငါးကလေးများ၊ ပုစွန်ကလေးများပင် ပါရှိလာတတ်သည်။ ထိုအခါ အာရုဏ်အတွက် ယာဂုမကျိုတော့ဘဲ ဆွမ်းချက်၍ ကပ်သည်။ ဆွမ်းကွမ်းအတွက် အတော်အတန်ပြေလည်လာသည်။

" အဲဒါတွေကို ဦးကြီးဖိုးဘယ်က ယူယူလာတာလဲ။ "

ဒီတစ်ခါတော့ ပုလဲကမေးသည်။ ကပ္ပိယကြီး၏ပခုံးထက်မှ ဆန်ထုတ်ကိုလည်း လှမ်းယူသည်။ ကပ္ပိယကြီး၏လက်တစ်ဖက်တွင် ငါးတစ်ကောင်နှင့် ဟင်းသီး ဟင်းရွက်ကလေးများလည်း ပါရှိလာသည်။ ကပ္ပိယကြီးသည် ရုတ်တရက် စကားမပြန်သေး။ လက်ထဲရှိပစ္စည်းများကို လှမ်းပေးပြန်သည်။ ပြီးနောက် ဇရပ်ကပျင်ပေါ်တွင် ထိုင်သည်။ မျက်နှာပေါ်မှချွေးများကို ခေါင်းပတ် လုံကွင်းပိုင်းနှင့်သုတ်သည်။ အသက်ကလေးထောက်လာတော့ အတန်ငယ် လှုပ်လှုပ်ရှားရှားလုပ်ရသည်ကပင် မောနေတတ်သည်။

ပုလဲက အလိုက်သိစွာနှင့် သောက်ရေတစ်ခွက်ကို ခပ်ပေးသည်။ ရေသောက်ပြီးမှ ကပ္ပိယကြီး စကားဟနိုင်သည်။

"ဒီလိုပေါ့မိန်းခလေးရယ်။ ကျီးကန်းသိုက်ရွာဘက်သွားပြီး အလှူခံတဲ့အခါလဲ အလှူခံပေါ့။ ကျွန်းထဲကိုင်းထဲသွားပြီး အလှူခံတဲ့အခါလဲ အလှူခံရတာပဲ။ မောင်ပဇင်းကတော့ ဖြစ်သမျှနဲ့ရောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်ကလား။ နလုံးသားကလဲ အင်မတန်မွန်မြတ်ကလား မိန်းခလေးရယ် "

မြစ်ပြင်အဝေးအလှမ်းကို လှမ်းကြည့်ရင်း ကပ္ပိယကြီးက လေးလေးပင်ပင် ပြောသည်။

"ဆရာတော်နဲ့ဦးကြီးဖိုးဟာ ကျမတို့သားအမိအတွက်တာဝန်တစ်ခု သက်သက် ပိုရတာပဲ။ "

ပုလဲစိတ်မကောင်းဖြစ်ရသည်။

"ဒီလိုမဟုတ်ဘူး မိန်းခလေး ဒီလိုလဲ မအောင့်မေ့နဲ့။ မောင်ပဇင်းက အမိန့်ရှိတယ်။ မိန်းခလေးသားအမိဟာ စိတ်အေးချမ်းသာရှိပါစေတဲ့။ ဒီလိုပေါ့ကွယ်။ မိန်းခလေးတို့သားအမိဟာ တစ်သက်လုံး ဒီဇရပ်ပေါ်မှာ နေသွားမှာမှ မဟုတ်တာပဲ။ ဒါထက် ဟိုခလေးမတစ်ယောက်လဲ မပေါ်လာပြန်ပါဘဲကလား။ "

ကပ္ပိယကြီးက စကားကိုလှီးလွှဲလိုက်သည်။ စိတ်နှလုံးမချမ်းသာရမည့် အကြောင်းများကို မပြောတာကောင်းတယ်ဟု ကပ္ပိယကြီးတွေးမိသည်။

" ဘယ်သူလဲ ဦးကြီးဖိုး။ စိန်ကြည်လား "

" အေး အေး အဲဒီစိန်ကြည်ဆိုတဲ့ မိန်းခလေးကိုပြောတာပေါ့။ "

" ခလေးတစ်ဖက်နဲ့ အလုပ်မအားဘူးထင်ပါရဲ့ "

စိန်ကြည်မလာသည်မှာ သီတင်းနှစ်ပတ်လောက်ရှိပြီ။ အရင်ကတော့ နေ့တိုင်းလို ရောက်သည်။ နောက်တော့ နှစ်ရက်ခြားတစ်ခါ၊ သုံးရက်ခြား တစ်ခေါက် ပေါက်လာတတ်သည်။ ပုလဲ၏ ကလေးငယ်အတွက် သူ့သားကလေး၏ အင်္ကျီကလေးများကိုပင် လျှော်ဖွပ်၍ယူလာတတ်သည်။ တစ်ခါတစ်ခါတွင် ငါးကလေးများ ပုစွန်ကလေးများ ပါလာတတ်သည်။ စိန်ကြည်လာလျှင် ကပ္ပိယကြီးဦးဖိုးနှင့်သုံးယောက်သား စပ်မိစပ်ရာ စကားများကို ပြောရသည်။ နေကုန်နေခမ်းရှိမှ စိန်ကြည်ပြန်သွားတတ်သည်။ ခုတော့ စိန်ကြည်မပေါ်လာပြန်။

တစ်ခါတစ်ခါကလေးက ကျောပူ ခေါင်းပူ ထတတ်သည်။ အအေးပတ်ပြီး နှာမွန်လား မွန်တတ်သည်။ ဟုတ်တိပတ်တိ ပုလဲဘာမှ မလုပ်တတ်။ စိန်ကြည်က သူငယ်နာအုပ်ဆေးများ၊ ဂေါမုတ္တ စသည်များကို ယူလာတတ်သည်။ ကွမ်းရွက်ရည်နှင့် ကလေးကိုလူးပေးသည်။ ငယ်ထိပ်ကို ဆီနှင့်လိမ်းပေးသည်။ တကယ့်သားသည်အမေကြီးတစ်ယောက်လို စိန်ကြည်က လုပ်ကိုင်ပေးသည်။ ထိုအခါများတွင် ပုလဲသည် မျက်တောင်ပင်မခတ်ဘဲ မှတ်သားနည်းခံရလေသည်။

ဇရပ်ပေါ်တွင် အတူနေသောကြောင့်လည်း ကပ္ပိယကြီးဦးဖိုးပင် မသက်သာ။ အမြင်မတော်လျှင် ကလေးကိုကောက်ချီရသည်။ ပုခက်ကြိုးကို လွှဲသည့်အခါ လွှဲလိုက်ရသေးသည်။ ကလေးနေထိုင်မကောင်းလျှင် ကျောစမ်း၊ ခေါင်းစမ်း စမ်းလိုက်ရသေးသည်။ ပုလဲတစ်စုံတစ်ရာလုပ်ကိုင်နေခိုက် ကလေးငိုလျှင် ကောက်ချီရသည်။ ဝိုးဝိုးဝါးဝါးနှင့် ချော့မြှူရသည်။ သို့ဖြင့် အဖိုးကြီးမှာ ကလေးအပေါ်တွင် သံယောဇဉ်တွယ်လာသည်။ မနော်မမဲ့နှင့် သံယောဇဉ် တွဲသည်ကို အဖိုးကြီးက ရုတ်တရက်သတိမထားမိ။ ပါးစပ်က ငါ့မြေးကြီး ငါ့မြေးကြီးဟု တဖွဖွဆိုလေသည်။ ပြီး ကလေးကို အဖိုးကြီးချစ်သည်။ သနားလည်းသနားနေပြန်သည်။ နောက်တော့ ကလေးပုခက်ထဲ အိပ်နေလျှင် အဖိုးကြီးက သွား၍သွား၍ကြည့်တတ်သည်။

အဖိုးကြီးကပုလဲကိုလည်း ယခင်ကထက်တိုး၍ သံယောဇဉ်တွယ်လာသည်။ အဖိုးကြီး သံယောဇဉ်တွယ်သည်မှာ ရိုးရိုးဖြစ်သည်။ သမီးတစ်ယောက် တူမတစ်ယောက်လိုဖြစ်သည်။ ပုလဲကိုယ်တိုင်ကလည်း အဖိုးကြီး၏ ဝေယျာဝစ္စ များကို ဂရုတစိုက်လုပ်ကိုင်ပေးသည်။ အဖိုးကြီး လုပ်ရကိုင်ရမည့် တာဝန်များကို ပေ့ါပေ့ါပါးပါး လုပ်ကိုင်ပေးသည်။ " ခလေးအခါလယ်လောက်ဆိုရင် ကျမ တစ်ခုခုလုပ်နိုင်ပါတယ် ဦးကြီးဖိုးရယ် " ဟုမကြာခဏ ပုလဲကပြောတတ်သည်။

ရဟန်းတော်သည် တစ်နေ့လျှင် နှစ်ကြိမ်ကျ ဇရပ်ပေါ်သို့ရောက်သည်။ အာရုဏ်ချိန်တစ်ခေါက်နှင့် နေ့ဆွမ်းဘုဉ်းပေးချိန် တစ်ခေါက်ဖြစ်သည်။ အခြားသော အချိန်များ၌မူ လုံးဝမလာသလောက်ဖြစ်သည်။ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးလျှင် ကျောင်းပေါ်သို့ ချက်ချင်းပင် ပြန်လည်ကြွမြန်းသွားတတ်သည်။

ဤလိုနှင့် ဆောင်းရာသီမှာလည်း တဖြည်းဖြည်းကုန်လုနီးလာလေသည်။

ဆောင်းကုန်လုလုတွင် မြစ်ဝကျွန်းပေါ်နယ်တစ်ဝိုက်၌ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးများ သိသိသာသာကြီးလှုပ်ကြွလာသည်။ ညောင်တုန်းမြို့နယ် တစ်ဝိုက်၌လည်း ဂျပန်စစ်သားများအဖို့ မကြာခဏပြဿနာပေါ်ပေါက်နေသည်။ ဂျပန်တပ်စိတ်များသည် ရိက္ခာအတွက်လည်းကောင်း၊ တိုက်ကင်းလှည့်သည့် သဘောနှင့်လည်းကောင်း တောဘက်များသို့ မကြာမကြာဆင်းသက်

သွားတတ်သည်။ ခပ်စောစောပိုင်းအချိန်ကမူ ဤလိုသွားလာလှည့်ပတ်သော ဂျပန်စစ်သားများအနေနှင့် တစ်စုံတစ်ရာ ဘေးအန္တရာယ်မရှိ။ သို့သော် နောက်ပိုင်းတွင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရလာသည်။

တစ်လောတုန်းကပင် ငါးကြီးအိုင်ရွာဘက်သို့ ဆင်းသက်သွားသော တပ်စိတ် တစ်ခုမှ ဂျပန်စစ်သားသုံးယောက်တို့ အစပျောက်ကျန်ခဲ့သည်။ ကျုံတမာနှင့် နတ်ပေးရွာဘက်သို့ ဆင်းသက်သွားကြသော တပ်စိပ်များမှ ဂျပန်စစ်သား နှစ်ယောက်တို့ သေနတ်များ အလုပ်အယက်ခံခဲ့ရသည်။ ဝဲဒေါင့်ဘက်သို့ သွားကြသော ဂျပန်စစ်သား ဆယ့်နှစ်ယောက်နှင့် စကားပြန် တစ်ယောက်တို့မှာ သမ္ဗန်မှောက်လျက်အားလုံးသေကုန်ကြသည်။ သမ္ဗန်သမား မှာလည်း အစအန ပျောက်နေသည်။ ထိုဂျပန်များစီးနင်းသွားသော သမ္ဗန်ကို ဂျပန်စစ်ရုံးမှ စစ်ဆေး ကြည့်ရှုသည့်အခါ သမ္ဗန်တစ်စင်းလုံး လက်ပစ်ဗုံး ဒဏ်ရာများကို တွေ့ရသည်။

ပဲရုံဆိပ်ဘက်မှ ဂျပန်တို့၏ရိက္ခာပစ္စည်းများတင်ဆောင်လာသော လှည်းဆယ်စီး ကိုလည်း ညောင်ရိုးကွေ့အရောက်တွင် လက်နက်ကိုင်တော်လှန်ရေးသမားများက ချောင်းမြောင်းပစ်ခတ်သည်။ နောက်တော့ ပြောင်ကျကျ ဝင်ရောက် တိုက်ခိုက် သည်။ ဂျပန်ငါးယောက် ကျဆုံးသွားသည်။ လှည်းသုံးစီးမှ ရိက္ခာပစ္စည်းများကို မီးတင်ရှို့သွားသည်။ နွားများကို ကြိုးဖြည်လွှတ်လိုက်သည်။

မြို့အဝင်အထွက်ဖြစ်သောနေရာများတွင် ဂျပန်ကင်းစခန်းများကိုချထားသည်။ ကတုတ်ကျင်းများ ပြုလုပ်ထားသည်။ စက်သေနတ်များ တပ်ဆင်ထားသည်။ အားလုံးပေါင်း ကင်းစခန်းခြောက်ခုဖြစ်သည်။ တောရကျောင်းအနီးရှိ တရုတ်သချိုင်းတွင်တစ်ခု၊ မိုးကုတ်ဘုရားကြီးအနီးတွင် တစ်ခု၊ မြေနု ရပ်ကွက်အဝင် တာရိုးပေါ်တွင်တစ်ခု၊ ကျွန်းထိပ်ရပ်ကွက်အဝင် တာဆုံတွင်တစ်ခု၊ ပန်းလိုင်ချောင်း အဝင် ဒေါ်ဆောင်းကျွန်းပေါ်တွင် တစ်ခု နှင့် ဥသျှစ်လသချိုင်းကုန်းအနီးတွင် တစ်ခုဖြစ်သည်။

ယင်းကင်းစခန်းခြောက်ခုစလုံးကို တစ်နေ့တည်း တစ်ချိန်တည်း တော်လှန်ရေး သမားများက လက်ပစ်ဗုံးများနှင့် ဝင်ထုသည်။ သေနတ်များနှင့်ပစ်ခတ် တိုက်ခိုက် သည်။ ကင်းစခန်းရှိ ဂျပန်များနှစ်ယောက်မှ လေးယောက်အထိ အပြင်းအထန် ဒဏ်ရာရသည်။ ဆေးရုံအရောက်တွင် နှစ်ယောက်သေဆုံးသည်။ ဒဏ်ရာရရှိသူ များအနက် ၇ ယောက်မှာ မည်သည့်နည်းနှင့်မှ ရှေ့ဆက်လျက် စစ်မှုထမ်းခွင့် မရနိုင်ဟု ဂျပန်ဆရာဝန်ကြီး မစ္စတာအိုနိုးက မှတ်ချက် ပေးလေသည်။

နယ်များတွင်ယင်းသို့သော အခြေအနေမျိုးဖြစ်နေသလို၊ မြို့ပေါ်တွင်လည်း ဂျပန်များအနေနှင့် စိတ်မချရသောအဖြစ်တွင်ရှိလေသည်။ မြို့လယ်ခေါင်တွင် အတော်အတန်စိတ်ချရသည်။ သို့သော် ရပ်ကွက်အစွန်အဖျားဆိုလျှင် ညဘက် တွင် ဂျပန်စစ်သားများ တစ်ယောက်တည်း နှစ်ယောက်တည်း မသွားရဲ။ မကြာမီကကျွန်းထိပ်ရပ်ကွက်သို့ ဂျပန်စစ်သားနှစ်ယောက်ကို မိန်းမနှင့် လှည့်ဖျားခေါ်သွားသည်။ ခြောက်ကျပ်တန်းတာဆုံရှိ ဦးရှင်ကြီးနတ်ကွန်း အရောက်တွင် ဂျပန်နှစ်ယောက်စလုံးကို သတ်ဖြတ်ပစ်လိုက်သည်။ မိုးလင်း၍ ဂျပန်စစ်တပ်က လိုက်ရှာမှအလောင်းကို နတ်ကွန်းအောက်တွင် သွားတွေ့ရသည်။

ဒေါ်ဆောင်ကျွန်းပေါ်၌လည်း ဂျပန်စစ်သားသုံးယောက် အသတ်ခံရသည်။ သူတို့တွင်လက်နက်များ ပါရှိသွားကြသည်။ အလောင်းကိုတွေ့ရသော်လည်း လက်နက်များမှာ ရန်သူ့နောက်သို့ပါသွားသည်။ သေဆုံးနေသော ဂျပန်စစ်သား သုံးယောက်စလုံးတွင် သေနတ်ဒဏ်ရာဟူ၍လည်းကောင်း၊ ဓါးဒဏ်ရာဟူ၍ လည်းကောင်း မတွေ့ရ။ မျက်နှာများ ဖူးဖူးရောင်နေသည်။ လည်ပင်းတွင် ညိုမဲနေသည်။ လျှာတစ်လစ်ထွက်နေသည်။ အလောင်းသုံးလောင်းစလုံး ကိုင်းတောထဲတွင်ဖြစ်သည်။ သူတို့အဖြစ်ကို စကားကုန်အောင် ပြောရလျှင် လက်နက်များချည်းမဟုတ်၊ ကိုယ်ပေါ်မှ စစ်ယူနီဖောင်းများကိုပင် အားလုံးချွတ်ခွာ ယူသွားသည်။ အလောင်းသုံးလောင်းစလုံး ကိုယ်တုံးလုံး ဖြစ်ကျန်ခဲ့သည်။

ဒေါ်ဆောင်ကျွန်းပေါ်မှ ယင်းသတင်းကို သခင်ချမ်းငြိမ်းနှင့် မတင်တင်အား လုကွန့်ကပြောပြသည်။

" အေး ဒါပဲကောင်းတယ် "

လှကွန့်စကားဆုံးလျှင် မတင်တင်က ပြောပြောဆိုဆိုအောက်ထပ်သို့ ပြန်ဆင်းသွားသည်။ သူ့ယောက်ျားသောက်ပြီးသော နို့ဖန်ခွက်ကိုလည်း ယူငင်သွားသည်။ သခင်ချမ်းငြိမ်းမှာ အိပ်ယာထဲ လဲနေပြန်သည်။ လွန်ခဲ့သော တစ်လလောက်ကပင် ဝေဒနာက တိုးလာသည်။ တစ်နေ့လျှင် သုံးလေးကြိမ် မူးတတ်သည်။ မကြာမကြာ မောနေပြန်သည်။ ဆရာဝန်က လုံးဝအနားယူရမည် ဆိုသည်။ အိပ်ယာထဲလှဲနေပါ ပြောသည်။ စိတ်ရှုပ်စိတ်နောက်ရမည့် အကြောင်းများကို မတွေးပါနှင့်၊ မစဉ်းစားပါနှင့် ဆိုသည်။

သခင်ချမ်းငြိမ်း၏ကျမ်းမာရေးအခြေအနေကြောင့် ခုချိန်ထိ လှကွန့်မှာနိုင်ငံရေး တာဝန် တစ်ခုခု အတိအကျ မယူရသေးဘဲရှိနေသည်။ သို့သော် သခင်ချမ်းငြိမ်း ကို ပြောပြနေသော ဒေါ်ဆောင်ကျွန်းပေါ်မှကိစ္စမှာ လှကွန့်အပါအဝင် လူရွယ်ခြောက်ယောက်၏ ကြိုးပမ်းမှု၊ စွန့်စားမှု ဖြစ်သည်။ အစီအစဉ်ကို ဦးစီးဦးကိုင်ပြုလျက် လမ်းစဉ်ချမှတ်ပေးသူမှာ ကိုမင်းဒင် ဆိုသူပင်ဖြစ်လိမ့်မည်ဟု လှကွန့်ထင်သည်။ ဒါပေမယ့် ဒေါ်ဆောင်ကျွန်းကိစ္စနှင့် ပတ်သက်၍ ကိုမင်းဒင်၏မျက်နှာကိုပင် လှကွန့်မမြင်ရ။

တစ်နေ့ကသခင်ချမ်းငြိမ်းအိမ်သို့ ဗိန္ဓောဆရာတစ်ယောက် ရောက်လာသည်။ ထိုဆရာနှင့်အတူ တပည့်တစ်ယောက်ပါလာသည်။ လှကွန့်နှင့် မတိမ်းမယိမ်း အရွယ်ဖြစ်သည်။ နေအိမ်ပေါ်ထပ်တွင် သခင်ချမ်းငြိမ်းနှင့်ဗိန္ဓောဆရာတို့ ရောဂါဝေဒနာအကြောင်းဆွေးနွေးကြသည်။ ပြီးနောက် လှကွန့်ကို အပေါ်ထပ် တတ်ခဲ့ရန်ခေါ်သည်။

"သူ့နံမည် မောင်ထင်ကျော်တဲ့ မှတ်ထား။ မျက်နှာကို အသေအချာ ကြည့်ထားနော်။ "

သခင်ချမ်းငြိမ်းက လှကွန့်နှင့်လူရွယ်ကို မိတ်ဆက်ပေးသည်။

" သူက သခင်လှကွန့် ။ မှတ်ထားနော် "

ဟု လူရွယ်ကိုလည်းပြောသည်။ လှကွန့်နှင့်ထင်ကျော်တို့ တစ်ယောက်ကို တစ်ယောက် အမှတ်တရ ကြည့်လိုက်ကြသည်။ အကြောင်းတစ်ခုရှိပြီဟု လှကွန့်နားလည်သည်။ မကြာမီ ဗိန္ဓောဆရာနှင့် သူ့တပည့်တို့ပြန်သွားကြသည်။

ညနေဘက်တွင် သခင်ချမ်းငြိမ်း၏အစီအစဉ်အရ ဒေါ်ဆောင်ကျွန်း တစ်နေရာသို့ လှကွန့်ထွက်ခဲ့သည်။ ပြောသောနေရာတွင် ထင်ကျော်နှင့် တွေ့သည်။ ထင်ကျော်က လှကွန့်ကို ခေါ်သွားသည်။ တဲတစ်လုံးတွင် ထားပစ်ခဲ့သည်။ ပြီးနောက် မိုးချုပ်၍အမှောင်ဖုံးမှ ထပ်မံရောက်လာသည်။ တစ်ယောက်တည်း မဟုတ်။ ထင်ကျော်နှင့်အတူ လူရွယ်လေးယောက် ပါလာသည်။ နှစ်ယောက်ကို လှကွန့်သိသည်။ သူနှင့်အတူ နိုင်ငံရေးသင်တန်း တက်ဖူးသည်။ တိုက်ခိုက်ရေး သင်တန်းတက်ဖူးသည်။

ပြီးလျှင် အစီအစဉ်တစ်ခုကို ထင်ကျော်က ပြောပြသည်။ အကာအကွယ်အဖြစ် ဓါးမြှောင်တစ်ချောင်းစီ ပေးသည်။

" ဒါက လိုအပ်မှသုံးဖို့ပါ။ ကျုပ်တို့ ခင်ဗျားတို့က သိုင်းသမား ဗန်တိုသမားတွေပဲ။ တစ်ခုတော့ရှိတယ်။ သိပ်ပြီးအကျပ်အတည်းတွေ့လာရင် ကျုပ်တို့ကို ကူညီဖို့နဲ့ ကာကွယ်ဖို့ လက်နက်နဲ့ လူသုံးယောက် ရှိလိမ့်မယ်။ ကဲ လာ သွားကြစို့ "

ထင်ကျော်က ခေါင်းဆောင်လျက် သူတို့ခြောက်ယောက် ထွက်လာကြသည်။

(၃၄)

ဘာလိုလိုနှင့်ဆောင်းကုန်၍ နွေဦးပေါက်သို့ရောက်လာပြီ။ ဤအချိန်ထိအောင် ပင် ညောင်တုန်းဘက်တွင် အဖမ်းအဆီးခံနေရသော ဦးမောင်ကြီးတို့လူစုမှာ မလွတ်မြောက်သေး။ ထိုပုဂ္ဂိုလ်များ အသက်ရှင်နေသေးကြောင်းကိုကား သခင်ချမ်းငြိမ်း သိရလေသည်။

စင်စစ် ဤသတင်းကိုသိရသည်မှာလည်း ကိုမင်းဒင်ထံမှဖြစ်သည်။ ဂျပန်ကင်ပေတိုင် စစ်ပုလိပ်ရုံးသည် မြို့လယ် မြို့တွင်းနှင့် အတော်ကလေး လှမ်းသည်။ မဟာဝိသုတ္တာရာမတိုက်သစ်ကျောင်းလမ်းတွင် တရုတ်အမျိုးသား စာသင်ကျောင်းတစ်ခုရှိသည်။ ခြံနှင့်ဝန်းနှင့်အတော်ပင် ကျယ်ဝန်းသည်။ ချောင်ကျကျနေရာဖြစ်သည် ဤနေရာကို ဂျပန်များက စစ်ပုလိပ်ရုံးအဖြစ် ပြုလုပ်ထားသည်။ မူလရှိပြီးဖြစ်သော စာသင်ကျောင်းအဆောက်အဦး၏ အနောက်ပိုင်းတွင် အကျဉ်းစခန်းတစ်ခု ပြုလုပ်ထားသည်။ နှစ်ထပ် အဆောက်အဦးဖြစ်သည်။ အကျဉ်းသမားများကို အောက်ထပ်တွင်ထား၍ အပေါ်ထပ်တွင် စစ်ဆေးမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်သည်။

(၃၅)

အမေကိုမေးသူမေး၊ အဖေကိုမေးသူမေး၊ နှမသားချင်းကိုမေးသူမေးကြသည်။ ထိုအခါ ပြန်မလာသူများနှင့်ပတ်သက်သူများက ချုံးပွဲချ ငိုကြွေးကြသည်။ သောင်ပြင်ကြီးတစ်ခုလုံး ကျီးတွေ အသိုက်လိုက်ပြိုသလို တော်လဲလျောင် လှုပ်သလို ရှိနေသည်။

ယင်းအခိုက် ကျောင်းထိုင်ရဟန်းတော် ရှင်ဓမ္မဝိလာသ ကြွမြန်းလာသည်။ ရဟန်းတော်၏ နောက်မှ ကပ္ပိယကြီးဦးဖိုးလည်း ပါရှိလာသည်။

" ဆရာတော် ကြွလာတယ်။ ဆရာတော် ကြွလာတယ် "

ပြောကောင်းတုန်း၊ ဆိုကောင်းတုန်း၊ ငိုကောင်းတုန်း၊ ယိုကောင်းတုန်း သူတို့အားလုံး သောင်ပြင်ပေါ် ထိုင်ချလိုက်ကြသည်။ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ တစ်ယောက်မကျန် ရဟန်းတော်အား ဦးနှိမ်ချကြသည်။ ရှိုက်သံ၊ ငင်သံ၊ တအင့်အင့် ငိုကြွေးသံများလည်း လူအုပ်အတွင်းမှ ပေါ်ထွက်နေသည်။

" တပည့်တော်သားတော့ ပြန်ပါမလာတော့ဘူး ဘုရား။ သေကျန်ခဲ့ပါပြီ။ "

" တပည့်တော်မယောကျ်ားလဲ တပည့်တော်မကို စွန့်ပစ်သွားပါပြီ ဘုရား "

သက်ဆိုင်သူများက တစ်ယောက်ပြီးတစ်ယောက်၊ တစ်မျိုးပြီး တစ်မျိုး လျှောက်တင်ကြသည်။ ရှိုက်ကြီးတငင်ငိုယိုကြသည်။ ရင်ဆို့ကြေကွဲစွာ လျှောက်ထားကြသည်။ စကားသံများသည် မပီသ။ ရှိုက်ငင်သံနှင့် ရင်ဆို့သံက ရောထွေးနေသည်။

"ဒီလင်ယောကျ်ားနဲ့ ဒီသားကိုပဲ တပည့်တော်မ အားကိုးနေရပါတယ်။ ခုတော့ လင်ကလဲချွေးတပ်ထဲပါ၊ သားကလဲ သေဆုံးနဲ့ တပည့်တော်မ ရင်ကွဲရပါပြီဘုရား"

သားသေလင်ဆုံးဖြစ်ရသော အမျိုးသမီးကြီးတစ်ယောက်က ငိုကြီးချက်မ လျှောက်တင်သည်။ တုန်ယင်လှိုက်လှဲသော သူ့အသံသည် ရဟန်းတော် ရှင်ဓမ္မဝိလာသ၏စိတ်နှလုံးကို ညှိုးနွမ်းနောက်ကျိသွားစေသည်။ ရဟန်းတော် သည် စက္ခုန္ဒြေကိုချလျက် လူအုပ်အလယ်တွင် ရောက်ရှိနေသည်။

ရတ်တရက်သော်ဘာတွေပြောလို့ ဘာတွေဟောရ မိန့်ကြားရမည်ကိုပင် တွေးမရနိုင်။ ကြားရသော သတင်းဆိုးများနှင့် မြင်ရသော အနိဋ္ဌာရုံများသည် ရဟန်းတော်၏စိတ်နှလုံးကို တုန်လှုပ်ချောက်ချားခြင်း ရှိရလေသည်။

လူအုပ်သည် အတန်ကြာမျှ ငြိမ်ဆိတ်သွားသည်။ သို့တိုင် ကြိုကြား ကြိုကြားတော့ ရှိုက်ငင်သံကလေးများ ပေါ်ထွက်လာသေးသည်။

" အားလုံး ဘယ်နှစ်ယောက်ပြန်လာသလဲ ဒကာကြီး "

အနီးတွင်လက်အုပ်ချီနေသော ဦးပေါ်လာအား ရဟန်းတော်က မေးမြန်းသည်။ ရဟန်းတော်သည် တုန်လှုပ်ချောက်ချားသောစိတ်ကို တရားဓမ္မအသိဉာဏ်ဖြင့် သိမ်းဆည်းချုပ်ထိန်းရသည်။

" လူ သုံးဆယ် ပါဘုရား "

အဖိုးကြီးဦးပေါ်လာက လျှောက်ထားသည်။ အဖိုးကြီးသားမက် ဖိုးလုံးမှာ ပြန်လာသူတွေထဲတွင် ပါလာသည်။

"အင်း အင်း တိုင်းတပါးသားများက ဦးဇင်းတို့ရဲ့နိုင်ငံအတွင်းကို ဝင်ရောက်လာ ကြပြီး စစ်မက်ပြုတဲ့အတွက် ခုလိုမလိုလားအပ်တဲ့ အနိဋ္ဌာရုံတွေ၊ မနှစ်မြို့ဖွယ်ရာဖြစ်တဲ့ ဘေးဒုက္ခတွေကို ဦးဇင်းတို့နိုင်ငံသူ နိုင်ငံသားများ တွေ့ကြုံခံစားရခြင်းပဲ။ အဲသလိုဖြစ်ပျက်ကြုံတွေ့လာရပြန်တော့ သောကပရိဒေဝ မီးဟာ တောက်လောင်စမြဲပဲ ဖြစ်ကြတယ်။ ဒါပေမယ့် အဲသလိုတောက်လောင်လာတဲ့မီးတောက်ကို ပြေပျောက်အောင် သတိသမ္ပဇဉ်ယှဉ်ပြီး ငြိမ်းသက်ကြဖို့ လိုလိမ့်မယ်။ မွန်မြတ်လေးနက်တဲ့ ဗုဒ္ဓဘုရားရှင်တရားတော်ကို နှလုံးသွင်းပြီး ထင်မြင်သဘောပေါက်အောင် ကြိုးစားအားထုတ်ကြရမယ်။ ဒါမှလဲ ကိုယ်စိတ်နှစ်ပါးရဲ့ပင်ပန်းဆင်းရဲမှုက သက်သာရာ သက်သာကြောင်းကို ရရှိစေနိုင်မယ်။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ မတည်မြဲခြင်း၊ အစိုးမရခြင်းတို့ရဲ့ သဘောသဘာဝတွေဟာ ကမ္ဘာ့နိယာမ အစဉ်အလာတွေပဲဖြစ်တယ်။ ပုဂ္ဂိုလ်၊ သူ၊ ငါ၊ ယောကျာ်း၊ မိန်းမ၊ ဘယ်သတ္တဝါမျိုးမှ ရှောင်လွှဲလို့မရနိုင်တဲ့ တရားသဘောတွေပဲ ဖြစ်တယ်။ "

ရဟန်းတော်သည် စိတ်နှလုံးကို တည်ကြည်ငြိမ်သက်စေပြီးနောက်၊ ဆက်လက်၍ တရားဓမ္မကို မိန့်မြွက်ပြန်သည်။ ရဟန်းတော်၏အသံသည် ကြင်နာထောက်ထားမှု အပြည့်ရှိသည်။

"အဖြစ် သဘောရှိရင် အပျက်သဘောလဲ ရှိစမြဲပဲ ဒကာကြီး ဒကာမကြီးများ။ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ဟာ ဒီတရားသဘောကို ဝေဖန်ပိုင်းခြားပြီး သိမြင်တော်မူတဲ့အတွက် ဇာတိပိဒုက္ခာလို့ အဖြစ်တရားတို့ရဲ့ဆင်းရဲခြင်းကို ဟောမြွက်တော်မူခဲ့တယ်။ ဇရာပိ ဒုက္ခာလို့ အိုမင်းရင့်ရော်ခြင်းရဲ့ဆင်းရဲကို ဟောကြားတော်မူခဲ့တယ်။ ဗျာဓိပိဒုက္ခာလို့ နာမကျန်းခြင်းရဲ့ဆင်းရဲခြင်းကို ဟောတော်မူခဲ့တယ်။ မရဏံပိ ဒုက္ခံလို့ ပျက်စီးယိုယွင်းခြင်းတို့ရဲ့ ဆင်းရဲခြင်းကိုလည်း ဟောတော်မူခဲ့တယ်။

အလိုရှိရာ တောင့်တရာကို မရခြင်း၊ မလိုတာ မတောင့်တရာတွေကို ရရှိခြင်း ဖြစ်ပေါ်နေခြင်း များဟာလဲ ဆင်းရဲစင်စစ်ဖြစ်တယ်လို့ ဟောတော်မူခဲ့တယ်။ မပြည့်စုံခြင်း မပိုင်ဆိုင်ခြင်း မခိုင်မြဲခြင်း ပြောင်းလဲ ဖောက်ပြန်ခြင်း စသည်များ ဟာလဲ ဆင်းရဲခြင်းသဘောပဲ ဖြစ်တယ်။ တကယ်တော့ သတ္တဝါ သူငါ အဖြစ်သဘောရယ်လို့ ဖြစ်ပေါ်လာကတည်းက အဲဒီအဖြစ်သဘောနဲ့ယှဉ်တွဲပြီး အပျက်သဘောများဟာ မှီတွယ်ကပ်ငြိလိုက်ပါလာခဲ့တယ်။ အဲဒီတရားသဘော တွေကို ထင်မြင်အောင် နှလုံးသွင်းပြီး တောက်လောင်နေတဲ့သောကမီး၊ ပရိဒေဝမီးများကို ငြိမ်းသက်ကြပေတော့ ဒကာကြီး ဒကာမကြီးများ"

အမှောင်ပျိုးစ ပြုလာသည်။ စောစောက တောက်ပထွန်းလင်းနေသော တိမ်တိုက် တိမ်လိပ်များပေါ်သို့ နက်မှောင်သော ကမ္ဗလာကဖြန့်ကျက်လွှမ်းခြုံလိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပြာမှိုင်းရီမှောင်လာသည်။ မြစ်ပြင်မှ လှိုင်းတံပိုးများသည် သောင်ခြေသို့ တသိမ့်သိမ့် တဝုန်းဝုန်း ရိုက်ခတ်သည်။

ရဟန်းတော်သည် လူအုပ်အတွင်းမှ ဖဲ့ကျည်လျက် ညှိုးနွမ်းပင်ပန်းသောစိတ်ဖြင့် ကျောင်းသင်္ခန်းရှိရာသို့ ပြန်လည်ကြွမြန်းသွားတော်မူသည်။

သောင်ပြင်ပေါ်မှ လူအုပ်သည် ခုမှ လှုပ်လှုပ်ရှားရှားပြန်ဖြစ်ကြသည်။ စကားသံများ၊ ညည်းတွားသံများ၊ ရေရွတ်သံများ၊ ငိုကြွေးသံများသည် လှိုင်းတံပိုးသံများနှင့်အတူ သောသောညံညံ ရှိလေသည်။

(၃၆)

မဖျိုင်းယောက်ျား သောင်းရင်သည် စကြော့ရွာတွင် တစ်ညမအိပ်တော့ဘဲ ဖနီးသည်နှင့် သားနှစ်ယောက်ရှိရာ ခန်းချောင်းအင်းထဲသို့ ညတွင်းချင်း လိုက်သွား သည်။ သူတစ်ယောက်တည်းမဟုတ်။ မဲကြီးနှင့် နှစ်ယောက်တူ ဖြစ်သည်။ မဲကြီး က သူ့မိန်းမနှင့် သားသမီးများရှိရာ ကွင်းကောက်အင်းထဲသွားမည်။ ထိုအခါ နှစ်ယောက်အဖော်ရသွားသည်။ ပြီး ခန်းချောင်းနှင့် ကွင်းကောက်မှာ ဘယ့်လောက်မှ မဝေး။ အင်းချောင်းတစ်ခုသာ ခြားသည်။ သူကြီးကတော့ သူ့အပိုင်နှင့်သူ။

ရွာသို့ ပြန်ရောက်လာသူများသည် လောလောဆယ်တော့ ဘာအလုပ်ကိုမျှ လုပ်နိုင်ကြဦးမည်မဟုတ်။ သီတင်းတစ်ပတ် နှစ်ပတ်ဆိုသလိုတော့ သူတို့တစ်တွေ အနားယူ အပန်းဖြေကြရလိမ့်ဦးမည်။ ချွေးသိပ်ကာ အားအင်များ ဖြည့်တင်း ရပေဦးမည်။ တစ်နှစ်ကျော်ကျော်ခံစားခဲ့ရသော ဒဏ်ကမသေးငယ်။ မသက်သာ။ အားလုံးစိတ်ပန်းလူနွမ်းဖြစ်လာကြရသည်။ တစ်ချို့မှာ တစ်ကိုယ်လုံး အပ်ချစရာ နေရာမရှိ၊ ဝဲစိုဝဲခြောက်တွေ ပေါက်လာကြသည်။ သန်းကြီးမ ဖြူဖြူပြူးပြူးကြီးများ သူတို့နှင့်အတူ ပါလာကြသည်။

ပြန်လာသူများတွင် လူပျို လူရွယ် ကာလသားများ ပါရှိသည်။ ပြန်လာသူများ အားလုံးက ရွာ့အခြေအနေ ရွာ့အကြောင်းနှင့် ရွာ၏ဖြစ်ရပ်ဇာတ်ကြောင်းများကို သက်ဆိုင်သူများအား တဖြည်းဖြည်းမှ မေးနိုင်မြန်းနိုင်ကြသည်။ ပြောသူများက လည်း ခပ်အေးအေးမှ တစိမ့်စိမ့် တမြေ့မြေ့ ပြောနိုင်ဆိုနိုင်ကြသည်။ ရောက်စတွင်တော့ အရေးအကြီးဆုံးဖြစ်သော ကိုယ်ရေးကိုယ်တာ ကိစ္စများ လောက်ကိုသာ မေးကြမြန်းကြပြောဆို တိုင်ပင်ကြရသည်။

သို့သော် မကြာပါ။ သူတို့အားလုံးပင် ရွာသူကြီး၊ ဆယ်အိမ်ခေါင်း စသူများ အဖမ်းအဆီးခံရသည့်ကိစ္စ။ ရွာတွင်ဂျပန်များ ကင်းစခန်းလာရောက်ချထား သည့်ကိစ္စ။ စားရေးသောက်ရေး ကျပ်တည်းသည့်ကိစ္စ။ အားလုံးသိကြရသည်။ သည့်နောက်တော့ ပုလဲနှင့်ပတ်သက်သည့်ကိစ္စ။

"ဟာ ဟုတ်လား ဘုန်းကြီးကျောင်းဇရပ်ပေါ်မှာ။ ခလေး တစ်ယောက်ရနေပြီ။ ဘယ်လိုဖြစ်တာလဲ။ ဘယ်သူနဲ့ရတဲ့ ခလေးလဲ။ ခလေးအဖေ ဘယ်သူလဲ။ "

ပြင်စလူပြန် ပါးစပ်ပေါက်များအားလုံးမှ ထွက်လာသော စကားသံဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် စကားလုံးအနည်းငယ် ကွဲလွဲကြသည် မှအပ အံ့သြမှုများကတော့ တစ်ထပ်တည်း။ တစ်သားတည်း။ တစ်သဘောတည်း။ အိမ်ထောင်ရှိ လူအို လူမင်းများအဖို့ အံ့သြရုံ အံ့သြကြသော်လည်း ကာလသားများအဖို့မူ နောက်စေ့ကို လူရိုက်ခံရသလို မိုက်ကနဲဖြစ်သွားကြသည်။

"မပြောတတ်ဘူး။ နို့ ဒို့ကြားတဲ့သတင်းကတော့ မင်းတို့ မိုးမခပါသွားတဲ့လူထဲက တစ်ယောက်ယောက်နဲ့ ဖြစ်တာလိုလို ကြားရတာပဲ မဟုတ်ဘူးလား။ "

ကွင်းကောက်ပြန် ခန်းချောင်းပြန် အမျိုးသမီးများက ပြောကြသည်။

"ဘုရားပေးပေး ကျမ်းပေးပေး ကျွန်တော်တို့တော့ မဟုတ်ရပါဘူးဗျာ။ နေပါဦး။ ကျွန်တော်တို့ထဲက တစ်ယောက်ယောက်ဆိုရင် ကျွန်တော်တို့သိရမှာပေ့ါ။ မဟုတ်သေးပါဘူး။ ဘယ်သူကမှ လေသံတောင်မသလပ်ဘူး။ ဒီကိစ္စ စုံစမ်းဦးမှ "

ကာလသားများမှာမူ ဤလေသံအတိုင်းချည်းဖြစ်ကြသည်။ တစ်ယောက်ကို တစ်ယောက် မေးကြသည်။ မြန်းကြသည်။ စူးစမ်းကြသည်။ အကဲဖမ်းကြသည်။ ရွာကမ်းပြိုတာ အရေးမကြီး။ သူကြီး ဆယ်အိမ်ခေါင်းကို ဖမ်းဆီးချုပ်နှောင် ထားသည်မှာလည်း အကြောင်းမဟုတ်။ စားရေးသောက်ရေး ဆိုလျှင်လည်း ပိုက်ချ ငါးဖမ်းအလုပ်ကို လုပ်ကြရုံသာရှိသည်။ ထမင်းတစ်ဝမ်းတော့ အရင်လိုပဲ စားရမည်။ ထို့အတွက်လည်း ပူပန်စရာကြောင့်ကြစရာမလို။ ထိုအကြောင်းများ ထက် ပုလဲကိစ္စက သူတို့အဖို့အရေးကြီးသည်။ ပုလဲရှိရာ ဘုန်းကြီးကျောင်းဇရပ် သို့ မယောင်မလည်သွားကြည့်ကြသည်။ သူတို့အချင်းချင်း ခေါင်းချင်းရိုက် ကြသည်။

ပြင်စလူတွင် သေဆုံးကျန်ရစ်ခဲ့သူများထဲက တစ်ယောက်ယောက်နှင့် ဖြစ်တာ များလားဟု တွေးကြသည်။ ပြောကြသည်။

မဖြစ်နိုင်။ သေဆုံးကျန်ရစ်ခဲ့သူများထဲတွင် ကာလသားလူပျိုလူရွယ်ထဲက ခြောက်ယောက် ခုနစ်ယောက်ပါသည်။ ထိုခြောက်ယောက် ခုနစ်ယောက်က ပုလဲနှင့်ဘယ်လိုမှ အဆက်အစပ်မရှိ။ တဖန် ထိုခြောက်ယောက်ထဲတွင် လောက်လောက်လားလားအရွယ်က နှစ်ယောက်သာဖြစ်သည်။ ထိုနှစ်ယောက် နှင့်လည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ပုလဲသည် ထိုနှစ်ယောက်အပေါ်တွင် စိတ်ဝင်စားလိမ့်မည် မဟုတ်။ ချက်ကြီးဆိုသည့်အကောင်က အသားမည်းမည်း သွားခေါခေါ။ စိန်ကုလားဆိုသည့် ငနဲက ကျောက်ပေါက်မာ လက်တွင်းတစ်နှိုက်။ ကျန်သော ငါးယောက်မှာလွန်ခဲ့သောနှစ်ကမှ လူပျိုစာရင်းဝင်စ။ ပါးစပ်က နို့ညှီနံ့မပျောက်သေး။

"မဟုတ်ပါဘူးကွာ။ တကယ်လို့ သေကျန်ခဲ့တဲ့ အကောင်တွေထဲက တစ်ယောက်ယောက်နဲ့ဖြစ်တယ်ဆိုရင် မင်းတို့ငါတို့ သိရမယ်။ တစ်ယောက် မသိရင် တစ်ယောက်သိရမယ်။ တစ်ယောက်မကြားရင် တစ်ယောက်ကြားရမယ်။ နောက်ဆုံးကွာ သေတော့မယ့်ဆဲဆဲမှာတော့ ဖွင့်ပြောသွားရမယ်။"

ကာလသားအုပ်ထဲမှ တစ်ယောက်က ဆိုသည်။

"ကိုစံတုတ်တို့ ကိုသာဖန်တို့ကလဲ မရှိဘူးကွာ။ သူတို့ရှိရင် ဒီကိစ္စသိရမယ်။ ငါ့အထင်တော့ မဟုတ်ခါမှနေရော ချွေးတပ်ထဲပါသွားတဲ့အကောင်တွေထဲက တစ်ယောက်ယောက်နဲ့ ဖြစ်လိမ့်မယ်။ အများဆုံးဖြစ်နိုင်တာ ကတော့ ကိုသာဖန်ကြီးပဲ။ သူက ပုလဲကို အသေအလဲပိုးနေတာ။ ပုလဲများရမယ်ဆိုရင် ချီးကျုံးရ ကျုံးရ။ ကျုံးမယ့် လူကြီး "

တစ်ယောက်ပြောပြန်သည်။

" ကပ္ပိယကြီး မေးကြည့်ရင် မကောင်းဘူးလား "

တစ်ယောက်က အကြံပေးသည်။

"မင်း ကပြောတာနောက်ကျသေးတယ်။ ငါက မေးပြီးပြီ။ ဟိုကောင် ထွေးမောင် တောင် အကြားသားပဲ "

" အဲတော့ ဘာပြောသလဲ "

" သူ မသိဘူးတဲ့။ ကာယကံရှင်ကိုမေးကြည့်တဲ့။ ဒီအဖိုးကြီးကလဲ ဝွစာကြီး "

" ခေါင်းရိုက်ခွဲခဲ့ရောပေါ့ကွာ "

သူတို့တစ်တွေ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောရုံကလွဲ၍ မည်သူမည်ဝါနှင့်ဟု အတပ်မစွပ်စွဲနိုင်။ ထိုကိစ္စကြီးကို ရှေ့ဆက်ပြီး ဘာလုပ်ရမည်ဟူ၍လည်း ဘယ်သူကမှ အကြံဉာဏ်မပေးနိုင်။ တကယ်ဆိုတော့ သူတို့ထဲတွင် ဦးစီးခေါင်းဆောင်လုပ်နိုင်မည့်သူ ဟူ၍လည်း တစ်ယောက်မျှမရှိ။ သူတို့က နောက်ကလိုက်မည့်လူစားတွေသာဖြစ်သည်။ သူတို့တတ်နိုင်သည်မှာ ဟိုနေရာရောက်လဲ ပုလဲအကြောင်း၊ ဒီနေရာရောက်လဲ ပုလဲကိစ္စ။ ဒါလောက်ပဲ ပြောတတ်သည်။ သို့သော် သူတို့အားလုံးမှာ မခံကျိုးကျိ ဖြစ်နေသည်။ အကောင်အထည်မသိရသော ရန်သူအပေါ် ဒေါသဖြစ်နေကြသည်။ ထိုအခါ အားလုံး၏နှုတ်ဖျားမှ တညီတည်း တလေသံတည်းလို စကားတွေထွက်လာသည်။

"ကိုစံတုတ်တို့အပြန်ကိုစောင့်မယ်။ ဒီကိစ္စဟာ သူတို့လာမှ ရှင်းမှာပဲ။ အေး ဒို့များရွာသားထဲကနဲ့ ဟုတ်ရင် ဟုတ်ပေါ့ကွာ အဲလိုများ မဟုတ်ရင်တော့လား ဟင်း"

စင်စစ်တော့ ကာလသားအားလုံးရင်မီးတောက်နေကြသည်။

"ဒို့ ရွာသားထဲကနဲ့ ဟုတ်ရင် ဟုတ်ပေါ့ကွာ" ဟူသော စကားသည်ပင် ရသေ့စိတ်ဖြေ အသုံးအနှုန်းဖြစ်သည်။

တကယ်ဆိုတော့ ကိုယ်ကလွဲလျှင် ပုလဲကို ဘယ်သူနှင့်မှ မညားစေချင်။ ဖိတ်ချင်းဖိတ်လျှင် ကိုယ့်အိတ်ထဲ ဖိတ်စေချင်သူချည်းဖြစ်သည်။ တစ်နည်းဆို ရလျှင် ငါစွဲကြီးမားသော ဆန္ဒမျိုးဖြစ်သည်။ ထိုစိတ်ဆန္ဒမျိုးသည် ငါနှင့်မဟုတ်ပဲ ငါမှလွဲခဲ့လျှင် ဘယ်လိုလူမျိုးအပေါ်မှ အကောင်းမမြင်။ မည်မျှ ခြောက်ပစ်ကင်း၍ သဲလဲစင်ဖြစ်ပါစေ၊ အပြစ်ကလေးနဲနဲတော့ ပြောလိုက်ရဦးမှ ကျေနပ်သည်။ ပြီးနောက် ဤလိုစိတ်ချင်း သဘောချင်းမျိုးတွေ ဆုံစည်းမိကြလျှင်ကား ပြောစရာမရှိတော့။ မြင်းတွေကို ချိုတပ်ပေးသည့်နယ်။

ထိုသူများပြန်လာပြီး လေးရက်အကြာတွင်ခနဖြူလက်စွဲချောင်းမှ ငြိမ်းရင်တို့ သားအမိသည် စက္ကော့ရွာသို့ ရောက်လာကြသည်။ သူတို့သားအမိ လာကြသည်မှာ ပြောင်းရွှေ့လာခြင်းတော့ မဟုတ်။ ခဏလာခြင်း ဖြစ်သည်။ နေ့ချင်းပြန်ဖြစ်သည်။ မိုးမခသို့ ပါသွားသူများ ပြန်ရောက်လာကြသည်ဆို၍ တစ်ကြောင်း၊ ရွာတွင် အရင်ကလို အနေအစားချောင်ချိမည်ဆိုပါက ပြန်ပြောင်းရန် ရည်ရွယ်၍တစ်ကြောင်းဖြစ်သည်။ သူတို့ အိမ်ထောင်စုမှ ကလေး လူကြီးတစ်ချို့ လက်စွဲချောင်းတွင်ကျန်ရစ်သည်။

မိုးမခသို့ ပါသွားသူများထဲတွင် ငြိမ်းရင်အစ်ကို တစ်ဝမ်းကွဲ လှမောင် ပါသွားသည်။ ငြိမ်းရင်အမေ မဖွားရှင်၏အစ်မက မွေးသူဖြစ်သည်။ အိမ်ပေါ်တွင် လူကြီးတွေ စကားကောင်းနေခိုက် လှမောင်က ငြိမ်းရင်အား မျက်ရိပ်မျက်ခြေ ပြလျက် အိမ်မြောက်ဘက်ရှိ ဝါးရုံပင်များအောက်သို့ခေါ်သွားသည်။

" ပုလဲကိစ္စ နင်သိလား ငြိမ်းရင် "

ဝါးရုံပင်များအောက်၌ ထိုင်မိကြလျှင် လှမောင်က မသွယ်ဝိုက်ပဲ ဒဲ့ဒိုး မေးသည်။ သွယ်ဝိုက်နေစရာလည်း မလိုဟု လှမောင် ယူဆသည်။

" သိတာပေါ့ ဟယ်။ ငါအကုန်သိတာပေါ့။ ခု ဘယ်မှာလဲ "

"ဘုန်းကြီးကျောင်းမှာ ဟ။ ခလေးတောင် အတော်ကြီးနေပြီ။ ယောကျ်ားကလေး။"

" ဩော် ဘုန်းကြီးက ကျောင်းပေါ်ခေါ်တင်ထားတယ်ပေါ့ ဟုတ်လား "

"ကျောင်းပေါ်မှာတော့ မဟုတ်ဘူးဟ။ ဇရပ်ပေါ်မှာ စားတော့လဲ အဲဒီမှာပဲ။ နေတော့လဲ အဲဒီမှာပဲ "

လှမောင်က ပြောသည်။

"အေးပေါ့ဟယ်။ ဇရပ်ပေါ်မှာနေတာနဲ့ ကျောင်းပေါ်မှာနေတာ အတူတူပါပဲ။ ကုလားကြီးမခေါ်ချင်လို့ အရာကြီး ခေါ်တာပေါ့။ ကျောင်းပေါ်မှာ တင်ထားတော့ ရွာက မြင်ရင် မကောင်းဘူးမို့လား။ အမှန်တော့ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲ။ ငါက ခုလောက်ရှိရင် ဒီဘုန်းကြီးနဲ့ မိပုလဲဟာ ထွက်ပြေးကြပြီ ထင်နေတာ "

ငြိမ်းရင်က တစ်တစ်ခွခွပြောသည်။

" ဟေ ဘာ ဟ "

ငြိမ်းရင်စကားကြောင့် လှမောင် မျက်လုံးပြူးသွားသည်။

"ဘာရမလဲ ဟဲ့။ ဒီကလေးဟာ ဒီဘုန်းကြီးနဲ့ရတဲ့ကလေးဟဲ့။ ဒါကြောင့် ဘုန်းကြီးက ခုလို ဇရပ်ပေါ်ခေါ်တင်ထားတာပေါ့။ နင်တို့ ကာလသားတွေ အစကတည်းက မရိပ်မိကြဘူးလား ဟယ် "

လှမောင် ဘာမှ ဆက်မမေးနိုင်။ ပါးစပ်အဟောင်းသား၊ မျက်ထောက် အနီသားဖြစ်သွားသည်။

"အေး ဒီကိစ္စ ငါပြောတယ်လို့ ဘယ်သူ့ကိုမှ နင်မပြောနဲ့နော်။ မောင်နမသားချင်းမို့ နင့်ကို ငါပြောရဲတာ။ ကိုစံတုတ်တို့ ကိုသာဖန်တို့ ချွေးတပ်ထဲ ပါသွားကြလို့ပေါ့ ဟယ်။ နို့မဟုတ်ရင် ခုလောက်ရှိ ဒီကျောင်းဟာ ပြာကျနေပြီ "

" ဟုတ်ရဲ့လား ငြိမ်းရင် ရယ် "

"ဩော် နင့်နယ့်ဟယ် ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလို့ မေးမှ မေးတတ်တယ်။ ကျောင်းပေါ်ဇရပ်ပေါ် ခေါ်တင်ထားပြီး ဆွမ်းခံကျွေးနေတာ နင်ပဲ စဉ်းစားကြည့်ပေါ့။ ငါ့လောက်မှ နင်တို့တစ်တွေ မစဉ်းစားမိကြဘူးလား။ ဒေါ်မှုန်ကြီးဟာ ဒီကိစ္စကို ကောင်းကောင်းသိတာပေါ့။ ဒေါ်မှုန်ကြီးကို မေးကြည့်ပါလား။ ငါပြောတယ်လို့တော့ နင်ဘယ်သူ့ကိုမှ မပြောနဲ့နော်။ အတော်ကြာ ငါအချောင် ဒုက္ခဖြစ်နေမယ်။ "

သူများကို မကောင်းပြောသော်လည်း သူ့အတွက်တော့ ငြိမ်းရင် ကာကွယ်သည်။

"ဒေါ်မှုန်ကြီးရွာမှာမရှိဘူးဟ။ ဒီမန်းမကြီးက ဟိုနေဒီနေ မို့လား။ ခု ညောင်တုန်း ဘက် ရောက်နေတယ် ဆိုလားပဲ။ ဒါက ထားပါတော့။ အေးဟ နင်ပြောတာ ဟုတ်မယ်။ ဘုန်းကြီးကလဲ ချောချော။ ပုလဲကလဲ ချောချော။ တွေ့ကြတာပဲ။ တောက် သိကြရောပေါ့ ဟာ "

လှမောင်က တောက်ခေါက်ကြိမ်းဝါးသည်။

လက်စွဲချောင်းမပြန်မီ ဒုတိယ ငြိမ်းရင် တွေ့သူမှာ စိန်ကြည်ဖြစ်သည်။ ပုလဲအကြောင်း ကလေးအကြောင်း စိန်ကြည်ကို ငြိမ်းရင်မေးမြန်းကြည့်သည်။ သို့သော် ရဟန်းတော်နှင့်ပတ်သက်သော စွပ်စွဲချက်ကိုကား ငြိမ်းရင် တစ်လုံးတစ်ပါဒမျှ မပြော။ စိန်ကြည်သည် ပုလဲလူ။ ပုလဲဘက်သားဟု ငြိမ်းရင် တွက်သည်။

"ရောက်တုန်းရောက်ခိုက် အစ်မငြိမ်းရင် သွားလိုက်ပါဦးလားတော်။ မမပုလဲကတော့ အစ်မငြိမ်းရင် အကြောင်းကို ခဏခဏပြောတယ်။ "

"ဟုတ်လား ဘာတွေပြောသလဲ။ ငါဟာ မကောင်းဘူးလို့ ပြောမှာပေါ့။ မှန်မှန်ပြောစမ်း။ ဘာတွေပြောလဲ။ "

"အစ်မငြိမ်းရင်က အဲလိုထင်ရင် မှားမှာပေါ့။ မမပုလဲဟာ အင်မတန်စိတ်ကောင်း ရှိတယ်။ အစ်မငြိမ်းရင်ကို သတိရတဲ့အကြောင်းလဲ ခဏခဏပြောတယ်။ တစ်ခါတော့ ကျမကပြောတယ်။ အစ်မငြိမ်းရင်ဟာ မမပုလဲအပေါ်မှာ သိပ်အနိုင် ကျင့်တာပဲ။ ဒါနဲ့များတောင် အစ်မငြိမ်းရင်ကို သတိရနေသေးသလား

မမပုလဲရယ် လို့။ အဲဒီတော့ ဘာပြန်ပြောတယ် မှတ်လဲ။ ကိုယ့်ရွာသူအချင်းချင်းအပေါ်မှာ ဒီလိုသဘောမျိုး မထားရဘူးတဲ့။ တစ်ရွာထဲနေ တစ်ရေထဲသောက်တွေဟာ သွေးသားချင်း အမျိုးမစပ်ပေမယ့် ရွာ့ဆွေရွာ့မျိုးတွေတဲ့။ တစ်ယောက်ဒုက္ခဖြစ်ရင် တစ်ယောက် ကူညီရမယ်။ ကာကွယ်ရမယ်တဲ့။ အဲသလို ကျမကို ဆုံးမတယ်။ အို ပြောတာတွေတော့ အများကြီးပါပဲ။ ကျမမေ့ကုန်ပြီ။ အစ်မငြိမ်းရင်ကို သတိရတဲ့အကြောင်းကတော့ စကားပြောတိုင်းပါတာပဲ ”

ငြိမ်းရင် ငိုင်သွားသည်။ စိတ်ထဲက မလုံးမလဲ ဖြစ်လာသည်။

တစ်သက်လုံးက ငယ်နိုင်ဖြစ်လာသော စိန်ကြည့်မျက်နှာကို ကြည့်ရတာပင် ကိုယ့်လိပ်ပြာကိုယ်မလုံ။ ရှက်သလို ရွံ့သလို ဖြစ်လာသည်။

“ရွာကမ်းတွေပြိုတုန်းကလဲ ပြောသေးတယ်။ အစ်မငြိမ်းရင်တို့သာရှိရင် သိပ်ကောင်းမှာပဲတဲ့။ သူ့ကိုပစ်ထားမှာတော့ မဟုတ်ဘူးတဲ့။ ငယ်ငယ်လေး တည်းက ညီအစ်မလို နေလာကြတာတဲ့။ ”

ငါဟာ ပုလဲအပေါ်မှာ မကောင်းတဲ့စိတ်တွေ ထားမိပါကလား။ တကယ်တော့ ပုလဲနဲ့ဘုန်းကြီးနဲ့ဖြစ်တယ် ပျက်တယ် ဆိုတာ ငါကိုယ်တိုင်လဲ အသေအချာသိတာ မဟုတ်ပါလား။ ဟုတ်ကောဟုတ်ပ့ါမလား။ ဟုတ်ရင်ရော ငါ့အလုပ်လား။ မဟုတ်များ မဟုတ်ခဲ့ရင် ငါ့မှာ ဘယ်လောက် အပြစ်ကြီးမလဲ။ ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော တဲ့။ ငြိမ်းရင် တွေးသည်။

စိန်ကြည်ဘာတွေ ဆက်ပြောနေသည်မသိ။ အတွေးအတောပေါင်းများစွာသည် ငြိမ်းရင်၏နှလုံးသားကို ဆွဲကိုင်လှုပ်ခါသည်။ ငြိမ်းရင် တုန်လှုပ်လာသည်။ သူ့အမှားကို သူမြင်စပြုလာသည်။ အသိတရားကလေးများသည် ငြိမ်းရင်၏ နှလုံးသားအတွင်းသို့ မသိမသာဝင်ရောက်လာသည်။

တကယ်လို့များ ငါပြောတဲ့စကားကြောင့် ရွာကသားတွေဟာ ကျောင်းကိုများ သွားဖျက်ကြလေမလား။ ဇရပ်ကိုများ သွားဖျက်ကြလေမလား။ မီးရှို့မီးတိုက် ပစ်ကြလေမလား။ ဦးပဥ္ဇင်းကို ခုတ်ဟယ် ရိုက်ဟယ်လုပ်ကြလေမလား။ ရွာကပဲ မောင်းထုတ်ကြလေမလား။ အဲသလိုများဆိုရင် ငါ့အပြစ်တွေ ငါ့ကစိတ်တွေဟာ ဘယ်လိုနည်းနဲ့မှ ပြေပျောက်နိုင်မှာ မဟုတ်တော့ပါကလား။ တကယ်ဆိုတော့ ငါ့အစ်ကို လှမောင် ကစပြီး သူတို့အားလုံးဟာ တုတ်မှန်းဓါးမှန်း မသိကြတဲ့သူ တွေချည်း ပါကလား။ ငါမှားပြီ၊ မှားပြီ။ ငါ့အမှားတွေ ငါ့စကားတွေကို ငါဘယ်လိုလုပ်ပြီးချေဖျက်ပစ်ရပ့ါမလဲ။ ခုမှ မဟုတ်ပါဘူး၊ မမှန်ပါဘူး ဆိုလို့ကော သူတို့စာ ငါ့စကားကို လက်ခံကြမှာတဲ့လား။ ယုံကြည်ကြမှာတဲ့လား။ ဒီလို မကောင်းမကန်းတဲ့ စိတ်ဓါတ်တွေဟာ ငါ့အဖို့ ဒီတစ်ခါနောက်ဆုံးဖြစ်ပါစေ။

လက်စွဲချောင်းသို့အပြန်တွင် လှေဦးပိုင်းမှထိုင်လိုက်လာရင်း ငြိမ်းရင် နောင်တကြီးစွာ ဖြစ်မိလေသည်။ စိတ်ကယောင်ချောက်ချားဖြစ်လာသည်။

“သူတစ်ပါးအပေါ်မှာ မနှောလို မရှုစိမ့်တဲ့ အဘိဇ္ဈာတရားမျိုးဟာ အင်မတန် ကြောက်စရာကောင်းတာကလားဗျာ။ သေသေချာချာတွေးကြည့်လေ။ ကြောက်စရာကောင်းလေပဲ။ ကိုယ့်မှာ စားရတာလဲမဟုတ်။ သောက်ရတာလဲ မဟုတ်။ အဆီတိုးလာတာလဲမဟုတ်။ အသားတိုးလာတာလဲ မဟုတ်။ သက်သက်မယ့် နစ်မွန်းရတာဗျ ။”

လှေသမားကြီးနှင့်သူ့အမေသည် ဘာအကြောင်းပြောလာကြမှန်းမသိ။ ကြားလိုက်ရသော စကားသံကြောင့် ငြိမ်းရင် တစ်ကိုယ်လုံး တုန်လှုပ်သွား လေသည်။

## (၃၇)

ငြိမ်းရင်တို့သားအမိ လက်စွဲချောင်းကိုပြန်သွားပြီး နှစ်ရက်သာကြာသည်။ စံတုန် သာဖန်နှင့် လှအေးတို့သုံးယောက် ရွာပြန်ရောက်လာသည်မှာ တိတ်တိတ် ဆိတ်ဆိတ်ရှိသည်။ မိုးမခက ပြန်လာသူများလောက်တော့ တစ်ရွာလုံး ကျွတ်စီ ကျွတ်ညံ မဖြစ်။

ဖြစ်စရာလည်းမလို။ သူတို့သုံးယောက်သည် သံဖြူစရပ်ချွေးတပ်စခန်းမှ ထွက်ပြေးလာခြင်းဖြစ်သည်။ မအူပင်ခရိုင်မှ ချွေးတပ်သားပေါင်း တစ်ထောင် ကျော် နှစ်ထောင်နီးနီးကို ခေါ်ဆောင်သွားပြီး ဂျပန်များက ယိုးဒယားမြန်မာ မီးရထားလမ်း ဖောက်လုပ်ရာ တောတွင်းချွေးတပ်စခန်း များသို့ပို့သည်။ ထိုလူစုထဲမှ စကွေ့ရွာသား လူနှစ်ဆယ်သည် တောတွင်းစခန်းသို့ မလိုက်ရဘဲ သံဖြူစရပ်စခန်းမကြီး၌ပင် ထမင်းချက်အလုပ်သမားအဖြစ် ကျန်ရစ်သည်။ ထိုလူသိုက်ထဲတွင် စံတုတ်တို့ သာဖန်တို့ ပါသည်။ ဤတွင်စံတုတ်တို့သာဖန်တို့က အခြေအနေကို စောင့်ကြည့်ကာ ဂျပန်များ အလစ်တွင် ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ထွက်ပြေးလာတုန်းက သူတို့သုံးယောက်ထဲမဟုတ်။ လူပေါင်း ခြောက်ယောက် ဖြစ်သည်။ သာဒွန်းနှင့် ကုလားမှာ မော်လမြိုင်အရောက်တွင် ဂျပန်အလိုတော်ရိ များက ပြန်မိသွားသည်။ ငွတိုမှာ သထုံအရောက်တွင် လူချင်းကွဲသွားကြသည်။ ထို့ကြောင့် စံတုတ်တို့သုံးယောက်သာ ရွာသို့ပြန်ရောက်လာခြင်းဖြစ်သည်။ ရွာရှိလူသူများက သူတို့ကို မေးမြန်းကြသည့်အခါ အလုပ်အကိုင်ကြိုးစား လုပ်ကိုင်၍ ဂျပန်များက ပြန်လွှတ်လိုက်ခြင်းဟု ခပ်တည်တည် လိမ်ကြသည်။ ကျန်သူများကလည်း မကြာခင်ပြန်ရောက်လာလိမ့်မည်ဟု စံတုတ်ကပြောသည်။ ရွာရောက်လျှင် ဘာပြောမည်။ ဘာလုပ်မည် ဘာကိုင်မည် ဟူ၍ကား သုံးယောက်သား လမ်းခရီးတွင် တိုင်ပင်လာကြသည်။ သူတို့ပြောသမျှ ဆိုသမျှကို ရွာကလူများက ယုံကြသည်။ မယုံလို့လည်းမရ။ သူတို့အဖြစ်ကို ဘယ်သူကမျှ လိုက်မြင်ရသည်မဟုတ်။ ဘယ်သူကမျှ သိတာမဟုတ်။ သူတို့ပြောသမျှ အတိုင်းသာ ဖြစ်သည်။

"ကဲ ဒီတစ်ခါတော့ အချိန်ဆွဲနေလို့ မဖြစ်ဘူးကွ စံတုတ်။ ဟိုတစ်ခါတုန်းကလဲ မင်းအချိန်ဆွဲနေတာနဲ့ ဒီကိစ္စကြီးဟာ ခုလောက်အချိန်ကြာလာတာ။ ကြည့်လေကွာ။ မိပုလဲဟာ ခုတော့ ဇရပ်ပေါ် ရောက်နေပြီမို့လား။ ခလေးတောင် အတော်ကြီးနေပြီလေ။ အဲဒါနဲ့မှ နောက်ထပ် ဟိုလိုလို ဒီလိုလို အချိန်ဆွဲနေရင် မြေးရဖို့ပဲ ကျန်တော့တယ်။ "

စံတုတ်တို့ သာဖန်တို့ရွာပြန်ရောက်ပြီး နှစ်ရက်အရ၌ပင် ပုလဲကိစ္စကို စံတုတ်၊ သာဖန်၊ လှအေး နှင့် ကာလသားအချို့တို့ ခေါင်းချင်းရိုက်၍ တိုင်ပင်ကြသည်။ မိုးမခမှပြန်ရောက်လာသော ကာလသား လူငယ်လူရွယ်များကလည်း ယင်းကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာပြုလုပ်ရန် ဆန္ဒပြင်းထန်နေကြသည်။

စံတုတ်နှင့် သာဖန်တို့ကို လောဆော်နေကြသည်။ သူတို့သည် နောက်ထပ်၍ တစ်နာရီ တစ်မိနစ်ပင် မဆိုင်းငံ့ချင်ကြ။ ဘာဖြစ်ဖြစ် တစ်ခုခုလုပ်ရမည်ဟု ဆိုကြသည်။

"ကိုစံတုတ် ခင်ဗျားက ကာလသားခေါင်း။ ခင်ဗျားဆုံးဖြတ်ရာပဲဗျို့။ သိပ်တော့ ကြာမနေနဲ့ဗျာ။ တုံးဆိုတိုက် ကျားဆိုကိုက်၊ ဒါပဲကောင်းတယ်။ ဒီကိစ္စဟာ ရွာသိပ်နာတယ်ဗျ။ "

"ဟုတ်တယ် ခုနေရွာမှာ သူကြီးလဲမရှိဘူး။ ဆယ်အိမ်ခေါင်းလဲမရှိဘူး။ ပိုပြီးတော့ လုပ်လို့ ကိုင်လို့ ကောင်းတယ်။ ဒီဘုန်းကြီးကိုရော၊ မိပုလဲကိုရော၊ ဟိုကပ္ပိယဂွစာကြီးကိုရော ရွာကမောင်းထုတ်ပြီး ကျောင်းနဲ့ဇရပ်ကို တစ်ချီတည်း မီးပုံတိုက်ပစ်ရင် ကောင်းမယ်။ "

ခပ်ကြမ်းကြမ်း လူငယ်လူရွယ်များသည် ဒေါသမီးတောက်လောင်နေကြသည်။ သူတို့က ရဟန်းတော်ကိုရော ပုလဲကိုရော ဆုပ်နယ်ချေမွပစ်ချင်ကြသည်။ ဤမျှ အချိန်ကြာ ညောင်းနေရသည်ကို လည်း နည်းနည်းမှ မကျေနပ်။ ကြက်ကလေး ငှက်ကလေးများဖြစ်ခဲ့လျှင် ခြေနှစ်ချောင်းကို ကိုင်ရိုက်ပစ်ကြမည်။

"ဟုတ်တယ်၊ကျောင်းနဲ့ဇရပ်ကို တစ်ခါတည်း မီးပုံရှို့။ အဲဒါ ခုတ်စပြီး လှီးစပြတ်။ "

ကာလသားလူရွယ်တစ်ယောက်၏ဆန္ဒကို သာဖန်က အားပေးအားမြှောက် လုပ်သည်။ နောက်တော့ အားလုံးက သဘောကျသည်။ တညီတညွတ်တည်းလို ထိုသဘောမျိုး ပြောကြသည်။ စံတုတ်ကို အားလုံးက ထိုသဘောမျိုးလုပ်ရန် တိုက်တွန်းကြသည်။

ကာလသားခေါင်းစံတုတ်က မည်သို့မျှ အဖြေမပေးသေး။ အချိန်အတော်ကြာ အောင် တွေးတောစဉ်းစားနေသည်။

ရွာတွင် သူကြီး ဆယ်အိမ်ခေါင်းဟူ၍လည်း မရှိ။ ဤလိုအချိန်မျိုး အခါမျိုးတွင် လုပ်စရာကိစ္စကို အပြတ်အသားလုပ်ဖို့ အကောင်းဆုံးဟု စံတုတ် ကိုယ်တိုင်က တွေးမိသည်။ သို့သော် ရွာတွင်လူကြီး အချို့ရှိသေးသည်။ မိန်းမသားများ ရှိသေးသည်။ သူတို့က ကန့်လန့် ကန့်လန့် လုပ်ကြမည်။ ကျောင်းနှင့်ဇရပ်ကို မီးတင်ရှို့လျှင် ထိုသူများသိကြမည်။ ပြီးလျှင် မီးလောင်သည်ဆိုလျှင် ညောင်တုန်းဘက်မှ ပုလိပ်များ ဂျပန်များရောက်လာနိုင်သည်။

ထိုအခါ သူတို့အားလုံးအပေါ်တွင် ပြဿနာတက်လာနိုင်သည်။ နောက်တစ်ခု မှာ သူနှင့်သာဖန် လှအေးတို့ ချွေးတပ်ပြေးများဖြစ်ကြသည်။ သူတို့သုံးယောက်ကို ဂျပန်များ၊ ပုလိပ်များက ပြန်၍ဖမ်းကြမည်။ ချွေးတပ်ထဲ ပြန်ပို့ချင် ပို့မည်။ သို့မဟုတ်ကျောင်းကိုမီးရှို့မှုဖြင့် တရားစွဲခံရမည်။ လောလောဆယ် အချုပ်ခန်းထဲ ရောက်မည်။ စံတုတ်က အားလုံးနှင့်တော့မတူ။ ကိုယ့်အပေါ်ကျရောက် ဖြစ်ပေါ်မည့် ဘေးအန္တရာယ်ကိုတော့ တွေးတတ်သည်။

အရေးကြီးသည်မှာ ရဟန်းတော်နှင့် ကပ္ပိယကြီးကိုရော ပုလဲတို့သားအမိပါ ဤရွာငယ်တွင် မရှိဖို့သာဖြစ်သည်။ ဘယ်လိုနည်းမျိုးနှင့် ဖြစ်ဖြစ် ရွာက ထွက်ခွာသွားလျှင် ပြီးစတမ်းဟု စံတုက်က သဘောထားသည်။ သို့သော် သာဖန်နှင့် လှအေးတို့နှစ်ယောက် ဤလိုမဟုတ်ကြ။ တစ်စုံတစ်ရာ နာနာကျည်းကျည်း ဖြစ်အောင်လုပ်ချင်သည်။ ဘုန်းကြီးနှင့်ပုလဲကို ရိုက်နှက်ပြီးမှ မောင်းထုတ်မည်ဟု ဆိုကြသည်။ ကျောင်းနှင့်ဇရပ်ကိုလည်း ဤအတိုင်း မထားချင်။ မီးရှို့ မီးတိုက်ပစ်ချင်သည်။ ယုတ်စွအဆုံး မီးမတိုက် မီးမရှို့ရလျှင် ဖြိုဖျက်၍ ရေထဲမျှောပစ်ချင်သည်။

ခရီးပန်းနွမ်းနယ်လာကြသည်ကိုမှ အနားမယူချင်ဘဲ ဘာကြောင့် သာဖန်နှင့် လှအေးတို့ လောဆော်နေကြသည်ကိုလည်း စံတုတ်သိသည်။ ရပ်ရွာတွင် အုပ်ချုပ်သော လူကြီးသူကြီးဟူ၍ တိတိကျကျ မရှိ၍တစ်ကြောင်း လုကွန့် တစ်ယောက်ပေါ်ပေါက်လာမည်ကို စိုးရိမ်၍ တစ်ကြောင်းဖြစ်သည်။ မှန်တော့ မှန်သည်။ တစ်စုံတစ်ရာ လုပ်ကြမည်ဆိုလျှင် ယခုလောက် ကောင်းသောအခြေ အနေသည်မရှိ။

တစ်စုံတစ်ရာကို စံတုတ်ဆုံးဖြတ်လိုက်သည်။ ငြိမ်သက်နေရာမှ သူ့ကိုယ်မှာ လှုပ်ရှားလာသည်။

"ကဲ ဟေ့ ဒီလိုလုပ်ကြမယ်။ ဒို့လုပ်မယ့်ကိစ္စကို ဒီညမှာပဲ အပြီးအစီးလုပ်မယ်။ ဟုတ်ပလား။ ခုလို ဟိုနားစုစု၊ ဒီနားစုစုနဲ့ပြောနေလို့မကောင်းဘူး။ ရွာက အားလုံးရိပ်မိကုန်မယ်။ အဲဒီတော့

ခုညသန်းခေါင်ကြက် တွန်တာနဲ့ ရွာသုဿာန် ဇရပ်ပေါ်မှာ အားလုံးစုကြမယ်။ သုဿာန်ဇရပ်ကို အားလုံးလာကြ။ ဟုတ်ပလား။ အဲဒီကျတော့မှ ဘယ်လိုလုပ်ရင် ကောင်းမယ်ဆိုတာ တိတိကျကျ ဆုံးဖြတ်မယ်။ ဆုံးဖြတ်ပြီးတာနဲ့ လုပ်ကြမယ်ကွာ။ ကြိုက်ပလား။ ”

စံတုတ်စကားကို အားလုံးက လက်ခံကြသည်။

"နောက်တစ်ခုရှိသေးတယ်။ အဲဒါက ဘာလဲဆိုရင် ခုကိစ္စကို ဒို့ကာလသားတွေက လွဲပြီး ဘယ်သူမှမသိစေနဲ့။ သုဿာန်ဇရပ်ကိုလာရင် လူခွဲပြီး နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ လာ။ နို့ပြီး ခု ဒီအထဲမှာ မပါတဲ့ကောင်တွေကို တစ်ယောက်နှစ်ယောက်က လိုက်ပြောကြကွာ။ လိုက်ပြောကြဆို တိုးတိုးတိမ်းတိမ်း လက်တို့ပြောနော်။ တစ်ချက်ကလေးမှ ဣန္ဒြေမပျက်စေနဲ့”

"လှမောင်နဲ့ လှငယ်။ မင်းတို့နှစ်ယောက်က ဒီအထဲမပါတဲ့ အကောင်တွေကို လိုက်ပြောကွာ ။ ဟုတ်လား ”

လှအေးကပြောသည်။

"စိတ်ချ ပြောမယ် ။ သုဿာန်ဇရပ်ပေါ်ကို သန်းခေါင်ကြက် တွန်ရင်။ ဟုတ်လား ”

(၃၈)

ညဦးပိုင်း သာသာကလေးဖြစ်သည်။

လမ်းမီးများမရှိသဖြင့် တစ်မြို့လုံးအမှောင်ကျနေသည်။ ဂျပန်များ ဝင်ရောက် လာစက မြို့ပေါ်ရှိလမ်းမီးတိုင်များကို မိုးလင်းအထိ ဟိုတုန်းကလိုပင် ထွန်းထားသည်။ နောက်တော့ ညဝက်စနစ်ဖြစ်လာသည်။ သည့်နောက်တော့ ညကိုးနာရီဆိုလျှင် တစ်မြို့လုံးရှိလမ်းမီးတိုင်များကို ငြိမ်းပစ်သည်။ အိမ်မီးများ ကိုလည်း ထိုအတိုင်း ပင်ဖြစ်သည်။ ရှစ်နာရီမှကျော်လျှင် လျှပ်စစ်မီးများ မရတော့။ လျှပ်စစ်မီးမဟုတ်သော နေအိမ်မီးများကိုလည်း အအုပ်အဆိုင်းများဖြင့် ထွန်းညှိရသည်။ အိမ်ပြင်သို့ မီးရောင်မီးညွန့် မထွက်စေရ။ ဂျပန်စစ်ဖက်မှ အမိန့်တစ်ရပ် ထုတ်ပြန်ထားသည်။ ညစဉ်ညတိုင်း မီးကင်းအဖွဲ့များနှင့် ဂျပန်စစ်သားများက လိုက်လံစစ်ဆေးသည်။ လမ်းပေါ်သို့ မီးရောင် မီးညွန့်ထွက်နေသော အိမ်မှာမသက်သာ။ အိမ်ရှိလူကုန် လမ်းပေါ်ထုတ်ပြီး ဂျပန်က ရိုက်နှက်သည်။ ရန်သူအင်္ဂလိပ် အမေရိကန် စစ်လေယာဉ်ပျံများကို ဂျပန်များ စိုးရိမ်ထိတ်လန့်စပြုလာသည်။

လူတစ်ယောက်သည် အမှောင်ထုလွှမ်းခြုံထားသော မြို့စွန်ရပ်ကွက်များကို ဖြတ်ကျော်ခဲ့ပြီးနောက် မြို့တွင်းသို့သွားရာလမ်းမကြီးပေါ်တွင် ခပ်သုတ်သုတ် လျှောက်နေသည်။ ထိုသူသည် မြို့တွင်းလမ်းမကြီးပေါ်သို့ ခြေချမိသည်နှင့် တစ်ပြိုင်နက်သူ့ခြေလှမ်းကို ပြင်၍လျှောက်သည်။ ခပ်သုတ်သုတ် ခပ်မြန်မြန် လျှောက်နေရာမှ ခြေလှမ်းမှန်မှန်ဖြင့် ရှေ့ခရီးကို ဆက်လက်၍လျှောက်သည်။ တောက်ပစူးရှသော ထိုသူ၏မျက်လုံးအစုံသည် ဝန်းကျင် ဘေးဘီများကိုလည်း အထူးတလည် သတိပြုကြည့်သည်။ သူ့ရှေ့တူရူရှေ့ခရီးကိုလည်း လှမ်းမျှော်၍ ကြည့်သည်။ မြို့လယ်ရပ်ကွက်များတွင် လမ်းထိပ်တိုင်းလိုလို၌ ကင်းတဲများ ရှိသည်။ သို့သော် ည၁၀နာရီကျော်မှ အစစ်အဆေး အမေးအမြန်းခံရမည်။ ယခုကား ရှစ်နာရီသာသာကလေးရှိသေးသည်။

ကင်းတဲများပေါ်တွင် လူတစ်ယောက်စ နှစ်ယောက်စကိုတွေ့ရသည်။ ကင်းသမား များလူစုံတက်စုံ ရောက်ကြသေးဟန်မတူ။ ဂျပန်စစ်သားများလည်း ၁၀နာရီ‌ ထောက်ဆိုလျှင် တစ်မြို့လုံးကို ကင်းလှည့်သည်။ အရင်ကင်းများကို စစ်ဆေး သည်။ ယခုမူ အချိန်စောသေး၍ ဂျပန်စစ်သားများကို မတွေ့သေးခြင်းဖြစ်သည်။

ကြံ့ခိုင်တောင့်တင်း၍ လျင်မြန်ဖျက်လတ်ခြင်းရှိသော ထိုသူသည် သတိကြီးစွာ ထား၍ ရှေ့ခရီးကိုဆက်လက်လျှောက်သည်။ လမ်းပေါ်တွင် သူတစ်ဦးတည်း တစ်ယောက်တည်းတော့မဟုတ်။ သူလိုပင် လမ်းသွားလမ်းလာ ယောကျ်ား မိန်းမ တစ်ချို့ကိုတွေ့ရသည်။ တစ်ချို့မှာ တစ်ယောက်တည်း။ တစ်ချို့မှာ နှစ်ယောက်တစ်တွဲ။ သုံးယောက်ထက်တော့မပို။ လူသုံးယောက်ထက် ပိုလွန်၍ စုဝေးခြင်း၊ သွားလာခြင်းမပြုရဟု ဂျပန်များက အမိန့်ထုတ်ထားသည်။

ထိုသူသည် မြို့တွင်းလမ်းအချို့ကို ကျော်လွန်ခဲ့ပြန်သည်။ ၁လမ်း၊ ၂လမ်း၊ ၃လမ်း၊ ၄လမ်း၊ ၅လမ်း စသည်ဖြင့် ထိုသူသည် ရှေ့ခရီးကို ဆက်လက်၍ လျှောက်မြဲလျှောက်သည်။ သွားမြဲသွားသည်။ သတိထားမြဲထားသည်။ သူက အပေါ်ဝတ်အင်္ကျီအတွင်းဘက်ဆီသို့လည်း မကြာခဏစမ်းသပ်ကြည့်သည်။ မကြာမီ မြို့လယ်ပိုင်းသို့ ထိုသူဝင်ရောက်မိသည်။ မြို့လယ်ပိုင်းသည် ယခင်အခါ များက ညဈေးတန်းများဖြင့် လူစည်ကားလှသည်။ တရုတ်ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်။ ဆံပင်ညှပ်ဆိုင်၊ အထည်အလိပ်ဆိုင်၊ မုန့်ပဲသွားရည်ဆိုင် များသည် လျှပ်စစ်မီးရောင်များအောက်၌ လူစည်ကား ရှုပ်ထွေးနေတတ်သည်။ ယခုကား ယခင်နှင့်မတူ။ လူကဲ့ကဲ့ ဆိုင်ကဲ့ကဲ့ဖြစ်သည်။ အထည်အလိပ်ဆိုင် ဟူ၍ကား အလျှင်းမရှိသလောက် ဖြစ်သည်။ ဆံပင်ညှပ်ဆိုင်အနည်းငယ်နှင့် လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်စ နှစ်ဆိုင်စလောက်သာ နီကျင့်ကျင့်မီးရောင် အောက်တွင်ရှိနေသည်။ ဆိုင်ထဲတွင် လူတစ်ယောက်နှစ်ယောက်စ ထက်မပို။ မြို့တစ်မြို့လုံး သုသာန်တစပြင်ပမာ ရှိနေသည်။

ထိုသူသည် ပတ်ဝန်းကျင်ကိုလေ့လာရင်းမှ မြို့လယ်ပိုင်းကို ကျော်လွန်ခဲ့ ပြန်သည်။ နောက်ထပ် အတန်ကြာလျှောက်ရပြန်သည်။ ပြီးမှ ထိုသူက လမ်းထိပ်တစ်ခုတွင်ရပ်လိုက်သည်။ ၂၁လမ်းဖြစ်သည်။ ၂၁လမ်းနှင့် ၂၂လမ်းကြား ထပ်တွင် ရှိနေသော ကင်းတဲကို ထိုသူက လှမ်းကြည့်သည်။ သူရပ်နေသည်မှာ ဗံဒါပင်အမှောင်ရိပ်တွင် ဖြစ်သည်။ ကင်းတဲအလယ်တွင် လက်ဆွဲမီးအိမ်တစ်လုံး ကိုချိတ်ထားသည်။ ကင်းသမားတစ်ယောက်သည် ကင်းတဲထဲတွင် ကုန်းကွ ကုန်းကွနှင့် ဘာလုပ်နေမှန်းမသိ။ သူရပ်နေသော ဗံဒါပင်ဘက်ကိုတော့ နောက်ခိုင်းထားသည်။

ထိုသူသည် ကင်းတဲပေါ်မှအခြေအနေကို ကြည့်ပြီးနောက် ကင်းတဲ၏ ဘေးတစ်ဘက်တွင်ရှိနေသာ သခင်ချမ်းငြိမ်း၏နေအိမ်ကို လှမ်းကြည့်သည်။ ဝိုးတဝါးမီးရောင်အောက်တွင် အမျိုးသမီးနှစ်ယောက်ကို တွေ့ရသည်။ တစ်ယောက်က ကုလားထိုင်တွင် ထိုင်နေသည်။ တစ်ယောက်က အိမ်ပေါက်ဝ တွင် ရပ်လျက် လမ်းမဘက်သို့မျှော်ကြည့်နေသည်။ ယင်းအမျိုးသမီးသည် သခင်ချမ်းငြိမ်း၏ဇနီး မတင်တင်ဖြစ်ကြောင်း ထိုသူအကဲခပ်မိသည်။ အခြားသော လူစိမ်း သူစိမ်းများတော့ ရှိဟန်မတူ။

ဖျက်ကနဲ လမ်းထိပ်မှလူသည် သခင်ချမ်းငြိမ်းအိမ်ရှေ့ရှိ ပုန်းညက်ပင်နှင့် ဆိပ်ဖလူးပင်များအောက်သို့ ဝင်ကပ်လိုက်သည်။ အိမ်ပေါက်မှ မတင်တင်သည် ထိုသူကို ရိပ်ကနဲမြင်လိုက်သည်။

" ဘယ်သူလဲ "

မတင်တင် အသံခပ်အုပ်အုပ်ဖြင့် အိမ်ရှေ့ဖိနပ်ချွတ်ဆင်းလာသည်။

" တောသားကြီး "

" ခေါင်းရင်းဘက် ကနေ လှည့်လာ "

မတင်တင် ချက်ချင်းစကားပြန်လိုက်သည်။ အိမ်ထဲပြန်လှည့်ဝင်သွားသည်။ ချိတ်ထားသော မှန်အိမ်မှ မီးရောင်ကို အနည်းငယ် နှိမ့်ချလိုက်သည်။

"ခင်ခင် လာစမ်း။ အဲဒီကုလားထိုင်မှာ ပြောင်းထိုင်စမ်း။ လမ်းဘက်ကို ဂရုစိုက်ကြည့်နေ။ ဂျပန်တွေ ပုလိပ်တွေ အိမ်ထဲဝင်လာမယ်ထင်တာနဲ့ ငါ့ကိုအချက်ပေးလိုက်။ ဟောဒီ လက်ဖက်ရည်ပန်းကန် ကြမ်းပြင်ပေါ် လွှတ်ချလိုက် "

ညီမဖြစ်သူကို မှာကြားပြီးနောက် ချက်ချင်းပင် မတင်တင်အိမ်ထဲဝင်သွားသည်။ အိမ်နောက်ပိုင်း မီးဖိုဆောင်မှနေ၍ ဘေးတံခါးပေါက်ကိုဖွင့်သည်။ အိမ်ခေါင်းရင်းဘက် လှမ်းကြည့်သည်။ ကွမ်းသီးပင်များအောက်မှ ဖြတ်သန်းကာ ခပ်သွက်သွက် လျှောက်လာနေသော မဲမဲသဏ္ဍာန်ကို မြင်ရသည်။

" လာ လာ ကိုမင်းဒင် "

မတင်တင် တံခါးပေါက်မှ ကိုယ်တစ်ပိုင်းထွက်၍ အသံခပ်အုပ်အုပ်ပြုသည်။ ကိုမင်းဒင်၏ ရင်ထဲတွင် ဘယ်သို့ရှိမည်ဟု မသိရ။ မတင်တင် ရင်တဒိတ်ဒိတ် ခုန်နေသည်။ အရေးထဲတွင် သူမနှင့် သခင်ချမ်းငြိမ်းတို့ သမီးရည်းစားတုန်းက လူငယ်သဘာဝ ချိန်းတွေ့ကြသည်ကို သွားအမှတ်ရနေသည်။

" ရှိတယ်မို့လား။ နေကောင်းတယ်မို့လား "

တံခါးပေါက်မှ တတ်မိ၍ မီးဖိုဆောင်ထဲအရောက်၌ပင် မေးခွန်းနှစ်ခုကို ကိုမင်းဒင်ကမေးသည်။

" နေဦး နေဦး။ ကျမပြောစရာတွေရှိနေတယ်။ ခဏကလေး "

မတင်တင် တံခါးကို ပြန်စေ့လိုက်သည်။ ပြီးနောက် ထမင်းစားပွဲရှိရာမှ ခွေးခြေငယ်နှစ်လုံးကိုယူလာသည်။ ထမင်းစားပွဲခုံပေါ်တွင် ခပ်မှိန်မှိန်ထွန်း ထားသောလက်ဆွဲမှန်အိမ်မှ မီးရောင်ဖြင့် တစ်ယောက်ကို တစ်ယောက် မသဲမကွဲမြင်ရသည်။

" ဒီမှာ ထိုင်ရှင့် "

ခွေးခြေတစ်လုံးတွင် ကိုမင်းဒင်အား အထိုင်ခိုင်းသည်။ သူမက တစ်လုံးတွင် ထိုင်သည်။ မတင်တင် အိမ်ရှေ့ဆီသို့ နားစွင့်ထားသည်။

" ပြောပါဦး ဘယ်လိုလဲ "

ကိုမင်းဒင်စကားစသည်။ ထိုင်လိုက်ရသောလည်း ဘဝင်မကျ။ အကြောင်းထူးတစ်ခုတော့ ရှိပြီဟု ကိုမင်းဒင် သိလိုက်ပြီ။ သို့မဟုတ်လျှင် အချိန်ဆွဲနေစရာအကြောင်းမရှိ။ ထိုင်ခိုင်းနေစရာ မလို။ သူတွေ့ချင်သူက သခင်ချမ်းငြိမ်း။

"ဒီလိုလေ သခင်ချမ်းငြိမ်းမိုးချုပ်စကပဲ ကိုယ်ရောင်ဖျောက်သွားပြီ။ ဒီည ဂျပန်တွေတစ်မြို့လုံးကို ပိုက်စိပ်တိုက်ပြီး ရှာလိမ့်မယ်။ နောက်ပြီး အဖမ်းအဆီးလဲ အကြီးအကျယ်လုပ်လိမ့်မယ်။ တစ်မြို့လုံးက ဂျပန်တွေ ကင်းချပြီး ခပ်ကြမ်းကြမ်းရှာလိမ့်မယ်။ "

" ဘယ်သူတွေကိုဖမ်းမှာလဲ။ ဒီသတင်းခိုင်လုံသလား "

"ဘယ်သူတွေဆိုတာတော့ အတိအကျမသိဘူး။ ဒီအိမ်ကလူပါမှာတော့ သေချာတယ်။ သတင်းက အင်မတန်ခိုင်လုံတယ်။ ဘယ်ကရတဲ့သတင်း ဆိုတာတော့ ကျမ မပြောတတ်ဘူးရှင့်။ နောက်ပြီးတော့ ဖမ်းထားတဲ့လူတွေ အားလုံးကို ညနေဇနာရီလောက်ကပဲ ပြန်လွှတ်လိုက်တယ်။ "

" ပြန်လွှတ်လိုက်တယ် ဟုတ်လား "

"ဟုတ်တယ်ရှင့် အဲဒါက အကောင်းလွှတ်လိုက်တာမဟုတ်ဘူး။ နောက်လူတွေကို ဖမ်းချင်လို့ တမင်ဉာဏ်ဆင်ပြီး လွှတ်လိုက်တာတဲ့။ လွှတ်လိုက်တဲ့လူတွေဟာ နောက်နှစ်လ သုံးလနဲ့ အိပ်ယာထဲက ထနိုင်ကြဦးမှာ မဟုတ်ပါဘူး။ အတော့်ကို ဆေးကုယူရမယ်။ "

မတင်တင်က မြို့ပေါ်မှဖြစ်ရပ်များကို ပြောပြသည်။

ကိုမင်းဒင် ကိစ္စတစ်ခုကြောင့် မအူပင်ဘက်သို့ ခရီးထွက်နေရသည်။ ထို့ကြောင့် သခင်ချမ်းငြိမ်းနှင့် သီတင်းတစ်ပတ်လောက် အဆက်အသွယ်ပြတ်သွားကြသည်။ ခုလာခဲ့သည်မှာ အရေးတကြီးကိစ္စ တစ်ခုကြောင့်ဖြစ်သည်။ ခရိုင်မြေအောင် လျှို့ဝှက်စခန်းမှ သူနှင့် သခင်ချမ်းငြိမ်းတို့အား စောကျော်ဖလှ ထံသွားရန် ညွှန်ကြားလိုက်သည်။ စောကျော်ဖလှနှင့် သခင်ချမ်းငြိမ်းကိုလည်း ဖုံးကွယ် မထားတော့ဘဲ ဆက်သွယ်ပေးရမည်။ အကယ်၍ သခင်ချမ်းငြိမ်း ကျန်းမာရေးအခြေအနေမကောင်းသေးလျှင် အခြားစိတ်ချရသူတစ်ယောက်ကို ခေါ်၍သွားရန် ညွှန်ကြားသည်။ ပြီးလျှင် စောကျော်ဖလှထံမှ ရရှိသော ဂျပန်များနှင့်ပတ်သက်သည့် သတင်းများကို ရရယူ၍ ခရိုင်လျှို့ဝှက်စခန်းသို့ ပို့ရန်ဖြစ်သည်။ တိုင်းမြေအောက်ဖက်ဆစ်ဆန့်ကျင်ရေး ဌာနချုပ်ကလည်း ဤအတိုင်း အမြန်ဆုံးဆောင်ရွက်ရန် ညွှန်ကြားသည်။ ထို့ကြောင့် ကိုမင်းဒင် သခင်ချမ်းငြိမ်းထံ လာခဲ့ခြင်းဖြစ်သည်။ သခင်ချမ်းငြိမ်း၏ ကျမ်းမာရေးအခြေအနေ အတော်ကလေး ကောင်းနေလျှင် သခင်ချမ်းငြိမ်းနှင့်အတူ ယခုညပင် ခနဖြူနတ်ကြီးချောင်း သို့သွားရန်ဖြစ်သည်။

စောကျော်ဖလှ နတ်ကြီးချောင်းရောက်နေသည်။ စောကျော်ဖလှကို သူတို့တွေ့ရမည်မှာ နတ်ကြီးချောင်းတွင်ဖြစ်သည်။ ဂျပန်များ ရုတ်တရက် လက်လှမ်းမမှီသော နေရာဖြစ်သည်။ တွေ့ရမည်မှာ အချိန်သိပ်မရ။ သုံးရက်အတွင်း ဖြစ်သည်။ ကိုမင်းဒင်၏စိတ်ကူးရည်ရွယ်ချက်မှာ အကယ်၍ သခင်ချမ်းငြိမ်း မလိုက်နိုင်လျှင် အခြားတစ်ယောက်ယောက်ကို သခင်ချမ်းငြိမ်းနှင့် တိုင်ပင်၍ ခေါ်သွားရန်ဖြစ်သည်။ ခရိုင်နှင့်တိုင်းကလည်း ဤအတိုင်းညွှန်ကြား သည်။ ထိုအခါ ကိုမင်းဒင်ရည်မှန်းလာသည်မှာ သခင်လှကွန့်ကလေး ဖြစ်သည်။ ထင်ကျော်သည် အခြားတာဝန်တစ်ခုနှင့် ပုသိမ်ဘက်သွားနေသည်။

" ဘယ်နယ်ဘက်ကို သွားမယ်ပြောသလဲ။ အဲဒါ မတင်တင် သိသလား။ "

အတန်ကြာစဉ်းစားနေပြီးမှ ကိုမင်းဒင်ကမေးသည်။

" အတိအကျတော့ ကျမမပြောတတ်ဘူးရှင့်။ ခနဖြူနယ်ဘက်လို့ထင်တယ်။ "

" သူ တစ်ယောက်တည်းလား "

"နှစ်ယောက်။ ဒါပေမယ့် ပြောသင့်တဲ့သူတွေအားလုံးကိုတော့ ကျမကိုယ်တိုင် လိုက်ပြောပြီးပြီ။ ခုလောက်ဆိုတစ်ယောက်မှ မရှိကြတော့ပါဘူး "

" သခင်လှကွန့်ကလေးနဲ့ထင်တယ်။ ဟုတ်လား "

"မဟုတ်ဘူးရှင့်။ ဖြစ်ပုံက ဒီလိုလေ။ ကျမ စိတ်တောင်မကောင်းဘူးရှင့်။ သခင်လှကွန့် ကလေးကို ဝဲဒေါင့်ရွာမှာ အကြွေးကလေးရစရာရှိလို့ လွှတ်လိုက်မိတယ်ရှင့်။ ခပ်စောစောကလေးကမှ သခင်လှကွန့်ကလေး ပြန်ရောက်လာတယ်။ ကိုမင်းဒင် လာတာနဲ့ သိပ်မကွာဘူး။ "

" ခု ဘယ်မှာလဲ။ သူ့ကို ကျွန်တော် တွေ့ချင်တယ်။ "

" သူလဲ ဘယ်မှာနေလို့ဖြစ်တော့မှာလဲရှင်။ သူ့ကိုတွေ့ရင်လဲ ဂျပန်ကဖမ်းမှာပဲရှင့်။ ဘာပြုလို့လဲဆိုတော့ ဟိုကောင်ဌာနာအုပ်စိုးမောင်က သူ့ပထွေးဟာတာကို ပြောပြီးရောပေါ့။ အဲဒီတော့ သခင်လှကွန့်ကလေးကိုလဲ အရှောင်ခိုင်းရတာပေါ့။ "

" သူ ဘယ်သွားမယ် ထင်လဲ "

" ကျမ အထင်တော့ သူ့ရွာကို သွားလိမ့်မယ်ထင်တယ်။ "

" စကြော့ကိုလား "

"ဟုတ်တယ် ။ ခုနက ကလေးတင်ပဲရှင်။ ကိုမင်းဒင်နဲ့သီသီကလေးလွဲသွားတယ်။ ဒါထက် ရှင်သိပ်ကြာနေလို့ ဖြစ်ပဲ့မလား ကိုမင်းဒင်။ ဂျပန်တွေ ဒီည တစ်မြို့လုံးကို ရှာလိမ့်မယ်။ နောက်ပြီး တစ်မြို့လုံးရဲ့ ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်ဆို့ထား လိမ့်မယ်။ ခုလောက်ဆိုရင် မြို့အဝင်အထွက်တွေမှာ ကင်းတွေချပြီးနေရော့မယ် "

" ကဲ . . . . ကျွန်တော် သွားမယ် မတင်တင် "

ပြောပြောဆိုဆို ကိုမင်းဒင်ထိုင်ရာမှ ထလိုက်သည်။ နောက်တော့ စေ့ထားသော တံခါးရွက်က ကိုယ်တိုင်ဖွင့်သည်။ ခပ်သွက်သွက် ဆင်းလိုက်သည်။ မတင်တင် လှမ်းကြည့်သည်။ အိမ်ရှေ့ဘက်ကို ပြန်မထွက်တော့ဘဲ အိမ်ဘေးမှ ပုဏ္ဏရိပ် စည်းရိုး ကိုကျော်လွှားကာ အမှောင်ထုအတွင်း ကိုမင်းဒင်ပျောက်ကွယ် သွားသည်။

မတင်တင် ရင်ထဲတွင် ဖိုလှိုက် ကျန်ရစ်သည်။

" ဘုရားရှင်တန်ခိုးတော်ကြောင့် သူတို့အားလုံး ဘေးမသီ ရန်မခ ကြပါစေနဲ့ "

(၃၉)

မြစ်ဘက်သို့ သူဖြတ်ဆင်းခဲ့သည်။

လာသည့်လမ်းအတိုင်း ပြန်လှည့်၍မဖြစ်နိုင်တော့ကြောင်း သူက ကောင်းစွာ နားလည်သည်။ မတင်တင် သတင်းအတိုင်းဆိုလျှင် ဂျပန်များမြို့အဝင် အထွက်များကို ကင်းချထားပြီးဖြစ်လိမ့်မည်။ နောက်တစ်ခုမှာ မြို့တွင်းလမ်းကြီး များကို ခုအချိန်တွင် သူအသုံးချ၍မဖြစ်နိုင်တော့ကြောင်း ထင်ရှားသည်။ ပုဏ္ဏရိပ် စည်းရိုးကို သူဖြတ်ကျော်တော့မည့်ဆဲဆဲ၌ပင် လမ်းမကြီးပေါ်တွင် လျှောက်သွား ကြသော ဂျပန်စစ်သားများကို ရိပ်ကနဲတွေ့လိုက်ရသည်။ အားလုံး ဆယ်ယောက် ထက်မနည်းရှိလိမ့်မည်။ အချိန်ကာခုဆိုလျှင် ဆယ်နာရီထိုးလုနီး ရော့မည်။

မြို့တွင်း၌ သူဘယ်လိုမှ ဆက်လက်နေရန်မဖြစ်နိုင်တော့။ သူဒီမြို့ခံမဟုတ်။ ဂျပန်ကင်းသမားများနှင့် အရပ်သားကင်းသမားများသည် သူ့အဖို့ဒုက္ခပေးမည့် သတ္တဝါတွေချည်းဖြစ်သည်။

မူလကအစီအစဉ်မှာ ခနေဖြူနတ်ကြီးချောင်းသို့ သခင်ချမ်းငြိမ်းနှင့် သွားကြရန် ဖြစ်သည်။ သခင်ချမ်းငြိမ်းနှင့်တွေ့ရလျှင် မြို့တွင်းမှ ထွက်ခွာရေးမှာလည်း အလွယ်တကူဖြစ်နိုင်သည်။ ယခုကား သူ့အစီအစဉ်တွေမှာ မထင်မှတ်ဘဲနှင့် တစ်မျိုး တစ်ဖုံဖြစ်သွားရသည်။

ရှိစေတော့။ ဒါက တော်လှန်ရေး လုပ်ငန်း၏သင်ခန်းစာဖြစ်သည်။ ဒီလို စီစဉ်ထားပေမယ့် ဒီအတိုင်းဖြစ်ချင်မှ ဖြစ်မည်။ တော်လှန်ရေးလုပ်ငန်းမှန်လျှင် လေ့နံ့ခါးထစ်မဟုတ်။ သူ့ကွေ့နှင့် သူ့တတ်ဖြစ်သည်။ ကတ္တီပါကော်ဇောပေါ် တက်အိပ်ခြင်း မဟုတ်။ ဆူးပြွမ်းသောခရီးကြမ်းကို ခုတ်ထွင် ရှင်းလင်း

ရခြင်းဖြစ်သည်။ ဒီ ဆူးပြောင့်ခလုပ်ကနင်းတွေ ပျောက်ကွယ်ရှင်းလင်း တော့မှ ပြည်သူတွေအတွက် ဖြောင့်ဖြူးသောလမ်းကြောင်းပေါ် လျှောက်နိုင်မည်။

မြစ်ဖက် ဆင်းလာသည်မှာ စိတ်ကူးရှိသည်။

မတင်တင်နှင့် စကားပြောနေစဉ်ကပင် အစီအစဉ်တစ်ခုကို စီစဉ်သတ်မှတ်ပြီး ဖြစ်သည်။ လှေတစ်စင်းတစ်လေကို မရလျှင် ရသည့်နည်းနှင့် မဖြစ်လျှင် ဖြစ်သည့်နည်းနှင့် ရရှိအောင်ကြံဖန်ရမည်။ မြစ်ဝကျွန်းပေါ်ခရီးသည် လှေခရီး။ သမ္ဗန်ခရီးဖြစ်သည်။ ခုအချိန်တွင် မော်တော် သင်္ဘောဟူ၍ စဉ်းစားစရာမရှိ။ ဂျပန်တွေ အားလုံးယူထားသည်။ သို့သော် တစ်ခုသူတွေးရပြန်သည်။ ရေကြောင်းမှ နေ၍ကာ ဂျပန့်ကင်းများ ပိတ်ဆို့ထား မထား ဖြစ်သည်။ အကယ်၍ ပိတ်ဆို့ထားခဲ့လျှင်။

မြစ်ဖက်ဆင်းအလာတွင် လမ်းတစ်လျှောက်လုံးတွေးတော စဉ်းစားရသည်။ ခြေလှမ်းသွက်သလောက် အတွေးအတောသွက်ရသည်။ ရန်သူကို ဝဲယာ တောင်မြောက် အရှေ့အနောက် ကြည့်ရသည်။ မင်းလမ်းထိပ်ဟုခေါ်သော လမ်းထိပ်အနီးအရောက်တွင် မလှမ်းမကမ်းမှ ဖိနပ်သံများ၊ ခွေးဟောင်သံများကို ကြားလိုက်ရသည်။ ရှေ့နားတွင် တာရိုးရှိသည်။ ယင်းတာရိုးမှာမိုးတွင်းက ရေကာတာအသစ်များ ပြုလုပ်ထားသော တာရိုးဖြစ်သည်။ ထိုတာရိုးကိုကျော် လျှင် ပန်းလှိုင်မြစ် . . . ။

ဖိနပ်သံနှင့် ခွေးတစီစီ ခွေးတဟောင်ဟောင်အသံများသည် သူနှင့်နီးကပ် လာသည်။ ခွေးသံကို ထောက်ချင့်၍လည်း ကင်းသမားများနှင့် ဂျပန်များ ဖြစ်ရမည်ဟု သူက ခန့်မှန်းမိသည်။ ကျားနှင့်ဘီလူး ထိုနှစ်ဦးပင် ဖြစ်သည်။

မကြာမီ အားကုန်နေသော ဓါတ်ခဲကို အသုံးပြုရသည့် လက်နှိပ်ဓါတ်မီးရောင် မှုန်ဝါးဝါး သုံးလေးခုကို တွေ့ရသည်။ မီးရောင်များသည် သူ့ဘက်သို့ စုပြုံထိုးလိုက်သည်။ သူရှိရာသို့ကား မီးရောင် မရောက်လာ။ လမ်းခုလတ်တွင် ပြတ်နေသည်။ အားကောင်းသော ဓါတ်ခဲများဆိုလျှင် ဤနေရာတွင် တိုက်ပွဲကလေး ဖြစ်နိုင်သည်။

ဘေးဘီဝန်းကျင်ကို သူကြည့်လိုက်သည်။ အိမ်များအားလုံး တံခါးပိတ်ထား သည်။ အမှောင်ကျနေသည်။ သူသည်အနီးဆုံးဖြစ်သော တာခြေဘေးရှိ ခရေပင်ကြီးကို ဝင်ကပ်လိုက်သည်။ မကြာမီ ဂျပန်စစ်သားများနှင့် အရပ်သားများ ပါဝင်သော ကင်းအဖွဲ့သည် လက်နှိပ်ဓါတ်မီးများနှင့် ဟိုထိုး ဒီထိုး ထိုးကြည့်သည်။ သူရှိရာခရေပင်ကြီးဘက်ကိုလည်း ထိုးကြည့်သည်။ နောက်တော့ ကင်းသမားများ သူ့ကို ကျော်လွန်သွားသည်။ သူက ခပ်သွက်သွက်ပင် တာရိုးတစ်ဖက်ကို ဖြတ်ကျော်လိုက်သည်။ ပြီးလျှင် လှေသမ္ဗန်များဆိုက်ကပ်သော ဈေးဆိပ်ဘက်သို့ သုတ်ခြေတင်လျှောက်ခဲ့သည်။

ထိုအချိန်၌ပင် ကင်းတဲတစ်ခုမှ ၁၀နာရီသံချောင်းခေါက်သံကို ကြားလိုက် ရသည်။

သူဈေးဆိပ်ရောက်လာသည်။ ပတ်ဝန်းကျင်သည် အမှောင်ထုအောက်၌ ငြိမ်ဆိတ်နေသည်။ မြစ်ရိုးနှင့်ကမ်းခြေတစ်လျှောက်ကို သူစူးစမ်းကြည့်ရှုသည်။ လှေငယ် တတ်စင်းဟူ၍ လုံးလုံးမရှိ။ သမ္ဗန်များကိုတော့တွေ့ရသည်။ ထိုသမ္ဗန်များမှာလည်း ကမ်းခြေတွင် ဆိုက်ကပ်ထားခြင်းတော့မဟုတ်။ ကမ်းနှင့် အတော် ခပ်လှမ်းလှမ်းရေလယ် မရောက်တရောက်တွင် ကျောက်ပစ် လျက် ရပ်တန့်ထားခြင်း ဖြစ်သည်။ ဤလို ကမ်းမှခွာ၍နေကြခြင်း မှာလည်း သူတို့ ရည်ရွယ်ချက်နှင့် သူတို့ဖြစ်ကြသည်။ ဂျပန့်ရန်မှ အတော်အတန်စိတ်ချ စိတ်အေး ရသည်။ ကမ်းကပ်ထားလျှင် ဂျပန်များနှင့် ကင်းသမားများက တတ်ချည်ဆင်းချည် တောင်မေး မြောက်မေး နှင့် အင်မတန် အနှောင့်အယှက် ပေးကြသည်။

သူ့အဖို့ အတော်ကလေး စိတ်မောသွားရသည်။ ကမ်းခြေမှာ အတန်ငယ် မြင့်သည်။ ရေကာတာများလည်း ဤနေရာတွင်ရှိနေသည်။ သစ်ကြီး ဝါးကြီးများ ကို အသုံးပြုလျက် ဆောက်လုပ်ထားခြင်းဖြစ်သည်။ လှေသမ္ဗန်အဝင်အထွက် များသည့် မြို့ဆိပ်ကမ်း၊ ဈေးဆိပ်ကမ်း ဖြစ်သောကြောင့် ဟုဆိုနိုင်သည်။

လှေသမ္ဗန်များကို ဆိပ်ကမ်းတွင်ကပ်လျက် မတွေ့ရသော်လည်း ဖောင်ငယ် တစ်ခုကိုတော့ တွေ့ရသည်။ ဝါးဖောင်လည်းမဟုတ်၊ သစ်ဖောင်၊ အိုးဖောင် လည်းမဟုတ်။ လှူနေသော အိမ်ဖောင်ကလေးဖြစ်သည်။

အောက်က စည်ကြီး များကိုခံလျက် အပေါ်က ပျဉ်ခင်းထားသည်။ ထိုအပေါ်တွင် အိမ်ငယ်ကလေး တစ်လုံး ဆောက်ထားသည်။ တောနယ်များမှ ဈေးအရောင်းအဝယ်လာသူ များ၏လှေသမ္ဗန်စသည်များကို အခကြေးငွေယူ၍ စောင့်ထိန်းကြည့်ရှုပေးသော ဖောင်အိမ်ကလေးဖြစ်သည်။ လှေတစ်စင်းလျှင် နှစ်ဆယ့်ငါးဆင့်၊ သမ္ဗန်တစ်စင်း လျှင် ဆင့် ငါးဆယ် ရသည်။

ယင်းအိမ်ကလေးမှာလည်း မီးရောင်မတွေ့ရ။ လူရိပ်လူရောင်မမြင်ရ။ အားလုံး ငြိမ်ဆိတ်နေသည်။ သူ့နားတွင်ကြားနေရသောအသံမှာ ကမ်းခြေသို့ တဖျပ်ဖျပ် ရိုက်ခက်သည့် ရေလှိုင်းပုတ်သံဖြစ်သည်။

တစ်ချက်တော့ သူ သက်ပြင်းမှုတ်လိုက်သည်။

"မီးခြစ်ကလေးများပါရင် တစ်ဆိတ်လောက် ကျေးဇူးပြုပါဗျာ။ ဆေးလိပ်မီးညှိ ချင်လို့ ပါ "

အရေးထဲတွင် လူတစ်ယောက် သူ့အနားရောက်လာသည်။ မီးခြစ် တောင်းသည်။ တကယ့်အရေးထဲ ဆေးလိပ်သောက်ချင်သူကလည်းရှိရသေး။ လှေသမား သမ္ဗန် သမား တစ်ယောက်များလားဟု သူထင်သည်။ ဖျပ်ကနဲတော့ အကဲခပ်ရ လေသည်။ အခြားလူရိပ်မမြင်။ ထိုသူတစ်ယောက်ထဲဟု စိတ်ချလောက်မှ . .

"ရှော့ ရှော့ ရပါတယ်။ ဆေးလိပ်သောက်ရင် သတိထားဗျာ။ ဂျပန်တွေ ကင်းလှည့်လာလို့ ဆေးလိပ်မီးတွေ့နေရင် မကောင်းဘူး " ဟု ပြောပြောဆိုဆို သူက မီးခြစ်ကိုလှမ်းပေးလိုက်သည်။

" အေးဗျာ ကျေးဇူးပါပဲ "

ထိုသူက ကိုမင်းဒင်၏လက်မှ မီးခြစ်ကိုလှမ်းယူသည်။ ပြီးလျှင် လက်ဝါးနှစ်ဖက်နှင့်အုပ်ကွယ်လျက် မီးခြစ်လိုက်သည်။ သူ့ဆေးလိပ်ကို မီးညှိသည်။

ထိုသူ့မျက်နှာကို ကိုမင်းဒင်ကြည့်လိုက်သည်။ မီးရောင်ဖြင့် မေးစေ့ပေါ်မှ အမှတ်ကြီးကို သွားမြင်လိုက်သည်။

" သခင် လှကွန့် ကလေး "

" ဟာ ဆရာ ကိုမင်းဒင် "

"ကဲ တွေ့မယ့်တွေ့တော့ ဒီမှာလာတွေ့တယ်။ ကဲ ဘယ်လိုလဲ။ လှေကလေး တစ်စင်းတစ်လေ မရနိုင်ဘူးလား။ ကျုပ် မတင်တင်နဲ့တွေ့ခဲ့ပြီးပြီ။ အားလုံး သိခဲ့ရပြီ။ ကျုပ်တို့ ဒီက အမြန်ဆုံးခွာနိုင်မှ ဖြစ်လိမ့်မယ်။ နေးနေလို့မဖြစ်ဘူး ဂျပန်တွေ တစ်မြို့လုံးကို လိုက်စစ်နေပြီနဲ့တူတယ် "

"ကျွန်တော် စောစောကတည်းက လှေလိုက်ရှာနေတာ။ ဟိုဘက်တစ်လျှောက် တော့ နှံ့နေပြီ ခင်ဗျ။ အဲဒါနဲ့ ဒီဘက်ကိုလျှောက်အရှာမှာ ဆရာကိုမင်းဒင်နဲ့ တွေ့ရတာပဲ။ ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်ဖြင့် တစ်ယောက်ထဲ ဒေါင်စိုင်းနေတာပဲ။ "

လှကွန့်သည် ဆေးလိပ်ကို အပြင်းအထန်လေးငါးဖွာ ရှိုက်သည်။ ပြီး မီးငြိမ်းသက်လိုက်သည်။ ကိုမင်းဒင်နှင့်တွေ့ရသောကြောင့် ဝမ်းသာအားတက် သွားသည်။ ကိုမင်းဒင်မှာ လှကွန့်ကို သင်တန်းပေးခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့် ဆရာကိုမင်းဒင် ဟုလှကွန့်ကခေါ်သည်။

" ခုပုံတိုင်းဆိုရင် လှေတစ်စင်းတစ်လေ ရဖို့မလွယ်ဘူး ထင်တယ်။ "

ကိုမင်းဒင်က မြစ်လယ်ကိုမျှော်ကြည့်ရင်း ပြောသည်။

" ဆရာကိုမင်းဒင် ရေကူးတတ်တယ်မို့လား "

" အတော် အသင့်လောက်ပေါ့ "

" ကဲ ဒီလိုလုပ်မယ် ဆရာ။ ဟိုဖောင်အိမ်ကလေးမှာတော့ လှေတစ်စင်းတစ်လေ ရှိမလား မဆိုနိုင်ဘူး။ ကျွန်တော်အဲဒီ စိတ်ကူးနဲ့ဒီဘက်လျှောက်လာတာ။ အဲဒီဖောင်က ဦးပြုံးချိုဆိုတဲ့အဖိုးကြီးကို နဲနဲတော့ ကျွန်တော် မျက်မှန်းတန်း မိတယ်။ သူ့ဆီသွားပြောကြည့်မယ်ဆရာ။ ငွေပေးရမယ်ဆိုရင်လဲ ကျွန်တော့်ဆီမှာ

ပါပါတယ်။ အဲသာနဲ့မှ မရနိုင်ဘူးဆိုရင် နောက်ဆုံးပေ့ါ ဆရာ။ ဆရာကိုမင်းဒင်နဲ့ ကျွန်တော် ဟိုဘက် ဈေးဦးကျွန်းသောင်ကို ရောက်အောင်လက်ပစ်ကူး ကြတာပေ့ါ။ သောင်ပေါ်ရောက်မှ တစ်နည်းတစ်ဖုံ စီစဉ်ကြတာပေ့ါဆရာ။ သိပ်တော့မဝေးပါဘူး။ လက်ပန်းမကျအောင် ရေစုန်မျှောပြီး လိုက်ကြတာပေ့ါ။ ”

လှကွန့်ကအကြံဉာဏ်ပေးသည်။ ဖြစ်စရာ အကြောင်းရှိသည်။ မူလကပင် လှကွန့်တွင်ဤစိတ်ကူးရှိသည်။ ငွေပေးမှ လှေရမည်ဆိုလျှင်လည်း ကိစ္စမရှိ။ မတင်တင်က သူ့ကို ငွေသုံးရာပေးလိုက်သည်။ လှေတစ်စင်းကို ဂျပန်ငွေ သုံးရာနှင့်တော့မရနိုင်။ အငှားအရမ်းသဘော သာရနိုင်သည်။

“အင်း ကောင်းတယ်။ နောက်ဆုံးလှေမရဘူးဆိုရင် အင်္ကျီတွေချွတ်။ ခေါင်းမှာပတ်ပြီး သခင်လှကွန့်ကလေးအကြံအတိုင်းလုပ်ရမှာပဲ။ ဒါလောက်တော့ ကျုပ်လဲ ကူးနိုင်တယ်။ အဲ တစ်ခုပဲ ကျုပ်တို့သတိထားရမယ်။ တစ်ဘက်ကမ်း သောင်ပေါ်မှာ ဂျပန်တွေ ကင်းပုန်းချထားချင် ချထားနိုင်တယ်။ ”

ထိုအခိုက် လှမ်းလှမ်းမှ ခွေးဟောင်သံနှင့် ဖိနပ်သံများကို ကြားလိုက် ရပြန်သည်။ နှစ်ယောက်စလုံးအသံကြားရာသို့ လှမ်း၍ကြည့်လိုက်ကြသည်။ လက်နှိပ်ဓါတ်မီး ရောင်နှင့် လာနေသော ဂျပန်စစ်သားများ၊ ကင်းသမားများ ဖြစ်ကြောင့် ချက်ချင်းခန့်မှန်းနိုင်ကြသည်။ တည့်တည့်မက်မက် သူတို့ရှိရာဘက် သို့ လာနေသည်။

“ လာ  လာ သခင်လှကွန့် ”

ကိုမင်းဒင်ကရှေ့မှနေလျက် ကမ်းထိပ်အမြင့်မှနေကာ အနိမ့်ပိုင်းခုန်ချ လိုက်သည်။ လှကွန့်က နောက်မှခုန်ချလိုက်သည်။ ဤနေရာတွင် မိုးရာသီ ရေကြီးစဉ်က ရေတိုက်စားထားသဖြင့် ရေကာတာတိုင်များနှင့် ကမ်းခြေမှ အတန်ငယ်ကွာဟနေသည်။ ရေစားထားသောနေရာတွင် ကလိုင်ကြီးဖြစ်နေသည်။ ဒိုက်သရေများ၊ ကိုင်းရိုးများ၊ ဒညင်းသီးခွံများ၊ ဈေးတစ်ဈေးလုံး မှစွန့်ပစ်သော အသီးအရွက် အပုပ်အသိုးများက ယင်းကလိုင်ကြီးအပေါ်မှ ဖုံးနေသည်။

နှစ်ယောက်သာ ကလိုင်ပေါက်ထဲ ဝင်လိုက်ကြသည်။ မတ်တတ်ဝင်၍မရ။ ထိုင်လျက်က ဝင်ရသည်။ ဆူးညောင့်ကိုမဆိုထားဘိ မြွေပွေးမြွေဟောက်ကိုပင် မကြောက်ရွံ့နိုင်။ ချဉ်စုတ်စုတ်အနံ့များ၊ ပုတ်ဟောင်စောင်အနံ့များသည် နှာခေါင်းပေါက်သို့ ဝင်ရောက်လာသည်။ ဆိုးရွားသောအနံ့အသက်များက ကိစ္စမရှိ။ ဤနေရာသို့ ဆင်းလိုက်မိကြ၍သာ တော်တော့သည်။ အလွန်အဆင်ပြေ ကံကောင်းကြသည်။ သူတို့နှစ်ယောက် ကလိုင်ပေါက်ထဲဝင်မိသည်နှင့် ဂျပန်စစ်သားများနှင့် ကင်းသမားများ ကမ်းပါးထိပ် ရောက်လာကြသည်။ သူတို့နှစ်ဦးစောစောက ရပ်လျက်စကားပြောနေသော နေရာတွင် စုစုဝေးဝေး ရပ်ကြသည်။ လက်နှိပ်ဓါတ်မီး တဝင်းဝင်းနှင့်မြစ်တွင်းရှိ သမ္ဗန်များကို ထိုးကြည့် သည်။ ကမ်းခြေတစ်လျှောက်ကိုလည်း ထိုးကြည့်သည်။ ဂျပန်စစ်သားနှစ်ယောက် သည် မတ်တပ်မှနေကာ သေးပေါက်ချသည်။ တစ်ခုတော့ရှိသည်။ သူတို့ဓါတ်မီးများက ဓါတ်ခဲအားကောင်းသည်။ စောစောက ဓါတ်မီးများနှင့်မတူ။

သို့နှင့် အချိန်အတော်ကြာနေပြီးမှ ထိုနေရာက ထွက်ခွာသွားကြသည်။ စိတ်ချလောက်မှ ကိုမင်းဒင်နှင့်လှကွန့်အပေါ်သို့ ပြန်တက်လာကြသည်။ နောက်ထပ်စကားတစ်ခွန်း နှစ်ခွန်းသာ တိုင်ပင်ဆွေးနွေးပြီး ဖောင်အိမ်ကလေး ရှိရာသို့ လှကွန့်ထွက်ခွာသွားသည်။ ကိုမင်းဒင်မှာ ကမ်းပါးထိပ်တစ်နေရာတွင် ထိုင်ကျန်ရစ်သည်။ သူက ပတ်ဝန်းကျင်ကို အလစ်မပေးဘဲ သတိထားလေ့လာသည်။

သိပ်တော့ အချိန်မကြာ။ ဖောင်ပေါ်ရှိအိမ်ငယ်ကလေးအတွင်းမှ မှုန်မွှားမွှား မီးရောင်တစ်ချက်ကို လက်ကနဲ တွေ့လိုက်ရသည်။ စကားသံကိုတော့ မကြားရ။ အတန်ငယ်လှမ်း၍ တစ်ကြောင်း၊ တီးတိုးပြောဆိုနေကြ၍ တစ်ကြောင်း ဖြစ်သည်။ မိနစ်နှစ်ဆယ် အစိတ်လောက် ရှိလျှင် လှကွန့်ပြန်ရောက်လာသည်။

“ကဲ လာ ဆရာကိုမင်းဒင်။ လှေတော့ရခဲ့ပြီ။ လှော်တက်က တစ်ချောင်းတည်း ပဲရတယ်။ ကိစ္စမရှိဘူး။ ကျွန်တော်လှော်ခဲ့ပ့ါမယ်။ ကျွန်တော်တို့ရွာကို သွားကြမယ်။ ”

ကိုမင်းဒင် ဘာမှမပြောသေး။ ဤနေရာတွင် စကားရပ်ပြောနေလို့မဖြစ်။ လှကွန့်ခေါ်ဆောင်ရာနောက်သို့ နှုတ်ဆိတ်၍လိုက်လာသည်။ ပြောစရာကိစ္စ များကို လှေပေါ်ရောက်မှ သွားရင်းပြောသွားမည်။ ခုလောလောဆယ်မှာ ဒီမြို့ပေါ်မှ ခွာနိုင်ရေး အဓိကဖြစ်သည်။

သူတို့နှစ်ယောက် ဖောင်ပေါ်မှနေ၍ လှေငယ်ပေါ်ရောက်ကြပြီ။ ရုတ်တရက် တော့ မခွာဝံ့သေး။ ကမ်းပေါ်အခြေအနေကို လှေ့လာကြည့်ရှုရသည်။

"ကဲ ကူးပေတော့။ စိတ်ချရပြီ။ ဟိုဘက်ကမ်းသောင်ပေါ်မှာ ကင်းပုန်းရှိဟန် မတူပါဘူး။ ကင်းပုန်းရှိနေရင် စောစောက ဂျပန်ကောင်တွေက ဟိုဘက်ကမ်းကို တစ်ချက်တစ်လေတော့ မီးထိုးကြည့်ရမယ် ။ "

ကိုမင်းဒင် စကားအဆုံးတွင် လှေငယ်ပဲမှ လှကွန့်သည် တစ်ဘက်ကမ်း ဈေးဦးကျွန်းသောင်ခြေရှိရာသို့ လှေငယ်ကိုလှော်လေသည်။ သည်တစ်ကြိမ်တော့ လှေငယ်ဦးမှ ကိုမင်းဒင်သည် ပစ္စတိုကို အသင့်ထုတ်ထားသည်။ သောင်ခြေတွင် ရန်သူနှင့်တွေ့လေမလား။ ရေစီးတွင် လှေငယ်မှာ တရိပ်ရိပ်ရှိသည်။ လှကွန့် လှေလှော် မညံ့ကြောင်း ခုမှ ကိုမင်းဒင်သိရသည်။

ဆယ့်ငါးမိနစ်လောက်နှင့်ဈေးဦးကျွန်းသောင်ဘက်ရောက်လာသည်။ ထိုအခါမှ နှစ်ယောက်စလုံး ရင်အေးသွားသည်။ သောင်ခြေနှင့် အတန်ငယ်ခွာကာ ပန်းလှိုင်မြစ်ပေါက်ရှိရာသို့ လှေငယ်ကို ဆက်လှော်ရင်း မြို့ဘက်သို့ နှစ်ယောက် ပြိုင်တူ လှမ်းကြည့်ကြသည်။ တာရိုးပေါ်တွင် လက်နှိပ်ဓါတ်မီးရောင်နှင့် လက်စွဲမီးအိမ်မှ မီးအလင်းရောင်များကိုတွေ့ရသည်။ ဂျပန်တွေ တစ်မြို့လုံးကို ပိုက်စိပ်တိုက်နေလေပြီ။

"သွားရမယ့် ကိစ္စက ဓနဖြူ နတ်ကြီးချောင်းကို။ အဲဒီတော့ ညလုံးပေါက် တစ်ယောက်တစ်လဲ လှော်ချသွားတာပေါ့။ "

သောင်ခြေဘေးတစ်လျှောက်မှကပ်လျက် လှေငယ်ကို လှော်လာစဉ် ကိုမင်းဒင်က လှကွန့်ကို ပြောသင့်သလောက် ပြောပြသည်။ စောစောကလို ကိုမင်းဒင်သည် လှေဦးတွင်မဟုတ်တော့။ စကားတီးတိုးပြောလို့ရအောင် လှေငယ်၏ငါးပိုင်း သာသာသို့ ပြောင်းလာသည်။ တကူပေါ်တွင် ဖင်ထိုင်ထားသည်။

"လှေကိုလှော်ဖို့က အရေးမကြီးဘူး ဆရာကိုမင်းဒင်။ ကျွန်တော်တစ်ယောက် တည်း လှော်နိုင်ပါတယ်။ အရေးကြီးတာက ကျွန်တော်တို့ ပန်းလှိုင်မြစ်ပေါက် ကနေပြီး မြစ်မကြီးကို ထွက်မှ ထွက်နိုင်ပါ့မလား။ ပန်းလှိုင်မြစ်ဝမှာ ဂျပန်ကင်းရှိလိမ့်မယ် ထင်တယ်။ အဲသလိုဆိုရင် ကျွန်တော်က တစ်နေရာ ဝင်ခိုနေရမယ်။ နောက်တစ်ခုက ကျွန်တော်တို့ နတ်ကြီးချောင်းကို ခုအတိုင်းလှေနဲ့သွားရင် မြစ်ထဲကဂျပန်ကင်းနဲ့ တစ်နေရာမတိုး တစ်နေရာမှာ တိုးလိမ့်မယ်။ အဲဒါတော့ စိုးရိမ်ရတယ် ဆရာ။ "

"ဟာ . . . ဟုတ်တယ်ဗျို့။ သခင်လှကွန့်ကလေးပြောတာ သိပ်ကို ဟုတ်တာပဲ။ ကျုပ်သတိမေ့သွားတယ်ဗျာ။ ကျုပ်ကရှေ့မှာလုပ်ရမယ့်အလုပ်တွေကို အတွေးဝင် နေတယ်။ ဟုတ်တယ် ဟုတ်တယ်။ ကျုပ်တို့ရေလမ်းကသွားလို့ ဘယ်နည်းမှ မဖြစ်ဘူး။ ဂျပန်ကင်းနဲ့အများဆုံးတိုးနိုင်တယ်။ ဟုတ်ပြီဗျာ။ ခင်ဗျားရွာကို သွားပေတော့။ အဲဒီကမှနေပြီး ဓနဖြူကို ကုန်းကြောင်းခရီးက ဆက်သွားကြမယ်။ ကုန်းလမ်းကဆိုရင် ဂျပန်ရှိတဲ့နေရာကို ရှောင်ကွင်း သွားဖို့လွယ်မယ်။ "

စကားအပြတ်တွင် ကိုမင်းဒင် အတန်ကြာတွေးနေသည်။ ပြီးလျှင် လှကွန့်ကို မေးခွန်းထုတ်သည်။

"သခင်လှကွန့်ကလေးရွာကကော စိတ်ချရပ့ါမလား။ ကျုပ်ပြောချင်တာက တခြား မဟုတ်ပါဘူး။ ဂျပန်တွေများရှိနေမလား။ ဒါမှမဟုတ် ဂျပန်သတင်းပေးမယ့် လူ ပေ့ါလေ။ "

မေးထိုက်သော မေးခွန်းဖြစ်သည်။ ဂျပန်နှင့်မတွေ့သည့်တိုင် ဂျပန်သတင်း ပေးများနှင့် တွေ့ခဲ့လျှင် သူတို့သွားရာခရီးလမ်း၌ ဂျပန်များက ဆီးကြို၍ အနှောင့်အယှက်ပေးနိုင်သည်။

"ကျွန်တော် ရွာပြန်မရောက်တာတော့ အတော်ကလေးကြာပြီခင်ဗျ။ ရွာ့အခြေအနေဟာ ခုဘယ်လိုလဲဆိုတာ အတိအကျတော့ မသိဘူး ခင်ဗျ။ ကျွန်တော်တို့ ဒီလိုလုပ်ရင် မကောင်းဘူးလား။ ရွာဘုန်းကြီးကျောင်းကို သွားကြတာပေါ့။ ဘုန်းကြီးကျောင်းဟာ ရွာရဲ့တောင်ပိုင်းဖျားမှာပါ။ တောင်းဖျားအစွန်ဆုံးပေါ့ခင်ဗျာ။ ကျောင်းထိုင်ဦးပဇင်းနဲ့ ကပ္ပိယကြီးဟာ အင်မတန် ယုံကြည်စိတ်ချရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ခရီးတစ်ထောက် နားပြီးမှ ရှေ့ဆက်ကြတာပေါ့ ဆရာ။ ကျောင်းအနောက်ဘက်သုသာန်ကဖြတ်ထွက် လိုက်ရင် ခနဖြူသွားတဲ့ တာကြီး ရှိပါတယ်။ "

" ဘယ်အချိန်လောက် ရောက်သွားမလဲ "

" မြစ်ပြင်ထွက်မိရင်တော့ ရေစုံပဲဆရာ။ အလွန်ဆုံးလျော် ရရင် နှစ်နာရီပဲ။ "

စက္ကော့ရွာဘုန်းကြီးကျောင်းသို့သွားရန် နှစ်ဦးသဘောတူဆုံးဖြတ် လိုက်ကြသည်။ သို့သော် ခရီးလမ်းမှာ သူတို့တွက်သလိုဖြစ်မလာ။ ပြဿနာတစ်ရပ်နှင့် ထိပ်တိုက် တိုးတော့သည်။ သူတို့လှေငယ် ပန်းလှိုင်မြစ်ပေါက်ဝနှင့်အတော်ကလေး နီးကပ် လာသည့်အခါ မြစ်ဝရှိရာမှ မော်တော်တစ်စင်း၏ စက်သံကို ကြားရလေသည်။ အစဦးတော့ ရေဝတီမြစ်ကြီးမှနေ၍ ပန်းလှိုင်မြစ်အတွင်းသို့ ခုတ်မောင်းဝင်ရောက်လာသော မော်တော်ဟုထင်ကြသည်။ နောက်တော့ မဟုတ်မှန်း သိရသည်။ မြစ်ဝတွင် လူးလာတုန့်ပြန် ခုတ်မောင်းနေသော မော်တော်ဖြစ်သည်။ မော်တော်ဟုဆိုလျှင် အထွေအပြားတွေးစရာမလို။ ဂျပန်မော်တော် မြစ်ပေါက် အဝင်အထွက်တွင် ကင်းလှည့်ခုတ်မောင်းနေခြင်းဖြစ်သည်။

ပန်းလှိုင်မြစ်တွင်းမှနေ၍ ရေဝတီမြစ်ကြီးဘက်ထွက်ရန်လမ်းပေါက်မှာ ဤနေရာ ဤတစ်ပေါက်သာရှိသည်။ တစ်ဖက်က ဈေးဦးကျွန်းသောင်ကြီး။ တစ်ဖက်က ဒေါ်ဆောင်ကျွန်း သောင်ကြီးဖြစ်သည်။ လှကွန့်သည် သောင်ခြေတစ်နေရာတွင် လှေဦးထိုး၍ အသာမှေးကပ်လိုက်သည်။

"လှေကိုထားခဲ့ပြီး သောင်ပေါ်က လူတတ်သွားဖို့ဆိုတာလဲ ဘယ်လိုမှမဖြစ်နိုင်ဘူး သခင်လှကွန့်ကလေး။ ဒီဂျပန်မော်တော်ဟာ မြို့ဆိပ်ကမ်းကိုတော့ ပြန်ဝင်မှာပဲ။ အဲဒီအချိန်အထိ ကျုပ်တို့စောင့်ရလိမ့်မယ်။ "

"စောင့်ဆိုရင် ကျွန်တော်တို့ ဒီနေရာမှာ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူးထင်တယ် ဆရာကိုမင်းဒင်။ ဂျပန်မော်တော်ဟာ ရုတ်တရက်ဒီဘက်ခုတ်လာချင်လာမယ်။ နောက်တစ်ခုက ကင်းလှည့်လာတဲ့ တခြားမော်တော်နဲ့လဲ တွေ့နိုင်မယ်။ ဓါတ်မီးနဲ့ထိုးကြည့်ရင် ကျွန်တော်တို့လှေကိုတွေ့မယ် ဆရာ။ ဒီတော့ ရှေ့နားက ကိုင်းတောထဲကို ဝင်တိုးမှ ဖြစ်မယ် ဆရာ။ "

" ဟုတ်ပြီလေ။ အဲဒီအတိုင်းပေါ့ "

ကိုင်းတောဆိုသော်လည်း အပယိက ကိုင်းတောမဟုတ်။ လူလုံးပျောက် လှေလုံး ပျောက် ကိုင်းတောထူထူပြိန်းပြိန်းကြီးဖြစ်သည်။ စိတ်တော့ ကောင်းကောင်း ကြီးချရသည်။ ကိုင်းတောထဲဝင်တိုးလိုက်သည့်အခါ၌ပင် သွေးဆာ သွေးငတ် နေသော ခြင်ကြီးများနှင့် ဖြုတ်များသည် တစီစီ ကိုက်ခဲကြသည်။

"တကယ့်ဖြုတ်တော ခြင်တော။ သခင်လှကွန့်ကလေးရေ . . . ဟုတ်ပြီ။ ဒီနေရာ ရောက်မှ အေးအေးလူလူ ဆေးလိပ်ကလေး ဝါးကလေး သောက်ရတော့ မှာပဲ "

ကိုမင်းဒင်သည် လှေငယ်ဦးမှ ကြိုးစကို ကိုင်းပင်သုံးလေးပင်နှင့် ပူးချည်ထား လိုက်သည်။

" ကိုင်းပင်ကို အရမ်းသွားဆွဲမနေနဲ့ ဆရာကိုမင်းဒင် "

" ဘာပြုလို့လဲ "

"ဟာ . . .ဆရာ့နယ် ။ ကိုင်းဥကို မြွေပွေးက သိပ်ကြိုက်တာခင်ဗျ။ မြွေပွေးများဟာ ကိုင်းပင်ကို ကိုယ်နဲ့ရစ်ပတ်ထားပြီး ကိုင်းဥက နို့ခဲလိုဖြစ်နေတဲ့ အနှစ်ကို ဖိမ်ကျကျ စားတတ်တဲ့ သတ္တဝါမျိုး မဟုတ်လားခင်ဗျ "

"ဟုတ်ပါ့ဗျာ။ ဟုတ်ပါ့။ အင်း တော်လှန်ရေးသမားများရဲ့ဘဝဟာ တယ်ပြီး မသက်သာပါကလား သခင်လှကွန့်ရေ။ ဂျပန်ကျည်ဆန်နဲ့ တောင်မသေတဲ့ လူတွေပဲဗျာ။ မြွေပွေးကိုက်လို့လဲ မသေတန်ပါဘူးလေ "

နစ်ယောက်သားဆေးလိပ်ကိုယ်စီ ညှိသောက်ကြသည်။ သို့သော် သောက်ကောင်းခြင်း မသောက်ရ။ ဖြုတ်တွေ ခြင်တွေကသီးနေအောင် ကိုက်နေသည်။ လက်နစ်ဖက်ရော ခြေနစ်ဖက်ရော အငြိမ်တရမနေရ။ ရိုက်နေပုတ်နေရသည်။ တစ်ကိုယ်လုံး ပွတ်ချလိုက်လျှင် လက်နစ်ဖက်တွင် စေးထန်းထန်းဖြစ်လာသည်။ သူတို့ကိုယ်တွင်းမှ ခြင်တွေဖြုတ်တွေက စုပ်ယူလိုက်သောသွေးများ ဖြစ်သည်။ ဆေးလိပ်မီးခိုးများ မှုတ်ထုတ်ရသည်။ ဒါလဲမရ။ အတင်းဝင် အတင်းကိုက်ခဲလျက် သွေးစုပ်ကြသည်။ တီကောင်များ ပုရွက်ဆိတ်အုံထဲ ကျရောက်သွားသလို ဖြစ်သည်။ နစ်ယောက်စလုံး ထွန့်လွန့် လူးနေသည်။ ကြက်သီးမွေးညှင်းထ လောက်အောင် ကြောက်စရာလန့်စရာ ကောင်းသော ဖြုတ်တော ခြင်တောကြီး ဖြစ်သည်။ သူတို့နစ်ယောက် ဘယ်အချိန်ထိဝင့်ခွဲနှံခံရဦးမည်မသိ ဤနေရာတွင် နစ်ညလောက်များနေရလျှင် သူတို့ကိုယ်တွင်းမှသွေးများ ကုန်ကမ်းသွားပေမည်။

ကိုမင်းဒင်ရော လှကွန့်ရော မြစ်ဝဆီသို့ နားစွင့်လိုက်ကြသည်။ မော်တော်သံ တဖုတ်ဖုတ်ကိုကြားနေရဆဲ။

"ခုနစ်စဉ်ကြယ်တောင် အမြီးထောင်ရာက နည်းနည်းတော့ စောင်းသွားပြီ ဆရာကိုမင်းဒင် ။ "

(၄၀)

ဝိုးတဝါးကြယ်ရောင်အလင်းအောက်၌ ကျောင်းနှင့်ဇရပ်သည် ခုချိန်အထိတော့ မားမားမတ်မတ် ရှိနေသည်။ အမှောင်ထုတွင်နစ်မြုပ်နေသော ပတ်ဝန်းကျင်သည် ပုရစ်ပိုးမွှားအော်သံများဖြင့် ငြီးငွေ့ဖွယ်ကောင်းလှသည်။ တစ်ချက်တစ်ချက် လေပြင်းတိုးသည့်အခါ ကျောင်းနှင့်ဇရပ်၏ ဘေးဘီတစ်ဝိုက်ရှိ ဝါးရုံတောများက လည်း တစ္ဆေသရဲများ ခြောက်လှန့်သလို ဝေါကနဲ သိမ့်ကနဲ လှုပ်ရှားယိမ်းနွဲ့တတ်ကြသည်။

သန်းခေါင်အချိန်မှ ကျော်လွန်သွားပြီ။ ကျောင်းပေါ်ရှိ တိုင်ကပ်နာရီမှ ခနာရီထိုးသံ ထွက်ပေါ်ခဲ့သည်မှာလည်း အချိန်အတန်ရှိသွားပြီ။

ယင်းအချိန်၌ပင် ရဟန်းတော် ရှင်မေဓာဝီလာသသည် သုသာန်ဇရပ်သို့ သွားရာလမ်းကလေးမှ ကျောင်း၏ပရဝုဏ်အတွင်းသို့ ပြန်လည်ကြွမြန်းလာသည်။

ရဟန်းတော်၏ အမူအရာသည် တစ်စုံတစ်ရာ စိုးရွံ့ထိတ်လန့်ဟန်မရှိ။ ရေးကြီးသုတ်ပြာ ဖြစ်ဟန်မပေါ်။ တည်ငြိမ်ရင့်ကျက်သည့်အသွင်ပင်ရှိလေသည်။ သို့သော် တစ်စုံတစ်ရာကိုတော့ ရဟန်းတော်က အလေးအနက်တွေးတော စဉ်းစားလာဟန်ရှိသည်။ ရဟန်းတော်၏ခြေလှမ်းသည် လေးလေးနေးနေး ရှိလေစွ။

သို့ဖြင့် ကျောင်းပရဝုဏ်အတွင်းသို့ ဝင်ရောက်မိသည့်အခါ ကျောင်းအဆောက် အဦးပေါ်သို့ မတက်ရောက်ဘဲ ဇရပ်ရှိရာသို့ ရဟန်းတော် ဆက်လက်၍ ကြွမြန်းသည်။ ပြီးနောက် ဇရပ်၏လှေကားရင်းတွင် ရပ်တန့်သည်။ အမှောင်ထု ဖုံးလွှမ်းနေသော ဇရပ်အတွင်းသို့ ရဟန်းတော် ကြည့်ရှုသည်။ လူသံသူသံ မကြားရ။ အားလုံးငြိမ်ဆိတ်နေသည်။

အချိန်အနည်းငယ်ဆိုင်းငံ့ပြီးနောက်မှ ရဟန်းတော်သည် လှေကားမှနေလျက် ဇရပ်ပေါ်သို့ တတ်ရောက်သည်။ ပြီးလျှင် ဇရပ်၏တံခါးမပေါက်တွင် ရပ်လိုက်သည်။ ကပ္ပိယကြီးကိုအသံပြုသည်။

" ဒကာကြီး ဒကာကြီး "

မေးကနဲ အိပ်ပျော်နေရာမှ ကပ္ပိယကြီးနိုးလာသည်။ ကပျာကသီ အိပ်ယာမှ လူးလဲထလာသည်။

" မောင်ပဇင်းပါကလား "

" ဒကာကြီး ဦးဇင်းနဲ့ လိုက်ခဲ့စမ်းပါ "

ရှင်ဓမ္မဝိလာသသည် ထိုမျှသာ မိန့်ကြားသည်။ ပြီးနောက် ဇရပ်လှေခါး ရှိရာသို့ပြန်လှည့်၍ ကြွမြန်းသည်။

အချိန်မတော်ကြီး ဘာကိစ္စများပါလိမ့်ဟု ကပ္ပိယကြီး တွေးလိုက်မိသည်။ ထိုအတွေးနှင့်အတူ ရဟန်းတော်၏ နောက်သို့ ခပ်သုတ်သုတ်လိုက်လာသည်။

ရှင်ဓမ္မဝိလာသသည် ကျောင်းနှင့်ဇရပ်ကို ကူးသန်းရာနတ်လမ်းအတိုင်း အရှေ့မှနေလျက် ကြွမြန်းသည်။ ကပ္ပိယကြီးကလည်းနောက်မှ နေ၍လိုက်သည်။ မကြာမီ ကျောင်းလှေကားထစ်များကို ကျော်လွန်ပြီးနောက် ကျောင်းပေါ်သို့ ရောက်ကြသည်။ ရဟန်းတော်က ထိုင်နေကျဖြစ်သော ဘုရားခန်းရှေ့ရှိ သင်ဖျာပေါ်တွင် တင်ပလ္လင်ခွေ ထိုင်လိုက်သည်။ ကပ္ပိယကြီးက ရဟန်းတော်နှင့် နှစ်တောင်ခန့် အကွာတွင် ပဆစ်တုတ် ထိုင်လိုက်သည်။

ကျောင်းပေါ်တွင်မှောင်မဲနေသည်။ ရဟန်းတော်သည် ရုတ်တရက်မည်သည့် အကြောင်းကိုမျှ မမိန့်ကြားသေး။ ငြိမ်ဆိတ်လျက်ပင်ရှိနေသည်။ ကပ္ပိယကြီး၏ ရင်ထဲတွင် သို့လော သို့လော တွေးသည်။ ကူးတို့သူကြီးဦးလာဘ၏ ကောင်းမှု ဖြစ်သော ဘစ်ဘင် တိုက်ကပ်နာရီကြီးသည် အချက်မှန်မှန် လှုပ်ရှားနေသည်။

" မိန်းခလေး သားအမိဟာ အိပ်ပျော်နေသလား "

"မှန်လှပဲ့။ အတော်စောစောကလေးကတော့ စကားပြောနေသေးသားဘုရား။ ခုဆို အိပ်ပျော်လောက်ပါပြီ။ "

အတန်ကြာ စကားပြတ်နေပြန်သည်။ ရဟန်းတော်သည် အသက်ကို မှန်မှန်ရှူရှိုက်သည်။ ရင်တွင်း၌ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသည်။

" ခုဆိုရင် တစ်နာရီကျော်ရော့မယ် ဒကာကြီး "

" ရှိလောက်ပါပြီ ဘုရား။ တပည့်တော် ကြည့်လိုက်ပါ့မယ် ဘုရား။ "

ကပ္ပိယကြီးသည် ပြောပြောဆိုဆိုထိုင်ရာမှ ထသည်။ နာရီချိတ်ထားသော နေရာသို့ လျှောက်သွားသည်။ အိပ်ထဲမှ မီးခြစ်ကိုထုတ်လျက် ခြစ်ကြည့်သည်။

" တစ်နာရီခွဲသွားပြီ ဘုရား "

ပြောရင်းပင် ရဟန်းတော်ရှိရာသို့ ကပ္ပိယကြီးပြန်ရောက်လာသည်။ မူလအတိုင်း ပဆစ်တုန် ပြန်ထိုင်သည်။ စိတ်ထဲကတော့ ဘာများပါလိမ့် ဟုကပ္ပိယကြီး တွေးပြန်သည်။

"အချိန်က သိပ်မရှိတော့ဘူး။ အဲဒီတော့ လိုတဲ့ကိစ္စရောက်အောင် ခပ်တိုတိုပဲ ဦးဇင်း အမိန့်ရှိရမှာပဲ။ ဇရပ်ပေါ်မှာအိပ်နေတဲ့ မိန်းခလေးသားအမိကိုခေါ်ပြီး ဒကာကြီးတို့ ညောင်တုန်းမြို့ဘက်ကို သွားကြပေတော့"

"ဘာကိစ္စလဲ ဘုရား။ ဘယ်တော့သွားရမှာလဲ ဘုရား။ ဘယ်သူ့ဆီကို သွားရမှာလဲ ဘုရား။ "

ကပ္ပိယကြီး အံ့အားသင့်နေသည်။

" နေဦးလေ။ ဦးဇင်း အမိန့်ရှိတဲ့စကားကို ဒကာကြီး ဆုံးအောင်နားထောင်ဦးမှပေါ့။ သွားရမှာက ခု မကြာခင်ပဲ သွားရလိမ့်မယ်။။ ဒကာကြီး ပိုင်ရာပိုင်ကြောင်းဖြစ်တဲ့ ပစ္စည်းပစ္စယကလေးတွေ။ မိန်းခလေးသားအမိရဲ့ ပစ္စည်းပစ္စယလေးတွေကို အားလုံးတစ်ပါတည်း ယူဆောင် သွားကြရလိမ့်မယ်။ နောက်တစ်ခုက ဒကာကြီးရော မိန်းခလေးသားအမိရော ပေ့ါလေ။ ခုလိုသွားရတာဟာ ဒီရွာ ဒီကျောင်း ဒီဇရပ်က အပြီးအပိုင်တစ်ခါတည်း ထွက်သွားရခြင်းပဲလို့ သဘော ပိုက်ကြရမယ်။ နောက်ထပ်ပြီး ပြန်လာနိုင်စရာအကြောင်းဟာ ဦးဇင်းအနေနဲ့တော့ လမ်းမမြင်ဘူး ဒကာကြီး "

"ဘာကို အမိန့်ရှိချင်တာလဲ မောင်ပဇင်း။ မောင်ပဇင်း မိန့်ကြားချက်ကို တပည့်တော်နားမလည်ဘူး။ "

ကပ္ပိယကြီး ရင်ထဲတွင် ထိတ်လန့်တုန်လှုပ်သွားသည်။ အကြောင်းတစ်ခုရှိပြီဟု ကပ္ပိယကြီး တွေးလိုက်မိသည်။

"မှန်ပါတယ် ဒကာကြီး။ ဦးဇင်းရဲ့မိန့်ကြားချက်ကို ဒကာကြီး ရုတ်တရက်နားရှင်း မှာတော့ မဟုတ်ပေဘူး။ ဦးဇင်းထပ်ပြီးမိန့်ကြားရရင် ဒကာကြီးနဲ့မိန်းခလေး သားအမိတင် မဟုတ်ဘူး။ ဦးဇင်းကိုယ်တိုင်လဲ ၁နာရီ ၂နာရီ အချိန်ကလေး အတွင်းမှာ ဒီရွာနဲ့ ဒီကျောင်းကို စွန့်ခွာရလိမ့်မယ်။ "

"ဘယ်လိုကြောင့်လဲ ဘုရား။ ဖြစ်တဲ့ပျက်တဲ့ ကိစ္စကို တပည့်တော် သိခွင့်ရမယ်ဆိုရင် သိပါရစေ ဘုရား "

ကပ္ပိယကြီးအသံမှာ တုန်တုန်ခိုက်ခိုက် ဖြစ်လာသည်။

"စိတ်နလုံးမချမ်းသာရမယ့်ကိစ္စကြီးပဲ ဒကာကြီး။ အင်း ဒါပေမယ့် အဲဒီ စိတ်နလုံးမချမ်းသာရမယ့် ကိစ္စကြီးကိုပဲ တရားဓမ္မနဲ့ ဦးဇင်းတို့ ဒကာကြီးတို့ ဖြေဖျောက်ကြရလိမ့်မယ်။ နောက်တစ်ခုက ဘယ်သူမပြု မိမိမှုဆိုသလို ကိုယ့်အကြောင်းတရားနဲ့ကိုယ့်အကျိုးပေး ဆက်စပ်ဖြစ်ပေါ်လာတာပဲလို့ စွဲမှတ်ကြ ရမယ်။ ဘယ်သူဘယ်ဝါ တစ်ဦးတစ်ယောက်ရဲ့အဆိုးမှ မဟုတ်ဘူးလို့လဲ သဘောပိုက် ခွင့်လွှတ်နိုင်ရမယ်။ နောက်တစ်ခါ ဦးဇင်း မိန့်ကြားမယ့်ကိစ္စတွေကို ဒကာကြီးတစ်ဦးတည်းရဲ့ဝမ်းထဲမှာပဲမျိုသိပ်ထားရလိမ့်မယ်။"

" မှန်လှပါ ဘုရား။ တပည့်တော် အာမဘန္တေ ခံပါတယ် ဘုရား "

ကပ္ပိယကြီးရှေ့တိုးလာသည်။ နစ်တောင် အကွာလောက်မှ တစ်တောင်ကွာ ရောက်လာသည်။

"ရွာသားတွေဟာ ဒီမိန်းခလေး ခလေးရဲ့ကိစ္စနဲ့ပတ်သက်လို့ ဦးပဇင်းအပေါ်မှာ သံသယရှိကြတယ်။ အရှင်းဆုံး မိန့်ကြားရရင် သံသယတင်မဟုတ်ကြဘူး။ အခိုင်အမာ စွပ်စွဲနေကြတယ်။ ဒီခလေးဟာ ဦးဇင်းနဲ့မိန်းခလေးတို့ ဖြစ်ကြ ပျက်ကြလို့ ရတဲ့ ခလေးလို့ ယူဆကြတယ်။ ဒါကြောင့်လဲ ဒီမိန်းခလေး သားအမိ ကို ဇရပ်ပေါ် ကျောင်းပေါ်မှာခေါ်တင်ထားတယ်လို့ သူတို့ထင်နေကြတယ်။ "

" ဘုရား ဘုရား "

ကပ္ပိယကြီး ဘုရား တ သည်။ စောစောကထက် တိုး၍တုန်ခိုက်လာသည်။ ဘုန်းကြီးအမှုရွာမပတ်ဘဲ ရွာအမှု ဘုန်းကြီးပတ် ပါရောလား။ အမှိုက်ကစ ပြဿဒ်ကို မီးလောင်သောကိစ္စဟု ကပ္ပိယကြီးတွေးသည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး သုသာန်ဇရပ်ပေါ်မှာ သူတို့တစ်တွေ စည်းဝေးတိုင်ပင် ကြတယ်။ နောက်ဆုံးတော့ အာရုဏ်တတ်ချိန် တုံးခေါက်တာနဲ့ ကျောင်းနဲ့ ဇရပ်ကို လာပြီးဝိုင်းကြလိမ့်မယ်။ ဦးဇင်းကိုရော ဒကာကြီးကိုရော မိန်းခေးလသားအမိ ကိုရော အန္တရာယ်ပြုကြလိမ့်မယ်။ ကျောင်းပေါ် ဇရပ်ပေါ်က မောင်းနှင်ချလိမ့်မယ်။ ရွာကနေ မောင်းထုတ်ကြလိမ့်မယ်။ "

"ဒီကိစ္စကို ဖြေရှင်းမိန့်ကြားမယ်ဆိုရင်ကော ဘုရား။ အစကတော့ ဒီမိန်းခလေးရဲ့လင်ယောကျ်ား ဟာ ဟို မိုးမခ . . "

ကပ္ပိယကြီးက အသံတုန်တုန်ယင်ယင် တင်လျှောက်သည်။ ရဟန်းတော် အတွက် စိတ်နလုံး ထိခိုက်လွန်းသောကြောင့် စကားဆုံးအောင် မလျှောက် တင်နိုင်။

"အင်း ဒီကိစ္စတွေကို ဦးဇင်းဘာမှမသိဘူး ဒကာကြီး။ သုသာန်ဇရပ်ပေါ်မှာ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြတာကို ကြားရတော့မှ ဦးဇင်းသဘော ပေါက်ရတယ်။ အဲဒီမှာပဲ ဦးဇင်းဝင်ရောက်ပြီး ရှင်းလိုက်မယ်လို့ စိတ်ကူးမိ သေးတယ်။ "

"ဒီမိန်းခလေးကိုပါခေါ်သွားပြီး ရှင်းလိုက်ရင် ပိုကောင်းမယ် ဘုရား။ ဒါမှမဟုတ်ရင် ကျောင်းနဲ့ဇရပ်ကို သူတို့လာအပိုင်းမှာ ရှင်းပြလိုက်ရင်ကော ဘုရား။ တပည့်တော်လဲ ရှင်းပြမယ် ဘုရား။ "

"ဒေါသမီး မောဟမီး အပြင်းအထန် တောက်လောင်အားကောင်းနေတဲ့ အချိန်အခါမှာ ဒီအမျက်ဒေါသ မီးတောက်က ငြိမ်းသက်နိုင်ဖို့ဆိုတာဟာ တယ်ပြီး မလွယ်လှဘူး ဒကာကြီးရဲ့။ တော်ရုံသဖြင့် အရည်အချင်း အစွမ်းသတ္တိနဲ့ လဲမရနိုင်ဘူး။ ခုလို လူအမြောက်အများရဲ့ဒေါသမီးတောက်ကို မဆိုထားနဲ့ မိမိမှာ ဖြစ်ပေါ်လာတဲ့ အမျက်ဒေါသကိုတောင် တကယ်တမ်းကျတော့ ငြိမ်းသက်နိုင်ဖို့ မလွယ်ပါဘူး။ ကိုယ်မနိုင်တဲ့ဟာဝန်ကို ဘာကြောင့်လုပ်ချင်ရတာတုန်း။ မနိုင်တဲ့ဝန်ကို သွားလုပ်မိရင် မိမိမှာရော တစ်ဖက်သားတွေအပေါ်မှာရော ပိုပြီး အန္တရာယ်ကြီးမားလာစေနိုင်တယ်။ ဒီမိန်းခလေးကို ရှင်းလင်းခိုင်းရင်လဲ ကျားအုပ်ထဲကို သမင်တစ်ကောင် ချပေးလိုက်တာနဲ့ ဘာထူးဦးမှာလဲ။ ကျွတ်ကျွတ်ဝါးစားလိုက်မှာပေါ့ ဒကာကြီး။ အဲသလိုဖြစ်လာရင် ဦးဇင်းတို့ ဒကာကြီးတို့မှာ တာဝန်ကင်းပါ့မလား။ "

" တကယ့်ကို ကြောက်ခမန်းလိလိ ပါကလား ဘုရား "

ကပ္ပိယကြီးသဘောပေါက်သွားသည်။ လူအုပ်လူဝေး၏ ဒေါသအမျက်ကို ချေဖျက်နိုင်ရန် မလွယ်ကူပါ ကလား။ ရဟန်းတော်ပင် မစွမ်းဆောင်နိုင်ဆိုက သူ့အနေနှင့် ဝေလာဝေး။ ပြောစရာမရှိ။ သူလိုကျောင်းကျွန် ဇရပ်ကျွန် သက်ကြားအိုကြီးတစ်ယောက်ကို ရွာသားတွေက ကြောက်မှာတဲ့လား။ သူ့ပြောစကား နားထောင်မှာတဲ့လား။

တိုင်ကပ်နာရီမှ ၂နာရီထိုးလေပြီ။

"ကဲ အချိန်ရှိတုန်း သွားဖို့ရာစီစဉ်ပေတော့ ဒကာကြီး။ မိန်းခလေးကိုတော့ သင့်တော်သလို ဒကာကြီးကြည့်ပြောပေတော့။ ညောင်တုန်းဘက်ရောက်တော့လဲ အထိုက်အလျောက်မှီစရာ ခိုစရာကလေးများ ရကောင်း ရပါလိမ့်မယ်။ သူကြီးကတော်များကိုအကူအညီတောင်းတန်တောင်းပြီး ရောင်းဝယ်သက်မွေး ကြပေတော့။"

"ဒီလိုဆိုရင် ဘုရား၊ မောင်ပဇင်းဟာ တပည့်တော်တို့နဲ့အတူတူ ညောင်တုန်းဘက် ကို ကြွပါဘုရား။ ဒါမှမဟုတ်ရင် မောင်ပဇင်း ကြွရာနောက်ကို တပည့်တော်တို့ ဝတ်ကြီးဝတ်ငယ် ပြုဖို့ လိုက်ပါရစေလား ဘုရား "

ကပ္ပိယကြီးသည် မျက်ရည်ဖြိုင်ဖြိုင်စီးကျလာသည်။ ဒီတစ်ကြိမ်တော့ ရဟန်းတော်အား လက်အုပ်ချီကာ လျှောက်တင်သည်။ အသံတင်မက လက်နှစ်ဖက်သည် တဆက်ဆက် တုန်နေသည်။

"ဟို ဒုက္ခသည်မိန်းခလေးသားအမိရဲ့ အသက်ကို ဦးဇင်းတို့ ဒကာကြီးတို့ လျစ်လျူမရှုအပ်ဘူး။ တတ်နိုင်သလောက် ကာကွယ်စောင့်ရှောက်ပေးပါလို့ ဒကာကြီးကို ဦးဇင်း မေတ္တာရပ်ချင်တယ်။ "

" မှန်လှပ့ါ ဘုရား "

" သာဓု သာဓု သာဓု။ အင်း နောက်တစ်ခုက ဦးဇင်းဟာ ဒကာကြီးတို့နဲ့အတူ ထွက်ခွာသွားမယ်ဆိုရင် ဦးဇင်းအပေါ်မှာ သံသယရှိနေတဲ့သူတွေအဖို့ ပိုပြီး သံသယတိုးပွားလာစေနိုင်တယ်။ အဲသလို တိုးပွားလာတာနဲ့အမျှ အကုသိုလ် တရားဟာ ပိုပြီးကြီးမားလာစေနိုင်တယ်။ တကယ်ဆိုတော့ သူတို့တစ်တွေဟာ ဦးပဇင်းတို့ ဒကာကြီးတို့ရဲ့ကျေးဇူးရှင်တွေပဲဖြစ်တယ်။ ဒီသူတွေရဲ့ ကောင်းသော အကျိုးတရားကိုသာ ဦးဇင်းတို့လိုလားအပ် ရှေ့ရှုအပ်တယ်။ "

သည်တစ်ကြိမ်စကားဆုံးလျှင် ရဟန်းတော်သည် ဘုရားဆောင်ဘက်သို့ လှည့်လိုက်သည်။ ပဆစ်ဒူးတုပ်လျက် ဘုရားရှင်ရုပ်ပွားတော်မြတ်အား ဦးခိုက် သည်။ ပြီးနောက် ဘုရားဆောင်ရှေ့မှထသည်။

ကျိန်းစက်သည့် အခန်းအတွင်း ဝင်ရောက်သွားသည်။ လိုအပ်သော ရဟန်းတစ်ပါး၏အသုံးအဆောင်ပစ္စည်း အနည်းငယ်မျှကို ယူငင်ပြီး ပြန်ထွက်လာသည်။

ကပ္ပိယကြီးဦးဖိုးသည် လက်နှစ်ဖက်ကို ယှက်ကာ တရှိုက်ရှိုက်ဖြင့် ရဟန်းတော်၏နောက်ပါးတွင် ကပ်လိုက်နေသည်။ မကြာမီ ရဟန်းတော်သည် သပိတ်ကိုလွယ်လျက် ကျောင်းထက်မှ ဆင်းသက်လေသည်။ ကပ္ပိယကြီးသည် ခုချိန်ထိ တကောက်ကောက် လိုက်နေဆဲ။ တရှိုက်ရှိုက် တငင်ငင် ရှိနေဆဲ ။

ရဟန်းတော်သည် ကျောင်းအဆောက်အဦးရှေ့၌ ခြေစုံရပ်လိုက်သည်။ ရွာဆီသို့မျက်နှာမူလျက် စိတ်မှတ်ဖြင့် ရွာကိုကြည့်သည်။ ပြီးနောက် ကျောင်းအဆောက်အဦးကို ကြည့်ရှုသည်။

ဤရွာရှိရွာသူရွာသားများသည် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ကွမ်း စသော ပစ္စည်းများဖြင့် ကျေးဇူးပြုခဲ့ကြပေသည်။ ဤကျောင်းသင်္ကန်း၏ အရိပ်အာဝါသကို ခိုလှုံလျက် တရားဓမ္မကို ပွားများ အားထုတ်ခဲ့ရပေသည်ဟု ရဟန်းတော် နှလုံးသွင်းလေသည်။

"ဒကာကြီး ဘေးအန္တရာယ်တစ်စုံတစ်ရာမကြုံခင် အချိန်မှ ထွက်ခွာသွားဖို့ ဦးဇင်းတိုက်တွန်းချင်တယ်။ အချိန်က လူကို မစောင့်ဘူး ဒကာကြီး "

"မှန်လှပါဘုရား တပည့်တော် အရှင်ဘုရားကို နောက်ဆုံး ဦးခိုက် ပါတယ်ဘုရား "

မြေပြင်တွင် ထိုင်ချလိုက်ပြီး ရဟန်းတော်အား ကပ္ပိယကြီးဦးတိုက်သည်။ အသက်အရွယ် ကြီးမားသော်လည်း ကပ္ပိယကြီးစိတ်ကို မချုပ်တည်းနိုင်။ ပင်ပန်းကြီးစွာ ငိုရှိုက်သည်။ မျက်ရည် ပေါက်ပေါက်ကျသည်။

အတန်ကြာ၍ ကပ္ပိယကြီးခေါင်းအမော့လိုက်တွင်ရဟန်းတော်သည် သူ့ကို ကျောခိုင်းလျက် သုသာန်ဇရပ်သို့ သွားရာလမ်းကလေး အတိုင်း ကြွမြန်းနေလေပြီ။

ဒုကုဋ်သင်္ကန်းကို ပခုံးတစ်ဖက်တွင်တင်လျက် ယပ်ကို ပခုံးတစ်ဖက်က ထမ်းလျက် သပိတ်ကိုလွယ်လျက် တရွေ့ရွေ့ထွက်ခွာကြွမြန်းသွားသော ရဟန်းမြတ်၏ သဏ္ဍာန်သည် မျက်ရည်များအသွယ်သွယ် ကျဆင်းနေသော ကပ္ပိယကြီး၏အမြင်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

(၄၁)

မြို့ဘက်ဆီမှ ရိုင်ဖယ်သေနတ်သံ သုံးချက်ကို ကြားလိုက်ရသည်။ သေနတ်သံ သည် မြို့တွင်း မြစ်ကမ်းနဖူးတစ်နေရာရာမှ နေလျက်အပေါ်သို့ ထောင်ပစ် လိုက်ခြင်းဖြစ်သည်။

အချိန်မှာ ရောင်နီပေါ်လုလု။

တစ်ညလုံး မြစ်ပေါက်တွင် ကင်းလှည့်နေသော မော်တော်သည် ပန်းလှိုင်မြစ်ငယ် အတွင်းသို့ ခုတ်မောင်းဝင်ရောက်လာသည်။ ပြီးနောက် မြို့တွင်းဆီသို့ ဆက်လက်ခုတ်မောင်းသွားလေသည်။

"တစ်မြို့လုံးကိုရှာဖွေပြီးလို့ သေနတ်ပစ်အချက်ပေးလိုက်တာနဲ့ တူတယ် သခင်လှကွန့်ကလေး။ ရောင်နီတောင်ပေါ်တော့မယ်။ ကဲ ခပ်သုပ်သုပ်မြစ်ပြင်ကို ထွက်ကြစို့ ။ "

ကိုမင်းဒင်၏စကားအဆုံးတွင် ကိုင်းတောထဲမှ လှေငယ်ကို လှကွန့်အပြင်လှော် ထုတ်သည်။ သူတို့လှေငယ်သည် သောင်ပြင်ဘေးမှကပ်လျက် မြစ်မကြီးရှိရာသို့ ဦးတည်လှော်လာသည်။ လှေပဲ့မှ လှကွန့်က အားစိုက်လှော်သည်။ လှေဦးမှ ကိုမင်းဒင်က ပတ်ဝန်းကျင်ဘေးဘီကို သတိထားကြည့်ရသည်။

အရှေ့ဘက်မိုးကောင်းကင်မှ ရောင်နီများ ပျို့အံလာသည့်အခါ မြစ်မကြီးသို့ သူတို့လှေငယ်ထွက်မိသည်။ ကမ်းရိပ်သောင်ရိပ် ရေရိပ်လှိုင်းရိပ်တို့သည် ရောင်နီဦးနှင့်အတူ မြူးကွန့်လှုပ်ရှားလာသည်။ ပွင့်သစ်တော့မည့်ဆဲဆဲ နံနက်ခင်းကို ကြိုဆိုခြင်းပြုရန်အတွက် အားမာန်သွင်းနေကြဟန်ထင့် . .. ။

"ဟို . .. ရှေ့ခပ်လှမ်းလှမ်းမှာ လှေတစ်စင်းမြင်တယ်။ ဂျပန်တွေများလား။ ကျုပ်တို့လှေမြစ်ပြင်ဘက်ကို ခပ်များများလှော်ထုတ်ထား။ "

လှေငယ်ဦးမှ ကိုမင်းဒင်က လှကွန့်ကို သတိပေးသည်။

ဒေါ်ဆောင်ကျွန်းသောင်ဘေးမှ ကပ်လျက်ရေသာခိုကာ ပန်းလှိုင်မြစ်ပေါက် ရှိရာသို့ ဦးတည်လှော်နေသော လှေငယ်တစ်စင်းဖြစ်သည်။ လှေချင်းတော့ အတော်ကလေးကွာလှမ်းသည်။ လှေလုံးကွဲသော်လည်း လူလုံးမကွဲ။ အတော် အာရုံစူးစိုက်ကြည့်နိုင်ပါမှ လှေငယ်ပေါ်တွင် လူနှစ်ယောက်ဖြစ်ကြောင်းသိရသည်။

လှကွန့်သည် သူ့လှေငယ်ကို မြစ်ပြင်ဘက်သို့ဦးပေးလျက်လေးငါးချက် အားစိုက်လှော်သည်။ လှေလှော်မှုဦကျွမ်းကျင်၍တစ်ကြောင်း၊ ရေစုန်ရေစီးဖြစ်၍ တစ်ကြောင်း မြင်နေရသော လှေငယ်နှင့်ပိုမို၍ ကွာလှမ်းသွားသည်။

"ဂျပန်လှေတော့ မဟုတ်ဘူး။ ခရီးကဗင်းသွားလှေနဲ့ တူပါတယ်။ ကလေးငိုသံ ခပ်သဲ့သဲ့ ကြားလိုက်တယ်။ "

ကိုမင်းဒင်က သမင်လည်ပြန်အကြည့်ဖြင့် ထိုလှေငယ်ကို လိုက်ကြည့်နေသည်။ မကြာမီ ထိုလှေငယ်မှာလည်း ပန်းလှိုင်မြစ်ပေါက်အတွင်းသို့ ဝင်ရောက်သွား လေသည်။

"ကဲ ဆရာကိုမင်းဒင် ကျွန်တော်တို့ မျက်နှာကလေး ဘာလေးသစ်လိုက်ကြဦးစို့။ တစ်ညလုံး ဖြုတ်နဲ့ခြင်တွေကိုက်ထားတာ တစ်ကိုယ်လုံး အဖုအပိန့်တွေချည်း ပဲဗျာ။ "

နှစ်ယောက်သားမျက်နှာသစ်ကြသည်။ ပလုပ်ကျင်းကြသည်။ လှေငယ်မှာ ရေစုန်ရေစီးတွင် မျောပါနေသည်။ ရေဝတီမြစ်ပြင်သို့ ရောက်လာသဖြင့် အတန်ငယ်လှိုင်းထန်လာသည်။ လေကလည်း တဖြူးဖြူးတိုက်ခတ်နေသည်။

"မိုးစင်စင်လင်းတာနဲ့ကျွန်တော်တို့ရွာကို ရောက်သွားမှာပဲ။ ဆေးလိပ်သောက်ကြ ရအောင်ဗျာ။ "

ကိုမင်းဒင်က ဆေးလိပ်တစ်လိပ်ကို မီးညှိပြီး လှကွန့်ရှိရာလှမ်းပေးသည်။ သူကိုယ်တိုင်လည်း တစ်လိပ်ညှိသောက်သည်။ လေတဖြူးဖြူးတွင် မီးတဖွားဖွား ရှိသည်။ လှေဦးမှ ကိုမင်းဒင်က ဘာစကားမျှ မပြောသေးဘဲ အတန်ကြာ တွေးနေသည်။ လှကွန့်သည် လှော်တတ်ကို ပြန်ကိုင်ကာ လှေငယ်ကို လှော်စပြုသည်။

"ကျုပ်တို့ . . . ရွာနဲ့ခပ်လှမ်းလှမ်းက ကွင်းနိုင်သမျှကွင်းသွားရင် ကောင်းမယ်။ ဘုန်းကြီးကျောင်းကရွှာတောင်ဖျားမှာဆိုတော့ အဲဒီကျောင်းဆိပ်ရောက်မှ လူရိပ်လူချည်ကြည့်ပြီး ဝင်ကပ်ရင် ကောင်းမယ်။ "

" ဟုတ်ကဲ့။ ကျွန်တော်စဉ်းစားထားပါတယ် ဆရာကိုမင်းဒင်။ ကျွန်တော်တို့လှေကို ကျောင်းတောင်ဘက်က ချောင်းဦးတိုထဲအရောက်လှော်သွားမယ်။ အဲဒီကနေပြီး တက်ရင် ရွာကရုတ်တရက် မသိနိုင်ဘူးခင်ဗျ။ "

ရှေ့စကားကို အဆက်ကြတော့ပဲ လုကွန့်က လှေငယ်ကို အားစိုက်လှော်သည်။ လှေဦးတွင် ကိုမင်းဒင်အတွေးနက်လာသည်။

လုကွန့်သည် လှေငယ်ကို ရွာလမ်းနှင့် ဝေးသမျှဝေးအောင် မြစ်လယ်ရေကြောအတိုင်း လှော်သည်။ သူ့စိတ်ကူးမှာ ရွာကိုအတော်အတန် လွန်သွားပြီးမှ ကမ်းခြေဘက်ပြန်ကပ်၍ အထက်သို့တဖန် ပြန်လှော်ကာ ချောင်းဦးတိုအတွင်း ဝင်ရန်ဖြစ်သည်။ ဤနည်းမှာ အကောင်းဆုံးနှင့် ဘေးအကင်းဆုံး ဖြစ်သည်။

မိုးစင်စင်လင်းလေပြီ။ ပွင့်သစ်စ နံနက်ခင်း၏ လင်းရောင်ခြည်သည် ဧရာဝတီမြစ်ရေပြင်ကြီးပေါ်သို့ ဖြန့်ကျက်လွှမ်းခြုံလိုက်သည်။ တစ်ဘက်သော ကမ်းခြေရိုးရာမှ ကျေးငှက်တို့၏မြည်ကြွေးသံသည် စောစီးသောနံနက်ခင်းအား ကောင်းချီးပေးလျက် ကြွေးကြော်ဟန်ရှိလေသည်။

လုကွန့်သည် လှေငယ်သည် ချောင်းဦးတိုအတွင်းသို့ ဦးထိုးဝင်လိုက်သည်။ နောက်ထပ် အတန်ငယ်လှော်ပြီးနောက် ချောင်းဘေးတစ်ဖက်တွင် လှေငယ်ကိုဦးထိုးကပ်လိုက်သည်။

"ဆရာကိုမင်းဒင်။ ဒီနေရာက ကျွန်တော်တို့ တက်ကြမယ်။ လှေကိုကျွန်တော်တို့ ချည်ထားခဲ့မယ်။ လှော်တက်ကိုတော့ ဇရပ်ပေါ်မှာ အပ်ထားခဲ့မယ်။ အပြန်ခရီးမှာ ကျွန်တော်တို့ အသုံးချနိုင်မယ်။ "

"ကောင်းတယ်။ အဲသလိုပဲလုပ်ပေါ့။ ဘုန်းကြီးကျောင်းမှာခဏဝင်ပြီးနားကြမယ်။ သတင်းကလေး ဘာကလေးလဲ စုံစမ်းရ မေးရမြန်းရတာပေါ့ဗျာ "

လှေဦးမှ ကိုမင်းဒင်က ချောင်းကမ်းစပ်သို့ ရှေ့မှ တတ်လိုက်သည်။ လုကွန့်က လှေငယ်၏ကြိုးစကို သစ်ပင်တစ်ပင်၏အကိုင်းတွင် အသေအချာ ချည်နှောင်ပြီးမှ နောက်က တတ်လာသည်။

" ကဲ သခင်လုကွန့်ကလေးက ရှေ့ကသွား။ ခင်ဗျားက ရွာခံလူ "

နှစ်ယောက်သားချောင်းကမ်းထိပ်သို့ တတ်ရောက်ခဲ့ကြသည်။ ချောင်းထပ် ရောက်၍ ခြေလှမ်းလေးငါးလှမ်းစီ လျှောက်မိကြလျှင်ပင် တစ်စုံတစ်ရာ မြင်ကွင်းကြောင့် အလိုလိုနေရင်း ခြေလှမ်းများ ရပ်တန့်သွားကြသည်။

" ခင်ဗျားတို့ကျောင်းက ဘုန်းကြီးရဟန်းမှ သီတင်းသုံးရဲ့လား "

" ဘယ်လိုဖြစ်တယ်မသိဘူး။ ဘုန်းကြီးတော့ သီတင်းသုံးပါတယ်။ "

အချိန်အတန်ကြာ နှစ်ယောက်သားရှေ့မတိုးကြပဲ ရပ်မြဲ ရပ်နေသည်။ သူတို့သည် ကျောင်းအဆောက်အဦးကို စူးစိုက်အကဲခပ်ကြသည်။ ကိုမင်းဒင် မေးလျှင်လည်း မေးစရာဖြစ်သည်။ ကျောင်းဘေးဝါးထရံများသည် လေးဘက် လေးတန်ပြိုကျ ပျက်စီးနေသည်။ ကျောင်းနှင့်ဇရပ်သို့ ကူးသန်းရာနတ်လမ်း များလည်း မြေပေါ်တွင်ပုံကျနေသည်။ ဇရပ်အဆောက်အဦးဘေးကာ များမှာ လည်း ထိုနည်းအတိုင်းဖြစ်နေသည်။ အားလုံးပုံပျက်ပန်းပျက် လူရိပ်လူရောင် မမြင်ရ။ အသံပလံ မကြားရ။ ကျောင်းအမိုးနှင့် ဇရပ်အမိုးများမှာမူ သွပ်ချပ်များ ဖြစ်သောကြောင့် မယိုမယွင်းရှိနေသည်။

"လေပြင်းလဲမကျပါဘူး။ ကျွန်တော်တို့အသေအချာ သွားကြည့်ရင် မကောင်း ဘူးလား ဆရာကိုမင်းဒင် "

" ကောင်းပါတယ် ကြည့်ကြတာပေါ့ "

နှစ်ယောက်သား သတိကြီးစွာထားလျက် ကျောင်းအဆောက်အဦးရှိရာသို့ ဆက်လက်၍ လျှောက်ခဲ့ကြသည်။ ကျောင်းရှေ့သို့ ရောက်လာကြသည်။ ရုတ်တရက် ကျောင်းပေါ်သို့ မတက်ကြသေးဘဲ ပြိုကျပျက်စီးနေသော နတ်လမ်း၏ အခြေအနေကိုကြည့်ကြသည်။ ပြီးမှ အပျက်အစီးများကို ကျော်ဖြတ်လျက် ကျောင်းအပေါ်သို့တက်ခဲ့ကြသည်။

သူတို့နှစ်ဦး ပို၍ အံ့သြရသည်။

ကျောင်းပေါ်မှပစ္စည်းများအားလုံး ဖယိုဖရဲပြန့်ကျဲနေသည်။ အစိပ်စိပ်အမွှာမွှာ ကွဲရှကြေမွနေသည်။ တိုင်ကပ်နာရီကြီးသည် ကြမ်းပြင်ပေါ်တွင် လက်တံများ ကျိုးပဲ့လျက်၊ မှန်များကွဲရှလျက်။ စာအုပ်ဘီရိုတစ်လုံးမှာလည်း တုံးလုံးကြီး လဲနေသည်။ မှန်တွေကြေမွနေသည်။ သောက်ရေအိုးရေခွက် စသည်များ၊ ရဟန်းအသုံးအဆောင်၊ ကျောင်းအသုံးအဆောင် ပစ္စည်းများမှာလည်း အကွဲကွဲ အရှရှ၊ အပျက်ပျက် အစီးစီး။

" ဂျပန်တွေများ ဝင်မွှေသွားသလား မသိဘူး ဆရာကိုမင်းဒင် "

ကိုမင်းဒင် ခေါင်းရမ်းသည်။ ဖယိုဖရဲဖြစ်နေသောပစ္စည်းများကို စူးရှသော မျက်လုံးဖြင့် အကဲခပ်သည်။

"ဂျပန်လက်ချက်မဖြစ်နိုင်ဘူး။ တစ်ချို့ပစ္စည်းတွေကဟာ ဓားနဲ့မွှန်းထားတယ်။ ကျောင်းတိုင်တွေကို ရဲဒင်းတို့ ဓါးတို့နဲ့ ခုတ်ထစ်ထားတယ်။ ကဲ လာပါလေ။ ကျုပ်တို့ ဇရပ်ဖက် ကူးကြည့်ကြသေးတာပေ့ါ။ "

ပြောပြောဆိုဆိုပင် နှစ်ယောက်သား ဇရပ်ပေါ်သို့သွားကြပြန်သည်။

ဇရပ်ပေါ်တွင်လည်း မြင်မကောင်း ရှုမကောင်း။ အိုးခွက် ပန်းကန် စသည်များမှာ အစိပ်စိပ်အမွှမွှ ကွဲရှနေသည်။ ဒန်အိုးများ၊ သံလင်ပန်းများ၊ လက်ဖက်ရည် ကရားစသည်များမှာလည်း ရဲဒင်းရာ ဓါးရာများဖြင့် ပိန်ချိုင့်ပေါက်ပြဲရှိသည်။ ဘာတစ်ခုမျှ အကောင်းဟူ၍မရှိ။ တစ်နေရာတွင် မီးပုံရှို့ထားသဖြင့် တစ်ငွေ့ငွေ့ တောက်လောင်နေသောပြာပုံတစ်ခုကို တွေ့ရသည်။ ဇရပ်ကြမ်းပြင်ကိုပင် မီးစွဲစပြုနေပြီ။

ကိုမင်းဒင်ခြေဖြင့် ခက်လိုက်သည်။ တစ်ပိုင်းတစ်စလောင်ကျွမ်းနေသော အဝတ်ပိုင်းတစ်ခုကိုတွေ့ရသည်။ ကိုမင်းဒင် အသေအချာစူးစိုက်ကြည့်သည်။

" ဒီကျောင်းမှာ မိန်းမသားများ ရှိသလား "

"ကျွန်တော်သိသလောက်တော့ မရှိပါဘူး။ အင်း ဒါပေမယ့် တစ်ခုတော့ရှိတယ်ဗျ ရွာကမ်းတွေပြိုတဲ့ အချိန်ကစပြီး ကျွန်တော်ရွာကို ပြန်မရောက်တော့ဘူး။ ခုမှရောက်တာပဲ။ ဘာရယ်လို့ အတိအကျ မပြောတတ်ဘူးခင်ဗျ။ "

" ကဲ ကဲ ကျုပ်တို့ ရှေ့ခရီးကို ဆက်ကြရအောင်။ "

တငွေ့ငွေ့လောင်နေသော မီးပုံကိုသူတို့ငြိမ်းသတ်ခဲ့ကြသည်။ နှစ်ဦးသား ဇရပ်ပေါ်မှဆင်းသက်ခဲ့ကြသည်။ လှကွန့်ခေါင်းထဲတွင် ပွေနှောက်လာသည်။ ဟိုအကြောင်းဒီအကြောင်း အတွေးအတောပေါင်းများစွာကို တွေးလာသည်။

မကြာမီ သူတို့သုသာန်သချိုင်းကိုကျော်လွန်ခဲ့ပြီး တာရိုးပေါ်ရောက်လာသည်။ လှကွန့်သည် ကျောင်းအဆောက်အဦးရှိရာသို့ ပြန်လှည့်ကြည့်သည်။ ကိုမင်းဒင် ကလည်း လှကွန့်နည်းတူ ပြန်စောင်းကြည့်သည်။ သစ်ပင် ဝါးပင်များအကြားမှ ကျောင်းအမိုး တောက်တောက်ပြောင်ပြောင်ကို ပြောက်တိပြောက်ကြား မြင်ရသည်။

လှကွန့် သက်ပြင်းချလိုက်သည်။

"ဒီကျောင်းမှာ ကျောင်းထိုင်တဲ့ဦးဇင်းနဲ့ ပတ်သက်ပြီး ရွာကလူသားတွေက မကျေနပ်ထားတဲ့ အကြောင်းတစ်ခုတော့ ရှိတယ် ဆရာကိုမင်းဒင်။ ပြောရမယ်ဆို ရင်တော့ မိန်းမကိစ္စပဲ ဆိုပါတော့ဗျာ "

" အင်း ဆိုစမ်းပါဦး။ ဘယ်လိုမိန်းမကိစ္စလဲ "

"ကျွန်တော်တို့ရွာမှာ ပုလဲဆိုတဲ့မိန်းခလေး တစ်ယောက်ရှိတယ်ခင်ဗျ။ ရွာမှာတော့ အချောဆုံး ပေ့ါ။ အဲဒီမိန်းခလေးဟာ ဘယ်သူဘယ်ဝါရယ်လို့ ကာယကံရှင် အတိအကျ မသိရတဲ့ခလေးတစ်ယောက်ရတယ်။ ရွာကာလသားတွေက အဲဒီခလေးရဲ့ အဖေဟာ ဒီဦးဇင်းပဲလို့ယိုးစွပ်ကြတယ်။ "

" ဩော် . . . ဩော် "

နှစ်ယောက်သား ရှေ့ခရီးကို ဆက်လက်လျှောက်ခဲ့ကြသည်။

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး ဆရာကိုမင်းဒင်။ ဦးဇင်းဟာ အင်မတန်အကျင့်သီလနဲ့ ပြည့်စုံပါတယ်။ ဒါပေမယ့် ဦးဇင်းနဲ့ ယိုးစွပ်ခံရတဲ့ မိန်းခလေးအပေါ်မှာတော့ ကျွန်တော်သံသယ မကင်းဘူးဗျ "

"ဘယ်လိုလဲ။ မိန်းခလေးက ဘုန်းကြီးကို အတင်းကြံစည်ထယ် ပြောချင်တာလား"

"ဟာ . . . ဒီလိုတော့ မဟုတ်ဘူးလေ ဆရာကိုမင်းဒင်။ ကျွန်တော်သံသယ ရှိတာက ဒီလိုခင်ဗျ။ ဟို အင်္ဂလိပ်တွေပြေးရခါနီးဆဲဆဲမှာ ကျွန်တော်တို့ရွာမှာ ကူးတို့သမ္မန်သမားတစ်ယောက် အသတ်ခံရဖူးတယ်။ အဲဒီကူးတို့သမားရဲ့ တစ်ကိုယ်လုံးကို ဝက်တစ်ကောင်လို ဝက်တုပ်ဝက်ချည် ကြိုးနဲ့ချည်ထားတယ်။ အဲဒီသမ္မန်သမားနဲ့ ခုနပြောတဲ့ မိန်းခလေးဟာ ဈေးဦးကျွန်းကို ပိုက်အရောင်း လိုက်သွားတယ်။ "

" ဝက်တုပ် ဝက်ချည် ဟုတ်လား "

ကိုမင်းဒင် က စကားဖြတ်မေးသည်။

"ဟုတ်တယ်ခင်ဗျ။ တကယ် ဝက်တုပ်ဝက်ချည်ပဲ။ အဲဒီညဟာ မိုးသက်မုန်တိုင်း ကျတဲ့ ညပေ့ါ။ "

နောက်ထပ် လှကွန့် ဘာတွေဆက်ပြောနေသည် မသိ။ ကိုမင်းဒင် လှကွန့်ပြောစကားကို ဂရုမထားနိုင်။ တစ်စုံတစ်ရာသော အကြောင်းတစ်ရပ်က သူ့ခေါင်းထဲသို့ အပြေးအလွှားခိုကပ်လာသည်။

သူ့မျက်လုံးက ပတ်ဝန်းကျင်ကိုမြင်သည်။ သူ့ခြေထောက်က မြေပြင်ပေါ်နင်း သည်။ သို့သော် သူ့အတွေး စိတ်များကမူ သူ့ကိုယ်ကြီးကို ဧရာဝတီမြစ်အတွင်း တစ်နေရာသို့ ဆွဲခေါ်သွားသည်။

ထိုအခါ

လှိုင်းတံပိုးများ ထကြွလှုပ်ရှားလာသည်။

မှောင်ကြီးကိုးပါး ကျနေသည်။

မိုးသက်လေပြင်း ကျတော့မည့်ဆဲဆဲဖြစ်သည်။

ကူးတို့သမ္မန်တစ်စင်းကို သူတွေ့ရသည်။

မိန်းမငယ်တစ်ယောက်၏ စူးစူးရှရှ အောင်ဟစ်သံကို သူကြားရသည်။

ယင်းသို့ဆိုလျှင်ကား။ ။

( ပြီး ပါ ပြီ )

စာဖတ်ပရိသတ်များအား အစဉ်လေးစားလျက် .....

MCM PDF

www.mmcybermedia.com

February - 2011